မင်းကွန်း ဆရာတော်

ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဆဋ္ဌသံဂါယနာ ဝိဿဇ္ဇက

အဂ္ဂမဟာပဏ္ဍိတ

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

( ပထမတွဲ )

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၅ ခရစ် ၁၉၈၃

၅၆၃၁၁ ၂၉၄·၃
မင်းကွန်း ဆရာတော် မ၈၈

ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသံဂါယနာ ဝိသဇ္ဇက
အဂ္ဂမဟာပဏ္ဍိတ

# အရှင်ဝိစိတ္တသာရာဘိဝံသ
# ၏
# ဟောစဉ်တရားတော်များ

( ပထမတွဲ )

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၉ ကောဇာ ၁၃၄၇ ၁၉၈၅

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ်– ၀၂၄၀၅/၀၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။



တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
မင်းကွန်းဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ
ဟောစဉ်တရားတော်များ ဟောပြောပြသနေပုံ
(သက်တော် ၇၂-နှစ်၊ သိက္ခာတော် ၅၃-ဝါ)

## အရှင်ဝိစိတ္တသာရာဘိဝံသ၏
## ဟောစဉ်တရားတော်များ ပထမတွဲ
# နိဒါန်း

### ဗုဒ္ဓတရားတော်နှင့် ကက်ဆက်တိတ်ခွေများ

**ရွှေးခေတ်သာသနာ။** ။ယခု မျက်မှောက်ခေတ်၌ သိပ္ပံပညာ၏စွမ်းအားအရ ပေါ်ထွန်းလာခဲ့သည့် ကက်ဆက်နှင့် တိတ်ခွေများသည် ဗုဒ္ဓသာသနာပြုလုပ်ငန်းတွင် အလွန်အရေးပါအရာရောက်လျက်ရှိနေကြသည်။ ဗုဒ္ဓတရားတော်များကို ဖြန့်ဖြူးရာ၌ ခေတ်အလျောက် အလွန်ထိရောက်အသုံးကျသည့် ကိရိယာတန်ဆာပလာကောင်းများ ဖြစ်ကြသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သည့် နိကာယ်ငါးရပ်ပိဋကတ်သုံးပုံလာ အဆုံးအမဩဝါဒတရားတော်များကို သာသနာဟုခေါ်သည်။ ထိုသာသနာခေါ်သည့် အဆုံးအမတရားတော်များကိုဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ နှလုံးသားထဲသို့ ရောက်အောင်ပို့ဆောင်ပေးခြင်းကား မှန်မြတ်သည့် သာသနာပြုလုပ်ငန်းကြီးပင်ဖြစ်ပါသည်။ထိုသာသနာပြုလုပ်ငန်းကြီးကို မြန်မာနိုင်ငံတွင် ကက်ဆက်နှင့် တိတ်ခွေများက ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိနေကြရာဗုဒ္ဓဘာသာဝင် သူတော်စင်များအဖို့ အလွန် ဝမ်းမြောက်ကြည်နူးဖွယ်ရာ ကောင်းလှပေသည်။

ထိုကက်ဆက်တိတ်ခွေများမပေါ်မီရှေးအခါကဆိုလျှင် ဓမ္မကထိကပုဂ္ဂိုလ်မြတ်များ ဟောကြားတော်မူသည့် တရားတော်များမှာ တရား

ဟောပွဲပြီးသည်နှင့်တပြိုင်နက် "ပွဲပြီး မီးသေ" ဆိုသကဲ့သို့ ပျောက်ကွယ်သွားလေ့ရှိကြပေသည်။ တရားနာပရိသတ်များအဖို့ ထိုတရားတော်များကို နောက်တကြိမ်နာယူဖို့ရန် မလွယ်ကူတော့ပါချေ။ တရားဟောဓမ္မကထိကပုဂ္ဂိုလ်မြတ်များမှာလည်း ခရီးလမ်းပန်းစသည့် အခက်အခဲများကြောင့် ကျေးလက်တောရွာကလေးများအထိ အနှံ့အပြားတရားမဟောနိုင်ကြပဲ အများအားဖြင့် မြို့ကြီးများ၌သာ လက်လှမ်းမီသလောက် ဟောကြားနိုင်ခဲ့ကြလေသည်။ ထို့ကြောင့် ရှေးအခါကဓမ္မကထိကပုဂ္ဂိုလ်မြတ်များ၏ သာသနာပြုလုပ်ငန်းသည် တောလက်ကျေးရွာများအထိ မပြန့်နှံ့နိုင်ခဲ့သဖြင့် မြို့ကြီး ပြကြီး သာသနာပြုလုပ်ငန်းမျှသာ ဖြစ်သည်ဟု ဆိုရပေမည်။

**မျက်မှောက်ခေတ်သာသနာ။** ။ယခု နှစ်ဆယ်ရာစုနှစ် နောက်ပိုင်း ရောက်လာသည့်အခါမှ စက်မှုသိပ္ပံပညာ၏စွမ်းအားဖြင့် ကက်ဆက်နှင့်တိတ်ခွေများ ပေါ်ပေါက်လာခဲ့ရာဗုဒ္ဓဘာသာဝင် သူတော်စင်များအဖို့ ဓမ္မကထိကပုဂ္ဂိုလ်မြတ်များဟောကြားသည့် ဗုဒ္ဓတရားတော်များကို ပျောက်ကွယ်မသွားအောင်ဖမ်းယူထိန်းသိမ်းထားနိုင်ခဲ့ကြသည်။ တရားတော်များကို နာကြားလိုသည့်အခါ အချိန်မရွေး နာကြားနိုင်လာကြသည်။ ယခုအချိန်၌ကားတရားတိတ်ခွေများသည် မြို့ကြီးပြကြီးများ၌သာမက ဓမ္မကထိကများမသွားနိုင် မရောက်နိုင်သည့် ကျေးလက်တောရွာ ချောင်ကြိုချောင်ကြားများအထိ ဓမ္မကထိကများကိုယ်စား အနှံ့အပြား လှည့်လည်သာသနာပြုလျက် ရှိနေကြပေသည်။

ထိုကက်ဆက်နှင့် တိတ်ခွေများ၏ကျေးဇူးကြောင့် ရှင်တော်ဗုဒ္ဓ၏အဆုံးအမ တရားတော်များသည် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ တနိုင်ငံလုံး ပျံ့နှံ့လျက်ရှိနေပေသည်။ ဗုဒ္ဓတရားတော်များ

နာကြားရေး လွယ်ကူလာသဖြင့် တရားနာကြားသူများ၊ တရားတော် အတိုင်း လိုက်နာကျင့်သုံးသူများမှာလည်း ရှေးကထက် ပိုမိုတိုးတက် များပြားလာကြပေသည်။

ဤသို့ ဗုဒ္ဓဘာသာဝင် ဘုတော်စင်တို့သည် ဓမ္မကထိကပုဂ္ဂိုလ် မြတ်များ ဟောကြားသည့် ဗုဒ္ဓတရားတော်များကို ကြာရှည်လေး မြင့်စွာ မပျောက်မပျက် ထိန်းသိမ်းထားနိုင်ခြင်း၊ နာယူလိုသည့် တရားတော်များကို နာယူလိုသည့်အချိန်တွင် တခဏချင်း နာယူ နိုင်ခြင်း၊ ဗုဒ္ဓတရားတော်များ မြန်မာနိုင်ငံ အရပ်ဒေသ အနှံ့အပြားသို့ ပျံ့နှံ့နေခြင်းတို့ကား ခေတ်ပေါ်ကက်ဆက်နှင့် တိတ်ခွေတို့၏ ကျေးဇူး များပင် ဖြစ်သည်။

## တိတ်ခွေတရားမှ ဟောစဉ်ကျမ်းစာအုပ်များသို့

**ဟောစဉ်ကျမ်းစာအုပ်များ။** ။ဤကက်ဆက်နှင့် တိတ်ခွေများကား ဗုဒ္ဓ တရားတော်များကို ပြန့်ပွား အောင် ဖြန့်ဖြူး သာသနာပြုရာ၌ တရားတိတ်ခွေများအဖြစ်ဖြင့်သာ ကျေးဇူးများသည်မဟုတ်၊ ဟောစဉ်တရားစာအုပ်များအဖြစ်ဖြင့်လည်း လွန်စွာ အကျိုးများသည့် အခြေခံအကြောင်းတရားဖြစ်ပေသည်။ ယခုကဲ့သို့ ဟောစဉ်တရားများကို ကက်ဆက်တိတ်ခွေတို့ဖြင့် ဖမ်းယူ ထိန်းသိမ်းထားနိုင်သောကြောင့်သာ ဟောစဉ် တရားစာအုပ်များ ထွက်ပေါ်လာနိုင်ခြင်းဖြစ်သည်။

ယခုအချိန်တွင် ဓမ္မကထိကပုဂ္ဂိုလ်မြတ်များ၏ ဟောစဉ်တရား တော်များကို တရားတိတ်ခွေများမှတဆင့် ကူးယူ၍ "ဟောစဉ်တရား စာအုပ်များ"အဖြစ် တအုပ်ပြီးတအုပ် ရိုက်နှိပ်သာသနာပြုလျက်ရှိနေ ကြပေသည်။ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏ သုတ် ဝိနည်း အဘိဓမ္မာ ဟောစဉ်တရားစာအုပ်များ၊ အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဝိပဿနာ ဟောစဉ်တရားစာအုပ်များ၊ သံကုန်း (သပိတ်အိုင်) ဆရာတော် အရှင်ဉာဏိဿရ၏ ဟောစဉ် တရားစာအုပ်များ စသည်တို့မှာ ကက်ဆက်တိတ်ခွေများ၏ ကျေးဇူး ကြောင့် ဖြစ်ပေါ်လာကြသည့် အကျိုးတရားများဖြစ်ပါသည်။

ထူးခြားလာသည့်ခေတ်။ ။ထို ဟောစဉ် တရားစာအုပ်များမှာ ကက်ဆက်တိတ်ခွေများနှင့်နှိုင်းစာလျှင် ဟန်ဖိုး နည်းပါးသည့်အတွက် ကက်ဆက်နှင့် တိတ်ခွေများကို ဝယ်ယူ အသုံးမပြုနိုင်သူများ လွယ်ကူစွာ ဝယ်ယူဖတ်ရှုလေ့လာနိုင် ပေသည်။ ဤသို့ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် ကက်ဆက်နှင့် တိတ်ခွေများ၏ကျေးဇူးကြောင့် ဓမ္မကထိကပုဂ္ဂိုလ်မြတ်များ ဟော ကြားလမ်းညွှန်တော်မူသည့် ဗုဒ္ဓဘရားတော်များကို ကက်ဆက်တိတ်ခွေ များဖြင့်တမျိုး ဟောစဉ်တရားစာအုပ်များဖြင့်တဖုံ တောအုံချုံကြား များအထိ အနှံ့အပြား သာသနာပြုလျက်ရှိရာ ဤခေတ်ကို သာသနာ တော်ပြန့်ပွားရေးအတွက် ထူးခြားသည့်ခေတ် တခေတ်ဟု ခေါ်ဆို နိုင်ပေသည်။

## ဤကျမ်းစာအုပ်ဖြစ်ပေါ်လာပုံ

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့် သည် ဤကဲ့သို့ တရားတိတ်ခွေများနှင့် ဟောစဉ်တရားစာအုပ်များ သာသနာပြုလုပ်ငန်းတွင် အရာရောက်ကျေးဇူးများပုံကို သိရှိသဖြင့် လွန်ခဲ့သည့် (၁၀-၇-၈၀) နေ့တွင် ဤနိဒါန်းရေးသူကို ခေါ်ပြီး "မင်းကွန်း အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရဆရာတော်ရဲ့ ဟောစဉ်တရား တွေကို တရားတိတ်ခွေများမှ ကူးယူပြီး ကျွန်တော်တို့ သာသနာရေး ဦးစီးဌာနက စာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ချီမယ်၊ ဦးအေးနိုင်တို့ ကျမ်းပြု

ဌာနက **တာဝန်ယူပါ**”ဟု တာဝန်**ပေး**ပြီး ကက်ဆက်နှင့် ဆရာတော်ဘုရား၏ တရားတိတ်ခွေအချို့ကိုပါ တပါတည်း ပေးအပ်လိုက်ပါသည်။

ထို တရားတိတ်ခွေများမှ တရားတော်များ ကူးယူရေးတာဝန်ကို ကျမ်းပြုဌာနစုက ဒုတိယကျမ်းပြုမှူး ဓမ္မာစရိယ ဦးတင့်အောင်က ဌာနဆိုင်ရာတာဝန်များနှင့် တွဲဖက်တာဝန်ယူ၍ နေ့စဉ် **အ**ချိန်မှန်မှန် ကူးယူခဲ့ပါသည်။ ကူးယူပြီးသော လက်ရေးစာမူများကို နိဒါန်းရေးသူက တည်းဖြတ်ပြင်ဆင်၍ ထို တည်းဖြတ်ပြင်ဆင်ပြီးသည့် လက်ရေးစာမူများကို မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကိုယ်တိုင် ပြင်ဆင်တည်းဖြတ်ရန် ဆရာတော်ဘုရားထံ ပို့ပေးရပါသည်။

ဤသို့ အသီးသီးတာဝန်ယူ၍ ကူးယူ တည်းဖြတ်လာခဲ့ကြရာ နှစ်နှစ်နီးပါးခန့်အကြာတွင် ဆရာတော်ဘုရား၏ တရားတိတ်ခွေပေါင်း ၂၀-မှ ဟောစဉ်တရားတော် (၈) ပုဒ်တို့ကို ကူးယူပြင်ဆင်တည်းဖြတ်ပြီးဖြစ်ပါသည်။ ထို ဟောစဉ်တရားတော် (၈) ပုဒ်မှာ ကျမ်းတကျမ်းအဖြစ်ရိုက်နှိပ်ရန် ပမာဏ ပြည့်မီနေပြီဖြစ်သောကြောင့် ညွှန်ကြားရေးမှူးချုပ်၏ မူလအစီအစဉ်အတိုင်း ထိုတရားတော် (၈) ပုဒ်ကို **“ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏** ဟောစဉ်တရား**တော်များ”** **ဟူသောအမည်ဖြင့်** သာသနာရေးဦးစီးဌာနက ပထမအကြိမ် ရိုက်နှိပ်ဖြန့်ချိလိုက်ခြင်းဖြစ်ပါသည်။ ဤသည်မှာ ဤ ဟောစဉ်တရားစာအုပ်ပေါ်ထွက်လာရာ၌ အကြောင်းရင်း နိဒါန်းပင်ဖြစ်ပါသည်။

## ကျမ်းစာအုပ်၏ဂုဏ်ရည်

**ဟောစဉ်တရား** (၈) ပုဒ်။ ။ဤ “ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ် တရားတော်များ” စာအုပ်ကို မဖတ်ရှုမလေ့လာကြမီ စာဖတ်ပရိသတ် ဓမ္မမိတ်ဆွေများကို

ဤစာအုပ်နှင့်မိတ်ဆက်ပေးလိုပါသည်။ ဤစာအုပ်ကို မြန်မာစကားပြေ ရေးသားဟန်ဖြင့် ရိုက်နှိပ်ထားခြင်းမဟုတ်ပဲ တရားသဘင်တွင် ဟော ကြားခဲ့သကဲ့သို့ တရားဟောနည်းဟောဟန်အတိုင်း ကူးယူရိုက်နှိပ်ထား ပါသည်။ ဤ ကျမ်းစာအုပ်တွင် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရား ဟောကြားတော်မူထားသည့် တရားတိတ်ခွေပေါင်း မြောက်မြားစွာမှ တရားတော် (၈) ပုဒ်ကို ရွေးချယ် ကောက်နုတ်တင်ပြထားပါသည်။ ထို တရားတော် (၈) ပုဒ်မှာ–

၁။ ဩကာသကန်တော့ခန်းနှင့် သီလယူရှင်းတမ်း၊

၂။ သရဏဂုံသုံးပါးနှင့် ငါးပါးသီလတရားတော်၊

၃။ မေတ္တာသုတ်ပရိတ်တရားတော်၊

၄။ ဟေမဝတသုတ္တန်တရားတော်၊

၅။ အနာလယပိဏ္ဍိကောဝါဒ သုတ္တန်တရားတော်၊

၆။ မဟာဓမ္မပါလဇာတ် တရားတော်၊

၇။ အနှစ်လေးပါးသာရ တရားတော်၊

၈။ နိဓိကဏ္ဍ သုတ္တန်တရားတော်–

တို့ဖြစ်ပါသည်။

မိရိုးဖလာ ဗုဒ္ဓဘာသာဝင်။ ။ဗုဒ္ဓရှင်တော်မြတ်ဘုရား ညွှန်ကြား ဆုံးမတော် မူထားသည့် အတိုင်း "သတ္တဝါမှန်သမျှ ကံသာမိမိကိုယ်ပိုင် ဥစ္စာရှိကြသည်၊ ကံတရားက ဖန်တီးပေးမှုကြောင့် သတ္တဝါအစားစား ဖြစ်ပေါ်လာရသည်။ ကောင်း သည့်ကံကိုပြုလျှင် ကောင်းကျိုးစံရမည်၊ မကောင်းသည့်ကံကိုပြုလျှင်

မကောင်းကျိုးခံရမည်" စသည်ဖြင့် ကံ, ကံ၏အကျိုးကို သိမြင်ယုံကြည်ခြင်း ကမ္မဿကတာဉာဏ်ရှိ၍ သရဏဂုံသုံးပါး ခံယူဆောက်တည်ထားသူကို ဗုဒ္ဓဘာသာဝင်ဟု ခေါ်သည်။

သို့သော် ဗုဒ္ဓဘာသာဝင် ကလေး သူငယ်များမှာ အများအားဖြင့် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များသာ ဖြစ်ကြသည်။ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဆိုသည်မှာ မိဘမျိုးရိုးက ဗုဒ္ဓဘာသာဖြစ်၍ ဗုဒ္ဓဘာသာဝင်ဖြစ်လာရသော်လည်း ဗုဒ္ဓဘာသာအကြောင်းကိုလည်း နားမလည်၊ ဗုဒ္ဓဘာသာ၏ ကျင့်စဉ်တရားများကိုလည်း မသိ၊ ထိုကျင့်စဉ် တရားများကိုလည်း အသိဉာဏ်နှင့်ယှဉ်၍ မပြုလုပ်တတ်သူများ၊ ဘာသာရေးကို မလေးစားသူများ ဖြစ်သည်။

ဥပမာအားဖြင့် လူကြီးများက ရှိခိုးဆို၍သာ ဦးချရှိခိုးလိုက်ရသည်၊ ဘာ့ကြောင့် ရတနာသုံးပါးကို ရှိခိုးရသည်၊ ဘယ်လို ရှိခိုးရသည်ဟူ၍လည်း မသိ၊ သရဏဂုံဆိုသည်ကိုလည်း နားမလည်၊ သီလယူဆိုလို့သာ ယူလိုက်ရသည်၊ ထိုသီလ၏အဓိပ္ပာယ်ကိုလည်း မသိ၊ ပါဠိလိုလိုက်ဆိုနေရ၍ ဘယ်သိက္ခာပုဒ်ကို ဘယ်လိုစောင့်ထိန်းရမည်၊ဘယ်လိုနေထိုင်ပြုမူလျှင် သီလကျိုးသည်၊ ပေါက်သည်၊ ပျက်သည်ကိုလည်း နားမလည်သူများဖြစ်သည်။ လူကြီးများပင်ဖြစ်သော်ငြားလည်း ဆိုခဲ့ပြီးသည့်အတိုင်း ဗုဒ္ဓဘာသာအကြောင်းနှင့် ဘာသာရေးဆိုင်ရာကျင့်ဝတ်များကို နားမလည်လျှင်သော်လည်းကောင်း၊ မလေးစား မလိုက်နာလျှင်သော်လည်းကောင်း ကလေးများပမာ မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ပင်ဖြစ်သည်။

**ပညာ ဗုဒ္ဓဘာသာဝင်သို့။** ။ထိုသို့မဟုတ်မူ၍ ဗုဒ္ဓဘာသာအကြောင်းကို အထိုက်အလျောက်လည်း နားလည်သူ၊ ဗုဒ္ဓဘာသာဆိုင်ရာ ဒါန သီလ သမာဓိ ပညာ ကျင့်စဉ်များကို

လည်း အသိဉာဏ်နှင့်ယှဉ်၍ လိုက်နာပြုကျင့်သူများကား ပညာ ဗုဒ္ဓ-ဘာသာဝင်များ ဖြစ်ကြသည်။

သို့ဖြစ်၍ ဆရာတော်သည် မြန်မာတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များအား မိရိုးဖလာ ဗုဒ္ဓဘာသာဝင်အဆင့်မှ ပညာဗုဒ္ဓဘာသာဝင်အဆင့်သို့ ရောက်ရန်ဟူသော ဆန္ဒမွန်ဖြင့် ဤ "ဩကာသကန်တော့ခန်းနှင့် သီလယူရှင်းတမ်း" စသည်တို့ကို ဟောကြားတော်မူခြင်းဖြစ်ပါသည်။ ဩကာသဘုရားရှိခိုး၊ သရဏဂုံနှင့် သီလခံယူခြင်းတို့မှာ ဗုဒ္ဓဘာသာဝင်တို့၏ အခြေခံအကျဆုံးသော ဘာသာရေးလုပ်ငန်းမွန်များ ဖြစ်ကြသည်။ ဗုဒ္ဓဘာသာဝင်တိုင်း ဩကာသဘုရားရှိခိုးကိုရကြသည်။ သရဏဂုံနှင့် ငါးပါးသီလစသည်တို့ကို ခံယူဆောက်တည်ကြသည်။ သို့သော် ဩကာသစသည်တို့၏ အဓိပ္ပာယ်ကိုလည်း မသိ၊ သရဏဂုံနှင့် သီလတို့အကြောင်းကိုလည်း အထိုက်အလျောက် နားမလည်ကြချေ။

ထို့ကြောင့် ဆရာတော်သည် ဩကာသပုဒ်၏ အဓိပ္ပာယ်မှ စ၍ ဩကာသ ကန်တော့ခန်း တခုလုံးကို စိတ်ဝင်စားစရာကောင်းအောင် ဥပမာအလင်္ကာစသည်တို့ဖြင့် တန်ဆာဆင်ကာ အသေးစိတ် ရှင်းလင်း ဟောကြားထားပေသည်။ သီလယူရှင်းတမ်း၌လည်း –

၁။ သရဏဂုံသီလတောင်းခံသည့်အပိုင်း၊

၂။ မြတ်စွာဘုရားအား နမော တဿဖြင့် ရှိခိုးသည့်အပိုင်း၊

၃။ သရဏဂုံသုံးပါးကို ဆောက်တည်သည့်အပိုင်း၊

၄။ ငါးပါးသီလ ရှစ်ပါးသီလကို ဆောက်တည် ခံယူကျင့်သုံးသည့် အပိုင်း –

ဟု အပိုင်းလေးပိုင်းခွဲပြီး ကလေးသူငယ်များပင် နားလည်အောင် အနက်အဓိပ္ပာယ်များကို တပိုင်းစီအသေးစိပ် ဖွင့်ဆိုပြထားသည်။ သိက္ခာပုဒ်ဆိုသည့် ဝေါဟာရကအစ အားလုံးနားလည်သဘောပေါက်အောင် ရှင်းလင်းပြထားသည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ ဆရာတော်ကိုယ်တိုင် ဤကျမ်းစာအုပ် စာမျက်နှာ (၃၆) တွင်—

> "အဲဒါကြောင့် တရားဟောပုံ မူတမျိုးပြောင်းပြီးတော့ ဟောမှဖြစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ဒီလိုဆိုယင် သီလခံတာက စပြီး ကလေးများပါ သိအောင် ဆောက်တည်ခံယူရမယ်၊ ကလေးများလဲပဲ ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ္တုပ္ပါဒ်တွေ ဖြစ်မယ်၊ လူကြီးများအဖို့တော့ ပြောစရာမရှိဘူး၊ အကျိုးများတယ်" —

ဟု ဟောကြားမိန့်ဆိုထားပေသည်။

**စိန္တာမယဉာဏ်နှင့် ဘာဝနာမယဉာဏ်။** ။ဆရာတော် ဘုရားသည် အသက်အရွယ်ရလာချိန်၌ မိမိတို့ဟောနေ နာနေကြသည့် မြန်မာနိုင်ငံ တရားဟော တရားနာ နည်းစနစ်များကို ပြန်လည် သုံးသပ်ကြည့်သည်။ တရားဟော တရားနာခြင်းနှင့်ပတ်သက်၍ ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူထားခဲ့သည့် အင်္ဂုတ္တိုရ်ပါဠိတော်လာ သောတာနုဂတသုတ္တန်နှင့် ချိန်ထိုးကြည့်သည်၊ တိုက်ဆိုင်ညှိနှိုင်းကြည့်သည်။ သောတာနုဂတသုတ်တွင် တရားနာသူများသည်—

(၁) သုတမယဉာဏ်ဖြစ်အောင် တရားနာရမည်။

(၂) ဓာရဏာဉာဏ်ဖြစ်အောင် နာထားသည့်အထဲက တရားအချို့ကို နှုတ်ရဆောင်ရမည်။

(၃) စိန္တာမယဉာဏ် ဖြစ်အောင် နာထား ဆောင်ထားသည့် တရားများကို ဆင်ခြင်စဉ်းစားရမည်။

(၄) ဉာဏ်သုံးပါးတို့ဖြင့် လေ့လာသဘောပေါက်ထားသည့်တရားများကို ဘာဝနာမယဉာဏ်ဖြင့် အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာ ဘာဝနာရောက်အောင် ပွားများအားထုတ်ရမည်—

ဟု တရားနာသူတို့ လိုက်နာရမည့် အဆင့်လေးဆင့် အင်္ဂါလေးပါးကို ဟောကြားထားပါသည်။

ထိုအင်္ဂါများနှင့် ညီ-မညီ ချိန်ထိုးကြည့်သည့်အခါ "တရားဟောဓမ္မကထိကများဘက်ကလည်း ဒေသနာဉာဏ်လောက်ပဲ ဖြစ်သည်။ တရားနာပရိသတ်များဘက်ကို ကြည့်လျှင်လည်း နာကြား၍ ဗဟုသုတပွားရသည့် သုတမယဉာဏ်နှင့် တရားဆောင်ပုဒ် လင်္ကာကလေးများကို ဆောင်ထားသည့် ဓာရဏာဉာဏ်လောက်ပဲ ဖြစ်ကြသည်။ **တရားတော်ကို ပြန်လည်တွေးတောဆင်ခြင်သည့် စိန္တာမယဉာဏ်နှင့် အနိစ္စ ဒုက္ခ အနတ္တ သဘောတို့ဖြင့် ရှုမြင်ပွားများရသည့် ဘာဝနာ**မယဉာဏ်ဆိုသည့် အထက်ဉာဏ်နှစ်ဆင့်သို့ကား မရောက်ကြ"ဟု တွေ့မြင်တော်မူသည်။

ဆရာတော်ဘုရားသည် ထိုဝေဖန်သိမြင်ချိန်မှစ၍ "ဒါယကာ ဒါယိကာမများ ကမ္မဋ္ဌာန်းဌာနများ၌ အိမ်ပစ်ရပစ် ညဥ့်အိပ် ညဥ့်နေသွားပြီး တရားအားမထုတ်နိုင်သေးပေကာမူ မိမိတို့အိမ်မှာနေယင်းပင် စိန္တာမယဉာဏ် ဘာဝနာမယဉာဏ်တို့ဖြင့် တရားကို ဆင်ခြင်ပွားများနိုင်အောင် တရားဟောတော်မူမည်"ဟု ဆုံးဖြတ်ကာ တရား

ဟောနည်းကို ဘုရားဟောလာ သောတာနုဂတသုတ္တန်နှင့် ညီအောင် တမူပြောင်း၍ ဟောခဲ့ပါသည်။

သို့ဖြစ်၍ မင်းကွန်းအဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရဆရာတော်ဘုရား နောက်ပိုင်းတွင် ဟောကြားတော်မူသည့် ဟောစဉ်တရားများမှာ တရားနာသူများအဖို့ သုတမယဉာဏ်နှင့် ဓာရဏာဉာဏ်တို့ ဖြစ်ရုံမျှသာမဟုတ်ပဲ စိန္တာမယဉာဏ် ဘာဝနာမယဉာဏ်နှစ်ပါးပါ ဖြစ်ပေါ်အောင် ဟောကြားတော်မူသည့် တရားတော်များဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော်ဘုရား၏ "ဤဟောစဉ်တရားစာအုပ်"ကို ဖတ်ရှုလေ့လာပွားများသူများအား ထိုဉာဏ်များ ဖြစ်ပွားလာနိုင်ပါသည်။

ထိုဉာဏ်များဖြစ်ပွားစေရန် ဩကာသကန်တော့ခန်း၊ သီလယူရှင်းတမ်းနှင့် သရဏဂုံသုံးပါး၊ ငါးပါးသီလတရားတော် အခန်းတို့၌ ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်များကို အာရုံပြု၍ ဗုဒ္ဓါနုဿတိ သမာဓိ ကုသိုလ်ပွားများပုံ၊ မေတ္တာဘာဝနာ သမာဓိကုသိုလ်ပွားများပုံနှင့် ခါတ်တစ်ဆယ့်ရှစ်ပါး ကမ္မဋ္ဌာန်းပွားများပုံတို့ကို ဟောကြားထားပါသည်။ အထူးသဖြင့် ခါတ်တဆယ့်ရှစ်ပါး ဝိပဿနာကမ္မဋ္ဌာန်းပွားများပုံကို–

> "မျက်စိတွင်မည် ရုပ်အကြည်လည်းကောင်း၊ အဆင်းတွင်မည် ရုပ်ထို့ဤ လည်းကောင်း၊ မျက်စိ၌မှီ ဝိညာဏ်သည် လည်းကောင်း၊ မြင့်ရှည်ကာလ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏"

စသော ဝိပဿနာကမ္မဋ္ဌာန်းလင်္ကာကြီးဖြင့် စိတ်ထဲတွင် ထင်မြင်စွဲမြဲသွားအောင် ရှင်းလင်းဟောကြားထားသည်။

## [က] အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ့်တရားတော်များ

**မေတ္တာသုတ်ပရိတ်တရားတော်။** ။မြန်မာနိုင်ငံတွင် မေတ္တာဆိုသည့် ဝေါဟာရကို ကလေးက အစ သိကြသည်၊ ထိုဝေါဟာရသည် မြန်မာတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များ အားလုံးနှင့် ရင်းနှီးပြီးသော ဝေါဟာရဖြစ်၏။ သို့သော် မေတ္တာ၏ တန်ခိုးစွမ်းအင်နှင့် မေတ္တာဘာဝနာ ပွားများအားထုတ်နည်းတို့ကို စနစ်တကျသိသူမှာ မရှိသလောက် နည်းပါးသည်။

မေတ္တာကို ဗုဒ္ဓအဘိဓမ္မာနည်းအရ အရင်းကျကျ ဖော်ပြရလျှင် "သတ္တဝါတို့၏ အကျိုးစီးပွားကို လိုလား၍ သတ္တဝါအများအား ချမ်းသာစေလိုသည့် အဒေါသတရား" ပင် ဖြစ်သည်။ ထို့ကြောင့် ဆရာတော်သည် သတ္တဝါအများအားချမ်းသာစေလိုသည့် မေတ္တာစေတ အကြောင်းကို မဟောကြားမီ တရားနာပရိသတ်များအား အေးချမ်းမှုသုခမင်္ဂလာနှင့် ဗဟုဿုတမင်္ဂလာကို တိုးပွားအောင် ထိုမေတ္တာစေတ သဘောနှင့် လိုက်လျောညီထွေရှိသည့် သုခလေးပါး တရားလက်ဆောင်ကို ရှေးဦးစွာ ပရိသတ်သို့ ပေးကမ်းဝေငှလိုက်ပါသည်။

ထို့နောက် ခုဒ္ဒကနိကာယ်၊ ခုဒ္ဒကပါဌပါဠိတော်နှင့် သုတ္တနိပါတပါဠိတော်များ၌ လာရှိသည့် ဘုရားဟော မေတ္တာသုတ္တန်တရားတော်ကို—

(၁) မေတ္တာသုတ္တန် ဟောရခြင်း အကြောင်းရင်းနိဒါန်းဝတ္ထု၊

(၂) မေတ္တာ၏ တန်ခိုးစွမ်းအင် အကျိုးအာနိသင်၊

(၃) မေတ္တာဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်လိုသူ ယောဂီတို့၌ ရှိထားရမည့် အရည်အချင်းများ၊

(၄) မေတ္တာဘာဝနာ လုပ်ထုံးလုပ်နည်း ၁၁-နည်း၊

(၅) မေတ္တာဘာဝနာမှ ဝိပဿနာဘာဝနာသို့ ကူးပုံ–
တို့ကို သိမှတ်ဖွယ်ရာ ဆောင်ပုဒ်လင်္ကာကလေးများ၊ အနုတ္တလက္ခဏ သုတ္တန်နှင့် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ခန္ဓာငါးပါးပြ လင်္ကာကြီး စသည်တို့ဖြင့် စိတ်ဝင်စားဖွယ်ရာ ဝေဝေဆာဆာ ဟောကြားထားပေသည်။

အထူးသဖြင့် ဘုရားဟောမေတ္တာသုတ္တန် ပါဠိတော်မူရင်းတွင် မပါ ဝင်သော်လည်း ယခုရှိနေသည့် ပရိတ်ကြီးပါဠိစာအုပ်၌ ပါရှိနေသည့် "ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ" စသည့် ဂါထာနှစ်ပုဒ်ပြဿနာကို လည်းကောင်း၊ ဆွမ်းအလှူ စသည့် အလှူ များ၌ ဆရာတော် သံဃာတော်အရှင်မြတ်များ မေတ္တာသုတ်ပရိတ် တရားတော်ကို ရွတ်ဆို ပွားများကြရသည့် အကြောင်းကို လည်း ကောင်း၊ ဈေးသည်များ ရောင်းရေးဝယ်တာ၌ ကျွမ်းကျင်လိမ္မာခြင်း၊ မုဆိုးတို့ အမဲလိုက်ရာ၌ ကျွမ်းကျင်လိမ္မာခြင်း၊ တံငါများ ငါးဖမ်းရာ၌ ကျွမ်းကျင်လိမ္မာခြင်း၊ ကျွဲ နွား စသည့် သတ္တဝါများ ဘာသာဘာဝ အထိုက်အလျောက် သိကြခြင်း စသည်တို့မှာ ပညာဖြစ်သလော၊ သညာဖြစ်သလောဆိုသည့် ပြဿနာကိုလည်းကောင်း ရှင်းလင်း ဟောကြားထားပုံတို့ကို စိတ်ဝင်စားစွာ လေ့လာ ဖတ်ရှုရမည် ဖြစ်ပါသည်။

**ဟေမဝတသုတ္တန်**။ ။ဤသုတ္တန်သည် သုတ္တနိပါတ်ပါဠိတော် ဥရဂဝဂ်၌ လာရှိသော ဘုရားဟောသုတ္တန်တခု ဖြစ်သည်။
ဟေမဝတ နတ်ဘီလူးမင်းနှင့် သာတာဂိရ နတ်ဘီလူးမင်း နှစ်ဦးတို့ကို အကြောင်းပြု၍ ဤသုတ္တန် ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် အချို့က ဤသုတ္တန်ကို "သာတာဂိရသုတ္တန်"ဟူ၍လည်း ခေါ်ကြသည်။

## [ ၁၁ ] အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ

ဤ ဟေမဝတသုတ္တန်တရားတော်၌—

၁။ ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက်ပိုင်းတွင် ကျမ်းဂန်တတ် ဝိနည်းဓိုရ်ဆရာတော်ကြီး နှစ်ပါးတို့က ဓမ္မဝါဒီရဟန်းနှင့် အဓမ္မဝါဒီရဟန်းနှစ်ပါးဟု ဖြစ်ပွားကြသည့် အနုဝါဒါဓိကရုဏ်းမှုတွင် ဆန္ဒာဂတိဖြင့် အဓမ္မဝါဒီရဟန်းဘက် လိုက်ခဲ့သဖြင့် အနှစ် နှစ်သောင်းဘုံ်တိုင် သီလစင်ကြယ်စွာ နေခဲ့ပါလျက် နှစ်ပါးလုံး အထက်နတ်ပြည်များသို့ မရောက်ပဲ ဝေဿဝဏ်နတ်မင်းကြီး၏ အခြွေအရံ ဟေမဝတနတ်ဘီးလူးနှင့် သာတာဂိရိနတ်ဘီလူးကြီးများ ဖြစ်သွားကြပုံ၊

၂။ ထိုနတ်ဘီလူးကြီးနှစ်ဦးတို့ ကောင်းကင်ယံတွင် ဘုရားရှင်ဖို့၏ ဂုဏ်ပုဒ်များကိုထုတ်၍ ဘုရား ဟုတ် မဟုတ် အပြန်အလှန် ဆွေးနွေးနေကြသံကို ကြားရုံမျှဖြင့် ကာဠီအမျိုးသမီး သောတာပန်တည်သွားပုံ၊

၃။ ဘုရားရှင်ထံမှောက်သို့ ရောက်ကြသည့်အခါ နတ်ဘီးလူးကြီးများက—

(က) အဘယ်တရား ထင်ရှားဖြစ်မှ သတ္တဝါများ ထင်ရှားပေါ်လာပါသနည်း။

(ခ) သတ္တဝါများသည် အဘယ်တရား၌ တဏှာ, မာန, ဒိဋ္ဌိတို့ဖြင့် ပေါင်းဘင်းမိတ်ဖွဲ့နေပါသနည်း။

(ဂ) အဘယ်တရားကို အစွဲပြုပြီး သတ္တဝါဟု ခေါ်ဝေါ် ပညတ်ပါသနည်း။

(ဃ) အဘယ်တရားကြောင့် သတ္တဝါများ ပင်ပန်းနွမ်းနယ်နေကြရပါသနည်း—

ဟူသော ပြဿနာလေးရပ်ကို မေးလျှောက်ကြပုံ၊

၄။ ထိုပြဿနာသေးရပ်ကို ရှင်တော်ဗုဒ္ဓက ဖြေရှင်းပြ၍ သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ကြောင်းတရားကို ဟောကြားတော်မူရာ နတ်ဘီလူးကြီးများ သောတာပန်တည်သွားကြပုံ၊

၅။ သြဿလေးဖြာ သမုဒ္ဒရာသံသရာကို ကူးနေဆဲပုဂ္ဂိုလ်မျိုးနှင့် ထိုဘဝသံသရာ သမုဒ္ဒရာ၌ မည်သည့်အခါမျှ မနစ်မြုပ်တော့သော ပုဂ္ဂိုလ်မျိုးတို့ကို ခွဲခြားဟောကြား၍ နတ်ဘီလူးကြီးများ သိဿဘာဝူပဂမနသရဏဂုံ တည်ကြပုံ—

အစုံစုံတို့ကို စိတ်ဝင်စားဖွယ်ရာ ဖတ်ရှုရပါမည်။

ထိုသုတ္တန်၌ အနှစ်သာရကား—

(၁) အဂတိလိုက်စားမှုကြောင့် မကောင်းကျိုးရခြင်း၊

(၂) ဗုဒ္ဓဂုဏ်ကို ကြားရုံမျှဖြင့် သောတာပန်တည်ခြင်း၊

(၃) အာယတနတရား ၁၂-ပါး—

တို့ ဖြစ်သည်။ ထိုတွင် အာယတန ၁၂-ပါး တရားတော်များသည် နတ်ဘီလူးကြီးတို့၏ မေးခွန်းသေးနှင့်ကို ဖြေကြားရာ၌လည်းကောင်း သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ကြောင်းကို ဟောကြားရာ၌ လည်းကောင်း အခြေခံ ပဓာနကျသော တရားများဖြစ်သောကြောင့် ဤသုတ္တန်တွင် ပို၍ အလေးထားရမည့် တရားတော်များဖြစ်သည်။

ဤအချက်ကို ဆရာတော်သည် ကောင်းစွာ မြင်တော်မူသည်။ ထို့ကြောင့် ဟေမဝတသုတ်ရှင်းကို ဟောကြားတော်မမူမီ အာယတန ၁၂-ပါး၌ မီး ၁၃၂-ပါး လောင်နေပုံကို ဟောကြားသည့် "အာဒိတ္တပရိယာယသုတ်" ကို ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ "ထွေထွေလာလာ၊ များတကာတို့၊ တည်ရာစုရုံး၊ သက်ရောက်ရာကို၊

ဟောစဉ် ( ခ )—ပ-မ-သ-စ

အာယတန၊ ခေါ် ဆိုကြ၏" စသော အာယတနလက်ကြီးဖြင့် ရှေးဦးစွာ ဒေသနာဆင် ထိပ်ကတင်၍ ဟောကြားထားသည်ကို ဖတ်ရှုရပေမည်။

**အနာထပိဏ္ဍိကောဝါဒသုတ္တန်**။ ။ဤသုတ္တန်သည် မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ သဠာယတနဝဂ်၌ လာရှိသည်။ ဇေတဝန်ကျောင်း ဒါယကာ **အနာထပိဏ်** သဋ္ဌေးကြီး သေလုနီးပါး အသွန်မကျန်းမမာဖြစ်နေစဉ် လက်ယာတော်ရံ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည် အရှင်အာနန္ဒာနှင့် အတူ ကြွလာပြီး သဋ္ဌေးကြီးအား နောက်ဆုံးဟောကြားသည့် တရားဖြစ်သောကြောင့် "အနာထပိဏ္ဍိကောဝါဒသုတ္တန်"ဟု ခေါ်ခြင်း ဖြစ်သည်။

ထိုသုတ္တန်၌ ထူးဆန်းသည်မှာ သေလုမြောပါး ဒုက္ခဝေဒနာကို ခံစားနေရသည့် သဋ္ဌေးကြီးသည် တရားနာအပြီးတွင် မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းကျလာပြီး ရှိုက်ကြီးတငင် ငိုကြွေးခြင်းပင် ဖြစ်သည်။ သဋ္ဌေးကြီး သည်းထန်စွာငိုကြွေးသည်ကို မြင်ရသည့်အခါ အရှင်အာနန္ဒာက တမျိုးထင်သွားသည်။ "အနာထပိဏ် သဋ္ဌေးကြီးဟာ သဒ္ဓါတရားရှိပေမယ့်လဲ သူ့ရဲ့ စည်းစိမ်ချမ်းသာတွေမှာ တွယ်တာနေသူဖြစ်လို့ သေရမှာ ကြောက်တဲ့အတွက် ဒီလိုငိုကြွေးတာ ဖြစ်မယ်" ဟု အရှင်အာနန္ဒာမထေရ်က ယူဆသည်။

သို့သော် ဤကဲ့သို့ကား မဟုတ်ပေ။ ယခုလို ဝိပဿနာတရားမျိုးကို သေခါနီးမှ နာကြားရသည့် အတွက်ကြောင့်သာ ငိုကြွေးခြင်းဖြစ်ပါသည်။ သဋ္ဌေးကြီးက—

"ဘုရားတပည့်တော်ဟာ နှစ်ပေါင်း ၂၄-နှစ် ကာလ ပတ်လုံး ရတနာသုံးပါးကို အသက်ပေးပြီး ဆည်းကပ် ကိုး

ကူယ်ခဲ့ပါတယ်၊ ဒီအာတောအတွင်းမှာ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး အခုဟောတဲ့ တရားမျိုးလို ပြည့်ပြည့်စုံစုံ တခါမှ မနာကြားခဲ့ရဖူးပါဘုရား။ ဒီတရားမျိုးကို ရဟန်း တော်များကိုသာမဟုတ် လူဝတ်ကြောင်များကိုလည်း ဟော ကြားဖို့ အလွန်ကောင်းပါတယ်၊ ဟောကြားတော်မူကြပါ ဘုရား" –

ဟု နောက်ဆုံး လျှောက်ထားသွားသည်။

ဤကဲ့သို့ လူများအား ဟောကြားရန် အနာထပိဏ်သဌေးကြီး လျှောက်ထားသွားသည့် တရားတော်များမှာ–

၁။ ဒွါရ ၆-ပါး၌ ဝိပဿနာရှုနည်း၊

၂။ အာရုံ ၆-ပါး၌ ဝိပဿနာရှုနည်း၊

၃။ ဝိညာဏ် ၆-ပါး၌ ဝိပဿနာရှုနည်း၊

၄။ ဖဿ ၆-ပါး၌ ဝိပဿနာရှုနည်း၊

၅။ ဝေဒနာ ၆-ပါး၌ ဝိပဿနာရှုနည်း၊

၆။ ဓာတ် ၆-ပါး၌ ဝိပဿနာရှုနည်း၊

၇။ ခန္ဓာ ၅-ပါး၌ ဝိပဿနာရှုနည်း၊

၈။ အာရုပ္ပဈာန် ၄-ပါး၌ ဝိပဿနာရှုနည်း၊

၉။ ပစ္စုပ္ပန်လောက ဇမလွန်လောကတို့၌ ဝိပဿနာရှုနည်း၊

၁၀။ ဒိဋ္ဌ, သုတ, ဝိညာတတို့၌ ဝိပဿနာရှုနည်းဟူ၍ ဝိပဿနာ နည်း ၁၀-နည်းတို့ ဖြစ်ပါသည်။

ထိုသုတ္တန်၌ ဤဝိပဿနာရှုနည်း ၁၀-နည်းအပြင် အနာထပိဏ် နတ်သားကြီး တုသိတာနတ်ပြည်မှ ချက်ချင်းပြန်လာပြီး ဗုဒ္ဓရှင်တော် မြတ်ဘုရားအား လျှောက်ထားသည့် ဗဟုသုတဖြစ်ဖွယ် အသွယ်သွယ် သောတရားများကိုလည်း လေ့လာဖတ်ရှုရမည်ဖြစ်ပါသည်။

**မဟာဓမ္မပါလဇာတ်တော်။** ။ဤမဟာဓမ္မပါလဇာတ်သည် ငါးရာ့ ငါး ဆယ် ဇာတ် တော် များ အ နက် ဒသကနိပါတ်တွင် ပါဝင်သော ဇာတ်တော်တခုဖြစ်သည်။ ဓမ္မပါလ ဆိုသည်မှာ သူတော်ကောင်းတရားကို စောင့်ထိန်းတတ်သူဟုအဓိပ္ပာယ် ရသည်။ မှန်၏၊ ထိုရွာ၌ ရွာသူကြီးသည် သူတော်တရားကို လွန်စွာ စောင့်ထိန်းလေ၏။ ထို့ကြောင့် ထိုရွာသူကြီးကို "ဓမ္မပါလ"ဟုခေါ် သည်။ "ရှေ့ဆောင်နွားလား၊ ဖြောင့်ဖြောင့်သွားက၊ နောက်နွား တသိုက်၊ ဖြောင့်ဖြောင့်လိုက်၏"ဆိုသည့် ရာဇောဝါဒဇာတ်ဒေသနာ တော်အတိုင်း ခေါင်းဆောင်ဖြစ်သူ ရွာသူကြီးက တရားကျင့်သူဖြစ်ရ ကား နောက်လိုက်ဖြစ်သူ ရွာသူရွာသား များကလည်း ရွာသူကြီး နည်းတူ သူတော်တရားကို အားလုံးစောင့်ထိန်းကြသည်။ ထို့ကြောင့် ရွာသူကြီးကိုလည်း ဓမ္မပါလ၊ ရွာသူရွာသားများကိုလည်း ဓမ္မပါလ အမျိုးသားများ၊ ရွာကြီးကိုလည်း ဓမ္မပါလရွာဟု ခေါ်ဝေါ်ကြခြင်း ဖြစ်ပေသည်။

ဤဓမ္မပါလဇာတ်ကား ဘုရားရှင် ဝါတော် ၂-ဝါအရတွင် အသက် အရွယ် ကိုးဆယ်ကျော်၍ အလွန်အိုမင်းနေပြီဖြစ်သည့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို ဟောကြားတော်မူသည့် ဇာတ်တော်ဖြစ်သည်။ ဇာတ်တော်ကို ဟောပြီးသည့်အခါ မူလက သကဒါဂါမ်ပုဂ္ဂိုလ်ဖြစ် သည့် ခမည်းတော်ကြီးမှာ တဆင့်တက်ပြီး အနာဂါမ်အရိယာကြီး ဖြစ်သွားပါသည်။

ဤဇာတ်တော်၌ မှတ်သားဖွယ် ကောင်းသည့် အချက်များမှာ—

၁။ မဃပါလရွာသားများ စောင့်ထိန်းပြုကျင့်သည့် သူတော်တရားနှင့် အကျိုးတရား

၂။ တက္ကသိုလ်ကျောင်းသားများနှင့် ကျောင်းသားခေါင်းဆောင်တို့ အပြန်အလှန်ပြောကြားချက်များနှင့်၊

၃။ မဃပါလရွာသူကြီးက တက္ကသိုလ် ပါမောက္ခ ဆရာကြီးအား ဟောကြားချက်တို့ဖြစ်ပါသည်။

၁။ ထိုတွင် မမဃပါလရွာသူရွာသားများ စောင့်ထိန်းကြသည့် သူတော်တရားများမှာ –

(၁) သုစရိုက်တရား ၁၀-ပါး၊

(၂) စေတနာသုံးတန် ညီညွတ်စွာဖြင့် အယုတ်အလတ် အမြတ်မရွေး လှူဒါန်းပေးကမ်းခြင်း (ဒါန)၊

(၃) နေ့စဉ် ငါးပါးသီလစောင့်ထိန်းခြင်း (သီလ)၊

( ) သင်္ခါရတရားတို့၏ မမြဲသည့်အနိစ္စသဘောကို ပွားများခြင်း(ဘာဝနာ)၊

(၅) လူကြီးသူမများအား ရိုသေလေးစားခြင်း (အပစာယန)၊

(၆) ထိုထိုအမှုကိစ္စကို အညီအညွတ်နှံ့ရိုး အားထုတ်ကူညီကြခြင်း (ဝေယျာဝစ္စ)၊

(၇) ကောင်းမှုပြုတိုင်း အဖို့ အစုကို အမျှပေးဝေခြင်း (ပတ္တိဒါန)၊

(၈) သူတပါးပေးဝေသည့် ကောင်းမှုအဖို့အစုကို သာဓု အနုမောဒနာခေါ်ခြင်း (ပတ္တာနုမောဒန)၊

(၉) တရားနာခြင်း (ဓမ္မဿဝန)၊

(၁၀) ကိုယ်ဘတ်သလောက် မှတ်သလောက် သူတပါးအား ဟောပြောခြင်း (ဓမ္မဒေသနာ)၊

(၁၁) မိမိတို့ပြုလုပ်သည့် ကောင်းမှုကံကိုသာ ယုံကြည်ကြခြင်း (ဒိဋ္ဌိဇုကမ္မ)။

ဤကဲ့သို့ သုစရိုက် (၁၀) ပါးနှင့် ပုညကိရိယာဝတ္ထု (၁၀) ပါး သူတော်ကောင်းတရားတို့ကို အမြဲတစေ စောင့်ထိန်းပေသောကြောင့် ဓမ္မပါလရွာကြီးရှိ ရွာသူရွာသားများမှာ အသက်ငယ်ငယ်ရွယ်ရွယ်၌ သေကြရိုး ထုံးစံမရှိပေ။ သက်တမ်းစေ့အသက်တစ်ထောင်အထိနေပြီးမှ သေဆုံးကြရမြဲ ဓမ္မတာရှိသည်။ ဤသည်မှာ သူတော်ကောင်းတရားများကို စောင့်ထိန်းကြခြင်း၏ အကျိုးတရားဖြစ်သည်။

၂။ တက္ကသိုလ် ပါမောက္ခဆရာကြီး၏ သားငယ်သေဆုံးသွား၍ ဈာပနကိစ္စဆောင်ရွက်ကြပြီး ကျောင်းပြန်ရောက်ကြသည့်အခါ တပည့်တော့ စုပြီး "အင်မတန်လိမ္မာပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားလို့ နှမြောဖို့ကောင်းတဲ့အကြောင်း" ဝိုင်းဖွဲ့ပြောဆိုနေကြသည်။

ထိုအခါ ကျောင်းသားခေါင်းဆောင် ဘုရားလောင်းဓမ္မပါလ သတို့သားက "ဘာကြောင့် အသက်အရွယ် ငယ်ငယ်ကလေးမှာ သေရသလဲ၊ ဒီအရွယ်ဟာ မသေသင့်သေးဘူး မဟုတ်လား"ဟု ဝင်ထောက်လိုက်သည်။

ကျောင်းသားများ ရုတ်တရက် ကြောင်သွားကြသည်။ နောက်မှ ကျောင်းသားတယောက်က "သူငယ်ချင်း ဓမ္မပါလ သတ္တဝါဖြစ်လာ

ယင် တနေ့နေ့ သေရမယ်ဆိုတဲ့ သဘောကို ခင်ဗျားမသိဘူးလား”ဟု ပြန်မေးလိုက်သည်။

“သိပါတယ်ကွာ၊ ဒါပေမယ့် အသက်ငယ်ငယ်မှာ မသေကြဘူး၊ အသက်ကြီးမှ သေကြတယ်”ဟု ဓမ္မပါလက သူသိသလိုဖြေလိုက်သည်။

ကျောင်းသားများက “ဟော့သူငယ်ချင်း ဖြစ်ပေါ်လာတဲ့ သခ်ါရ တရားမှန်သမျှ မမြဲကြတဲ့ အနိစ္စဓမ္မတွေပဲ မဟုတ်လား၊ ဖြစ်ပြီးတော့ ချုပ်ပျက်ကုန်ကြတာပဲ မဟုတ်လား” ဟု ဝိုင်းမေးကြပါသည်။

ဤအပြန်အလှန် ပြောကြားချက်များကိုကြည့်လျှင် “သာသနာပ အခါတွင် ဒါန သီလ သမထတရားများအပြင် အနိစ္စတရားလည်း သာမန်အားဖြင့်ရှိကြောင်း”သိမှတ်စရာ တွေ့ရသည်။

၃။ နောက်ဆုံးမှာ ဓမ္မပါလရွာသူကြီးက တက္ကသိုလ်ပါမောက္ခ ဆရာကြီးကို သူတော်တရားစောင့်ထိန်းယင် ရနိုင်သည့်အကျိုးများကို နိဂုံးချုပ်အနေဖြင့် ဤသို့ ဟောကြားလိုက်ပါသည်။

> “ဆရာကြီး....ကိုယ်ကသာ တရားကျင့်မယ်ဆိုယင် အဲဒီ တရားကကျင့်တဲ့ပုဂ္ဂိုလ်ကို ဘေးမရောက်အောင် တကယ့်ကို စောင့်ရှောက်ကာကွယ်ပေးပါတယ်၊ ဒါပေမယ့် တခါတလေ သတိရမှ ထကျင့်တဲ့အကျင့်မျိုးတော့ မဟုတ်ဘူး၊ အာစိဏ္ဏကံ ဖြစ်အောင် မပြတ်မပြတ် အမြဲလိုလို ကျင့်တဲ့ အကျင့်မျိုး ဖြစ်ရမယ်၊ အဲဒီလို သုစရိုက်တရားကို အာစိဏ္ဏကံ ဖြစ်အောင် ကျင့်မယ်ဆိုယင် အဲဒီတရားက ကျင့်တဲ့ ပုဂ္ဂိုလ်ကို အပါယ် ဘေးမှ ကင်းဝေးအောင်လည်း စောင့်ရှောက် ပါတယ်၊ လူ နတ် နိဗ္ဗာန် ချမ်းသာများသို့ ရောက်အောင်လည်း ပို့ဆောင်နိုင်ပါတယ်၊ ဥပမာပြရယင် ထီးဟာ မိုးအခါမှာ

ထီးဆောင်းတဲ့လူကို မိုးစိုတဲ့ဘေးမှ ကင်းဝေးအောင် စောင့်ရှောက်သလို ကိုယ်ကျင့်တရားကလည်း ကျင့်သူကို အပါယ်ဘေးမှ ကင်းဝေးအောင် စောင့်ရှောက်နိုင်ပါတယ် ဆရာကြီး"

ဤမွေပါလဇာတ်တော်၌ ဖော်ပြခဲ့ပြီးသော အကြောင်းအရာများကို ဗဟုသုတအဖြစ်ဖြင့် ဖတ်ရှုမှတ်သားပြီး ထိုမွေပါလ ရွာသူကြီးမျိုး မွေပါလရွာသူ ရွာသားမျိုး မွေပါလရွာမျိုးဖြစ်အောင် အားထုတ်သင့်ကြပေသည်။

ယခုလို တနိုင်ငံလုံး တရားရိပ်သာများ အနှံ့အပြား ပေါ်လာပြီး သမထ ဝိပဿနာ ဘာဝနာတရားများ ထွန်းကားနေချိန်၌ တမူထူးခြားဇာတ်တော်များကို ဟောကြားတော်မူရာတွင် ဆရာတော်၌ ရည်ရွယ်ချက် ရှိပါသည်။ မြတ်စွာဘုရား၏ ဂုဏ်မှာ စရိယဂုဏ်၊ မွေဂုဏ်ဟု နှစ်မျိုးရှိသည်။ ထိုတွင် ဘုရားဟော ဇာတ်တော်များသည် စရိယ (အကျင့်) ဂုဏ်ကို ဦးတည်ပြထားသည့် တရားများဖြစ်သည်။ ယိုဇာတ်တော်များ၌ လောကလူသားတို့ လိုက်နာကျင့်သုံးစရာ နမူနာယူစရာ အကျင့်တရားများ အမြောက်အမြားပါရှိသည်။ ထိုတရားတော်များမှာ ဒါန သီလ သမထဘာဝနာ အခြေခံတရားများဖြစ်သည်။ ထိုတရားများမှာ လူတိုင်းလူတိုင်း ကျင့်သုံးဖို့ရန် အလွန်လွယ်ကူသည် ဝန်လေးစရာ အကြောင်းမရှိ။

ထို့ကြောင့် ဤမွေပါလရွာသူ ရွာသားများလို အောက်ခြေကစပြီး ကျင့်သုံးနိုင်ကြရန် ရည်ရွယ်ပြီး ဇာတ်တော်များကို ဟောကြားတော်မူကြောင်း ဆရာတော်၏ ရည်ရွယ်ချက်ကို မဟာမွေပါလ ဇာတ် အစပျိုး ဖတ်ရှုရမည် ဖြစ်ပါသည်။

**အနုစ်လေးပါး သာရတရားတော်။** ။ဤအနှစ်လေးပါး သာရတရားတော်ကား လက်ယာတော်ရံ လက်ဝဲတော်ရံ အဂ္ဂသာဝကကြီး နှစ်ပါးတို့ကို **အကြောင်းပြု၍** ဟောကြားတော်မူသော တရားဖြစ်သည်။ ထိုတရားတော်သည် ဓမ္မပဒပါဠိတော်၌ လာရှိသည်။ ဘုရားရှင် တာါရပြီးစ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အရှင်သာရိပုတ္တရာ ဖြစ်လာမည့် ဥပတိဿနှင့် အရှင်မဟာမောဂ္ဂလ္လာန် ဖြစ်လာမည့် ကောလိတ ဆိုသည့် ပရိဗိုဇ်ဆရာကြီးနှစ်ယောက်တို့သည် တပည့်ပရိဗိုဇ် ၂၅၀ နှင့်အတူ ဘုရားရှင်ထံမှောက်သို့ ရောက်လာကြသည်။ ထိုပုဂ္ဂိုလ်တို့အား ဘုရားရှင် တရားဟောကြားတော်မူရာ ပရိဗိုဇ် ၂၅၀-တို့ ရဟန္တာ ဖြစ်သွားကြပြီး ဆရာတပည့်အားလုံး ဧဟိဘိက္ခုရဟန်း ဖြစ်သွားကြသည်။

ထိုအခါ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန် တို့က မြတ်စွာဘုရားအား သူတို့၏ သိဉ္စည်းဆရာကြီးကို ဤသာသနာသို့ အပါခေါ်ကြသော်လည်း အမျိုးမျိုး ဆင်ခြေပေး၍ ငြင်းဆန်နေရစ်ခဲ့သည့်အ ကြောင်း လျှောက်ထားကြရာ မြတ်စွာဘုရားက ဤအနှစ်လေးပါး တရားတော်ကို ဟောကြားတော်မူခြင်း ဖြစ်ပါသည်။ ထိုတရားတော်၏ အကျဉ်းချုပ်အဓိပ္ပာယ်မှာ—

အကြင်ပုဂ္ဂိုလ်တို့သည် အနှစ်မမှီး အကာချည်းသာဖြစ်သော တရား၌ အနှစ်ဟုပင် မှတ်ထင်ခြင်း ရှိကြကုန်၏။ အနှစ်ဖြစ်သော သူတော်ကောင်းတရား၌မူ အနှစ်မပါ အကာအတိဟု ယူကြ၏၊ အမှားကိုပင် အမှန်ထင်၍ အမြင်လွဲကြ ထိုလူ့ဗာလတို့သည် အကြံယုတ်မာ မိစ္ဆာဝိတက်၏ ကျက်စား

ရာ ဖြစ်ကုန်၍ သီလ သမာဓိ နိဗ္ဗာန်ထိအောင် ကောင်းဘိ ကျစ်လစ် အဆီအနှစ်တရားကို မရနိုင်ကြကုန်။

အနှစ်ရှိငြား သူတော်ကောင်းတရားကို အနှစ်ရှိသော အားဖြင့် လည်းကောင်း၊ အနှစ်မရှိ အကာအတိဖြစ်သော တရားကို အနှစ်မဟုတ်သောအားဖြင့်လည်းကောင်း သိသည် ရှိသော် (ဝါ) သိသောကြောင့် အမှန်ကိုပင် ကောင်းစွာမြင် သည့် ထိုပညာရှင်သည် အကြံကောင်းစွာ သမ္မာဝိတက်၏ ကျက်စားရာဖြစ်ကုန်၍ သီလ သမာဓိ နိဗ္ဗာန်ထိအောင် ကောင်းဘိကျစ်လစ် အဆီအနှစ်တရားကို ကောင်းစွာပိုင်ပိုင် ရနိုင်ကြကုန်၏ –

ဟူ၍ ဖြစ်ပါသည်။

ထိုသာရတရားတော်များသည် ဓမ္မပဒပါဠိ၊ အဋ္ဌကထာများ၌ အကျဉ်းချုပ်မျှသာ လာရှိပါသည်။ ထို့ကြောင့် ဆရာတော်သည် ဒသကနိပါတ်တော်လာ ကဏ္ဍဇာတ်နှင့် မဇ္ဈိမနိကာယ် မူလပဏ္ဏာသ ပါဠိတော်လာ မဟာသာရောပမသုတ္တန်တို့၏ အကူအညီဖြင့် ထိုသာရ တရားတော်များ၏သရုပ်အဓိပ္ပာယ်ကိုအကျယ်ဖွင့်ဆိုဟောကြားတော်မူ ထားသည်ကို တွေ့ရသည်။ "သာရဆိုသည်မှာ အဆီအနှစ်" ဟုအဓိပ္ပာယ် ရသည်။ ထို့ကြောင့် "အနှစ်လေးပါး သာရတရားတော်" ဟု နာမည် ပေးခြင်းဖြစ်သည်။ ထိုအနှစ်လေးပါး သာရတရားများကား –

(၁) ဥစ္စာစီးပွား၏ အနှစ်သာရကား ပေးကမ်းလှူဒါန်းခြင်းဒါန၊

(၂) ကိုယ်ခန္ဓာ၏ အနှစ်သာရကား ကိုယ်နှုတ်တို့ကို စောင့်ထိန်း ခြင်း သီလ၊

(၃) ယခုဘဝ ရနေဆဲအသက်၏အနှစ်သာရကား အနိစ္စဘာဝနာ ဒုက္ခဘာဝနာ၊

(၄) သာသနာတော်ရဲ့ အနှစ်သာရကား မဂ်ဖိုလ်နိဗ္ဗာန်ကိုးတန် သော လောကုတ္တရာတရား –

တို့ ဖြစ်ပါသည်။

ထိုသာရတရားတို့၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ –

(၁) ဥစ္စာစီးပွားမှန်သမျှ ရေ, မီး, မင်း, ခိုးသူ, အမွေခံဆိုးဆိုသည့် ရန်သူမျိုးငါးပါး ဖျက်ဆီးက ပျက်စီးသွားနိုင်သောကြောင့် အနှစ်သာရမှုမဟုတ်ကြချေ၊ ထိုပစ္စည်း ဥစ္စာဘို့ကို အနှစ်သာရဖြစ်အောင် လုပ်နည်းမှာ ထိုပစ္စည်းဥစ္စာတို့ကို ပေးကမ်းလှူဒါန်းခြင်းပင်ဖြစ်သည်။ ထိုပေးကမ်းလှူဒါန်းခြင်း ဒါနကုသိုလ်သည်သာ ဥစ္စာစီးပွားတို့၏ အနှစ် ဖြစ်သည်။

(၂) ယခုရရှိထားသော ခန္ဓာကိုယ်ကြီးသည်လည်း ကိုးဆယ့် ခြောက်ဖြာသော ဘေးရောဂါတို့ အမြဲတစေ ဆက်ဆံဝန်းရံနေသော ကြောင့် အနှစ်ရှိသော ခန္ဓာကိုယ်မဟုတ်၊ ထိုအနှစ်မဟုတ်သော ခန္ဓာကိုယ်ကို အနှစ်ဖြစ်အောင် လုပ်နည်းမှာ ထိုခန္ဓာကိုယ်ဖြင့် ရင်းနှီး၍ စောင့်ထိန်းကျင့်ကြံရသည့် သီလကုသိုလ်ပင်ဖြစ်သည်။ ထိုစာရိတ္တ ဝါရိတ္တသီလကုသိုလ်သည်သာ ခန္ဓာကိုယ်၏အနှစ် ဖြစ်ပေသည်။

(၃) ယခုရနေသည့် အသက်သည် မမြဲခြင်း အနိစ္စတရား မပြတ် နှိပ်စက်နေသောကြောင့် အခိုင်အမာ အနှစ်သာရ မဟုတ်ချေ။ အနှစ် မဟုတ်သော အသက်ကို အနှစ်ဖြစ်အောင် လုပ်နည်းမှာ ထိုအသက် ခေါ်သည့် ရုပ်တရား နာမ်တရားတို့ကို အနိစ္စ (မမြဲ) စသည်တို့ဖြင့် အဖန်ဖန် အထပ်ထပ် ရှုမြင်ပွားများခြင်းပင် ဖြစ်သည်။ ထိုရှုမြင်

ပွားများမှု ဝိပဿနာ ဘာဝနာ ကုသိုလ်သည်သာ အသက်၏ အနှစ်သာရဖြစ်သည်။

(၄) သစ်ပင်ကြီးကိုကြည့်လျှင် အခွံ, အနှံ့, အခေါက်, အကာ, အနှစ်ဟု အစဉ်အတိုင်း တွေ့ရသကဲ့သို့ သာသနာ့သစ်ပင်ကို ကြည့်လျှင်လည်း သီလ, သမာဓိ, ပညာ, လောကုတ္တရာတရားကိုးပါးတို့ကို တွေ့ရသည်။ ထို့ကြောင့် လောကုတ္တရာတရား ကိုးပါးသည် မြတ်စွာဘုရား သာသနာတော်၏ အနှစ်ဖြစ်သည် စသည်ဖြင့် ဟောတော်မူထားသည်ကို အနှစ်လေးပါး သာရတရားတော်တွင် လေ့လာမှတ်သားရမည် ဖြစ်ပါသည်။

**နိဓိကဏ္ဍသုတ်။** ။ဤသုတ်ကား ဗုဒ္ဓရှင်တော်မြတ်ဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်သား သူဌေးတစ်ဦး၏ ဆွမ်းအလှူပွဲ၌ ဟောကြားတော်မူခဲ့သော သုတ်ဖြစ်သည်။ ယင်းသုတ္တန်သည် ခုဒ္ဒကပါဌ်ပါဠိတော်၌ လာရှိသည်၊ ဂါထာပေါင်း (၁၆) ဂါထာမျှသာ ရှိပေသည်။

နိဓိကဏ္ဍသုတ်ကား ဤလောက် နာကြားရသူများအဖို့ အကျိုးသက်ရောက်မှု ရှိလှသည့် အနှစ်သာရ အပြည့်အဝရှိသည်။ကြောင်းကျိုးစုံလင်သည်၊ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံလုံးကို အတိုချုံးထားသည့် သုတ်ဖြစ်သည်၊ ဗုဒ္ဓရှင်တော်ဘုရား ၄၅-ဝါပတ်လုံး ဟောကြားခဲ့သည့် တရားတော်များကို တထိုင်တည်းဖြင့် သိမြင်နားလည်သွားနိုင်သည်။

ဤသုတ္တန်၌ ဒါန, သီလ, သမာဓိ, ပညာ ကုသိုလ် ၄-မျိုးလုံးကို အစုံအလင် ဖော်ထုတ် ဟောကြားတော်မူထားသည်။ ထို့ကြောင့် မင်းကွန်း အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘုရားသည်

ကန်တော့ပြီးနောက် ဆုပေးရာ၌ ဖြစ်စေ၊ အလှူဒါန ခေစက်ချရာ၌ ဖြစ်စေ "ဒါန, သီလ, သမာဓိ, ပညာ နိမိကဏ္ဍသုတ္တန်လာ တရားတို့ကို ကျင့်ကြံ အားထုတ်နိုင်ကြသည်ဖြစ်၍" ဟု နိမိကဏ္ဍသုတ်ကို အမြဲ ရည်ညွှန်းတော် မူလေ့ရှိခြင်းဖြစ်သည်။

နိဓိကဏ္ဍဆိုသည်မှာ ဥစ္စာလေးမျိုးကို ပိုင်းခြား ညွှန်ကြားသည့် သုတ်ဟု ဆိုလိုသည်။ (နိဓိ=ဥစ္စာလေးမျိုးကို+ကဏ္ဍ=ပိုင်းခြား ဟောကြားသောသုတ်)။ ဤသုတ်၌ ထာဝရဥစ္စာ, ဇင်္ဂမဥစ္စာ, အင်္ဂသမဥစ္စာ, အနုဂါမိကဥစ္စာဟူသော ဥစ္စာလေးမျိုးတို့တွင် အနုဂါမိက ဥစ္စာအကြောင်းကို ဟောတော်မူ လိုရင်းဖြစ်သည်။ အနုဂါမိကဥစ္စာ ဆိုသည်မှာ ဒါန, သီလ, သမာဓိ, ပညာ ကုသိုလ်လေးဖြာပင် ဖြစ်သည်။ ထိုအနုဂါမိကဥစ္စာကို ကျန်ဥစ္စာသုံးမျိုးနှင့် နှိုင်းယှဉ်၍ ဟောထား ပေသည်။

**အနုဂါမိကဥစ္စာသည်**–

(၁) ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်၊

(၂) သံသရာတလျှောက် နိဗ္ဗာန်ချောက်အောင် မိမိနောက်သို့ လိုက်ပါနိုင်သည်၊

(၃) သံသရာမှာ အထုပ်အထည်ပြု၍ ယူဆောင်သွား နိုင်သည်၊

(၄) သူတပါးတို့နှင့် မဆက်ဆံသည့် ကိုယ်ပိုင်ဥစ္စာအမှန် ဖြစ်သည်။

(၅) သူခိုး ဒမြတို့ မခိုးနိုင်မဘိုက်နိုင်သော ဥစ္စာဖြစ်**သည်**–

ဟု အနုဂါမိကဥစ္စာ၏ ဂုဏ်ငါးဖြာကိုလည်းကောင်း၊ အနုဂါမိကဥစ္စာ မြုပ်နှံရာ (၇) ဌာနတို့ကိုလည်းကောင်း၊ အနုဂါမိကဥစ္စာကြောင့် ဖြစ်

ပေါ်လာသည့် လောကီကျိုး လောကုတ္တရာကျိုးတို့ကို လည်းကောင်း တိုဘိုနှင့်လိုရင်း ရောက်အောင် ဟောတော်မူထားရာ စုံစုံလင်လင် လေ့လာဖတ်ရှုရပေမည်။

ဤနိမိတ်ကမ္ဘာသုတ်၌ ကုသိုလ်ကံကုန်သည့်အခါ ပစ္စည်းဥစ္စာရတနာ များ ပျောက်ခြင်းမလှ ပျောက်ဘတ်ပုံကို ကံကုန်၍ ရွှေ ငွေများ မီးသွေးဖြစ်သွားရသည့် ကိသာဂေါတမီ ဝတ္ထုဖြင့် လည်းကောင်း၊ ကုသိုလ်ကံတို့ သံသရာတခွဲလျောက် မိမိနောက်သို့လိုက်ပါပုံကို သမင်ဂီ လေးဖြာ မှတ်သားစရာ အဖြာဖြာဖြင့်လည်းကောင်း တန်ဆာဆင်၍ ဟောတော်မူထားရာ အလွန်စိတ်ဝင်စားစရာ ကောင်းလှပေသည်။

## ကျမ်းပြုဆရာတော်

မွေးရပ်ဌာနေ ဇာတိမြေ။ ။ဤသို့ ကျမ်းစာအုပ်ကို စာဖတ်ပရိသတ် များနှင့် မိတ်ဆက် ပေးပြီးနောက် ကျမ်းပြုဆရာတော်ဘုရားကြီးနှင့် မိတ်ဆက်ပေးပါဦးမည်။ ဤကျမ်းပြု ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းကား ပြည်တွင်းမဆံ့ ပြည်ပသို့ပင် နှံ့သိကျော်စောလျက်ရှိကြောင်း စာရှုသူများ သိပြီးဖြစ်ကြပါသည်။ မင်းကွန်း တိပိဋကခရ ဆရာတော်ဘုရားဆိုလျှင် မြန်မာနိုင်ငံတွင် ဘာသာမရွေး ကလေးသူငယ်များကအစ သိကြသည်။

ဆရာတော်ဘုရားကြီးကား “ဓညပုညလက္ခဏာသမ္ပန္န” စာဆိုနှင့် အညီ ဘုန်းနှင့်ပညာ ထပ်ကြပ်ပါလာသည့် ဘုန်းရှင် ကံရှင် ပါရမီရှင် ပုဂ္ဂိုလ်ထူးကြီးဖြစ်ရကား ဆရာတော်ဘုရားကြီး၏ သီလဂုဏ် သမာဓိ ဂုဏ် ပညာဂုဏ်တို့ကို ဤနိဒါန်းဝယ် စုံလင်အောင် ဖော်ပြနိုင်ခွင့်မရပါ။ ထို့ကြောင့် ကျမ်းပြုဆရာတော်ဘုရားကြီး အကြောင်းကို စာရှုသူများ ကြည်ညိုသဒ္ဓါပွားနိုင်ရုံလောက်မျှသာ တင်ပြပါမည်။

**မှင်းကွန်း၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက** ဆရာတော်လောင်းလျာကို မြန်မာသက္ကရာဇ် ၁၂၇၃-ခု၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်၊ ဗုဒ္ဓဟူး နေ့ ညနေ ၃-နာရီ၊ ၁၅-မိနစ်အချိန်တွင် မြင်းခြံမြို့၊ ကျည်းပင်ရွာ၌ ဖွားမြင်ခဲ့ပါသည်။ မိဘနှစ်ပါးမှာ ရွာသူကြီး ဦးဆုံနှင့် သူကြီးကတော် ဒေါ်ဆင်တို့ ဖြစ်သည်။ သားသမီးသုံးယောက်တွင် သားအလတ်ဖြစ်၍ လူအများ၏ ချစ်ခင်ယုယမှုကို ခံရသောကြောင့် အနွတ္ထသညာ "မောင်ခင်" ဟု နာမည်မှည့်ခေါ်ခဲ့ပါသည်။

**သာသနာ့ဘောင်လှမ်း ရှင်ရဟန်း။** ။ဆရာတော်လောင်းလျာ ၄-နှစ် သား ရောက် ချိန် တွင် ဖခင်ကြီးကွယ်လွန်သွား၍ ၆-နှစ်သားအရွယ်၌ ကျည်းပင်ကျောင်း ဆရာတော် အရှင်သာသန မဟာထေရ်ထံတွင် မြန်မာစာအရေးအဖတ်ကို စတင်သင်ကြားရသည်။ ၁၀-နှစ်သားရောက်လာချိန်တွင် ကျေးဇူး ကြီးရှင် မွေးမိခင်ဒေါ်ဆင်ကပင် ရှင့်အမပြု၍ မြင်းခြံမြို့ မင်းကျောင်း တိုက်ဆရာတော် ဦးသောဘိတကို ဥပဇ္ဈာယ်ပြုကာ ရှင်သာမဏေ ဘဝသို့ ရောက်ခဲ့သည်။ သာမဏေငယ်၏ ဉာဏ်အမြင်ဆန်းကြယ်မှုကို အစွဲပြု၍ "ရှင်ဝိစိတ္တသာရ" ဟု ဘွဲ့ပေးခဲ့ပါသည်။

ဥပဇ္ဈာယ်ဆရာတော် ပျံလွန်တော်မူပြီးနောက် သက်တော် ၁၉-နှစ် အရောက်တွင် မန္တလေးမြို့ အနောက်ဘက် မင်းကွန်းတောင်ရိုးရှိ ဓမ္မ-နာဒတိုက်ဆရာတော် အရှင်ပညာစက္ကမထေရ်ထံ ပညာဆက်လက်သင် ကြားရန် ရောက်လာခဲ့ပါသည်။ ၁၂၉၂-ခု၊ နယုန်တန်ခူးလဆန်း ၆-ရက်နေ့တွင် မင်းကွန်း ငွေတောင်တောရကျောင်းတိုက် ခဏ္ဍသိမ် ၌ ဓမ္မနာဒဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ အရှင်ဝိစိတ္တသာရ၏ ရဟန်း ဒါယကာများမှာ မင်းကွန်းတောင်ရိုး ရန်ကုန်သိမ်ကြီးချောင် သီလရှင်

ဆရာကြီး ဒေါ်ခမ္မစာရီနှင့် ရန်ကုန်မြို့ သဌေးကြီးဆာဦးသွင်၊ သဌေးကတော် ဒေါ်ဒေါ်သိန်းတို့ ဖြစ်ကြပါသည်။

**ရှေးကံပါရမီ ထွန်းတောက်ပြီ။** ။"အကျိုးမြင်က၊ အကြောင်းထင်" ဆိုသကဲ့သို့ လက်ရှိ ပစ္စုပ္ပန်ဘဝ၌ အကျိုးတရားများ ဖြစ်ပွားပေါ်ထွန်းနေပုံကို လေ့လာထောက်ရှုပြီး လွန်လေပြီးသော အတိတ်ကာလ အခါသမယက ထူထောင်ခဲ့သည့်အကြောင်းတရားများကို သိမြင်ကြရသည်မှာ သဘာဝပင် ဖြစ်ပါသည်။ ဆရာတော်ဘုရားသည် ပရိယတ္တိပညာရေး စာမေးပွဲနယ်တွင် ဝင်တိုင်းမလွဲ ထင်ထိုးစွဲ၍ အောင်ပွဲဆင်နွှဲ ဆက်ကာဆက်ကာ ရရှိတော်မူခြင်း အသီးအပွင့်များကား ရှေးရှေးဘဝက ဆည်းပူးထူထောင်ခဲ့သည့် ပညာပါရမီ အလီလီသော ကုသိုလ်ကံ မျိုးစေ့ကောင်းကြောင့် ဖြစ်သည်၊ "မျိုးစေ့မှန်မှ အပင်သန်" ဆိုသကဲ့သို့ ဆရာတော်ဘုရား၌ ရှေးအတိတ်က ပညာပါရမီမျိုးစေ့များ အမှန်ရှိခဲ့သောကြောင့်သာ ပရိယတ္တိအရာတွင် ပညာတံခွန် မထေရ်ချွန် ဖြစ်တော်မူလာခြင်း ဖြစ်သည်။

မှန်ပါသည်။ ဆရာတော်သည် မြင်ခြံမြို့နယ်လုံးဆိုင်ရာ ဝိနည်းစာပြန်ပွဲကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ပထမငယ်, ပထမလတ်, ပထမကြီး, ပထမကျော်နှင့် ဂုဏ်ထူးဆောင် ဓမ္မာစရိယတန်းတို့ကိုလည်းကောင်း၊ အိမ်တော်ရာအမျိုးသား ပထမကြီးတန်းကို လည်းကောင်း၊ မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ (သကျသီဟ) အသင်းကြီး၏ သီခြားစာသင်တန်းနှင့် သီခြားစာချတန်းတို့ကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရက ကျင်းပပြုလုပ်သည့် တိပိဋကဓရစာမေးပွဲကြီးကိုလည်းကောင်း တဆင့်ပြီးတဆင့်အောင်မြင်ခဲ့ပေသည်။

ဆရာတော်ဘုရား၏ ပညာပါရမီ ရှေးကံအလီလီတို့ကြောင့် ပညာအရာ ထူးချွန်ပုံကို ဖော်ပြရလျှင် ဆရာတော်ဘုရားသည် ပြန်ဆိုဖြေဆိုခဲ့သမျှ စာပြန်ပွဲ စာမေးပွဲအားလုံးတို့၌ တကြိမ်တခါမျှ အကျအရှုံးမရှိဖူးပဲ နှစ်ချင်းစွဲချည်းသာ အောင်ပန်းဆင်ခဲ့ပါသည်။

မန္တလေးမြို့၊ သကျသီဟစာမေးပွဲကား ပရိယတ္တိပညာရေးနယ်တွင် အလွန်ခက်သည်ဟုကျော်ကြားသော စာမေးပွဲကြီးဖြစ်သည်။ အထူးသဖြင့် စာသင်တန်းကို နှစ်ချင်းအောင်မြင်ရန် အလွန်ခဲယဉ်းလှသည်။ အောင်ချက်ရာနှုန်း (၄) ရာနှုန်းမျှသာရှိ၍ ကမ္ဘာတွင် အောင်ချက်အနည်းဆုံး စာမေးပွဲဖြစ်သည်။ ထို့ကြောင့် ရဟန်းတော်တိုင်းလိုလို ဝင်ရောက်ဖြေဆိုရန် စိတ်မကူးရဲကြပေ။စာသင်တန်းကို နှစ်ချင်းအောင်ဖို့ရန်ထက် စာသင်တန်းကိုအောင်ပြီး စာချတန်းကို နှစ်မခြားပဲ ဆက်တိုက်အောင်ဖို့ရန်ကား သာ၍ပင်ခက်လှပါသည်။ ထို့ကြောင့် ၁၂၈၆-ခုနှစ်မတိုင်မီက ဤကဲ့သို့အောင်မြင်သည့် ပုဂ္ဂိုလ်ထူးများမပေါ်ခဲ့ဖူးခြင်းဖြစ်ပါသည်။ သို့သော် အရှင်ဝိစိတ္တသာရ ဆရာတော်သည် ၁၂၈၅-ခုနှစ်တွင် စာသင်တန်းကို နှစ်ချင်းပေါက်အောင်ပြီး ၁၂၈၆-ခုနှစ်တွင် စာချတန်းကိုမအောင်စဖူး အအောင်ထူးဖြင့် ဆက်တိုက်အောင်မြင်ခဲ့ပါသည်။ ထို့ကြောင့် ပရိယတ္တိသာသနဟိတ(သကျသီဟ) အသင်းကြီးက ရိုးရိုးစာချတန်းအောင် ပုဂ္ဂိုလ်များအား လှူဒါန်းနေကျ ဘွဲ့တံဆိပ်လက်မှတ်တွင် "ဝဋံသကာ" "ဦးဆောက်ပန်း" ဟူသော ဘွဲ့ကို တီထွင်ထပ်ဆင့်ထည့်သွင်း၍ "ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတဓမ္မာစရိယ "ဝဋံသကာ" ဟူသောဘွဲ့တံဆိပ်ထူးကို ဆက်ကပ်လှူဒါန်းသည်။ ရန်ကုန်မြို့ ပါဠိဆရာ မြန်မာပညာရှိအသင်းကြီးကလည်း "အဋ္ဌကထာပြန်အကျော်" ဘွဲ့တံဆိပ်တော်ကို လှူဒါန်း ဆက်ကပ်ပါသည်။

ထို့ပြင် တိပိဋကစာမေးပွဲကြီး၌ အာဂုံပြန်ပွဲ, သဘောရေးဖြေပွဲ နှစ်ခုလုံးကိုလည်း ဂုဏ်ထူး နှစ်ဆင့်စီဖြင့် ပထမဆုံး အောင်မြင်သည်။ ရက်ပေါင်း (၃၃)ရက်တိုင်တိုင် ကျင်းပရသည့် တိပိဋကစာမေးပွဲကြီးကား ကမ္ဘာတွင် အဆင့်အတန်းအမြင့်ဆုံးနှင့် အခက်ဆုံး စာမေးပွဲကြီး ဖြစ်သည်။ ထိုစာမေးပွဲကြီး၌ အာဂုံပြန်ဆိုရသည့် အပိုင်းနှင့် သဘောရေးဖြေရသည့်အပိုင်း ဟူ၍ အပိုင်းကြီးနှစ်ပိုင်းရှိသည်။

အာဂုံပြန်သည့်အပိုင်း၌ တနေ့တွင် အလွန်ဆုံး ငါးကြိမ်သာ ထောက်ခွင့်ရှိသည်။ ငါးကြိမ်ထက် ပိုထောက်ရလျှင်ဖြစ်စေ၊ ဝါကျတဝါကျကို ကျော်သွားလျှင်ဖြစ်စေ ကျရှုံးတော့၏။ ပြန်ဆိုသည့် ပိဋကတ်တော် ကုန်သည်အထိ တလုံးမျှမထောက်ရပဲ ထူးထူးကဲကဲ သန့်သန့်ရှင်းရှင်း ပီပီသသ ကြည်ညိုဖွယ်ရာ ပြန်ဆိုနိုင်လျှင် ဂုဏ်ထူးနှင့် အောင်သည်ဟု သတ်မှတ်၍ "ဝိသိဋ္ဌ"ဘွဲ့ကို ပေးသည်။ သဘောရေးဖြေပွဲ၌ (၇၅)မှတ်ရလျှင် ရိုးရိုးအောင်၍ (၈၅)မှတ် အထက်ကိုရလျှင် "မဟာ"ဟူသော ဂုဏ်ထူးဘွဲ့ကို ပေးသည်။

## ဝိသိဋ္ဌဂုဏ်ထူး မဟာဂုဏ်ထူးနှင့် ဓမ္မဘဏ္ဍာဂါရိက

ဆရာတော်ဘုရားသည် အာဂုံပြန်ပွဲကြီး၌ သင်ရိုးပိဋကတ်သုံးပုံ စာအုပ်ကြီး အုပ်ရေ (၂၀) စာမျက်နှာပေါင်း (၇၉၈၃) မျက်နှာကို အာဂုံပြန်ဆိုတော်မူရာတွင် အထောက်အမ အကျော်အလွှား အမှားလုံးဝ ကင်းလွတ်သည့်ပြင် ရှင်းလင်းပီသ ပြတ်သားလှ၍ အလွန်သာယာနာပျော်ဖွယ်ရာ ထူးခြားစွာ ပြန်ဆိုတော်မူနိုင်သည်။ ပြန်ဆိုတော်မူသည့်နေ့ရာတွင် အထောက်လွတ်ရုံမက ရိုက်နှိပ်သည့် စာပုံနှိပ်တိုက်ချင်း မတူသဖြင့် တမူကွဲပြား ခြားနားနေသည့် အချို့ပါဠိတော်

များကိုပင် စာထောက်သည့်ပုဂ္ဂိုလ်တို့ ပြန်ဆိုစေလိုသည့်မှုဖြင့် ပြန်ဆို နိုင်ခဲ့သည်။

ဒီဃနိကာယ ပါထိကဝဂ္ဂပါဠိတော် ပြန်ဆိုတော်မူနေစဉ်—

(၁) စာမျက်နှာ-၆၊ ကြောင်းရေ ၃-၌ (ဇာနာသိ အာဝုသော အစေဠ ကောရခတ္တိယ) ဟု စာများ၌ ရှိကြ၏။ တိုက်ရိုက် ပြောပြပုံကိုဟောသောအရာဖြစ်သောကြောင့်လည်းကောင်း၊ တကယ်တိုက်ရိုက်ပြောသော အခါကိုပြသည့် စာမျက်နှာ-၆၊ ကြောင်းရေ ၂၉-၌ (ဇာနာသိ အာဝုသော ကောရခတ္တိယ) ဟုသာ ရှိသောကြောင့်လည်းကောင်း (အစေဠ) သဒ္ဒါ ပိုနေ ပါသည်။

(၂) စာမျက်နှာ-၁၆၊ ကြောင်းရေ ၄-၌ (ပရာဘူတရူပေါ ဘော အယံ အစေဠော ပါထိကပုတ္တော) ဟု ရှိ၏။ ပါထိကပုတ္တ၏ မျက်ကွယ်မှာ ပြောသောအရာ ဖြစ်သော ကြောင့် (အယံ) ပုဒ် ပိုနေပါသည်။ ထို့ကြောင့်ပင်လျှင် နောက်လိစ္ဆဝီ မဟာမတ္တဝါရ၊ ဇာလိယဝါရတို့၌ (အယံ) သဒ္ဒါ မပါမရှိပါ။ ၎င်းတို့ကို ထောက်၍လည်း မပါသင့်ပါ။

စသည်ဖြင့် ပြန်ဆိုတော်မူနေစဉ်ပင် ပါဠိတော်ကို အမှားအမှန် သုတ်သင်ရှင်းလင်းတော်မူနိုင်ပေသည်—

ယင်းသို့ ပိဋကတ်သုံးပုံကို ကျွမ်းကျွမ်းကျင်ကျင် လိမ္မာနိုင်နင်းစွာ ပြန်ဆိုနိုင်ပုံကို အချို့ဆရာတော်ကြီးများမှာ အကြားမျှဖြင့် မယုံကြည် နိုင်ကြသဖြင့် မျက်မြင်ကိုယ်တွေ့ လာရောက် လေ့လာ အကဲခတ်ကြ သည်။ ထိုဆရာတော်ကြီးများက—

[ ဂေါ ] အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ

"အင်း .. ခိုင်းချင်တာခိုင်း၊ ရပ်ချင်တဲ့နေရာမှာရပ်၊ ထား
ချင်တဲ့နေရာမှာထားလို့ဖြစ်တဲ့ ပစ်တိုင်းထောင်၊မ တစ်ထောင်
တစ်ကောင်ဖွား ယောကျ်ားအာဇာနည်ပါပေ"—

ဟု ချီးကျူးတော် မူကြရပေသည်။

သဘောရေးဖြေစာမေးပွဲကြီး၌လည်း ပိဋကသုံးပုံလုံးကို အောင်မှတ် ရာနှုန်း (၉၅)မှက်ကျော်ချည်းဖြင့် အောင်ပန်း ဆင်ခဲ့ပါသည်။ ထို့ကြောင့် ဆရာတော်ဘုရားသည် တိပိဋကဓရ စာမေးပွဲကြီးကို အောင်မြင်တော်မူရာတွင် ပိဋကတ်သုံးပုံလုံးကို ပိဋကတ်တိုင်း ပိဋကတ်တိုင်း၌ ဝိသိဋ္ဌဂုဏ်ထူး မဟာဂုဏ်ထူးအားဖြင့် ဂုဏ်ထူးနှစ်ဆင့်စီ နှစ်ဆင့်စီ ရခဲ့ပေသည်။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရက ပထမသံဂါယနာတင်ပွဲကြီးတွင် အရှင်မဟာကဿပမထေရ်ကြီး မေးသမျှကို ဓမ္မဘဏ္ဍာဂါရိက (တရားဘဏ္ဍာစိုး) အရှင်အာနန္ဒာမထေရ် ဖြေဆိုသကဲ့သို့ မကြာမီ ကျင်းပပြုလုပ်တော့မည့် ဆဋ္ဌသံဂါယနာတင်ပွဲသဘင်ကြီးဝယ်ပိဋကတ်သုံးပုံကို အာဂုံဖြေဆိုနိုင်မည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ချွန် ပုဂ္ဂိုလ်ထူးကို ငါတို့ရကြပေပြီဟု ကြည်နူးအားရ ဝမ်းမြောက်လှ၍ ဆရာတော်အား "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့ကို ဆက်ကပ်လှူဒါန်းပါသည်။

ဤကဲ့သို့ ဆရာတော်ဘုရားသည် ပရိယတ္တိပညာရေး စာမေးပွဲလောကတွင် ဝင်သမျှစာမေးပွဲများကို အကျမရှိပဲ နှစ်ချင်းစွဲချည်း အောင်မြင်ခဲ့ခြင်း၊ သကျသီဟစာမေးပွဲကြီး၌ အမြင့်ဆုံး "ဝဋံသကာ" ဘွဲ့ထူးကို ပထမဆုံး ရရှိတော်မူခြင်း၊ တိပိဋကဓရ စာမေးပွဲကြီးကို ပိဋကတ်တိုင်း၌ ဝိသိဋ္ဌဂုဏ်ထူး မဟာဂုဏ်ထူး နှစ်ခုစီဖြင့် ပထမဆုံး အောင်မြင်တော်မူခြင်းတို့ကား မည်သူမျှ မတုနိုင် မပြိုင်နိုင်သည့် အံ့ဩဖွယ်ရာ အလွန်ထူးချွန်သော အောင်မြင်မှုများ ဖြစ်ပါသည်။

ထိုအောင်မြင်မှုများကြောင့် ရရှိခဲ့သည့် ကြည်ညိုဖွယ်ရာ ဘွဲ့ထူးဂုဏ်ထူးများမှာ—

၁။ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝံသကာ၊

၂။ အဋ္ဌကထာပြန်အဒေကျော်၊

၃။ အစိုးရပထမကျော်၊

၄။ သာသနဇောတိကဓဇ ဓမ္မာစရိယ၊

၅။ (ဝိသိဋ္ဌ) ဝိနယဓရ (မဟာ) ဝိနယကောဝိဒ၊

၆။ (ဝိသိဋ္ဌ) အာဘိဓမ္မိက (မဟာ) အဘိဓမ္မကောဝိဒ၊

၇။ (ဝိသိဋ္ဌ) ဒီဃဘာဏက (မဟာ) ဒီဃနိကာယကောဝိဒ၊

၈။ ဗုဒ္ဓသာသန (ဝိသိဋ္ဌ) တိပိဋကဓရ (မဟာ) တိပိဋကကောဝိဒ၊

၉။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊

၁၀။ ဆဋ္ဌသင်္ဂီတိ ဝိသဇ္ဇက၊

၁၁။ အဂ္ဂမဟာပဏ္ဍိတ—

စသည်တို့ ဖြစ်ပါသည်။

**ဝီရိယခေတ် ကြီးမြတ်လှ။** ။ဆရာတော်ဘုရားသည် ဤကဲ့သို့ ပရိယတ္တိပညာရေးနယ်၌ သူမတူအောင် ထူးထူးချွန်ချွန် ပုဂ္ဂိုလ်မွန် ဖြစ်လာရခြင်းမှာ ရှေးပညာပါရမီ ကုသိုလ်ကံ အလိုလိုကြောင့်ချည်း မဟုတ်ပါ၊ "ကံဟူမူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြ

သည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုံးခုပွားရန်၊ ဤလူ့ထံ၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည့်” ဟူသော မာန်လည်ဆရာတော်ဘုရားကြီး၏ အဆိုအမိန့်အတိုင်း ဆရာတော်ဘုရား ဆုံးဖြတ်မိသည်နှင့် တပြိုင်နက် မတွန့်မယုတ်၊ နောက်မဆုတ်တတ်သည့် ပယောဂသမ္ပတ္တိခေါ် ဉာဏ်ဦးဆောင်သော ဝီရိယခေတ်သည်လည်း အကြောင်းတခု ဖြစ်ပါသည်။

မှန်ပါသည်၊ ကြိုးစားအားထုတ်ရာ၌ တွန့်ဆုတ်မှုမရှိသော ဝီရိယကို သမ္မပ္ပဓာန်ဟု ဆိုပါသည်။ အာတာပဝီရိယဟူ၍လည်း ခေါ်သည်။ အားထုတ်ရာတွင် လွန်စွာ အပူအပန် အပင်အပန်းခံနိုင်သော ဝီရိယမျိုးတည်း။ ထိုသမ္မပ္ပဓာန်ဝီရိယ၌–

(၁) အရေကြွင်းပါစေ၊

(၂) အကြောကြွင်းပါစေ၊

(၃) အရိုးကြွင်းပါစေ၊

(၄) အသားအသွေး ကုန်ခန်း ခြောက်သွားပါစေ–

ဟု အင်္ဂါလေးပါး ရှိသည်။ ဝီရိယကို အားထုတ်နိုင်လျှင် ရထိုက်သော တရားမျိုးသာ ဖြစ်ပါစေ၊ မရသမျှ ငါမနေ၊ မပေါက်သမျှ ငါမနေ၊ မရောက်သမျှ ငါမနေ၊ ကြိုးစားအားထုတ်မှု ဝီရိယကိုတော့ ငါမလျှော့ပြီဟု အရိုးကြေကြေ အရေခန်းခန်း နောက်မဆုတ်တမ်း ကြိုးပမ်းသော ဝီရိယမျိုးပင် ဖြစ်သည်။

ဆရာတော်ဘုရား၏ ဥပဓိရုပ်သွင်ကို ဆင်ခြင်အကဲခတ်ကြည့်ရှုမျှဖြင့်ပင် ထိုသမ္မပ္ပဓာန်ဝီရိယ၏ ဂုဏ်အင်္ဂါလက္ခဏာတို့သည် ဆရာတော်ဘုရားချပ်သွင်တွင် ပေါ်လွင်ထင်ရှားလျက် ရှိပေသည်။ ဆရာတော်

ဘုရား၏ အရှိုးကြေကြေ အရေခန်းခန်းနောက်မဆုတ်တမ်း ကြိုးပမ်းသည့် သမ္ပပ္ပဓာန်ဝီရိယဓာတ်က ပံ့ပိုးပေးသည့်အတွက်ကြောင့် ရှေးပညာပါရမီကုသိုလ်ကံများ ဤကဲ့သို့ ပညာအရာ မယှဉ်သာအောင် အကျိုးပေးနိုင်ခြင်း ဖြစ်ပေသည်။

တိပိဋကစာမေးပွဲကြီး တစ်ကြိမ် နှစ်ကြိမ်ကျင်းပပြီးသည့်အခါ ဆရာတော်ဘုရားကြီးများက "ဒီစာမေးပွဲကြီး ရပ်ဆိုင်းထားရမှာပါ၊ ဒီပိဋကတ်သုံးပုံကိုအကုန်အာဂုံပြန်ပြဖို့ဆိုတာက လွယ်ကူတဲ့ကိစ္စမဟုတ်ပဲ၊ ဘုရားရဟန္တာများသာ ပိဋကတ်သုံးပုံကို နှုတ်ငုံဆောင်နိုင်ကြတာ၊ အခု ပုထုဇဉ်တွေ ဘယ်နည်းနဲ့မှ မဆောင်နိုင်ကြပါဘူး" ဟု ညည်းညူတော်မူနေကြသည့်အချိန် တိပိဋကရေ ရွေးချယ်ရေးအဖွဲ့ကြီးကလည်း စာမေးပွဲကြီး ဆက်လက်ကျင်းပရေးအတွက် စိတ်မအေး ဖြစ်နေကြသည့် အချိန်တို့၌ ဆရာတော်ဘုရားက စာမေးပွဲကြီး ဆက်လက်တည်တံ့နိုင်ရေးနှင့် ဆင္ဂာယနာကို ထူးထူးခြားခြား ငင်နိုင်ရေးတို့အတွက် စွန့်စွန့်စားစား ဂုဏ်ထူးဆောင် တိပိဋကဓရ ပုဂ္ဂိုလ်ချွန်အဖြစ် မားမားမတ်မတ် ရပ်ပြလိုက်ခြင်းကား ဆရာတော်ဘုရား၏ သမ္ပပ္ပဓာန် လုံ့လဝီရိယနှင့် ပတ်သက်၍ ထင်ရှားသော သာဓကတရပ်ပင် ဖြစ်ပါသည်။

ဆရာတော်၏ ဝီရိယ ဓာတ်ကား ပညာသင်ယူခဲ့ရာ ငယ်စဉ်ကာလ၌သာ ကြီးမားသည်မဟုတ်၊ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရာ၌လည်း လုံ့လဝီရိယ အလူးကြီးမားတော်မူပါသည်။ ဗုဒ္ဓပြတ်စွာ သာသနာ ပြန့်ပွားရေးအတွက် ရဟန်း(ဂ)ပါရကပင် မြန်မာပြည်အရပ်ရပ်သို့ ဒေသစာရီ လှည့်လည်တော်မူ၍ မြတ်ဗုဒ္ဓ၏ မမ္မစည်ကြီးကို ဆော်တီးရိုက်ခတ် အဆက်မပြတ် ဟောတော်မူလျက်ရှိရာ

ဆဋ္ဌသံဂါယနာတင်ပြီးချိန်မှစ၍ ၁၃၄၀-ပြည့်နှစ်အထိ အကြိမ်ပေါင်း (၇၂၀)ခန့် အထိ ရှိသွားပြီဟု သိရပါသည်။

ဆရာတော်ဘုရား၏ ဝီရိယဓာတ် ကြီးမြတ်လှပုံကို စုံလင်အောင် တင်ပြရန် ဤနိဒါန်း၌ နေရာမရပါ။ ထို့ကြောင့် ဆရာတော်ဘုရားက တိပိဋကနိကာယ သာသနာပြုအဖွဲ့ အကျိုးတော်ဆောင် မန်းခေတ် ဦးလှရွှေသို့ ပေးတော်မူသည့် အောက်ပါစာကလေးကို ဖတ်ရှုပြီး သာသနာတော် ပြန့်ပွားရေးနှင့် ပတ်သတ်၍ ဆရာတော်ဘုရား၏ ဝီရိယဓာတ် ကြီးမြတ်ပုံကို သဒ္ဓါကြည်ညို ရွှန်းရွှန်းစို နိုင်ကြရန် ဖြစ်ပါသည်။

၁၃၃၇-ခု၊ တန်ဆောင်မုန်းလဆန်း ၇-ရက်။

(၇-၀-၃၇)

ကိုလှရွှေ –

ဘုန်းကြီး၏ အလုပ်များပုံကို တင်ပြလိုပါသည် –

(၁) ယနေ့ နံနက် ၁၀-နာရီခွဲ ဘုရားနီဘုရား သွား၍ သုပ်စားပြီး မွန်းလွဲ ရေစက်ချရပါမည်။

(၂) ရေစက်ချ တရားဟောပြီး ၂-နာရီခန့် အချိန်တွင် ဝက်လက်မြို့ စုပေါင်းဘုံကထိန်သို့ ညတရားဟောအမီ သွားရပါမည်။ (ရင်း၌ ညတရားဟောပြီး) –

(၃) ၈-ရက်နေ့ ရေစက်ချပြီး ရင်းည မြောင်မြို့ စုပေါင်းကထိန်၌ တရားဟောရပါမည်။

(၄) ၉-ရက်နေ့ မြောင်ကထိန် ရေစက်ချပြီး အပြန် စိန်ပန်းကထိန်၌ ညတရား ဟောရပါမည်။ (ည ၁၂-နာရီမှ ကျောင်းသို့ ပြန်ရောက်မည်။)

(၅) ၁၀-ရက်နေ့ နံနက် ကျောင်း၌ ရန်ကုန်အဖွဲ့၏ အလှူကို ရေစက်ချပေးပြီး(မွန်လှဲအမိ)စေ်ကိုင်း ရွှေဟသာ တိုက်သစ် ကထိန်၌ ရေစက်ချ တရား ဟောပြီး အပြန် ညဥ့်-ကျောင်း၌ ရန်ကုန်အလှူအတွက် တရားဟောရ ပါမည်။

(၆) ၁၁-ရက်နေ့ တနေ့လုံးကျောင်း၌ မွေးနေ့အလှူ နှင့် တောင်ရိုး ပရိယတ္တိ စာအောင်ဆုနှင်း သဘင်အတွက် တာဝန်ယူ၍ ည မဟာအောင်မြေကထိန်၌ တရားဟောရ ပါမည်။

(၇) ၁၂-ရက်နေ့ ဆေးရုံ ဒါယကာကြီးတို့ လာကြမည်။ ၎င်းနေ့၌ တနေ့လုံး ကျောင်း၌ ရွှေဒဂ်ါးရဟန်းခံ, ရှင်ပြု, ကထိန်ရေစက်ချ တရားဟောပြီးလျှင် ၎င်းည ထီးဝင်း ကထိန်၌ တရားဟောရပါမည်။

(၈) ၁၃-ရက်နေ့ နံနက်မှ မွန်လှဲ ဘနာဝရိခဲ့တိုင် ဆေးရုံ ဒါယကာကြီး ဦးဘရှင်းတို့၏ကထိန်အမှု ဆောင်ရွက်ပြီးလျှင် ၎င်းည မော်တော်ကားဖြင့် သွား၍ ကျောက်မြောင်းမြို့ ဓမ္မ-ပါလ ကျောင်းတော်ဟိုက်၌ တရား ဟောရပါမည်။

(၉) ၁၄-ရက်နေ့ (က) နံနက် ကျောက်မြောင်း၌ သိမ်သမုတ်၊ (ခ) မွန်းလွဲ ကထိန်ရေစက်ချပြီး (ဂ) ည ရွှေကျီးမြင့် ဘုရား၌ တရားဟောရပါမည်။

[ ဃီ ]   အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ

အထက်ပါ မအားလပ်သည့် ကိစ္စများကြောင့် ပဌာန်းပါဠိတော် စက်ရိုက်ရန် အချိန်မရအောင်ပင် ရှိနေပါ၍—

"မလုပ်မပြော၊ လုပ်မှပြော၊ သဘောစင်လှစေ"ဟူသော အတိုင်း ပဌာန်းပါဠိတော် စက်ရိုက်ပေးရန် ကိစ္စကို လက်မပြောက်ချင်ပဲလျက် ပြောက်လိုက်ရပါတော့သည်။ ဖြစ်သလိုသာ စက်ဖြင့် ရိုက်ကြပါလေတော့။ (လုပ်မည်ဟုတာဝန်ယူပြီး ပြီးအောင် မဆောင်ရွက်နိုင်လျှင် နှလုံးမသာဖွယ် ဖြစ်နိုင်ပါသည်။)

စံညွန့် (မန်းခေတ် စက်လုပ်သား)ကိုသာ အစီခိုင်း၍ မန်းခေတ်ကပဲ ရိုက်ပါတော့။ (စံညွန့်နှင့်လုပ်သားခကို ဘုန်းကြီးက လှူပါရစေ။)စက္ကူ ၄-ထုပ် ဘုန်းကြီးက လှူပါရစေ။ကောင်းမှုရှင်အမည်ကို "တိပိဋကဓရ ဆရာတော်ကို အမှူးပြု၍ မန်းခေတ်တို့ မိသားစု ဓမ္မဒါန"ဟု ရိုက်နှိပ်စေပါလေ။

၉-ရက်နေ့ညနှင့် ၁၀-ရက်နေ့ညနေတို့၌ ပရူကို ကြည့်ပေးပါမည်။

ဦးဝိစိတ္တသာရာဘိဝံသ

ဗိုလ်ဝါးဦး ကြီးမှူး ဦးစီးသည့် ဆရာဘော်။ ။သ တ္တိ အင် အား စွမ်းပကား ကောင်းသည့်တရားမျိုးကိုဗိုလ်ဟု ခေါ်ပါသည်။ဆန့်ကျင်ဘက် တရားများနှင့် တွေ့လျှင် မတုန်မလှုပ်ပဲ အားအင်ဖြင့် ဖိစီး တိုက်ထုတ်နိုင်သော တရားများ ဟုဆိုလိုသည်။ ထိုဗိုလ်အမည်ရသော တရားများမှာ– သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်တို့ ဖြစ်

သည်။ ထိုဗိုလ်အသီးသီး၌ သာယာမှု ပျင်းရိမှု စသော ဆိုင်ရာ ဆန့်ကျင်ဘက် ရန်သူတို့ကို တွန်းလှန်ဖြိုဖျက်နိုင်သော အင်အား အပြည့်အဝရှိပေသည်။

ဆရာတော်သည် ပထမဆုံး အာဒိကမ္မိက ဂုဏ်ထူးဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပုဂ္ဂိုလ်ဖြစ်လာရခြင်းမှာ ထိုသဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတရား ငါးအင်ကို ဗိုလ်တင်၍ သူ့နေရာနှင့်သူ ကြီးကြပ်ကွပ်ကဲနိုင်သောကြောင့် ဖြစ်ပါသည်။ ထင်ရှားစေဦးအံ့—

၁၃၁၀-ခုနှစ်၊ ပထမဆုံးအကြိမ် ကျင်းပသည့် တိပိဋကဓရ စာမေးပွဲကြီး ပြီးဆုံးသွားသည့်အခါ စာမေးပွဲအောင်မြင်သည့် သံဃာတော် တပါးမျှ ပေါ်မထွက်လာသည့်အတွက် ဆရာတော်၏ရဟန်းဒါယကာ ကြီး ဆာဦးသွင်မှာ အလွန် စိတ်ပျက် အားငယ်လျက် ရှိနေပါသည်။

စာမေးပွဲကြီးပြီးစ နေ့တနေ့တွင် ရဟန်းဒါယကာကြီးသည် ဆရာ တော်တည်းခိုနေသည့် အောင်မြေသုခကျောင်းသို့ ရောက်လာခဲ့ပါ သည်။ ဝတ်ဖြည့်ပြီး ထိုင်နေသည့် ရဟန်းဒါယကာကြီး၏ မျက်နှာ မှာ မရွှင်မလန်း ညှိုးနွမ်း စိတ်ပျက်နေပုံပေါ်လျက်ရှိသည်။ ဆရာ တော်သည် ရဟန်းဒါယကာကြီး၏ မျက်နှာကို မြင်ရသည့်အခါ—

> "ဘာပဲပြောပြော၊ ငါဟာ တိပိဋကဓရ အဖြစ်တော့ တက်မှ ဖြစ်မယ်၊ နိုင်ငံတော်သမ္မတကြီးနှင့်တကွ နိုင်ငံတော် အစိုးရအမှုးပြုသော ဗုဒ္ဓဘာသာ သူတော်စင်တို့၏ တိပိဋက-ဓရ ရှာပုံတော်လက်အုပ်ကို အေး ကြေးတင်နေတဲ့လက်အုပ် ကို ဆပ်မှ ဖြစ်တော့မယ်"—

ဟု နှလုံးပိုက်ပြီး တိပိဋကဓရ စာမေးပွဲဝင်ရန် ယတိပြတ်ဆုံးဖြတ် လိုက်ပါတော့သည်။ တချိန်တည်းမှာပင် ရဟန်းဒါယကာကြီးအား

"ကျုပ်ဘာပဲဖြစ်ဖြစ် တိပိဋကဓရ ဖြစ်အောင် ကြိုးစားပါ့မယ်"ဟု ကတိ ပေးလိုက်ပါတော့သည်။

ရဟန်းဒါယကာကြီး ပြန်သွားသည့်အခါ ဆရာတော်သည် တိပိဋကဓရ စာမေးပွဲကြီး ဝင်ရေးအတွက် မိမိ၏ကာယဗလ, ဉာဏဗလအားကို ဝေဖန်ဆန်းစစ်ကြည့်သည်။

"ကာယဗလကတော့ လက်မောင်းတန်းကြည့်ယင် လက်တဆုပ်စာပဲ ရှိတယ်၊ တိပိဋကဓရ စာမေးပွဲအတွက် ကျက်ရမယ့်စာကအများကြီး၊ မင်းလက်မောင်းတဆုပ်နဲ့ တိပိဋကဓရစာပြန်ပွဲ အောင်နိုင်ပါ့မလားလို့ ကိုယ့်ကိုယ်ကို မေးတယ်၊ တိပိဋကဓရစာပြန်ပွဲအလုပ်ဟာ ဉာဏဗလ အလုပ်ဖြစ်တယ်၊ ကာယဗလအလုပ် မဟုတ်ဘူး၊ မင်းမှာ သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်ဆိုတဲ့ ဗိုလ်ငါးပါး အား အပြည့်အဝရှိတယ်၊ အဲဒီတော့ဗိုလ်ငါးပါး အားကြီးငါးရပ် အပြည့်အဝရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ဘာကြောက်စရာရှိသလဲ၊ ဝင်သာဝင်" –

ဟု ကိုယ့်ကိုယ်ကို ပြန်အဖြေပေးပြီး ဗိုလ်ကြီးငါးပါး အားကြီးငါးခုကို အားကိုးပြုကာ ၁၃၁၀-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁-ရက်နေ့ကစ၍ ဝိနည်းပိဋကတ်ကို ကျက်ခဲ့သည်။

ဆရာတော်သည် ကမ္ဘာ့အကြီးဆုံး စာမေးပွဲဖြစ်သည့် တိပိဋကဓရ စာမေးပွဲကြီးကို ကြိုးပမ်းရာ၌ စာမေးပွဲ အောင်မြင်အောင် နှလုံးသွင်းနည်းကိုလည်း စာမေးပွဲအောင်မြင်ကြောင်း လက်နက်ကောင်း တခုအဖြစ် အသုံးပြုခဲ့သည်။ ဆရာတော်၏ နှလုံးသွင်းနည်းကား –

"အခု တိပိဋကဓရ စာမေးပွဲကြီး ကျင်းပတယ်ဆိုတာ ဒါယကာနဲ့ဆရာ ပြိုင်တာတော့မဟုတ်ဘူး၊ ဒါပေမယ့် နှလုံးသွင်းနည်းက ဒီလိုလာရမယ်၊ အရှင်ဘုရားတို့ ဘက်က ဒီတိပိဋကဓရ ကိုယ်တော် ဖော်ပေးနိုင်ယင် ပေးပါ၊ ပေးနိုင်ယင် တပည့်တော်တို့ ဒါယကာတွေဘက်က ဟိုက်တန်တဲ့ အပူဇော်ကို ပူဇော်မယ်၊ အဲဒီလို ဆရာနဲ့ ဒါယကာ ပြိုင်ရတာ။ တိပိဋကဓရကိုယ်တော်တပါးမှ ကျုပ်တို့သာသနာတော်က ထုတ်မပေးနိုင်ယင် ကျုပ်တို့ဘက်က ရှုံးတယ်၊ ဒါယကာနဲ့ဆရာ ဓမ္မာနုဂ္ဂဟ, ပစ္စယာနုဂ္ဂဟတိုက်ပွဲ ပြိုင်နေတဲ့ ပွဲဖြစ်တယ်လို့" –

နှလုံးသွင်းပြီး သမ္မပ္ပဓာန် ဇွဲလုံ့လဖြင့် စွန့်စားအားထုတ်ခဲ့သည့် အတွက် ဆရာတော်ဘုရား၏ ဗိုလ်ကြီးငါးပါးအားနှင့် သာသနာတော်၏တန်ခိုးကြောင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးအမီ တိပိဋကဓရစာမေးပွဲကြီးကို ၄-နှစ် (၈)ကြိမ်ဝင်ကာ အောင်ပန်းဆင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ဤနေရာ၌ ဆရာတော်ဘုရားသည် ခန္ဓာကိုယ်ကို ပဓာနမထားဘဲ ဗိုလ်ငါးပါးကို အားကိုးအားထားပြုပုံနှင့် ပြိုင်ပွဲအသွင် ပုံဟန်ဆင်၍ အောင်မြင်အောင် နှလုံးသွင်းပုံတို့ကား လူတိုင်းနည်းယူစရာ အတုယူစရာကောင်းသော နည်းများဖြစ်ပါသည်။

**ယထာဝါဒီ တထာကာရီ။** ။ပြောသလို လုပ်လေ့ရှိသူကို ပါဠိလို "ယထာဝါဒီ တထာကာရီ" ခေါ်၍ လုပ်သလိုပြောလေ့ရှိသူကို "ယထာကာရီ တထာဝါဒီ"ဟု ခေါ်သည်။ တထာဂတ အမည်တော်ရကြသည့် ဗုဒ္ဓရှင်တော်မြတ်ဘုရားဖြစ်လျှင် "ယထာဝါဒီတထာကာရီ၊ယထာကာရီ တထာဝါဒီ"ပုဂ္ဂိုလ်ချည်း ဖြစ်ကြပေသည်။ သာမာန်လူသားများ၌မူ ယောကျ်ားဇာနည် လူရည်ချွန်

ပုဂ္ဂိုလ်အချို့တို့သည်သာ (ဝါ) သာသနာ့အာဇာနည် ပါရမီရှင် ရဟန်းတော်အချို့သည်သာ ပြောသလိုလုပ်၍ လုပ်သလိုပြောကြသည့် "ယထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာဝါဒီ" ပုဂ္ဂိုလ်ထူးများ ဖြစ်နိုင်ကြပေသည်။

မင်းကွန်း တိပိဋကဓရဆရာတော်ကား "မလုပ်မပြော၊ လုပ်မှပြော သဘောစင်လှစေ၊ အပြောသာချဲ၊ အလုပ်မဲ့၊ ကဲ့ရဲ့မလွတ်ချေ" ဟူသော ခံယူချက်ဖြင့် မလုပ်လျှင်လည်း မပြောတတ်၊ ပြောလျှင် မလုပ်ပဲမနေတတ်ပေ။ လုပ်ပြန်လျှင်လည်း ပေါ့ပေါ့တန်တန်မဟုတ်ပဲ ဆုံးခန်းရောက်သည့်အထိ လေးလေးနက်နက် လုပ်ဆောင်လေ့ရှိပါသည်။

> "သာဓကအဖြစ် အမြွက်မျှထုတ်ပြရလျှင် ဆဋ္ဌသံဂါယနာ တင်စဉ်အချိန်က ဝိနည်းမဟာဝါပါဠိဝိသောဓက အကျိုးဆောင်အဖြစ် တာဝန်ယူလုပ်ဆောင်ခဲ့ရာ ၅၂၈-မျက်နှာရှိ သုတ်သင်ပြီးပါဠိတော်ကို (၁) မှုကောင်းမှုသန့် ရရှိစေရန်၊ (၂) မိမိ၏လက်နှိပ်စက်ကို ဘုရားရှင်၏ စကားတော်အား ပူဇော်ရန်၊ (၃) မိမိ၏ ကိုယ်အား လုပ်အား ဉာဏ်အားတို့ဖြင့် ဆဋ္ဌသံဂါယနာဝန်ကို ထမ်းဆောင်ရန်ရည်သန်၍ ဗုဒ္ဓသာသနအဖွဲ့မှ စက္ကူတရွက် တံဆိပ်ခေါင်း တလုံးမျှ မတောင်းခံပဲ သန့်ရှင်းစွာ ကိုယ်ပိုင် လက်နှိပ်စက်ဖြင့် ရိုက်နှိပ်လျက် အပ်နှံခဲ့ပါသည်။ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှလည်း ထိုစာမူကို စံပြအဖြစ် ရှိသေစွာထားရှိကြောင်း သိရပါသည်။ ၁၉-ရက်နှင့်အပြီး မဟာဝါပါဠိတော်ကို ထပ်မံသုတ်သင်ခြင်း၊ ၇-ရက်နှင့်အပြီး ပရိဝါပါဠိတော်ကို ထပ်မံသုတ်သင်ခြင်းတို့၌လည်း ဆရာတော်သည် စာမူကို ဖတ်ရွတ်ခြင်း၊ မှုကွဲရာ၌ ဆိုင်ရာပါဠိ, အဋ္ဌကထာ, ဋီကာ စသည်တို့ကို

ရှာဖွေခြင်း အားလုံးသဘောတူသည့်အခါ မှတ်ချက်များကို ကိုယ်တိုင်ရေးသား ရိုက်နှိပ်ခြင်း၊ အဖွဲ့ဝင်များထံ မိတ္တူများ ဆက်ကပ်ခြင်းစသည်ဖြင့် တာဝန်ကျေအောင် ဆောင်ရွက် တော်မူခဲ့ပါသည်။

ဤမျှသာမဟုတ် ၁၃၁၄-ခုနှစ်၊ နတ်တော်လဆန်း ၁၄-ရက်၊ တိပိဋကစာပြန်ရန် ရက်ပိုင်းအလိုတွင် မန္တလေးမြို့ ပရိယတ္တိသာသနဗိမာန်တော်ကြီး အုတ်မြစ်ချပွဲ အတွက် တရားချီးမြှင့်ရန် ပင့်လျှောက်လာရာ မဟောနိုင်ဟု ပယ်မြစ်ခြင်း မပြုပဲ ကျေနပ်စွာလက်ခံ၍ "ဤသာသနာ့ ဗိမာန်ကြီး အတွက် ဘုန်းကြီးက မှန်အုတ်ကြီး ၄-ချပ် လှူဒါန်းပါမည်" ဟူသော စကားပလ္လင်ခံ၍ ၄-နာရီကျော်မျှ သစ္စာလေးပါး တရားအချက် ဓမ္မစက္ကပဝတ္တန သုတ္တန်ကြီးကို နိဒါန်းနှင့်တကွ ဟောကြားတော်မူခဲ့ပါသည်။

ထို့ပြင် ဆိုင်ရာပုဂ္ဂိုလ်တို့၏ အကြိမ်ကြိမ် လျှောက်ထား တောင်းပန်ချက်အရ အတွဲပေါင်း ၆-တွဲ၊ အုပ်ရေပေါင်း ၈-အုပ်၊ စာမျက်နှာပေါင်း ၅၅၁၆-ခန့်ရှိ နိုင်ငံတော် မဟာ ဗုဒ္ဓဝင်ကျမ်းကြီးကို အပြီးအဆုံး ကမ္ပတ်ဖုံးအောင် ရေးသား ပြုစုပေးတော်မူခဲ့ပါသည်။

ဤသည်တို့ကား ဆရာတော်သည် ပြောဆိုဝန်ခံလိုက်သည့်အတိုင်း သာသနာရေးလုပ်ငန်းများကို မပျက်မကွက် လုပ်ကိုင်ဆောင်ရွက်ခြင်း တို့ ဖြစ်ပါသည်။

အလိုနည်းလှ အပ္ပိစ္ဆ။ ။လောကတွင် လောကအဆင့်အတန်းအလိုက် ပုဂ္ဂိုလ် အမျိုးမျိုးကို တွေ့ရပေသည်။

အချို့က သဒ္ဓါတရား မရှိသော်လည်း ရှိသကဲ့သို့ ဗဟုသုတ

မရှိသော်လည်း ရှိသကဲ့သို့ ဝါကြွားပလွှားတတ်၏။ ထိုပုဂ္ဂိုလ်မျိုးကို "ပါပိစ္ဆ (အလိုဆိုးရှိသူ) ပုဂ္ဂိုလ်"ဟု ကျမ်းဂန်များ၌ ပြဆိုပါသည်။ အချို့က မိမိမှာ အမှန်တကယ်ရှိသည့် ပညာဂုဏ်, သီလဂုဏ်စသည်တို့ကို အများသိအောင် ဖော်ထုတ်တတ်ကြ၏။ ကြော်ငြာတတ်ကြ၏။ ထိုပုဂ္ဂိုလ်မျိုးကို "မဟိစ္ဆ (အလိုကြီးသူ) ပုဂ္ဂိုလ်"ဟု ခေါ်ပါသည်။ အချို့ကမူ မိမိမှာ မရှိသည့်ဂုဏ်ဘို့ဖြင့် ဝါကြွားပလွှားဖို့ဝေးစွ၊ အမှန်တကယ်ရှိသည့် ဂုဏ်တို့ကိုပင် သူတပါးမသိအောင် လျှို့ဝှက်ထားလေ့ရှိကြသည်။ မိမိအဖို့ ရလာသည့် လာဘ်များကိုလည်း စွန့်ပစ်လှူဒါန်းလေ့ရှိသည်။ ထိုပုဂ္ဂိုလ်မျိုးကို "အပ္ပိစ္ဆ (အလိုနည်းသူ) ပုဂ္ဂိုလ်"ဟု ခေါ်ပါသည်။

ဆရာတော်သည် ဂုဏ်ပကာသနမဖက်၊ ရိုးရိုးပင်နေလေ့ရှိသည်။ ပစ္စည်းလေးပါးတို့၌ တွယ်တာမှု အလွန်နည်း၏၊ မိမိအကျိုးထက် အများအကျိုးကို ကြည့်လေ့ရှိသည်။ ထို့ကြောင့် ဆရာတော်ကား အထက်ပါပုဂ္ဂိုလ် ၃-မျိုးတွင် အလိုနည်းလှ အပ္ပိစ္ဆ ပုဂ္ဂိုလ်မှန်ပင်ဖြစ်ပါသည်။ ထိုအချက်ကို ဆရာတော်ဘုရားအား နီးနီးစပ်စပ် ကြည်ညိုကိုးကွယ် ဆည်းကပ်နေကြသည့် ဒါယကာ ဒါယိကာမများ ပို၍သိကြပေသည်။

မှန်ပါသည်။ ပါဠိတော် သံဂါယနာတင်ပွဲကြီး ၁၃၁၈-ခုနှစ်၊သင်္ဂါယနာအောင်ပွဲနှင့် သာသနာ ၂၅၀၀-ပြည့် ဗုဒ္ဓဇယန္တီပွဲကြီး ကျင်းပချိန်တွင် နိုင်ငံတော်အစိုးရက မှန်လုံ ရှရှားကားကြီးတစီးကို ဆရာတော်အား အပြီးအပိုင် လှူဒါန်းလိုက်ပါသည်။ ဆရာတော်က "ဘုန်းကြီးဟာ တောမှာနေတဲ့ တောဘုန်းကြီးဖြစ်ပါတယ်၊ တောဘုန်းကြီးအဖို့ ဒီလိုကားမျိုး စီးလို့မလျော်ပါ၊ အစိုးရရဲ့ စေတနာကို ငဲ့ပြီး သံဂါယနာအောင်ပွဲပြီးရုံ အသုံးပြုပါရစေ"ဟု မိန့်ကြားပြီး

၅-ရက်မျှသာ အသုံးပြုပါသည်။ ထို့နောက် နိုင်ငံတော်အား ပြန်၍ စွန့်လှူလိုက်ပါသည်။

အနယ်နယ်အရပ်ရပ်သို့ လှည့်လည် တရားဟောကြားရာတွင် လှူဒါန်းကြသည့် နဝကမ္မလှူဖွယ်ပစ္စည်းများကို တရားပွဲကျင်းပရာ နေရာများ၌ ဆင်းရဲနွမ်းပါးသည့် ရဟန်းရှင်လူတို့အား လိုအပ်သလောက် ခွဲဝေစွန့်ကြဲလှူဒါန်းလေ့ ရှိပါပေသည်။

၁၃၃၉-ခုနှစ်၊ တန်ခူးလ၌ မန္တလေးမြို့တောင်ပြင်တွင် မီးအကြီးအကျယ်လောင်ကျွမ်းရာ ဘုန်းကြီးကျောင်း အမြောက်အမြား မီးထဲပါသွားပါသည်။ မီးဘေးသင့်သံဃာတော် (၂၅၀)ကျော်မှာ စားဝတ်နေရေးအတွက် များစွာ ဒုက္ခရောက်ကြသည်။ ဆရာတော်သည် ထိုသတင်းကို ကြားလျှင်ကြားချင်း မိမိ၌ရှိသမျှ သင်္ကန်း, ထီး, ဖိနပ်, စောင်, မျက်နှာသုတ်ပဝါ, ဆပ်ပြာ, ဆန်, ဆီ, ဆား, ပဲတို့ကို အချိုးကျ ခွဲဝေပြီး စုစုပေါင်းတန်ဖိုး မြောက်သောင်းကျော်ခန့် အလှူခံပုဂ္ဂိုလ်လက်အရောက် ပို့သလှူဒါန်းခဲ့ပါသည်။

တဖန် ၁၉၈၁-ခုနှစ်၊ မေလ(၁၀)ရက်နေ့၌ မန္တလေးမြို့အနောက်မြောက်ပိုင်း ၂-မိုင်ပတ်လည်ကျော် မီးအကြီးအကျယ် လောင်ကျွမ်းလေရာ ဘုန်းကြီးကျောင်းတိုက်ကြီးပေါင်း(၁၅)တိုက်၊ကျောင်းပေါင်း (၆၂)ကျောင်း မီးသင့်ခဲ့သဖြင့် သံဃာတော် (၄၀၀)ခန့်မှာ ဒုက္ခကြီးစွာ ရောက်ကြပြန်သည်။ ထိုစဉ်အခါကလည်း ဆရာတော်သည် မီးဘေးသင့်သံဃာတော်များအား ပလာတာဆွမ်းကပ်ပြီး သံဃာစေ့ သင်္ကန်းဒွိစုံ၊ ထီး(သို့မဟုတ်) ဖိနပ်၊ ဆွမ်းဆန်စသည့် လှူဖွယ်ပစ္စည်းတို့ကိုပုံ၍ အချိုးကျ ခွဲဝေလှူဒါန်းရာ စုစုပေါင်းတန်ဖိုး ကိုးသောင်းကျော်ဖိုးခန့် ဒါနပြုခဲ့လေသည်။

ထို့ပြင် ၁၃၄၀-ပြည့်နှစ်၊ နယုန်လပြည့်ကျော် (၅)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် တိပိဋကရေဘွဲ့ ငွေရတုပူဇော်ပွဲမှ ဖြစ်ပေါ်လာသည့် နဝကမ္မအားလုံးတို့ကို ကိုယ်ကျိုးအတွက် လုံးဝအသုံးမပြုပဲ မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတအသင်း၊ မလွန်ဆန်လှူအသင်းတို့သို့ ကျပ်ငွေသုံးသောင်းစီ၊ ရန်ကုန်မြို့ စေတိယင်္ဂဏပရိယတ္တိအသင်း၊ အဘိဓမ္မာပြန့်ပွားရေးအသင်း၊ နိကာယ်အသင်းတို့ကို ကျပ်ငွေတသောင်းစီ လှူဒါန်းပြီး ကျန်ရှိနေသေးသော နဝကမ္မအလှူငွေများကို တိပိဋကနိကာယသာသနာပြုအဖွဲ့သို့ ကပ္ပိယကာရကအဖြစ် လွှဲအပ်ပြီး မန္တလေးမြို့နှင့် ရန်ကုန်မြို့ရှိ အစိုးရဘဏ်၌ အပ်နှံစေ၍ "တိပိဋကနိကာယသာသနာပြု ရန်ပုံငွေ ပဒေသာပင် ၂-ပင်" ခွဲစိုက်လှူဒါန်းတော်မူသည်။

ဆရာတော်သည် ပြည်သူတို့လှူဒါန်းကြသည့် ပစ္စည်းလေးပါးတို့ကိုသာ လှူဒါန်းသည်မဟုတ်၊ နိုင်ငံတော်အစိုးရက တိပိဋကရေဘွဲ့အတွက် လစဉ်လှူဒါန်းသည့် ဆွမ်းဆန်တော် ၃၁၁/-ကို လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့အတွက် နှစ်စဉ်လှူဒါန်းသည့် ဆွမ်းဆန်တော် ၇၅၀/-ကိုလည်းကောင်း၊ ကပ္ပိယကာရကအဖြစ် တိပိဋကနိကာယသာသနာပြုအဖွဲ့သို့ အပ်နှင်း၍ နိကာယ်ငါးရပ် ပိဋကတ်သာသနာတော်အား ဗောဓိညာဏ်ကို ရည်မှန်း၍ လှူဒါန်းပါသေးသည်။

ထို့ပြင် ဆရာတော်သည် နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့ကြီးက "နိုင်ငံတော် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ရေးသားပြုစုပေးတော်မူရန် လျှောက်ထား တောင်းပန်စဉ်အခါကလည်း မရေးသားမီ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီးသို့ အောက်ပါ လိုလားချက် ၃-ခုကို တောင်းဆိုခဲ့ပါသည်-

၁။ စေတနာ့ဝန်ထမ်းအဖြစ်ဖြင့်သာ ဆောင်ရွက်ရလျှင် လည်းကောင်း၊

၂။ ရုံးကိစ္စအဝဝ ဘုန်းကြီးနှင့်မပတ်သက်စေလျှင်လည်းကောင်း၊

၃။ မိမိတတ်သမျှ စာပေကိစ္စတွင်သာ ဦးစီးခွင့်ရလျှင်လည်းကောင်း —

ဤသုံးချက်ကို အဖွဲ့ကသဘောတူပါလျှင် လက်ခံပြီးဟူ၍ မှတ်ယူပါဟူ၍ ဖြစ်ပါသည်။ ဤလိုလားချက် ၃ ခုကို ရအောင်ယူပြီး ရေးသားပြုစုတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ဤသည်တို့ကား ဆရာတော်ဘုရား၏ အလိုလေ့ာဘနည်းပုံ အပ္ပိစ္ဆတာဂုဏ်နှင့် ပတ်သက်၍ အမြွက်မျှဆောင်ပြသော သာဓကများဖြစ်ပါသည်။

**သည်းခံသည့်ဂုဏ် နည်းပေးပုံ။** ။"မလုပ်မပြော၊ လုပ်မှပြော" တတ်သည့် ဆရာတော်၏သဘောကို ဖော်ပြခဲ့ပြီးပေပြီ၊ ဆရာတော်သည် ရဟန်း ရှင် လူ ထိုထိုပုဂ္ဂိုလ်တို့နှင့် ဆက်ဆံရာတွင် သည်းခံခြင်း ခန္တီတရားကို အမြဲတမ်း ရှေ့တန်းတင်၍ ထားသည်။ ဆောင်လွှားတက်ကြွမှု မာန်မာနနှင့် ပတ်သက်၍လည်း တစွန်းတစ ထွက်ပေါ်လာသည်ကို မတွေ့ရချေ။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူထားသည့် ဓမ္မပဒပါဠိတော်လာ "အက္ကောဓေန ဇိနေကောဓံ" စသော လမ်းညွှန်တော်မူချက်နှင့် ညီနိုင်သမျှညီအောင် လိုက်နာ ကျင့်သုံးလေ့ရှိသည်။ ထိုလမ်းညွှန်တော်မူချက်ကား —

"ဒေါသအမျက် သူကထွက်သည်ကို အမျက်မထားမေတ္တာပွားသဖြင့် အောင်နိုင်ရာ၏။ အမှုကြမ်းကြုတ် လူသူယုတ်ကို သူတော်နှလုံး ကိုယ်ကသုံးသဖြင့် အောင်နိုင်ရာ၏။

ကိုယ်လည်း မလှူ၊ သူကိုလည်းဟန့်တား ကြမ်းတမ်းသော မစ္ဆရိယသမားကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြင့် အောင်နိုင်ရာ၏။ မမှန်စကား မှသားပြောသူကို အမှန်စကား ကိုယ်ကပြောသဖြင့် အောင်နိုင်ရာ၏” –

ဟူ၍ဖြစ်သည်။ ဆရာတော်သည် ဤဗုဒ္ဓမြတ်စွာ၏ လမ်းညွှန်တော်မှုချက်များကို သူ့နေရာနှင့်သူ အတတ်နိုင်ဆုံး ကိုယ်တိုင် လိုက်နာကျင့်သုံးသည်။ ထိုသို့ကျင့်သုံးပြီးမှ “ကျိုးကြောင်းမြင်သိ ပညာရှိသည် မိမိကိုယ်တိုင်က ဦးစွာပထမ လျောက်ပတ်သည့်အကျင့်ကို ကျင့်ပြီးမှ အခြားသူများကို ဆုံးမရမည်” ဟူသော ဗုဒ္ဓဩဝါဒနှင့်အညီ အခြားသူများအား ထိုနည်းများကို လိုက်နာကျင့်သုံးရန် နည်းပေးလမ်းညွှန်လေ့ရှိပါသည်။

တချိန်က မင်းကွန်းတောင်ရိုး မမ္မနာဒကျောင်းတိုက် ဆရာတော် ထံမှောက်သို့ အမှုအခြော် ရောက်လာကြသည့် ဒေါက်တာ မောင်မောင်တို့မိသားစုအား ဖော်ပြပါ ‘ အက္ကောဓေန ဇိနေ ကောဓံ” ဂါထာ၏ အဓိပ္ပာယ်အဖွင့်ကို ဟောကြားတော်မူပြီး –

“ဘုန်းကြီး ကိုယ်တိုင် ဓမ္မပဒလာ ဂါထာတော်နှင့်အညီ နေထိုင်ကျင့်သုံးခဲ့သည်။ မိမိအား မလိုမုန်းထား ဖြစ်တင် စကားပြောသော သံဃာအချင်းချင်းကိုပင် မိမိက ဦးအောင် သွားရောက် ကန်တော့တောင်းပန်ခဲ့သဖြင့် ရန်ငြိမ်းကာ မိတ်ကောင်းဖြစ်စေခဲ့သည်။ ဤသည်းခံခြင်းတရား မေတ္တာ တရားတို့ကို ဒါယကာတို့ ကောင်းစွာမှတ်သား၍ မမေ့ မလျော့ပွားများကြလေလော့” –

ဟု မှာကြား ဆုံးမပေးသည်။

**တိပိဋကဓရပိဘာ ထေရ်မဟာ။** ။တိပိဋကဓရ စာမေးပွဲကြီးသည် ကျင်းပ၍ တစ်နှစ်၊ နှစ်နှစ်တွင် အောင်မြင်သူတစ်ဦးမျှ မရှိသဖြင့် ဆက်လက် ကျင်းပရေးအတွက် မတည်မငြိမ်ဖြစ်နေရာ ဆရာတော်ကြောင့် စာမေးပွဲကြီးကို တည်ငြိမ်စွာ ဆက်လက်ကျင်းပနိုင်ခဲ့ပါသည်။ ဆရာတော်သည် တိပိဋကဓရ စာမေးပွဲကြီးကို ပိဋကတ်တော်ကိုင်း၌ ဝိသိဋ္ဌဂုဏ်ထူး မဟာဂုဏ်ထူး ဂုဏ်ထူး ၂-ခုစီဖြင့် ပထမဆုံး အောင်မြင်ခဲ့သည့် အာဒိကမ္မိက တိပိဋကဓရ ပုဂ္ဂိုလ်ထူးဖြစ်ကြောင်း စာရှုသူများ သိပြီးဖြစ်ပါသည်။ တိပိဋကဓရစာမေးပွဲကြီးမှာ "အစကောင်းမှ အနှောင်းသေချာ" ဆိုသကဲ့သို့ ဆရာတော်တည်းဟူသော ပုဂ္ဂိုလ်ထူးဖြင့် အစကောင်းခဲ့သဖြင့် နောက်ပိုင်းတွင် တိပိဋကဓရ ပုဂ္ဂိုလ်ထူးများ တပါးပြီးတပါး ဆက်တိုက်ပေါ်လာခြင်းဖြစ်သည်။

သို့သော် တိပိဋကဓရစာမေးပွဲကြီး စတင်ခဲ့သည့် ၁၃၁၈-ခုနှစ်မှ ယနေ့အထိ နှစ်ပေါင်း ၃၅-နှစ်အတွင်း၌ တိပိဋကဓရပုဂ္ဂိုလ်ထူးများ ၄-ပါးမျှသာ ပေါ်ထွက်ခဲ့ပါသည်။ ၁၃၃၅-ခုနှစ်မှ စတုတ္ထတိပိဋကဓရ ပုဂ္ဂိုလ်အဖြစ် အရှင်သုမင်္ဂလာလင်္ကာရ ပေါ်ထွက်ခဲ့ရာ ယခု(၁၀)နှစ် ကြာ ကာလအထိ နောက်ထပ်တိပိဋကဓရပုဂ္ဂိုလ်တပါးမှ ပေါ်မလာ သေးပေ။ ဤကဲ့သို့ နှစ်ပေါင်းအတန်ကြာကြာ အဆက်ပြတ်နေသည် ကို ဆရာတော်သည် အားရကျေနပ်မတူချေ၊ တိပိဋကဓရပုဂ္ဂိုလ်ထူးများ အဆက်ပြတ်သွားမည်ကိုလည်း စိုးရိမ်တော်မူလှန်း ရှိပေသည်။ မိမိ လျှောက်ထားတောင်းပန်ချက်အရ မဟိုရိမ်ဆရာတော်ဘုရားကြီး စီမံ တော်မူခဲ့သည့် နိကာယ်စာမေးပွဲ တိုးတက်ပြန့်ပွား ထွန်းကားရေး ကိုလည်း အလေးပေးဆောင်ရွက်လိုသည်။ နိကာယ်စာမေးပွဲကား

ဓမ္မာစရိယမှ တိပိဋကဓရသို့ ကူးသည့်အခါ အကူးရ သက်သာလွယ်ကူအောင် ဖန်တီးထားသည့် ကြားခံ တံတားစာမေးပွဲကြီး ဖြစ်သည်။

ထို့ကြောင့် ဆရာတော်သည် ၁၃၄၀-ပြည့်နှစ် နှစ်ဆန်းတရက်နေ့တွင် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ တိပိဋကနိကာယသာသနာပြုအဖွဲ့ကြီးကို ဦးဆောင်ဖွဲ့စည်းပေးလိုက်သည်။ နိုင်ငံတော်တဝန်းလုံးရှိ ပြည်နယ်တိုင်းအသီးသီး၌ သီတင်းသုံးနေထိုင်ကြသည့် တိပိဋကဓရအလျာ နိကာယဘာဏက နိကာယဓမ္မာစရိယအလျာ အရှင်မြတ်တို့ကို သတင်းစာ, လက်ကမ်းကြော်ငြာ, လူကြုံသတင်းပါး သုံးနည်းအားဖြင့် ပင့်ဖိတ်ခဲ့သည်။ သို့ဖြစ်၍ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်၌ ထိုနှစ်ဝါတွင် ၄၇-ပါး၊ ဒုတိယနှစ်၌ ၈၂-ပါး၊ တတိယနှစ်၌ ၁၁၃-ပါး၊ ၁၃၄၃-ခုနှစ်၌ ၁၅၆-ပါးအထိ တစတစ တိုးတက်လာခဲ့သည်။

ဤသို့ တိပိဋကဓရလောင်းလျာများကို ပြုစုပျိုးထောင်ခဲ့ရာ ၁၃၄၁-ခုနှစ်၊ (၃၂)ကြိမ်မြောက် တိပိဋကဓရရွေးချယ်ပွဲမှစ၍ နှစ်စဉ်နှစ်တိုင်း တိပိဋကဓရရွေးချယ်ပွဲ စာမေးပွဲ အောင်စာရင်းတွင် "စစ်ကိုင်းတိုင်း မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက-နိကာယကျောင်းတိုက်"အမည်သည် တန်းစီ၍ ပါလျက် ရှိပေသည်။ မကြာတော့သော အနာဂတ်ကာလတွင် "မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေမှ တိပိဋကဓရ"ပုဂ္ဂိုလ်ထူးများ တပါးပြီးတပါး ပေါ်ထွက်လာကြတော့မည်ကေန် ဖြစ်သည်။

ဤသို့ဖြင့် ဆရာတော်ဘုရားသည် မိမိကိုယ်တိုင်က ပထမဆုံး ပေါ်ထွက်လာသည့် အာဒိကမ္မိကတိပိဋကဓရပုဂ္ဂိုလ် ဖြစ်သည့်အပြင် တိပိဋကဓရများကို အဆက်မပြတ်အောင် မွေးထုတ်ပေးနေသည့်

ပုဂ္ဂိုလ်ဖြစ်ရကား ဆရာတော်ဘုရားအား "တိပိဋကဓရဖခင် ထေရ်အရှင်(ဝါ) တိပိဋကဓရပိတာထေရ်မဟာ"ဟုခေါ် ဆိုရမည်ဖြစ်ပါသည်။

**တိပိဋကဓရဘ၀ ငြိမ်းငွေ့လှ**။ ။မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကား "တာဝန်သိတဲ့ပုဂ္ဂိုလ်မှာ တာဝန်ရှိတယ်"ဆိုသည့် ဆရာတော်ဘုရားမြွက်ကြားနေကျ လက်သုံးစကားအတိုင်း ဒါယကာများဘက်က တိပိဋကဓရရွေးချယ်ပွဲကြီး ကျင်းပပြီး တိပိဋကဓရပုဂ္ဂိုလ်ဖော်ထုတ်နေချိန်မှာ ဆရာဘက်က တိပိဋကဓရပုဂ္ဂိုလ်ပေါ်အောင် လုပ်ပေးဖို့တာဝန်ရှိသည်ဟု သိသည့် ပုဂ္ဂိုလ်ဖြစ်သည်။ ထို့ကြောင့် တိပိဋကဓရရွေးချယ်ရေးအဖွဲ့ ဖွင့်ပွဲနေ့က နိုင်ငံတော်သမ္မတကြီးအမှူးပြုသော နိုင်ငံတော်အစိုးရအဖွဲ့ဝင် လူကြီးလူကောင်းတို့၏ တိပိဋကဓရရှာပုံတော် လက်အုပ်ကြေးဆပ်ဖို့ တာဝန်ကို ဆောင်ရွက်သည့်အနေဖြင့် ဆရာများဘက်က တာဝန်ကျေအောင် တိပိဋကဓရစာမေးပွဲကြီးကို မဖြစ်မနေ ဖြေဆိုအားထုတ်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

ပထမအကြိမ် အာဒိကမ္မိကတိပိဋကဓရ ပုဂ္ဂိုလ်ထူး ဖြစ်လာသည့်အခါ အလိုနည်းလှ အပ္ပိစ္ဆပုဂ္ဂိုလ် ဖြစ်တော်မူသည့်အတိုင်း မြန်မာနိုင်ငံတဝန်းလုံးက အနှံ့အနှံ့ကျက်ကျက် ပူဇော်ပွဲများ ကျင်းပ၍ မကြာခဏ ချီးကျူး ပူဇော်နေကြသည်ကို ငြိမ်းငွေ့တော်မူဟန် ရှိသည်။ တိပိဋကဓရ ချီးကျူးပူဇော်ရေး ဗဟိုကော်မတီ အဖွဲ့ကြီးက "နိုင်ငံတော် အရပ်ရပ် ခရိုင်တိုင်းမှ တိပိဋကဓရ ချီးကျူးပူဇော်ပွဲများ ကျင်းပရန်" ဆုံးဖြတ်ခဲ့သည်ကို ဆရာတော်ဘုရားက ရန်ကုန်မှအပြန် ခရီးစဉ်မြို့များဖြစ်သည့် မိတ္ထီလာမြို့၊ ဇာတိ မြင်းခြံမြို့၊ နေရင်းဒေသ စစ်ကိုင်းမြို့၊ မန္တလေးမြို့၊ ဥဿလေးမြို့တို့၌သာ ကျင်းပပြုလုပ်

ကြပါစေ၊ ကျန်ခရိုင် မြို့ကြီးများအတွက် စေတနာဒါနကိုပဲ အလှူခံပါရစေဟု ဗဟိုကော်မတီအဖွဲ့သို့ မေတ္တာရပ်ခံခဲ့ရသည်။

ရန်ကုန်မြို့ရှိ အမှုထမ်းပေါင်းစုံ (၁၂)ဖွဲ့ ဗုဒ္ဓဘာသာအသင်းတို့ စုပေါင်း ပူဇော်ကြသည့် ပူဇော်ပွဲကြီးအပြီးတွင် ဗဟိုချီးကျူးပူဇော်ရေးအဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌ အတွင်းဝန်ချုပ် ဦးခင်မောင်ဖြူအား "ဒါယကာကြီးတို့ ဒီလောက် ချီးကျူးပွဲတွေ ကျင်းပရလျှင် ကျေနပ်ကြပါတော့၊ ချီးကျူးပွဲကိစ္စမှာ ဘုန်းကြီးကပင်လျှင် အရှုံးပေး လက်မြှောက်ပါပြီ၊ လက်တဘက်သာ မဟုတ် လက်နှစ်ဘက်စလုံး မြှောက်ပါပြီ၊ ဒါယကာကြီးတို့ကသာ အနိုင်ယူပြီး ခရိုင်မြို့များ အတွက် အကျဉ်းချုံးနိုင်သမျှ ချုံးပါ"ဟု တောင်းမေတ္တာရပ်ခံရသည်။

နောက် တိပိဋကဓရ ပုဂ္ဂိုလ်ထူး (၄)ပါး ပေါ်လာသည့် အချိန်မှာလည်း တနိုင်ငံလုံး မြို့ရွာကြီးငယ်များမှ ချီးကျူးပူဇော်ကြပြန်ရာ ဆရာတော်မှာ တိပိဋကဓရဘဝကိုပင် ငြီးငွေ့လာဟန် ရှိပေသည်၊ ဤအချက်သည်—

တိပိဋကဓရ ဖြစ်ရတဲ့အာနိသင်။ ဒီကိုယ်တော် ဖတ်ဖတ်မောခပါ့၊ ကွယ်....ပြောမပြချင်။

ကိုယ့်ကျောင်းနှင့် ကိုယ်ရပ်ခွင်၊ နေချင်လျက်မနေရ။ ပူ အအေး၊ ယှက်ထွေးကာ ဒဏ်ခံလို့၊ စုန်၊ အဆန် မြန်းရတဲ့ ခရီးမှာ၊ ကွယ်....ကြီးတဲ့ဒုက္ခ။ ။

မငြင်းတဲ့ဆန္ဒသာ၊ နိုင်ငံတော် သာသနာရေးပေမို့၊ ကွယ်....ပြေးမလွတ်ပါ။

သူတကာ၊ ချမ်းသာဟု ထင်မြင်ကြ။ သို့ကတဲ့၊ စိတ်ထဲမှာ သံဝေယူလို့၊ ကံမွေ့ဟူ ဤအဖြစ်ကို၊ ကွယ်....နှစ်လိုခံရ။ –

**ဟူသော ဆရာတော်၏** တိပိဋကဓရ ညည်းချင်းသဖြန်တွင် ပေါ်လွင် ထင်ရှားလျက် ရှိပေသည်။

**သာသနာပြုကုသိုလ် များထိုထို။** ။ဆရာတော်ဘုရား၏ သာသနာ ပြု ကုသိုလ်များကား အလွန် များလှပါသည်။ စာအုပ်တအုပ် သီးခြားထုတ်၍ ပြုရမည့်သော စုံလင်စရာ အကြောင်း ရှိပေသည်။ ယထာဝါဒီ တထာကာရီ၊ အလိုနည်းလှ အပ္ပိစ္ဆ ခေါင်းစဉ်များအောက်၌ ဆရာတော်ဘုရား၏ သာသနာပြု ကုသိုလ်အချို့ကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ဆရာတော်ဘုရားသည် မင်းကွန်းတောင်ရိုး ပိုးမိုက်စေတီတော် ကြီးများကို ပြုပြင်ခဲ့သည်၊ ထီးတော်များ တင်ခဲ့သည်၊ မင်းကွန်း စေတီတော်များ၊ မင်းကွန်းကျေးရွာများနှင့် ကျန်းမာရေးဌာန၊ ရဲဌာနတို့ကို လျှပ်စစ်မီးလင်းအောင် ဆောင်ရွက်ခဲ့သည်။ မင်းကွန်း တဝိုက်ရှိ ကျေးရွာလူထုများ၏ ကျန်းမာရေးအတွက် "စံချိန်ပြည့် ကျေးလက်ကျန်းမာရေး ဆေးပေးဌာန" နှင့် တိုက်နယ်ဆေးရုံကြီး ဖြစ်ပေါ်လာအောင် ဆောင်ရွက်ခဲ့သည်။ ထိုမင်းကွန်းတိုက်နယ်ဆေးရုံ ထောက်ပံ့ရေး ရံပုံငွေပင်ကို စိုက်ခဲ့ရာ ၁၃၄၉-ခုနှစ်တွင် ရံပုံငွေပင်မှာ ၃-သိန်းကျော်သွားပြီဟု ဆိုပါသည်။ ထိုရံပုံငွေပင်မှ ဖြစ်ပေါ်လာသည့် အတိုးအညွန့်ဖြင့် လိုအပ်သော ဆေးဝါးပစ္စည်းများကို ၁၃၂၆-ခုနှစ်မှစ၍ တနှစ် ၃၆၀၀ိ-ဖိုး၊ ၇၅၀၀ိ-ဖိုး၊ ၁၀၀၀၀ိ ဖိုး၊ ၁၂၀၀၀ိ ဖိုး၊ ၂၀၀၀၀ိ-ဖိုး စသည်ဖြင့် တိုး၍ တိုး၍ လှူဒါန်းခဲ့ရာ ၁၃၄၅-ခုနှစ်တွင် ၃၀၀၀၀ိ-ဖိုး အထိ ထောက်ပံ့လှူဒါန်းတော်မူပါသည်။

တနှစ်လျှင် လေးကြိမ်ခွဲ၍ သင်္ကန်းဒါနဖြစ်အောင် ဆေးအပ်ပွဲ ကျင်းပသောအခါ ကျန်းမာရေးနှင့် ရဲဌာနအမှုထမ်း အိမ်ထောင်စု၊ နွမ်းပါးသော အိမ်ထောင်စု စုစုပေါင်း ၁၀၀-ကျော်တို့အား ဆန်၊ပရုပ်

ဆီ၊ ငွေကြေးတို့ကိုပါ အခြံအရံ(ပရိဝါရ)ဒါနအနေဖြင့် လှူဒါန်းတော်မူပါသည်။ မင်းကွန်း ပတ်ဝန်းကျင်ကျေးရွာများ လုံခြုံရေးသည် ရဲဌာနအပေါ် တည်နေသည်၊ ထို့ကြောင့် ဆရာတော်သည် ရဲဌာနတိုးတက်ရေးကို ဆောင်ရွက်ပေးသည့်အပြင် ရဲအမှုထမ်း တန်းလျားများ အမိုးအကာများကိုလည်း ပြုပြင်ပေးသည် ရေကန်ဖြစ်မြောက်ရေး၊ မီးလင်းရေးတို့ကိုလည်း ဆောင်ရွက်ပေးသည်။

ဆရာတော်သည် ပညာသံဝဏ္ဏနိကကုသိုလ်ထူးကို ဆည်းပူးလိုသဖြင့် မင်းကွန်းတိုက်နယ်အတွင်းရှိ လူငယ်လူရွယ်တို့ ပညာသင်ကြားနိုင်ရေးအတွက် မူလတန်းကျောင်းကိုလည်းကောင်း၊ အုတ်နံရံ(ပတ်ကား)ကပ် နှစ်ထပ် အလယ်တန်းကျောင်းကြီးကိုလည်းကောင်း ဆောက်လုပ် လှူဒါန်းခဲ့သည့်အပြင် ဆရာ-ဆရာမများနှင့် ကျောင်းသားများ ရေမဆင်းရဲစေရန် သောက်ရေကန် တည်ဆောက်ပေး၍ အခမဲ့ ရေကိုအမြဲလှူဒါန်းသည်။ ယခုအခါ မင်းကွန်းအလယ်တန်းကျောင်းသည် ဆရာတော်၏ အကူအညီ အထောက်အပံ့ဖြင့် တွဲဖက်အထက်တန်းကျောင်းပါ ဖွင့်နိုင်ခဲ့ပေပြီ။

ဆရာတော်သည် မိမိလက်ရှိနေထိုင်သီတင်းသုံးရာ(ပဝတ္တိ)နယ်မြေ၌သာ လူမှုရေးကုသိုလ်များကိုဆောင်ရွက်သည်မဟုတ်၊ မွေးဖွားခဲ့ရာဇာတိနယ်မြေ၌လည်း သာသနာပြု ကုသိုလ်ကောင်းမှုများကို စိုက်ပျိုးပေးသည်၊ မိမိအခြေခံ ပိဋကတ် စာပေများကို သင်ကြားခဲ့ရာ မြင်းခြံမြို့ မင်းကျောင်းတိုက်၌ "မဟာဓမ္မပါလ"မည်သော နှစ်ထပ်ဓမ္မာရုံတိုက်ကျောင်းကြီးကို ကျပ်ငွေ ၄-သိန်းကျော်ခန့် စွန့်လွှတ်၍ ဆောက်လုပ်လှူဒါန်းခဲ့သည်။ မိမိမွေးဖွားခဲ့ရာ ကျည်းပင်ရွာကျောင်းအနီး၌ ကျောက်တံတား ကျောက်လမ်းခင်းပေးသည်။ သဲဖြူဝရွာမှ သတော်ဆိပ်အသွားတွင် ချောင်းကိုဖြတ်၍ ချောင်းကူးတံတားတခု

ဆောက်လုပ်ပေးသည်။ သဲဖြူဝရွာနှင့် ကျည်းပင်ရွာရှိ ကလေးများ၏ ပညာရေးအတွက် မူလတန်း နှစ်ထပ်ကျောင်းနှစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းသည့်ပြင် သဲဖြူဝရွာဦး၌ ကျောင်းဝိုင်းမြေနှင့်တကွ ကျပ်ငွေသုံးသိန်းကျော်တန် "တိပိဋက" အမည်ရှိသော နှစ်ထပ်ကျောင်းကြီး တဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းသည်။ မိမိပထမဆုံးနေထိုင်ခဲ့ရာ ကျည်းပင်ရွာကျောင်းကြီး ဟောင်းနွမ်းနေသည်ကို အသစ်တဖန် မွမ်းမံပြုပြင်၍ လျှပ်စစ်မီးစက်ပါ တည်ဆောက်လှူဒါန်းသည်။

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၌ ရှိကြသော ရဟန်း, သာမဏေ, သီလရှင်တို့အား ဆွမ်းဆန်တော် လှူဒါန်းနေသည့် မန္တလေးမြို့၊ မလွန်ဆန်လှူအသင်းကြီးအား ဆွမ်းဆန်တော် ပို၍ လှူဒါန်းနိုင်အောင် အသင်းကြီး၏ ရေစက်ချဓမ္မကထိကဆရာတော်များနှင့်အတူ ထက်အောက်မြို့ရွာလှည့်လည်၍ တရားဟောခဲ့သည်။ ဆရာတော်အမှူးရှိသော ဓမ္မကထိကဆရာတော်များ၏ အားထုတ်မှုကြောင့် အသင်းကြီးက ရဟန်းတော်တပါးလျှင် ဆွမ်းဆန် ၅-တင်း၊ သာမဏေတပါးလျှင် ၄-တင်း၊ သီလရှင်တပါးလျှင် ၃ တင်းကျစီ တိုးမြှင့်လှူဒါန်းနိုင်ခဲ့သည်။

မန္တလေးမြို့ သံဃာတော်များအား ဆွမ်းဆန်တော်လှူဒါန်းနေသည့် "ချမ်းသာကြီး ဆန်အလှူအသင်း" အား ၁၃၄၂-နှစ်က မိမိအား လှူဒါန်းထားသည့် ဆန်တင်းပေါင်း ၁၂၀-ကို လှူဒါန်းခဲ့သည်။ ကျေးဇူးရှင် ပထမ မစိုးရိမ်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူ၍ အန္တိမပူဇော်ပွဲကျင်းပသည့်အခါ၌လည်း ဆရာတော်ကြီးအား နောက်ဆုံးပူဇော်သည့်အနေဖြင့် ပါဠိဂါထာ ၅-ဂါထာပါ၌အနက်နှင့် ဓမ္မတေးထပ်တို့ကို ရေးစပ်ပူဇော်သည့်အပြင် ပင့်သံဃာ (၂၅၀) ကျော်

တို့အား သင်္ကန်းဒွိစုံ(၂၅၀)၊ ထီး(၂၅၀)၊ ဖိနပ် (၂၅၀)၊ မျက်နှာသုတ် ပဝါကြီး (၂၅၀) စသည်တို့ကို သီးခြား လှူဒါန်းပါသည်။

ဤသို့အားဖြင့် ဆရာတော်ဘုရားသည် ဖော်ပြပါ သာသနာပြု ကုသိုလ် လူမှုရေးကုသိုလ် များထိုထိုတို့ကို ပြုခဲ့ပြီးဖြစ်ပါသည်။ ယနေ့လည်းပြုဆဲ၊ နောင်လည်း ပြုဦးမည်ဖြစ်ပေသည်။ ဆရာတော်ကား ဤမျှ လာဘ်လာဘ ပေါများ ဘုန်းကံ ကြီးမားသူ ဖြစ်လင့်ကစား ရောင့်ရဲတင်းတိမ်မှု သန္တုဋ္ဌိတရားကို လက်ကိုင်ထားသူတည်း။ "ပစ္စည်း မသို၊ စိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း" ဆိုသည့် ရှေးဟောင်း ဆုံးမစာနှင့် ညီညွတ်လှသည်။ မိမိအတွက် မရှိလျှင်မဖြစ်သော ရဟန်း အသုံးအဆောင်မျှကိုသာ သုံးဆောင်လျက် ရိုးရိုးပင် နေထိုင်စား သောက်လေ့ရှိသည်။ ဖော်ပြခဲ့ပြီးသည့်အတိုင်း မိမိရရှိသော ဝတ္ထု ပစ္စည်းများကို အမျိုးဘာသာ၊ သာသနာအတွက် အကျိုးရှိမည့်ပုဂ္ဂိုလ်၊ အရပ် ဌာနတို့၌ စွန့်ကြဲပေးကမ်းလှူဒါန်းမှုတွင် မွေ့လျော်သည့်ပုဂ္ဂိုလ် မွန်ကြီးပါပေ။

**အရင်းကြီးကြီးပြု၍ အမြတ်နည်းနည်း သာလိုချင်သည့်ဆရာတော်**

ဤမျှ မြောက်မြားလှသည့် သာသနာပြု ကုသိုလ်များ နှင့် မိမိ ကိုယ်ကျိုးထက် အများ အကျိုး အမျိုးမျိုးကို အလေးပေးဆောင်ရွက်သည့် လူမှုရေး ကုသိုလ် များထိုထိုကိုကြည့်လျှင် ဆရာတော်သည် သမ္မာသမ္ဗောဓိ ဆုကြီးကို ပန်ထားသည့် ဘုရားအလောင်းများ ဖြစ်လေရော့သလားဟု ထင်မှတ်စရာရှိပေသည်။ ဘုရားဆုပန်ပုဂ္ဂိုလ်များသာ ဤကဲ့သို့သော သာသနာပြုကုသိုလ် လူမှုရေးကုသိုလ်တို့ကို ပြုလေ့ရှိကြသည်ကို ကျမ်းဂန်များ၌ တွေ့ရပါသည်။

သို့သော် ဆရာတော်ကား အများထင်သလိုမဟုတ်ပါချေ။ အရင်းကြီးကြီးနှင့် အမြတ်အစွန်းနည်းနည်းသာ လိုချင်သည့် ဆရာတော်ဖြစ်ပါသည်။ ဤအချက်မှန်ကန်ကြောင်းကို—

ဒုတိယေ အတ္တဘာဝမှိ၊ လဒ္ဓါ သပ္ပညနိဿယံ။
ဓမ္မဓဇောတိ နာမေန၊ သောတာပန္နော မရှာဘဝေ။

(ဒုတိယကိုယ်အဖြစ်၌ မိတ်ဆွေကောင်း ပညာရှိတို့၏ အမှီကိုရပြီး ဓမ္မဓရဟူသောအမည်ဖြင့် သောတာပန်နတ်သားဖြစ်ရပါလို၏။)-

ဟူသော ဆရာတော်ဘုရား၏ ဆုပန်ချက်က အထင်အရှားပြလျက်နေပေသည်။ ဆောင်ရွက်ပုံမှာ သမ္မာသမ္ဗောဓိဆုကြီးပန်များလို ဆောင်ရွက်ပြီး လိုချင်သည့်ဆုကျတော့ သာဝကဗောဓိတွင် အနိမ့်ဆုံး ပကတိသာဝကဆုမျှသာ ဖြစ်သည့်အတွက် အရင်းကြီးကြီးနှင့် အမြတ်နည်းနည်းသာလိုချင်သည့် ဆရာတော်ဟု ချီးကျူး ဂုဏ်ပြုခြင်းဖြစ်ပါသည်။

ဤသို့စသည်ဖြင့် မင်းကွန်းအဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားသန္တာန်၌ ချီးကျူးဂုဏ်ပြုစရာ အတုယူနည်းမှီးစရာ၊ ကြည်ညိုစရာ ဂုဏ်အပေါင်းတို့သည် ခညောင်းစုပုံ၍ နေလေရာ ဤနိဒါန်း၌ ဤမျှလောက်သာ ရွေးကောက် ဖော်ပြနိုင်ပါတော့သည်။

ဤဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် ကျွန်ုပ်တို့၏ စာဖတ်ပရိသတ် ဓမ္မမိတ်ဆွေများအား ဤကျမ်းဖြစ်ပေါ်လာခြင်းအကြောင်းရင်း နိဒါန်းကို ဖော်ပြ၍ ဤကျမ်းနှင့်လည်းကောင်း ကျမ်းပြုဆရာတော်ဘုရားနှင့်လည်းကောင်း မိတ်ဆက် ပေးပြီးပေပြီ။ ယခု

[ ငါး ] အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ

"အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ စာအုပ်"ကို အချိန်ယူ လေ့လာဖတ်ရှု၍ ဆရာတော်ဘုရား ဟောကြားတော်မူထားသည့် မြတ်ဗုဒ္ဓဒေသနာတော်အတိုင်း လိုက်နာကြိုးကုတ်အားထုတ်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ပါသည်။

ဓမ္မာစရိယ ဦးအေးနိုင် ဘီအေ

ကျမ်းပြုမှူး

ကျမ်းပြုဌာနစု၊ သာသနာရေးဦးစီးဌာန

ကမ္ဘာအေး။

အရှင်ဝိစိတ္တသာရာဘိဝံသ၏
ဟောစဉ်တရားတော်များ
ပထမတွဲ

# မာတိကာ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| နိဒါန်း | | | [က] |

ဩကာသ ကန်တော့ခန်းနှင့် သီလယူရှင်းတမ်း တရားတော်

| | | | |
|---|---|---|---|
| ရွှေဥဒေါင်းတွန်သံနှင့် ဩကာသ ဆိုသံ | .... | .... | ၁ |
| ဩကာသ အဓိပ္ပာယ် | .... | .... | ၂ |
| ပဏာမကုသိုလ်နဲ့ ရေကြည် ရေအေး | .... | .... | ၃ |
| ဆုတောင်းနဲ့ ဆေးဆိုးခြင်း တူပုံ | .... | .... | ၄ |
| ဆုတောင်း ရှင်းတမ်း | .... | .... | ၆ |
| အပါယ်လေးပါးနှင့် ကပ်သုံးပါး | .... | .... | ၇ |
| ရပ်ပြစ် ရှစ်ပါး | .... | .... | ၈ |
| ရန်သူမျိုး ငါးပါး | .... | .... | ၁၀ |
| ဝိပတ္တိတရား လေးပါး | .... | .... | ၁၂ |
| ဗျသနတရား ငါးပါး | .... | .... | ၁၃ |
| ဆုပေးနည်း | .... | .... | ၁၆ |

# [စာ] အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| သရဏဂုံသီလတို့ ပါဠိလို ပေးယူကြပုံ | .... | .... | ၁၇ |
| သရဏဂုံ သီလတောင်း အနက် | .... | .... | ၁၈ |
| ယမဟံ ဝဒါမိ အနက်နှင့် နမော တဿ သုံးခေါက်ဆိုရပုံ | | .... | ၂၀ |
| နမော တဿ မပါတဲ့စာအုပ် | .... | .... | ၂၂ |
| နမော တဿ ဘုရားရှိခိုး အရေးပါပုံ | .... | .... | ၂၃ |
| နမော တဿ ဆို၍ ရှိခိုးခဲ့သည့် ပညာရှင်များ | .... | .... | ၂၅ |
| သရဏဂုံသုံးပါး ခံယူပုံ | .... | .... | ၂၆ |
| သိက္ခာပုဒ် အဓိပ္ပာယ် | .... | .... | ၂၈ |
| ငါးပါးသီလ ခံယူပုံ | .... | .... | ၂၉ |
| သီလပေးဘုန်းကြီး၏ တိုက်တွန်းသတိပေးချက် | .... | .... | ၃၁ |
| တရားနာသူတို့ လိုက်နာရမည့် အဆင့်လေးဆင့် | .... | .... | ၃၂ |
| ကောန် ရရှိမည့် အကျိုးလေးပါး | .... | .... | ၃၄ |
| တရားဟောနည်း မူပြောင်းပြီ | .... | .... | ၃၆ |
| နိမိကညွှာသုဉ်ယာ ကောင်းမှုလေးမျိုး | .... | .... | ၃၇ |
| ကောင်းမှု ပေးဖြာနဲ့ အနုဂါမိက ဥစ္စာ | .... | .... | ၃၈ |
| သမာဓိ ပြောင်းမှု | .... | .... | ၄၀ |
| ဘုန်းတော် ခြောက်ပါး | .... | .... | ၄၁ |
| လောကုတ္တရာ ဣဿရိယဘုန်းတော် | .... | .... | ၄၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| လောကီ ဣဿရိယ ဘုန်းတော် .... .... | ၄၃ |
| ဣဿရိယဘုန်းတော်ဘုန်းတော်ဘုရားရှိခိုးပုံ .... .... | ၄၄ |
| ဓမ္မဘုန်းတော်ဘွဲ့ ဘုရားရှိခိုးပုံ .... .... | ၄၆ |
| ယသဘုန်းတော်ဘွဲ့ ဘုရားရှိခိုးပုံ .... .... | ၄၇ |
| သိရိဘုန်းတော်ဘွဲ့ ဘုရားရှိခိုးပုံ .... .... | ၄၉ |
| ကာမဘုန်းတော်ဘွဲ့ ဘုရားရှိခိုးပုံ .... .... | ၅၁ |
| ပယတ္တဘုန်းတော်ဘွဲ့ ဘုရားရှိခိုးပုံ .... .... | ၅၂ |
| ဘုန်းတော် ခြောက်ပါး အကျဉ်း .... .... | ၅၃ |
| ဗုဒ္ဓါနုဿတိသမာဓိ ကောင်းမှုကုသိုလ် ပွားများပုံ .... | ၅၄ |
| ဝိပဿနာပညာ ကောင်းမှုကုသိုလ် .... .... | ၅၅ |
| ဝိဘင်းကျမ်းက ဓာတ် ၁၇-ပါး စဉ်ပုံ .... .... | ၅၆ |
| ပုဗ္ဗာဘိဓမ္မာအရ တနေ့တာ လုပ်ငန်းများ .... .... | ၅၇ |
| ပညတ်အရ လုပ်ငန်း များနေပုံ .... .... | ၅၉ |
| မြင်ခြင်းကိစ္စ၌ တဏှာ မာန ဒိဋ္ဌိ စွဲပုံ .... .... | ၅၉ |
| ကြားခြင်းကိစ္စ၌ တဏှာမာန ဒိဋ္ဌိ စွဲပုံ .... .... | ၆၀ |
| ဓာတ်တဆယ့်ရှစ်ပါး ကမ္မဋ္ဌာန်း .... .... | ၆၁ |
| မြင်ရာ ကြားရာ စသည်၌ ဓာတ်သုံးပါးစီ မြင်အောင်ရှု .... | ၆၃ |
| ဓာတ်သုံးပါးကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာပွားပုံ .... | ၆၅ |

 အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဓာတ် ၁၈-ပါး ဝိပဿနာ ကမ္မဋ္ဌာန်းလင်္ကာကြီး .... .... | ၆၇ |
| တရားတော်နိဂုံး .... .... | ၇၀ |

## သရဏဂုံသုံးပါးနှင့် ငါးပါးသီလတရားတော်

| | |
| --- | --- |
| သီလထောခင်း .... .... | ၇၂ |
| ဘုရားရှိခိုး .... .... | ၇၃ |
| သရဏဂုံဆောက်တည်ခြင်း .... .... | ၇၄ |
| ငါးပါးသီလ ဆောက်တည်ခြင်း .... .... | ၇၅ |
| သမာဓိဘာဝနာ မေတ္တာပွားနည်းများ .... .... | ၇၇ |
| ဝိပဿနာပညာ ပွားများခြင်း .... .... | ၈၂ |
| ဆ ဓဋ္ဌက ဓမ္မ ဝိပဿနာ .... .... | ၈၂ |
| ပွားများပုံ ဓမ္မလင်္ကာများ .... .... | ၈၆ |
| ပူဇနီယ မဏ္ဍနာ တရားနိဂုံး .... .... | ၉၂ |

## မေတ္တာသုတ် ပရိတ်တရားတော်

| | |
| --- | --- |
| သုခလေးပါးတရား .... .... | ၉၃ |
| ပထမ ဗုဒ္ဓုပ္ပါဒသုခ .... .... | ၉၆ |
| ဒုတိယ ဓမ္မဒေသနာသုခ .... .... | ၉၇ |
| တတိယ သာမဂ္ဂီသုခ .... .... | ၉၈ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| စတုတ္ထ တပေါ်ဆုခ | .... | .... | ၉၉ |
| နီလ ရောင်ခြည်တော်ဘွဲ့ | .... | .... | ၁၀၅ |
| ပီတ ရောင်ခြည်တော်ဘွဲ့ | .... | .... | ၁၀၆ |
| လောဟိတ ရောင်ခြည်တော်ဘွဲ့ | .... | .... | ၁၀၇ |
| သြဒါတ ရောင်ခြည်တော်ဘွဲ့ | .... | .... | ၁၀၈ |
| မဉ္ဇိဋ္ဌ ရောင်ခြည်တော်ဘွဲ့ | .... | .... | ၁၀၉ |
| ပဘဿရ ရောင်ခြည်တော်ဘွဲ့ | .... | .... | ၁၁၀ |
| ရောင်ခြည်တော်ခြောက်ပါး ရှိခိုးဂါထာ | .... | .... | ၁၁၁ |
| ကမ္မဋ္ဌာန်းကျောင်းဟူသည် | .... | .... | ၁၁၄ |
| ရဟန်းတို့၏ သီလတန်ခိုး | .... | .... | ၁၁၅ |
| မေတ္တာသုတ္တန်ကို ဘုရားဟောတော်မူခြင်း | .... | .... | ၁၂၃ |
| တရားအားထုတ်သူတို့ လိုက်နာရမည့် အရည်အချင်း ၁၄-ချက် | .... | .... | ၁၂၉ |
| မေတ္တာဘာဝနာပွားနည်း | .... | .... | ၁၃၅ |
| တသထာဝရဒုကမေတ္တာ | .... | .... | ၁၃၆ |
| တိကမေတ္တာ သုံးမျိုး | .... | .... | ၁၃၈ |
| ဒိဋ္ဌ အဒိဋ္ဌဒုကမေတ္တာ | .... | .... | ၁၄၃ |
| ဒူရ အဝိဒူရဒုကမေတ္တာ | .... | .... | ၁၄၄ |
| ဘူတာသမ္ဘဝေသီဒုကမေတ္တာ | .... | .... | ၁၄၅ |
| အဟိတဒုက္ခာနာဂမပတ္ထနာ မေတ္တာသုံးပါး | .... | .... | ၁၄၇ |
| သားတယောက်ရှိ မိခင်မေတ္တာ | .... | .... | ၁၅၁ |

# [ စူ ] အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ


| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| လောကအားလုံးသို့ မေတ္တာပွားရန် | .... | .... | ၁၅၂ |
| ဣရိယာပုထ်မရွေး ပွားနိုင်သည့် မေတ္တာ | .... | .... | ၁၅၄ |
| မေတ္တာဘာဝနာမှ ဝိပဿနာသို့ကူးပုံ | .... | .... | ၁၅၆ |
| အနတ္တလက္ခဏသုတ္တန်နှင့် ခန္ဓာငါးပါး ခွဲခြင်း | .... | .... | ၁၅၇ |
| ခန္ဓာငါးပါး၌ ဝိပဿနာ ရှုပွားပုံ | .... | .... | ၁၅၈ |
| နိပ္ဖန္နရုပ် ၁၈-ပါး | .... | .... | ၁၆၁ |
| ဝေဒနာဓာတ်အကျယ် ၁၀၈-ပါးပွားပုံ | .... | .... | ၁၆၃ |
| သညာက္ခန္ဓာ | .... | .... | ၁၆၆ |
| ပညာနှင့် သညာ | .... | .... | ၁၆၇ |
| သင်္ခါရက္ခန္ဓာ | .... | .... | ၁၇၀ |
| အတ္တဒိဋ္ဌိစင် သောတာပတ္တိမဂ်ဉာဏ်ဝင် | .... | .... | ၁၇၁ |
| သကဒါဂါမိ အနာဂါမိ | .... | .... | ၁၇၃ |
| အရဟတ္တဖိုလ် | .... | .... | ၁၇၄ |
| ရဟန်းငါးရာ ရဟန္တာဖြစ်ခြင်း | .... | .... | ၁၇၆ |
| ရဟန္တာတို့၏ ဝိသုဒ္ဓိပဝါရဏာ | .... | .... | ၁၇၈ |
| မေတ္တာသုတ္တန်နိဂုံး | .... | .... | ၁၇၉ |


## ဟေမဝတသုတ္တန် တရားတော်


| | | | |
|---|---|---|---|
| အာယတန ၁၂-ပါး | .... | .... | ၁၈၁ |
| အာယတနအဓိပ္ပာယ် | .... | .... | ၁၈၂ |
| အဇ္ဈတ္တိကာယတန ၆-ပါး | .... | – | ၁၈၃ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| **ဗာဟိရာယတန ၆-ပါး** | .... | .... | ၁၈၃ |
| **အာဒိတ္တသုတ္တန်နှင့် အာယတန တပါးတပါး၌ မီး ၁၁-ပါး လောင်ပုံ** | .... | .... | ၁၈၃ |
| အာယတန ၁၂-ပါး၌ မီး ၁၃၂-ပါး လောင်ပုံ | .... | .... | ၁၉၁ |
| ကဿပဘုရား သက်တော်နှင့် ဓာတ်တော် | .... | .... | ၁၉၃ |
| သက်တော်အဟုံဆုံး ဂေါတမမြတ်စွာဘုရား | .... | .... | ၁၉၅ |
| ဒုက္ကရစရိယာ အကြာမြင့်ဆုံးဘုရား | .... | .... | ၁၉၅ |
| ဓာတ်တော်သုံးမျိုးကွဲရန် အဓိဋ္ဌာန် | .... | .... | ၁၉၇ |
| ကဿပမြတ်စွာဘုရား၏ ဓာတုစေတီဧတော်တည်ပုံ | | .... | ၁၉၈ |
| အမျိုးသားနှစ်ဦး သာသနာ့ဘောင်ဝင်ခြင်း | .... | .... | ၁၉၉ |
| ရဟန်းတို့၏ အလုပ်နှစ်မျိုး | .... | .... | ၂၀၀ |
| ဝိနည်းမိုရ်ဆရာတော်ကြီး နှစ်ပါး | .... | .... | ၂၀၃ |
| **တောရပ်ကျောင်းက သံဃာ့မှုခင်း** | .... | ... | ၂၀၄ |
| ဝိနည်းမိုရ်ထံ လာဘ်ထိုးသော အဓမ္မဝါဒီပုဂ္ဂိုလ် | | .... | ၂၀၇ |
| **အဓမ္မဝါဒီ၏ ပရိယာယ်** | .... | .... | ၂၀၈ |
| ဆန္ဒာဂတိလိုက်သော ဝိနည်းမိုရ် | .... | .... | ၂၁၁ |
| အမှုမဆိုင်ရပဲ ရှုံးသော ဓမ္မဝါဒီပုဂ္ဂိုလ် | .... | .... | ၂၁၃ |
| သာသနာ ပျက်စီးပြီဟု ဈေ့ျာက်ခြင်း | .... | .... | ၂၁၅ |
| ဝိနည်းမိုရ်နှစ်ပါး နှလုံးမသာ ဖြစ်ခြင်း | .... | .... | ၂၁၅ |
| ဆန္ဒာဂတိ၏ မကောင်းကျိုး | .... | .... | ၂၁၆ |
| ဟေမဝတနှင့် သာတာဂိရနတ်ဘီလူး နှစ်ဦး | .... | .... | ၂၁၇ |

## [ စဲ ] အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နတ်ဘီလူးနှစ်ဦး၏ ဝမ်းနည်းစကား .... .... | ၂၁၈ |
| ဒါယကာက တာဝတိံသာ၊ ဘုန်းကြီးက စတုမဟာရာဇ် .... | ၂၁၉ |
| မှတ်သားစရာ ဝါးချက်ဆရာတော်ကြီး၏ စကား .... | ၂၂၀ |
| လူစိုင်းမဟုတ်၊ သို့သော် အဖြစ်များ .... .... | ၂၂၂ |
| နတ်မင်းကြီးနှစ်ဦး၏ ကတိကဝတ် .... .... | ၂၂၃ |
| အံ့ဩဖွယ်တွေ့လျှင် ပြောစတမ်း .... .... | ၂၂၃ |
| ဂေါတမမြတ်စွာဘုရားလက်ထက် ဝေပုလ္လတောင် .... | ၂၂၆ |
| နတ်နှစ်ပါး၏ သက်တမ်းရှင်းလင်းချက် .... .... | ၂၂၆ |
| ဘဝဦး တပ်မက်မှု .... .... | ၂၂၇ |
| ဗိမ္ဗိသာရ ယခု ဘယ်ဘဝမှာလဲ .... .... | ၂၂၈ |
| သိကြား သောတာပန် သိကြားဘဝ ပြန်ဖြစ် .... .... | ၂၂၉ |
| ဓမ္မစကြာတရားတော်နှင့် သာတာဂိရနတ်မင်း၏ ဥဒ္ဒါန်း .... | ၂၃၀ |
| သူငယ်ချင်းကို သွားခေါ်ခြင်း .... .... | ၂၃၃ |
| နတ်မင်းနှစ်ဦး တွေ့ဆုံခြင်း .... .... | ၂၃၄ |
| ကာဠီအမျိုးသမီး .... .... | ၂၃၅ |
| ဘုရား ဟုတ် မဟုတ် စစ်တမ်းထုတ် .... .... | ၂၄၀ |
| ဘုရားအစစ်ဖြစ်ကြောင်း ဂုဏ်ပုဒ်များ .... .... | ၂၄၂ |
| သတ္တဝါအားလုံး၌ တူမျှသောစိတ် .... .... | ၂၄၂ |
| တရားဟောဆဲ၌ပင် ဖလသမာပတ် ဝင်စားတော်မူခြင်း .... | ၂၄၆ |
| မောဟအားလုံးလွန်မြောက်တော်မူသော မြတ်စွာဘုရား .... | ၂၄၉ |
| မောဟရှစ်ပါး .... .... | ၂၅၂ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| သုံးပါးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာနှင့် ပြည့်စုံတော်မူခြင်း | | .... | ၂၅၄ |
| ဘုရားဖူးသွားရန် ခေါ်ခြင်း | .... | .... | ၂၅၆ |
| တဆင့်စကားကြားရုံနှင့် သောတာပန်ဖြစ်သော ကာဠီ | | ... | ၂၅၉ |
| ပါရဂူခြောက်မျိုး | .... | .... | ၂၆၃ |
| ပြဿနာ လေးချက် မေးလျှောက်ခြင်း | .... | .... | ၂၆၅ |
| အာယတနဖြစ်ပေါ်၍ သတ္တဝါဖြစ် | .... | .... | ၂၆၆ |
| တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့မှု | .... | .... | ၂၆၇ |
| လောင်စာမရှိ မီးမလောင် | .... | .... | ၂၆၈ |
| တဏှာဆန္ဒ ကင်းအောင်ရှုနည်း | .... | .... | ၂၇၁ |
| အကြိမ်တထောင်ပင် မေးသော်လည်း မှုပြောင်းမဟော | | .... | ၂၇၅ |
| နတ်ဘီလူးများ သောတာပန်တည်ကြခြင်း | .... | .... | ၂၇၆ |
| ညီသလေးခန်း ရေပြင်ကြမ်းကို ကူးဆဲပုဂ္ဂိုလ်များ | | .... | ၂၈၀ |
| ဘဝသံသရာသမုဒ္ဒရာ၌ မနစ်မြုပ်သော ပုဂ္ဂိုလ် | | .... | ၂၈၁ |
| ဘုရားကို ဖူးမြော်ရန် နှိုးဆော်ချက် | .... | .... | ၂၈၃ |
| ဂုဏ်တော်အစုံကို မြင်အောင်ရှု | .. | .... | ၂၈၄ |
| သိဿဘာဝူပဂမန သရဏဂုံဆောက်တည်ခြင်း.... | | .... | ၂၈၇ |
| နိဗ္ဗာန်ဆော် မဗ္ဗာဃောသကနတ်သားများ | .... | .... | ၂၈၈ |
| ဟေမဝတသုတ္တန်နိဂုံး တရားပေးဆုတောင်း | .... | .... | ၂၉၀ |

အနာထပိဏ္ဍိကောဝါဒသုတ္တန်တရားတော်

| | | | |
|---|---|---|---|
| ဆရာတော်ဦးရန်ကုန်နှင့် ပရိတ်ကြီးမှုမှန် | .... | .... | ၂၉၄ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| သုံးပါးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာနှင့် ပြည့်စုံတော်မူခြင်း | | .... | ၂၅၄ |
| ဘုရားဖူးသွားရန် ခေါ်ခြင်း | .... | .... | ၂၅၆ |
| တဆင့်စကားကြားရုံနှင့် သောတာပန်ဖြစ်သော ဟာဠိ | | ... | ၂၅၉ |
| ပါရဂူခြောက်မျိုး | .... | .... | ၂၆၃ |
| ပြဿနာ လေးချက် မေးလျှောက်ခြင်း | .... | .... | ၂၆၅ |
| အာယတနဖြစ်ပေါ်၍ သတ္တဝါဖြစ် | .... | .... | ၂၆၆ |
| တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့မှု | .... | .... | ၂၆၇ |
| လောင်စာမရှိ မီးမလောင် | .... | .... | ၂၆၈ |
| တဏှာဆန္ဒ ကင်းအောင်ရှုနည်း | .... | .... | ၂၇၁ |
| အကြိမ်တထောင်ပင် မေးသော်လည်း မူပြောင်းမဟော | | .... | ၂၇၅ |
| နတ်ဘီလူးများ သောတာပန်တည်ကြခြင်း | .... | .... | ၂၇၆ |
| သြဃလေးခန်း ရေပြင်ကြမ်းကို ကူးဆဲပုဂ္ဂိုလ်များ | | .... | ၂၈၀ |
| ဘဝသံသရာသမုဒ္ဒရာ၌ မနစ်မြုပ်သော ပုဂ္ဂိုလ် | | .... | ၂၈၁ |
| ဘုရားကို ဖူးမြော်ရန် နှိုးဆော်ချက် | .... | .... | ၂၈၃ |
| ဂုဏ်တော်အစုံကို မြင်အောင်ရှု | .. | .... | ၂၈၄ |
| သိဿအာဝုပဂမန သရဏဂုံဆောက်တည်ခြင်း.... | | .... | ၂၈၇ |
| နိမ္မာန်ဆော် ဓမ္မဃောသကနတ်သားများ | .... | .... | ၂၈၈ |
| ဟေမဝတသုတ္တန်နိဂုံး တရားပေးဆုတောင်း | .... | .... | ၂၉၀ |


## အနာထပိဏ္ဍိကောဝါဒသုတ္တန်တရားတော်


| | | | |
|---|---|---|---|
| ဆရာတော်ဦးရန်ကုန်နှင့် ပရိတ်ကြီးမှုမှန် | .... | .... | ၂၉၄ |

အကြောင်းအရာ စာမျက်နှာ

မဂ္ဂင် ၈-ပါး .... .... .... ၃၄၆
ကိလေသာ စင်ကြယ်မှု .... .... .... ၃၄၇
အရှင်သာရိပုတ္တရာ၏ ဂုဏ်တော်ဖော်ကျူးခြင်း .... ၃၄၈
အရှင်အာနန္ဒာ၏ အသိဉာဏ် .... .... ၃၄၉
တရားတော်၏နိဂုံး .... .... .... ၃၅၁

## မဟာဓမ္မပါလ ဇာတ်တရားတော်

ပိဋကတ်၌ ဇာတ်တော်များစီစဉ်ထားပုံ .... .... ၃၅၃
စရိယဂုဏ်ပြသည့်ဇာတ်တော် ပစ္စုပ္ပန်ဝတ္ထု .... .... ၃၅၅
မိဂဒါဝုန်မှ ရာဇဂြိုဟ်သို့ .... .... ၃၅၇
နှစ်လအတွင်း ကျွတ်ပွဲကြီးခင်းခြင်း .... .... ၃၅၈
ခမည်းတော်အသက် နှိုင်းယှဉ်ချက် .... .... ၃၆၀
ရာဇဂြိုဟ်မှ ကပိလဝတ်သို့ ကြွတော်မူခြင်း .... .... ၃၆၁
အရှင်ကာဠုဒါယီမထေရ်၏ တေဒင်္ဂဘွဲ့ထူး .... .... ၃၆၂
ကပိလဝတ်ပြည်သို့ ကြွရောက်တော်မူခြင်း .... .... ၃၆၄
ခမည်းတော်၏ နန်းတော်သို့ ဆွမ်းဘုဉ်းပေးမကြွ .... ၃၆၅
ခမည်းတော်မင်းကြီး သောတာပန် သကဒါဂါမ်ဖြစ်ခြင်း .... ၃၆၇
ခမည်းတော်၏ နန်းတော် ဆွမ်းဘုန်းပေးကြွခြင်း .... ၃၆၉
နတ်တို့စကားကို မယုံကြည်ပုံ လျှောက်ထားခြင်း .... ၃၇၀
မဟာဓမ္မပါလဇာတ် အတိတ်ဝတ္ထု .... .... .... ၃၇၄
ဗြဟ္မဒတ္တ=ဗြဟ္မာပေးတဲ့သား .... .... .... ၃၇၅
ဓမ္မပါလရွာကြီးနှင့် မင်းလျှမ္ဗို ခေါ်ဆိုပုံ .... .... ၃၇၆
ရွှေဆောင်နွားလား ဖြောင့်ဖြောင့်သွားက .... .... ၃၇၇
ဓမ္မပါလ သတို့သား .... .... .... .... ၃၇၉

# [ စား ] အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| တပည့်နှစ်မျိုး .... .... .... .... | ၃၈၀ |
| ဒိသာပါမောက္ခ ဆရာကြီး၏သား သေဆုံးခြင်း .... | ၃၈၁ |
| ငယ်ရွယ်စဉ်မှာ မသေတာ တို့ဆွေမျိုးရဲ့ ဓမ္မတာ .... | ၃၈၂ |
| ငယ်ရွယ်သူတို့ မသေသောတရားကို ဒိသာပါမောက္ခဆရာကြီး ကိုယ်တွေ့စုံစမ်းခြင်း .... .... .... | ၃၈၇ |
| ဓမ္မပါလရွာ၏ အလေ့အကျင့် .... .... .... | ၃၈၈ |
| ဓမ္မပါလသတို့သား သေပြီဟုပြောကြားခြင်း .... .... | ၃၉၀ |
| သားသေပြီဟူသောစကား ဖခင် မယုံ .... .... | ၃၉၂ |
| သား၏အရိုးမဟုတ် ဆိတ်ရိုးဟုဖခင်က အတတ်ပြောခြင်း .... | ၃၉၃ |
| ငယ်ရွယ်သူတို့ မသေခြင်းအကြောင်း .... .... | ၃၉၅ |
| ငယ်ရွယ်သူတို့ မသေသော အကျင့်တရားများ.... .... | ၃၉၇ |
| သုစရိုက် ၁၀ ပါး .... .... .... .... | ၃၉၇ |
| သူယုတ်တရားကိုရှောင် သူကောင်းတရားကျင့်.... .... | ၄၀၀ |
| အယုတ် အလတ် အမြတ်မရွေး ပေးလှူခြင်း .... .... | ၄၀၂ |
| စေတနာသုံးတန် ဖြစ်ရန်မလွယ် .... .... .... | ၄၀၄ |
| တောရွာတခု၏ အလှူ .... .... .... .... | ၄၀၅ |
| ကာမတရား မလိုက်စားခြင်း .... .... .... | ၄၀၇ |
| ငါးပါးသီလ လုံခြုံခြင်း .... .... .... .... | ၄၀၉ |
| ဓမ္မပါလရွာက လူငယ်များ၏ ပင်ကိုအသိဉာဏ်.... .... | ၄၁၁ |
| ဓမ္မပါလမိသားစုတိုင်း အပါယ်ဘေး ကြောက်သွေးဝင် .... | ၄၁၃ |
| ဆင်းရဲသူ ကျေးကျွန်တို့လည်း သုစရိုက်ကျင့်ခြင်း .... | ၄၁၆ |
| တရားကျင့်သူအား တရားကစောင့်ရှောက် .... .... | ၄၁၈ |
| ထီးဆောင်းသူအား ထီးကစောင့်ရှောက်သည့်ဥပမာ .... | ၄၁၉ |
| ဝမ်းမြောက်လှစွာဖြင့် ဆရာကြီးတရားတောင်းခြင်း .... | ၄၂၀ |
| ဓမ္မပါလလုလင်ကို အခြံအရံဖြင့် ပို့ခြင်း .... .... | ၄၂၂ |

အကြောင်းအရာ စာမျက်နှာ
မြတ်စွာဘုရား သစ္စာလေးပါး ပြတော်မူခြင်း .... .... ၄၂၃
ခမည်းတော် သုဒ္ဓေါဒနမင်းကြီး အနာဂါမ်တည်ခြင်း .... ၄၂၄
ခမည်းတော်ကြီး အရဟတ္တဖိုလ်ပေါက် ရောက်ရှိခြင်း .... ၄၂၅
ဇာတ်တော်ပေါင်းခြင်း .... .... .... .... ၄၂၆
တရားတော်နိဂုံး .... .... .... .... ၄၂၇

## အနှစ်လေးပါး သာရတရားတော်

သိဠ္ဌည်းဆရာကြီးကို အကြောင်းပြုဟောတော်မူခြင်း .... ၄၂၉
အမှားလမ်းနှင့် အမှန်လမ်း .... .... .... ၄၃၁
ကဏှဇာတ် .... .... .... .... .... ၄၃၄
ပစ္စည်းအကုန် စွန့်လှူခြင်း .... .... .... ၄၄၀
သစ်ပင်နှင့် သာသနာ ဥပမာ .... .... .... ၄၄၁
မြေနေရာနှင့်အဆောက်အအုံ ပစ္စည်းဝတ္ထု ရေစက်ချ .... ၄၄၄

## နိမိကဏ္ဍသုတ္တန်တရားတော်

ဇိနာလင်္ကာရကျမ်းလာ ဘုရားရှိခိုးဂါထာ .... .... ၄၄၇
မဖြစ်သုခ, ဖြစ်သုခ နှစ်မျိုး .... .... .... ၄၄၉
နိမိကဏ္ဍသုတ် အစ .... .... .... .... ၄၅၁
ဥစ္စာလေးမျိုး .... .... .... .... ၄၅၃
ဥစ္စာမြှုပ်နှံရာ၌ ရည်ရွယ်ချက် ၂-မျိုး .... .... ၄၅၅
အကျိုးမဲ့ကို ပယ်လိုခြင်း၌ ရည်ရွယ်ချက် ၅-မျိုး .... ၄၅၆
မြှုပ်နှံဥစ္စာ ပျောက်ဆုံးခြင်းအကြောင်း ၅-ပါး.... .... ၄၆၀
ဥစ္စာပျက်စီးခြင်း အကြောင်းရင်း .... .... .... ၄၆၃
ပျက်စီးခြင်း နှစ်မျိုး .... .... .... .... ၄၆၃

## [ ဆ ] အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ကိသာဂေါတမီဝတ္ထုအကျဉ်းနှင့်ရွှေငွေများ မီးသွေးဖြစ်ရပုံ.... | ၄၆၄ |
| ကံအဟုန်ကြောင့် မီးသွေးက ရွှေငွေဖြစ်ပုံ .... .... | ၄၆၅ |
| မပျက်စီးနိုင်သော အနုဂါမိက ဥစ္စာ .... .... | ၄၆၇ |
| အနုဂါမိကဥစ္စာ မြှုပ်နှံရာ ခုနစ်ဌာန .... .... | ၄၆၈ |
| အနုဂါမိကဥစ္စာ ဂုဏ်ငါးဖြာ .... .... .... | ၄၇၁ |
| သမင်္ဂီလေးပါး မှတ်ဖွယ် .... .... .... | ၄၇၈ |
| ကုသိုလ်ကံ ဥပတ္ထမ္ဘကအကြောင်း နှစ်ပါး .... .... | ၄၇၉ |
| ကမ္မသမင်္ဂီရှင်းချက် .... .... .... .... | ၄၈၁ |
| ကလာပ်စည်းယူပုံ .... .... .... .... | ၄၈၃ |
| နိဗ္ဗာန် ရနိုင်ပုံ .... .... .... .... | ၄၈၅ |
| ပဋိသမ္ဘိဒါဉာဏ် လေးပါး .... .... .... | ၄၈၈ |
| သာဝတ္ထိသဌေး သောတာပန်ဖြစ်ခြင်း .... .... | ၄၉၁ |
| တရား နိဂုံးပိုင်း .... .... .... .... | ၄၉၃ |
| ဤတရားကို ကိုယ့်တရားဖြစ်အောင် လုပ်ရန် .... .... | ၄၉၃ |
| နိဓိကဏ္ဍသုတ္တန် တို့သုတ္တန် .... .... .... | ၄၉၇ |

---

မှတ်သားဖွယ် ကောက်နုတ်ချက် အက္ခရာစဉ်အညွှန်း .... ၄၉၉


အရှင်ဝိစိတ္တသာရာဘိဝံသ၏
ဟောစဉ်တရားတော်များ ပဌမတွဲ
မာတိကာ ပြီးပြီ။

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဩကာသကန်တော့ခန်းနှင့် သီလယူချင်းတမ်း

# တရားတော်

[သုတမယဉာဏ်မှ စိန္တာမယ ဘာဝနာမယဉာဏ်အထိ တိုးပွားရန် ရည်ရွယ်ဟောကြားခြင်း]

## ရှေးဦးဒေါင်းတွန်သံနှင့် ဩကာသဆိုသံ

မြန်မာတို့ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရ ထိုထိုသာသနာရေး ကောင်းမှုကုသိုလ်ပြုရာသဘင်ပွဲများ၌ ဗုဒ္ဓဘာသာ သူတော်စင်တို့ စုံရုံးစည်းဝေးမိကြစဉ် နိဗ္ဗာန်ဆော် ပြုလုပ်မယ့် ပုဂ္ဂိုလ်က "ရတနာ သုံးပါး ကန်တော့ကြပါစို့ ခင်ဗျား" ဆိုတဲ့ ဓမ္မဃောသက [၁] တရားမိုး ချုန်းပေးလိုက်တယ်။ လောကဉပမာ—မိုးဦးကျ တောင်ကမိုးချုန်း

---

၁။ ဓမ္မဃောသက=ကုသိုလ်တရားပြုလုပ်ရန် နှိုးဆော် ကြွေးကြော်သူ

လိုက်ယင် တောသဲမှာရှိတဲ့ ရွှေဥဒေါင်းတို့သည် တပြိုင်နက် "ကေကာ ကေကာ"လို့ ဝမ်းမြောက် ဝမ်းသာ သာယာတွန်ကျူးတဲ့ အသံကို ပြိုင်ပြီးတော့ ထွက်ကြသလို ထို့အတူ ဗုဒ္ဓဘာသာ သူတော်ကောင်း အပေါင်းတည်းဟူသော ရွှေဥဒေါင်းတို့သည် နိဗ္ဗာန်ဆော်လုပ်တဲ့ ပုဂ္ဂိုလ်က "ရတနာသုံးပါးကန်တော့ကြပါစို့ခင်ဗျာ" ဆိုတဲ့တရားမိုးချုန်း ပေးလိုက်ယင် တပြိုင်နက် တညီတညွတ်တည်း "သြကာသ သြကာသ သြကာသ"က စပြီး ရတနာသုံးပါး ကန်တော့တဲ့ စာတမ်းကို ရွတ်ဆို ကြတယ်။

ဤတွင် ပဌမသြကာသ, ဒုတိယသြကာသ, တတိယသြကာသလို့ သြကာသသုံးပုဒ်ဟာ ဗုဒ္ဓဘာသာသူတော်စင်များအနေဖြင့် ရတနာ သုံးပါး ဦးထိပ်ထားပြီးတော့ လူဖြစ်လာတဲ့အတိုင်း ယခုလို သာသနာ ရေးကိစ္စ၌ ရတနာသုံးပါးကို ပူဇော်လိုက်တဲ့ ပါဠိလို ဦးဘည့် တိုင် တည်ပြောဆိုတဲ့ စကားဖြစ်ပါတယ်။

## သြကာသအဓိပ္ပာယ်

သြကာသဆိုတာ ရှိခိုးခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်း၊အရိုအသေ ပြုခြင်း၏တည်ရာလို့ အနက်အဓိပ္ပာယ်ရှိတယ်။ဤတွင် ဘုရားရတနာမှာ အရဟတာ အစရှိသော ဂုဏ်တော်ကိုးပါး၊ တရားရတနာမှာ သွာက္ခာ- တတာ အစရှိသော ဂုဏ်တော်ခြောက်ပါး၊ သံဃာရတနာမှာ သုပ္ပဋိ- ပန္နတာ အစရှိသော ဂုဏ်တော်ကိုးပါး အသီးအသီး ရှိကြသည့်အတွက် ဘုရားရတနာလဲပဲ ရှိခိုးခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်း၊ အရိုအသေ ပြုခြင်း၏ တည်ရာဖြစ်ပါတယ်။ ဒါကြောင့် ဘုရားရတနာမှာ ပဌမ- သြကာသ၊

တရားရတနာလဲပဲ ကျေးဇူးဂုဏ်ခြောက်ပါးနှင့် ပြည့်စုံသောကြောင့် ရှိခိုးခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်း၊ အရိုအသေပြုခြင်း၏ တည်ရာ

ဖြစ်လို့ ဒုတိယသြကာသ၊ သံဃာရတနာမှာ သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံသောကြောင့် ရှိခိုးခြင်း၊ မြတ်နိုးခြင်း၊ ပူဇော်ခြင်း၊ အရိုအသေပြုခြင်း၏ တည်ရာဖြစ်တဲ့အတွက် တတိယ သြကာသလို့ဆိုတယ်။

**ပဏာမကုသိုလ်နဲ့ ရေကြည်ရေအေး**

အဲဒီလို ဘုရား တရား သံဃာ ရတနာသုံးပါးကို ပါဠိလို တိုင်တည် ပြီးတဲ့အခါ မိမိတို့သည် အကယ်၍ ရတနာသုံးပါး ဆရာသမား လူကြီး မိဘများအား မတော်တဆ ပြုမှား၊ ပြောမှား၊ ကြံမှားမိခဲ့တဲ့ ကာယကံအပြစ်တေး၊ ဝစီကံအပြစ်တေး၊ မနောကံအပြစ်တေး၊ အကု သိုလ်အညစ်အကြေးတွေ မတော်တဆ လိမ်းငှေးနေခဲ့သော် ထိုအပြစ် အညစ်အကြေးတွေကို စင်ကြယ်ဖို့ရာ ရည်သန်ချက်ဖြင့်—

ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော
အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ –

လို့ဆိုကြရတယ်။

ယခုပြောသလို ဘုရား တရား သံဃာရတနာသုံးပါး ဆရာမိဘ တို့အား မတော်တဆ ပြုမှား, ပြောမှား, ကြံမှားခဲ့သော ကာယကံ အပြစ်ဒေါသ,ဝစီကံအပြစ်ဒေါသ,မနောကံအပြစ်ဒေါသ အညစ်အကြေး တွေ မိမိတို့ကိုယ်မှာ လိမ်းငှေးနေခဲ့သည်ရှိသော် ထိုအပြစ်များ ကင်းဝေးစင်ကြယ်ဖို့ရန် ရည်သန်ချက်ဖြင့်ပင်—

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ရတနာမြတ်သုံး
ပါးတို့ကို၊ ရိုသေမြတ်နိုး၊ လက်အုပ်မိုး၍၊ ရှိခိုးပူဇော် ဖူးမြော်
မာန်သျှော့ ကန်တော့ပါ၏ အရှင်ဘုရား–

ဆိုတဲ့ ဤအက္ခရာမျိုး ဤအသံမျိုး တလုံးတလုံးတွင် ဘုရား တရား သံဃာ ရတနာသုံးပါးကို ညွှတ်ကိုင်းတဲ့ ပဏာမ မဟာကုသိုလ်စိတ် စေတသိက်ပေါင်း အနည်းဆုံး လေးဆယ့်ကိုးခါ လေးဆယ့်ကိုးခါ ဟဒယဝတ္ထုရုပ်ပေါ်မှာ ဖြစ်တယ်၊ အဲဒီဖြစ်တဲ့ မဟာကုသိုလ်စိတ် တွေဟာ ပဏာမ ရေချိုးလိုက်တာနဲ့တူတယ်။ ထိုပဏာမ ကုသိုလ်စိတ် စေတသိက်တည်းဟူသော ရေကြည်ရေအေးတို့ဖြင့် မိမိတို့ကိုယ်ကို ဆေးကြောဖွပ်လျှော်လိုက်ခြင်း ဖြစ်တယ်။

ဒီလို ဆေးကြော ဖွပ်လျှော်လိုက်တဲ့ အခါမှာ မိမိက မာန်မာနချ ပြီးတော့ ရတနာသုံးပါးကို ညွှတ်ကိုင်းတဲ့ ပဏာမ မဟာကုသိုလ်စိတ် စေတသိက်တို့ဖြင့် ဂိတ်ကညွှတ်ကိုင်း မာန်မာနချပြီး ကောင်းစွာ ကန် တော့တဲ့အတွက် ထိုအချိန်မှာ မိမိတို့သန္တာန်၌ ရတနာသုံးပါးနှင့်စပ် သော ကာယကံအပြစ်ဘေးအညစ်အကြေး, ဝစီကံအပြစ်ဘေး အညစ် အကြေး, မနောကံအပြစ်ဘေး အညစ်အကြေးတို့ စင်ကြယ်သွားပေ သည်။

## ဆုတောင်းနဲ့ဆေးဆိုးခြင်းတူပုံ

အဲဒီလို ရေမိုးချိုးပြီးစလို အပြစ်ဘေးအညစ်အကြေးတို့မှ စင်ကြယ် သွားတော့ လောကဥပမာအားဖြင့် အဝတ်တခုကို စင်ကြယ်သန့်ရှင်း အောင် ဖွပ်ပြီးတော့ ထိုအဝတ်ပေါ်မှာ ကိုယ်ကြိုက်တဲ့ မဲနယ်အပြာ နုကလေးကိုလဲ ဆိုးတတ်ကြ၏၊ အဝါနုကလေးကိုလဲ ဆိုးတတ်ကြ၏၊ အစိမ်းနုကလေးကိုလဲ ဆိုးတတ်ကြ၏၊ မရမ်းရောင်ကလေးကိုလဲ ဆိုး တတ်ကြတယ်၊ အဲဒီလို ကိုယ်ကြိုက်နှစ်သက်တဲ့ ဆေး ဆိုးသလို ထို့ အတူ ဗုဒ္ဓဘာသာ သူတော်စင်တို့လဲပဲ မိမိတို့နှစ်သက်တဲ့ အကျိုးတရား ဆု များကို တောင်းခြင်းဖြစ်တယ်။

ဆုမတောင်းမီ—

ကန့်တော့ရသော ကုသိုလ်ကံ စေတနာတို့ကြောင့်,

ကန့်တော့ရသော အကျိုးအားကြောင့်—

လို့ နှစ်မျိုးပဲ ဆိုကြတယ်။ "ကန့်တော့ရသော အကျိုးအားကြောင့်" ဆိုတာလဲ မမှားပါဘူး၊ အေး....ဒါက ဘာနဲ့တူသလဲဆိုတော့—

တဿ ကမ္မဿ ဝိပါကေန—

ဆိုတဲ့ စာများနဲ့ သွားညီပါတယ်။ ဒါကြောင့် ရှေးကဆရာသမား မိဘ ဘိုးဘွားတွေဟာ "ကန့်တော့ရသော အကျိုးအားကြောင့်" လို့ဆိုခဲ့ကြတယ်၊ "တဿ ကမ္မဿ ဝိပါကေန" အစရှိသော စာသုံးပေသုံးအတိုင်း ရှေးကမိဘဆရာသမားများက အဆက်ဆက် သင်ပေးခဲ့ကြတယ်။

ခုကျတော့ အချို့ယူတတ်ကြတယ်၊ အေး....အကျိုးမဟုတ်ဘူးကွဲ့၊ "ရှိခိုးရသော ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့်" ဒါက အကြောင်းတရားကွဲ့။ ဒါကြောင့် သူတို့က "အကျိုးအားကြောင့်" ကို မကြိုက်ဘူး၊ မကြိုက်တာက ခုနကပြောသလို "တဿ ကမ္မဿ ဝိပါကေန" ကို မထောက်ထား မစဉ်းစားမိလို့ မကြိုက်တာဖြစ်တယ်။ ရှေးကမူရင်းက တဿ ကမ္မဿ=ထိုကောင်းမှုကုသိုလ်ကံ၏၊ ဝိပါကေန=ကျိုးအားကြောင့် လို့ရှိတယ်၊ အကျိုးအားကြောင့်ဆိုပေမယ်လို့ သူရမယ့်အကျိုးဟာ ဟောဒါ ဟောဒါ ဖြစ်ပါစေလို့ ရည်ရွယ်ချက်ရှိတယ်။ အေး....ဒီလို"ရတနာသုံးပါးအား ကန့်တော့ရတဲ့ ကောင်းမှုကုသိုလ်ကံရဲ့ အကျိုးတရားတွေဟာ အခုပြောမှာ ဖြစ်ပါစေ" လို့ အဓိပ္ပာယ်ရတယ်။

ဆိုတဲ့ ဤအက္ခရာမျိုး ဤအသံမျိုး တလုံးတလုံးတွင် ဘုရား တရား သံဃာ ရတနာသုံးပါးကို ညွတ်ကိုင်းတဲ့ ပဌာမ မဟာကုသိုလ်စိတ် စေတသိက်ပေါင်း အနည်းဆုံး လေးဆယ့်ကိုးခါ လေးဆယ့်ကိုးခါ ဟဒယဝတ္ထုရုပ်ပေါ်မှာ ဖြစ်တယ်၊ အဲဒီဖြစ်တဲ့ မဟာကုသိုလ်စိတ်တွေဟာ ပဌာမ ရေချိုးလိုက်တာနဲ့တူတယ်။ ထိုပဌာမ ကုသိုလ်စိတ်စေတသိက်တည်းဟူသော ရေကြည်ရေအေးတို့ဖြင့် မိမိတို့ကိုယ်ကို ဆေးကြောဖွပ်လျှော်လိုက်ခြင်း ဖြစ်တယ်။

ဒီလို ဆေးကြော ဖွပ်လျှော်လိုက်တဲ့ အခါမှာ မိမိက မာန်မာနချပြီးတော့ ရတနာသုံးပါးကို ညွတ်ကိုင်းတဲ့ ပဌာမ မဟာကုသိုလ်စိတ်စေတသိက်တို့ဖြင့် ဂိတ်ကညွတ်ကိုင်း မာန်မာနချပြီး ကောင်းစွာ ကန်တော့တဲ့အတွက် ထိုအချိန်မှာ မိမိတို့သန္တာန်၌ ရတနာသုံးပါးနှင့်စပ်သော ကာယကံအပြစ်ဘေးအညစ်အကြေး, ဝစီကံအပြစ်ဘေး အညစ်အကြေး, မနောကံအပြစ်ဘေး အညစ်အကြေးတို့ စင်ကြယ်သွားပေသည်။

### ဆုတောင်းနဲ့ဆေးဆိုးခြင်းတူပုံ

အဲဒီလို ရေမိုးချိုးပြီးစလို အပြစ်ဘေးအညစ်အကြေးတို့မှ စင်ကြယ်သွားတော့ လောကဥပမာအားဖြင့် အဝတ်တခုကို စင်ကြယ်သန့်ရှင်းအောင် ဖွပ်ပြီးတော့ ထိုအဝတ်ပေါ်မှာ ကိုယ်ကြိုက်တဲ့ မဲနယ်အပြာနုကလေးကိုလဲ ဆိုးတတ်ကြ၏၊ အဝါနုကလေးကိုလဲ ဆိုးတတ်ကြ၏၊ အစိမ်းနုကလေးကိုလဲ ဆိုးတတ်ကြ၏၊ မရမ်းရောင်ကလေးကိုလဲ ဆိုးတတ်ကြတယ်၊ အဲဒီလို ကိုယ်ကြိုက်နှစ်သက်တဲ့ ဆေး ဆိုးသလို ထို့ အတူ ဗုဒ္ဓဘာသာ သူတော်စင်တို့လဲပဲ မိမိတို့နှစ်သက်တဲ့ အကျိုးတရား ဆုများကို တောင်းခြင်းဖြစ်တယ်။

**အပါယ်လေးပါး**

ဒီလို မိမိတို့ ကင်းလွတ်ငြိမ်းလိုတဲ့ အပါယ်လေးပါးက—

(၁) ငရဲရှိတယ်၊

(၂) တိရစ္ဆာန်ရှိတယ်၊

(၃) ပြိတ္တာရှိတယ်၊

(၄) အသူရကာယ်ရှိတယ်။

အဲဒီလေးပါးကို အပါယ်လေးပါးခေါ်တယ်။ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်လေးပါးမှ ဘဝတိုင်း ကင်းလွတ်ငြိမ်းတဲ့ကိုယ် ဖြစ်ရပါလို၏လို့ ဆုတောင်းခြင်း ဖြစ်ပါတယ်။

**ကပ်သုံးပါး**

ကပ်သုံးပါးက "သတ္တန်, ရောဂန်, ဒုဗ္ဘိက္ခန်, သုံးတန် ကပ်အပြား" ဆိုတဲ့ အတိုင်း—

(၁) သတ္ထန္တရကပ်၊

(၂) ရောဂန္တရကပ်၊

(၃) ဒုဗ္ဘိက္ခန္တရကပ်—

များဖြစ်တယ်။

သတ္တဝါတွေ ဒေါသအားကြီး၍ တုတ် ဓား လက်နက်တို့ဖြင့် ရိုက်နှက်ပုတ်ခတ် တိုးနှက်သတ်ဖြတ် သေကျေပျက်စီးတဲ့ အချိန်ပိုင်းကို သတ္တန္တရကပ် ဆိုင်တယ်လို့ခေါ်တယ်။ အဲဒီ ကပ်မှလဲ မိမိတို့ လွတ်မြောက်ရပါလို၏။

(၂) က ရောဂန္တရကပ်ဆိုတာ သတ္တဝါတွေ မောဟထူပြော၍ မလုပ်သင့်တာတွေလုပ်၊ မစားသင့်တာတွေစား၊ ဣရိယာပထ အပြုအပြင် အဆင်အခြင် ကင်းမဲ့ကုန်တော့ မရောက်သင့်တဲ့ ကပ်ရောဂါများ ရောက်ပြီး သေကျေပျက်စီးရတယ်။ အဲဒီလို ကပ်ရောဂါမျိုး ရောက်တာကို ရောဂန္တရကပ် ဆိုက်တယ်လို့ ခေါ်တယ်။ အဲဒီလို ကပ်ဆိုးမှလဲပဲ ဘဝတိုင်း လွတ်မြောက်တဲ့ကိုယ် ဖြစ်ရပါလို၏။

(၃)က ဒုဗ္ဘိက္ခန္တရကပ် သတ္တဝါတွေ လောဘအားကြီးယင် အစာရေစာ ခေါင်းပါးတယ်။ အဲဒီလို ခေါင်းပါးလို့ ပျက်စီးဆုံးရှုံးခြင်းကို ဒုဗ္ဘိက္ခန္တရကပ် ဆိုက်တယ်လို့ ခေါ်တယ် ထိုဒုဗ္ဘိက္ခန္တရကပ်မှလဲပဲ တပည့်တော်များ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းတဲ့ကိုယ် ဖြစ်ရပါလို၏၊ အဲဒီလို ဆုတောင်းခြင်းဖြစ်ပါတယ်။

ရပ်ပြစ်ရှစ်ပါး

ရပ်ပြစ်ရှစ်ပါးဆိုတာ အပြစ်သင့်သောအရပ် ရှစ်မျိုးလို့ ဆိုလိုတယ်၊ အောက်က ငရဲရယ် တိရစ္ဆာန်ရယ် ပြိတ္တာရယ်၊ အဲဒီသုံးဘုံအပြစ်သင့်တယ်၊ အဲဒီသုံးဘုံမှာ အသူရကာယ်ကို ပြိတ္တာထဲထည့်ထားတယ်။ ပြိတ္တာဆိုတဲ့ စကားထဲမှာ အသူရကာယ်ဘုံပါ ထည့်သွင်းထားတယ်လို့ အောက်မေ့ပါ၊ ဘာပြုလို့ ထည့်သွင်းထားရသလဲ၊ သီးခြားဘာကြောင့် မယူရသလဲဆိုတော့ ပြိတ္တာနဲ့ အသူရကာယ်ဘုံဟာ အသီးသီးအဆက်အသွယ်ရှိတယ်၊ ဒါကြောင့် ပြိတ္တာဆိုလိုက်ယင် အသူရကာယ်ဘုံပါ ပါသွားတယ်။

ဘာအပြစ် သင့်သလဲဆိုတော့ ငရဲမှာပဲဖြစ်ဖြစ်, တိရစ္ဆာန်မှာပဲဖြစ်ဖြစ်,ပြိတ္တာ အသူရကာယ်မှာပဲဖြစ်ဖြစ်၊အေး....အဲဒီအောက်မှာသွားဖြစ်ယင် ထိုဘဝမှာ မဂ်ဖိုလ်မရနိုင်တော့ဘူး၊ ဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ရဲ့

အန္တရာယ် အပြစ်သင့်နေတဲ့အရပ်မို့ “အပြစ်သင့်နေသောအရပ်” လို့ ဆိုလိုတယ်။

တခါ အထက်ကိုကြည့်လိုက် ရူပါဝစရပြဟ္မာ့ဘုံ တဆယ့်ခြောက်ဘုံရှိတဲ့အနက်က အသညသတ်ပြဟ္မာ့ဘုံဆိုတာ မဟာကပ်ငါးရာကြာအသက်ရှည်ကြတယ်၊ ရုပ်ချည်းပဲ သက်သက်ရှိတယ်၊ နာမ်မရှိဘူး၊ အဲဒီဘုံမှာလဲ မဂ်ဖိုလ်ကိုရဖို့မရှိဘူး၊ ဒါကြောင့် အဲဒီဘုံလဲ မဂ်ဖိုလ်ရဲ့ အန္တရာယ် အပြစ်သင့်နေတဲ့ အရပ်ဖြစ်လို့ သူ့ကို ရပ်ပြစ်တပါးလို့ တွက်ရတယ်။

အထက်ကတပါး အောက်ကသုံးပါး၊ လေးပါးရှိသွားပြီ၊ ကျန်တဲ့ ရပ်ပြစ်လေးပါးကို လူ့ပြည်မှာ ရှာရအောင်—

(၁) သာသနာမထွန်းကားသော တိုင်းစွန်ပြည်နား အရိုင်းအစိုင်း ဒေသဟာလဲပဲ အဲဒီဒေသမျိုးမှာ သွားဖြစ်နေယင် မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ မဖြစ်ဘူး၊ မဂ်ဖိုလ်နိဗ္ဗာန်ရဲ့ အန္တရာယ် အပြစ်သင့်လို့ သာသနာ မထွန်းကားသော တိုင်းစွန်ပြည်နား ပစ္စန္တရစ်အရပ်များကိုလဲ ရပ်ပြစ်တပါးလို့ ဆိုရတယ်။

ဒီလူ့ပြည်မှာ သာသနာထွန်းကားတဲ့ မဇ္ဈိမဒေသအရပ်မှာပဲ ဖြစ်တယ် ထားပါဦးတော့ မိမိကိုယ်တိုင်က မျက်စိ၊ နား၊ နှာ အင်္ဂါကြီးငယ် ချို့တဲ့နေယင်လဲပဲ ထိုဘဝမှာ မဂ်ဖိုလ်မရဘူး၊ဘာပြုလို့မရသလဲ၊ မျက်စိမှမပါပဲ ဘုရားဘယ်လိုဖူးမလဲ၊ နားမှမပါပဲ တရားဘယ့်နှယ်လုပ်နာမလဲ၊ နာမဖြစ်ဘူး၊ ဒီလိုတရားမနာရလို့ရှိယင် “ပရတော ဃောသ[၁]” ဆိုတဲ့ ပစ္စည်းချို့တဲ့သွားပြီ၊ တရားမနာရယင် “ယောနိသော

---

၁။ သူတပါးထံမှ ကြားနာရသောတရားသံ။

ဆိုတဲ့ ဤအက္ခရာမျိုး ဤအသံမျိုး တလုံးတလုံးတွင် ဘုရား တရား သံဃာ ရတနာသုံးပါးကို ညွတ်ကိုင်းတဲ့ ပဌမ မဟာကုသိုလ်စိတ် စေတသိက်ပေါင်း အနည်းဆုံး လေးဆယ့်ကိုးခါ လေးဆယ့်ကိုးခါ ဟာဒယဝတ္ထုရုပ်ပေါ်မှာ ဖြစ်တယ်၊ အဲဒီဖြစ်တဲ့ မဟာကုသိုလ်စိတ် တွေဟာ ပဌမ ရေချိုးလိုက်တာနဲ့တူတယ်။ ထိုပဌမ ကုသိုလ်စိတ် စေတသိက်တည်းဟူသော ရေကြည်ရေအေးတို့ဖြင့် မိမိတို့ကိုယ်ကို ဆေးကြောဖွပ်လျှော်လိုက်ခြင်း ဖြစ်တယ်။

ဒီလို ဆေးကြော ဖွပ်လျှော်လိုက်တဲ့ အခါမှာ မိမိက မာန်မာနချ ပြီးတော့ ရတနာသုံးပါးကို ညွတ်ကိုင်းတဲ့ ပဌမ မဟာကုသိုလ်စိတ် စေတသိက်တို့ဖြင့် စိတ်ကညွတ်ကိုင်း မာန်မာနချပြီး ကောင်းစွာ ကန် တော့တဲ့အတွက် ထိုအချိန်မှာ မိမိတို့သန္တာန်၌ ရတနာသုံးပါးနှင့်စပ် သော ကာယကံအပြစ်ဘေးအညစ်အကြေး, ဝစီကံအပြစ်ဘေး အညစ် အကြေး, မနောကံအပြစ်ဘေး အညစ်အကြေးတို့ စင်ကြယ်သွားပေ သည်။

## ဆုတောင်းနဲ့ဆေးဆိုးခြင်းတူပုံ

အဲဒီလို ရေမိုးချိုးပြီးစလို အပြစ်ဘေးအညစ်အကြေးတို့မှ စင်ကြယ် သွားတော့ လောကဥပမာအားဖြင့် အဝတ်တခုကို စင်ကြယ်သန့်ရှင်း အောင် ဖွပ်ပြီးတော့ ထိုအဝတ်ပေါ်မှာ ကိုယ်ကြိုက်တဲ့ မဲနယ်အပြာ နုကလေးကိုလဲ ဆိုးတတ်ကြ၏၊ အဝါနုကလေးကိုလဲ ဆိုးတတ်ကြ၏၊ အစိမ်းနုကလေးကိုလဲ ဆိုးတတ်ကြ၏၊ မရမ်းရောင်ကလေးကိုလဲ ဆိုး တတ်ကြတယ်၊ အဲဒီလို ကိုယ်ကြိုက်နှစ်သက်တဲ့ ဆေး ဆိုးသလို ထို့ အတူ ဗုဒ္ဓဘာသာ သူတော်စင်တို့လဲပဲ မိမိတို့နှစ်သက်တဲ့ အကျိုးတရား ဆု များကို တောင်းခြင်းဖြစ်တယ်။

ဖောက်ပြန်သောရေ, ဖောက်ပြန်သောမီး, ဖောက်ပြန်သောမင်း, သူခိုး, အမွေခံဆိုးတို့သာ ရန်သူများဖြစ်ကြတယ်။

ရေသည် တနည်းအားဖြင့် လူ၏အသက်သခင် ကျေးဇူးရှင်ဖြစ်သည်၊ သူမရှိယင် သတ္တဝါများ အသက်မရှင်နိုင်။ သို့သော် ဖောက်ပြန်ချက်ရှိလာတဲ့ ရေကျတော့ ရေက အန္တရာယ်ဖြစ်လာတယ်၊ အေး-အဲဒီရေမျိုး။

မီးလဲပဲ မီးမရှိယင် လူတွေ သွားလာချက်ပြုတ် လုပ်ကိုင်စားသောက်လို့ ဘယ်ဖြစ်မလဲ၊ အဲဒါ ပကတိမီး၊ မဖောက်မပြန်တဲ့ မီးမျိုးဖြစ်တယ်။ အဲဒီ မီးမျိုးဟာ လူတွေရဲ့ မိတ်ဆွေပဲ။ သို့သော် ဖောက်ပြန်ပျက်စီးပြီးတော့ မြို့လောင် ရွာလောင် စသည်ဖြင့် လောင်ကျွမ်းဖောက်ပြန်လာတဲ့ မီးကျတော့ ရန်သူပဲ။

ထို့အတူပဲ မင်းလဲ တိုင်းသူပြည်သားများအပေါ်မှာ ရင်ဝယ်သားကဲ့သို့ သဘောထားပြီးတော့ ရာဇဓမ္မနဲ့အညီ တိုင်းပြည် အုပ်ချုပ်မင်းပြုလုပ်နေယင် ထိုမင်းဟာ ပြည်သူပြည်သားတို့ရဲ့ မိဘပဲ၊ အေး.... တိုင်းသူပြည်သားတို့ မဆင်းရဲ ဆင်းရဲအောင် အမျိုးမျိုးကြံဆောင်နှိပ်စက်နေယင် ထိုမင်းမျိုးသည် ရန်သူစာရင်းပါဝင်တဲ့ မင်းမျိုးဖြစ်တယ်။

လူဆိုးသူဆိုး အမွေခံဆိုးတို့ ဆိုတာလဲ ရန်သူမျိုးပဲ၊ အဲဒီလို ရန်သူမျိုးငါးပါးမှ ဘဝတိုင်း ဘဝတိုင်း လွတ်မြောက်ရတဲ့ကိုယ် ဖြစ်ရပါလို၏လို့ ဆုတောင်းခြင်း ဖြစ်ပါတယ်။

**ဝိပတ္တိတရားလေးပါး**

ဝိပတ္တိလေးပါးက–

(၁) ကာလဝိပတ္တိ၊
(၂) ဥပဓိဝိပတ္တိ၊
(၃) ပယောဂဝိပတ္တိ၊
(၄) ဂတိဝိပတ္တိ–

လို့ ဝိပတ္တိလေးပါးရှိတယ်။

**ကာလဝိပတ္တိ**ဆိုတာ ဒုတိယကမ္ဘာစစ်တုန်းကလို ဘယ်လိုနည်းနဲ့မှ ကုသိုလ်ကောင်းမှု လုပ်လို့မဖြစ်တဲ့ အခါပျက်ကြီးမျိုး ဖြစ်တယ်၊ အဲဒါ ကာလဝိပတ္တိလို့ခေါ်တယ်။

**ဥပဓိဝိပတ္တိ**ဆိုတာ မိမိမှာ မျက်စိ၊ နား၊ နှာ အင်္ဂါကြီးငယ် ချို့တဲ့ နေခြင်းကို ဥပဓိဝိပတ္တိလို့ ခေါ်တယ်၊ ဘာဖြစ်လို့ ဒီဝိပတ္တိကို ကြောက် ရသလဲ၊ ကြောက်ရတာပေါ့၊ ဝိပတ္တိတွေကြုံနေယင် အကုသိုလ်ကံတွေက မကောင်းကျိုး ပေးတယ်။ အဲဒါကြောင့် ဒီဝိပတ္တိကို ကြောက်ရတယ်။

**ပယောဂဝိပတ္တိ**ဆိုတာ မိမိပြုလုပ်တဲ့ အလုပ်ဟာ ကောင်းကျိုးရဖို့ မဟုတ်ပဲ ဆိုးပြစ်ရဖို့ အလုပ်ကို အားထုတ်မိခြင်းကို ပယောဂဝိပတ္တိလို့ ခေါ်တယ်။ အဲဒီလို ဆိုးပြစ်ရဖို့ အလုပ်ကို အားထုတ်မိခြင်း ပယောဂ ဝိပတ္တိမှာလဲပဲ ဘဝတိုင်း လွတ်မြောက်ရတဲ့ကိုယ် ဖြစ်ရပါလို၏လို့ ဆုတောင်းခြင်း ဖြစ်ပါတယ်။

**ဂတိဝိပတ္တိ**ဆိုတာ အောက်အပါယ်ဘုံကို ဂတိဝိပတ္တိလို့ ခေါ်တယ်။ ဒီဝိပတ္တိလေးပါး ဆိုက်ရောက်နေယင် အကုသိုလ်ကံတွေက ဒီဝိပတ္တိနဲ့ ပေါင်းပြီး မကောင်းကျိုးပေးတတ်တယ်၊ မိမိတို့မှာ ရှိရင်းစွဲအကုသိုလ်

အပရာပရိယဝေဒနီယကံက ဒီဝိပတ္တိအဖော်ရယင် မကောင်းကျိုးကို အကျိုးပေးခွင့်ရတယ်၊ မကောင်းတာကို အကျိုးပေးတယ်။ ဒီဝိပတ္တိ လေးပါးမှ ဘဝတိုင်းလွတ်မြောက်တဲ့ကိုယ် ဖြစ်ရပါလို၏လို့ ဆုတောင်း ခြင်း ဖြစ်တယ်။

အေး....ဒီကပြန်လိုက်ယင် သမ္ပတ္တိလေးပါး ရှိတယ်။သမ္ပတ္တိလေးပါး ဖြစ်လို့ရှိယင် ကုသိုလ်အပရာပရိယဝေဒနီယကံတွေက ကောင်းကျိုး ပေးခွင့်ရတယ်၊ ကောင်းသောအကျိုးကို ပေးတယ်။ ချမ်းချမ်းသာ သာ သွားလာရတယ်၊ အဲဒါကြောင့် ဝိပတ္တိတရားလေးပါးတို့မှလဲပဲ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းတဲ့ကိုယ် ဖြစ်ရပါလို၏လို့ ဆုတောင်း ခြင်းဖြစ်တယ်။

**ဗျသနတရားငါးပါး**

ဗျသနတရား ငါးပါးဆိုတာ–

(၁) ဉာတိဗျသန၊
(၂) ဘောဂဗျသန၊
(၃) ရောဂဗျသန၊
(၄) သီလဗျသန၊
(၅) ဒိဋ္ဌိဗျသန။

ဉာ,ဘော,ရောဂါ၊သီလာ,ဒိဋ္ဌိ။ အတိုချုပ် ဒီလိုအခေါ် ရှိတယ်။

ဉာတိဗျသနဆိုတာ ဆွေမျိုးတို့ပျက်စီးပြီး တကောင်ကြွက် တမျက် နှာ ခိုရာကိုးရာမဲ့ဖြစ်ခြင်းကို ခေါ်တယ်။သူလဲ ဆင်းရဲဒုက္ခရောက်ခြင်း ၏အကြောင်းဖြစ်လို့ သူ့ကို မလိုချင်ဘူး။

ဘောဂဗျသနဆိုတာ စီးပွားဥစ္စာ ကုန်းကောက်စရာ မရှိအောင် ပျက်စီးဆုံးရှုံးခြင်းကို ခေါ်တယ်၊ ဒါလဲပဲ ဆင်းရဲဒုက္ခ ရောက်ကြောင်းဖြစ်တယ်။

ရောဂဗျသနဆိုတာ ရောဂါဝေဒနာ စွဲကပ်နေခြင်းကို ခေါ်တယ်၊ သူလဲ ဆင်းရဲဒုက္ခ ရောက်ကြောင်းဖြစ်လို့ သူ့ကိုလဲ မလိုချင်ဘူး။

ဒိဋ္ဌိဗျသနဆိုတာ အယူဖောက်ပြားခြင်းကို ခေါ်တယ်။

သီလဗျသနဆိုတာ ကိုယ်ကျင့်တရားဖောက်ပြားပြီး ငါးပါးသီလ တောင် မဘည့်ခြင်းမျိုးကို ခေါ်တယ်။ ရှောင်ရမယ်ဆိုတဲ့ အမှုကြီး ငါးမျိုးကို လူ့ကျင့်ဝတ်သဖွယ် သဘောထားပြီး ရှောင်ရမယ်။ ဒီလို မရှောင်ဘဲ ဒီအမှုကြီးငါးမျိုးကို လွန်ကျူးပြုမှားနေခြင်းကို သီလဗျသန လို့ ခေါ်တယ်။

အဲဒီ ဗျသနတရား ငါးမျိုးတွင် ဒိဋ္ဌိဗျသနနှင့် သီလဗျသနတို့က ပစ္စုပ္ပန်မှာသာ ဆင်းရဲစေသည်မဟုတ် သံသရာမှာလဲပဲ အပါယ်လေးပါး ကျပြီးတော့ ဆင်းရဲစေတတ်တယ်၊ ဒီတော့ ပိုပြီးတော့ ကြောက်စရာ ကောင်းတယ်ပေါ့။

အဲဒီ ဗျသနတရားငါးမျိုး တရားဆိုးတို့မှလဲပဲ အခါခပ်သိမ်း ကင်း လွတ်ငြိမ်းတဲ့ကိုယ် ဖြစ်ရပါလို၏လို့ ဆုတောင်းခြင်းဖြစ်ပါတယ်။

## မိစ္ဆာဒိဋ္ဌိ(၆၂)ပါးမှလည်း ကင်းလွတ်ရပါလို၏

အေး–ဗျသနတရား ငါးပါး အပြင် မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါး ကိုလည်း ထည့်ရမယ်၊ ဘာပြုလို့လဲဆိုယင် ထိုထိုဘာဝတို့မှာ မိမိက မိစ္ဆာဒိဋ္ဌိ အယူမှောက်မှားနေယင် မိမိပဲ အပါယ်သွားကြောင်း မကောင်းတဲ့လမ်းကို ရောက်လိမ့်မယ်။

ဒါကြောင့် "မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါးမှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍" ဆိုတာလေးထည့်သင့်တယ်၊ဒါကို ဘာလို့ပြောရသလဲဆိုယင် အချို့က နောက်ဆုံးမှာ "ဈာန်တရား, မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ဘုရား" လို့ ဆိုကြတယ်။ ဆရာသမား မိဘများ ချပေးတုန်းကတော့ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားပဲ၊သို့သော် ဈာန်ကိုတယ်လိုချင်ကြတယ်။ဒီတော့မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားဆိုတဲ့ လောကုတ္တရာနဲ့တွဲပြီး ဈာန်ဆိုတဲ့ လောကီတရားကို ကြိုက်လို့တောင်းကြတယ်။

အေး...အခုလဲပဲ ကင်းလွတ်ဖို့ရာထဲမှာ တယ်ကြောက်စရာကောင်းတာက မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါး ဖြစ်တယ်။ သူက အားကြီးကြောက်စရာကောင်းတယ်၊ အေး...မိစ္ဆာဒိဋ္ဌိ ဖြစ်နေယင် ဘယ်လိုမှ မဂ်ဖိုလ်နိဗ္ဗာန်ရ မဖြစ်ဘူး၊ ဒီတော့ သံသရာခရီးမှာ မိစ္ဆာဒိဋ္ဌိ မပယ်တပ်ပဲ ကမ္မဿကတာ ပညာနဲ့လဲပဲ ခရီးသွားနိုင်တယ်နော်။ အေး....ဘုရားလောင်းကြီးများ သံသရာဘဝခရီးကို လာခဲ့တာ ကမ္မဿကတာ ပညာနဲ့လာခဲ့ကြတယ်။ အပါယ်လားကြောင်း မကောင်းမှုကို မပြုကြပါဘူး၊ ဒါကြောင့် ထို "မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍" လို့ တောင်းသင့်တယ်။

အေး...စာခြောက်ပိုဒ်ကို တပိုဒ်ထဲနဲ့ပေါင်းပြီး အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍- ကင်းလွတ်ငြိမ်းရပါလို၏ လို့ ဆိုလိုတယ်။ ယင်းသို့ ကင်းလွတ်ငြိမ်းပြီးလျှင် အနှိုးဘဝ၌ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏အရှင်ဘုရားလို့ ပဏာမ ရေကြည်ရေအေးဖြင့် ဆေးကြော ရေမိုးချိုးပြီးတော့ မိမိတို့ခန္ဓာအစဉ်ဟူသောအဝတ်မှာ ကိုယ်ကြိုက်တဲ့ဆု တည်းဟူသော ပဋ္ဌနာဆေးကိုဆိုးပေးတယ်။

**ဆုပေးနည်း**

ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့၊ ယခု နှုတ်က မြွက်ဆိုတဲ့ ဆုတောင်းစကားတွေဟာ ဤမျှလောက် အဓိပ္ပာယ် လေးနက်ပါတယ်လို့ ဆရာဒါယကာ ပြောပြီးဆိုပြီး သဘောကျပြီးသား ဆိုယင်ဖြင့် ဆုပေးတဲ့ ကိုယ်တော်က ဘယ်လိုဆုပေးဖို့ ကောင်းသလဲ ဆိုယင်–

> အလိုရှိအပ် တောင့်တအပ်သော ဆုမြတ်အပေါင်းနှင့်
> တလုံးတဝတည်း ပြည့်စုံကြပါစေ–

လို့ပေးယင် တော်တော်ကောင်းတယ်၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်များလဲ အဲဒီဆုမျိုးပဲ ပေးတယ်။

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။

တုယှံ၊ သင်၏။ ဣစ္ဆိတံ၊ အလိုရှိအပ်သော။ ပတ္ထိတံ၊ တောင့်တ အပ်သော ဆုအဝဝသည်။ ခိပ္ပမေဝ၊ လျင်မြန်ဆောစွာသာလျှင်။သမိဇ္ဈတု၊ ပြည့်စုံပါစေသတည်း ဆိုတဲ့ ပစ္စေကဗုဒ္ဓါ ဆုနှင်းဂါထာနှင့် ကိုက်အောင်ဆိုယင်“အလိုရှိအပ် တောင့်တအပ်သော ဆုမြတ်အပေါင်း တို့ တလုံးတဝတည်း လျင်မြန်စွာ ပြည့်စုံကြပါစေ”လို့ ဆုပေးရမယ်။ အဲဒါ ဆုတောင်းနဲ့ဆုပေး မေးမလွဲတဲ့ ဆုပေးမျိုးဖြစ်တယ်။

ဒီလိုမဟုတ်ပဲနဲ့ သီလပေးတဲ့ ကိုယ်တော်က သူကျက်ထားလို့ရထားတဲ့ ဆုပေးကြီး လျှောက်ဆိုပေးနေယင် ဆုတောင်းက တခြား ဆုပေးက တခြား ‘ခါးတောင်းတခြား တင်တခြား’ ဖြစ်မယ်။ ဒီတော့ သီလပေးတဲ့ ကိုယ်တော်များ သတိပြုကြရမှာ ဖြစ်ပါတယ်။

**သရဏဂုံသီလကို ပါဠိလိုပေးယူကြပုံ**

အဲဒီလို ဆုနှင်းပြီးတဲ့အခါမှာ ဗုဒ္ဓဘာသာ သူတော်စင်တွေက သီလခံယူ ကြတယ်၊ အဲဒီ သီလခံယူ ဆောက်တည်ကျင့်သုံးတဲ့ ကိစ္စမှာ အပိုင်းလေးပိုင်းရှိတယ်–

(၁) သရဏဂုံသီလ တောင်းခံတဲ့အပိုင်း၊

(၂) မြတ်စွာဘုရားအား နမောတဿဖြင့် ရှိခိုးတဲ့အပိုင်း၊

(၃) သရဏဂုံသုံးပါးကို ဆောက်တည်တဲ့အပိုင်း၊

(၄) ငါးပါးသီလ ရှစ်ပါးသီလကို ဆောက်တည်ခံယူ ကျင့်သုံး တဲ့ အပိုင်း–

လို့ အပိုင်းလေးပိုင်းရှိတယ်။

အဲဒီလေးပိုင်းလုံးပင် မိဘဘိုးဘွားအဆက်ဆက်သော လူကြီးများ၊ အဆက်ဆက်သော ဆရာသမားများက လေးပိုင်းလုံးကို ပါဠိလိုပဲ ဆိုရိုးပြုခဲ့ကြတယ်။ ဒီလူကြီးမိဘ ဆရာသမား အဆက်ဆက်တို့ရဲ့ မျှော်လင့်ချက်က ပါဠိဘာသာသည် သဘာဝနိရုတ္တိဘာသာ မြတ်စွာဘုရား တို့ ပြောဆိုတဲ့ အရိယဝေါဟာရ ဘာသာဖြစ်လို့ ထိုဘာသာဖြင့် ဓမ္မကိစ္စကို ရွက်ဆောင်ရလျှင် တို့သား၊ တို့သမီး၊ တို့မြေး၊ တို့မြစ်တွေ အရိယမင်္ဂကို ရကြတဲ့အခါမှာ မာဂဓီဘာသာသည် ပဋိသမ္ဘိဒါဉာဏ်အား ကျေးဇူးပြုတယ် ဆိုတဲ့အတိုင်း အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိ-ပဋိသမ္ဘိဒါ ပဋိဘာနပဋိသမ္ဘိဒါ ဆိုတဲ့ ပဋိသမ္ဘိဒါလေးပါးရတဲ့ ပဋိသမ္ဘိ-ဒါပတ္တ အရိယာသူတော်စင်တွေ ဖြစ်ကြပါစေလို့ မျှော်လင့်ချက်ကြီး စွာ ရည်ရွယ်ချက်မွန်မြတ်လှစွာဖြင့် ပါဠိလို လေးပိုင်းလုံးကိုဆိုရိုးပြုခဲ့ ကြတယ် သူတော်ကောင်းတို့။

အဲဒီလို သီလပေးတဲ့ ကိုယ်တော်က ဆုပေးပြီးတဲ့အခါမှာ ဗုဒ္ဓဘာသာ သူတော်စင်တွေက –

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊
အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ –

လို့ဆိုရတယ်။

ရေမိုးချိုးပြီးတဲ့ အမျိုးသားအမျိုးသမီးတို့သည် မိဘများထံ "အမေတို့ အဖေတို့ ရေမိုးချိုးပြီးလို့ ပန်းကောင်းပန်ချင်လို့ ပန်းပေးပါ၊ အဝတ်ကောင်းဝတ်ချင်လို့ အဝတ်ကောင်းပေးပါ၊ နံ့သာကောင်းလိမ်းချင်လို့ နံ့သာကောင်းပေးပါ"လို့ တောင်းကြသလို သူတော်ကောင်းတွေဟာ မိမိတို့ရဲ့ကိုယ်မှာ ရတနာသုံးပါးနဲ့ ပတ်သက်လို့ ကာယကံ, ဝစီကံ, မနောကံ အပြစ်ဒေါသ အညစ်အကြေးတွေကို ပဏာမရေကြည်ရေအေးနဲ့ ဆေးကြောသုတ်သင် ရေမိုးချိုးပြီးတော့ ခန္ဓာကိုယ်စင်ကြယ်နေတဲ့ ဤအချိန်မှာ သရဏဂုံတည်းဟူသော ဦးစိုက်ပန်း၊ ငါးပါးသီလတည်းဟူသော ဝတ်ကောင်းစားလှငါးမျိုး၊ တနည်း—ငါးပါး သီလ တစုံတည်းဟူသော နံ့သာကောင်း ငါးမျိုး၊ (သီလကို တုဏ္ဍိလဇာတ်မှာ နံ့သာလို့ အဟောရှိပါတယ်)

အေး....အဲဒီတော့ တပည့်တော်တို့သည် သရဏဂုံဦးစိုက်ပန်း, ငါးပါးသီလတည်းဟူသော ဝတ်ကောင်းစားလှ ငါးမျိုး,နံ့သာကောင်း ငါးမျိုးကို ပန်လိုဝတ်လို လိမ်းသခြယ်လှယ် လိုပါသည်ဘုရား၊ ခြယ်လှယ်ဖို့ရာ တောင်းခံပါတယ်လို့ အဓိပ္ပာယ်ရှိတယ်။

### သရဏဂုံ သီလတောင်း အနက်

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးဟူသော ဦးစိုက်ပန်းနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ ဓမ္မံ၊

ငါးပါးသီလ ကိုယ်ကျင့်တရားဟု ဆိုအပ်သော ဝတ်ကောင်းစားလှ ငါးမျိုး နို့သာကောင်း ငါးမျိုးကို။ ယာစာမိ၊ ပန်ရလိုကြောင်း ဝတ်ရလိုကြောင်း လိမ်းရလိုကြောင်း တောင်းခံပါ၏။

ဘန္တေ၊ အရှင်ဘုရား။ အနုဂ္ဂဟံ၊ ချီးမြှောက်သည်ကို။ ကတွာ၊ ပြု၍။ မေ၊ တပည့်တော်အား။ သီလံ၊ သရဏဂုံသုံးပါး ဦးစိုက်ပန်းနှင့်တကွ ငါးပါးသီလတည်းဟူသော ဝတ်ကောင်းစားလှငါးမျိုး နို့သာကောင်း ငါးမျိုးကို။ ဒေထ၊ ကရုဏာရှေးရှု ပေးတော်မူကြပါ။

မိဘထံ သားသမီးများက ပန်းကောင်း, အဝတ်ကောင်း, နို့သာ ကောင်း တောင်းတာနဲ့ အင်မတန် တူပါတယ်။ တောင်းတာက ခြေ ပေါက်လက်ခါ တကြိမ်သာ တောင်းတာမဟုတ်ဘူး။ ဒုတိယမ္ပိ နှစ်ကြိမ် မြောက်လည်း တောင်းတယ်၊ တတိယမ္ပိ သုံးကြိမ်မြောက်လည်း ဒီ အတိုင်း တောင်းတယ်။ ပါဠိလို တောင်းနေတာနော်၊ အဲဒီတော့ သီလ ပေးတဲ့ ဘုန်းကြီးက ဘာမြွက်သလဲ—

ယမဟံ ဝဒါမိ၊ တံ ဝဒေထ–

လို့မြွက်တယ်။ ဒါယကာ ဒါယိကာမတွေက "အာမ ဘန္တေ" ဆိုကြ တယ်။

တယောက်သောသူက "အဲဒါ- ခင်ဗျားတို့ ဘာလုပ်ကြတာလဲ"လို့ မေးယင် မသိပါဘူးလို့တော့ မပြောနဲ့ သိမှဖြစ်မယ်၊ ဒီဟာက ဒီလို အဓိပ္ပာယ်ရှိတယ်– သရဏဂုံ တည်းဟူသောဦးဆောက်ပန်း, ငါးပါး သီလတည်းဟူသော အဝတ်ကောင်းငါးမျိုး, နို့သာကောင်းငါးမျိုးဟာ ပကတိပန်း ပကတိအဝတ် ပကတိနို့သာများလို အထည်ဒြပ် တွေကြီး နဲ့ ကိုင်ပြီးတော့ ရော့-ပန်တော့, ရော့-ဝတ်တော့, ရော့-လိမ်းတော့လို့ အထည်ဒြပ်နဲ့ ကိုင်ပေးလို့ ရကောင်းတာမဟုတ်ဘူး၊ အေး.... နှုတ်နဲ့

မြွက်ဆို ဆောက်တည်မှ ရကောင်းတာဖြစ်လို့ ဆောက်တည်ပုံ ပါဠိ မမှားအောင် ရှေ့ကဆိုပေးမယ်၊ ဆိုပေးတဲ့အတိုင်း လိုက်ဆိုကြ။ အဲဒီ အဓိပ္ပာယ်နဲ့ သီလပေးဘဲ့ကိုယ်တော်က—

"ယ'မဟံ ဝဒါမိ၊ တံ ဝဒေထ" လို့ဆိုတယ်။

**ယမဟံ ဝဒါမိ အနက်**

"သာဓဝေါ၊ နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ ယံ၊ အကြင် သရဏဂုံဆောက်တည်ပုံ ငါးပါးသီလခံယူပုံကို။ အဟံ၊ ငါသည်။ ဝဒါမိ၊ ရှေ့ကပင့်တည် ဆိုပေးပါအံ့။ တံ၊ ထိုငါဆိုအပ်တဲ့ပါဠိကို။ တုမှေ၊ သင်သူတော်ကောင်းတို့သည်။ ဝဒေထ၊ အတုလိုက်ကာ မမှား အောင်ဆိုကြပါ' လို့ သီလပေးတဲ့ကိုယ်တော်က ပါဠိလိုပြောတော့ ဒါယကာ ဒါယိကာမတွေက အာမ ဘန္တေ။ ဘန္တေ၊ အရှင်ဘုရား။ အာမ သာဓု၊ ကောင်းပါပြီအရှင်ဘုရားလို့ ဝန်ခံလိုက်တာနော်။

## နမော တဿ ဘုရားရှိခိုး

**နမော တဿ ၃-ခေါက်ဆိုရပုံ**

ပြီးတော့မှ သီလပေးတဲ့ကိုယ်တော်က—

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဆိုတဲ့ အတိုဆုံး ဘုရားရှိခိုး စာပိုဒ်ကို ဆိုပေးတယ်။ အေး....တို့သရဏဂုံ မဆောက်တည်မီ တိုတိုတုတ်တုတ် ဘုရားရှိခိုးကြဦးစို့လို့ အဓိပ္ပာယ် ရတယ်။

သီလပေးတဲ့ကိုယ်တော်က နမော တဿ ဘုရားရှိခိုး စာပိုဒ်ကို တခေါက်ချပေးတယ်။ ဒါယကာ ဒါယိကာမတွေက သုံးခေါက်ဆိုကြ

တယ်။ ဒါဟာ အဓိပ္ပာယ်ရှိတယ်။ ဒီနေရာမှာ အမေးအမြန်းထူတဲ့ လူများက မေးလိမ့်မယ်၊ နေစမ်းပါဦးဗျာ ခင်ဗျားတို့ ဆရာ ဒါယကာမှာ သီလပေးတဲ့ဆရာက "နမော တဿ" တခေါက်ဆိုပါလျက်နဲ့ ခင်ဗျားတို့ ဒါယကာ ဒါယိကာမတွေက ဘာပြုလို့ သုံးခေါက်ဆိုရသလဲလို့ မေးလိမ့်မယ်။ မေးယင် "မသိပါဘူးဗျာ" လို့ ပေါ့ပေါ့မပြောလိုက်ပါနဲ့၊ မသိပါဘူးဗျာ ဆိုတဲ့စကားကို လုံးဝကို မထည့်နဲ့၊ ဒါယကာ ဒါယိကာမတွေက ဘာဖြစ်လို့ သုံးခေါက်ဆိုရသလဲ မေးယင် ရဲရဲတောက် ဒီလို ဖြေလိုက်ပါ—

"ကျွန်ုပ်တို့ရဲ့ မိဘဘိုးဘွား အဆက်အဆက်လူကြီးများ ဆရာသမားများက သုံးခေါက်ဆိုရိုးပြုခဲ့လို့ ကျုပ်တို့ဆိုသဗျား"

မသိပါဘူးဗျာလို့ ပျော့ပျော့နဲ့မပြောနဲ့၊ မသိပါဘူးဗျာ - ကို ထည့်ကို မထည့်နဲ့။

ဒီတော့-မေးတဲ့လူက ထပ်ပြီးမေးလိမ့်ဦးမယ်၊နေပါဦး... ခင်ဗျားတို့ မိဘဘိုးဘွား အဆက်အဆက်လူကြီးများ ဆရာသမားများက ဘာ့ကြောင့် သုံးခေါက်ဆိုရိုး ပြုခဲ့တာလဲလို့ မေးလိမ့်မယ်။ အဲဒီအခါမှာ ရဲရဲတောက် ဤကဲ့သို့ ဖြေလိုက်ပါ—

ဤ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဆိုသော ဘုရားရှိခိုးစာပိုဒ်သည် ဗုဒ္ဓဘာသာနယ်ပယ်မှာ သူမပါလျှင် မပြီးသလောက် အရေးပါ အရာရောက်သဗျာ့လို့ ပြောလိုက်ပါ၊ ဘာကို ထောက်ပြီးတော့ ပြောသလဲလို့မေးယင် ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ စာပေမှန်သမျှ စာအုပ်ထိုင်း စာအုပ်တိုင်းကို ကြည့်ပါ၊ တဝါး လက်လေးသစ်လောက်ရှိတဲ့ စာအုပ်ကလေးပဲဖြစ်ဖြစ် ရောမအထူကြီး စာအုပ်ကြီးပဲဖြစ်ဖြစ် ပါဠိဘာသာနဲ့ စာအုပ်ပဲဖြစ်ဖြစ် မြန်မာဘာသာနဲ့

စာအုပ်ပဲဖြစ်ဖြစ် ဗုဒ္ဓဘာသာ စာပေမှန်သမျှ ပထမဆုံးစာသား မျက်နှာကို လှန်လိုက်ယင် ဒီ-နမော တဿ ကို အလျင်တွေ့တာပဲ။ နမော တဿ မပါတဲ့ ဗုဒ္ဓဘာသာစာအုပ်ရယ်လို့ ဘုန်းကြီးတို့ တယ် မတွေ့ရဘူး။

## နမောတဿ မပါတဲ့ စာအုပ်

တအုပ်တော့တွေ့ရတယ်၊ ယခုအချိန်ကျအောင် တအုပ်ထဲပဲတွေ့ရ သေးတယ်။ ဘာလဲဆိုတော့ မောင်မြင့်ဆွေ ရေးတဲ့စာအုပ်ပဲ၊ သူက ငါးရာ့ငါးဆယ်ကို ဘာသာပြန်တယ်၊ သူ့စာအုပ် လက်ရေးမူတုန်းကလဲ ဘုန်းကြီးကိုပြတယ်၊ ပြတော့ မင်းဟာ "နမော တဿ"မှ မပါပဲ၊ ဗုဒ္ဓဘာသာ ဗုဒ္ဓစာပေဆိုတာ နမော တဿ ပါရတယ်ကွဲ့၊ ဒီလို အလေးအနက် ပြောလိုက်တယ်။ ဒါပေမယ့် သူဒီအတိုင်း ရိုက်တယ်။ ဒီအတိုင်းရိုက်တော့ "နမော တဿ"မပါဘူး၊ ရိုက်ပြီးတဲ့စာအုပ်လဲ ဘုန်းကြီးကို တအုပ်လာလှူလို့ ကြည့်တော့ နမော တဿ မပါလို့ "မင်းကိုငါ နမော တဿ အထည့်ခိုင်းတာ ဘာပြုလို့ မင်းမထည့် သလဲ" မေးတော့ သူက ရယ်နေတယ်၊ ဒီတော့ "မင်းက မူလဋီကာ ဆရာကို အားကျပြီးတော့ ဒီလိုလုပ်တာလား"လို့ မေးမိတယ်။

ဘုန်းကြီးတို့ စာပေထဲမှာ အဋ္ဌကထာဆရာကြီးက အဘိဓမ္မာ အဋ္ဌကထာ ဖွင့်တဲ့အခါကျတော့—

> ကရုဏာ ဝိယ သတ္တေသု၊ ပညာ ယဿ မဟေသိနော။
> ဉေယျဓမ္မေသု သဗ္ဗေသု၊ ပဝတ္တိတ္ထ ယထာရုစိ။

စတဲ့ ဂန္ထာရမ္ဘ ပဏာမဂါထာတွေနဲ့ ခြံခြံရံရံ ဘုရားရှိခိုးပြီးတော့မှ ပဋိညာဉ်တွေ ပြုပြီးတော့မှ အဋ္ဌကထာကို ဖွင့်ဆိုတယ်။

အဲဒီ အဋ္ဌကထာကို ဖွင့်တဲ့ မူလဋီကာကျတော့ အဲဒီလို ဘုရားရှိခိုးတဲ့ ပဏာမဂါထာ မပါဘူး၊ပဏာမဂါထာမပါပဲ "ဓမ္မသံဂဏ္ဍနာယ" ကစတယ်။သို့သော် သူ့ စာမှာတော့ ပေမူထဲမှာ နမော တဿ ပါတယ် နော်။ အေး-ဆိုကြပါစို့၊ မူလဋီကာ ဆရာလို အင်မတန် ထိပ်သီးဆရာကြီးကျတော့ ဘုန်းကြီးတို့ စာပေနယ်မှာ ဖြေပြောလို့ရတယ်။ မူလဋီကာဆရာက မိမိရဲ့သမာဓိ မိမိယုံကြည်တယ်။ မိမိရဲ့ကျမ်းပြီးအောင် မိမိမှာ သမာဓိရှိတယ် ခိုင်တယ်ဆိုတာ ယုံကြည်လို့ ပဏာမ မပြုတာ၊ ဒီလို ပုဂ္ဂိုလ်ကြီးကျတော့ ဖြေပြီးတော့ ပြောလို့ရတယ်။ အေး ခုနက ဒါယကာလေးလဲ ပြောရတယ်။ "မင်းက မူလဋီကာဆရာ အားကျလို့ကွာ၊ ဟိုက မူလဋီကာမို့ သာသနာက ဖြေယူတာ၊ မင်းကျတော့ ဖြေမှာမဟုတ်ဘူး၊ 'အလကားလူပါ' ပဲလို့ အပြောခံရမယ်လို့ ဘုန်းကြီးလဲ သူ့ စာအုပ်ပေါ်မှာ အဲဒီလိုပဲ သူ့ကို ပါးစပ်နဲ့ ဝေဖန်ပြောလိုက်တယ်" တည့်လိုပဲ ခင်မင်နေတဲ့ ဒါယကာလေးပါပဲ။

အေး....ဆိုလိုတာက "နမော တဿ" ဘုရားရှိခိုးဟာ ဗုဒ္ဓဘာသာ တရားနယ်ပယ်မှာ ဤမျှလောက် အရာရောက်တယ် အရေးပါတယ် ဆိုတာ ဤအချက်ကို ထောက်သဖြင့် သိရပါတယ်။

## နမော တဿ ဘုရားရှိခိုး အရေးပါပုံ

ဘာဖြစ်လို့ ဒါလောက်အရေးပါ အရာရောက်သလဲလို့ တခါထပ်ပြီးတော့ စဉ်းစားယင် ဤ နမော တဿ ဘုရားရှိခိုး စာပိုဒ်ကို ဘုန်းကြီးတို့ သဒ္ဒါသဘောအရ "နမောက တပုဒ်၊ တဿက တပုဒ်၊ ဘဂဝတောက တပုဒ်၊ အရဟတောက တပုဒ်၊သမ္မာသမ္ဗုဒ္ဓဿက တပုဒ်-ငါးပုဒ်ထဲရှိတဲ့ စာတပိုဒ်ပါ။အဲဒီ ငါးပုဒ်ထဲရှိတဲ့ ဘုရားရှိခိုး စာတပိုဒ်က

ဘဂဝါဂုဏ်၊ အရဟံဂုဏ်၊ သမ္မာသမ္ဗုဒ္ဓဂုဏ် ဆိုတဲ့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကြီး သုံးပါးကို ငုံပြီးတော့ ချီးမွမ်း ဘုရားရှိခိုးတဲ့ စာပိုဒ် ဖြစ်ပါတယ်။

ဆရာသမားများထံ စာတက်မယ်ဆိုယင် ဟောဒီလို အနက်တွေ ရလိမ့်မယ်၊

| | | |
|---|---|---|
| **ဘဂဝတော** | = | ဘဂဝါဂုဏ်ရှင် ဖြစ်တော်မူထသော၊ |
| အရဟတော | = | အရဟံဂုဏ်ရှင် ဖြစ်တော်မူထသော၊ |
| သမ္မာသမ္ဗုဒ္ဓဿ | = | သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူထသော၊ |
| တဿ | = | ထိုမြတ်စွာဘုရားအား၊ |
| နမော | = | ရှိသေမြတ်နိုး အကျွန်ုပ်ရှိခိုးပါ၏။ |

စာကလေး တိုတိုနဲ့ ဘယ်လောက် အနက်အဓိပ္ပာယ် လေးနက်သော ဘုရားရှိခိုးလဲ ဆိုတာ အနက် ဒီလိုမြန်မာပြန်ကြည့်လိုက်ယင် ပိုသိပါတယ်။ ဒီလို ဘဂဝတော၊ ဘဂဝါဂုဏ်ရှင် ဖြစ်တော်မူထသောလို့ ဘာကြောင့် အနက်ပေးရသလဲ၊ အေး မိမိတို့ နောက်လဲပဲ ဘဂဝါဂုဏ် ဆိုတာ ဘာခေါ်တယ်၊ အရဟံဂုဏ်ဆိုတာ ဘာခေါ်တယ်၊ သမ္မာ-သမ္ဗုဒ္ဓဂုဏ်ဆိုတာ ဘာခေါ်တယ်ဆိုတာသိရမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် အခုပေးတဲ့ အနက်ဟာ မြန်မြန်ထက်ထက် သိလွယ်တဲ့ နာမသတ် အနက်မျိုး ဖြစ်ပါတယ်၊ အဲဒီလို အနက်ပေးကြည့်လိုက်ယင် "သြော်.... ဒီစာပိုဒ်ဟာ မြတ်စွာဘုရားရဲ့ ဘဂဝါဂုဏ် အရဟံဂုဏ် သမ္မာသမ္ဗုဒ္ဓဂုဏ် ဒီဂုဏ်တော်ကြီး သုံးပါးဖြင့် ချီးကျူးပြီးတော့ ဘုရားရှိခိုးတဲ့ စာပိုဒ်ပါလား"လို့ သိရတဲ့အတွက် သဒ္ဓါတရားတွေ ပိုပြီးတော့ ဖြစ်မယ်။

## နမော တဿ ဆို၍ ရှိခိုးခဲ့သည့် ပညာရှင်များ

အဲဒီလို စာပိုဒ်တိုပေမယ့်လို့ ဂုဏ်တော်ကြီး သုံးပါးနဲ့ ဘုရားရှိခိုးတဲ့ စာပိုဒ်ဖြစ်လို့ ဘုရားရှင် လက်ထက်တော်တုန်းက သိကြားမင်း, သဟမ္ပတိ ဗြဟ္မာမင်း, လူ့ပြည်က ဗိမ္ဗိသာရမင်းတို့, ပသေနဒီကောသလမင်းတို့, ပုဏ္ဏားပညာရှိ-ဖြစ်ကြတဲ့ ဗြဟ္မာယုပုဏ္ဏားတို့, ပေါက္ခရသာတိပုဏ္ဏားတို့, ဇာဏုသောဏိပုဏ္ဏားတို့ ဘုရားရှင်အား ဒီ နမော တဿနဲ့ သုံးကြိမ်တိုင်တိုင် တမြတ်တနိုး ရှိခိုးကြပါတယ်။

အားလုံး ကြားဖူးပါလိမ့်မယ်၊ ဘုရားရှင်လက်ထက်က "ဓနဉ္စာနီ" အရိယာ ပုဏ္ဏားမကြီး ဆိုယောင် ဘယ်အန္တရာယ်ကိုမှ မရေမတွက်ဘူး၊ ဘုရားကို ဒီ နမော တဿနဲ့ တမြတ်တနိုး သုံးကြိမ်တိုင်တိုင် ရှိခိုးတာ စာထဲမှာ တိုက်ရိုက်လာရှိပါတယ်။

ဒါကြောင့် ဖြေလိုက်ပါ—"ဤ နမော တဿ ဘုရားရှိခိုး စာပိုဒ်သည် လူပညာရှိ နတ်ပညာရှိ ဗြဟ္မာပညာရှိ ပညာရှိတိုင်း တမြတ်တနိုး ရှိခိုးအပ်တဲ့ ဘုရားရှိခိုး စာပိုဒ်ဖြစ်လို့ ကျွန်ုပ်တို့၏ အမိ အဖ အဘိုး အဘွား အထက် အထက် လူကြီးများ ဆရာသမားတို့က သုံးခေါက် ဆိုရှိုးပြုခဲ့တယ်ဗျာ့" အဲဒီလို ရဲရဲကြီး ဖြေလိုက်ပါ။

မိမိတို့ ကိုယ်တိုင်လည်း မြတ်နိုးလောက်တဲ့ ဘုရားရှိခိုးမှန်း သိအောင် ခုတဖန် ဒီ နမော တဿ စာပိုဒ်အရ မြန်မာဘာသာ ယက်သက်ဖြင့် ဘုရားရှိခိုးရအောင် သူတော်ကောင်းတို့၊ ကဲ လိုက်ဆိုကြ။

"အကျွန်ုပ်သည် ဘဂဝါဂုဏ်ရှင် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုးပါ၏" (သုံးခေါက်ချပေးသည်)

အဲဒီလို ဆိုလိုက်တော့ လုံးတိုင်း ခွန်းတိုင်း အနက်အဓိပ္ပာယ်သိပြီး တော့ တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တို့ဖြင့် မြတ်စွာဘုရားကို တမြတ်တနိုး မိမိတို့ ရှိခိုးပြီးပြီ။

သရဏဂုံ ၃-ပါး ခံယူပုံ

ထို့အတူ သရဏဂုံခံယူတဲ့ နေရာမှာလဲပဲ သီလပေးတဲ့ ကိုယ်တော်က—

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ—

လို့ ရှေ့က ဆိုပေးတော့ ဒါယကာ ဒါယိကာမတွေက ဝမ်းပန်းတသာ ဒီအတိုင်း လိုက်ဆိုကြတယ်။

"ဗုဒ္ဓံ၊မြတ်စွာဘုရားကို။သရဏံ၊ ကိုးကွယ်ရာဟူ၍။ဂစ္ဆာမိ၊
တပည့်တော် တပည့်တော်မ ဆည်းကပ် သိမှတ်ပါ၏ဘုရား။

ဓမ္မံ၊ တရားတော်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊
တပည့်တော် တပည့်တော်မ ဆည်းကပ် သိမှတ်ပါ၏ ဘုရား။

သံဃံ၊ သံဃာတော်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊
တပည့်တော် တပည့်တော်မ ဆည်းကပ် သိမှတ်ပါ၏ ဘုရား"

ဒီ အဓိပ္ပာယ်နော်။

ဤစကားရပ်ကို ဘုန်းကြီးတို့ ဥပမာ အလင်္ကာနဲ့ ပြောလို့ရှိယင် ဗုဒ္ဓသရဏဂုံ ပန်းပွင့်ကြီး, ဓမ္မသရဏဂုံ ပန်းပွင့်ကြီး, သံဃသရဏဂုံ ပန်းပွင့်ကြီး သုံးဆင့် ဖြစ်တယ်၊ အဲဒီလို စွင့်စွင့်ပွင့်နေတဲ့ သရဏဂုံ ပန်းခိုင်ကြီး တခိုင်ကို ရော့ ပန်တော့လို့ ပေးလိုက်တော့ ဒါယကာ

ဒါယိကာမတွေကလဲပဲ နှစ်လိုအားရ ဝမ်းပန်းတသာ လိုက်ဆိုယူလိုက်တဲ့ အခါ မိမိတို့ ခေါင်းပေါ်မှာ သုံးပွင့် သုံးဆင့် ပန်းသုံးဆင့် စွင့်စွင့်ကြီး ပွင့်နေတဲ့ သရဏဂုံ ပန်းခိုင်ကြီး တခိုင် စိုက်ပြီးသား ဖြစ်လာတယ်။

ဒီအချိန်မှာ သီလပေးတဲ့ ကိုယ်တော်က ဒုတိယမ္ပိ နှစ်ကြိမ်မြောက် လဲပဲ သရဏဂုံပန်းခိုင်ကြီး တခိုင် ပေးပြန်တယ်။ ဒါယကာ ဒါယိကာမ တွေကလဲပဲ ဒုတိယမြောက် သရဏဂုံ ပန်းခိုင်ကို ပန်လိုက်ပြန်တယ်။

ဒီတော့ သီလပေးတဲ့ ကိုယ်တော်က တတိယမ္ပိ သုံးကြိမ်မြောက် သရဏဂုံ ပန်းခိုင်တခိုင် ပေးပြန်တယ်။ ဒီတော့ သရဏဂုံပန်းခိုင် သုံးခိုင် ဘယ်တခိုင် ညာတခိုင် အလယ်ကောင်ကတခိုင် အားလုံး သရဏဂုံ ပန်းခိုင်ကြီးသုံးခိုင် မိမိတို့ရဲ့ခေါင်းပေါ်မှာ ပန်ကြပြီးပြီ။

ဒီအချိန်မှ မိဘက သားသမီးကို ပန်းပန်ပြီးကြပလားလို့ မေး တယ်နော်၊ ပန်းပန်ပြီးရင် အဝတ်အဝတ် နဲ့သာဒါလိမ်းလို့ ပြော ချင်လို့ မိဘကမေးတယ်။ အဲဒီလိုပဲ သီလပေးတဲ့ကိုယ်တော်က—

"သရဏဂမနံ ပရိပုဏ္ဏံ"

လို့ မေးလိုက်တယ်။ ဒါယကာ ဒါယိကာမတွေက—

"အာမ ဘန္တေ"

လို့ ဖြေဆိုကြတယ်။

"သာဓုဝေါ၊ နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ သရဏ- ဂမနံ၊ သရဏဂုံသည်၊ ပရိပုဏ္ဏံ၊ ပြည့်စုံပြီလား" ဒါ ရိုးရိုးမေးတာ၊ ဥပမာအလင်္ကာသဘောနဲ့ ပြောရရင် "သရဏဂုံပန်း ဆင်မြန်းတာ ပြည့်စုံကြ ပြီးစီးကြပြီလား" လို့ မေးတာ။

ဒီတော့ ဒါယကာ ဒါယိကာမတွေက "အာမ ဘန္တေ=သရဏဂုံ ပြည့်စုံပါပြီဘုရား=သရဏဂုံပန်း လန်းလန်းစွင့်စွင့် ပန်ဆင်ပြီးပါပြီ ဘုရား"လို့ ဆိုတော့ အဝတ်ကောင်း တဆည်တထည်စီ နှံ့သာကောင်း တမျိုးတမျိုးစီ ရေ့ဝတ် ရေ့လိမ်းလို့ မိဘတွေက သားသမီးတွေကို ပေးသလို သီလပေးတဲ့ကိုယ်တော်က သိက္ခာပုဒ်ငါးပါးကို–

ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ—

ကစပြီး တပါးစီတပါးစီ ငါးပါးပြည့်တဲ့အထိ တိုင်တည်ပေးတယ်။ ဒါယကာ ဒါယိကာမတွေကလဲ တပုဒ်စီ တပုဒ်စီ ဝမ်းပန်းတသာ ဆိုကြ ယူကြ ဆောက်တည်ကြတယ်။

## သိက္ခာပုဒ်အဓိပ္ပာယ်

ဒီနေရာမှာ သိက္ခာပုဒ်ဆိုတဲ့စကားဟာ နားလည်ဖို့ရန် မလွယ်ဘူး၊ အေး-သိက္ခာပုဒ် ဆိုသောစကားသည် "သိက္ခာပဒ"ဟူသော ပါဠိမှာ (ဒ)ကို အသတ်သတ်လိုက်၊ ပြီးတော့ ပစောက်အောက်က ရွတ်ဆိုလို့ ကောင်းအောင် ဝါစာသိလိဠ ဖြစ်အောင် ဆိုပြီးတော့ တချောင်းငင် (ဥ)သရ ထည့်ပြီး "သိက္ခာပုဒ်"လို့ ခေါ်လိုက်တာ။

သိက္ခာပဒမှာ သိက္ခာဆိုတာ ကျင့်အပ်သော တရားကိုခေါ်တယ်၊ ထိုကျင့်ရမယ့် တရားက သီလရယ် သမာဓိရယ် ပညာရယ် သုံးမျိုး ရှိတယ်၊ ဒါကြောင့်–

(၁) သီလသိက္ခာ=သီလတည်းဟူသော ကျင့်ရမယ့်တရား၊

(၂) သမာဓိသိက္ခာ=သမာဓိတည်းဟူသော ကျင့်ရမယ့်တရား၊

(၃) ပညာသိက္ခာ =ပညာတည်းဟူသော ကျင့်ရမယ့်တရား—

လို့ သိက္ခာသုံးပါး ကျင့်ရမယ့်တရား သုံးမျိုးရှိပါတယ်။

ယင်းသုံးမျိုးတွင် သီလသိက္ခာ=သီလတည်းဟူသော ကျင့်ရမယ့် တရားကို မကျင့်ပဲ ကျော်ပြီးတော့ သမာဓိ ပညာတို့ကို ပွားများ အားထုတ်လို့ မအောင်မြင်နိုင်ဘူးနော်၊မအောင်မြင်နိုင်ဘူး။သီလသည် မြေကြီးနဲ့တူတယ်။ ခပ်သိမ်းသော အမှုကိစ္စကို မြေပေါ်ကြံ့ကြံ့ ရပ်တည်ပြုလုပ်ရမှ အမှုကိစ္စကို အောင်အောင်မြင်မြင် ရွက်ဆောင်နိုင် သလို သီလတည်းဟူသော မြေပေါ်၌ ကြံ့ကြံ့တည်ပြီးတော့မှ သမာဓိနဲ့ ပညာကို ပွားလို့အောင်မြင်နိုင်တယ်။

အေး – အဲဒါကြောင့် သီလသိက္ခာသည် အထက်ဖြစ်သော သမာဓိ ပညာ သိက္ခာနှစ်ပါး၏ ပဒ=အခြေခံ အကြောင်းရင်းဖြစ်တယ်။ ပဒ ဆိုတာ အခြေခံ အကြောင်းရင်းလို့ အဓိပ္ပာယ်ရတယ်။ ဒါကြောင့် သီလကို ပါဠိလို သိက္ခာပဒ၊ မြန်မာလို သိက္ခာပုဒ်လို့ခေါ်တယ်။ မြန်မာလို အဓိပ္ပာယ် ထပ်ပြောစမ်းပါဦးလို့ဆိုယင် "အထက်ဖြစ်သော သမာဓိ ပညာ သိက္ခာနှစ်ပါးရဲ့ ပြည့်စုံရာ ပြည့်စုံကြောင်း ဖြစ်တဲ့ အတွက် သီလကို သိက္ခာပဒ=သိက္ခာပုဒ်" လို့ ဆိုလိုပါတယ်။

အေး – သီလ ခံယူတဲ့နေရာမှာ ဒီသိက္ခာပုဒ် ငါးပါးကို တပါးတပါး ကို အနက်အဓိပ္ပာယ်သိအောင် ပါဠိလိုတခေါက်, မြန်မာလိုတခေါက် နှစ်ခေါက် နှစ်ခေါက် ဆောက်တည်ခံယူ ကျင့်သုံးကြရမယ် သူတော် ကောင်းတို့။

**ငါးပါးသီလခံယူပုံ**

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ=အကျွန်ုပ် သည် သူ့အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ကြောင်း ဖြစ်သော သိက္ခာပုဒ် သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ=
အကျွန်ုပ်သည် အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏ ခံယူပါ၏ ကျင့်သုံးပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ=
အကျွန်ုပ်သည် ကာမတရားတို့၌ ဖောက်ဖောက်ပြားပြား ကျင့်မှားခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏ ခံယူပါ၏ ကျင့်သုံးပါ၏။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ=
အကျွန်ုပ်သည် မုသားစကား ပြောကြားခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏ ခံယူပါ၏ ကျင့်သုံးပါ၏။

၅။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ=အကျွန်ုပ်သည် ယစ်မူးကြောင်း ကောင်းမှုတို့၌ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်ကို သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏ ခံယူပါ၏ ကျင့်သုံးပါ၏။

အေး....အဲဒီလို ပါဠိတချက် မြန်မာတချက် ဆောက်တည်လိုက်ယင် ကလေးများတောင်မှ အဓိပ္ပာယ်သိသွားတယ်။ သူ့အသက်သတ်ခြင်းမှ ရှောင်ဖို့ သူ့ဥစ္စာခိုးမှုမှ ရှောင်ဖို့ ငါတို့ဆောက်တည်ထားတယ်လို့ နားလည်သွားတော့ မိမိတို့ရဲ့ လုပ်ဆောင်ချက်ဟာ ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ အလေးအနက် သိသွားတယ်။

## သီလပေး ဘုန်းကြီး၏ တိုက်တွန်းသတိပေးချက်

အဲဒီလိုသီလပေးပြီးတဲ့အခါ မိဘလုပ်တဲ့ ပုဂ္ဂိုလ်က သားရေ သမီးရေ ဒီပန်း ဒီအဝတ် ဒီနံ့သာတွေဟာ သားတို့ သမီးတို့နဲ့ သိပ်တင့်တယ်တာပဲ၊ ဒီပန်းတွေနွမ်းမသွားအောင်, ဒီအဝတ်တွေ ညစ်မသွားအောင်, ဒီနံ့သာတွေ ပြယ်မသွားအောင် ငါ့သား ငါ့သမီးတို့ ဂရုစိုက်ပြီး ထိန်းသိမ်းစောင့်ရှောက်ကြလို့ ပြောသလို သီလပေးတဲ့ ကိုယ်တော်က–

> တိသရဏေန သဟ ပဉ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ–

လို့ ရွတ်ဆိုသတိပေးလိုက်တယ်။

သာဓဝေါ၊ နှလုံးပျော့ပျောင်း သူတော်ကောင်းတို့။ တုမှေ၊ သင်သူတော်ကောင်းတို့သည်။ တိသရဏေန၊ သရဏဂုံသုံးခန်း ဦးစိုက်ပန်းနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသီလ ဟုဆိုအပ်သော ဝတ်ကောင်းစားလှငါးမျိုး နံ့သာကောင်း နံ့သာပျောင်းငါးမျိုးကို။ သာဓုကံ ကတွာ၊ ကောင်းမွန်ရှိသေသည်ကို ပြု၍။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့မတန် ထက်သန်သော သတိတရားဖြင့်။ သမ္ပာဒေထ၊ သရဏဂုံပန်းတွေ နွမ်းမသွားအောင်, ငါးပါးသီလအဝတ်တွေ ညစ်မသွားအောင်။ တနည်း–ငါးပါးသီလတည်းဟူသော နံ့သာကောင်းတွေ ပြယ်မသွားအောင် မကျိုးမပေါက် မကျားမပြောက်ရအောင် ထိန်းသိမ်းစောင့်ရှောက် ပြည့်စုံကြပါစေလို့ သတိပေး တိုက်တွန်းလိုက်တယ်။

အဲဒီအခါ ဒါယကာ ဒါယိကာမတွေက "အာမ ဘန္တေ= ကောင်းပါပြီ အရှင်ဘုရား" လို့ ဝန်ခံလိုက်ကြပါတယ်။

သရဏဂုံသီလကို လုံးတိုင်းခွန်းတိုင်း သိပြီးတော့ ဆောက်တည်ခံယူပြီးကြပြီ၊ စေ့စေ့စာက ဒါန သီလ သမာဓိ ပညာ ကျင့်ဖွယ်ရာလေးပါး နိမိတ္တကုသုတ္တန်လာ တရားတို့ကို ဘဝမခြား ပွားများကြိုးကုတ် အားထုတ်နိုင်ကြပါစေ၊ အားထုတ်နိုင်ကြသဖြင့် ဒုက္ခခပ်သိမ်း ငြိမ်းရာနိဗ္ဗာန်ပရမတ်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက် ပြုလွယ်နိုင်ကြသည် ဖြစ်ပါစေလို့ ဘုန်းကြီး ဆုညွှန်းခဲ့တယ်။

အဲဒီဆုညွှန်းစကားထဲ ပြန်ပြီးတော့ အလေးအနက် စဉ်းစားရမယ်၊ ဘုန်းကြီးများသည် ရဟန်းရှစ်ဝါ ဆယ်ဝါလောက်က စပြီးတော့ တရားဟောခဲ့တယ်၊ ဒါယကာ ဒါယိကာမတွေလဲ တရားနာခဲ့ကြတယ်၊ တရားဟောခဲ့တာ, နာခဲ့တာကြာကြပြီ။ သို့သော် ယခု ဘုန်းကြီးအသက် ခြောက်ဆယ့်ရှစ်နှစ်ပိုင်း ရောက်လာတော့ တမျိုး စိတ်ပြောင်းသွားခဲ့တယ်။ ဘယ်လို ပြောင်းလဲသွားသလဲဆိုတော့ ဩော်....တို့တရားဟောခဲ့တာလဲ ကြာခဲ့ပြီ၊ ဒါယကာ ဒါယိကာမတွေလဲ တရားနာရတာ ကြာခဲ့ပြီ၊ တို့ရဲ့တရားဟောမှု တရားနာမှုဟာ တိုးတက်မှု ရှိရဲ့လားလို့ စဉ်းစားမိတယ်။

**တရားနာသူတို့ လိုက်နာရမည့် အဆင့်လေးဆင့်**

အဲဒီလို စဉ်းစားမိတော့ အင်္ဂုတ္တိုရ် ပါဠိတော်မှာ မြတ်စွာဘုရားဟောထားတဲ့ "သောတာနုဂတသုတ္တန်"ကို သွားသတိရတယ်။ အဲဒီသုတ္တန်မှာ—

> သောတာနုဂတာနံ ဘိက္ခဝေ ဓမ္မာနံ ဝစသာ ပရိစိတာနံ မနသာနုပေက္ခိတာနံ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါနံ စတ္တာရော အာနိသံသာ ပါဋိကင်္ခါ[၁] –

လို့ ဟောတော်မူထားတယ်။ အဲဒီတရားတော်မှာ—

---

၁။ အံ၊ ၁။ ၅၀၄။

(၁) **သောတာနုဂတ** – ဆိုတာ သောတဒွါရသို့ အစဉ်ရောက်သော တရား (ဝါ) တရားနာတဲ့အခါ ဖြစ်တဲ့ သုတမယဉာဏ်ဖြင့် တရားနာထားတဲ့ ပုဂ္ဂိုလ်များဖြစ်တယ်။

(၂) **ဝစသာပရိစိတာနံ** – က အဲဒီလို တရားနာပြီးတော့ ကောင်းနိုးရာရာ အရေးကြီးတဲ့ တရားစာပိုဒ်များကို နှုတ်ဖြင့် လေ့လာထားတဲ့ တရားတဲ့။ ဆိုလိုတာက – တရားလဲနာပါ၊ နာပြီးတော့ အဲဒီအထဲက အရေးတကြီး လိုက်နာကျင့်သုံး ရမယ့် တရားသဘောတွေကို နှုတ်နဲ့ရအောင်ဆောင်ထားပါ၊ ဒါကဒုတိယအလုပ်၊ ပြီးတော့နှုတ်နဲ့ဆောင်ရုံတင်မဟုတ်ဘူး။

(၃) **မနသာနုပေက္ခိတာနံ** – တဲ့ အဲဒီ နှုတ်တက်ဆောင်ထားတဲ့ တရားကို စိတ်နဲ့ ဆင်ခြင်ကြည့်ပါ၊စိန္တာမယဉာဏ်ဖြင့် တဆင့် တက်ပြီးတော့ မိမိတရား သဘောကို စဉ်းစားပါ။အဲဒီ စိန္တာ-မယဉာဏ်ဖြင့် ဆင်ခြင် စဉ်းစားပြီးတဲ့နောက် –

(၄) **ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါနံ** – အရ ပညာဖြင့် ထိုးထွင်း၍ သိအောင် ကြိုးကုတ် အားထုတ်ပါ၊ (ဝါ) ဘာဝနာမယဉာဏ်ဖြင့် မိမိ နာကြား၍ နှုတ်မှာလေ့လာထားသော တရားကို ဘာဝနာ-မယဉာဏ်ဖြင့် ထိုးထိုးထွင်းထွင်း သိအောင်အားထုတ်ပါလို့ ဆိုလိုတယ်။

ဒီတော့ အဆင့်လေးဆင့် ရှိတယ်နော်—

(၁) **သုတမယဉာဏ်** ဖြစ်အောင်**တရား**နာ၊

(၂) **ခေရဏဉာဏ်** ဖြစ်အောင်နာထားတဲ့ **အထဲက**တရားကို နှုတ်ရဆောင်၊

(၃) အဲဒီ ဆောင်ထားပြီးတဲ့ တရားကို **စိန္တာမယဉာဏ်ဖြင့်** ဆင်ခြင်စဉ်းစား၊

(၄) အဲဒီလို စဉ်းစားလို့ သဘောပေါက်လာပြီဆိုတော့ **ဘာဝနာ-မယဉာဏ်ဖြင့်** အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာဘာဝနာ ရောက်အောင်အားထုတ်ပါ။

ယင်းသို့ အားထုတ်ယင် အကျိုးလေးပါးကို မြေလက်ခတ်မလွဲ ကေန်ရရမယ် ချစ်သားတို့တဲ့။

**ကေန်ရရှိမည့် အကျိုးလေးပါး**

အဲဒီ မြေလက်ခတ်မလွဲ ကေန်ရတယ်ဆိုတဲ့ အကျိုးလေးပါးက ဘာလဲ....၊တရားပေါ်မှာ အခုပြောတဲ့ အဆင့်လေးဆင့် ပြည့်စုံအောင် **သာ** ကြိုးစားပါ၊ ကြိုးစားလျှင်–

(၁) ပါရမီရှိခဲ့ယင် ယခုဘဝမှာပဲ မဂ်ဖိုလ်ရမှာ ဖြစ်ပါတယ်။ **အ**ကယ်၍ မရလျှင် ဝမ်းမနည်းပါနဲ့၊ အပါယ်တံခါး ပိတ်ပါတယ်နော်၊ ဒုတိယဘဝမှာ နတ်ပြည်မှာ ဖြစ်လိမ့်မယ်၊ဖြစ်တဲ့အခါမှာ မိမိနှလုံးသွင်းထားတဲ့ ပွားများထားတဲ့ တရားတွေကို အလိုလို သတိရလာလိမ့်မယ်၊ ဘယ်သူကမှ ပြောလို့မဟုတ်ဘူး၊ အလိုလို သတိရတယ်၊ အဲဒီလို သတိရလာတဲ့အခါ သတိရတာကမှ နှေးပါသေးတယ်၊ မဂ်ဖိုလ်ဆိုတဲ့ တရားထူးကို ရတာအလွန်မြန်ပါတယ် ချစ်သားတို့တဲ့–

> ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထ သော သတ္တော
> ခိပ္ပမေဝ ဝိသေသဂါမီ ဟောတိ–

လို့ ဟောထားပါတယ်၊ ဒါက (၁) အကျိုးတရားခြီး စ်ပါတယ်။

(၂) အဲဒီလို ကိုယ့်ဖာသာကိုယ် တရားကို အမှတ်မရချင် ရှိပါစေတဲ့၊ ထိုထိုနတ်ပြည်မှာ တရားဟော တရားနာတဲ့ ဓမ္မသဘာတွေ ဓမ္မသာလာတွေ ရှိတယ်။ အဲဒီ ဓမ္မသာလာတွေမှာ လူ့ပြည်လောကက တန်ခိုးရှိတဲ့ ဣဒ္ဓိမန္တ ရဟန်းတော်များ ကြွပြီးတော့လဲပဲ တရားဟောတတ်တယ်တဲ့၊ အဲဒီအခါမှာ ခြောက်လူ့ပြည်တုန်းက ငါအားထုတ်တာ အခု ဤအရှင် ဟောတဲ့တရားပါကလားလို့ တရားကိုပြန်ပြီးတော့ သတိရလိမ့်မယ်၊ အဲဒီလို သတိရတဲ့အခါ သတိရနေတာက နှေးသေးတယ် ချစ်သားတို့တဲ့ ထိုသို့သတိရလာလျှင် ထိုသတ္တဝါသည် လျင်လျင်မြန်မြန် မဂ်ဖိုလ်တရားထူးကို ရတယ်တဲ့။

(၃) ဒီနှစ်နည်းနဲ့ မရဘူးပဲထားဦး အဲဒီနတ်ပြည်က ဓမ္မသာလာ ဓမ္မာရုံတွေမှာ ဓမ္မကထိက နတ်သားတွေ ဓမ္မကထိကဗြဟ္မာတွေ သဟမ္ပတိတို့လို သနင်္ကုမာရတို့လို ဗြဟ္မာတွေလာလာပြီး တရားဟောတယ်၊ အေး....အဲဒီလိုဟောတဲ့အခါမှာ တရားတော်ကို နာကြားရ၍ ခြောက် ငါလူ့ပြည်တုန်းက ဒီတရားတွေ အားထုတ်ခဲ့တာပဲလို့ ပြန်ပြီး သတိရလာပါလိမ့်မယ်၊ သတိရလျှင် သတိရတာက နှေးပါသေးတယ်တဲ့ ထိုသတ္တဝါဟာ မဂ်ဖိုလ်တရားထူးကို လျင်မြန်စွာ ရမည်ဖြစ်ပါတယ်။

(၄) အဲဒီသုံးနည်းနဲ့ တရားမရဘူးပဲထားပါဦး မပူပါနဲ့တဲ့ မိမိတို့နဲ့ တရားဆွေးနွေးဖော် ဆွေးနွေးဖက် တရားကျင့်ဖော် တရားကျင့်ဖက် ပုဂ္ဂိုလ်တွေ နတ်ပြည်မှာ ရှိကြတယ်၊ အဲဒီပုဂ္ဂိုလ်တွေထဲက တဦးဦးက—

ဣဒမ္ပိ သမ္မ သရသိ၊ ဣဒမ္ပိ သမ္မ သရသိ—

လို့ သတိပေးလိမ့်မယ်တဲ့ ။

"မိတ်ဆွေ တို့လူ့ပြည်တုန်းက ဤတရား ဤတရားတို့ကို ဆွေးနွေးခဲ့တယ်၊ နှလုံးသွင်းခဲ့တယ်၊ ဒီတရားကိုပဲ မိတ်ဆွေ ပြန်အောက်မေ့စမ်း

ဟော့" လို့ အချင်းချင်းပြောလိမ့်မယ်တဲ့၊ ပြောတဲ့အခါ မိမိတို့အား ထုတ်ခဲ့တဲ့ တရားတွေကို ပြန်ပြီးတော့ အမှတ်ရလိမ့်မယ်၊ အဲဒီအခါမှာ သတိရအမှတ်ရတာကမှ နှေးပါသေးတယ်၊ ထိုသတ္တဝါသည် လျင်လျင်မြန်မြန် မဂ်ဖိုလ်တရားထူးကို ရမည်ဖြစ်ပါတယ်လို့ လေးမျိုးသောနည်းဖြင့် မဂ်ဖိုလ်တရားထူးကိုရနိုင်တဲ့ အကြောင်း ဟောထားချက်ရှိတယ်နော်။

**တရားဟောနည်း မူပြောင်းပြီ**

ဒီတော့ စဉ်းစားကြည့်တယ်၊ ဩော်... တို့ဟာ တို့ဘက်ကလဲ ဟောတဲ့ဒေသနာဉာဏ်လောက် ဒါယကာ ဒါယိကာမတွေဘက်ကလဲ နားထောင်တဲ့ သုတမယဉာဏ်လောက် ဒီအထက် တက်ယင်လဲပဲ ဆောင်၍ကောင်းတဲ့ တရားလင်္ကာများ ဆောင်ထားတာလောက် ဒါလောက်ပဲရှိတယ်၊ ဓာရဏာဉာဏ်လောက်ပဲ ရှိသေးတယ်။ တို့မှာ စိန္တာမယဉာဏ် ဘာဝနာမယဉာဏ် ဆိုတဲ့ အထက်နှစ်ဆင့် ကျန်သေးတယ်၊ ဒီတော့ ငါဟာ ခုအချိန်ကစပြီးတော့ ဒါယကာ ဒါယိကာမတွေ ကမ္မဋ္ဌာန်း ဌာနကြီးသွားပြီး အိမ်ပစ် ရာပစ် ညဉ့်အိပ်ညဉ့်နေသွားပြီး တရားအားမထုတ်နိုင်သေးစေကာမူ မိမိတို့အိမ်မှာနေယင်း စိန္တာမယဉာဏ် ဘာဝနာမယဉာဏ်နဲ့ တရားကို ဆင်ခြင်စဉ်းစားနိုင်အောင် တရားကို ပွားများနိုင်အောင် ဟောမှတော်မယ်လို့ ဘုန်းကြီးစိတ်ထဲမှာ အောက်မေ့ကာယ်။

အဲဒါကြောင့် တရားဟောပုံ မူတမျိုး ပြောင်းပြီးတော့ ဟောမှဖြစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ဒီလိုဆိုယင် သီလခံတာကစပြီး ကလေးများပါသိအောင် ဆောက်ဘည်ခံယူရမယ်၊ ကလေးများလဲပဲ ဉာဏသမ္ပယုတ် မဟာကုသိုလ် စိတ္တုပ္ပါဒ်တွေ ဖြစ်မယ်၊ လူကြီးများ အဖို့တော့ ပြောစရာမရှိဘူး အကျိုးများတယ်။

## နိမိကဏ္ဍသုတ်လာ ကောင်းမှုလေးမျိုး

ပြီးတော့ နိမိကဏ္ဍသုတ္တန်မှာလဲပဲ မြတ်စွာဘုရားက သားတော် သမီးတော်များအား –

(၁) ဒါန

(၂) သီလ

(၃) သမာဓိ

(၄) ပညာ

အဲဒီလေးမျိုးကို ကောင်းစွာသိုမှီး သိမ်းဆည်းရမယ် ဆိုတဲ့ အကြောင်း –

**ယာသာ** ဒါနေန သီလေန၊ သံယမေန ဒမေန **စ**။
**နိမိ** သုနိဟိတော ဟောတိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။

လို့ သာဝတ္ထိ သဒ္ဒေးအား တရားနားခံယားပြီး ဟောထားခဲ့ပါတယ်။

ဒါယကာသဒ္ဒေး ငါဘုရားရဲ့ တပည့်မ အမျိုးသမီး ဥပါသိကာ ငါဘုရားရဲ့ တပည့်သား အမျိုးသား ဥပါသကာဖြစ်တဲ့ ပုဂ္ဂိုလ်သည် ဒါန, သီလ, သမာဓိ, ပညာ တရားလေးပါးကို ကောင်းစွာသိုမှီး သိမ်းဆည်း စုဆောင်းရမယ်။ ဘာပြုလို့လဲဆိုတော့—

သော နိမိ သုနိဟိတော၊ အဇေယျော အနုဂါမိကော။
ပဟာယ ဂမနီယေသု၊ ဧတံ အာဒါယ ဂစ္ဆတိ။

လို့ ဘုရားဟောထားတာ အင်မတန် လေးနက်ပါတယ်။

**ကောင်းမှုလေးဖြာနဲ့အနုဂါမိကဥစ္စာ**

ဒါယကာသဒ္ဓေး တဲ့ အဲဒီလို ကောင်းစွာ သိမ်းသိမ်းဆည်း စုဆောင်းအပ်တဲ့ ဤဒါန, သီလ, သမာဓိ, ပညာဆိုတဲ့ ကောင်းမှု လေးပါး ကုသိုလ်ဥစ္စာများဟာ ဘယ်ရန်သူကမှ ကိုယ့်အပေါ်မှာ အနိုင်ကျင့်ပြီးတော့ မယူနိုင်သော ဥစ္စာမျိုးလဲ မှန်တယ်၊ သံသရာ တလျှောက် နိဗ္ဗာန်ရောက်အောင် မိမိနောက်က ကောက်ကောက် လိုက်ပါတယ်၊နင်-နေရစ်ခဲ့လို့ဆိုလို့ မနေဘူး၊ ကိုယ့်နောက်က လိုက်ပါတဲ့ အနုဂါမိကဥစ္စာလဲ မှန်တယ်။

အေး....ချစ်သား ချစ်သမီးတို့ မိမိတို့ အမြတ်တနိုး ကြိုးစား စုဆောင်းထားတဲ့ ရွှေငွေဥစ္စာ ရတနာဆိုတာရှိတယ်။ အဲဒီရွှေငွေ ဥစ္စာ ရတနာသည် ရေရန်သူ မီးရန်သူ မင်းရန်သူ သူခိုးရန်သူ အမွေခံဆိုးရန်သူဆိုတဲ့ ရန်သူမျိုးငါးပါးနဲ့ အမြဲဆက်ဆံနေတယ်၊ ဒီရန်သူများက အနိုင်ကျင့်ပြီးတော့ ယူသွားနိုင်တဲ့ ဥစ္စာမျိုးဖြစ်တယ်။ ဒါန, သီလ, သမာဓိ, ပညာ ကောင်းမှုလေးပါး ကုသိုလ်ဥစ္စာများ ကျတော့ ဘယ်ရန်သူကမှ အနိုင်ကျင့်ပြီးတော့ မယူနိုင်ဘူးတဲ့။

ဒါကြောင့် ရန်သူမျိုးငါးပါးတို့က အနိုင်ကျင့်ပြီး ယူမသွားနိုင် သော ဥစ္စာပြပါဆိုယင် ဤဒါန သီလ သမာဓိ ပညာ ကောင်းမှု လေးပါး အနုဂါမိက ကုသိုလ်တရားကိုပဲ ပြရမယ်။

အေး....ချစ်သား ချစ်သမီးတို့ အလေးဂရုပြုကြီး စုထားတဲ့ စုနေ ကြတဲ့ ရွှေငွေစိန် ကျောက် သံပတ္တမြား အစရှိတဲ့ သက်ရှိသက်မဲ့ပစ္စည်း တွေဟာ သံသရာကိုမလိုက်ဘူး၊ဒီဘဝမှာပဲနေရစ်ခဲ့ကြတယ်၊တခါတလေ ဒီဘဝမှာတောင် အစောကြီး သူတို့ကနေရစ်တယ်၊ သံသရာတလျှောက်

နိဗ္ဗာန်ရောက်အောင် လိုက်မှာက ဒီဒါန, သီလ, သမာဓိ, ပညာ ကောင်းမှုလေးပါးပဲ ဖြစ်တယ်။

ဒီရွှေငွေ အစရှိတဲ့ သက်မဲ့ဥစ္စာ ဆင်မြင်းကျွန်ွား အစရှိတဲ့ သက်ရှိဥစ္စာတွေက မလိုက်ဖူး၊ တခါတလေ ဒီဘဝတောင် ဆုံးအောင် မလိုက်ဖူးနော်၊ စောစောစီးစီး ဥစ္စာပျက်ကပ်နဲ့ကြုံပြီးတော့ ကုန်း ကောက်စရာ မရှိတဲ့ဘဝရောက်သွားတတ်ကြသေးတယ်။အဲဒါ-သူတို့က ကိုယ့်ကို စွန့်သွားတာပဲ၊ သူတို့က ကိုယ့်ကိုမစွန့်ယင်လဲ ကိုယ်ကသေပြီ ဆိုယင် ဒါတွေကို အကုန်စွန့်ပစ်ပြီးတော့ သွားရတာပဲတဲ့။ အဲဒီလို သွားတဲ့အခါမှာ ချစ်သားချစ်သမီးတို့ မိမိကိုယ်ပိုင် ဥစ္စာအနေနဲ့ သံသရာမှာ အထုပ်ပြုပြီးယူသွားနိုင်တာက ဒါနကောင်းမှု၊ သီလ ကောင်းမှု၊ သမာဓိကောင်းမှု၊ ပညာကောင်းမှုဆိုတဲ့ ကုသိုလ်လေးပါးပဲ ရှိတယ်တဲ့။

ဒါကြောင့် ချစ်သား ချစ်သမီးတို့ ဒီ-ဒါန, သီလ, သမာဓိ, ပညာ ကောင်းမှုလေးပါး ဥစ္စာများကို ဂရုတစိုက် စုဆောင်းကြ ဆည်းပူးကြ သိုမှီးကြ သိမ်းဆည်းကြ။ မြတ်စွာဘုရားကတော့ ရွှေငွေထက် ဒီ-ဒါန,သီလ,သမာဓိ,ပညာကို စုဆောင်းကြဖို့ အမြင်မှန်ပေးနေပါတယ် သူတော်ကောင်းတို့။

ဒီတွင် ဘယ်ကမလဲ ဒီ-ဒါန, သီလ, သမာဓိ, ပညာ ကောင်းမှု လေးပါး အနုဂါမိကဥစ္စာများသည် အဆင်းလှခြင်း၊ အသံကောင်း ခြင်း၊ပုံပန်းသဏ္ဍာန်တင့်တယ်ခြင်း၊အရုပ်အမောင်းကောင်းခြင်း၊အခြွေ အရံပေါများခြင်း၊ အစိုးရခြင်း၊ လူမင်းစည်းစိမ် နတ်မင်းစည်းစိမ်၊ တိုတိုချုပ်ပြောရယင် လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ကုန်ကုန်ပြောလို့ရှိယင် ချစ်သားချစ်သမီးတို့တောင့်တတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်သည်တိုင်အောင် ကျေးဇူးဆောင်နိုင်တယ်၊

ကျေးဇူးပြုနိုင်တယ်၊ အဲဒီထိအောင် ဟိုနိဗ္ဗိကဏ္ဍသုတ္တန်မှာ ဘုရားဟောထားတယ်။

ဒီတော့—

(၁) ဒါန
(၂) သီလ
(၃) သမာဓိ
(၄) ပညာ၊

ဒီလေးမျိုးကို ဆည်းပူးရဆောင်းဖို့ လက်တွေ့ကျင့်သုံးဖို့ ငါဟောမှပဲလို့ စိတ်ကတမျိုးဖြစ်သွားပြီး သီလကိုလဲ ကလေးကစပြီး နားလည်အောင် ပါဠိတခေါက် မြန်မာတခေါက် ဆောက်တည်စေပါတယ်။

သီလပြီးယင် ဒါနဆိုတာကတော့ ဗုဒ္ဓဘာသာ သူတော်ကောင်းတွေဟာ အလှူရေစက် လက်နဲ့မကွာ နေ့စဉ်နေ့စဉ် စွမ်းအားရှိသမျှ လှူဒါန်းနေကြတယ်၊ ဒါနအနုဂါမိက ဥစ္စာကတော့ ကနေ့ ဗုဒ္ဓဘာသာ သူတော်စင်တွေဟာ ဘယ်သူမှ နည်းတယ်လို့ မဆိုနိုင်ပါဘူးနော်၊ အားလုံး ကြိုးစားကြတယ်။

ပြီးတော့ သမာဓိကောင်းမှုကို လက်တွေ့ကျင့်သုံးဖို့ လိုအပ်ပါတယ်၊ ပညာခေါ်တဲ့ ဝိပဿနာကိုလဲ လက်တွေ့ကျင့်သုံးဖို့ လိုအပ်လာပါပြီ။ ဤတွင် သီလအနုဂါမိက ဥစ္စာကို ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ ကောင်းကောင်းကြီး ဆောက်တည်မိပြီ ကျင့်သုံးမိပြီ။

## သမာဓိကောင်းမှု

အေး—သမာဓိအကြောင်း သွားရအောင်၊ မိမိတို့ စောစောက ဘုရားရှိခိုးတာ "နမော တဿ ဘဂဝတော အရဟတော သမ္မာ-

သမ္မာသမ္ဗုဒ္ဓသာ"လို့ သုံးခေါက် ရှိခိုးခဲ့တယ်။ အကျွန်ုပ်သည် ဘဂဝါဂုဏ်ရှင်, အရဟံဂုဏ်ရှင်, သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားအား ရိုသေမြတ်နိုး ရှိခိုးပါ၏လို့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်သုံးပါးကို ပြောခဲ့တယ်။

ယခု သမာဓိကောင်းမှုကုသိုလ်ကို ရယူတဲ့နေရာမှာ အဲဒီဂုဏ်တော် သုံးပါးထဲက "ဘဂဝါ ဂုဏ်တော်"ဖြင့် သမာဓိကောင်းမှုကုသိုလ်ကို ရယူကြည့်ရအောင်–

ဘုန်းတော် ၆-ပါး

**ဘဂဝတော**၊ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူထသော။

**ဘဂဝတော**-ကိုအကျယ်အနက် ပေးတဲ့အခါ အဲဒီအတိုင်းပေးရမယ်။ အဲဒီမှာ **ဘဂဝါ**ဂုဏ်တော်အရ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတယ် ဆိုတာ–

(၁) ဣဿရိယဘုန်းတော်
(၂) ဓမ္မဘုန်းတော်
(၃) ယသဘုန်းတော်
(၄) သိရီဘုန်းတော်
(၅) ကာမဘုန်းတော်
(၆) ပယတ္တဘုန်းတော်

လို့ မြတ်စွာဘုရားမှာ ဘုန်းတော်ခြောက်ပါး ရှိတယ်။

ဒီဘုန်းတော် ခြောက်ပါးကို လွယ်လွယ် ပြောပြနိုင်ကြတယ်။ သို့သော် ဣဿရိယဘုန်းတော်ဆိုတာ ဘာခေါ်တယ်၊ ဓမ္မဘုန်းတော်

ဆိုတာ ဘာခေါ်တယ်၊ ကွဲကွဲပြားပြား သိဖို့ကတော့ မလွယ်ဘူး။ သိပြီးတော့ ဘဂဝါဂုဏ်တော်ဖြင့် မြတ်စွာဘုရားကို အောက်မေ့တဲ့ ဗုဒ္ဓါနုဿတိသမာဓိကောင်းမှုကို ပွားရအောင်လို့ အခု ဘုန်းတော် ခြောက်ပါး အကြောင်းပြောမယ်။

**လောကုတ္တရာ ဣဿရိယ ဘုန်းတော်**

(၁) ဣဿရိယ ဘုန်းတော်ဆိုတာ ကိုယ်တော်မြတ်ရဲ့ စိတ်ကို သူ မတူတန်အောင် စိုးပိုင်နိုင်နင်းမှုကို ဣဿရိယဘုန်းတော်လို့ခေါ်တယ်။ မြတ်စွာဘုရားဟာ ကိုယ်တော့်စိတ်ကို ဘယ်လောက်တောင် စိုးပိုင် နိုင်နင်းသလဲဆိုတာ ပြောပြမယ်။ လောကုတ္တရာစိတ် ရှစ်ပါးထဲမှာ ဘုရားဖြစ်တဲ့အခါမှာ နေ့စဉ်တခဲစ ဖြစ်ခွင့်ရှိတာက အရဟတ္တဖိုလ် ဖြစ်တယ်။

အရဟတ္တဖိုလ် သမာပတ်ကို မြတ်စွာဘုရားသည် ဘယ်လောက် နိုင်နိုင်နင်းနင်း ဝင်စားသလဲဆိုယင် –

> စိတ္တိဿရော ဟိ ဗုဒ္ဓါ ဘဂဝန္တော ဓမ္မံ ဒေသေန္တာပိ ယံ မုဟုတ္တံ တုဏှိ ဘဝိတဗ္ဗံ ဟောတိ၊ တံ မုဟုတ္တံ ဖလသမာပတ္တိံ သမာပဇ္ဇန္တိ ပဂေဝ အညသ္မိံ ကာလေ[၁]–

လို့ မူလဋီကာမှာ တိုက်ရိုက်ဆိုထားတယ်။

စိတ္တိဿရိယ ဘုန်းတော်ရှင် ဖြစ်တော်မူကြတဲ့အတွက် မြတ်စွာ ဘုရားတို့သည် တရားဟောဒေနတုန်း တရားကို ဒါယကာ ဒါယိကာမ များက ဝမ်းသာလွန်းလို့ သာဓု သာဓု သာဓု လို့ အနုမောဒနာ ပြုနေခိုက် အားလပ်ချိန်ကလေးမှာပင် အရဟတ္တဖိုလ် သမာပတ်ကို

---

၁။ မူလ ဋီ၊ ၁၊ ၄၇။

ဝင်စားတော်မူကြတယ်။ အေး-စိတ်ကို အစိုးရလွန်းလို့ စိတ်ကို စိုးပိုင်နိုင်နင်းလွန်းလို့ ဝင်စားနိုင်တာ၊ သည့်ပြင် အခါမှာတော့ ပြောစရာမရှိတော့ဘူးတဲ့။

ကဲဆိုကြပါစို့ရဲ့ သာဝကဖြစ်တဲ့ ပုဂ္ဂိုလ်တွေ တရားဟောတယ် တရားနာ ပရိသတ်က ဒီတရားကို သဘောကျလို့ သာဓု သာဓု သာဓု သုံးကြိမ်ခေါ်နေတဲ့ အချိန်ကလေးမှာ ဖလသမာပတ်ကို မဝင်စားနိုင်ဘူး၊ကိုင်း....ကုန်ကုန်ပြောမယ် အရှင်သာရိပုတ္တရာကြီးတောင် အဲဒီ သာဓုခေါ်နေတဲ့ အချိန်အတွင်းမှာ အရဟတ္တဖိုလ် သမာပတ် မဝင်စားနိုင်ဘူး၊ ဘာပြုလို့တုန်း၊ အရှင်သာရိပုတ္တရာမှာ စိတ္တိဿရိယ ဘုန်းတော် မရှိဖူး၊ ဘုရားမှာမှ ဒီဘုန်းတော်ကရှိတယ်။

အဲဒီတော့ မြတ်စွာဘုရားကျတော့ တဝီထိနဲ့ တဝီထိကြားမှာ ဘဝင်က နှစ်ကြိမ်ပဲ ခြားတယ်၊ ခြားတဲ့ဘဝင်ကလဲ "ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ"ဆိုပြီး နောက်တဝီထိ ကူးသွားတယ်။ တဝီထိဆုံးပြန်တော့ "ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ"ဆိုပြီး နောက်တဝီထိ ကူးသွားတယ်၊ တဝီထိနှင့် တဝီထိကြား ဘဝင်နှစ်ကြိမ်သာ ခြားတယ်၊ အဲဒီတော့ ဘုရားမှာက ဘဝင်စိတ်က အဖြစ်နဲပါတယ်။

အဲဒီလို မြတ်စွာဘုရားဟာ တရားဟောနေစဉ် ဝေနေယျတို့က သာဓုခေါ်နေခိုက် အချိန်ကလေးမှာပင် အရဟတ္တဖိုလ် သမာပတ်ကို ဝင်စားနိုင်တယ်၊ သို့ကလောက် စိတ်တော်ကို စိုးပိုင်နိုင်နင်းတယ်၊ အဲဒါကို လောကုတ္တရာစိတ္တိဿရိယ ဘုန်းတော်လို့ခေါ်တယ်။

## လောကီဣဿရိယ ဘုန်းတော်

ထို့အတူ လောကီပိုင်း ဆိုင်ရာမှာလဲပဲ အဏိမာစတဲ့ ဣဿရိယ ရှစ်ဖော် လောကီတန်ခိုးတော် ဆိုတာရှိတယ်။

အဏိမာဆိုတာ ကိုယ်တော်ကို အဏုမြူသဖွယ် သေးသေးငယ်ငယ် လေး ဖြစ်အောင် ဖန်ဆင်းနိုင်တဲ့ တန်ခိုးတော်ဖြစ်တယ်၊ ဘယ်လောက် များ ဖန်ဆင်းပြနိုင်သလဲဆိုယင် မုံညှင်းစေ့ကလေး အတွင်းမှာ ပရိက္ခ- ရာရှစ်ပါး လွယ်ပြီးတော့ လူးလာတုံ့ခေါက် စင်္ကြံလျှောက်နေတဲ့ ပုံတော်ထိအောင် ကိုယ်တော်ကို ဖန်ဆင်းပြနိုင်တယ်၊ အဲဒါမျိုးကို အဏိမာ ဘုန်းတော်လို့ခေါ်တယ်၊ အဲဒီဟာ အဘိညာဉ်စိတ်ကို နိုင်နင်း ပုံကို ပြောတာ။

မဟိမာ ဘုန်းတော်ဆိုတာက ကိုယ်တော်ကို ကြီးပြရမယ် ဆိုလို့ ရှိယင် အို–သူတဘက်သားတို့ လိုက်မမီအောင် ကြီးပြနိုင်တယ်၊ ကိုယ် တော်ကို ကြီးအောင်ဖန်ဆင်းနိုင်တာကို မဟိမာ ဘုန်းတော်လို့ ခေါ် တယ်၊ အဲဒီလို ကိုယ်တော်ကိုကြီးအောင် သေးအောင် ဖန်ဆင်းနိုင်တဲ့ တန်ခိုးတော်တွေကို လောကီ ဣဿရိယတန်ခိုးတော်လို့ခေါ်တယ်။

အေး....အတိုချုပ်ကတော့ လောကီလောကုတ္တရာ စိတ်တော်ကို အစိုးရခြင်းဟာ ဣဿရိယဘုန်းတော် ဖြစ်ပါတယ်။ ထိုဣဿရိယ ဘုန်းတော်ဖြင့် မြတ်စွာဘုရားကို ရှိခိုးလိုလျှင် ဟောဒီလို ရှိခိုးရမယ်။

## ဣဿရိယဘုန်းတော် ဘုရားရှိခိုးပုံ

ပရမဋ္ဌ သကေ စိတ္တေ၊ အတ္ထိဿရိယမတ္တကံ။
လောကိယာ အဏိမာဒီပိ၊ အဘိဿရ နမတ္ထု တေ။

အဘိဿရ၊ ဣဿရိယ ပုညာဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင် ဘုရား။ တေ၊ ရှင်ပင်ဘုရားအား။ သကေ စိတ္တေ၊ ကိုယ်တော်မြတ်၏ နာမ် ဓာတ်ဝိညာဉ် စိတ်အစဉ်၌။ ဝါ-သကေ စိတ္တေ၊ ဝိသယဇ္ဈတ္တ အမှတ်ပြသား

အရဟတ္တဖလဝိညာဉ် စိတ်အစဉ်၌။ ပရမ်၊ သူမတူတန် ကဲလွန်ထူးမြတ် လှစွာသော။ မတ္တကာ၊ အထွတ်အဖူး ထိပ်ဦးတိုင်မြောက် ပေါက်ရောက်တော်မူပြီးထသော။ ဣဿရိယံ၊ ဖလသမာပတ် ချမ်းသာမြတ်ကို စိတ်ညွတ်ကာပင် ကြာမတင်ပဲ ဝင်စံနိုင်ရိုး ဝသီမျိုးဖြင့် ပိုင်စိုးနိုင်နင်းတော်မူခြင်း တည်းဟူသော လောကုတ္တရာ စိတ္တိဿရိယ ဘုန်းတော်သည်လည်းကောင်း။ လောကိယာ၊ လောကတလွှား ကျော်ထင်ရှားကုန်သော။ အဏိမာဒိပိ၊ အဏိမာ မဟိမာ လဃိမာ ပတ္တိ အစရှိသား ဣဿရိယ ရှစ်ဖော် လောကီတန်ခိုးတော်တို့သည် လည်းကောင်း။ အတ္ထိ သန္တိ၊ ထင်ရှားပုံသော ရှိကုန်ပေ၏။

အဘိဿရ၊ ဣဿရိယ ပုညဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား။ တေ၊ ရှင်ပင်ဘုရားအား။ နော၊ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ခေါ်ဆိုသမုတ် အကျွန်ုပ်တို့၏။ နမော၊ တုပ်ဝပ်ရိုကျိုးလက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွတ်ခြင်းသည်။ အတ္ထု၊ မြေလက်ခတ်နဲ့ မလွဲပုံသော ဖြစ်ပါစေသား မြတ်စွာဘုရား။

ဣဿရိယ ဘုန်းတော်ဖြင့် မြတ်စွာဘုရားကို ရှိခိုးပြီးပြီ။ အေး.... ဒီတော့ ဣဿရိယဘုန်းတော်ဆိုတာ ကိုယ်တော်ရဲ့စိတ်အစဉ်ကို သူမတူတန်အောင် စိုးပိုင်နိုင်နင်းခြင်းကို ဣဿရိယ ဘုန်းတော်လို့ခေါ်တယ် ဆိုတာ စွဲစွဲမြဲမြဲမှတ်ထားပါ။

**ဓမ္မဘုန်းတော်**

(၂) ဓမ္မဘုန်းတော်ဆိုတာ မြတ်စွာဘုရားမှာရတဲ့ မဂ်လေးပါး ဖိုလ်လေးပါးနှင့် ထိုမဂ်ဖိုလ်တို့ရဲ့ အာရုံဖြစ်တဲ့ နိဗ္ဗာန်ဟူသော လောကုတ္တရာတရားကိုးပါးကို ဓမ္မဘုန်းတော်လို့ခေါ်တယ်။ ဒီနေရာမှာ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန် အရှင်မဟာကဿပတို့လည်း

လောကုတ္တရာမဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ကိုရကြတယ် မဟုတ်လား၊ အဲဒီသာဝကတွေရဲ့ လောကုတ္တရာတရားကိုးပါးကို ဓမ္မဘုန်းတော်လို့ မဆိုရဘူးလားမေးယင် မဆိုရပါဘူး၊ဘာကြောင့်လဲဆိုယင် ဘုရားရဲ့ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သောလောကုတ္တရာတရားတော်မြတ်က ကိလေသာကို ပယ်တဲ့နေရာမှာ ကိလေသာကိုချည်းပဲ ပယ်တာမဟုတ်ပါဘူး၊ ကိလေသာရဲ့ အထုံအခိုး တန်ခိုးအငွေ့ခေတ် ဝါသနာကိုပါ ပယ်တယ်။ သာဝကတို့ရဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကတော့ ဝါသနာကို မပယ်နိုင်ဘူး၊ ကိလေသာကိုသာ ပယ်နိုင်တယ်။

အဲဒါကြောင့် သာဝကတို့ရဲ့ လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ကို ဓမ္မဘုန်းတော်လို့ မဆိုနိုင်ဘူး၊ မြတ်စွာဘုရားရဲ့ လောကုတ္တရာ မဂ်ဖိုလ် နိဗ္ဗာန် ကိုးတန်သောတရားကိုမှ ဓမ္မဘုန်းတော်လို့ ဆိုနိုင်တယ်။

ဓမ္မဘုန်းတော်ဖြင့် ဘုရားရှိခိုးပုံ

ထိုဓမ္မဘုန်းတော်ဖြင့် မြတ်စွာဘုရားကို ရှိခိုးယင် ဒီလို ရှိခိုးကြရမယ်။

သဝါသနသံကိလေသ-ပဟာယီ ဓီရ အတ္ထိ တေ။
နဝ လောကုတ္တရော ဓမ္မော၊ ဓမ္မဝန္တ နမတ္ထု တေ။

ဓီရ၊ အကျိုးရှိသင့် မရှိသင့်ကို ချိန်နှင့်နှုန်းပြိုင် ဆုံးဖြတ်နိုင်သား မဏ္ဍိုင်ခေါင်ဖူး ဉာဏ်ထူးဉာဏ်ညွန့် ရှိတော်မူသော မြတ်စွာဘုရား။ တေ၊ ရှင်ပင်ဘုရားအား။ သဝါသနသံကိလေသပဟာယီ၊ ဝါသနာ အငွေ့အသက်နှင့်တကွ တစ်ထောင့်ငါးရာ ကိလေသာတို့ကို ပယ်ခွါ လတ်လတ် အကြွင်းမဲ့ သတ်တတ်သော။ နဝလောကုတ္တရော၊ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်အားဖြင့် ကိုးပါးသချာ လောကုတ္တရာ တရားတော်တည်းဟူသော။ ဓမ္မော၊ ဓမ္မနှုန်းခေါ် ရွှေဘုန်းတော်သည်။

အတ္တ၊ ထင်ရှားပုံသေ ရှိပါပေ၏။ ဓမ္မဝတ္ထု၊ ဓမ္မဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား။ တော၊ ရှင်ပင်ဘုရားအား။ နော၊ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ခေါ်ဆိုသမုတ် အကျွန်ုပ်တို့၏။ နမော၊ တုပ်ဝပ်ရှိခိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွှတ်ခြင်းသည်။ အတ္ထု၊ မြေလက်ခတ်နဲ့ မလွဲပုံသေ ဖြစ်ပါစေသား မြတ်စွာဘုရား။

ဓမ္မဘုန်းတော်ဆိုတာ မြတ်စွာဘုရား၏ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား ကိုးပါးကို ဓမ္မဘုန်းတော်လို့ခေါ်တယ်။

**ယသဘုန်းတော်**

(၃) ယသဘုန်းတော်ဆိုတာ မြတ်စွာဘုရားမှာ သရီရဂုဏ် ရူပကာယနှင့် ပတ်သက်တဲ့ ဂုဏ်ကျေးဇူးတွေ, ဓမ္မဂုဏ် နာမကာယ ဓမ္မနှင့် ပတ်သက်တဲ့ ဂုဏ်ကျေးဇူးတွေဟာ ဘဝဂ်တိုင်အောင် ပျံ့လွင့်ပြီး ကျော်စောတဲ့ ကောင်းသတင်းသံတွေ လွှမ်းခြုံနေတယ်။ အဲဒီ ကောင်းသတင်းသံသည် အမှန်အတိုင်း ကျော်စောတဲ့ ကောင်းသတင်းသံ ဖြစ်ပါတယ်။ ဒီ-ကျော်စောတဲ့ ကောင်းသတင်းသံကို ယသဘုန်းတော်လို့ ခေါ်တယ်။

အချို့မှာ သတင်းကောင်း ကျော်ကြားသော်လည်း အထဲဝင်ကြည့်လိုက်ယင် ကြားတာနဲ့ တခြားစီဖြစ်နေတယ်။ ဘုရားမှာက ဒီလိုမဟုတ်ဖူး၊ ကျော်ကြားတဲ့အတိုင်း ဟုတ်မှန်တယ်၊ ဟုတ်မှန်တဲ့ အတိုင်း ကျော်ကြားခြင်းဆိုတဲ့ ကိတ္တိသဒ္ဒ[၁] ကို ပါဠိလို ယသဘုန်း

---

၁။ ကျော်စောသံ။

တော်လို့ ခေါ်တယ်၊ ထိုယသဘုန်းတော်ဖြင့် မြတ်စွာဘုရားကို ရှိခိုးလို လျှင် ဒီလိုရှိခိုးကြရမယ်။

**ယသဘုန်းတော်နဲ့ ဘုရားရှိခိုးပုံ**

ယထာဘုစ္စဂတော ဓီရ၊ ယသော တိလောကဗျာပကော။
အတိသုဒ္ဓေါပိ တေ အတ္ထိ၊ ယသဝန္တ နမတ္ထု တေ။

ဓီရ၊ အကျိုးရှိသင့် မရှိသင့်ကို ချိန်နှင့်နှုန်းပြိုင် ဆုံးဖြတ်နိုင်သား မတွိုင်ခေါင်ဖူး ဉာဏ်ဝါး ဉာဏ်ညွန့် ရှိတော်မူသော မြတ်စွာဘုရား။ တေ၊ ရှင်ပင်ဘုရားအား။ ယထာဘုစ္စဂတော၊ အကြားမပါ အဝါ- မဖက် သက်သက်ဟုတ်မှန် ဂုဏ်နေကန်ကြောင့် ခြေမှန်မျက်မှောက် လက်တော်ရောက် ရအပ်သော။တိလောကဗျာပကော၊ လောကသုံးရပ် ထုတ်ချင်းခတ်အောင် နှံ့စပ်ထင်ရှား ကျော်ကြားစွာထသော။ အတိ- သုဒ္ဓေါပိ၊ အလွန်အခင်း သန့်ရှင်း စင်ကြယ်သည်လည်းဖြစ်သော။ ယသော၊ သရီရဓမ္မ ဂုဏ်နှစ်ဝ၏ ကျနဟုတ်မှန် ဘဝဂ်တိုင် ကျော်စော သံခေါ်တဲ့ ယသဘုန်းတော်သည်။ အတ္ထိ၊ ထင်ရှားပုံသေ ရှိပါပေ၏။

ယသဝန္တ၊ ယသဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား။ တေ၊ ရှင်ပင်ဘုရားအား။ နော၊ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ခေါ်ဆိုသမုတ် အကျွန်ုပ်တို့၏။ နမော၊ တုပ်ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွှတ်ခြင်းသည်။ အတ္ထု၊ မြေလက်ခတ်နဲ့ မလွဲပုံသေ ဖြစ်ပါစေသား မြတ်စွာဘုရား။

ယသဘုန်းတော်ဆိုတာ တိုတိုချုပ်ပြောရယင် မြတ်စွာဘုရားရဲ့ ဟုတ်မှန်သည့်အတိုင်း သရီရဂုဏ် ဓမ္မဂုဏ်တို့ ဘဝဂ်တိုင် လွှမ်းခြုံ ကျော်ကြားခြင်းကို ယသဘုန်းတော်လို့ခေါ်တယ်။

## သိရီဘုန်းတော်

(၄) သိရီဘုန်းတော်ဆိုတာ မြတ်စွာဘုရားမှာ မဟာပုရိသလက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် ကိုယ်အင်္ဂါကြီးငယ်တို့၏ ဖူးမဝ ရှုမဝ အလွန်လှပ သပ္ပာယ်တင့်တယ်မှုဆိုတဲ့ အသရေ အစုကို သိရီဘုန်းတော်လို့ခေါ်တယ်၊ သိရီဘုန်းတော်ဆိုတာ ရူပကာယရဲ့ ဂုဏ်တမျိုးဖြစ်ပါတယ်။

ဆိုကြပါစို့၊ မြတ်စွာဘုရားမှာ သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာငယ်များရှိတယ်၊ အဲဒီလက္ခဏာကြီးငယ် အသွယ်သွယ်တို့နှင့် ပြည့်စုံတဲ့ ကိုယ်တော်မြတ်ရဲ့ အင်္ဂါကြီးငယ် အသွယ်သွယ်ဟာ လူနတ်ဗြဟ္မာ သတ္တဝါတို့ ဖူးမြော်မဝနိုင်အောင် လှပတင့်တယ် ကျက်သရေ ရှိတော်မူတယ်။ အဲဒါကို သိရီဘုန်းတော်လို့ခေါ်တယ်။ ထိုသိရီဘုန်းတော်ဖြင့် မြတ်စွာဘုရားကို ရှိခိုးကြစို့၊ ဒီဂါထာကို သိရီဘုန်းတော်ဘွဲ့ ဘုရားရှိခိုး ဂါထာလို့ခေါ်တယ်။

## သိရီဘုန်းတော်ဘွဲ့ ဘုရားရှိခိုးပုံ

ဒဿနာရမ္မဏာနံ၊ နယနာဘိပ္ပသာဒိကာ။
သဗ္ဗင်္ဂသိရီ အတ္ထိ၊ သိရီမန္တံ နမတ္ထု တေ။

သိရီမန္တံ၊ သိရီဂုဏ်နှင့်ပြည့်စုံ ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား။ တေ၊ ရှင်ပင်ဘုရားအား။ ဒဿနာရမ္မဏာနံ၊ ဖူးမြော်လိုမှု လုံ့လပြုသား ပြောထုနတ်လူ သတ္တဝါ ဟူဟူသမျှတို့၏။ နယနာဘိပ္ပသာဒိကာ၊ ဖူးတိုင်းမြိန်ရှက် မစွန့်ရက်အောင် မျက်စိအရသာ ဆောင်စွမ်းကာဖြင့် လွန်စွာရွှန်းစို ကြည်ညိုဖွယ် ဖြစ်သော။ သဗ္ဗင်္ဂသိရီ၊ ဗာတ္တိံသလက္ခဏာ သီတာနုဗျဉ်း ရှုမငြီးတို့ဖြင့် နုလည်းနုနယ်

ကိုယ်အင်္ဂါကြီးငယ်တို့၏ တင့်တယ်ခြင်း အသရေအစုတည်းဟူသော သိရီဘုန်းတော်သည်။ အတ္ထိ၊ ထင်ရှားပုံသေ ရှိပါပေ၏။

သိရိမန္တ၊ သိရိဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား။ တေ၊ ရှင်ပင်ဘုရားအား။ နော၊ တရားဟောပုဂ္ဂိုလ်တရားနာပုဂ္ဂိုလ် ခေါ်ဆိုသမုတ် အကျွန်ုပ်တို့၏။ နမော၊ တုပ်ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွတ်ခြင်းသည်။ အတ္ထု၊ မြေလက်ခတ်နဲ့ မလွဲပုံသေ ဖြစ်ပါစေသား မြတ်စွာဘုရား။

သိရီဘုန်းတော်ဆိုတာ မြတ်စွာဘုရားရဲ့ ကိုယ်အင်္ဂါ ကြီးငယ်တို့ကို တနေ့လုံးထိုင် ဖူးလို့လဲပဲ မဝနိုင်အောင် သပ္ပာယ် တင့်တယ်တော်မူမှုကို သိရီဘုန်းတော်လို့ ခေါ်ပါတယ်၊ ရူပကာယ ဘုန်းဂုဏ်တမျိုး ဖြစ်ပါတယ်။

## ကာမဘုန်းတော်

(၅) ကာမဘုန်းတော် ဆိုတာ ကိုယ့်တော်‌ အကျိုး သူတပါး အကျိုးကို လိုလားတဲ့အတိုင်း ပြီးမြောက်စေနိုင်တဲ့ မြတ်စွာဘုရားရဲ့ ဆန္ဒတော်ကို ကာမဘုန်းတော်လို့ခေါ်တယ်၊ဘယ်သူမဆို ကိုယ့်အကျိုး သူ့အကျိုးကို လိုလားတတ်ကြပါတယ်၊ ထိုလိုလားမှုကို ဆန္ဒစေတသိက်လို့ ခေါ်တယ်၊ သို့သော် လိုလားတဲ့အတိုင်း တို့သူငါတွေ ပြီးကြရဲ့လား၊ မပြီးကြဘူး။

မြတ်စွာဘုရားကျတော့ ဆန်းလိုက်တာ၊ ဟိုအလောင်းတော် ဘဝတွေမှာလဲ ကိုယ့်အကျိုး သူ့အကျိုး လိုလားတော်တတဲ့ အာဂမ ဆန္ဒတော် ရှိခဲ့တယ်၊ ဘုရားဖြစ်လာတဲ့ အချိန်မှာလဲပဲ ဝေနေယျတို့၏ အကျိုးကို သယ်ပိုးတော်မူလိုတဲ့ အဓိဂမ ဆန္ဒတော်ဖြစ်ခဲ့တယ်၊ဖြစ်ခဲ့တဲ့ အတိုင်းလဲ ကိုယ်တော့်အကျိုး ဝေနေယျတို့၏ အကျိုးကို ပြီးမြောက်

စေနိုင်တယ်၊ အဲ့ဒီလို အကျိုးနှစ်မျိုးလုံးကို ပြီးစေနိုင်တဲ့ ဆန္ဒတော် ဖြစ်ပါတယ်။

တို့သူငါတွေမှာ ဆန္ဒကတော့ ရှိပါတယ်၊ သို့သော် ရှိတဲ့အတိုင်း မပြီးဘူး၊ဘုရားနဲ့ ဆန္ဒချင်း မတူဘူး၊ဘုရားဆန္ဒတော်က ကိုယ့်အကျိုး သူ့အကျိုး ဤနှစ်မျိုးကို ပြည့်ဖြိုးလေအောင် ရွက်ဆောင်နိုင်တဲ့ ဆန္ဒတော် ဖြစ်ပါတယ်၊ အဲဒီ ဆန္ဒတော်ကို ကာမဘုန်းတော်လို့ ခေါ်တယ်၊ ထိုကာမဘုန်းတော်ဖြင့် မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုးရအောင် သူတော်ကောင်းတို့—

**ကာမဘုန်းတော်ဘွဲ့ ဘုရားရှိခိုးပုံ**

အတ္တတ္ထံ ပရတ္ထံ ဝါပိ၊ ဓိရ တေ ယံ ယမိစ္ဆိတံ။
အတ္ထိ နိပ္ဖတ္တိကာမောပိ၊ ကာမဝန္တ နမတ္ထု တေ။

ဓိရ၊ အကျိုးရှိသင့် မရှိသင့်ကို ချိန်နှင့်နှုန်းမြိုင် ဆုံးဖြတ်နိုင်သား မထ္တိုင်ခေါင်ဖူး ဉာဏ်ထူး ဉာဏ်ညွန့် ရှိတော်မူသော မြတ်စွာဘုရား။ တေ၊ ရှင်ပင်ဘုရားအား။ ယံ ယံ အတ္တတ္ထံ ဝါ၊ အကြင် အမျိုးမျိုး ကိုယ်တော်မြတ်၏ အကျိုးကိုလည်းကောင်း။ ယံ ယံ ပရတ္ထံ ဝါပိ၊ အကြင် အမျိုးမျိုး ဝေနေယျတို့၏ အကျိုးကိုလည်းကောင်း။ ဣစ္ဆိတံ၊ "ဗုဒ္ဓေါ ဗောဓေယျံ မုတ္တော မောစေယျံ တိဏ္ဏော တာရေယျံ"အကြံ သုံးပါး နှလုံးထား၍ လိုလား တောင့်တတော် မူအပ်ခဲ့သည့်အတိုင်း။ နိပ္ဖတ္တိကာမောပိ၊ ရွယ်တိုင်းမဖောက် ခရီးရောက်အောင် ပြီးမြောက် တော်မူစေနိုင်သည့် အာဂမဆန္ဒ အဓိဂမဆန္ဒတော် တည်းဟူသော ကာမဘုန်းတော်သည်လည်း။ အတ္ထိ၊ ထင်ရှားပုံသေရှိတုံပေ၏။

ကာမဝန္တ၊ ကာမဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား။ တေ၊ ရှင်ပင်ဘုရားအား။ နော၊ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ်

ခေါ်ဆိုသမုတ် အကျွန်ုပ်တို့၏။ နမော၊ တုပ်ဝပ်ရှိကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွတ်ခြင်းသည်။ အတ္ထု၊ မြေလက်ခတ်နဲ့ မလွဲပုံသေ ဖြစ်ပါစေသား မြတ်စွာဘုရား။

ကာမဘုန်းတော်ဆိုတာ ကိုယ်တော်မြတ်ရဲ့အကျိုး ဝေနေယျတို့ရဲ့ အကျိုးတို့ကို မျှော်ကိုးတောင့်တတော် မူတဲ့အတိုင်း ပြီးစေနိုင်သော မြတ်စွာဘုရားရဲ့ တန်ခိုးရှိတဲ့ ဆန္ဒစေတသိက်တော်ကို ကာမဘုန်းတော်လို့ ခေါ်တယ်။

**ပယတ္တဘုန်းတော်**

(၆) နောက်ဆုံး ခြောက်ခုမြောက် ပယတ္တဘုန်းတော်ဆိုတာ မြတ်စွာဘုရားသန္တာန်မှာ ဖြစ်တဲ့ သမ္မာဝါယာမ မဂ္ဂင်လို့ခေါ်ဆိုရသော သမ္မပ္ပဓာန်လုံ့လ ဝီရိယတော်ကို ခေါ်တယ်။ သူမတူတန်တဲ့ သမ္မပ္ပ-ဓာန် လုံ့လဝီရိယမျိုး ဖြစ်ပါတယ်။အဲဒီ ပယတ္တဘုန်းတော်ဖြင့်မြတ်စွာဘုရားကို ရှိခိုးသင် ဟောဒီလို ရှိခိုးရမယ်။

**ပယတ္တဘုန်းတော်ဘွဲ့ ဘုရားရှိခိုး**

ပယတ္တော သဗ္ဗလောကဿ၊ ဂါရဝါပတ္တိဟေတုကော။
ဝါယာမော သောပိ တေ အတ္ထိ၊ ပယတ္တဝါ နမတ္ထု တေ ။

ပယတ္တဝါ၊ ပယတ္တဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်ဘုရား။ တော၊ ရှင်ပင်ဘုရားအား။ သဗ္ဗလောကဿ၊ အလုံးစုံလောက ရှိသမျှ နတ်လူအပေါင်း၏။ ဂါရဝါပတ္တိဟေတုကော၊ စိုးခန့်သမှု အလေးပြုအပ်သည့် ဂရုဘွဲ့ယူ ပုဂ္ဂိုလ်တဆူ၏ အဖြစ်သို့ စင်စစ်ဆိုက်ရောက်ကြောင်း ကောင်းမြတ်သော အခြေခံဖြစ်သော။ ဝါယာမော၊ သမ္မပ္ပဓာန်ကိစ္စ တပ်စွမ်းလှသား ပဓာနသညာ သမ္မာဝါယာမ မဂ္ဂင်ဟု ဆိုအပ်သော။

သော ပိပယတ္တော၊ ပယတ္တနှုန်းခေါ် ထိုဘုန်းတော်သည်လည်း။ အတ္တိ၊ ထင်ရှားပုံသေ ရှိပါပေ၏။

ပယတ္တဝါ၊ ပယတ္တဂုဏ်နှုန်း ရှေ့ဘုန်းတော်ရှင် မြတ်သခင်ဘုရား။ တော၊ ရှင်ပင်ဘုရားအား။ နော၊ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ခေါ်ဆိုသမုတ် အကျွန်ုပ်တို့၏။ နမော၊ တုပ်ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွတ်ခြင်းသည်။ အတ္ထု၊ မြေလက်ခတ်နဲ့ မလွဲပုံသေ ဖြစ်ပါစေသား မြတ်စွာဘုရား။

**ဘုန်းတော်ခြောက်ပါး အကျဉ်း**

ဘုန်းတော်ခြောက်ပါး နားလည်သွားပြီ။

(၁) ဣဿရိယ ဘုန်းတော်ဆိုတာ ကိုယ်တော်ရဲ့ စိတ်တော်ကို သူမတူတန်အောင် စိုးပိုင်နိုင်နင်းခြင်းကို ခေါ်တယ်။

(၂) ဓမ္မဘုန်းတော်ဆိုတာ မြတ်စွာဘုရား ကိုယ်တော်မြတ်ရတဲ့ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာ တရားကိုးပါးကို ခေါ်တယ်။

(၃) ယသ ဘုန်းတော်ဆိုတာ ကိုယ်တော်မြတ်ရဲ့ ရူပကာယ ဂုဏ်တွေ ဓမ္မကာယဂုဏ်တွေ မှန်ကန်တဲ့အတိုင်း ဘဝဂ်တိုင် လွှမ်းခြုံပြီးတော့ ကောင်းသောသတင်း ကျော်စောခြင်းကို ခေါ်တယ်။

(၄) သိရီဘုန်းတော်ဆိုတာ မဟာပုရိသ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် တကိုယ်လုံး ကိုယ်အင်္ဂါကြီးငယ်တို့၏ သပ္ပာယ်တင့်တယ်လှပမှု အသရေစုကို သိရီဘုန်းတော်လို့ခေါ်တယ်။

(၅) ကာမဘုန်းတော်ဆိုတာ ကိုယ်တော့်အကျိုး ဝေနေယျတို့၏ အကျိုးကို အလိုတော်ရှိတိုင်း ပြီးစီးစေနိုင်တဲ့ အာဂမဆန္ဒတော် အဓိဂမဆန္ဒတော် နှစ်ပါးကိုခေါ်တယ်။ ဆန္ဒကတော့ သူသူငါငါဖြစ်ပါတယ်၊ ဒါပေမဲ့ တို့သူငါမှာဖြစ်တဲ့ ဆန္ဒကဆန္ဒအတိုင်း မပြီးနိုင်ဘူး၊ ဘုရားမှသာ ဆန္ဒတော်အတိုင်း အကုန်ပြီးအောင် ဆောင်ရွက်နိုင်တယ်။ ဒါကြောင့် မြတ်စွာဘုရားရဲ့ဆန္ဒတော်ကိုသာ ကာမဘုန်းတော်လို့ ခေါ်တယ်။

(၆) ပယတ္တ ဘုန်းတော်ဆိုတာ လောကကြီး တခုလုံးက ဆရာလို့ တင်ယူလောက်အောင် စံထားလောက်အောင် ကြီးမားလွန်မြတ်တဲ့ သမ္မပ္ပဓာန် လုံ့လဝီရိယကို ပယတ္တဘုန်းတော်လို့ ခေါ်တယ်။

**ဗုဒ္ဓါနုဿတိသမာဓိ ကောင်းမှုကုသိုလ် ပွားများပုံ**

နောင် အသံကြားလိုက်ယင် ဩဘ် ဣဿရိယ ဘုန်းတော်ဆိုတာ ဘာကိုခေါ်တယ်၊ ဓမ္မဘုန်းတော်ဆိုတာ ဘာကိုခေါ်တယ်လို့ ဘုန်းတော် ခြောက်ပါးအကြောင်း ကောင်းကောင်း သိသွားပြီ၊ အဲဒီ ဘုန်းတော်ခြောက်ပါးဖြင့် မြတ်စွာဘုရားရဲ့ ဘဂဝါဂုဏ်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိသမာဓိ ကောင်းမှုကုသိုလ်တရားကို သုံးခေါက်လောက် ပွားကြရအောင် သူတော်ကောင်းတို့—

ဣဿရိယဘုန်းတော်, ဓမ္မဘုန်းတော်, ယသဘုန်းတော်, သိရီဘုန်းတော်, ကာမဘုန်းတော်, ပယတ္တဘုန်းတော် တည်းဟူသော ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသောကြောင့် ဘဂဝါ-ဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင် ပျံ့လှိုင် ကျော်စောတော်မူသော မြတ်စွာဘုရား.... မြတ်စွာဘုရား....သော ဘဂဝါ ဣတိပိ ဘဂဝါ။

မိမိတို့ ဂုဏ်တော်ပုတီးစိပ်တဲ့အခါမှာ—

သော ဘဂဝါ ဣတိပိ အရဟံ၊
သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊
သော ဘဂဝါ ဣတိပိ သုဂတော၊
သော ဘဂဝါ ဣတိပိ လောကဝိဒူ၊
သော ဘဂဝါ ဣတိပိ အနုတ္တရောပုရိသဒမ္မသာရထိ၊
သော ဘဂဝါ ဣတိပိ သတ္ထာဒေဝမနုဿာနံ၊
သော ဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊
သော ဘဂဝါ ဣတိပိ ဘဂဝါ—

လို့ ပါဠိသက်သက်ဆိုပြီး စိပ်တာကတော့ မိဘဘိုးဘေး ဆရာသမားများက တို့သား တို့သမီး တို့မြေးများ သဘာဝနိရုတ္တိ အရိယဝေါဟာရ ပါဠိဘာသာကို အလေ့အလာပြုတဲ့အတွက် အရိယမဂ်ဖိုလ်ရတဲ့အခါမှာ ပဋိသမ္ဘိဒါပတ္တအရိယာ ဖြစ်ကြပါစေဆိုတဲ့ အနေဖြင့် ပါဠိလို အဆိုခိုင်းခြင်း ဖြစ်ပါတယ်။

သို့သော်"သော ဘဂဝါ ဣတိပိ ဘဂဝါ"ဆိုတာ ဟောဒီအဓိပ္ပာယ်ကို ရတယ်လို့ ကြည်ညို ဝမ်းမြောက်နိုင်အောင် ရှေးဦးစွာ မြန်မာဘာသာဖြင့် ဘဂဝါဂုဏ်တော် ပေါ်အောင်ဆိုပြီးမှ "သော ဘဂဝါ ဣတိပိ ဘဂဝါ"လို့ဆိုပြီး ပုတီးတလုံးချယင် ဘဂဝါ တခေါက်နဲ့ပဲ ဗုဒ္ဓါနုဿတိ သမာဓိကောင်းမှုကုသိုလ်တွေ အများကြီးရနိုင်ပါတယ်၊

## ဝိပဿနာပညာ ကောင်းမှုကုသိုလ်

သမာဓိ ကောင်းမှုကုသိုလ်တွေကို လုံလောက်စွာ ရယူပြီးတော့ ဝိပဿနာပညာ ကောင်းမှုကုသိုလ်ကို ရယူကြရအောင် သူတော်ကောင်းတို့။

ဝိပဿနာပညာ ကောင်းမှုကုသိုလ်ကို ရယူတဲ့နေရာမှာ ဝိသုဒ္ဓိမဂ် ပညာဘူမိနိဒ္ဒေသမှာ လာတဲ့အတိုင်း ရှုယင် အရှုခံတရား အနေဖြင့်—

(၁) ရုပ်နာမ်-နှစ်ပါး ခန္ဓာငါးပါး၊
(၂) သို့မဟုတ် အာယတန တဆယ့်နှစ်ပါး၊
(၃) သို့မဟုတ် ဓာတ်တဆယ့်ရှစ်ပါး၊
(၄) သို့မဟုတ် ဒုက္ခနဲ့သမုဒယ သစ္စာနှစ်ပါး၊
(၅) သို့မဟုတ် လောကီ ဣန္ဒြေများ၊
(၆) ပဋိစ္စသမုပ္ပါဒ်—

တရားများကို ဝိပဿနာရှုရမယ်၊ ဘုရားလောင်းများ ဝိပဿနာရှုတာ ပဋိစ္စသမုပ္ပါဒ်ကို ဦးတည်ပြီးတော့ ရှုတာဖြစ်တယ်။ မဟာဝဇီရဝိပ-ဿနာဉာဏ်ဆိုတာလဲ ပဋိစ္စသမုပ္ပါဒ်ကို အရှုခံထားပြီးတော့ ဦးတည်ပြီးတော့ ရှုတာပဲ ဖြစ်ပါတယ်။ ရုပ်နာမ်တရားသဘောကို ခန္ဓာ, အာယတန,ဓာတ်, သစ္စာ,ဣန္ဒြေ,ပဋိစ္စသမုပ္ပါဒ်အနေနဲ့ကြည့်ပြီးတော့ရှုတာ။

ယခု ဓာတ်တဆယ့်ရှစ်ပါးအနေဖြင့် ကြည့်ပြီး ရှုစေချင်တယ်၊ ဘာကြောင့်လဲဆိုတော့ ယခုနှစ် ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီးက အကြိမ်သုံးဆယ်မြောက် အဘိဓမ္မာအခါတော်နေ့ ကျင်းပတဲ့အခါမှာ တနိုင်ငံလုံးမှာရှိတဲ့ အဘိဓမ္မာအခါတော်နေ့ ကျင်းပတဲ့ အသင်းအဖွဲ့ အသီးသီးသို့ အဘိဓမ္မာခုနစ်ကျမ်း ပါဠိတော်အချို့ကို ရိုက်နှိပ်ပြီး စာရွက်ဇရ တစ်သိန်းကျော် ဓမ္မဒါနပြန့်ဖြူးတယ်။

**ဝိဘင်းကျမ်းက ဓာတ်တဆယ့်ရှစ်ပါး စဉ်ပုံ**

ဘုန်းကြီးတို့ နေရာမှာလဲပဲ အဘိဓမ္မာအခါတော်နေ့ ကျင်းပလို့ ဒီစာရွက်တွေ ရတယ်။ ဘုန်းကြီးတို့ ကိုယ်တိုင်လဲ အဘိဓမ္မာ ပြန့်ပွားရေး အသင်းကြီး၏ အကြိမ်သုံးဆယ်မြောက် အဘိဓမ္မာအခါတော်

နေ့မှာ ဩဝါဒါစရိယ အနေဖြင့် အခါတော်ပွဲ ဖွင့်ရမှာမို့ ဒီရောက်လာတော့ စာရွက်တွေကို အားလုံးရပါတယ်။ အဲဒီစာရွက်တွေထဲမှာ ဝိဘင်းကျမ်းအတွက် ထုတ်လိုက်တဲ့စာရွက်ထဲမှာ–

အဋ္ဌာရသဓာတုယော စက္ခုဓာတု ရူပဓာတု စက္ခုဝိညာဏဓာတု၊

သောတဓာတု သဒ္ဒဓာတု သောတဝိညာဏဓာတု၊

ဃာနဓာတု ဂန္ဓဓာတု ဃာနဝိညာဏဓာတု၊

ဇိဝှါဓာတု ရသဓာတု ဇိဝှါဝိညာဏဓာတု၊

ကာယဓာတု ဖောဋ္ဌဗ္ဗဓာတု ကာယဝိညာဏဓာတု၊

မနောဓာတု ဓမ္မဓာတု မနောဝိညာဏဓာတု–

လို့ ဓာတ်တဆယ့်ရှစ်ပါးကို သူ့အစုကလေးနဲ့သူ သုံးပါးတစု သုံးပါးတစု ဓာတုဝိဘင်းမှာ ဘုရားဟောခဲ့တဲ့ ပါဠိကို ထုတ်ပြထားတယ်။

အဲဒီ ပါဠိကိုမြင်တော့ ဘုန်းကြီးစိတ်ထဲမှာ ဟာ-ဟန်ကျလိုက်တာတို့ ဒါယကာ ဒါယိကာမတွေကို ဓာတ်တဆယ့်ရှစ်ပါး ဝိပဿနာနှလုံးသွင်းကို ခု အစဉ်အတိုင်း ကျင့်သုံးစေရယင် အင်မတန်ကောင်းမယ်၊ အကြောင်းအကျိုးတွေကိုလဲ အတော်မြင်လာမယ်လို့ ဘုန်းကြီးစိတ်ထဲမှာ ထင်မြင်လာပါတယ်။

ဟိုတုန်းက ရခဲ့ကြတဲ့ ဓာတ်တဆယ့်ရှစ်ပါးကတော့–

စက္ခုဓာတ် သောတဓာတ် ဃာနဓာတ် ဇိဝှါဓာတ် ကာယဓာတ်၊

ရူပဓာတ် သဒ္ဒဓာတ် ဂန္ဓဓာတ် ရသဓာတ် ဖောဋ္ဌဗ္ဗဓာတ်၊

စက္ခုဝိညာဏဓာတ် သောတဝိညာဏဓာတ် ဃာနဝိညာ·

ဃာနဓာတ် ဃာနဝိညာဏဓာတ် ကာယဝိညာဏဓာတ်
မနောဓာတ် မနောဝိညာဏဓာတ် ဓမ္မဓာတ်—

လို့ပဲ ရခဲ့ကြတယ်။ မာတိကာ ဓာတုကထာ ဆိုကြတုန်းကလဲ ဒီအစဉ်အတိုင်းပဲ ဆိုခဲ့ရတော့ ဒီအတိုင်းပဲ ရခဲ့ကြတယ်။

**ဗုဒ္ဓအဘိဓမ္မာအရ တနေ့တာလုပ်ငန်းများ**

ယခု ဓာတုဝိဘင်း ပါဠိတော်မှာ ဟောထားတဲ့ ဓာတ်တဆယ့်ရှစ်ပါး စဉ်ပုံကို တော်တော့်ကို စိတ်ထဲမှာ သဘောကျသွားတယ်၊ လူတွေကို ဒါယကာတို့ တနေ့လုံး အလုပ်လုပ်တာ ဘယ်နှစ်မျိုး လုပ်သလဲလို့ မေးယင် "ဃရာဝါသော ဗဟုကိစ္စော" ဆိုတဲ့အတိုင်း အိမ်၌နေတဲ့လူဆိုတာ အလုပ်ကိစ္စ သိပ်များတယ်၊ဘယ်ရေနိုင်ပါ့မလဲ အများကြီးပေါ့လို့ ဖြေလိမ့်မယ်၊ အဲဒါ တို့သူငါ အမြင်ဖြစ်တယ်။ မြတ်စွာဘုရားရဲ့ အမြင်ဆိုလို့ ရှိယင်တော့ ခြောက်မျိုးပဲရှိတယ်၊ အဲဒီလို ပရမတ္ထ မျက်စိနဲ့ ကြည့်ယင် တို့တတွေရဲ့ တနေ့တာ လုပ်ငန်းဟာ ခြောက်မျိုးပဲ ရှိတယ်လို့ ပြောရလိမ့်မယ်။ ဒီခြောက်မျိုးဟာ—

(၁) မျက်စိဖြင့် အဆင်းမျိုးစုံ ရူပါရုံကို ကြည့်တဲ့အလုပ်၊

(၂) နားဖြင့် အသံမျိုးစုံ သဒ္ဒါရုံကို နားထောင်တဲ့အလုပ်၊

(၃) နှာခေါင်းဖြင့် အနံ့မျိုးစုံ ဂန္ဓာရုံကို နမ်းရှူတဲ့အလုပ်၊

(၄) လျှာဖြင့် အရသာမျိုးစုံ ရသာရုံကို လျက်တဲ့စားတဲ့အလုပ်၊

(၅) ကိုယ်ဖြင့် အကြမ်းအနု အပူအအေး အပျော့အမာ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိတဲ့အလုပ်၊

(၆) စိတ်ဖြင့် ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို ကြံတွေးသိတဲ့အလုပ်— များဖြစ်ပါတယ်။

## ပညတ်အရ လုပ်ငန်းများနေပုံ

တနေ့လုံး လုပ်တဲ့လုပ်ငန်းဟာ ဒီခြောက်ပါးမှလွဲလို့ ဘာမှမရှိဘူး။ အဘိဓမ္မာ မျက်စိဖြင့်ကြည့်ယင် ဒီခြောက်မျိုးပဲရှိတယ်၊ အများကြီး ဖြစ်နေတာက ပညတ်အနေနဲ့ များနေတာဖြစ်ပါတယ်၊ များရုံတင် မဟုတ်သေးဘူး၊ အဲဒီ ပညတ်ပေါ်မှာ တို့တထွေက အမှားပြောသေး တယ်။

## မြင်ခြင်းကိစ္စ၌တဏှာမာနဒိဋ္ဌိ စွဲပုံ

ဥပမာ—မျက်စိဖြင့် အဆင်းကို မြင်တဲ့နေရာမှာ "မျက်စိနဲ့ မြင်တယ်" လို့ ရိုးရိုးမပြောဘူး၊ "ငါ့-မျက်စိနဲ့ မြင်တယ်၊ ငါ့-မျက်စိနဲ့ မြင်တယ်" လို့ မျက်စိမှာ ငါ့ဥစ္စာဆိုတဲ့ တဏှာစွဲက ပါသေးတယ်။ ငါ့မျက်စိနဲ့ မောင်ဖြူကို ငါမြင်လိုက်တယ်လို့ ပြောတဲ့နေရာမှာ—ငါ့မျက်စိ ဆိုတုန်း က တဏှာအစွဲ တခုပါပြီး မောင်ဖြူကို ဆိုတော့ ပုဂ္ဂိုလ်စွဲ ပါသွား တယ်၊ ငါမြင်တယ်ဆိုတော့ မာနစွဲ ဖြစ်သွားတယ်၊ အဘိဓမ္မာ သဘောနဲ့ ကြည့်ယင်။

ဒီတော့ လုံးတိုင်းလုံးတိုင်းမှာ အစွဲတွေက မှားနေတယ်။ အမှန် ကတော့ စက္ခုပသာဒခေါ်တဲ့ မျက်စိအကြည်ဖြင့် မောင်ဖြူလို့ ခေါ်ဆို ပညတ် သမုတ်အပ်တဲ့ ခန္ဓာအစဉ်မှာရှိတဲ့ ရူပါရုံကို အာရုံပြုပြီးတော့ စက္ခုဝိညာဏ်စိတ် ဖြစ်တာပါပဲ။အဲဒီမှာ မျက်စိအကြည်ကိုလဲ ငါ့မျက်စိ လို့ တဏှာနဲ့စွဲတယ်၊ ရူပါရုံကိုလဲ မောင်ဖြူလို့ ပုဂ္ဂလဒိဋ္ဌိ အစွဲနဲ့ ပြောတယ်၊ စက္ခုဝိညာဏ်က မြင်တာကို ငါကိုယ်တိုင် မြင်တာလို့ စက္ခုဝိညာဏ်ကို ငါလို့ စွဲပြန်တယ်။ အဲဒီလို စကားသုံးခွန်းလုံးမှာ အစွဲ သုံးခုပါနေတယ်။

အဲဒီ အစွဲသုံးခုပြုတ်အောင် မြတ်စွာဘုရားက ပရမတ္ထ တရားသား အမြင်ကို ဟောချင်တယ်။ မြင်မှုဆိုတဲ့ ကိစ္စမှာ ပရမတ္ထ ဉာဏ်မျက်စိနဲ့ သုံးလိုက်ယင် "စက္ခုပသာဒခေါ်သော မျက်စိအကြည်ဖြင့် အဆင်း မျိုးစုံ ရူပါရုံကို မြင်တယ်"လို့ ပြောရတယ်။ မြင်တယ်ဆိုတာ စက္ခု ဝိညာဏ်စိတ် စက္ခုဒွါရ ဝီထိစိတ်တွေ ဖြစ်တာကို ခေါ်တယ်။အဘိဓမ္မာ ကတော့ အဲဒါပဲ။

တို့တတွေမှာ မြင်လိုက်ကြတာက တောကိုမြင်တယ်၊ တောင်ကို မြင်တယ်၊ အိမ်ကိုမြင်တယ်၊ ကျောင်းကိုမြင်တယ်၊ မြို့ကိုမြင်တယ်၊ ရွာကိုမြင်တယ်၊ မြစ်ကိုမြင်တယ်၊ ချောင်းကိုမြင်တယ် အမြင်တွေက အလွန်ပေါတယ်။ ပညတ်နယ် ကျယ်ကျယ်သလောက် အဲဒါတွေ ကျယ်ကုန်တယ်၊ အချုပ်ကတော့ စက္ခုဖြင့် ရူပါရုံကို မြင်တာပဲ ဖြစ်ပါ တယ်။

## ကြားခြင်းကိစ္စ၌ တဏှာမာနဒိဋ္ဌိ စွဲပုံ

တို့အတူပဲ ကြားတဲ့ကိစ္စမှာလဲပဲ "ငါ့နားဖြင့် ငဖြူရဲ့အသံကို ငါ ကိုယ်တိုင်ကြားတာ"လို့ ပြောကြတယ်။ ငါ့နားဖြင့်ဆိုတော့ သောတ ပသာဒခေါ်တဲ့ နားအကြည်ကို ငါ့ဥစ္စာဆိုတဲ့ တဏှာစွဲနဲ့ သွားစွဲတယ်၊ ငဖြူရဲ့အသံ ဆိုတဲ့နေရာမှာ အသံကို ငဖြူလို့ သူသွားစွဲနေတယ်၊အသံဟာ အသံပါပဲ၊ ငဖြူရဲ့အသံ ဆိုတော့ ပုဂ္ဂလဒိဋ္ဌိနဲ့ စွဲပြီး ပြောခြင်းဖြစ်တယ်။ ငါကိုယ်တိုင် ကြားတာ ဆိုတာက သောတဝိညာဏ် ဖြစ်တာကိုပဲ ငါလို့ မာနစွဲနဲ့ စွဲလိုက်ပြန်တယ်၊ အဲဒီလို အဘိဓမ္မာပရမတ္ထတရား မျက်စိနဲ့ကြည့်ယင် ဒီအတိုင်း မြင်ရတယ်။

အဲဒီလို လုံးတိုင်းခွန်းတိုင်းအစွဲတွေက မှားနေတယ်၊ အနိစ္စ, ဒုက္ခ, အနတ္တ လို့ရှုမှ အဲဒီအမှားက ပြုတ်မှာဖြစ်ပါတယ်။ ဒီနှစ်အဘိဓမ္မာ

ပြန့်ပွားရေးအသင်းက ဖြန့်တဲ့ ဓာတုဝိဘင်း ပါဠိတော် အစဉ်ကို တွေ့ရတော့ ဒီအသိဉာဏ်တွေ ပေါ်လာတယ်။

**ဓါတ်တဆယ့်ရှစ်ပါး ကမ္မဋ္ဌာန်း**

ဓါတ်ကမ္မဋ္ဌာန်းကတော့ အဲဒီ ဓါတ်တဆယ့်ရှစ်ပါးပဲ ဖြစ်ပါတယ်။ **အနိစ္စ, ဒုက္ခ, အနတ္တ** ရှုဖို့ကတော့ ပါဠိတော်တွေမှာ တိုက်ရိုက်လာပါတယ်။

ဤတွင် မျက်စိဖြင့် အဆင်းမျိုးစုံ ရူပါရုံကို မြင်တယ်ဆိုတဲ့နေရာမှာ—

(၁) မျက်စိကို အရကောက်လိုက်ယင် မျက်စိအကြည်ခေါ်တဲ့စက္ခုဓါတ်၊

(၂) အဆင်းမျိုးစုံ ရူပါရုံက ရူပဓါတ်၊

(၃) မြင်တယ်ဆိုတာ စက္ခု၌ မှီပြီးဖြစ်တဲ့ စက္ခုဝိညာဏဓါတ်လို့ ဓါတ်သုံးပါးထွက်လာတယ်။

ထို့အတူ "နားဖြင့် အသံမျိုးစုံ သဒ္ဒါရုံကို ကြားတယ်ဆိုတဲ့နေရာမှာလဲ–

(၁) နားက သောတဓါတ်၊

(၂) အသံမျိုးစုံ သဒ္ဒါရုံက သဒ္ဒဓါတ်၊

(၃) ကြားမှု**သော**တဝိညာဏ်ကသောတဝိညာဏဓါတ်။အဲဒီလို ပရမတ္ထမျက်စိနဲ့ ရှာကြည့်ယင် ဓါတ်သုံးခုတွေ့တယ်။

ပြီးတော့ နှာခေါင်းဖြင့် အနံ့မျိုးစုံ ဂန္ဓာရုံကို နမ်းရှုတယ် ဆိုတဲ့ နေရာမှာလဲ–

(၁) နှာခေါင်းက ဃာနဓာတ်၊

(၂) အနံ့မျိုးစုံ ဂန္ဓာရုံက ဂန္ဓဓာတ်၊

(၃) နမ်းရှုတာက ဃာနဝိညာဏဓာတ်–

လို့ ဓာတ်သုံးလုံး။

လျှာဖြင့် အရသာမျိုးစုံ ရသာရုံကို လျက်တယ် စားတယ်ဆိုတဲ့ ကိစ္စမှာလဲပဲ—

(၁) လျှာက ဇိဝှါဓာတ်၊

(၂) အရသာမျိုးစုံ ရသာရုံက ရသဓာတ်၊

(၃) စားတယ် လျက်တယ် ဆိုတာက ဇိဝှါဝိညာဏဓာတ်–

လို့ ဓာတ်သုံးလုံး။

ကိုယ်ဖြင့် အကြမ်းအနု အပူအအေး အပျော့အမာ စတဲ့ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိတယ် ဆိုတဲ့နေရာမှာ—

(၁) ကိုယ်က ကာယဓာတ်၊

(၂) အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံက ဖောဋ္ဌဗ္ဗဓာတ်၊

(၃) တွေ့ထိတာက ကာယဝိညာဏဓာတ်–

လို့ဓာတ်သုံးလုံး။

စိတ်ဖြင့် ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို သိတယ်ဆိုတဲ့နေရာမှာ—

(၁) စိတ်က မနောဓာတ်၊

(၂) ရုပ်နာမ်မျိုးစုံ ဓမ္မာရုံက ဓမ္မဓာတ်၊

(၃) သိတာက မနောဝိညာဏဓာတ် –

လို့ ဓာတ်သုံးလုံးစီ ရတော့ အားလုံး ဓာတ်တဆယ့်ရှစ်ပါး ဖြစ်ပါတယ်။ အဲဒီ စကားကြီး ခြောက်ခွန်းဟာ စကားထဲက ဓာတ်သဘောတွေ ဇာတိပြနေကြတယ်၊ အဲဒီလို မြင်ရမယ်။

ပရမတ္ထဖြစ်တဲ့ –

စက္ခုဓာတ်, ရူပဓာတ်, စက္ခုဝိညာဏဓာတ်၊
သောတဓာတ်, သဒ္ဒဓာတ်, သောတဝိညာဏဓာတ်၊
ဃာနဓာတ်, ဂန္ဓဓာတ်, ဃာနဝိညာဏဓာတ်၊
ဇိဝှါဓာတ်, ရသဓာတ်, ဇိဝှါဝိညာဏဓာတ်၊
ကာယဓာတ်, ဖောဋ္ဌဗ္ဗဓာတ်, ကာယဝိညာဏဓာတ်၊
မနောဓာတ်, ဓမ္မဓာတ်, မနောဝိညာဏဓာတ် –

ဆိုတဲ့ ဓာတ်တဆယ့်ရှစ်ပါးကို သုံးပါးတစု သုံးပါးတစု ပရမတ္ထ ရုပ်နာမ်ခိုက်အောင် ဉာဏ်နဲ့ဆင်ခြင်ကြည့်လို့ သိလာပြီဆိုယင် မျက်စိဖြင့် ဆိုတာမှာ မျက်စိအကြည်ရုပ်ကလေးကို မြင်လာတယ်၊ သူ့ရဲ့ မမြဲတဲ့ အနိစ္စသဘော ဆင်းရဲတဲ့ ဒုက္ခသဘော အစိုးမရတဲ့ မခိုင်မာတဲ့ အနတ္တသဘောကို ပေါ်အောင်မြင်လာတယ်၊ သူ့ကို ငါ့မျက်စိ ငါ့မျက်စိလို့ တဏှာနဲ့ မစွဲအောင် ငါ-ငါ့ဥစ္စာ ငါ့လိပ်ပြာ ဘာမှ မဟုတ်ဘူးလို့ သိရမယ်။

## မြင်ရာ ကြားရာ စသည့်၌ ဓာတ်သုံးပါးစီ မြင်အောင်ရှု

မျက်စိဖြင့် အဆင်းမျိုးစုံ ရူပါရုံကို ငါမြင်တယ် ဆိုတဲ့စကားမှာ –
မျက်စိတွင်မည် ရုပ်အကြည်လည်းကောင်း (စက္ခုဓာတ်)၊

အဆင်းတွင်မည့် ရုပ်ထိုက်လည်းကောင်း (ရူပဓာတ်)၊
မျက်စိ၌မှီ ဝိညာဏ်သည် လည်းကောင်း (စက္ခုဝိညာဏ-ဓာတ်) –

လို့ ဓာတ်သုံးမျိုး ထွက်လာတယ်။

ထို့အတူ–

နားဟုတွင်မည့် ရုပ်အကြည်လည်းကောင်း၊
အသံတွင်မည့် ရုပ်ထိုက်လည်းကောင်း၊
နား၌စွဲမှီ ဝိညာဏ်သည်လည်းကောင်း–

လို့ ဓာတ်သုံးခုကို မြင်ပါစေ။

နှာခေါင်းတွင်မည့် ရုပ်အကြည်လည်းကောင်း၊
အနံ့တွင်မည့် ရုပ်ထိုက်လည်းကောင်း၊
နှာခေါင်း၌မှီ ဝိညာဏ်သည်လည်းကောင်း–

လို့မြန်မာဘာသာနဲ့ ဖြေးဖြေးမြင်ပါစေ။

လျှာဟုတွင်မည့် ရုပ်အကြည်လည်းကောင်း၊
အရသာတွင်မည့် ရုပ်ထိုက်လည်းကောင်း၊
လျှာ၌စွဲမှီ ဝိညာဏ်သည်လည်းကောင်း–

လို့ ဇိဝှါဓာတ် ရသဓာတ် ဇိဝှါဝိညာဏဓာတ် လို့ ပရမတ္ထတရားသားမြင်အောင် အမိမြန်မာဘာသာနဲ့ စူးစိုက်ကြည့်ပါ။

ကိုယ်ဟုတွင်မည့် ရုပ်အကြည်ကောင်း၊
အတွေ့တွင်မည့် ရုပ်ထိုက်လည်းကောင်း၊
ကိုယ်၌စွဲမှီ ဝိညာဏ်သည်လည်းကောင်း–

လို့ ကာယဓာတ် ဖောဋ္ဌဗ္ဗဓာတ် ကာယဝိညာဏဓာတ် ဆိုတဲ့ ဓာတ်သုံးပါးကို မြင်အောင်ရှုပါ။

မနောတွင်မည် စိတ်အကြည်လည်းကောင်း၊
ဓမ္မတွင်မည် ရုပ်နာမ်သည်လည်းကောင်း၊
မနောတွင်မည့် ဝိညာဏ်သည်လည်းကောင်း—

လို့ မနောခေါတ်၊ ဓမ္မခေါတ်၊ မနောဝိညာဏခေါတ် သုံးပါးကို မြင်အောင်ကြည့်ရမယ်။

**ခေါတ်သုံးပါးကို အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာပွားပုံ**

အဲဒီလို မြင်အောင်ကြည့်ပြီး ရှုပြီးတဲ့နောက်—

မျက်စိတွင်မည် ရုပ်အကြည်လည်းကောင်း၊ အဆင်းတွင်မည် ရုပ်ထိုဤလည်းကောင်း၊ မျက်စိ၌မှီ ဝိညာဏ်သည်လည်းကောင်း မြင့်ရှည်ကာလ မတည်ထပဲ (ဒီတရားတွေဟာ ကာလရှည်မြင့်စွာ မတည်ပဲနဲ့) ခဏဖြစ်လျက် ခဏပျက်၏။ (အဲဒါ အနိစ္စလက္ခဏာ ပေါ်အောင်ဆင်ခြင်တဲ့ နည်းဖြစ်တယ်)

ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏။

(ဖြစ်ခြင်း ပျက်ခြင်းဆိုတဲ့ ဥပါဒ်သဘော ဘင်သဘော ဖြစ်တဲ့ ဇာတိမီး မရဏမီးတို့ တညီးညီး တပြောင်ပြောင် အလောင်ခံနေရတယ်၊ အနှိပ်စက်ခံနေရတယ်၊ "ဥဒယဗ္ဗယပဋိပီဠနဋ္ဌေန"ကို ကြည့်ပြီးတော့ ဒီလင်္ကာကို စီခြင်းဖြစ်ပါတယ်)

(ပြီးတော့) ခိုင်မြဲကျော့မာ နှစ်မပါဘူး—

ဒါက "အသာရကဋ္ဌေန" ကို ကြည့်ပြီး စီးခြင်းဖြစ်ပါတယ်။ အနတ္တလို့ ရဲရဲတောက်ဆုံးဖြတ်နိုင်တဲ့ ဝိပဿနာတီရဏ ပရိညာ ဖြစ်အောင် အခြေခံ ပေးတာ ဖြစ်ပါတယ်။

အဲဒီလို အခြေခံသုံးခု ပြီးပြီဆိုတော့–

ပညာစက္ခု၊ မြော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ၊ မှန်လှစွာ၏။

ဉာဏ်ပညာ မျက်စိနဲ့ စူးစူးစိုက်စိုက်ကြည့်လျှင် စက္ခု၊ ရူပ, စက္ခုဝိညာဏ်သုံးခုတို့ရဲ့ သဘာဝဟာ အနိစ္စကေန်မှန်လှ၏၊ ဒုက္ခကေန်မှန်လှ၏၊ အနတ္တ ကေန် မှန်လှ၏လို့ ဝိပဿနာ ရှုလိုက်ပါ။

**တဏှာမာန ဒိဋ္ဌိတို့ကို တဒင်္ဂပယ်ပုံ**

အနိစ္စလို့ရှုလိုက်ယင် ငါငါဆိုတဲ့ မာနကို တစ်ကြိမ်ပယ်လိုက်ပါတယ် ဒုက္ခလို့ရှုလိုက်ယင် ငါ့ဥစ္စာဆိုတဲ့ လောဘကို တစ်ကြိမ်ပယ်လိုက်ပါတယ် အနတ္တလို့ရှုလိုက်ယင် ဒိဋ္ဌိကို တစ်ကြိမ်ပယ်လိုက်ပါတယ်။

ဒီ ပရမတ္ထသဘာဝမွေတွေဟာ မကောင်းတဲ့ ဘက်မှာလဲ မကောင်းသလို အကုသိုလ်တွေတိုးပွားတယ်၊ ကောင်းတဲ့ဘက်မှာလဲ ကောင်းသလို ကုသိုလ်တွေ တိုးပွားတယ်။

“ပညာစက္ခု မြော်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စနှင့် ဒုက္ခ၊ အနတ္တာ မှန်လှစွာ၏”လို့ ရှုမြင်လျှင် တဏှာ,မာန, ဒိဋ္ဌိ တစ်ကြိမ်ပြုတ်ပါတယ်။

(ပြီးတော့) ငါငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတခုမျှ မဟုတ်ကြဘူး။

(အခုပြောတဲ့ မျက်စိရယ်, အဆင်းရယ်, စက္ခုဝိညာဏ်ရယ် အဲဒီသုံးမျိုးကို ငါငါ့ဥစ္စာလို့ ငါ့လိပ်ပြာလို့ သွားစွဲယင် လွဲမယ်၊ ကိုယ်ကစွဲမယ်ကြံရုံရှိသေးတယ် ဟိုကမရှိတော့ဘူး၊ မရှိတာကိုပဲ ကိုယ်ကထပ်ရှာပြီး စွဲတယ်၊ အဲဒီတော့ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတခုမျှမဟုတ်ကြဘူး လို့ ရှုလိုက်ယင် တဏှာမာနဒိဋ္ဌိတို့ကို တဒင်္ဂအားဖြင့် ပယ်ပြီးသား ဖြစ်တယ်။

ငါမဟုတ်ဖူးလို့ ရှုလိုက်သဖြင့် မာနကို တဒင် ပယ်လိုက်တယ်၊ ငါ့ဥစ္စာမဟုတ်ဟု ရှုလိုက်သဖြင့် ငါ့ဥစ္စာလို့ ထင်နေတဲ့ တဏှာကို အတင်းတိုက် အတင်းဖျက်ပြီး ပညာက တခဏပယ်လိုက်တယ်၊ ငါ့လိပ်ပြာမဟုတ်ဘူးလို့ ရှုလိုက်သဖြင့် ငါ့လိပ်ပြာ ငါ့အတ္တ ငါ့ကိုယ်ကောင် ထင်နေတဲ့ဒိဋ္ဌိကို ပညာကတိုက်ဖျက်ပြီး ပယ်လိုက်ခြင်း ဖြစ်ပါတယ်။

တခေါက်တခေါက်မှာ တဏှာမာနဒိဋ္ဌိတို့ကို နှစ်ကြိမ် နှစ်ကြိမ် တဒင်အပယ်နှင့်ပယ်ပြီးသားဖြစ်တယ်။ အဲဒီ တဒင်ပယ်အားကြီးလာတော့မှ ဝိက္ခမ္ဘနပဟာန်နဲ့ ပယ်နိုင်တယ်။ ဝိက္ခမ္ဘနပဟာန်ဆိုတာ သမာဓိနဲ့ပယ်တာ၊ ဥပစာရသမာဓိလောက် ရောက်ယင် တဏှာ မာန ဒိဋ္ဌိကို ဝိက္ခမ္ဘနပဟာန်နဲ့ ပယ်နိုင်ပြီ။

အဲဒီ ဥပစာရသမာဓိမှ အထက်တက်လို့ မဂ်သမာဓိ ဖိုလ်သမာဓိ ခေါ်တဲ့ အပ္ပနာသမာဓိ ရောက်သွားယင် သမုစ္ဆေဒပဟာန်ဖြင့် တဏှာ မာန ဒိဋ္ဌိကို အမြစ်ပြတ်အောင် ပယ်နိုင်တယ်၊ အဲဒီလို သမုစ္ဆေဒပဟာန်နဲ့အမြစ်ပြတ်ပယ်နိုင်အောင် တဒင်ပယ်နည်းက စ,ရမယ်၊ ကိုယ်လက်လှုပ်မီတဲ့ တဒင်ပဟာန်နဲ့ ကြိုးစားမှ ဒုတိယ ဝိက္ခမ္ဘနပဟာန် ဥပစာရသမာဓိ ရောက်မယ်၊ နောက်ဆက်ပြီး ကြိုးစားမှ သမုစ္ဆေဒပဟာန်ဖြင့် ပယ်နိုင်တဲ့ အရိယမဂ် တည်းဟူသော အပ္ပနာသမာဓိ ဖြစ်မယ်။

**ခေတ် ၁၈-ပါး ဝိပဿနာကမ္မဋ္ဌာန်းလင်္ကာကြီး**

ဒီတော့ မိမိတို့လက်လှုပ်မီတဲ့ တဒင်ပဟာန်ဖြင့် ပယ်တဲ့ ပရိကမ္မသမာဓိ လောက်ပဲ ရယူကြပါဦးစို့၊ ခေတ်တဆယ့်ရှစ်ပါးကို သုံးပါးတတွဲ သုံးပါးတတွဲ ဝိပဿနာ ရှုရအောင်- စက္ခုန္ဒြေ မျက်လုံးကို

အောက်သို့ နဲနဲချထားကြ၊ မိမိတို့ဆိုတဲ့တရားထဲမှာ စိတ်ကို စူးစိုက်ထားပါ၊ အားလုံးလိုက်၍ ဆိုကြပါ။

မျက်စိတွင်မည်၊ ရုပ်အကြည်လည်းကောင်း၊ အဆင်းတွင်မည်၊ ရုပ်ထိုက၌လည်းကောင်း၊ မျက်စိ၌မှီ၊ ဝိညာဏ်သည်လည်းကောင်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊လှန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု၊ မြော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ၊ မှန်လှစွာ၏၊ ငါ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မသက်သက်ပါတကား၊ (စက္ခုဓာတ်၊ ရူပဓာတ် စက္ခုဝိညာဏဓာတ်)

နားဟုတွင်မည်၊ ရုပ်အကြည်လည်းကောင်း၊ အသံတွင်မည်၊ ရုပ်ထိုက၌လည်းကောင်း၊ နား၌စွဲမှီ၊ဝိညာဏ်သည်လည်းကောင်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ပ ။ ဓမ္မသက်သက်ပါတကား။ (သောတဓာတ်၊ သဒ္ဒဓာတ်၊ သောတဝိညာဏဓာတ်)

နှာခေါင်းတွင်မည်၊ ရုပ်အကြည်လည်းကောင်း၊ အနံ့တွင်မည်၊ ရုပ်ထိုက၌လည်းကောင်း၊ နှာခေါင်း၌မှီ၊ ဝိညာဏ်သည်လည်းကောင်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ပ။ ဓမ္မသက်သက်ပါတကား။ (ဃာနဓာတ်၊ ဂန္ဓဓာတ်၊ ဃာနဝိညာဏဓာတ်)

လျှာဟုတွင်မည်၊ ရုပ်အကြည်လည်းကောင်း၊ အရသာတွင်မည်၊ ရုပ်ထိုက၌လည်းကောင်း၊ လျှာ၌စွဲမှီ၊ ဝိညာဏ်သည်

လည်းကောင်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ပ။ ဓမ္မသက်သက် ပါတကား။ (ဇိဝှါခေတ်၊ ရသခေတ်၊ ဇိဝှာဝိညာဏခေတ်)

ကိုယ်ဟုတွင်မည်၊ ရုပ်အကြည်လည်းကောင်း၊အတွေ့တွင်မည်၊ ရုပ်ထိုဤလည်းကောင်း၊ ကိုယ်၌စွဲမှီ၊ ဝိညာဏ်သည် လည်းကောင်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ပ။ ဓမ္မသက်သက်ပါတကား။ (ကာယခေတ်၊ ဖောဋ္ဌဗ္ဗခေတ်၊ ကာယဝိညာဏခေတ်)

မနောတွင်မည်၊ စိတ်အကြည်လည်းကောင်း၊ဓမ္မတွင်မည် ရုပ်နာမ်သည်လည်းကောင်း၊ မနောတွင်မည်၊ ဝိညာဏ်သည် လည်းကောင်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး၊ ပညာစက္ခု မြော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ မှန်လှစွာ၏၊ ငါ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတခုမျှ၊ မဟုတ်ကြသည်၊ ဓမ္မသက်သက်ပါတကား။ (မနောခေတ်၊ဓမ္မခေတ် မနောဝိညာဏခေတ်)

ဤကဲ့သို့ ဆင်ခြင်လိုက်လို့ရှိယင် မိမိတို့ရဲ့ သန္တာန်မှာ ခေတ်တဆယ့်ရှစ်ပါးကို အနိစ္စ၊ဒုက္ခ၊ အနတ္တလို့ရှုတဲ့ ဝိပဿနာပညာ စတုတ္ထ အနုဂါမိက၊ ကောင်းမှုဥစ္စာ ရတနာကို ကောင်းစွာရနိုင်ပါတယ်။

ယခုလဲပဲ မိမိတို့မှာ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းပေးကမ်းနေတဲ့ ဒါနကောင်းမှုတွေကို ရရှိပြီးပြီ။ သရဏဂုံသီလကို ပါဠိ မြန်မာ နှစ်ဘာသာဖြင့် ဆောက်တည်ခံယူကျင့်သုံးပြီးပြီ။ သီလကောင်းမှုကိုလည်း ရကြပြီး မြတ်စွာဘုရားရဲ့ ဘဂဝါဂုဏ်တော်ကို

အမျိုးမျိုး အာရုံပြု၍ ရှိခိုးတဲ့ သမာဓိ ကောင်းမှုကုသိုလ်၊ ဘဝဂ္ဂဝါ ဂုဏ်ကို အနုဿတိဖြစ်အောင် ပွားများတဲ့ သမာဓိ ကောင်းမှုကုသိုလ် တွေကိုလည်း ရပြီးကြပြီ။ ခေတ်တဆယ့်ရှစ်ပါးတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ပုံကို ဆင်ခြင်ပွားများတဲ့ ဝိပဿနာပညာ တည်းဟူသော အနုဂါမိကဥစ္စာလဲပဲ မိမိတို့ရကြပြီ၊ ဤဥစ္စာလေးပါးဟာ မြတ်စွာ ဘုရား ဟောတဲ့အတိုင်း မဂ်ဉာဏ်လေးပါးရဲ့ ဥပနိဿယည်း အထောက် အပံ့ ပစ္စည်းဖြစ်ပါတယ်။

## တရားတော်နိဂုံး

ဤကောင်းမှု လေးပါးကြောင့် မိမိတို့သည် မဂ်ဉာဏ်လေးထောက် အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုရတဲ့ကိုယ် ဖြစ်ပါစေကုန် သတည်း။ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရပြီ၊ နောက်ဆုံးဘဝ ပရိနိဗ္ဗာန စုတိစိတ်မှ အခြားမဲ့ နောက်ကာလ၌ တစုံတခုသော ဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ သတ္တ- နိကာယ၌မှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာ တရားတို့ တဖန်အသစ် မဖြစ်ခြင်း တည်းဟူသော အနုပ္ပါဒနိရောဓ အနုပါဒိ ပရိနိဗ္ဗာန် ကိုယ်စီ စံရပါစေသတည်း။ အနုပါဒိပရိနိဗ္ဗာန် ကိုယ်စီ စံရသဖြင့် ကမ္မဝဋ် ကိလေသဝဋ် ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခ ခပ်သိမ်း သံသရာ မီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေ ကုန်သတည်း။

သာဓု....သာဓု....သာဓု

ဩကာသကန်တော့ခန်း သီလယူရှင်းတမ်းနှင့်
နိမိကဏ္ဍသုတ်လာ ကောင်းမှုလေးမျိုး တရားတော်
ပြီးပြီ။

# သရဏဂုံသုံးပါးနှင့် ငါးပါးသီလ တရားတော်

(ပရိသတ်များ ကန်တော့ ဆုတောင်းပြီးနောက် ဆရာတော်၏ ဆုပေး)

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝမဂ္ဂင် တည်းဟူသော **သီလက္ခန္ဓ**ကျေးဇူး၊

သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိမဂ္ဂင် တည်းဟူသော **သမာဓိက္ခန္ဓ**ကျေးဇူး၊

သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ မဂ္ဂင်တည်းဟူသော **ပညာက္ခန္ဓ**ကျေးဇူး၊

တဒင်္ဂ ဝိမုတ္တိ, ဝိက္ခမ္ဘနဝိမုတ္တိ, သမုစ္ဆေဒဝိမုတ္တိ, ပဋိပဿဒ္ဓိ ဝိမုတ္တိ, နိဿရဏ ဝိမုတ္တိ တည်းဟူသော**ဝိမုတ္တိက္ခန္ဓ**ကျေးဇူး၊

ပစ္စဝေက္ခဏာဉာဏ် တဆယ့်ကိုးတန် တည်းဟူသော **ဝိမုတ္တိဉာဏဒဿနက္ခန္ဓ**ကျေးဇူးတို့ကြောင့်—

ရှိခိုးခြင်း မြတ်နိုးခြင်း ပူဇော်ခြင်း အရိုအသေပြုခြင်းတို့၏ တည်ရာ ဝန္ဒနာမာနပူဇာသက္ကာရဘာဇန ဖြစ်တော်မူသော ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတို့ကို သဒ္ဓါကြည်ညို ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ကြရသော ပဏာမ ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့် ပစ္စက္ခဘဝ ယနေ့စ၍ နိဗ္ဗာန် မျက်မှောက် ပြုရသော စိတ္တက္ခဏ ကာလတိုင်အောင် အနိဋ္ဌဘေးဒဏ် ရန်မာန်ခပ်သိမ်း ဘဝတိုင်း ကင်းလွတ်ငြိမ်းကြ၍ ဒါန

**သီလ သမာဓိ ပညာ** ကျင့်ဖွယ်ရာလေးပါး နိမိကတ္တာ သုတ္တန်လာ တရားတို့ကို ဘဝမခြား ပွားများကြိုးကုတ် အားထုတ် ကျင့်ကြံနိုင် ကြသဖြင့် ဒုက္ခခပ်သိမ်း ငြိမ်းရာ နိဗ္ဗာန် ပရမတ်ကို အရဟတ္တဖိုလ် ပေါက် လျင်မြန်ဆောစွာ မျက်မှောက်ပြုနိုင် လွယ်ကြသည်ဖြစ်စေ။

(ဆရာတော်ဘုရား အမိန့်ရှိတဲ့အတိုင်း တလုံးတဝတည်း ပြည့်စုံ ရပါလို၏ ဘုရား)

ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့....မိမိတို့ သီလ ဆောက်တည်တဲ့ ကိစ္စမှာ အပိုင်း လေးပိုင်း ရှိကြောင်းနဲ့ လေးပိုင်း စလုံးမှာ ပါဠိဘာသာဖြင့် မူချပေးခဲ့ကြတဲ့ မိဘဘိုးဘွား အထက် လူကြီး ဆရာသမားများရဲ့ မှန်မြတ်သော ရည်ရွယ်ချက် ယနေ့ ပစ္စုပ္ပန်လောလောဆယ် ဉာဏသမ္ပယုတ် သီလခံယူမှု ဖြစ်ရန်အတွက် အမိ မြန်မာဘာသာနဲ့ နောက်ကဆက်၍ ဆိုရန်အချက်တို့ကို ဘုန်းကြီး တရားပွဲ အကြိမ် တော်တော်များများ ပြောခဲ့ပြီ။

ယခု တရားနာ ပရိသတ်သည် ထိုအချက်တွေကို သိပြီးသား ဖြစ် နေပါပြီ။ အချိန်မကုန်အောင် သိပြီးသားကို မပြောပဲ မိမိတို့ လုပ် ဆောင်ရမည့် ကိစ္စကိုသာ အစဉ်အတိုင်း ရှက်ဆောင်ကြရအောင်....။

**သီလတောင်း**

ရှေးဦးစွာ သရဏဂုံသုံးပါးနှင့် ငါးပါးသော သိက္ခာပုဒ် သီလ များကို ပါဠိမြန်မာ နှစ်ဘာသာဖြင့် တောင်းခံကြရအောင် သူတော် ကောင်းတို့....လိုက်ဆိုကြ။

(ပရိသတ်အားလုံးက လိုက်ဆိုကြပါသည်)

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံဘန္တေ တိသရဏေန သဟ ပဥ္စသီလံ ဓမ္မံ ယာ-စာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ အဟံ ဘန္တေ တိသရဏေန သဟ ပဥ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အရှင်တို့ဘုရား တပည့်တော်သည် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလ အကျင့်မြတ်ကို တောင်းခံပါ၏။ တပည့်တော်အား ချီးမြှောက်သမှု ပြုတော်မူ၍ သရဏဂုံသီလကို ပေးတော်မူပါကုန် အရှင်တို့ဘုရား....။

အရှင်တို့ဘုရား တပည့်တော်သည် နှစ်ကြိမ်မြောက်လဲ သရ-ဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလ အကျင့်မြတ်ကို တောင်းခံပါ၏။ တပည့်တော်အား ချီးမြှောက်သမှု ပြုတော်မူ၍ သရဏဂုံ သီလကို ပေးတော်မူပါကုန် အရှင်တို့ဘုရား။

အရှင်တို့ဘုရား တပည့်တော်သည် သုံးကြိမ်မြောက်လဲ သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလ အကျင့်မြတ်ကို တောင်းခံပါ၏။ တပည့်တော်အားချီးမြှောက်သမှု ပြုတော်မူ၍ သရဏဂုံ သီလကို ပေးတော်မူပါကုန်အရှင်တို့ဘုရား။

ယမဟံ ဝဒါမိ တံ ဝဒေထ။

(အာမ ဘန္တေပါ အရှင်မြတ်ဘုရား)

**ဘုရားရှိခိုး**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(ပရိသတ်များက သုံးကြိမ်ညီညီ ဆိုကြသည်)

အကျွန်ုပ်သည် ဘဂဝါဂုဏ်ရှင် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုးပါ၏။

အကျွန်ုပ်သည် ဘဂဝါဂုဏ်ရှင် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုးပါ၏။

အကျွန်ုပ်သည် ဘဂဝါဂုဏ်ရှင် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုးပါ၏။

**သရဏဂုံ ဆောက်တည်ခြင်း**

ဘုရားရှိခိုးခြင်းကိစ္စ ပြီးပြီ၊ သရဏဂုံသုံးပါး ဆောက်တည်ခံယူခြင်း ကိစ္စကို ပါဠိမြန်မာ နှစ်ဘာသာဖြင့် ရွတ်ဆောင် ပြုလုပ်ကြရအောင် သရဏဂုံ မဟာကုသိုလ်စိတ် စေတသိက်တွေဖြစ်အောင် ပါဠိဘာသာ မြန်မာဘာသာ နှစ်ဘာသာတို့ဖြင့် ရွတ်ဆောင်ပြုလုပ်ကြရအောင် သူတော်ကောင်းတို့....။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

(ပရိသတ်များ ညီညာစွာ လိုက်ဆိုကြသည်)

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ပစ္ဆာမိ။ (လိုက်ဆိုကြသည်)

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ (လိုက်ဆိုကြသည်)

အကျွန်ုပ်သည် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

အကျွန်ုပ်သည် နှစ်ကြိမ်မြောက်လဲ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။ နှစ်ကြိမ်မြောက်လဲ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။ နှစ်ကြိမ်မြောက်လဲ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

အကျွန်ုပ်သည် သုံးကြိမ်မြောက်လဲ မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏၊ သုံးကြိမ်မြောက်လဲ တရားတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။ သုံးကြိမ်မြောက်လဲ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏၊ သိမှတ်ပါ၏။

သရဏဂမနံ ပရိပုဏ္ဏံ။

(အာမ ဘန္တေပါ ဘုရား)

**ငါးပါးသီလဆောက်တည်ခြင်း**

ယခုအခါ ငါးပါးသော သိက္ခာပုဒ် သီလများကို ပါဠိမြန်မာ နှစ်ဘာသာဖြင့် ဆောက်တည် ခံယူကြရအောင် =ငါးပါးသောသီလ အမည်တွင်တဲ့ သိက္ခာပုဒ် မဟာကုသိုလ် စိတ် စေတသိက် ငါးမျိုး ဖြစ်အောင် ရှက်ဆောင်ကြရအောင် သူတော်ကောင်းတို့။

ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ (လိုက်ဆိုကြသည်)

အကျွန်ုပ်သည် သူ့အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံသမာဒိယာမိ။ (လိုက်ဆိုကြသည်)

အကျွန်ုပ်သည် အရှင်မပေးအပ်သော သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ (လိုက်ဆိုကြသည်)

အကျွန်ုပ်သည် ဝတ္ထုကာမ အဂမနီယခေါ်ဆို မဖောက်ပြားမလွန်ကျူးရောက်ကောင်းသော ပုဂ္ဂိုလ်တို့၌ ဖောက်ဖောက်ပြားပြား ကျင့်မှားခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော သိက္ခာပုဒ် သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ (လိုက်ဆိုကြသည်)

အကျွန်ုပ်သည် လိမ်လည်လှည့်ဖြား မုသားစကား ပြောကြားခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော သိက္ခာပုဒ်သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။ (လိုက်ဆိုကြသည်)

အကျွန်ုပ်သည် ယစ်မူးကြောင်း မေ့လျော့ကြောင်းဖြစ်သော သေရည် အရက်ကို သောက်သုံးခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော သိက္ခာပုဒ် သီလကို ဆောက်တည်ပါ၏၊ ခံယူပါ၏၊ ကျင့်သုံးပါ၏။

တိသရဏေန သဟ ပဉ္စင်္ဂသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

(အာမ ဘန္တေပါ အရှင်ဘုရား)

**သမာဓိဘာဝနာ မေတ္တာပွားနည်းများ**

**ဒါယကာ** ဒါယိကာမ အပေါင်း သူတော်ကောင်းတို့၊ မိမိတို့သည် ကျင့်သုံးရမယ့်တရားအချုပ်အားဖြင့် နိမိကဏ္ဍသုတ္တန်က ညွှန်ကြားတဲ့ အတိုင်း ဒါနရယ် သီလရယ် သမာဓိရယ် ပညာရယ် လေးမျိုးပဲရှိတယ်၊ ယင်းလေးမျိုးတို့တွင် ယနေ့ မိမိတို့သည် ဒါနနဲ့ သီလ အောင်အောင် မြင်မြင် ဆည်းပူး စုဆောင်းမိကြပြီ၊ ယခု **သမာဓိဘာဝနာ** ကောင်းမှု တတိယ အနုဂါမိကဥစ္စာကို စုဆောင်းကြရအောင်။

ကမ္ဘာကြီးကို ဗုဒ္ဓဘာသာတို့ရဲ့ မေတ္တာ ကရုဏာ မျက်စိနဲ့ကြည့်ယင် အလွန်စိုးရိမ်စရာ အလွန်သနားစရာ ကောင်းနေပါသည်၊ ဒီတော့ ကမ္ဘာကြီးမှာ လောဘမီး တဟုန်းဟုန်း ဒေါသမီး တဟုန်းဟုန်း တောက်နေကြတာ တို့ လက်ပိုက် မကြည့်ပဲနဲ့ မေတ္တာဘာဝနာ အပ္ပမညာကမ္မဋ္ဌာန်း မေတ္တာရေချမ်းကို သွန်းဖြန်းကြရအောင် မေတ္တာ ရေချမ်း သွန်းဖြန်း၍ သမာဓိကောင်းမှု တတိယ အနုဂါမိကဥစ္စာကို ကောင်းစွာသိမ်းမှီး သိမ်းဆည်း စုဆောင်းကြရအောင် သူတော် ကောင်းတို့။

ဒီကနေ့တော့ ပဋိသမ္ဘိဒါမဂ္ဂက လာတဲ့အတိုင်း ဒိသာဖရဏ မေတ္တာ ရော၊ မေတ္တသုတ်က လာတဲ့အတိုင်း သဗ္ဗသင်္ဂါဟကမေတ္တာတပါး, ဒုကမေတ္တာလေးပါး, တိကမေတ္တာသုံးပါး, အဟိတဒုက္ခာနာဂမပတ္ထနာ မေတ္တာသုံးပါးအားဖြင့် တဆယ့်တပါး တဆယ့်တနည်းသော မေတ္တာ ဘာဝနာကိုလည်းကောင်း ပွားကြရအောင် သူတော်ကောင်းတို့။

ရှေးဦးစွာ အရပ်ဆယ်မျက်နှာ မေတ္တာဖြန့်တဲ့ ဒိသာဖရဏမေတ္တာကို အရင်ပွားရအောင် မိမိတို့ဆိုတဲ့ မေတ္တာပို့စကားထဲမှာ စိတ်ကိုစူးစိုက် ထား အားလုံးလိုက်ဆို ပွားများကြပါ သူတော်ကောင်းတို့။

(အားလုံးလိုက်ဆိုကြသည်)

အရှေ့အရပ်မျက်နှာ၌...အနန္တ စကြဝဠာ...အနန္တ သတ္တဝါတို့... ဘေးရန်ခပ်သိမ်း... ငြိမ်းကြပါစေ...၊ ဒေါသခပ်သိမ်း.... ငြိမ်းကြပါစေ...။ ဆင်းရဲခပ်သိမ်း....ငြိမ်းကြပါစေ....၊နှလုံးစိတ်ဝမ်း....အေးချမ်းကြပါစေ....။

အနောက်အရပ်မျက်နှာ၌....အနန္တစကြဝဠာ....အနန္တသတ္တဝါတို့.... ဘေးရန်ခပ်သိမ်း.... ငြိမ်းကြပါစေ....၊ ဒေါသခပ်သိမ်း.... ငြိမ်းကြပါစေ....၊ ဆင်းရဲခပ်သိမ်း....ငြိမ်းကြပါစေ၊....နှလုံးစိတ်ဝမ်း....အေးချမ်းကြပါစေ....။

မြောက်အရပ်မျက်နှာ၌.... အနန္တစကြဝဠာ.... အနန္တသတ္တဝါတို့... ဘေးရန်ခပ်သိမ်း.... ငြိမ်းကြပါစေ....၊ ဒေါသခပ်သိမ်း.... ငြိမ်းကြပါစေ....၊ဆင်းရဲခပ်သိမ်း....ငြိမ်းကြပါစေ....။ နှလုံးစိတ်ဝမ်း....အေးချမ်းကြပါစေ။

တောင်အရပ်မျက်နှာ၌.... အနန္တစကြဝဠာ.... အနန္တသတ္တဝါတို့.... ဘေးရန်ခပ်သိမ်း....ငြိမ်းကြပါစေ....၊ဒေါသခပ်သိမ်း....ငြိမ်းကြပါစေ....၊ ဆင်းရဲခပ်သိမ်း.... ငြိမ်းကြပါစေ....၊ နှလုံးစိတ်ငမ်း.... အေးချမ်းကြပါစေ....။

အရှေ့တောင်ထောင့်အရပ်၌.... အနန္တစကြဝဠာ.... အနန္တသတ္တဝါတို့.... ဘေးရန်ခပ်သိမ်း.... ငြိမ်းကြပါစေ....၊ဒေါသခပ်သိမ်း.... ငြိမ်းကြပါစေ....၊ဆင်းရဲခပ်သိမ်း.... ငြိမ်းကြပါစေ....၊နှလုံးစိတ်ဝမ်း....အေးချမ်းကြပါစေ....။

အနောက်မြောက်ထောင့်အရပ်၌.... အနန္တစကြဝဠာ.... အနန္တသတ္တဝါတို့.... ဘေးရန်ခပ်သိမ်း.... ငြိမ်းကြပါစေ....၊ ဒေါသခပ်သိမ်း.... ငြိမ်းကြပါစေ....၊ ဆင်းရဲခပ်သိမ်း.... ငြိမ်းကြပါစေ....၊နှလုံးစိတ်ဝမ်း.... အေးချမ်းကြပါစေ....။

အရှေ့မြောက်ထောင့်အရပ်၌.... အနန္တစကြဝဠာ.... အနန္တသတ္တဝါတို့....ဘေးရန်ခပ်သိမ်း.... ငြိမ်းကြပါစေ....ဒေါသခပ်သိမ်း....၊ငြိမ်းကြပါစေ....၊ဆင်းရဲခပ်သိမ်း.... ငြိမ်းကြပါစေ....၊ နှလုံးစိတ်ဝမ်း.... အေးချမ်းကြပါစေ....။

အနောက်တောင်ထောင့်အရပ်၌.... အနန္တစကြဝဠာ.... အနန္တသတ္တဝါတို့.... ဘေးရန်ခပ်သိမ်း.... ငြိမ်းကြပါစေ....၊ ဒေါသခပ်သိမ်း.... ငြိမ်းကြပါစေ....၊ဆင်းရဲခပ်သိမ်း.... ငြိမ်းကြပါစေ....၊ နှလုံးစိတ်ဝမ်း.... အေးချမ်းကြပါစေ....။

အောက်အရပ်မျက်နှာ၌.... ထက်ဝန်းကျင်.... အနန္တစကြဝဠာ.... အပါယ်ဘုံသား.... အနန္တသတ္တဝါတို့.... ဘေးရန်ခပ်သိမ်း.... ငြိမ်းကြပါစေ....၊ ဒေါသခပ်သိမ်း....ငြိမ်းကြပါစေ....ဆင်းရဲခပ်သိမ်း....ငြိမ်းကြပါစေ....၊ နှလုံးစိတ်ဝမ်း....အေးချမ်းကြပါစေ....။

အထက်အရပ်မျက်နှာ၌.... ထက်ဝန်းကျင်.... အနန္တ စကြဝဠာ.... အနန္တနတ် ဗြဟ္မာတို့.... ဘေးရန်ခပ်သိမ်း....ငြိမ်းကြပါစေ.... ဒေါသခပ်သိမ်း.... ငြိမ်းကြပါစေ....၊ဆင်းရဲခပ်သိမ်း.... ငြိမ်းကြပါစေ....၊နှလုံးစိတ်ဝမ်း....အေးချမ်းကြပါစေ....။

အဲဒါ ဒိသာဖရဏမေတ္တာလို့ ခေါ်တယ်။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ ဟောတဲ့နည်း ဖြစ်ပါတယ်။ ယခု မေတ္တာသုတ်မှာ ဟောတဲ့ မေတ္တာပွားနည်း တနည်း တနည်းလျှင် နှစ်ခေါက် နှစ်ခေါက်ပွား၍ ကမ္မာကြီးအားမေတ္တာဘာဝနာမိုးတို့ ရွေဖြိုးကြအောင် လိုက်ဆိုကြ။

၁။ (၁) လုံးစုံများစွာ....သတ္တဝါ....ချမ်းသာကိုယ်စိတ်မြဲပါစေ....။
ဥပါဒ်ရန်ဘေး.... ကင်းဝေးဝေး.... ငြိမ်းအေးကြပါစေ....။

(၂) လုံးစုံများစွာ....သတ္တဝါ....ချမ်းသာကိုယ်စိတ်မြဲပါစေ....။
ဥပဒ်ရန်ဘေး.... ကင်းစင်ဝေး.... ငြိမ်းအေးကြပါစေ....။

၂။ (၁) ကြောက်တတ် မကြောက်တတ်.... နှစ်ရပ်များစွာ....
သတ္တဝါ....ချမ်းသာကိုယ်စိတ် မြဲပါစေ....။
ဥပဒ်ရန်ဘေး.... ကင်းစင်ဝေး.... ငြိမ်းအေးကြပါစေ....။

(၂) ကြောက်တတ် မကြောက်တတ်.... နှစ်ရပ်များစွာ....
သတ္တဝါ....ချမ်းသာကိုယ်စိတ် မြဲပါစေ....။
ဥပဒ်ရန်ဘေး.... ကင်းစင်ဝေး.... ငြိမ်းအေးကြပါစေ....။

၃။ (၁) မြင်အပ်မမြင်အပ်....နှစ်ရပ်များစွာ....သတ္တဝါ....ချမ်းသာ
ကိုယ်စိတ် မြဲပါစေ....။
ဥပဒ်ရန်ဘေး.... ကင်းစင်ဝေး.... ငြိမ်းအေးကြပါစေ....။
မြင်အပ် မမြင်အပ်.... နှစ်ရပ်များစွာ.... သတ္တဝါ....
ချမ်းသာကိုယ်စိတ် မြဲပါစေ....။
ဥပဒ်ရန်ဘေး.... ကင်းစင်ဝေး.... ငြိမ်းအေးကြပါစေ....။

၄။ ဝေးနေ နီးနေ.... နှစ်ထွေများစွာ.... သတ္တဝါ....
ချမ်းသာကိုယ်စိတ် မြဲပါစေ....။
ဥပဒ်ရန်ဘေး.... ကင်းစင်ဝေး.... ငြိမ်းအေးကြပါစေ....။
ဝေးနေ နီးနေ....နှစ်ထွေများစွာ.... သတ္တဝါ....ချမ်းသာ
ကိုယ်စိတ် မြဲပါစေ....။
ဥပဒ်ရန်ဘေး.... ကင်းစင်ဝေး.... ငြိမ်းအေးကြပါစေ....။

၅။ ဘဝဇာတ်ဆုံး....မဆုံးများစွာ.... သတ္တဝါ ....ချမ်းသာ
ကိုယ်စိတ် မြဲပါစေ။

ဥပဒ်ရန်ဘေး... ကင်းစင်ဝေး... ငြိမ်းအေးကြပါစေ။

ဘဝဂ္ဂတ်ဆုံး.... မဆုံးများစွာ.... သတ္တဝါ .... ချမ်းသာကိုယ်စိတ်မြဲပါစေ။

ဥပဒ်ရန်ဘေး....ကင်းစင်ဝေး... ငြိမ်းအေးကြပါစေ....။

၆။ ရှည့်တို အလတ်....သုံးရပ်ခန္ဓာ....သတ္တဝါ .... ချမ်းသာကိုယ်စိတ်မြဲပါစေ။

ဥပဒ်ရန်ဘေး....ကင်းစင်ဝေး....ငြိမ်းအေးကြပါစေ....။

ရှည် တို အလတ်.... သုံးရပ်ခန္ဓာ.... သတ္တဝါ.... ချမ်းသာကိုယ်စိတ်မြဲပါစေ....။

ဥပဒ်ရန်ဘေး....ကင်းစင်ဝေး....ငြိမ်းအေးကြပါစေ....။

၇။ ကြီး ငယ် အလတ်....သုံးရပ်ခန္ဓာ .... သတ္တဝါ .... ချမ်းသာကိုယ်စိတ်မြဲပါစေ....။

ဥပဒ်ရန်ဘေး....ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

ကြီး, ငယ်, အလတ်...သုံးရပ်ခန္ဓာ.... သတ္တဝါ .... ချမ်းသာကိုယ်စိတ်မြဲပါစေ....။

ဥပဒ်ရန်ဘေး.... ကင်းစင်ဝေး.... ငြိမ်းအေးကြပါစေ....။

၈။ ဆူ, ကြုံ, အလတ် .... သုံးရပ်ခန္ဓာ.... သတ္တဝါ.... ချမ်းသာကိုယ်စိတ် မြဲပါစေ....။

ဥပဒ်ရန်ဘေး....ကင်းစင်ဝေး....ငြိမ်းအေးကြပါစေ....။

ဆူ, ကြုံ, အလတ်.... သုံးရပ်ခန္ဓာ....သတ္တဝါ.... ချမ်းသာကိုယ်စိတ်မြဲပါစေ....။

ဥပဒ်ရန်ဘေး....ကင်းစင်ဝေး....ငြိမ်းအေးကြပါစေ....။

၉။ လူအချင်းချင်း....လှည့်ပတ်ခြင်း....ကင်းရှင်းကြပါစေ....။
၁၀။ အထင်သေးခြင်း....အချင်းချင်း....ကင်းရှင်းကြပါစေ....။
၁၁။ ဆင်းရဲလိုခြင်း....အချင်းချင်း....ကင်းရှင်းကြပါစေ... ။
လူအချင်းချင်း....လှည့်ပတ်ခြင်း ... ကင်းရှင်းကြပါစေ....။
အထင်သေးခြင်း....အချင်းချင်း .... ကင်းရှင်းကြပါစေ....။
ဆင်းရဲလိုခြင်း....အချင်းချင်း....ကင်းရှင်းကြပါစေ....။

အဲဒါ မေတ္တာဘာဝနာ မေတ္တာသုတ္တန်က လာတဲ့အတိုင်း မေတ္တာဘာဝနာ တဆယ့်တနည်း။ တနည်းတနည်းလျှင် နှစ်ကြိမ်နှစ်ကြိမ် ပွား၍ ကမ္ဘာ့လောဘမီး ဒေါသမီးငြိမ်းကြောင်း မေတ္တာရေချမ်း ဖြန်း၍ပြီးကြပြီ၊ မေတ္တာဘာဝနာ သမာဓိကောင်းမှု အနုဂါမိက ဉစ္စာကို ကောင်းစွာ သိုမှီး သိမ်းဆည်း စုဆောင်း ပြီးကြပြီ၊ သူတော်ကောင်းတို့။

**ဝိပဿနာပညာ ပွားများခြင်း**

ရှေ့ ပညာတည်းဟူသော စတုတ္ထအနုဂါမိကဉစ္စာကို ကောင်းစွာ သိမ်းဆည်းစုဆောင်း ကြရအောင်။ ယင်းပညာ အနုဂါမိကဉစ္စာ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်းပွားများ အားထုတ်ရာ၌ ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး၏ အနှစ်တရားပြည့် အထိမ်းအမှတ် ဂုဏပူဇာ ဉာဏ်မင်္ဂလာပွဲသဘင်တွင် ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ဘုရားကြီး အလွန်နှစ်သက်တော်မူတဲ့ စူဠရာဟုလောဝါဒသုတ္တန်က လာသော ဆဠာယတန မမွဝိပဿနာ ပွားရအောင်။

**ဆဠာယတနမမွဝိပဿနာ**

ဆရာတော်ကြီး နှစ်သက်သော ဆဠာယတန မမွဝိပဿနာဖြင့် ဆရာတော်ကြီးအား မမွာနုမမွပဋိပတ်ဖြင့် ပူဇော်ကြရအောင်။

ဆပဉ္စကဆိုတာ ပါဠိစကား။ ဆ-က=ခြောက်ပါးသော၊ ပဉ္စက= တရားငါးပါးအစု။ ငါးပါးအစု ခြောက်မျိုးပေါ့။

ပထမ ငါးပါးအစုက စက္ခု, ရူပ,စက္ခုဝိညာဏ်,စက္ခုသမ္ဖဿ, စက္ခု· သမ္ဖဿပစ္စယ နာမ်ခန္ဓာလို့ သူ့ဒွါရ သူ့အာရုံ သူ့ဝိညာဏ် သူ့ ဖဿ သူ့ဖဿပစ္စယ နာမ်ခန္ဓာ အဲဒီ ငါးပါးတစု။

ထို့အတူ သောတ,သဒ္ဒ,သောတဝိညာဏ်,သောတသမ္ဖဿ,သောတ သမ္ဖဿပစ္စယ နာမ်ခန္ဓာ လို့ အဲဒါက တစု။

ဃာန,ဂန္ဓ, ဃာနဝိညာဏ်, ဃာနသမ္ဖဿ, ဃာနသမ္ဖဿပစ္စယ နာမ် ခန္ဓာ ပဉ္စက တစု။

ဇိဝှါ, ရသ,ဇိဝှါဝိညာဏ် ဇိဝှါသမ္ဖဿ, ဇိဝှါသမ္ဖဿပစ္စယ နာမ်ခန္ဓာ၊ အဲဒါက ဇိဝှါပဉ္စက ခေါ်တယ်။

ကာယ, ဖောဋ္ဌဗ္ဗ, ကာယဝိညာဏ်, ကာယသမ္ဖဿ ကာယသမ္ဖဿ ပစ္စယ နာမ်ခန္ဓာ သူ့ကို ကာယပဉ္စက လို့ ခေါ်တယ်။

မနော, ဓမ္မ,မနောဝိညာဏ်,မနောသမ္ဖဿ, မနောသမ္ဖဿပစ္စယ နာမ်ခန္ဓာ·လို့ အဲဒါ မနောပဉ္စက ခေါ်တယ်။

(၁) စက္ခုပဉ္စကဆိုတာ မျက်စိအကြည်ရယ် သူ့မှာလာပြီးတော့ ထင်လာတဲ့ အဆင်းမျိုးစုံ ရူပါရုံရယ်, အဲဒီ ရူပါရုံကို မြင်တဲ့ စက္ခု ဝိညာဏ်စိတ်ရယ်, ဒီစက္ခုဝိညာဏ်နဲ့ ယှဉ်ဖက်ဖြစ်တဲ့ မျက်စိအတွေ့ ရယ်, ယင်းမျက်စိအတွေ့ကို အကြောင်းပြု၍ ဖြစ်တဲ့ နောက်နောက် သော ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ နာမ်ခန္ဓာ လေးပါးရယ် ဤ ငါးပါးကို စက္ခုပဉ္စက လို့ခေါ်ပါတယ်။

ဘုန်းကြီးတို့ အဘိဓမ္မာသမား အဘိဓမ္မာတရားကို လေ့လာသော ပုဂ္ဂိုလ်အနေနဲ့ကြည့်ယင် ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဖဿပစ္စယ နာမ် ခန္ဓာဆိုယင် တခါထဲ စက္ခုဒွါရဆိုင်ရာ ရူပဗွယ်ရာတရားတွေဟာ အကုန် ကုန်သွားတယ်နော်။

(၂) ထိုအတူပဲ နားအကြည်၊ သူ့မှာထင်တဲ့ အသံမျိုးစုံ သဒ္ဒါရုံ၊ ပြီးတော့ ကြားတဲ့ သောတဝိညာဏ်၊ သောတသမ္ဖဿ နားအတွေ့၊ နားအတွေ့ကြောင့် ဖြစ်တဲ့ နာမ်ခန္ဓာလေးပါး တရားအစု၊ သူ့ကို သောတပဉ္စကလို့ ခေါ်တယ်။

(၃) နှာခေါင်းအကြည် ဃာန၊ ထို နှာခေါင်းအကြည်၌ ခိုက် လာ တိုက်လာသော အနံ့မျိုးစုံ ဂန္ဓာရုံ၊ နှစ်ပါးဆုံလို့ ဖြစ်လာတဲ့ ဃာနဝိညာဏ် အနံ့စိတ်၊ ယင်းစိတ်နဲ့ တွဲဖက်ဖြစ်တဲ့ နှာခေါင်းအတွေ့၊ ယင်း နှာခေါင်းအတွေ့ ဃာနသမ္ဖဿကို အကြောင်းပြု၍ ဖြစ်တဲ့ နာမ် ခန္ဓာလေးပါး၊ အဘိဓမ္မာသဘော ပြောယင် ဆိုင်ရာ ဃာနဒွါရဝီထိ များနဲ့ တကွ နောက်က ဆက်၍ ဆက်၍ ဖြစ်တဲ့ အနုဗန္ဓကဝီထိများ အကုန်ပါသွားတာပဲ။ ပဉ္စကတပါး၊ သူ့ကို ဃာနပဉ္စက လို့ ပါဠိလို ခေါ်တယ်။ ဗမာလိုဆိုယင် နှာခေါင်းအကြည်လျှင် ငါးခုမြောက်ရှိတဲ့ တရားအစုလို့ ဆိုလိုတယ်။

(၄) ဇိဝှာပဉ္စက ဇိဝှါပသာဒ လျှာအကြည်ရယ်၊ သူ့မှာထင် လာတဲ့ အရသာမျိုးစုံ ရသာရုံရယ်၊ ဒီနှစ်ပါးကို စွဲ၍ဖြစ်တဲ့ စားတဲ့ စိတ် လျက်တဲ့စိတ်ဆိုတဲ့ ဇိဝှါဝိညာဏ် လျှာမှာ စွဲတည်မှီပြီးတော့ ဖြစ်တဲ့ ဝိညာဏ်ပေပါ့။ ပြီးတော့ လျှာအတွေ့ လျှာထဲ ကိုယ်ကြိုက်တဲ့ ဣဋ္ဌရသတွေတော့ အမယ်လေး ဒီအစာ လျှာထဲတွေ့လိုက်တာ ပြော။ ကိုယ် မကြိုက်တဲ့ အနိဋ္ဌရသတွေတော့ ကွာ မတွေ့ပါဘူး ပြောတယ်။ ဒါ ဘယ်ဟုတ်မလဲနော်၊ဟင်း တွေ့လိုက်တာမှ ရှုံ့မဲ့။ ဒါပေမယ့်စိတ်က

မကြိုက်တော့ မတွေ့ပါဘူး၊ ဒီအရသာ ဒီအစာ ဒီလိုပြောကြတယ်။ ဒါ အနိဋ္ဌရသာရုံမို့လို့ တွေ့တာက တခါတည်း ရှုံ့သွားမဲ့သွားအောင် တွေ့တာ၊ မကြိုက်လို့ မတွေ့ပါဘူး ပြောတာ တပိုင်း။ ထိုလျှာအတွေ့ကို အကြောင်းပြု၍ ဖြစ်တဲ့ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဆိုတဲ့ နောက်နောက်ဝီထိစိတ် အစဉ်မှာပါတဲ့ နာမ်ခန္ဓာလေးပါး တရားအစုသူ့ကို ဇိဝှါပဋ္ဌကလို့ ခေါ်တယ်။

(၅) **ကာယပသာ** ကိုယ်အကြည်၊ သူ့မှာထင်တဲ့ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ, ဒီနှစ်ပါးကို စွဲ၍ဖြစ်တဲ့ တွေ့ထိတဲ့စိတ် ကာယဝိညာဏ်, ထိုကာယမှာ မှီတဲ့အတွေ့ ကာယသမ္ဖဿ, ယင်း ကာယသမ္ဖဿ ကြောင့် ဖြစ်တဲ့ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ခေါ်သော နာမ်ခန္ဓာလေးပါး တရား အစု၊ ဤတရားငါးခုကို **ကာယပဋ္ဌက** လို့ ခေါ်တယ်။

(၆) ထိုအတူ ဘဝင်စိတ် ခေါ်တဲ့ မနောဒွါရ မနောအကြည်၊ ထို မနောအကြည်မှာ လာရောက်ထင်တဲ့ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ၊ ဒီဒွါရ အာရုံနှစ်ပါး အစွဲပြုဖြစ်တဲ့ မနောဝိညာဏ်စိတ်၊ ဒီမနောဝိညာဏ်နဲ့ ယှဉ်ဖက်ဖြစ်တဲ့ သော မနောသမ္ဖဿ ခေါ်အတွေ့၊ ယင်း မနောသမ္ဖဿကို အကြောင်းပြု၍ဖြစ်တဲ့ နောက်နောက်သော စိတ် စေ-တသိက် ခေါ်တဲ့ နာမ်ခန္ဓာလေးပါး တရားအစု ဒီတရားအစုကို **မနောပဋ္ဌက** လို့ ခေါ်တယ်။

ဘုန်းကြီးတို့ ဒီအဘိဓမ္မာ ဖျက်စ်နဲ့ကြည့်ယင် အရှုခံတရားတွေဟာ အားလုံး အားရလောက်အောင် စုံပါတယ်။ ယခုပြောတဲ့ ဆပဋ္ဌက အရှုံ တရား [illegible] ဘာဓိဟ်မှာရှာလို့ တောတောင်မှာ ရှာဖို့ မလိုက်ပါဘူး။ ကျွန်ုပ်တို့ ရဲ့ ဓါတ်ကိုယ်ထဲမှာရှာမှ ဖြစ်ပါတယ်။ ရှာယင် ဒီတရားတွေ ညာဏ်ထဲမှာ အေး တပြိုင်နက်တော့ ဒီပဋ္ဌက

ခြောက်ပါး ဘယ်ဖြစ်မလဲ။ ဒီ သူဖြစ်တဲ့ အချိန်နဲ့ သူကြည့်လိုက်လို့ရှိယင် သန္တတိ ပစ္စုပ္ပန်အနေနဲ့ အေး....မြင်ဖြစ်ပါတယ်။

အဲဒီလို တရားသား ငါးပါး ခြောက်နည်း မြင်ပြီးတော့မှ ထိုပရမတ္ထ တရားသားတို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပုံကို ဆင်ခြင်ပွားများ နှလုံး ထားရပါ့မယ်၊ တရားတပါးစီ တပါးစီ ဆင်ခြင်လျှင် အခေါက်သုံးဆယ် ဆိုရလိမ့်မယ်၊ ပဥ္စကငါးပါး ပေါင်း၍ ပေါင်း၍ ဆိုယင် ခြောက်ခေါက် နဲ့ ပြီးပါတယ်။ အေး ဒါကြောင့် ခြောက်ခေါက်နဲ့ ပြီးတဲ့ မကျဉ်း မကျယ် အလယ် အလတ် ဆိုရမည် ဖြစ်ပါတယ်။ စက္ခုပဥ္စက တရား တွေ အာရုံကို ရှေးဦးစွာ ပလ္လင်ခံလိုက်ယင် –

**ပွားများပုံ ဓမ္မလက်ာများ**

မျက်စိတွင်မည် ရုပ်အကြည်လည်းကောင်း၊ အဆင်းတွင်မည် ရုပ်ထိုက္ခ လည်းကောင်း၊ မျက်စိ၌မှီ ဝိညာဏ်သည် လည်းကောင်း၊ မျက်စိ၌မှီ၊ အတွေ့သည်လည်းကောင်း၊ မျက်စိအတွေ့၊ ကြောင်းပြု၍ လျှင်၊ ဖြစ်လေ့များစွာ၊ ဝေဒနာနှင့်၊ သညာ သင်္ခါရ၊ ဝိညာဏဟု၊ **အစုလေးမည်၊ ခန္ဓာသည်လည်းကောင်း** –

ဒီလို အချုပ်ခံတရားကို ခင်းပေးရပါ့မယ်။ ထို့အတူ ကျန်တဲ့ ပဥ္စက ငါးပါးမှာလဲပဲ သူ့ပဥ္စကနဲ့ သူ့အလိုက် နားဟုတွင်မည် ရုပ်အကြည် လည်းကောင်း၊ အသံတွင်မည် ရုပ်ထိုက္ခုလည်းကောင်း၊ နား၌စွဲမှီ ဝိညာဏ်သည်လည်းကောင်း၊ (ကြားတဲ့စိတ်ပေါ့) နား၌စွဲမှီ အတွေ့ သည်လည်းကောင်း၊ (ဒီအသံလေးနှယ်ကွာ နားထဲတွေ့လိုက်တာလို့ ပြောယူရတဲ့ဖဿ) နား၌အတွေ့ ကြောင်းပြု၍လျှင် ဖြစ်လေ့များစွာ ဝေဒနာနှင့် သညာသင်္ခါရ ဝိညာဏဟု အစုလေးမည် ခန္ဓာသည် လည်းကောင်း –

ဒီလို ပလ္လင်ခံရမှာ ဖြစ်ပါတယ်၊ ဒါ-သောတပဋ္ဌက၊ ဤမျှလောက် ပြောယင် အင်မတန် အသိဉာဏ် အကင်းပါးတဲ့ ပုဂ္ဂိုလ်တွေပါ၊ ကျန်တဲ့ ပဋ္ဌကလေးပါးလဲပဲ ဆိုယင်းဆိုယင်း သိသွားပါလိမ့်မယ်။အဲဒီလို တရား ငါးပါး ငါးပါး ပလ္လင်ခံပြီးမှ–

**မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။**

အနိစ္စလက္ခဏာ ပေါ်အောင် ရှေ့ပြေးဉာဏ်—

**ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။**

ဒုက္ခလက္ခဏာ အသိဉာဏ် တီရဏပရိညာ ပေါ်အောင် ရှေ့ပြေး ဉာဏ်၊

ခိုင်မြဲကျောမာ၊နှစ်မပါဘူး၊(ခိုင်မာတဲ့အနှစ် မြဲတဲ့အနှစ် မာကျော တဲ့ အနှစ် တစက်ကမှ မပါဘူး ဒီငါးစုစလုံး)။ **ပညာစက္ခု၊ မြော် ထောက်ရှုလျှင်** (သို့ရကား ထို စက္ခုပဋ္ဌကတရား၊ ပဋ္ဌကတရားတိုင်း တရားတိုင်းမှာ ဉာဏ်မျက်စိနဲ့ စေ့စေ့ငုငု ကြည့်ရှုလျှင်ဖြင့်)ပညာစက္ခု၊ မြော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ၊ မှန်လှ စွာ၏။

ဒီ စက္ခုပဋ္ဌကရဲ့ သဘောသည် အနိစ္စ ကေန်မှန်လှ,ဒုက္ခကေန်မှန်လှ, အနတ္တ ကေန်မှန်လှ၏။

**ငါ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတခုမျှ၊ မဟုတ်ကြသည်၊** (ငါလဲ မဟုတ် ငါ့ဥစ္စာလဲမဟုတ်၊ ငါ့လိပ်ပြာလဲမဟုတ်၊ ဒီ ငါသည် ငါ့ဥစ္စာ သည် ငါ့လိပ်ပြာသည် ဘာတခုမှ စက္ခုပဋ္ဌက မဟုတ်ဘူး။) မဟုတ်ယင် ဘာတွေလဲဆိုတော့ **ဘာတခုမှ မဟုတ်ကြသည် ဓမ္မ သက်သက်ပါဘကား။**

သူ့သဘော သူဆောင်တဲ့ ရုပ်ဓမ္မ နာမ်ဓမ္မ ရုပ်တရား နာမ်တရား သက်သက်သာလျှင် ဖြစ်တယ်၊ ငါ သူတပါး ယောကျ်ား မိန်းမ ငါ့ဥစ္စာ ငါ ငါ့လိပ်ပြာ ဘာမှမဟုတ်ဘူးဟေးလို့ ရှုတဲ့နည်း ဖြစ်ပါတယ်။

အေး-တခေါက် တခေါက် တဏှာ မာန ဒိဋ္ဌိကို အနိစ္စ ဒုက္ခ အနတ္တလို့ ရှုလိုက်ယင် တကြိမ် ပယ်သတ်ရတယ်။ ငါ့ ငါ့ဥစ္စာ ငါ့လိပ်ပြာ မဟုတ်ဘူးလို့ ရှုလိုက်ယင် တဏှာ မာန ဒိဋ္ဌိကို တကြိမ် ပယ်သတ်တယ်၊ နှစ်ကြိမ် နှစ်ကြိမ် ပယ်သတ်ပြီးသား ဖြစ်ပါတယ်တဲ့ တဒင်္ဂပယ်ပေါ့။

အေး....ရင့်ကျက်အားသန်လာတော့ ဝိက္ခမ္ဘနအပယ်၊ ဝိက္ခမ္ဘန အပယ် ရင့်ကျက်အားသန်လာမှ သမုစ္ဆေဒပဟာန် အမြစ်ပြတ်ပယ်တဲ့ အခြေကိုရောက်မယ်။ ထိုသမုစ္ဆေဒပဟာန် ရောက်အောင် တဒင်္ဂပဟာန် ကနေပြီးတော့ ဆင့်ကဲ ဆင့်ကဲ ဒီလို တက်သွားရမှာ ဖြစ်ပါတယ်။

ယခု ပွားများကြစို့၊ စက္ခုပဉ္စက က စပြီးတော့ လိုက်ဆိုကြ။

မျက်စိတွင်မည့် (လိုက်ဆိုကြသည်) ရုပ်အကြည်လည်းကောင်း၊ အဆင်းတွင်မည် ရုပ်ထိုဤ လည်းကောင်း၊ မျက်စိဒွါမှီ ဝိညာဏ် သည်လည်းကောင်း၊ မျက်စိဒွါမှီ အတွေ့သည် လည်းကောင်း၊ မျက်စိ သတွေ့ ကြောင်းပြု၍လျှင် ဖြစ်လေ့များစွာ ဝေဒနာနှင့် သညာ ကခ်ါရ ဝိညာဏဟု အစုလေးမည် ခန္ဓာသည် လည်းကောင်း၊ မြင့်ရှည် အလေ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏ ခိုင်မြဲကျောမာ နှစ်မပါဘူး ပညာစက္ခု မြှောင်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စနှင့် ဒုက္ခ အနတ္တာ မှန်လှစွာ၏။ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာဘို့ ဘာတခုမျှ မဟုတ်ကြသည် ဓမ္မသက်သက်ပါတကား။

နားဟုတွင်မည့် ရုပ်အကြည်လည်းကောင်း၊ အသံတွင်မည့် ရုပ် ထို ဤလည်းကောင်း၊ နား၌စွဲမှီ ဝိညာဏ်သည်လည်းကောင်း၊ နား၌စွဲမှီ အတွေ့သည်လည်းကောင်း၊ နား၌အတွေ့ ကြောင်းပြု၍လျှင် ဖြစ်လေ့ များစွာ ဝေဒနာနှင့် သညာသင်္ခါရ ဝိညာဏဟု အစုလေးမည့် ခန္ဓာ သည်လည်းကောင်း မြင့်ရှည်ကာလ မတည်ထပဲ ဇောဖြစ်လျက် ဇော ပျက်၏၊ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ နှစ်မပါဘူး ပညာစက္ခု မြော်ထောက်ရှုလျှင် သူ့ သဘာဝ အနိစ္စနှင့် ဒုက္ခ အနတ္တာ မှန်လှစွာ၏။ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာ တို့ ဘာတခုမျှ မဟုတ်ကြသည် ဓမ္မသက်သက်ပါတကား။

နှာခေါင်းတွင်မည့် ရုပ်အကြည်လည်းကောင်း၊ အနံ့တွင်မည့် ရုပ် ထို ဤလည်းကောင်း၊ နှာခေါင်း၌မှီ ဝိညာဏ်သည်လည်းကောင်း၊ နှာခေါင်း၌မှီ အတွေ့သည်လည်းကောင်း၊ နှာခေါင်းအတွေ့ ကြောင်း ပြု၍လျှင် ဖြစ်လေ့များစွာ ဝေဒနာနှင့် သညာသင်္ခါရ ဝိညာဏဟု အစု လေးမည့် ခန္ဓာသည်လည်းကောင်း၊ မြင့်ရှည်ကာလ မတည်ထပဲ ဇော ဖြစ်လျက် ဇောပျက်၏၊ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန် ဆင်းရဲ၏၊ ခိုင်မြဲကျောမာ နှစ်မပါဘူး၊ ပညာစက္ခု မြော်ထောက်ရှုလျှင် သူ့ သဘာဝ အနိစ္စနှင့် ဒုက္ခ အနတ္တာ မှန်လှစွာ၏၊ ငါ ငါ့ဥစ္စာ ငါ့ လိပ်ပြာတို့ ဘာတခုမျှ မဟုတ်ကြသည် ဓမ္မသက်သက်ပါတကား။

လျှာဟုတွင်မည့် ရုပ်အကြည်လည်းကောင်း၊ အရသာတွင်မည့် ရုပ် ထိုဤလည်းကောင်း၊ လျှာ၌စွဲမှီ ဝိညာဏ်သည်လည်းကောင်း၊ လျှာ၌ စွဲမှီ အတွေ့သည် လည်းကောင်း၊ လျှာ၌အတွေ့ ကြောင်းပြု၍လျှင် ဖြစ်လေ့များစွာ ဝေဒနာနှင့် သညာသင်္ခါရ ဝိညာဏဟု အစုလေး မည်။ (အစုလေးလီမဟုတ်ဘူး၊ အစုလေးမည်။)

ဟို....ရှင်မဟာရဋ္ဌသာရ "ပဗ္ဗောင်စောင့်တတ်၊ ရုက္ခနတ်လျှင်" ဆိုတဲ့ ဤစာပိုဒ်မှာ လယ်တီဆရာတော် ဘုရားကြီးက မှတ်ချက်ချ သတဲ့။ အေး–မြန်မာပညာရှိ ဦးဘေက ပြောတယ်၊ ဦးပဥ္စင်းတို့ အဲဒီ "ပဗ္ဗောင်စောင့်တတ်၊ ရုက္ခနတ်လျှင်" ဆိုတဲ့အစား"ပဗ္ဗောင် စောင့်ကြပ်၊ ရုက္ခနတ်လျှင်" ဆိုယင် အတော်နားထဲမှာ အနက် အဓိပ္ပာယ်ရှင်းမယ် ဦးပဥ္စင်း ပဗ္ဗောင်ပင်ကို စောင့်ကြပ်တဲ့ ရုက္ခစိုးနတ်ဆိုတာ တန်းပေါ်တယ်။ "ပဗ္ဗောင်စောင့်တတ် ရုက္ခ-နတ်လျှင်" ဆိုတာ စောင့်တတ်–"တတ်"က တသတ်နဲ့ ရုက္ခနတ်က တသတ်နဲ့ သုံးချက်ကိုက်ညီ သတ်စေ့နှက် သုံးချက်ညီအောင် လို့ "စောင့်ကြပ် ရုက္ခနတ်"လို့ မဆိုပဲ "စောင့်တတ်၊ ရုက္ခနတ်"လို့ ဆိုတာ ဦးပဥ္စင်းတို့မဖြစ်နိုင်ယင်သာ၊ အေး-ဆိုပါစို့ ညသတ်နဲ့ဆံခတ် ရောသင့် ယင် ရောရတယ်။ တဏယ်ရတုကဗျာရေးယင် ညသတ်အည်ဆိုယင် ညသတ်အည်ချည်းထဲရေး၊ မရယင် ဦးတိုက်စပ်ရေး၊ တကယ် ရတု ဆိုယင် ဒီအတိုင်းရေးပါတဲ့၊မြန်မာပညာရှိဦးဘေ သတိပေးဖူးပါတယ်။

အခုဘုန်းကြီးများ သက်စေ့နှက် သုံးချက်ညီ ရနိုင်လို့ "လျှာ၌ အတွေ့၊ ကြောင်းပြု၍လျှင်၊ ဖြစ်လေ့များးစွာ၊ ဝေဒနာနှင့်၊ သညာ သင်္ခါရ၊ ဝိညာဏ ဟု၊ အစုလေးမည်" လေးမယ်နေ် (မှန်ပါဘုရား) အေး အစုလေးမယ် ဒါ-ဗဟုသုတ ရအောင် ပြောနေတယ်။ ကိုင်း.... ဆိုဟ ကိုထွန်းကျော် မင်း....ရှေက။

လျှာဟုတွင်မည် ရုပ်အကြည်လည်းကောင်း၊ အရသာတွင်မည် ရုပ် ထို ဤလည်းကောင်း၊ လျှာ၌စွဲမှီ ဝိညာဏ်သည်လည်းကောင်း၊ လျှာ၌စွဲမှီ၊အတွေ့သည်လည်းကောင်း၊လျှာ၌အတွေ့ ကြောင်းပြု၍လျှင် ဖြစ်လေ့များးစွာ ဝေဒနာနှင့် သညာ သင်္ခါရ ဝိညာဏဟု အစုလေးမည် ခန္ဓာသည်လည်းကောင်း၊ မြင့်ရှည်ကာလ မတည်ထပဲ ခဏဖြစ်လျက်

ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာနှစ်မပါဘူး၊ပညာစက္ခု မြော်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စနှင့် ဒုက္ခ အနတ္တာ မှန်လှစွာ၏။ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတခုမျှ မဟုတ်ကြသည် ဓမ္မသက်သက်ပါတကား....။

ကိုယ်ဟုတွင်မည် ရုပ်အကြည်လည်းကောင်း၊ အတွေ့တွင်မည် ရုပ်ထို ဤလည်းကောင်း၊ ကိုယ်၌စွဲမှီ ဝိညာဏ်သည်လည်းကောင်း၊ကိုယ်၌စွဲမှီ အတွေ့သည်လည်းကောင်း၊ ကိုယ်၌အတွေ့ ကြောင်းပြု၍လျှင် ဖြစ်လေ့များစွာ၊ ဝေဒနာနှင့်သညာ သင်္ခါရ ဝိညာဏဟု အစုလေးမည် ခန္ဓာသည်လည်းကောင်း မြင့်ရှည်ကာလ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန် နှိပ်စက်ဒဏ်ဖြင့် တရံမစဲ၊ လွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ နှစ်မပါဘူး၊ ပညာစက္ခု မြော်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စနှင့် ဒုက္ခ အနတ္တာ မှန်လှစွာ၏၊ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတခုမျှ မဟုတ်ကြသည် ဓမ္မသက်သက်ပါတကား....။

မနောတွင်မည် စိတ်အကြည်လည်းကောင်း၊ ဓမ္မတွင်မည် ရုပ်နာမ်သည်လည်းကောင်း၊ မနောတွင်မည် ဝိညာဏ်သည် လည်းကောင်း၊မနော၌မှီ အတွေ့သည်လည်းကောင် မနောအတွေ့ ကြောင်းပြု၍လျှင် ဖြစ်လေ့များစွာ ဝေဒနာနှင့် သညာ သင်္ခါရ၊ ဝိညာဏဟု၊အစုလေးမည် ခန္ဓာသည်လည်းကောင်း၊ မြင့်ရှည်ကာလ မတည်ထပဲ ခဏဖြစ်လျက် ခဏပျက်၏၊ ဖြစ်ပျက်နှစ်တန် နှိပ်စက် ဒဏ်ဖြင့် တရံမစဲလွန်ဆင်းရဲ၏၊ ခိုင်မြဲကျောမာ နှစ်မပါဘူး ပညာစက္ခု မြော်ထောက်ရှုလျှင် သူ့သဘာဝ အနိစ္စနှင့် ဒုက္ခ အနတ္တာ မှန်လှစွာ၏။ ငါ ငါ့ဥစ္စာ ငါ့လိပ်ပြာတို့ ဘာတခုမျှ မဟုတ် ကြသည် ဓမ္မသက်သက်ပါတကား။

အဲဒါ အရှင်ရာဟုလာ အရဟတ္တဖိုလ်ပေါက် ရရောက်တဲ့ ကျေးဇူးပြုတဲ့ ဆပဉ္စက ဓမ္မဝိပဿနာဖြင့် ရှင်ရာဟုလာရဲ့ ညီတွေ့ရှင်ရာဟုလာရဲ့ နှမတွေသည် ပညာတည်းဟူသော စတုတ္ထ အနုဂါမိကဉစ္စာကောင်းစွာသိုမှီး သိမ်းဆည်း စုဆောင်းမိကြပြီ။ မိမိတို့ စုဆောင်းသိမ်းဆည်းအပ်သော ဤဒါန သီလ သမာဓိ ပညာ ကောင်းမှုလေးပါးသည် ဓမ္မာနုဓမ္မပဋိပတ် မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော လောကုတ္တရာတရားကို ရဖို့ရန် လျှော်ကန်သင့်မြတ်သော အကျင့်ပဋိပတ် ဖြစ်ပါတယ်။

ပူဇနီယ ပတ္ထနာ တရားနိဂုံး

အဲဒီ ဓမ္မာနု ဓမ္မပဋိပတ်ဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ဓမ္မပူဇာ ပူဇော်ကြရအောင် သူတော်ကောင်းတို့ ဆုလဲတောင်းရအောင် နော်။

ဣမာယ (လိုက်ဆိုကြသည်) ဓမ္မနုဓမ္မပဋိပတ္တိယာ ထေရံ ပူဇေမိ။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ လောကုတ္တရာ တရားကိုးပါးအား ရဖို့ရန် လျှော်ကန် သင့်မြတ်သော ဤဒါန ဤသီလ ဤသမာဓိ ဤပညာ အကျင့်ပဋိပတ်ဖြင့်။ အဟံ၊ အကျွန်ုပ်သည်။ ထေရံ၊ ဘဝနတ်ထံ ဝင်စံတော်မူပြီးသော ကျေးဇူးရှင် မစိုးရိမ် ဆရာတော် မထေရ်မြတ်ကြီးကို။ ပူဇေမိ၊ သဒ္ဓါကော်ရော် ဓမ္မပူဇာဖြင့် ပူဇော်ပါ၏။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဇာတိဇရာမရဏမှာ ပရိမုစ္စိဿာမ။ မယံ၊ အကျွန်ုပ်တို့သည်။ ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ၊ ဤယနေ့ ဆည်းပူးအပ်သော လောကုတ္တရာတရား ကိုးပါးအား ရဖို့ရန် လျှော်ကန် သင့်မြတ်သော ဤဒါန ဤသီလ ဤသမာဓိ ဤပညာ

လေးဖြာသော ဓမ္မာနုဓမ္မ အကျင့်ပဋိပတ်ကြောင့်။ ဇာတိဇရာမရဏ-မှာ၊ ပဋိသန္ဓေ တည်နေရခြင်း အိုမင်းရခြင်း သေဆုံးရခြင်း ဒုက္ခခပင်းမှ။ ပရိမုစ္စိဿာမ၊ အရဟတ္တဖိုလ်ပေါက် လွတ်မြောက်သည့်ကိုယ်ဖြစ်ရပါလိုကုန်၏။

ပူဇော်လဲပြီးပြီ။ ဆုလဲပဲ လိုရင်း တောင်းပြီးပြီ။ တရားနိဂုံး အဆုံးသတ်ကြစို့။

ဤသို့လျှင် ကျေးဇူးရှင် သခင် မစိုးရိမ်ဆရာတော်ဘုရားကြီး၏ ရာပြည့် အထိမ်းအမှတ် ဂုဏပူဇာမင်္ဂလာသဘင်၌ သရဏဂုံသီလတို့ကို ဆောက်တည်ရခြင်း သီလကောင်းမှု ကုသိုလ်ကံ စေတနာ, ဒါန သီလ သမာဓိ ပညာ ကောင်းမှုလေးပါးနှင့် စပ်သော တရားနာကြားရခြင်း ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံ စေတနာ,အထူးထူးသော ပူဇာဒါနတို့ဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအားလည်းကောင်း၊ သက်တော်ထင်ရှား ရှိတော်မူကြတဲ့ သံဃာရာဇာ မဟာထေရ်မြတ်ကြီး အမှူးပြုသော သံဃာတော် အရှင်မြတ်တို့အားလည်းကောင်း သက်နှီးစသော ဒါနဝတ္ထုတို့ဖြင့် လေးမြတ်ကော်ရော်ပူဇော်အပ်သော ဒါနကောင်းမှု ကုသိုလ်ကံ စေတနာ၊ သရဏဂုံ သီလတို့ကို ပါဠိ မြန်မာ နှစ်ဘာသာဖြင့် ဆောက်တည်ရခြင်း သီလမယကောင်းမှု ကုသိုလ်ကံ စေတနာ၊ မေတ္တာ ဘာဝနာ တရားပွားများရခြင်း တည်းဟူသော သမာဓိ ကောင်းမှု အနုဂါမိက ဥစ္စာရတနာ-ဆပဥ္စက နည်းအားဖြင့် ရုပ်နာမ်တရားတို့၏ အနိစ္စ ဒုက္ခ အနတ္တဖြစ်အင် ဆင်ခြင်ပွားများ နှလုံးထားရခြင်း တည်းဟူသော ဝိပဿနာပညာ ကောင်းမှု အနနုဂါမိကဥစ္စာ ကောင်းမှုရတနာ- ဤလေးဖြာသော ဓမ္မာနုဓမ္မ ပဋိပတ် အကျင့်မြတ်တို့ကြောင့် အကျွန်ုပ်တို့ တရားဟော တရားနာ ပုဂ္ဂိုလ်တစုသည် နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက်

လျှင်မြန်ထုတ်ချောက်မျက်မှောက်ပြုရတဲ့ကိုယ်ဖြစ်ပါစေကုန်သတည်း။ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထိုနောက်ဆုံး ဘဝ ပရိနိဗ္ဗာနစုတိ၏ နောက်ကာလ၌ ကာမ ရူပ အရူပတည်း ဟူသော ဘဝသုံးပါး ဘုံသုံးပါးတို့တွင် ဘယ်ဘုံ ဘယ်ဘဝ၌မှ ရုပ် နာမ် နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တဖန်အသစ် မဖြစ် ခြင်း တည်းဟူသော အနုပ္ပါဒနိရောဓ အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန် ကိုယ်စီစံရပါစေကုန်သတည်း။အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန် ကိုယ်စီစံရ သဖြင့် ကမ္မဝဋ် ဝိပါကဝဋ်ကိလေသဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက် မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေ ကုန်သတည်း။

သာဓု သာဓု သာဓုပါဘုရား။

# မေတ္တာသုတ်ပရိတ်တရားတော်

## သုခလေးပါးတရား

တရားဦးမှာ သုခလေးပါးတရားကို ဗဟုသုတအဖြစ် ရယူကြရအောင်၊ မြတ်စွာဘုရားက ဝိနည်းစူဠဝဂ္ဂပါဠိတော်မှာ ချမ်းသာလေးပါး ခေါ်တဲ့ သုခလေးပါးတရားကို ဟောတော်မူထားတယ်၊ ဒီတရားကို မဆီမဆိုင် ဘာဖြစ်လို့ ဟောချင်ရသလဲလို့ မေးစရာရှိတယ်၊ မီးကိုကြည့်ယင် မီးကိုအာရုံပြုရယင် ပူတယ်၊ ရေကိုကြည့်ယင် ရေကိုအာရုံပြုရယင် အေးမြတယ်၊ ဒီဥပမာဟာ တရားဟော တရားနာပုဂ္ဂိုလ်တို့အဖို့ အင်မတန်ထင်ရှားတဲ့ ဥပမာဖြစ်ပါတယ်။

ထို့အတူပဲ ဆင်းရဲဒုက္ခအကြောင်း နာကြားရယင် နှလုံးပူတယ်၊ ချမ်းသာသုခနဲ့ စပ်တဲ့တရား နာကြားရယင် ဗဟုသုတလဲ ဖြစ်တယ်၊ နှလုံးလဲ အေးချမ်းတယ်။

ဒါကြောင့် တရားသား မဟောခင် အေးချမ်းမှု သုခမင်္ဂလာနှင့် ဗဟုသုတ တိုးပွားအောင် သုခလေးပါး တရားကို ပေးကမ်းပါရစေ၊ မြတ်စွာဘုရားက ဝိနည်း စူဠဝဂ္ဂပါဠိတော်မှာ—

သုခေါ ဗုဒ္ဓါနမုပ္ပါဒေါ၊
သုခါ သဒ္ဓမ္မဒေသနာ။
သုခါ သံဃဿ သာမဂ္ဂီ၊
သမဂ္ဂါနံ တပေါ သုခေါ—

လို့ သုခလေးပါး တရားတော်ကို ဟောတော်မူထားပါတယ်။

**ပထမဗုဒ္ဓုပ္ပါဒသုခ**

ဗုဒ္ဓါနံ၊ သမ္ဗုဒ္ဓ ဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်ဘုရားတို့၏။ ဥပ္ပါဒေါ၊ ဖြစ်ထွန်းပွင့်ပေါ်၍ လာခြင်းသည်။သုခေါ၊ရှေးဦးအစ ပထမသုခ ချမ်းသာပါတည်း။

အဲဒါကို ဗုဒ္ဓုပ္ပါဒသုခလို့ ခေါ်တယ်၊ မြတ်စွာဘုရားများ ပွင့်ပေါ်တော်မူလာခြင်းသည် ရှေးဦးစွာရတဲ့ပထမသုခဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘုရားမပွင့်တဲ့အခါမှာဆိုယင် လူတွေဟာ ဒါ-လောဘ, ဒါဒေါသ, ဒါမောဟ, ဒါမာန, ဒါဒိဋ္ဌိလို့ မကောင်းတဲ့ အကုသိုလ်တရားတွေကို မသိကြဘူး၊ အလောဘ, အဒေါသ, အမောဟ, ပညာ, သဒ္ဓါ, သတိ စတဲ့ အလွန်ကောင်းတဲ့ ကုသိုလ်တရားတွေကိုလဲ မသိကြဘူး၊ အဲဒီလို မကောင်းတရား ကောင်းတရားတွေကို မသိကြတော့ "အန္ဓိဘူတော အယံ လောကော"ဆိုတဲ့အတိုင်း လောကကြီးတခုလုံးဟာ အဝိဇ္ဇာတည်းဟူသော အမိုက်မှောင်ကြီး ဖုံးလွှမ်းနေတဲ့အတွက် ဘယ်လိုလုပ်ပြီး ချမ်းသာပါ့မလဲ။

ဘုရားရှင် ပွင့်ပေါ်လာတော့မှ ဟောဒါက အကုသိုလ် ဒါကကုသိုလ် ဒီအကုသိုလ်တရားကို ချစ်သားချစ်သမီးတို့ပယ်ကြ၊ဒီကုသိုလ်တရားကို ချစ်သားချစ်သမီးတို့ ပွားကြလို့ ဟောကြားလိုက်မှ လူတွေမှာ အသိဉာဏ် အလင်းရောင် ရလာတော့ ချမ်းသာကြတာပေါ့၊ အဲဒီလို မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာခြင်းဟာ သတ္တဝါတွေ ချမ်းသာခြင်းရဲ့ အခြေခံ အကြောင်းရင်း ဖြစ်ပါတယ်။ အဲဒီ ချမ်းသာသုခကို ရှေးဦးအစ ပထမ ချမ်းသာသုခ (ဗုဒ္ဓုပ္ပါဒသုခ)လို့ ခေါ်ပါတယ်။

## ဒုတိယဓမ္မဒေသနာသုခ

**သဒ္ဓမ္မဒေသနာ**၊ ဘုရားမြတ်စွာ စိန္တေယျာတို့၏ သူတော်တရား ဟောကြားခြင်းသည်။ သုခါ၊ နှစ်ကြိမ်မြောက် သုခမင်္ဂလာပါတည်း။

မြတ်စွာဘုရား ပွင့်ပေါ်တော်မူလာခြင်းသည် ဘယ်အတွက် ပွင့်ပေါ်လာရတာလဲ၊ လူတွေကို အမြင်မှန်ရအောင် တရားဓမ္မဟော ကြားဖို့ ပွင့်ပေါ်လာတာ၊ ဗုဒ္ဓရဲ့ကိစ္စသည် တရားဟောဖို့ အဓိကဖြစ် ပါတယ်၊ ကိုယ်တော်ရဲ့ လုပ်ငန်းဖြစ်တဲ့ တရားဟောပြောမှုကို ဘုရား ဖြစ်ပြီး လေးဆယ့်ငါးဝါ နေ့မအား ညမအား ဟောကြားသွားတယ်။

အဲဒီလို ဟောကြားသွားတဲ့အတွက် လူတွေ နတ်တွေ ဗြဟ္မာတွေဟာ ဒါ-ပယ်ရမယ့်တရား၊ ဒါ-ပွားရမယ့်တရားလို့ ခွဲခြားသိပြီးတော့ ပယ်ကြ ပွားကြတယ်၊ ပယ်သင့်တဲ့တရားပယ်တိုင်း ပွားသင့်တဲ့တရား ပွားတိုင်း ဒီလူတွေမှာ မွေသုခရကြတယ်၊ ဒါကြောင့် မြတ်စွာဘုရား တရား ဒေသနာ ဟောကြားခြင်းသည် ဒုတိယမြောက် သုခမင်္ဂလာလို့ ဘုရားကိုယ်တိုင် ဟောထားခဲ့တယ်။

ယခုပြောခဲ့တဲ့ ဗုဒ္ဓုပ္ပါဒသုခ ဓမ္မဒေသနာသုခ ဆိုတဲ့ သုခနှစ်ပါးက မြတ်စွာဘုရားနဲ့ဆိုင်တဲ့ သုခများ ဖြစ်ပါတယ်၊ တနည်းအားဖြင့် ပြောယင် ဘုရားဘက်က သုခများ ဖြစ်ပါတယ်။ မြတ်စွာဘုရား ကိုယ်တော်မြတ်များဟာ ကိုယ်တော်နဲ့ဆိုင်တဲ့ ဗုဒ္ဓုပ္ပါဒသုခ သဒ္ဓမ္မ- ဒေသနာသုခ နှစ်မျိုးလုံးကို လိုလေသေးမရှိ အကုန်လုံး အပြည့်အဝ ရွက်ဆောင်ပြီးတော့ (ဝါ) လောကကြီးကို အလင်းရောင်ပေးပြီး တော့ နေကြီးကွယ်သွားသလို ဘုရားသဗ္ဗညူ ပရိနိဗ္ဗာန်စံသွားပြီ။

ကိုယ်တော်ရဲ့ ဗုဒ္ဓုပ္ပါဒသုခကို ဝေနေယျတွေရဖို့ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာ ပါရမီစာဂ စရိယတွေ ဘာဝနာလေးပါးဖြင့်

ပွားလို ဝေနေယျတို့အား ဗုဒ္ဓုပ္ပါဒသုခကို ကောင်းကောင်းကြီး ပေးပြီးခဲ့ပြီ၊ နှစ်နံပါတ် သုခဖြစ်တဲ့ သဒ္ဓမ္မဒေသနာသုခကိုလဲပဲ လေးဆယ့်ငါးဝါ မရပ်မနား ဟောကြားပြီးတော့ တဝကြီးပေးခဲ့ပြီ၊ ကိုယ်တော့်တာဝန် ကျေသွားပြီ။

**တတိယသာမဂ္ဂီသုခ**

သံဃသာ၊ ရှင်အပေါင်း လူအပေါင်း ရှင်လူအပေါင်း၏။ သာမဂ္ဂီ၊ ကိုယ်စိတ်နှစ်ရပ် ညီညွတ်ခြင်းသည်။ သုခါ၊ သုံးကြိမ်မြောက် တတိယသုခ မဂ်လာပါဘည်း။

မြတ်စွာဘုရားဟာ ကိုယ်တော်ရဲ့ တပည့်သာဝကတွေကို ညီညွတ်ကြပါ၊ အရာရာမှာ စိတ်ဝမ်းမကွဲကြပါနဲ့၊ စိတ်ဝမ်းကွဲလို့ရှိယင် ပျက်စီးတတ်တယ်၊ စိတ်ဝမ်းမကွဲပဲ အရာရာမှာ ညီညွတ်နေယင် ချမ်းသာတယ်-ဆိုတဲ့အကြောင်း သမ္မောဒမာနဇာတ် ခေါ်တဲ့ ငုံးဇာတ်ကို မြတ်စွာဘုရား ဟောကြားခဲ့ပါတယ်။

မြတ်စွာဘုရားတို့ ချီးမွမ်းတာဟာ ကျောင်းတိုက်ဆိုယင်လဲ ကျောင်းတိုက်သံဃာတွေ ညီညွတ်ခြင်းကို ချီးမွမ်းပါတယ်၊ ရပ်ကွက်ဆိုယင်လဲ ရပ်ကွက်နေ တပည့်သာဝကတွေ လောကရေး ဓမ္မရေးမှာ စိတ်ဝမ်းမကွဲပဲ ညီညွတ်ခြင်းကို ချီးမွမ်းပါတယ်။

အကြင်ရပ်ကွက် အကြင်ကျောင်းတိုက် အကြင်မြို့ အကြင်ရွာ အကြင်ပြည်၌ အချင်းချင်း စိတ်ဝမ်းကွဲပြားကြ၏။ ထိုမြို့ ထိုရွာ ထိုပြည် ထိုအရပ် ထိုကျောင်းတိုက် ဘယ်တော့မှ မချမ်းသာဘူး၊ ဝိဝါဒဖြစ်ယင် ဆင်းရဲဖြစ်ဖို့ သေချာပြီ။

ညီညွတ်ရေးရ၍ သာမဂ္ဂီဖြစ်တဲ့မြို့ သာမဂ္ဂီဖြစ်တဲ့ရွာ သာမဂ္ဂီဖြစ်တဲ့အရပ် သာမဂ္ဂီဖြစ်တဲ့ကျောင်းတိုက် လူအပေါင်း ရှင်အပေါင်း

လူရှင်အပေါင်းဟာ ညီညွတ်တာနဲ့ကိုပဲ စိတ်တမျိုးချမ်းသာတယ်၊ အာရုံယူတိုင်းယူတိုင်း ချမ်းသာတယ်။ ဒါကြောင့် မြတ်စွာဘုရားက ချစ်သား, ချစ်သမီးတို့ ညီညွတ်ကြလို့ မဟာကရုဏာ ပြဋ္ဌာန်းပြီးတော့ တိုက်တွန်းနှိုးဆော်သောအားဖြင့် တတိယမြောက်ဖြစ်တဲ့ သာမဂ္ဂီသုခ ကို ဟောတော်မူခြင်း ဖြစ်ပါတယ်။

## စတုတ္ထ တပေါသုခ

သမဂ္ဂါနံ၊ ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြကုန်သော မြို့သူရွာသူ တိုင်းနိုင်ငံသူ ရပ်ကွက်သူ ထိုထိုကျောင်းတိုက်တို့၌ နေထိုင်ကြတဲ့ ရှင်အပေါင်း လူအပေါင်း ရှင်လူအပေါင်းတို့၏။ တပေါ၊ ကိလေသာ တို့ကို ပူပန်စေတတ်သော ဆယ်ရပ်သော ကောင်းမှုကုသိုလ်အလုပ် အားထုတ်ခြင်းသည်။ သုခေါ၊ လေးကြိမ်မြောက် စတုတ္ထသုခမင်္ဂလာ ပါတည်း။

အချင်းချင်း ဝိဝါဒမဖြစ်ပဲ ညီညွတ်နေရုံမှာ မရပ်နားကြနဲ့ ချစ်သား ချစ်သမီးတို့။ ညီညွတ်ခြင်းဆိုတဲ့ သုခကိုရပြီးတဲ့နောက် ချစ်သား ချစ်သမီးတို့ဘက်က ကြည့်ယင် ဒုတိယသုခလို့ဆိုရတဲ့ တပေါသုခ ကိုလဲ ရယူကြရမယ်။ ဒါနမှု, သီလမှု, ဘာဝနာမှု ရပ်ကွက်ကျေးရွာ ဆိုင်ရာအမှုတို့၌ ညီညီညွတ်ညွတ် စိတ်ဝမ်းမကွဲမပြားပဲ ပြုလုပ်အား ထုတ်ခြင်းကို စတုတ္ထမြောက် တပေါသုခလို့ ခေါ်တယ်။

ဒီတပေါသုခဟာ အောက်ခြေကသွားယင် လူမှုရေးမှာလဲ ညီညီ ညွတ်ညွတ် အားထုတ်ခြင်း, သာသနာရေးမှာလဲပဲ ညီညီညွတ်ညွတ် အားထုတ်ခြင်းဆိုတဲ့ သမ္မပ္ပဓာန် လုံ့လဝီရိယဟာ အရဟတ္တမဂ် အရ- ဟတ္တဖိုလ်ကျမှ အထွတ်အထိပ်ရောက်ပြီး တပေါသုခ အပြည့်အဝ ရတယ်လို့ ဆိုရမယ်။

ဒီတော့ ဘုန်းကြီးတို့ရဲ့ ပရိသတ် အင်မတန် အရည်လည်ပြီးသော ပရိသတ်ဖြစ်ပါတယ်။ အခုလောက် ပြောယင် သဘောပေါက် နားလည်ပါတယ်။

(၁) ဗုဒ္ဓုပ္ပါဒသုခ
(၂) သဒ္ဓမ္မဒေသနာသုခ –

ဆိုတဲ့ သုခနှစ်ပါးက ဘုရားနဲ့ဆိုင်တယ်။ မြတ်စွာဘုရားပြုလုပ်ပေးရမဲ့ သုခဖြစ်ပါတယ်။ကိုယ်တော်နဲ့ဆိုင်တဲ့ ဒီသုခနှစ်ပါးကို ချစ်သားချစ်သမီးတို့ အပြည့်အဝ ခံစားရစ်ကြ သုံးစွဲရစ်ကြ ဆိုသလို လောကမှာ အထင်အရှား ထားပြီးတော့ အနုပါဒိသေသ ပရိနိဗ္ဗာန်စံသွားခဲ့ပြီ။

(၃) သာမဂ္ဂီသုခ
(၄) တပေါသုခ—

ဆိုတဲ့ သုခနှစ်ပါးကတော့ မြတ်စွာဘုရားရဲ့ သားတော် သမီးတော်များနဲ့ ရှေတန်းက သက်ဆိုင်သော သုခဖြစ်ပါတယ်။ အခု ရပ်ကွက် ဒါယကာ ဒါယိကာမတွေ ကောင်းမှုကုသိုလ်ရေးနဲ့ ပတ်သက်လို့ရှိယင် "အဟံ ပဌမံ၊ အဟံ ပဌမံ" ငါအလျင်ရောက်အောင် သွားမယ်ဟဲ့ဆိုတဲ့ စိတ်ကို မွေးမြူပြီးတော့ ညီညီညွတ်ညွတ် ရှိခြင်းသည် အင်မတန် ချမ်းသာတယ်၊ ဒါလက်တွေ့ပဲ။

အဲဒီလို ညီညွတ်ပြီးတဲ့နောက် ဒီညီညွတ်သော ရှင်အပေါင်း, လူအပေါင်း, ရှင်လူအပေါင်းဟာ ဘာလုပ်ရမလဲ၊ တပေါကမ္မဆိုတဲ့ ကိလေသာတို့ကို ပူပန်စေတတ် လောင်မြိုက်ပေးတတ်တဲ့ သမ္မပ္ပဓာန် လို့ လဝီရိယလေးပါးကို အားထုတ်ရမယ်။

မဖြစ်သေးတဲ့ အကုသိုလ်မဖြစ်အောင် ဖြစ်ပြီးတဲ့ အကုသိုလ်တွေကို ပယ်နိုင်အောင် မဖြစ်သေးတဲ့ကုသိုလ်တွေ ဖြစ်အောင် ဖြစ်ပြီးတဲ့

ကုသိုလ်တွေ ဆတက်ထမ်းပိုး ပွားတိုးအောင် အားထုတ်ခြင်းဆိုတဲ့ လုံ့လဝီရိယဇလေးပါးကို တပေါသုခလို့ ခေါ်တယ်။

အဲဒီ သုခကို တရားဦးအနေနဲ့ အရဟတ္တဖိုလ်တိုင်ပြောက် ရောက်သည့်တိုင်အောင် အတိတ်ကလဲ ကျင့်ဆောင်ခဲ့ပြီ၊ အခုလဲပဲ ကျင့်ဆောင်ဆဲ၊ နောင်လဲပဲ အရဟတ္တဖိုလ်တိုင်ရောက် ကျင့်ဆောင် ကြိုးကုတ် အားထုတ်နိုင်ကြပါစေလို့ ဒေသနာနိဒါန်း ချမ်းသာသုခ လေးပါး နိဂုံးသပ်ကြစို့။

(၁) ဗုဒ္ဓုပ္ပါဒသုခ
(၂) သဒ္ဓမ္မဒေသနာသုခ
(၃) သာမဂ္ဂိသုခ
(၄) တပေါသုခ—

သုခလေးဖြာ မဂ်လာနှင့် အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် ပြည့်မြောက်ကြပါစေ။

ယခုဟောမယ့် တရားရဲ့ နာမည်ကတော့ မေတ္တာသုတ် တရား ဖြစ်ပါတယ်။

မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကျေးဇူးတော်တွေကို နှုံးပြီးကြည့်လိုက် လို့ရှိယင်—

(၁) ရူပကာယဂုဏ်နဲ့
(၂) ဓမ္မကာယဂုဏ်—

လို့ နှစ်မျိုးရှိတယ်။

ရူပကာယဂုဏ်ဘက်က ကြည့်လိုက်မယ်ဆိုလို့ရှိယင် သုံးဆယ့်နှစ်ပါး သော မဟာပုရိသ လက္ခဏာတော်ကြီးများ, ရှစ်ဆယ်သော အနုဗျဥ္စန လက္ခဏာတော်ငယ်များနှင့် ခြောက်သွယ်သော ရောင်ခြည်တော်တို့

ဖြင့် တင့်တယ်သော အသရေအစုသို့ ရောက်တော်မူတဲ့ ရူပကာယ ကျက်သရေတော်ကို ရူပကာယဂုဏ်လို့ ခေါ်တယ်။

ဒီရူပကာယ ဂုဏ်တော်တွေကို ဘုန်းတော်ခြောက်ပါးထဲက သိရီ ဘုန်းတော်ထဲမှာ စာရင်းသွင်းရတယ်။ ရူပကာယဂုဏ်တော်ကို နှလုံး သွင်း အာရုံပြုလိုက်မယ်ဆိုယင် မြတ်စွာဘုရားရဲ့ ဘဂဝါဂုဏ်တော်ထဲက သိရီဆိုတဲ့ ဘုန်းတော်ကို အာရုံပြုရမယ်။

မြတ်စွာဘုရားရဲ့ ရူပကာယဂုဏ်နဲ့ ပတ်သက်ပြီးတော့ ရောင်ခြည် တော်ခြောက်သွယ်ဆိုတာ –

(၁) နိစ္စလောဘာသ ရောင်ခြည်တော် ခြောက်ပါး၊
(၂) ဒိသာဖရဏ ရောင်ခြည်တော်ခြောက်ပါး –

လို့နှစ်မျိုးရှိပါတယ်။

နိစ္စလောဘာသ ရောင်ခြည်တော် ခြောက်ပါးဆိုတာ ပကတိကိုယ် တော်မှ အတောင်ရှစ်ဆယ်အတွင်းမှာ ထွန်းလင်းတောက်ပနေသော ရောင်ခြည်တော်ကို နိစ္စလောဘာသ ရောင်ခြည်တော်လို့ခေါ်တယ်။

တပည့်တော်တို့ ကြားဖူးတာက ဘုရားကိုယ်တော်မြတ်ရဲ့ ရောင် ခြည်တော်ဟာ တလံမျှလောက်လို့ ကြားဖူးပါတယ်လို့ စိတ်ထဲမှာ သံသယ ဖြစ်စရာရှိတယ်။

ဗျာမပ္ပဘာယ သုပ္ပဘာ=ဗျာမပ္ပဘာယ၊ တလံမျှလောက်သော ကိုယ်တော်ရောင်ဖြင့်။သုပ္ပဘာ၊ ထွန်းလင်းတောက်ပြောင်သော ရောင် ခြည်တော်ရှိတော်မူကုန်၏ – ဆိုတဲ့နေရာ တလံမျှလောက်သောဆိုတဲ့ ဝိသေသနစကားကို ရောင်ခြည်တော်မှာ သွားပြီးစပ်ထားတဲ့အတွက် ဘုရားရောင်ခြည်တော်ဟာ တလံမျှလောက်ပဲ ရှိတယ်လို့ အနက် အဓိပ္ပာယ် အယူအဆ ထင်မှားနေရပါတယ်။

စင်စစ်က ဒီလိုမဟုတ်ပါဘူး၊ တလံမျှလောက်သောဆိုတာ ကိုယ်တော်ကို ဆိုလိုတာပါ၊ မြတ်စွာဘုရားရဲ့ ရူပကာယ ကိုယ်တော်သည် ကိုယ်တော့်အလံနဲ့ တိုင်းတာလိုက်ယင် တလံပဲရှိတယ်၊ ထိုတလံမျှ ရှိသောကိုယ်တော်မှ ထွန်းတောက်ပတဲ့ ရောင်ခြည်တော်လို့ ဆိုလိုတယ်၊ ရောင်ခြည်တော်ကို တလံလို့ ပြောတာမဟုတ်ဘူး၊ တလံဆိုတဲ့စကားဟာ မြတ်စွာဘုရားကိုယ်တော်မြတ်ရဲ့ရူပကာယ အတိုင်းအရှည်ပမာဏကို ဝိသေသနပြုပေးတဲ့စကားပါ။

ဒီတော့ တလံမျှလောက်သော ရူပကာယ ကိုယ်တော်၊ ထိုရူပကာယကိုယ်တော်မှ ထွက်ကြွကွန့်မြူးတဲ့ အတောင်ရှစ်ဆယ် အရပ်ဝယ် ထွန်းလင်းတောက်ပတဲ့ ပကတိကိုယ်တော်ရောင်ကို နိစ္စလောဘာသ ရောင်ခြည်တော်လို့ ဆိုလိုပါတယ်။

ဘုန်းကြီးတို့ လောကဥပမာအနေဖြင့် မျှော်ပြီးကြည့်လိုက်ရမယ် ဆိုလို့ရှိယင် ဝပ်အားတစ်ထောင်ရှိတဲ့ မီးလုံးကြီးတခုကို စိတ်ကူးထဲမှာ ထွန်းကြည့်စမ်းပါ၊ဒီဝပ်အားတစ်ထောင်ရှိတဲ့ မီးလုံးကြီးကို အနားနားကပ်ကြည့်ယင် သူ့မီးချောင်းလေးတွေဟာ သူ့နေရာနှင့်သူ မီးဖြစ်နေတာကို အသီးသီး မြင်ကြရပါတယ်၊ ခပ်လှမ်းလှမ်းက ကြည့်လိုက်မယ် ဆိုယင်တော့ မီးလုံးကြီးအတိုင်းပဲ မြင်နေရတယ်။

အဲဒီ ဖယောင်းတိုင်ဝပ်အားတစ်ထောင်လောက်ရှိတဲ့ မီးလုံးကြီးရဲ့ အရောင်ဟာ အတောင်တစ်ရာ ကိုးဆယ်ပျံ့ပြီးတော့ နေသလို ဘုရားကိုယ်တော်မြတ်ရဲ့ ရူပကာယမှာလဲပဲ ရုပ်အကြည်ဓာတ်တွေဟာ နီလရောင်ခြည်တော် ပီတရောင်ခြည်တော် စသည်ဖြင့် သူ့နေရာနှင့်သူ ထွန်းလင်းတောက်ပနေပါတယ်၊ . အနီးကပ်ပြီး ဖူးမြော်မယ်ဆိုယင် မီးလုံးကြီးနား ကပ်ကြည့်တော့ မီးချောင်းအကွေးအကောက်ကလေး

တွေမှ မီးကလေးတွေ ကိုယ်စီထွက်နေတာ မြင်ရတာနဲ့ အတူတူပဲ ဖြစ်ပါတယ်။

ခပ်လှမ်းလှမ်းက ကြည့်လိုက်ယင် မီးလုံးကြီးကို အလုံးလိုက်ကြီး မြင်နေရသလို အတောင်တရာ တရာ့ငါးဆယ်လောက်က ဘုရားရှင်ကို လှမ်းပြီးဖူးမြော် လိုက်မယ်ဆိုယင် ဘုရားရှင်ရဲ့ တကိုယ်လုံးကို ရောင်ခြည်တော်အလုံးကြီး ဖုံးပြီးနေတာကို မြင်ရမယ်။

အဲဒီ ထွက်လာတဲ့ ဘုရားကိုယ်တော်မြတ်ရဲ့ ရူပကာယ ရောင်ခြည်တော် အရောင်အလင်းတွေဟာ ပကတိအားဖြင့် အတောင်ရှစ်ဆယ် ထိအောင် တွန်းလင်းတောက်ပနေပါတယ်။ အဲဒီ ရောင်ခြည်တော်ကို နိစ္စလောဘာသ ရောင်ခြည်တော်လို့ ခေါ်တယ်။ (နိစ္စလ=ဘယ်တော့မှ ရွေ့လျားခြင်းမရှိ တုန်လှုပ်ခြင်း မရှိတဲ့+ဩဘာသ=ရောင်ခြည် တော်)

ရေးမီး အစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူတဲ့အခါ ထွက်ပွင့် တော်မူလာတဲ့ ရောင်ခြည်တော်ခြောက်ပါး၊ ပဋ္ဌာန်းဒေသနာတော်ကို သုံးသပ်တော်မူတဲ့အခါ ထွက်တော်မူလာတဲ့ ရောင်ခြည်တော် ခြောက် ပါးတို့ကို အနန္တဒိသာဖရဏ ရောင်ခြည်တော်လို့ ခေါ်တယ်။

အဲဒီ ရောင်ခြည်တော်များဟာ အရှေ့အနောက် တောင် မြောက် ဝဲယာအောက်ထက်အဆုံးမရှိသော အရပ်ဆယ်မျက်နှာသို့ထွက်ပျံ့သွား တဲ့ ရောင်ခြည်တော်များဖြစ်လို့ အနန္တဒိသာဖရဏ ရောင်ခြည်တော်လို့ ခေါ်ခြင်း ဖြစ်ပါတယ်။ (အနန္တဒိသာ=အဆုံးမရှိသော အရပ် ဆယ် မျက်နှာ+ဖရဏ=ကွန့်မြူးပျံ့နှံ့သော ရောင်ခြည်တော်)။

ဒီတော့ အခု-တရားနာ ပရိသတ်ကို အာရုံပြုထားစေချင်တာက အနန္တဒိသာဖရဏ ရောင်ခြည်တော် ခြောက်ပါးကနေပြီး မြတ်စွာ

ဘုရား၏ ဘဂဝါဂုဏ် သိရိဘုန်းတော်ကို အာရုံပြုကြရမယ်၊ အဲဒီလို မြတ်စွာဘုရား၏ သိရိဘုန်းတော်ကို လှမ်းပြီး အာရုံပြုနိုင်အောင် ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး ရေးသားထားတဲ့ အနန္တ-ဒိသာဖရဏ ရောင်ခြည်တော်ခြောက်ပါး ဘုရားရှိခိုး ဂါထာဖြင့် ရှေ့က တရားဦး စပေးပါ့မယ်၊ တရားနာ ပရိသတ်က ဒီဂါထာ၏ အနက် အဓိပ္ပာယ်ကို အာရုံပြုပြီးတော့ ကြည်ညိုနိုင်ကြပါစေ။

## နီလရောင်ခြည်တော်ဘွဲ့

ဝဇီရသင်္ဃာတကာယဿ၊ အင်္ဂီရသဿ တာဒိနော။
ကေသမဿူဟိ အက္ခီနံ၊ နီလဋ္ဌာနေဟိ ရံသိယော။
နီလဝဏ္ဏာ နိစ္ဆရိံသု၊ အနန္တာကာသဘူဒိသေ။

ဝဇီရသင်္ဃာတကာယဿ၊ ဝရဇိန်တန္တန်း စိန်တုံးစိန်စိုင် စိန်တိုင် စိန်ခဲနှင့်အတူ မကျွမအက် မပျက်မကြေနိုင်သော ရူပကာယ ကိုယ် တော် ရှိတော်မူထသော။ အင်္ဂီရသဿ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုး ပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူထသော။တာဒိ-နော၊ လာဘာ လာဘ စသည့်ရှစ်တန် လောကဓံကြောင့် ဖောက်ပြန် မရှိ သည်းခံချိသား တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား ၏။ ကေသမဿူဟိ၊ ဆံတော်, မုတ်ဆိတ်တော်တို့မှ လည်းကောင်း။ အက္ခီနံ၊ မျက်လုံးတော်အစုံတို့၏။ နီလဋ္ဌာနေဟိ၊ ညိုရာအချက် မျက်နက်တော်အရပ်တို့မှ လည်းကောင်း။ နီလဝဏ္ဏာ၊ ခွာညိုပွင့် ကြာညိုပွင့် အောင်မည်းပွင့်ခရမ်းရောင် ငှက်ခါးတောင် တိမ် ညင်မွေး ဥဒေါင်းမင်းလည်ရေးနှင့် ရွှေကျေးမင်းတောင်ပံ ဝသ်ဝဏ် ကျောက်မြတ် ဇောတိရသ် ဣန္ဒနီ ကတ္တီပါပတ္တမြားစိမ်း သင်းတဲ့စိမ်း နဂါးသွဲ့ စိန်မီးပန်းကြဲသကဲ့သို့ ပြာလဲ့စိမ်းစို ညိုသောအဆင်း ရှိကုန်

သော။ ရံသိယော၊ နီလတွင်ခေါ် ရောင်ခြည်တော်တို့သည်။ အနန္တာ-ကာသဘူဒကော၊ အဆုံးမထင် ကောင်းကင်မြေထု ရေလေစုပုံ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့ကို။ ဝိနိဝိဇ္ဈိတွာ၊ ထိုးဖောက်လှစ်ထွင်းကြကုန်၍။ နိစ္ဆရိံသု၊ ပြိုးပြိုးပြက်ပြက် နှံ့ထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။ နိစ္ဆရိံသု၊ ဖူးမြင်ကုန်သူ နတ်လူပြဟ္မာ သတ္တဝါတို့ သဒ္ဓါရွှေမိုးစွေကာဖြိုးအောင် ရှိုးရှိုးရက်ရက် ပြိုးပြိုးပြက်လျှင် နှံ့ထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။

မင်းဆရာပြော လေဘစရာမရှိဘူးတဲ့၊ မန်လည်ဆရာတော်ကြီးကဲ့သို့သော ရာဇဂုရုမင်းဆရာ ဗြိတိသျှခေတ် ရွှေပိုင်းက အဂ္ဂမဟာပဏ္ဍိတရတဲ့ ဆရာတော်ဘုရားများ ရေးသားထားတဲ့ အနက်ကို ဘုန်းကြီးများက ထပ်ပြီးတော့ အမွှမ်းတင်ဖွယ် မလိုပါဘူး၊ သူ့ဟာနဲ့သူ အင်မတန် ပြည့်စုံနေတယ်။

သာသနာ့အလံကို ကြည့်လိုက်မယ် ဆိုလို့ရှိယင် ပထမပိုင်းက မြင်ရတဲ့ ဒုတိယအကွက်မှာ ပေါ်နေတဲ့ ပီတ ရောင်ခြည်တော်ဘွဲ့ကို ကြည်ညိုကြဦးစို့။

## ပီတ ရောင်ခြည်တော်

ဝဇီရသင်္ဃာတကာယဿ၊ အင်္ဂီရသဿ တာဒိနော။
ဆဝိတော စေဝ အင်္ဂေဟိ၊ ပီတဥ္ဇာနေဟိ ရံသိယော။
ပီတဝဏ္ဏာ နိစ္ဆရိံသု၊ အနန္တာကာသဘူဒကေ။

ဝဇီရသင်္ဃာတကာယဿ၊ ဝရဇိန်တန္ဓုန်း စိန်တုံးစိန်စိုင် စိန်တိုင်စိန်ခဲနှင့်အတူ မကွဲမအက် မပျက်မကြေနိုင်သော ရူပကာယကိုယ်တော်ရှိတော်မူထသော။ အင်္ဂီရသဿ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက်တလက်လက်ဖြင့် ထွက်သောရောင်ခြည်ရှိတော်မူထသော။ တာဒိနော၊

လာဘာ၁လာဘ စသည်ရှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ သည်းခံချိသား တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ ဆဝိတော စေဝ၊ သိင်္ဂီရွှေသား အရေပါးတို့မှလည်းကောင်း။ အက္ခိနံ၊ မျက်လုံးတော်အစုံတို့၏။ ပီတဋ္ဌာနေဟိ၊ မှည့်ဝင်း ဝါရွှေသော အရာ အရပ်တို့မှလည်းကောင်း။ ပီတဝဏ္ဏာ၊ ရောင်ရှိန်ဖဲဝါ မဟာလှေကား ရွှေပြားမင်းစံ နီဖလံနှင့် ကုက်ကိုမ်မုန့်ညက် ဖြန့်ကြက်မြောက်ကြဲ ရွှေ မီးပန်းဝဲသကဲ့သို့ ရဲရဲထိန်လင်း ဝါဝင်းရွန်းဝေ ရွှေသောအဆင်းရှိကုန် သော။ ရံသိယော၊ ပီတတွင်ခေါ် ရောင်ခြည်တော်တို့သည်။ အနန္တာ- ကာသဘူဒကေ၊ အဆုံးမထင် ကောင်းကင်မြေထု လေစု ရေပုံ အလုံး စုံသော အရပ်ဆယ်မျက်နှာတို့ကို။ ဝိနိဝိဇ္ဈိတွာ၊ ထိုးဖောက်လှစ်ထွင်း ကုန်၍။ နိစ္ဆရိံသု၊ ပြိုးပြိုးပြက်ပြက် နှံ့ထွက် ကွန့်မြူးတော်မူကြလေ ကုန်ပြီ။ နိစ္ဆရိံသု၊ ဖူးမြင်ကုန်သူ နတ်လူပြဟ္မာ သတ္တဝါတို့ သဒ္ဒါ ရွှေမိုး စွေကာဖြိုးအောင် ရှိုးရှိုးရက်ရက် ပြိုးပြိုးပြက်လျှင် နှံ့ထွက် ကွန့်မြူးတော်မူကြလေကုန်ပြီ။

သာသနာ့အလံမှာ သုံးနံ့ပါတ်မြောက် အကွက်မှာ မြင်နေရတဲ့ လောဟိတ ရောင်ခြည်တော်ဘွဲ့ကို ကြည်ညိုကြရအောင်။

## လောဟိတ ရောင်ခြည်တော်ဘွဲ့

ဝဇီရသဃာ်တကာယသ္မာ၊ အင်္ဂီရသသ္မာ တာဒိနော။
မံသလောဟိတာ အက္ခိနံ၊ ရတ္တဋ္ဌာနေဟိ ရံသိယော။
ရတ္တဝဏ္ဏာ နိစ္ဆရိံသု၊ အနန္တာကာသဘူဒကေ။

ဝဇီရသဃာ်တကာယသ္မာ၊ ဝရဇိန်တန္ဒူန်း စိန်တုံး စိန်စိုင် စိန်တိုင် စိန်ခဲနှင့်အဘူ မကွဲမအက် မပျက်မကြေနိုင်သော ရူပကာယကိုယ်တော် ရှိတော်မူထသော။ အင်္ဂီရသသ္မာ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက်

တသက်သက်ဖြင့် ထွက်သောရောင်ခြည်ရှိတော်မူထသော။ တာဒိနော၊ လာဘာလာဘ စသည့်ရှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ သည်းခံချိသား တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ မံသလောဟိတာ၊အသားတော် အသွေးတော်မှလည်းကောင်း။အက္ခိနံ၊ မျက်လုံးတော်အစုံတို့၏။ ရတ္တဋ္ဌာနေဟိ၊ နီမြန်းရာအရပ်တော်တို့မှ လည်းကောင်း။ ရတ္တာဘာ၊ ပဒုမ္မာနီပွင့် ယုန်မင်းမျက်လုံး စိန်ဆုံးဟသ်ပြဒါး ပတ္တမြားကျောက်နီ လောဟိကြွက်သွေး ရွှေကျေး နှုတ်သီး သန္တာသီး သန္တာခက် သဘောာထွက်ပန်းဆီရောင် ငှက်မင်း တောင် ကသစ်ပန်း လယ်ခေါင်ရခဲ်းမိုးစွေပွင့် ကုက္ကုမံပန်းရင့်တို့ကို မှုဘ်လွှင့်ကြဲဖြန့် တခိုးလုံးပြန့်သကဲ့သို့ ရှုအံ့မဆုံး နှိုင်းနှုန်းမမှီ နီသော အဆင်းရှိကုန်သော။ ရံသိယော၊ လောဟိတဘွင်ခေါ် ရောင်ခြည်တော် တို့သည်။ အနန္တာကာသဘူဒကော၊ အဆုံးမထင် ကောင်းကင်မြေထု လောစုရေပုံ အလုံးစုံသော အရပ်ဆယ်မျက်နှာတို့ကို။ ဝိနိဝိဇ္ဈိတွာ၊ ထိုးဖောက်လှစ်ဆွင်းကုန်၍။ နိစ္ဆရိံသု၊ ပြိုးပြိုးပြက်ပြက် နှံ့တွက်ကွန့်မြူး တော်မူကြခလကုန်ပြီ။ နိစ္ဆရိံသု၊ ဖူးမြင်ကုန်သူ ။ပ။ မူကြလေ ကုန်ပြီ။

အခုရွတ်မှာက ဩဒါတ ရောင်ခြည်တော်ဘွဲ့ ဖြစ်ပါတယ်။

## ဩဒါတရောင်ခြည်တော်ဘွဲ့

ဝဇီရသင်္ဃာတကာယဿ၊ အင်္ဂီရသဿ တာဒိနော။

အဋ္ဌိဒန္တေဟိ အက္ခိနံ၊ သေတဋ္ဌာနေဟိ ရံသိယော။

သေတာဝဏ္ဏာ နိစ္ဆရိံသု၊ အနန္တာကာသဘူဒကေ။

ဝဇီရသင်္ဃာတကာယဿ၊ ဝရဇိန်တန္ခုန်း စိန်တုံးစိန်စိုင် စိန်တိုင် စိန်ခဲနှင့်အတူ မကွဲမအက် မပျက်မကြေနိုင်သောရုပကာယကိုယ်တော်

ရှိတော်မူထသော။ အင်္ဂီရသဿ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည်ရှိတော်မူထသော။ တာဒိနော၊ လာဘာလာဘ စသည့်ရှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ သည်းခံချိသား တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ အဂ္ဂိဒန္တေဟိ၊ အရိုးတော် သွားတော် ငွယ်တော်တို့မှလည်းကောင်း။ အက္ခီနံ၊ မျက်လုံးတော်အစုံတို့၏။ သေတဋ္ဌာနေဟိ၊ ဖြူရာအရပ် မျက်ဖြူတော်မြတ် ဝဏ္ဏဓာတ်တို့မှ လည်းကောင်း။ သေတဝဏ္ဏာ၊ သင်းခွေကြာဖြူ မဉ္ဇူဇလပ် ငွေပွင့်ချပ်နှင့် ငွေယပ်ငွေသား ငွေပြားနဂထာ ငွေဇာမျက်နှာကြက် ဖြန့်မိုးကြက်၍ ငွေရွက်တံခွန် မိုးစွန်ဆူဆူ လွှားစိုက်ထူသကဲ့သို့ ဖြူသောအဆင်းရှိကုန်သော။ ရံသိ-ယော၊ ဩဒါတတွင်ခေါ် ရောင်ခြည်တော်တို့သည်။ အနန္တာကာသ-ဘူဒကေ၊ တို့ကို။ ဝိနိဝိဇ္ဈိတွာ၊ ထိုးဖောက်လျှပ်ထွင်းကုန်၍။ နိစ္ဆရိံသု၊ ပြိုးပြိုးပြက်ပြက် နှံ့ထွက်ကွန့်မြူးတော်မူကြလေကုန်ပြီ။

အခုရွတ်မဲ့ဂါထာက မဉ္ဇူသရောင်ခြည်တော်ဘွဲ့ ဖြစ်ပါတယ်။

## မဉ္ဇူသရောင်ခြည်တော်ဘွဲ့

ဝဇီရသင်္ဃာတကာယဿ၊ အင်္ဂီရသဿ တာဒိနော။
တေသံ ဘောသံ သရီရာနံ၊ နာနာဌာနေဟိ ရံသိယော။
မဉ္ဇူသကာ နိစ္ဆရိံသု၊ အနန္တာကာသဘူဒကေ။

ဝဇီရသင်္ဃာတတာယဿ၊ ဝဇိရ်တန်နှုန်း စိန်တုံး စိန်စိုင် စိန်တိုင် စိန်ခဲနှင့်အတူ မကွဲမအက် မပျက်မကြေနိုင်သော ရူပကာယကိုယ်တော် ရှိတော်မူထသော။ အင်္ဂီရသဿ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သောရောင်ခြည် ရှိတော်မူထသော။ တာဒိနော၊ လာဘာလာဘ စသည့်ရှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ

သည်းခံချိသား တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ တေသံ တေသံ သရီရာနံ၊ ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရွှန်းစို ထိုထို ကိုယ်တော်အစိတ်တို့၏၊ နာနာဝဏ္ဏာနေဟိ၊ အသူးထူးသော အရပ်တော်တို့မှ။ မဉ္ဇိဋ္ဌကာ၊ ထန်းကျင့်ချိပ်ရည် တိန်းညက်ရည်နှင့် စက်စက်ရည်ကောင်း သွန်း၍လောင်းသကဲ့သို့ မောင်းသောအဆင်း ရှိကုန်သော။ ရံသိယော၊ မဉ္ဇိဋ္ဌတွင်ခေါ် ရောင်ခြည်တော်တို့သည်။ အနန္တာကာသဘူဒကေ၊ တို့သို့။ ဝိနိဝိဇ္ဈတွာ၊ ၍။ နိစ္ဆရိံသု၊ ကုန်ပြီ။ နိစ္ဆရိံသု၊ ဖူးမြင်ကုန်သူ နတ်လူပြဟ္မာ သတ္တဝါတို့ သဒ္ဓါရွှေမိုး စွေကာ ဖြိုးအောင် ရိုးရိုးရက်ရက် ပြိုးပြိုးပြက်လျှင် နှံ့ထွက်ကွန့်မြူးတော်မူကြ လေကုန်ပြီ။

ခြောက်ပါးမြောက်ဖြစ်တဲ့ ပဘဿရရောင်ခြည်တော်ဘွဲ့ကတော့—

## ပဘဿရရောင်ခြည်တော်ဘွဲ့

ဝဇိရသင်္ဃာတကာယဿ၊ အင်္ဂီရသဿ တာဒိနော။
တေသံ တေသံ သရီရာနံ၊ နာနာဝဏ္ဏာနေဟိ ရံသိယော။
ပဘဿရာ နိစ္ဆရိံသု၊ အနန္တာကာသဘူဒကေ။

ဝဇိရသင်္ဃာတကာယဿ၊ ဝရဇိန်တန္ခုန်း စိန်တုံးစိန်စိုင် စိန်တိုင် စိန်ခဲနှင့်အတူ မကွဲမအက် မပျက်မကြေနိုင်သော ရူပကာယကိုယ်တော် ရှိတော်မူထသော။ အင်္ဂီရသဿ၊ ကိုယ်တော်မြတ်မှ မပြတ်ပြိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်တော် ရှိတော်မူထသော။ တာဒိနော၊ လာဘာလာဘ စသည်ရှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ သည်းခံချိသား တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ တေသံ တေသံ သရီရာနံ၊ ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရွှန်းစို ထိုထို ကိုယ်တော်အစိတ်တို့၏။နာနာဝဏ္ဏာနေဟိ၊

အထူးထူးသော အရပ်တော်တို့မှ။ ပဘာဿရာ၊ ညိုရင့်ရွှေရင့် ဖြူနီ ရင့်တို့ သက်တင့်ရောင်နှယ် လျှပ်စစ်နွယ်နှင့် အိုးဖွယ်လွန်ကဲ မီးပန်းစုံ ကြဲသကဲ့သို့ ရိုးရဲပြိုးပြက် တခဲနက်သော အဆင်း ရှိကုန်သော။ ရံသိယော၊ ပဘာဿရတွင်ခေါ် ရောင်ခြည်တော်တို့သည်။ အနန္တာ- ကာသဘူဒကေ၊ တို့ကို။ ဝိနိဝိဇ္ဈိတွာ၊ ကုန်၍။ နိစ္ဆရိံသု၊ ကုန်ပြီ။ နိစ္ဆရိံသု၊ ဖူးမြင်ကုန်သူ နတ်လူဗြဟ္မာ သတ္တဝါတို့ သဒ္ဓါရွှေမိုး စွေကာ ဖြိုးမြအောင် ရိုးရိုးရက်ရက် ပြိုးပြိုးပြက်လျှင် နှံ့ထွက်ကွန့်မြူးတော်မူကြ လေကုန်ပြီ။

အဲဒါတွေကတော့ ရောင်ခြည်တော် ခြောက်ပါးကို ချီးမွမ်းဖွဲ့ဆိုတဲ့ ဂါထာခြောက်ပိုဒ် ဖြစ်ပါတယ်၊ အဲဒီ အနန္တဩဘာသဖရဏ ရောင်ခြည် တော် ခြောက်ပါးရဲ့ အရှင် ဖြစ်တော်မူသော မြတ်စွာဘုရားကို နောက်ဆုံး ရှိခိုးတဲ့ ဂါထာကို ဘုန်းကြီးရွတ်ဆိုပြီး ရှိခိုးမယ်။

### ရောင်ခြည်တော် ခြောက်ပါး ရှိခိုးဂါထာ

ဧဝံ ဆဗ္ဗဏ္ဏရသ္မီဟိ၊ နိစ္ဆရန္တံ ဒိသောဒိသံ။
အနန္တံ အဓော ဥဒ္ဓံ စ၊ အမတံဝ မနောဟရံ။
ကာယေန ဝါစာစိတ္တေန၊ အင်္ဂီရသံ နမာမဟံ။

ဧဝံ၊ ဤသို့။ ဆဗ္ဗဏ္ဏရသ္မီဟိ၊ စိမ်းလဲ့ညိုပြာ ရွှေဝါထိန်လင်း ခြင်းခြင်းနီမြန်း လျှမ်းလျှမ်းဖြူဖွေး စွေးစွေးမောင်းချိပ် ဖိတ်ဖိတ် ပြိုးပြက် တခဲနက်ဟုဆိုအပ်သော ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့်။ အနန္တံ၊ အဆုံးအပိုင်း အတိုင်းအရှည် မရှိသော။ ဒိသောဒိသံ၊ အရပ် ရှစ်မျက်နှာ စကြဝဠာပတ်ဝန်း လေးကျွန်းတမြင်းမိုရ် ထိုထို ဝိသယ ရှိသမျှသို့လည်းကောင်း။ အဓော စ၊ မြေထု ရေထု လေစုထွင်းဖောက် အောက်အဇဋာ၊ အာကာကောင်းကင် ဟင်းလင်းပြင်သို့ လည်း ကောင်း။ ဥဒ္ဓံ စ၊ နတ်ပြည်ခြောက်ရွာ ဗြဟ္မာနှစ်ဆယ် ဘဝဂ်ကယ်၍

ထက်ဝယ်အာကာ အဇဋ္ဌာပြင် မိုးကောင်းကင်သို့ လည်းကောင်း။ နိစ္ဆရန္တံ၊ ထိန်ထိန်ပြေးလျက် ထွက်စေတော်မူတတ်ထသော။ အမတံဝ၊ မသေခြင်းစတတ် ချမ်းကြည်မြတ်သော နတ်တို့သုဓာ မြိုက်ဩဇာကဲ့သို့။ မနောဟရံ၊ မြင်မြင်သသူ နတ်လူပြဟ္မာ သတ္တဝါတို့၏ သဒ္ဓါပီတိ ရွှန်းရွှန်းအိအောင် မျက်စိရသာ မင်္ဂလာအစု တပေါင်းတည်းပြုသဖြင့် လှုံလှူရှင်ပြုံး စိတ်နှလုံးကို သိမ်းကျုံးယူဆောင်တော်မူတတ်ထသော။ အင်္ဂီရသံ၊ ကိုယ်တော်မြတ်မှ မပြတ်ပွိုးပြက် တလက်လက်ဖြင့် ထွက်သော ရောင်ခြည်ရှိသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ကာယေန၊ ကိုယ်ဟု ဆိုအပ်သော ကာယဒွါရဖြင့်။ နမာမိ၊ ပုဆစ်ညွတ်တုပ် လက်အုပ်ချီမိုး ရှိညွတ်ကျိုး၍ ရှိခိုးပူဇော်ပါ၏။ ဝါစာ-ဝါစာယ၊ နှုတ်ဟု ဆိုအပ်သော ဝစီဒွါရဖြင့်။ နမာမိ၊ နှုတ်ကတွတ်တွတ် ဆိုရွတ်ရှင်ဖွိုး မြွက်ဖော်ပျိုး၍ ရှိခိုးပူဇော်ပါ၏။ စိတ္တေန၊ စိတ်ဟု ဆိုအပ်သော မနောဒွါရဖြင့်။ နမာမိ၊ အောက်မေ့ဆင်ခြင် ကြည်ရှင်မြတ်နိုး သဒ္ဓါပျိုး၍ ရှိခိုးပူဇော်ပါ၏။ ကာယေန ဝါစာစိတ္တေန နမာမိ၊ ကိုယ်နှုတ်နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်အုပ်မိုးလျက် ရှိခိုးဦးညွတ်ပါ၏ မြတ်စွာဘုရား။

နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘဿရ တည်းဟူသော အနန္တဒိသာဖရဏ ရောင်ခြည်တော်တို့ဖြင့် တင့်တယ်တော်မူသော ဘုရားကိုယ်တော်မြတ်ကြီးသည် သာဝတ္ထိပြည်မွန် ဇေတဝန် ရွှေကျောင်းတော်ကြီးရဲ့ အတွင်းမှာ ရဟန်းတော်အပေါင်း ခြံရံလျက် သီတင်းသုံးနေတော်မူသည်ကို စိတ်ထဲမှာ မှန်းပြီးတော့ ကြည့်ကြပါ။

အချိန်အားဖြင့် ဝါဆိုလဆန်း ၁၀-ရက်, ၁၁-ရက်, ၁၂-ရက် ဝါဆိုခါနီး အချိန်မှာ ရဟန်းတော်ငါးရာတို့သည် ဘုရားရှင်ထံတော်မှာ

ကမ္မဋ္ဌာန်းတရားကို နာယူကြတယ်။ တရားပွဲကြီး ပြီးတဲ့အခါ ရဟန်းတော်ငါးရာလုံး သာဝတ္ထိပြည်၏ မြောက်ဘက် ဟိမဝန္တာတောင်နှင့် တစပ်တည်းရှိတဲ့ တောအုပ်ကြီး တခုထဲကို ကြွသွားကြပါတယ်။

ဒီတောအုပ်ကြီးဟာ အင်မတန်သာယာတယ်၊ ကမ္မဋ္ဌာန်းအားထုတ်ဖို့ အင်မတန်ကောင်းတယ်၊ အရိပ်, ရေ စသည်တို့နဲ့ ပြည့်စုံတဲ့တောအုပ်ကြီးဖြစ်သလို ရဟန်းအလုပ်နဲ့ သင့်တော်တဲ့ တောအုပ်ကြီးဖြစ်တယ်လို့ ရဟန်းတော်များက ယူဆကြတယ်။ ရဟန်းတော်များဟာ ဒီတောအုပ်ကြီးထဲမှာ တညကျိန်းပြီး နောက်တနေ့မနက်မှာ အိမ်ခြေတစ်ထောင်ရှိတဲ့ အနီးအနားက ရွာကြီးကို ဆွမ်းခံကြွကြတယ်။

ပစ္စန္တရစ်ဆိုတော့ ဤမျှများပြားတဲ့ ရဟန်းတော်များကို ဖူးမြင်ဖို့ ခဲယဉ်းကြပါတယ်။ ရဟန်းတော်များကလဲ ယောဂါဝစရ ကမ္မဋ္ဌာန်းအလုပ်အားထုတ်တဲ့ ကိုယ်တော်ကြီးတွေဆိုတော့ အင်မတန် တည်ငြိမ်တဲ့ ဣန္ဒြေရှိကြပါတယ်။ အဲဒီ ကိုယ်တော်ကြီးတွေကို ဒါယကာ ဒါယိကာမတွေ ဖူးမြင်ရတော့ အင်မတန့် အင်မတန်ကြည်ညိုပြီး—

ဣမေဝ ဘန္တေ တေမာသံ ဝသထ။

ဘန္တေ၊အရှင်တို့ဘုရား။ဣမေဝ၊ဤတပည့်တော်တို့ အရပ်၌ပင်လျှင်။ တေမာသံ၊ ဝါတွင်းသုံးလပတ်လုံး။ဝသထ၊ သီတင်းသုံးစံနေတော် မူကြပါဘုရား လို့ ဒါယကာ ဒါယိကာမတွေကလျှောက်ထားကြပါတယ်၊ ဘောဇနသပ္ပါယလဲ မျှတတယ်၊ ဥတုသပ္ပါယကလဲ မျှတတယ်၊ သေနာသနသပ္ပါယလဲပဲ ဒါယကာ ဒါယိကာမတွေကရဟန်းတော်ငါးရာအတွက် သစ်ရွက်မိုးတဲ့ မိုးလုံ လေလုံ ကမ္မဋ္ဌာန်းကျောင်းကလေး ငါးရာကို နေ့ချင်းပြီး ဆောက်လိုက်တာကြောင့် သေနာသနသပ္ပါယလဲပဲ မျှတကြပါတယ်။

## ကမ္မဋ္ဌာန်းကျောင်းဟူသည်

လွယ်လွယ်ချည်းလား ဘုရားလို့ မေးစရာရှိတယ်၊ ရှေးတုန်းက ကမ္မဋ္ဌာန်းကျောင်းဆိုတာ—

ပလ္လင်္ကေန နိသိန္နဿ၊ ဇာဏုံ စေ နာဘိဝဿတိ။
အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော။[၁]

လို့အရှင်သာရိပုတ္တရာကြီးရဲ့ ထေရဂါထာမှာ တိုက်ရိုက်လာရှိပါတယ်။

ပလ္လင်္ကေန၊ ထက်ဝယ်ဖွဲ့ခွေသဖြင့်။ နိသိန္နဿ၊ ထိုင်နေသည့်ရှိသော်။ ဇာဏုံ၊ ဒူးခေါင်းကို။ စေ နာဘိဝဿတိ၊ အကယ်၍ မိုးမစွတ်ငြားအံ့။ ပဟိတတ္တဿ၊ နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိသော။ ဘိက္ခုနော၊ ဥက္ကဋ္ဌဖြစ်သော ယောဂီရဟန်းအား။ ဖာသုဝိဟာရာယ၊ ချမ်းသာစွာနေနိုင်ဖို့ရန်။ အလံ၊ တော်လောက်ပြီ။

ကျောင်းပစ္စည်းနှင့် ပတ်သက်ယင် တကယ် နိဗ္ဗာန်ကို လိုလားတဲ့ ဥက္ကဋ္ဌယောဂီအလုပ်ကို လုပ်လိုသျှင် အိပ်ဖို့မဟုတ် တင်ပျဉ်ခွေ ထိုင်နေလိုက်လို့ ဒူးနှစ်လုံးကို မိုးမစွတ်ယင် ဒီကျောင်း တော်လောက်ပြီလို့ ဆိုလိုပါတယ်၊ အဲဒီလို ကျောင်းမျိုးဆိုတော့ နေ့ချင်းပြီး ဆောက်လို့ ရပါတယ်၊ အိမ်ခြေတစ်ထောင်ရှိတဲ့ ရွာကလူတွေ ထွက်ပြီး တောထဲမှာရှိတဲ့ သစ်ရွက်တွေနဲ့ လေးတောင် ပတ်လည်လောက် ကျောင်းကလေးတွေကို နှစ်ယောက်တကျောင်း ဆောက်လိုက်တော့ တနေ့ထည်း ကမ္မဋ္ဌာန်းကျောင်းကလေးငါးရာပြီးတယ်။

အရှင်သူမြတ်တွေဟာ အင်မတန် အေးမြလှတဲ့ အခါမှာမှ ဒီ ကမ္မဋ္ဌာန်းကျောင်းကလေးများမှာ သီတင်းသုံးတော် မူကြပါတယ်၊

---

၁။ သာရိပုတ္တထေရဂါထာ၊ ၃၄၄။

သည့်ပြင် အချိန်မှာတော့ ထိုထို သစ်ပင်ရင်းမှာ ထိုင်ပြီးတော့ ရဟန်း တရား ပွားများကြိုးကုတ် အားထုတ်တော်မူကြပါတယ်။

**ရဟန်းတို့၏ သီလတန်ခိုး**

အဲဒီလို အရှင်သူမြတ်တွေ တရား အားထုတ်ကြတော့ သစ်ပင် များမှာ နေကြတဲ့ ရုက္ခစိုးနတ်တွေ ဘယ်လိုဖြစ်လာသလဲဆိုယင်—

သီလဝန္တာနံ ဘိက္ခူနံ တေဇေန ဝိဟတတေဇာ ရုက္ခ- ဒေဝတာ အတ္တနော အတ္တနော ဝိမာနာ ဩရုယှ ဒါရကေ ဂဟေတွာ ဣတော စိတော စ ဝိစရန္တိ။

သီလဝန္တာနံ၊ သီလရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတော်တို့၏။ တေဇေန၊ သီလတန်ခိုးကြောင့်။ ဝိဟတတေဇာ၊ ပယ်ရှားအပ်ပြီးသော နတ်တန်ခိုးရှိကြကုန်သည်ဖြစ်၍။ ရုက္ခဒေဝတာ၊ ရုက္ခစိုးနတ်တို့သည်။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ဝိမာနာ၊ ဗိမာန်မှ။ ဩရုယှ၊ သက်ဆင်းကြကုန်၍။ ဒါရကေ၊ ကလေးသူငယ်တို့ကို။ ဂဟေတွာ၊ လက်ဆွဲကြ၍။ ဣတော စိတော စ၊ ဤမှ ထိုမှလျှင်။ ဝိစရန္တိ၊ လှည့်လည် ကျက်စားသွားလာ၍ နေကြကုန်၏။

ရဟန်းတော်တွေ သီလတန်ခိုးကြောင့် ထိုရဟန်းတော်တို့ သီတင်း သုံးသော သစ်ပင်မှာရှိတဲ့ ရုက္ခစိုးနတ်များ မိမိတို့သစ်ပင်မှာ မနေဝံ့ တော့ပဲနဲ့ ဆိုင်ရာမိမိတို့ရဲ့ ဘုံဗိမာန်က ဆင်းပြီးတော့ ကလေးများ လက်ဆွဲ၍ ထိုထို ဤဤ လှည့်လည် တိမ်းရှောင်ပြီးတော့ နေကြ ရတယ်။

လောကဥပမာအားဖြင့် မြို့ကြီးပြကြီးက မင်းစိုးရာဇာများ တော အရပ် ရောက်လာတဲ့အခါ ဒီအိမ် ကျုပ်တို့နေမယ်ဆိုပြီး နေရာယူလိုက် တယ်ဆိုယင် တောသူတောင်သား အိမ်ရှင်များက အိမ်ပေါ်ကဆင်း

ပြီးတော့ သားကလေး သမီးကလေးတွေကို လက်ဆွဲပြီး တော်ရာကို ပြေးကြရတယ်။

အခု ရုက္ခစိုးနတ်တွေလဲပဲ သီလရှိတဲ့ ရဟန်းတော်တို့ရဲ့ သီလရှိန်တော် အာနုဘော်ကြောင့် သစ်ပင်ပေါ်မှာ ရှိကြတဲ့ မိမိတို့ရဲ့ ဘုံဗိမာန်မှာ မနေနိုင်ပဲ ကလေးတွေ လက်ဆွဲပြီး လှည့်လည်နေရတာ တရက်မှ တရက် လွန်မြောက်လာကြတော့—

ကဒါ နု ခေါ ဘဒ္ဒန္တာ ဂမိဿန္တိ။

ဘဒ္ဒန္တာ၊အရှင်သူမြတ်တို့သည်။ကဒါ၊ ဘယ်တော့များမှ။ ဂမိဿန္တိ၊ ကြွသွားတော်မူကြမှာပါလိမ့်—

ဟု အဝေးကနေ ကြည့်ပြီး တိုင်ပင်ပြောကြားကြတယ်။ ခုနက ဥပမာမှာ အိမ်ရှင်များက တိုအိမ်နေတဲ့ မင်းများ ဘယ်တော့သွားပါ့မလဲလို့ ချောင်းမြောင်းကြည့်သလို တိုင်ပင် ပြောကြားကြသလိုပါပဲ။

အဲဒီတော့ ရုက္ခစိုးနတ် တယောက်က—

ပဌမဝဿူပဂတာ ဘိက္ခူ အဝဿံ တေမာသံ ဝသိဿန္တိ။

ပဌမဝဿူပဂတာ၊ ပဌမဝါ ကပ်ရောက်ကြကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အဝဿံ၊ မချွတ်ကေန်။ တေမာသံ၊ ဝါတွင်းသုံးလပတ်လုံး။ ဝသိဿန္တိ၊ နေတော်မူကြကုန်လတ္တံ့။

ရဟန်းတော်များ ဝါကပ်တယ်ဆိုတာ ပဌမဝါ ကပ်လို့ရှိယင် မုချကေန် သုံးလတော့ နေကြရမှာပဲ အမောင်တို့။

မယံ ပန တာဝ စိရံ အဇ္ဈာနေ ဝ အတ္တနော ဝိမာနာ ဩရုယှ ဒါရကေ ဂဟေတွာ ဩက္ကမ္မ ဝသိတုံ န သက္ကောမ။

**မယံ** ပန၊ ငါတို့သည်**ကား**။ တာဝ စိရံ၊ ထိုမျှ**လောက်** သုံးလကြာ မြင့်အောင်။ အတ္တနော အတ္တနော ဝိမာနာ၊ မိမိ မိမိတို့၏ ဗိမာန်မှ။ ဩရုယှ၊ သက်ဆင်း၍။ ဒါရကေ၊ ကလေးငယ်တို့ကို။ ဂဟေတွာ၊ ဆွဲ ကိုင်ကြကုန်၍။ ဩက္ကမ္မ၊ ဖယ်ရှားလျက်။ ဝသိတုံ၊ နေခြင်းငှာ။ န သက္ကောမ၊ ဘယ်နည်းနှင့်မှ တို့တတွေ မစွမ်းနိုင်ကြကုန်လတ်အံ့။

သုံးလကြာအောင်တော့ တို့ကလေးတွေ လက်ဆွဲပြီးတော့ ဟိုရှိ ဒီရှောင်ဖြင့် တို့ ဘယ်လိုနည်းနှင့်မှ မလုပ်နိုင်ဘူး။

**နတ်များက ခြောက်လှန့်ခြင်း**

**ဟန္ဒ** မယံ ဘိက္ခူနံ ဘယာနကံ အာရမ္မဏံ ဒဿေမ။

ဟန္ဒ၊ ယခု(ဝါ)ကိုင်း။ မယံ၊ငါတို့သည်။ ဘိက္ခူနံ၊ရဟန်း**တို့အား**။ ဘယာနကံ၊ ကြောက်မက်ဖွယ်ကောင်းသော။ အာရမ္မဏံ၊ အာရုံကို။ ဒဿေမ၊ပြ၍ခြိမ်းခြောက် ဝေးရာအရပ်သို့ သွားရောက်စေကြကုန်စို့။

ကိုယ်တော်တွေကို ကြောက်စရာအာရုံတွေ အဆင်းတွေ အသံတွေ ကို ပြပြီး ဝေးရာဖယ်ရှားသွားအောင် တို့ လုပ်ကြစို့လို့ ရုက္ခစိုးနတ် တွေ အားလုံးတိုင်ပင်ကြတယ်။ နောက်အားလုံး သဘောတူညီကြပြီး ညအချိန်မှာ အင်မတန် ကြောက်မက်ဖွယ်ကောင်းတဲ့ **အဆင်းတွေ** အသံတွေကို ဖန်ဆင်းပြကြတယ်။

အဲဒီအခါမှာ ကိုယ်တော်တွေဟာ ကြောက်မက်ဖွယ် ကောင်းတဲ့ အဆင်းတွေ အသံတွေကို မြင်နေ ကြားနေရတော့ ရဟန်းတရား အားထုတ်လို့ မရဘူး။ နောက်တော့ ရဟန်းတရား နှလုံးသွင်းလို့ မရရုံမကဘူး တိုး၍ တိုး၍ ကြောက်ကြောက်လာပြီး သတိများ တောင် လစ်လာကြတယ်။ အဲဒီအခါမှာ အင်မတန်ဆိုးဝါးတဲ့ **အနံ့** တွေကို လွှတ်ကြပြန်တယ်။

ကိုယ်တော်တွေဟာ ခေါင်းခဲရောဂါ စွဲလာကြပြီး တနေ့ တခြား ပိန်ချုံးလာကြတယ်၊ ဒါပေမယ့် ဒီအကြောင်းကို အချင်းချင်း မပြော ကြားကြဘူး။

နောက်ဆယ်ရက်လောက် ရှိတဲ့အခါကျတော့ သံဃာ့မထေရ်ကြီး က သံဃာ့အစည်းအဝေးကြီးမှာ–

တုမှာကံ အာဝုသော ဣမံ ဝနသဏ္ဍံ ပဝိဋ္ဌာနံ ကတိပါဟံ အတိဝိယ ပရိသုဒ္ဓေါ ဆဝိဝဏ္ဏော အဟောသိ ပရိယောဒါတော၊ ဝိပ္ပသန္နာနိ စ ဣန္ဒြိယာနိ။

အာဝုသော၊ ငါ့ရှင်တို့။ တုမှာကံ၊ သင်တို့အား။ ဣမံ ဝနသဏ္ဍံ ဤတောအုပ်သို့။ ပဝိဋ္ဌာနံ၊ ဝင်ရောက်ကြကုန်စဉ်။ ကတိပါဟံ၊ နှစ်ရက် သုံးရက်လောက်ဖြင့်။ အတိဝိယ၊ အလွန်လျှင်။ ဆဝိဝဏ္ဏော၊ အရေအဆင်းသည်။ ပရိသုဒ္ဓေါ၊ စင်ကြယ်၏။ ပရိယောဒါတော၊ အပြစ်ကင်းသည်။ အဟောသိ။ ဖြစ်ခဲ့လေပြီ။ ဣန္ဒြိယာနိ စ၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ ဣန္ဒြေတို့သည်လည်း။ ဝိပ္ပသန္နာနိ၊ သန့်ရှင်း၊ ကြည်လင်ကြကုန်၏။

တေရဟိ ပနတ္ထ ကိသာ ဒုဗ္ဗဏ္ဏာ ဥပ္ပဏ္ဍုပ္ပဏ္ဍုကဇာတာ၊ ကိံ ဝေါ ဣဓ အသပ္ပါယံ။

တေရဟိ ပန၊ ယခုအခါမှာတော့။ တုမှေ၊ ငါ့ရှင်ဘုရား ရဟန်း များတို့သည်။ ကိသာ၊ အသွေးအသားတို့ တနေ့တခြား လျော့ပါး ကြုံလှီကြကုန်သည်။ ဒုဗ္ဗဏ္ဏာ၊ ရုပ်ရေအဆင်း ပျက်ခြင်းမလှ ပျက်ကြ ရကုန်သည်။ ဥပ္ပဏ္ဍုပ္ပဏ္ဍုကဇာတာ၊ ဖက်ရွက်ရော်ကဲ့သို့ ဖြော့တော့ သော အဆင်းရှိကြကုန်သည်။ အတ္ထ၊ ဖြစ်ကြကုန်၏။

ဝေါ၊ ငါ့ရှင်ဘုရား ရဟန်းများအား။ ဣဓ၊ ဤတောအရပ်၌။ အသပ္ပါယံ၊ မသင့်လျော်တဲ့ အရာဝတ္ထုကား။ ကိံ၊ အဘယ်ပါနည်း။

သံဃာ့မထေရ်ကြီးက အားလုံးသော ကိုယ်တော်များကို စကား လေးပိုဒ်မေးတယ်၊ ငါ့ရှင် ဘုရား ရဟန်းများတို့ ငါ့ရှင်တို့ ဒီတောအုပ် ထဲ ဝင်ရောက်လာပြီး သုံးရက်လောက်မှာ ရုပ်ရည်အဆင်းတွေ သန့်ရှင်းကြည်လင်လျက် ရှိပါတယ်၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်,စိတ် ဆိုတဲ့ ဣန္ဒြေတွေလဲ အင်မတန် သန့်ရှင်းကြည်လင်လှပေတယ်၊ ယခု တော့ဖြင့် အသွေးအသားတွေ တနေ့တခြား ပြုန်းတီးသွားကြပါ ပကော၊ ငါ့ရှင်ဘုရား ရဟန်းတို့မှာ ဤတောအုပ်၌ အသပ္ပါယမဖြစ်တာ ဘာများရှိပါသတုံးလို့ မေးတဲ့အခါ ရဟန်းတော်တပါးက လျှောက် တယ်။

အဟံ ဘန္တေ ရတ္တိံ ဣဓိသဥ္စ ဣဓိသဥ္စ ဘေရဝါရမ္မဏံ ပဿာမိ စ သုဏာမိ စ။ ဣဓိသဥ္စ ဂန္ဓံ ဃာယာမိ။ တေန မေ စိတ္တံ န သမာဓိယတိ။

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ရတ္တိံ၊ ညကျ ပလားဆိုမှဖြင့်။ ဣဓိသဥ္စ ဣဓိသဥ္စ၊ ဤသို့သဘော ဤသို့သဘော ရှိသည်လည်းဖြစ်သော။ ဘေရဝါရမ္မဏံ၊ ကြောက်မက်ဖွယ်ကောင်း သော အာရုံကို။ပဿာမိ စ၊ မြင်လည်းမြင်ရပါတယ်ဘုရား။ သုဏာမိစ၊ ကြားလည်းကြားရပါတယ်ဘုရား။ ဣဓိသဥ္စ ဂန္ဓံ၊ ဤသို့သဘောရှိတဲ့ ယနံ့ကိုလည်း။ ဃာယာမိနန်းရှူရမိပါတယ်ဘုရား။ တေန၊ ထိုကြောက် မက်ဖွယ်ကောင်းတဲ့ အဆင်း,အသံ,အနံ့တို့ကို မြင်ရ ကြားရ နမ်းရှူရ ခြင်း ဟူသော အကြောင်းကြောင့်။ မေ၊ တပည့်တော်၏။ စိတ္တံ၊ စိတ်သည်။ န သမာဓိယတိ၊ ကမ္မဋ္ဌာန်းအာရုံ၌ မတုန်မလှုပ် သက်ဝင် တည်ငြိမ်ခြင်း မရှိနိုင်ပါဘုရားလို့—

အင်မတန် ကြောက်ဖွယ်ကောင်းတဲ့ အဆင်းတွေ မြင်ရ၊ ကြောက်ဖွယ်ကောင်းတဲ့ အသံတွေကြားရ၊ ကြောက်ဖွယ် စက်ဆုပ်ဖွယ်ကောင်းတဲ့ အနံ့တွေ နမ်းရှူရတဲ့အတွက် တပည့်တော်၏ စိတ်သည် မတည်ကြည်နိုင်ပါဘုရား။ တနေ့တခြား အသားတွေ အသွေးတွေ လျော့ပါးဆုတ်ယုတ်ရပါတယ်ဘုရား-လို့ ရဟန်းတပါးက ဒီလိုပြောတယ်။ နောက်တပါးကလဲ ထိုနည်းအတူ သူမြင်တဲ့အာရုံပြောတော့ သံဃာ့မထေရ်ကြီးက....

ဘဂဝတာ အာဝုသော ဒွေ ဝဿူပနာယိကာ ပညတ္တာ။

အာဝုသော၊ ငါ့ရှင်ဘုရား ရဟန်းများတို့။ ဘဂဝတာ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက။ ဒွေ ဝဿူပနာယိကာ၊ ပဌမဝါ ဒုတိယဝါရယ်လို့ ဝါကပ်ခြင်း နှစ်မျိုးတို့ကို။ ပညတ္တာ၊ ခွင့်ပြုအပ်ပါကုန်၏။

တို့ဘုရား ကိုယ်တော်မြတ်က ဝါကပ်တာကို တမျိုးတည်း ခွင့်ပြုခဲ့တာမဟုတ်ဘူး။ ပဌမဝါကို ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှာ ဝါကပ်နိုင်တယ်၊ အဲဒီလိုမှ အကြောင်းမညီညွတ်လို့ရှိယင် ဒုတိယဝါကို ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့မှာ ဝါကပ်နိုင်တယ်၊အဲဒီလို ဝါကပ်ခြင်း နှစ်မျိုးကို တို့ဘုရား ခွင့်ပြုထားတယ်မဟုတ်လား။

အမှာကဉ္စ ဣဒံ သေနာသနံ အသပ္ပါယံ၊ အာယာမာ-
ဝုသော ဘဂဝတော သန္တိကံ ဂစ္ဆာ အညံ သပ္ပာယသေနာ-
သနံ ပုစ္ဆာမ။

ဒီလိုဆိုယင်....အမှာကဉ္စ၊ ငါတို့အတွက်လဲပဲ။ ဣဒံ သေနာသနံ၊ ဤတောကျောင်းသည်။ အသပ္ပါယံ၊ မသင့်လျော် မလျောက်ပတ်ချေ။ အာဝုသော၊ ငါ့ရှင်ဘုရား ရဟန်းများတို့။ အာယာမ၊ လာ သွားကြစို့။ ဘဂဝတော သန္တိကံ၊ မြတ်စွာဘုရားအထံတော်သို့။ ဂစ္ဆာ၊ သွား

ရောက်ကြ၍။ အညံ၊ တပါးသော။ သပ္ပါယသေနာသနံ၊ ငါတို့နှင့် သင့်လျော် လျောက်ပတ်တဲ့ ကျောင်းကို။ ပုစ္ဆာမ၊ မေးမြန်း လျှောက်ထားကြစို့လား ငါ့ရှင်ဘုရားတို့။

ရဟန်းတော်များကို မထေရ်ကြီးက တိုင်ပင်တဲ့အခါကျတော့ အားလုံးသော ရဟန်းတော်တွေက သာဓု ဘန္တေ=ကောင်းပါပြီဘုရား လို့ တညီတညွတ်တည်း သဘောဆန္ဒတူကြတယ်။ တိုတိုပြောကြပါစို့၊ ကျောင်းအိပ်ရာနေရာများကို သိုမှီးသိမ်းဆည်းထားခဲ့ပြီး ခရီးယူဇနာ ဝေးကွာလှတဲ့ သာဝတ္ထိပြည် ဘုရားရှိရာအရပ်သို့ ပြန်လာကြတယ်။

ဘုရားရှေ့မှောက် ရောက်တယ်ဆိုယင်ပဲ မြတ်စွာဘုရားက ရဟန်း တော်များကို ဆီးပြီးမေးတော်မူတယ်။

န ဘိက္ခဝေ အန္တောဝဿံ စာရိကာ စရိတဗ္ဗာတိ မယာ
သိက္ခာပဒံ ပညတ္တံ။ ကိဿ တုမှေ စာရိကံ စရထ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ အန္တောဝဿံ၊ ဝါတွင်း၌။ စာရိကာ၊ ဒေသစာရီကို။ န စရိတဗ္ဗာ၊ မလှည့်လည်ရ။ ဣတိ၊ ဤသို့။ မယာ၊ ငါဘုရားသည်။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ပညတ္တံ၊ ပညတ်ထားအပ်ပြီ။ အထ၊ ထိုသို့ဖြစ်ပါလျက်။ တုမှေ၊ သင်ချစ်သား တို့သည်။ ကိဿ၊ အဘယ့်ကြောင့်။ စာရိကံ၊ ဒေသစာရီကို။ စရထ၊ လှည့်လည်ကျက်စား သွားလာ၍နေကြသလဲ။

ငါဘုရားက ဝါတွင်းမှာ ဒေသစာရီ မလှည့်လည်ရဘူးလို့ သိက္ခာပုဒ် ပညတ်ထားတယ် မဟုတ်လား၊ဘာဖြစ်လို့ ချစ်သားတို့ ဝါတွင်းကြီးမှာ လှည့်လည်ပြီး သွားနေကြတာတုံးလို့ ဘုရားကိုယ်တော်မြတ်က မေးတော်မူတယ်။

အဲဒီအခါမှာ ရဟန်းတော်များက မိမိတို့ နေတဲ့အရပ်မှာ ဒီလို အန္တရာယ်ရှိတဲ့အကြောင်း အသီးသီး လျှောက်ထားကြတယ်။ ဘုရား ကိုယ်တော်မြတ်က ဇမ္ဗူဒိပ်ကျွန်းအပြင်မှာ ထိုအရှင် သူမြတ်တို့အတွက် သပ္ပာယဖြစ်မယ့် နေရာကို သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ကြည့်တော် မူရာ ညောင်စောင်းတကွက်စာလေးမျှပင် မြင်တော်မမူဘူးတဲ့။

တဖန် သူတို့ သီတင်းသုံးနေထိုင်ခဲ့တဲ့ တောအုပ်ကို ကြည့်လိုက်တဲ့ အခါကျတော့ ဒီတောအုပ်ကပဲ အရဟတ္တဖိုလ်ပေါက် ဥပနိဿယပစ္စည်း အထောက်အပံ့ ဖြစ်မှာကိုမြင်တော်မူတဲ့အတွက်—

န ဘိက္ခဝေ တုမှာကံ အညံ သပ္ပာယသေနာသနံ အတ္ထိ။

ဘိက္ခဝေ၊ရဟန်းတော်များ အိုချစ်သားတို့။တုမှာကံ၊သင်ချစ်သား တို့အား။ အညံ၊ ယခု သင်တို့စွန့်ပစ်ထားခဲ့တဲ့ တောအုပ်မှတပါးသော။ သပ္ပာယသေနာသနံ၊ သင့်လျော်လျောက်ပတ်တဲ့ ကျောင်းနေရာသည်။ န အတ္ထိ၊ညောင်စောင်းတကွက်စာမျှ သင်ချစ်သားတို့အတွက် မရှိချေ။

သည့်ပြင်မှာဆိုယင် ခုတင်ကလေး တလုံးချစရာမျှ သင်ချစ်သားတို့ အတွက် အခြားနေရာမရှိဘူး။

တတ္ထေဝ တုမှေ ဝိဟရန္တာ အာသဝက္ခယံ ပါပုဏေယျာထ၊
ဂစ္ဆထ ဘိက္ခဝေ တမေဝ သေနာသနံ ဥပနိဿာယ ဝိဟရထ။

တတ္ထေဝ၊ ထိုတောအုပ်မှာပင်။ တုမှေ၊ သင်ချစ်သားတို့သည်။ ဝိဟရန္တာ၊ ဆက်၍နေကြကုန်သည်ရှိသော်၊ အာသဝက္ခယံ၊ အာသဝေါ လေးတန် ကုန်ရာမှန်သည့် အရဟတ္တဖိုလ်သို့။ ပါပုဏေယျာထ၊ မချွတ် ကေန် ဆိုက်ရောက်ကြလိမ့်မည် မှန်ပေ၏။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဂစ္ဆထ၊ သွားကြကုန်လော့။တမေဝ သေနာသနံ၊ထိုတောရကျောင်းကိုပင်။ဥပနိဿာယ၊ အမှီပြု၍။ ဝသထ၊ နေကြကုန်။

အခုပဲ ပြန်သွားကြ၊ ပဌမဝါမမီယင် ဒုတိယဝါမီအောင် ပြန်သွားကြ၊ အဲဒီနေရာသည် ချစ်သားတို့အဖို့ အရဟတ္တဖိုလ်ပေါက် ကျေးဇူးပြုမယ့် နေရာဖြစ်တယ်။

သစေ ပန ဒေဝတာဟိ အဘယံ ဣစ္ဆထ၊ ဣမံ ပရိတ္တံ
ဥဂ္ဂဏှထ၊ ဧတဉှိ ဝေါ ပရိတ္တဉ္စ ကမ္မဋ္ဌာနဉ္စ ဘဝိဿတိ။

သစေ၊ အကယ်၍။ ဒေဝတာဟိ၊ ရုက္ခစိုးနတ်တို့မှ။ အဘယံ၊ ဘေးမဲ့ကို။ ဣစ္ဆထ၊ အလိုရှိကြကုန်ငြားအံ့။ ဣမံ ပရိတ္တံ၊ ဤမေတ္တာသုတ်ပရိတ်တော်ကို။ ဥဂ္ဂဏှထ၊ သင်ယူကြကုန်။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ဧတံ၊ ဤမေတ္တာသုတ်တရားဒေသနာတော်သည်။ ဝေါ၊ သင်ချစ်သားတို့အတွက်။ ပရိတ္တဉ္စ၊ အရံအတားလဲပဲ။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။ ကမ္မဋ္ဌာနဉ္စ၊ သမာဓိဘာဝနာ ကမ္မဋ္ဌာန်းလဲပဲ။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။

## မေတ္တာသုတ္တန်ကို ဘုရားဟောတော်မူခြင်း

အဲဒီလို အကျိုးစကားတွေကို ရှေးဦးစွာ ညွှန်ပြပြီးတော့မှ ဘုရားကိုယ်တော်မြတ်က မေတ္တာသုတ္တန် ဒေသနာတော်ကို–

ကရဏီယမတ္ထကုသလေန၊ ယန္တသန္တံ ပဒံ အဘိသမေစ္စ၊
သက္ကော ဥဇူ စ သုဟုဇူ စ၊သုဝစော စဿ မုဒု အနတိမာနီ–

အစရှိသည်ဖြင့် အကျယ်ဟောပါတယ်။

တပည့်တော်တို့ တက်ခဲ့ရတဲ့ မေတ္တာသုတ္တန်က "ယဿာနုဘာဝတော ယက္ခာ နေဝ ဒဿန္တိ ဘီသနံ" က စပါတယ်လို့ မေးစရာရှိတယ်၊ မှန်ပါတယ် အဲဒီ ဂါထာက မေတ္တာသုတ်အတွက် အမွှမ်းဂါထာ ဖြစ်ပါတယ်။ အမွှမ်းဂါထာဆိုယင် အပိုပဲမဟုတ်လားလို့ ဘုန်းကြီးကို ပုဂ္ဂိုလ်တဦးက မေးဖူးပါတယ်။

မပိုပါဘူး၊တရားတော်ကို ချီးမွှမ်းတယ်ဆိုတာ တရားတော်နဲ့ တွေ့ကြုံရတဲ့ဘဝမှာသာ တရားတော်ကို ချီးမွှမ်းနိုင်တယ်၊ဘုရားကိုယ်တော်မြတ်ကို ချီးမွှမ်းတယ်ဆိုတာလဲ ဘုရားနဲ့တွေ့ကြုံတဲ့ သာသနာခေတ်မှာသာ ဘုရားဂုဏ်ကို ချီးမွှမ်းလို့ဖြစ်တာ၊ သံဃာ့ဂုဏ်ကိုလဲ ဒီလို သာသနာနှင့် တွေ့ကြုံတဲ့ ခေတ်မျိုးမှာသာ ချီးမွှမ်းလို့ ဖြစ်ပါတယ်။

မောင်တို့ ဒီဘဝကသေလို့ ရတနာသုံးပါးမရှိတဲ့ နေရာမှာ သွားပြီးတော့ လူပဲဖြစ်တယ်ထားပါအုံး၊ ရတနာသုံးပါးကို ချီးမွှမ်းတဲ့ ထောမနာကောင်းမှုကုသိုလ်တွေ တစက်မှတရွေးမှ မောင်တို့ရဖို့ ရန်မရှိဘူးလို့ ပြောရမယ်၊ တချို့က ဒီအမွှမ်းလဲ ဖြုတ်ချင်တယ် နိဂုံးအမွှမ်းကိုလဲ ဖြုတ်ချင်တယ်။

ရှေးကပညာရှင်ကြီးတွေက အကျိုးမရှိယင် ဘယ်ရေးသားထားခဲ့မှာတုံး။ ဒီအမွှမ်းကိုရွတ်ဆိုခြင်းဖြင့် ဘုရားဂုဏ်ကို ချီးမွှမ်းရာရောက်တယ်။ သဒ္ဓါတရားတွေ ရွှန်းရွှန်းဝေလာပြီး မဟာကုသိုလ်စိတ်တွေ ဖြစ်ပေါ်ရတယ်။

အချို့က ဒီကိုယ်တော် ကရဏီယနဲ့ ပြီးနေတာပါပဲ လို့ပြောကြတယ်၊ ဘုန်းကြီးဘာကြောင့် မေတ္တာသုတ်ကိုမှ ကွက်ပြီးဟောချင်ရတာလဲဆိုတော့ ကရဏီယဟာ ဘယ်လောက် အဓိပ္ပာယ်ရှိတယ်ဆိုတာ ဘုန်းကြီးဟောချင်လို့ ဖြစ်ပါတယ်။

သံဃာတော် အရှင်သူမြတ်တွေ ထိုထိုအလှူပွဲသဘင်မှာ "ကရဏီ-ယမတ္ထကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ" စသည်ဖြင့် မေတ္တသုတ်ရွတ်ပွားတော်မူကြတာဟာ ရည်ရွယ်ချက်ရှိပါတယ်၊ ဘာရည်ရွယ်ချက်တွေလဲ ဆိုတာကို နောက်ဘုန်းကြီး တပုဒ်စီ ပြောလာတဲ့ အခါကျတော့ သိလာလိမ့်မယ်။ မေတ္တာဘာဝနာနှလုံး ကျင့်သုံးတော်မူခြင်းဖြင့် ဒါယကာ ဒါယိကာမတို့၏ အလှူဒါနကို ဒက္ခိဏာဝိသုဒ္ဓိအလှူစင်ကြယ်ခြင်း ဖြစ်အောင်လို့ စောင့်ရှောက်ချီးမြှောက်တော် မူကြတာဖြစ်ပါတယ်။

ဆရာတော် သံဃာတော်များ အလှူမှာ မေတ္တသုတ်ကို ရွတ်ဆိုပြီး မေတ္တာဘာဝနာဖြင့် အလှူအကျိုး ကြီးမားအောင် ချီးမြှောက်တဲ့ဆုံး ဘုရားလက်ထက်တော်မှာ ရှိခဲ့ဖူးပါတယ်။

အနာထပိဏ်သဌေးမှာ သုဘူတိခေါ်တဲ့ ညီအရင်းသဌေးသားတယောက်ရှိတယ်။ အဲဒီ သုဘူတိသဌေးသားဟာ ဇေတဝန်ကျောင်းတော်ကြီး ရေစက်ချတဲ့နေ့မှာ သာသနာတော်ကို သက်ဝင်ယုံကြည်သည့်အတွက် သူ့ကို သာသနာ့ဝန်ထမ်း ရဟန်းပြုခွင့်ပေးဖို့ အစ်ကိုအနာထပိဏ်သဌေးကြီးထံ ခွင့်ပန်တယ်၊ ပြုခွင့်ရလို့ ရဟန်းပြုပြီးရဟန်းတရားကို ပွားများအားထုတ်လိုက်တာ မကြာမီ ရဟန္တာ ဖြစ်သွားတယ်။ ရဟန္တာ အရှင်သုဘူတိဟာ တေဒဂ်ဘွဲ့ထူး နှစ်ဆင့်ရတယ်။ တဆင့်က မေတ္တာဖြင့်နေလေ့ရှိတဲ့ ပုဂ္ဂိုလ်ထဲမှာဖြင့် အသာဆုံး အမြတ်ဆုံးဖြစ်တဲ့ ဒက္ခိဏေယျ တေဒဂ်ဖြစ်တယ်။တဆင့်ကတော့ ကိလေသာကင်းကွာ ချမ်းချမ်းသာသာနေတဲ့ ပုဂ္ဂိုလ်ထဲမှာဖြင့် အသာဆုံး အမြတ်ဆုံးဖြစ်တဲ့ အရဏဝိဟာရီ တေဒဂ် ဖြစ်ပါတယ်။

အဲဒီလို တေဒဂ်ဘွဲ့ နှစ်ခုရတဲ့ သုဘူတိမထေရ်ဟာ မြို့ထဲရွာထဲဆွမ်းခံကြွတဲ့အခါ ဆွမ်းတလုပ် လောင်းမည့်အိမ် ဆိုလို့ရှိယင် ရပ်တဲ့

အချိန်ကစပြီး အချိန်ဘယ်လောက်ကြာမလဲလို့ အကဲခတ်လိုက်တယ်။ ဆွမ်းခူးနေတာနဲ့ ပြင်ဆင်နေတာနဲ့ လာနေတာနဲ့ ငါးမိနစ်လောက်တော့ ကြာမယ်ဆိုယင် အဲဒီ ငါးမိနစ်လောက်မှာ မေတ္တာစျာန်ကို ဝင်စားလိုက်တယ်။ အဲဒီလို မေတ္တာစျာန် ဝင်စားပြီးတော့ မေတ္တာစျာန်က ထပြီးမှ အဲဒီ ဆွမ်းတဇွန်းကို အလှူခံတော်မူတယ်။ ဤသို့ အရှင်သုဘူတိမထေရ်ဟာ မေတ္တာဘာဝနာနဲ့ ဒါယကာ ဒါယိကာမတို့ လှူတဲ့ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို အကျိုးရှိအောင် ချီးမြှောက်တော်မူတယ်။

အဲဒီ အရှင်သုဘူတိ မထေရ်ထုံးကို နှလုံးမူပြီးတော့ ရှေးမထေရ်သူမြတ် အစဉ်အဆက် ဆရာတော်ဘုရားများက အလှူဝတ္ထုတခုခု အလှူခံမယ်ဆိုယင် မေတ္တာသုတ်ရွတ်ဖို့ မေတ္တာနှလုံးကျင့်သုံးဖို့ မှာချပေးခဲ့တယ်။

အဲဒီ မေတ္တာသုတ်မှာလဲ အမွှမ်းဂါထာပါတယ်၊

ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ။
ယမှိ စေဝါနုယုဥ္ဇန္တော၊ ရတ္တိံ ဒိဝ မတန္ဒိတော။

သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ၊
ဧဝမာဒိဂုဏူပေတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

အဲဒါ အမွှမ်းဂါထာလို့ ခေါ်ပါတယ်။

ယဿ၊ အကြင် မေတ္တာသုတ် ပရိတ်တော်၏။ အာနုဘာဝတော၊ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။ ယက္ခာ၊ မြေဦးလွှမ်းမိုး အုပ်စိုးစောင့်ကြပ် ဘုမ္မစိုးနတ်တို့သည်။ ဘီသနံ၊ရုပ သဒ္ဒ စသည်ဖုံဖုံ ကြောက်မက်ဖွယ်သော အာရုံကို။ နေဝ ဒဿေန္တိ၊ မပြကြကုန်။ (မေတ္တာသုတ်ရဲ့

နိဂုံးကျတော့ ဘုမ္မစိုးနတ်တွေ ကြောက်လန့်ဖွယ်သော အာရုံကို မပြကြဘူးဆိုတာ နားလည်လာပါလိမ့်မယ်)

ဟိ၊ မှန်၏။ ယံ၊ အကြင်မေတ္တာသုတ် ဒေသနာလာ မေတ္တာဘာဝနာကို။ ရတ္တိံ စေဝ၊ ညဥ့်၌လည်းကောင်း။ ဒိဝါ၊ နေ့၌လည်းကောင်း။ အတန္ဒိတော၊ မပျင်းမရိ လုံ့လရှိသည်ဖြစ်၍။ အနုယုဉ္ဇန္တော၊အဖန်ဖန်ကြိုးကုတ် အားထုတ်တဲ့ယောဂီပုဂ္ဂိုလ်သည်။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာ ။ သုပတိ၊ အိပ်ရ၏။ (ချမ်းချမ်းသာသာ အိပ်ရတယ်)။ သုတ္တော စ၊ အိပ်ပျော်သော သူသည်လည်း။ ပါပံ၊ ယုတ်ညံ့သော။ ကိဉ္စိ၊ တစုံတခုသော မကောင်းသော အိပ်မက်ကို။ န ပဿတိ၊ မမြင်မက်။(အိပ်ပျော်တဲ့အခါမှာလဲပဲ အိပ်မက်ဆိုးများကို မမြင်မက်ဘူး)။ ဝေမာဒိဂုဏူပေတံ၊ဤသို့အစရှိသော တစ်ဆယ့်တပါးသောကျေးဇူးဂုဏ်အထူးနှင့် ပြည့်စုံပေထသော။ တံ ပရိတ္တံ၊ ထိုမေတ္တာသုတ်တွင်ခေါ်ပရိတ်တော်ကို။ ဟေ၊ သူတော်ကောင်းတို့။မယံ၊ အကျွန်ုပ်တို့သည်။ ဘဏာမ၊ ရွတ်ပွားကြစို့။

အဲဒီအမွှမ်းဂါထာထဲမှာ ချမ်းချမ်းသာသာ အိပ်ရခြင်း၊ အိပ်ပျော်တဲ့အခါမှာလဲ မကောင်းသောအိပ်မက်ကို မမြင်မက်ခြင်း အစရှိတဲ့ တစ်ဆယ့်တပါးသောကျေးဇူး ဂုဏ်အထူးနဲ့ ပြည့်စုံတယ်လို့ ဆိုပါတယ်။ မေတ္တာဘာဝနာနှလုံး ကျင့်သုံးလို့ရှိယင် တစ်ဆယ့်တပါးသောအကျိုးကိုရတယ်။ အဲဒီ တဆယ့်တပါးက–

(၁) သုခံ သုပတိ=ချမ်းချမ်းသာသာအိပ်ရတယ်။

(၂) သုခံ ဗုဇ္ဈတိ=ချမ်းချမ်းသာသာနိုးတယ်။

(၃) န ပါပကံ သုပိနံ ပဿတိ=ယုတ်မာတဲ့ ကြောက်လန့်ဖွယ် အိပ်မက်ဆိုးများကို မမက်ဘူး။

(၄) မနုဿာနံ ပိယော ဟောတိ=မြင်မြင်သမျှ လူအပေါင်းတို့ရဲ့ ချစ်ခင်မှုကို ခံရတယ်။

(၅) အမနုဿာနံ ပိယော ဟောတိ = မြင်မြင်သမျှ နတ်တွေရဲ့ အချစ်ကိုလည်း ခံရတယ်။

(၆) ဒေဝတာ ရက္ခန္တိ=နတ်တို့က အမြဲမပြတ် စောင့်ကြပ်တယ်။

(၇) နာဿ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ ကမတိ=ထိုမေတ္တာဘာဝနာနှလုံး ကျင့်သုံးတဲ့ပုဂ္ဂိုလ်၏ ရူပကာယကို မီးလဲ မလောင်နိုင်ဘူး၊ အဆိပ်လဲမဝင်နိုင်ဘူး၊ လှံ့ဓားအစရှိတဲ့ လက်နက်များလဲ မစူးဝင်နိုင်ဘူးတဲ့။

(၈) တုဝဋံ စိတ္တံ သမာဓိယတိ=စိတ်မြန်မြန် သမာဓိရတယ်။

(၉) မုခဝဏ္ဏော ပသီဒတိ=မျက်နှာအဆင်းဟာလဲ အမြဲတမ်း ကြည်လင်သန့်ရှင်းပြီးတော့ နေတယ်။

(၁၀) အသမ္မူဠ္ဟော ကာလံ ကရောတိ=သေယင်လဲပဲ မတွေမဝေ သေရတယ်။

(၁၁) ဥတ္တရိမပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတိ=အထက်ဖြစ်တဲ့ လောကုတ္တရာမဂ်ဖိုလ်ကို ပါရမီမပြည့်စုံသေးလို့ မရယင်ထား၊ဗြဟ္မာ့ပြည်တော့ လားရောက်ရ၏။

အဲဒီလို မေတ္တာဘာဝနာရဲ့အကျိုး ဘစ်ဆယ့်တပါးကို ကောဒသက နိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဘုရားဟောထားတယ်၊ အဲဒီ အကျိုးတွေကို ဝေမာဒိဂုဏူပေတံ-လို့ အမွှမ်းဂါထာမှာ ဆိုထားတယ်။

ယနေ့ မေတ္တာသုတ်ကို ကျင့်သုံးရမဲ့ အချိန်ဖြစ်တယ်၊ "သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု" အစရှိတဲ့ မေတ္တာတရားက ပွားရပါများတော့ လူတွေက ရိုးနေပြီ။ဒီတော့ ခပ်ဆန်းဆန်းကလေး မေတ္တာပွားရအောင်၊ ဒီ-မေတ္တာဘာဝနာ ပွားနည်းက "သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ သဗ္ဗေ ဘူတာ သဗ္ဗေ ပုဂ္ဂလာ"အစရှိသည်ဖြင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှာ လာတဲ့နည်းပါ။

အခု မေတ္တာသုတ္တန်ကလာတဲ့ မေတ္တာပွားနည်းကို ဒီကနေ့ နားလည်ရမယ်၊ မြတ်စွာဘုရားက—

**ကရဏီယမတ္ထကုသလေန၊**
**ယန္တသန္တံ ပဒံ အဘိသမေစ္စ။**

သန္တံ၊ ငြိမ်သက်စွာထသော။ ယံ ပဒံ၊ အကြင်နိဗ္ဗာန်တရားမြတ်သည်။ အတ္ထိ။ ရှိ၏။ တံ ပဒံ၊ ထိုနိဗ္ဗာန်တရားမြတ်ကို။ အဘိသမေစ္စ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် သိုက်ရောက်၍။ ဝိဟရိတုကာမေန၊ ချမ်းချမ်း သာသာနေလိုသော။ အတ္ထကုသလေန၊ ကိုယ်ကျိုး ကိုယ်စီးပွား၌ ကျွမ်းကျင်လိမ္မာသော အမျိုးကောင်းသားသည်။ ကရဏီယံ၊ အလုပ် လုပ်ရလိမ့်မယ်။

**တရားအားထုတ်သူတို့လိုက်နာရမည့်**
**အရည်အချင်း(၁၄)ချက်**

နိဗ္ဗာန်ဆိုက်ရောက် မျက်မှောက်ပြုပြီး ချမ်းချမ်းသာသာနေ ခြင်းနဲ့ ကိုယ်ကျိုးစီးပွား နားလည်လိမ္မာတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးဆိုယင် အလုပ်လုပ်ရလိမ့်မယ်တဲ့၊ ဘာတွေလုပ်ရ မတုံးဆိုတော့—

သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒုအနတိမာနီ။

ပထမ အရည်အချင်း ပြည့်ရမယ်။ တရားအလုပ် အားထုတ်ချင်တဲ့ ပုဂ္ဂိုလ်မှန်သမျှ အရည်အချင်း တဆယ့်လေးချက်နှင့် ပြည့်စုံရလိမ့်မယ်။

(၁) သက္ကော စ၊ လုံ့လပြောစည် စွမ်းရည်နှင့် ပြည့်စုံသည်လည်း။ အဿ၊ ဖြစ်ရာ၏။

တရားအလုပ် အားထုတ်ယင် လုံ့လစွမ်းရည်နှင့် ပြည့်ပြည့်စုံစုံရှိရမယ်။

(၂) ဥဇူ စ၊ ကိုယ်နှုတ်နှစ်ပါး ဖြောင့်စင်းသည်လည်း။ အဿ၊ ဖြစ်ရာ၏။

(၃) ဟုသုဇူ စ၊ မနောဒွါရအား ကောင်းစွာဖြောင့်စင်းသည်လည်း။ အဿ၊ ဖြစ်ရာ၏။

ကိုယ်နဲ့လည်း လိမ်မယ် ကောက်မယ် မကြံဘူး၊ နှုတ်နဲ့လည်း လိမ်မယ် ကောက်မယ် မကြံဘူး၊ စိတ်နဲ့လည်း လိမ်မယ်ကောက်မယ် မကြံရဘူး၊ သူတော်နှလုံး ကျင့်သုံးချင်ယင် ကိုယ်နှုတ်နှလုံး သုံးပါးလုံး ဖြောင့်စင်းရမယ်တဲ့။

(၄) သုဝစော စ၊ ပညာရှိ သူတော်ကောင်းတို့က ဆိုဆုံးမသည်ရှိသော် နာလွယ်တဲ့ ပုဂ္ဂိုလ်သည်လည်း။ အဿ၊ ဖြစ်ရာ၏။

ယနေ့ မင်္ဂပေါက် ဖိုလ်ပေါက် အပ္ပနာချွန်ပေါက် တရားအားထုတ်ချင်လျှင် ပညာရှိသူတော်ကောင်းတို့ဆုံးမတဲ့စကားကို နာလွယ်ရမယ်၊ အဆိုအဆုံးမရခက်တဲ့ ဒုဗ္ဗစပုဂ္ဂိုလ်ဆိုတာ မတော်လို့ သီတင်းသုံးဖော်

အချင်းချင်း ပြောလိုက်တယ်ဆိုယင် ဘာဆိုင်လို့ ပြောရတာလဲ ခင်ဗျားတပည့်မို့လား ရှင့်တပည့်မို့လား စသည်ဖြင့် လက်ညှိုး တငေါ့ငေါ့နှင့် ရန်ထောင်စကားပြောတယ်၊ အဲဒါကို ဒုဗ္ဗစပုဂ္ဂိုလ်လို့ ခေါ်တယ်။

မတော်တာကိုတွေ့လို့ ပြောလိုက်တယ်ဆိုယင် ဆုံးမတော်မူပါ အရှင်ဘုရားတို့၊ တပည့်တော်ရဲ့ မသင့်လျော်သော ကာယကံမှု ဝစီကံမှု မနောကံမှုများတွေ့ယင် ဆုံးမတော်မူပါ။ ဒီလို သာယာညွတ်ပျောင်း တောင်းပန်စကား ပြောတဲ့ပုဂ္ဂိုလ်ကို ဆုံးမလွယ်တဲ့ ပုဂ္ဂိုလ်လို့ခေါ်တယ်။ အဲဒီလို သူတော်နှလုံး ကျင့်သုံးယင် ဆုံးမလွယ်တဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်။

၅။ မုဒု စ၊ ရိုသေနူးညံ့သော ကိုယ်အမူအရာ နှုတ်အမူအရာရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

ကာယကံ အမူအရာကလဲ သိမ်မွေ့ရမယ် နူးညံ့ရမယ်၊ ဝစီကံ အမူအရာကလဲ မကြမ်းတမ်းရဘူး သိမ်မွေ့နူးညံ့ရမယ်။

၆။ အနတိမာနီ စ၊ မာန်မာနမရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

တရားအားထုတ်ချင်ယင် မာန်မာနတွေဆိုတာ အကုန်လုံး ဖယ်ထားလိုက်ရမယ်။

သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။

၇။ သန္တုဿကော စ၊မိမိမှာ ရှိသမျှနှင့် မျှတရောင့်ရဲသည်လည်း။ အဿ၊ ဖြစ်ရာ၏။

တရားအားထုတ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ ဇီဇာမကြောင်ရဘူး၊ စားတာမှာပဲဖြစ်ဖြစ် ဝတ်တာမှာပဲဖြစ်ဖြစ် နေတဲ့နေရာမှာပဲဖြစ်ဖြစ် ရသမျှနဲ့ မျှတရောင့်ရဲရမယ်၊ အချိုရှိယင်အချို အချဉ်ရှိယင်အချဉ် မိမိမှာရှိတာနဲ့ပဲ ရောင့်ရဲရမယ်။

၈။ သုဘရော စ၊ မွေးမြူလွယ်တဲ့ ပုဂ္ဂိုလ်သည်လည်း။ အသီး ဖြစ်ရာ၏။

အချိုရှိယင် အချဉ်ပေးအုံး အငန်ပေးအုံး ဒီလိုမတောင်းရဘူး၊ ကျွေးယင် ကျွေးတာနဲ့ပဲ စားရမယ်။

၉။ အပ္ပကိစ္စော စ၊ နည်းသောကိစ္စရှိသည်လည်း။ အသီး ဖြစ်ရာ၏။

ရဟန်းတရားအားထုတ်ချင်ယင် အလုပ်ကိစ္စနည်းပါးရမယ်၊အခြား ဗာဟိရ အလုပ်မရှိရဘူး။

၁၀။ သလ္လဟုကဝုတ္တိ စ၊ ပေါ့ပါးသော အသက်မွေးခြင်း ရှိသည် လည်း။ အသီး ဖြစ်ရာ၏။

ပေါ့ပါးသော အသက်မွေးခြင်း ရှိသည်ဆိုတာ ယောဂါဝစရ ပုဂ္ဂိုလ်စစ်စစ်ဟာ အလုပ်လုပ်တော့မယ်ဆိုယင် ငှက်ဟာ အတောင် ကလေးတခုပဲ သူနဲ့သွားရာမှာပါတယ်၊ ဒါကိုပဲ အားကိုးပြီးတော့ အတောင်သာဝန်ရှိပြီး သွားသလို ယောဂါဝစရပုဂ္ဂိုလ် ပြုလုပ်လို့ရှိယင် ပရိက္ခရာရှစ်ပါးပဲ ပါရမယ်၊ သည့်ပြင်အပိုတွေ ဘာမှမယူရဘူး။ ငှက် ဟာ သွားတဲ့အခါ ဘာမှသမ်းမသွားဘူး၊ ပေါ့ပေါ့သွားတယ်၊ အဲဒီလိုပဲ မိမိမှာရှိတဲ့ ပရိက္ခရာရှစ်ပါးကို သပိယ်ထဲထည့်ပြီးတော့ သွားနိုင်တဲ့ ပုဂ္ဂိုလ်ကို သလ္လဟုကဝုတ္တိ လို့ခေါ်တယ်။

**သန္တိန္ဒြိယော စ နိပကော စ၊**
**အပ္ပဂဗ္ဘော ကုလေသွနနုဂိဒ္ဓေါ။**

၁၁။ သန္တိန္ဒြိယော စ၊ ငြိမ်သက်သော မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဣန္ဒြေရှိသည်လည်း။ အသ၊ ဖြစ်ရာ၏။

မျက်စိက မလှုပ်ယှက်ရဘူး၊နားကမလှုပ်ယှက်ရဘူး၊နှာ လျှာ ကိုယ် စိတ် ဣန္ဒြေချောက်ပါး ဘယ်ဣန္ဒြေကမှ လှောက်လှောက်လှုပ်လှုပ် မရှိရဘူးတဲ့။

၁၂။ နိပကော စ၊ ရင့်ကျက်သော ပညာရှိသည်လည်း။ အသ၊ ဖြစ်ရာ၏။

တရားအလုပ် အားထုတ်ချင်ယင် လိမ္မာကျွမ်းကျင်တဲ့ ဉာဏ်ပညာ ရှိရမယ်။ ဥပမာ—မေတ္တာဘာဝနာအလုပ် အားထုတ်ချင်ယင် အဲဒီ မေတ္တာဘာဝနာနဲ့ ပတ်သက်တဲ့ တရားတွေပေါ်မှာ နှုတ်က သွက်သွက် လက်လက် ပါးပါးလျားလျား ရှိရလိမ့်မယ်။ ခန္ဓာကမ္မဋ္ဌာန်း အားထုတ် ချင်ယင် အဲဒီ ခန္ဓာငါးပါးနဲ့ ပတ်သက်ပြီးတော့ ပါးပါးလျားလျား ခြယ်ခြယ်လှယ်လှယ် အင်း... ချက်ဆိုလို့ရှိယင်ပေါ့လေ ပြောလိုက်ယင် ထိုင်းကနဲ ထိုင်းကနဲ သဘောကျလောက်အောင် မိမိက ကျွမ်းကျင် ပြီးသား ဖြစ်နေရမယ် ဒါပြောတာ။

၁၃။ အပ္ပဂဗ္ဘော စ၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးတို့ မကြမ်းတမ်း သည်လည်း။ အသ၊ ဖြစ်ရာ၏။

ကိုယ်ကြမ်းတယ် နှုတ်ကြမ်းတယ် နှလုံးကြမ်းတယ် ဆိုတာ ဘာ ခေါ်တုံး။ သာသနာက သံဃာတော်တွေ အစည်းအဝေးမှာ မိမိနဲ့ မတန်တဲ့ နေရာမှာ သွားနေတာမျိုး။ဒါ ကိုယ်ကြမ်းတယ်လို့ ခေါ်တယ်။ သံဃာတော်တွေရဲ့ အစည်းအဝေးမှာ ကျယ်ကန်ကျယ်ကန် ကျယ်

လောင်ကျွမ်းလောင်နဲ့ ပြောနေတာ ဒါ နှုတ်ကြမ်းတယ်လို့ ခေါ်တယ်။ ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသဝိတက်ဆိုတဲ့ ဒီလို ဝိတက်တွေကို ကြံနေတာက နှလုံးကြမ်းတယ်လို့ ခေါ်တယ်။ အဲဒီလို ကိုယ်နှုတ်နှလုံး သုံးပါးတို့ မကြမ်းတမ်းရဘူးတဲ့။ ရဟန်းတရား အားထုတ်ချင်ယင် သူတော်ကောင်းတရား အားထုတ်ချင်ယင် ယောဂီပုဂ္ဂိုလ်တယောက် ပြုလုပ်ချင်ယင် ဒီအင်္ဂါနဲ့ ပြည့်စုံရလိမ့်မယ်။

၁၄။ ကုလေသွနနုဂိဒ္ဓေါ။ ကုလေသု၊ ဒါယကာတို့၌။ အနနုဂိဒ္ဓေါ စ၊ ငါ့ဒါယကာ ငါ့ဒါယိကာမ ဟူ၍ တွယ်တာ တပ်မက်ခြင်း ကင်းမဲ့ သည်လည်း။ အဿ၊ ဖြစ်ရာ၏။

ရဟန်းတော်များအဖို့ ဒါယကာ ဒါယိကာမတွေ အပေါ်မှာ လောဘ၏အစွမ်းအားဖြင့် တွယ်တာတပ်မက်မှု မရှိရဘူးတဲ့၊ ငါ့ရဲ့ ရဟန်း ဒါယကာ ငါ့ရဲ့ ကျောင်းဒါယကာ ငါ့ရဲ့ သင်္ကန်းဒါယကာ ဆွမ်းဒါယကာ ဤမျှလောက်တော့ အောက်မေ့ပေါ့။ သို့သော် အနုဂိဒ္ဓခေါ်တဲ့ တွယ်တာမှု တပ်မက်မှု လောဘတော့ မရှိရဘူးတဲ့။ ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမ အနေအားဖြင့် မေတ္တာတော့ ထားခွင့်ရှိတယ်။

> န စ ခုဒ္ဒမာစရေ ကိဉ္စိ၊
> ယေန ဝိညူ ပရေ ဥပဝဒေယျုံ။

ယေန၊ အကြင်သို့သော အနည်းငယ် မကောင်းမှုကြောင့်ပင်သော်လည်း။ ပရေ၊ မိမိမှ တပါးကုန်သော။ ဝိညူ၊ ပညာရှိတို့သည်။ ဥပဝဒေယျုံ၊ ကဲ့ရဲ့သဂြိုဟ် စကားတင်း ဆိုကြကုန်ပေ့ရာ၏။ ခုဒ္ဒံ၊ ယုတ်မာသော။ ကိဉ္စိ၊ အနည်းငယ်မျှသော။ တံ၊ ထိုမကောင်းမှုကို။ န စ အာစရေ၊ မပြုမကျင့်ရာ။

ဆယ့်လေးချက်သော အရည်အချင်းနဲ့ ယောဂီပြုလုပ်တဲ့ပုဂ္ဂိုလ်များ ပြည့်စုံရမယ်တဲ့။ ကမ္မဋ္ဌာန်းအလုပ် အားထုတ်ယင် အခု ပြောတဲ့ ဆယ့်လေးချက် မေတ္တာသုတ်က–

ကိုင်း ဤ တဆယ့်လေးချက်သော ပုဗ္ဗဘာဂပဋိပဒါတွေနဲ့ ပြည့်စုံလာတဲ့ ယောဂီ သူတော်ကောင်း သူမြတ်သည် သမာဓိအလုပ် အားထုတ်ဖို့ရန်အတွက် မေတ္တာဘာဝနာနှလုံး ဘယ်လိုသုံးရမတုံးလို့ ဆိုတော့ ဤ တဆယ့်လေးပါး တရားတို့နဲ့ ပြည့်စုံလာပြီဆိုတော့ မေတ္တာ နှလုံး ကျင့်သုံးဖို့ရန်အတွက်–

**မေတ္တာဘာဝနာ ပွားနည်း**

စာပေ တခုခုကို ကြည့်လိုက်တယ်ဆိုယင် အဲဒီ စာပေထဲက ကိုယ် အလုပ်လုပ်ရမှာ ဘာလုပ်ရမလဲလို့ အလုပ်ကို ဆက်ပြီးတော့ ယူတတ် ပါစေ။ တရားနာလို့ ရှိယင်လဲပဲ ဒီတရားပွဲကပြန်သွားယင် ဒီတရား ပွဲထဲက ငါ ဘာအလုပ် လုပ်ရမှာတုံး။ ကိုယ်လုပ်ရမယ့်အလုပ် နားလည် မလည် ဘာဝနာနဲ့ စမ်းကြည့်ရအောင်။

ဆိုခဲ့ပြီးတဲ့ တဆယ့်လေးပါးသော အရည်အချင်းနဲ့ ပြည့်စုံတဲ့ယောဂီ ပုဂ္ဂိုလ်ဟာ မေတ္တာကမ္မဋ္ဌာန်းအလုပ် အားထုတ်တော့မယ်ဆိုတော့ နှုတ်ကမြွက်ပြီး—

**သတ္တဝါအားလုံး**

သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

သဗ္ဗသတ္တာ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော သတ္တဝါတို့သည်။ သုခိ-နော ဝါ၊ ကာယိကသုခနှင့် ပြည့်စုံကြကုန်သည်လည်းကောင်း။ ခေမိ-နော ဝါ၊ ဘေးရန်ကင်းကြကုန်သည်လည်းကောင်း။ ဟောန္တု၊ ဖြစ်ကြ

ပါစေကုန်သတည်း။ သုခိတတ္တာ ဝါ၊စေတသိကသုခနှင့် ပြည့်စုံကြကုန်သည်လည်း။ ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း။

သဗ္ဗသင်္ဂါဟက မေတ္တာတဲ့။ ယောကျ်ားရယ် မိန်းမရယ် လူရယ် နတ်ရယ် ဖြဟ္မာရယ် မခွဲပဲနဲ့ ရှိသမျှ အလုံးစုံသော သတ္တဝါတို့ကို သိမ်ကြုံးပြီးသကာလ သဗ္ဗသင်္ဂါဟက မေတ္တာ=ခပ်သိမ်းဥဿုံ အလုံးစုံသော သတ္တဝါတို့သည် ကာယစိတ္တ သုခနှစ်ပါးနဲ့ ပြည့်စုံကြ၍ ဘေးရန် ကင်းကြပါစေ။

ဟောဒီလို ပါဠိလို နှုတ်လုံးမသွင်းနိုင်ယင် မြန်မာလို ဒီလို နှုတ်လုံးသွင်း။ ဒါအကျဉ်းချုပ်အားဖြင့် မေတ္တာပွားနည်း။ ဆရာတော်တွေ အလှူအတန်းမှာ ပရိတ်ရွတ်လိုက်တဲ့အခါ ဒီ ပါဠိရွတ်ယင် သြော်-အားလုံးခြုံပြီးတော့ **သဗ္ဗသင်္ဂါဟကမေတ္တာဘာဝနာ** သာသနာ့ မြေသြဇာ လောင်းပေးနေတာပဲလို့ စိတ်ထဲမှာ အာရုံပြုနိုင်ကြပါစေ။ ပြီးတော့—

**တသထာဝရဒုကမေတ္တာ**

ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာဝနဝသေသာ။

တသာ ဝါ၊ တပ်နှစ်သက်ခြင်း တဏှာလောဘ မကင်းကြတဲ့ ပုထုဇဉ်သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ထာဝရာ ဝါ၊ တပ်နှစ်သက်ခြင်း တဏှာလောဘ ကင်းပြီးဖြစ်ကြတဲ့ ရဟန္တာသခင် အရှင်သူမြတ်တို့သည်လည်းကောင်း။ ယေ ကေစိ၊ ခပ်သိမ်းကုန်သော။ ပါဏဘူတာ၊ သတ္တဝါတို့သည်။ အတ္ထိ သန္တိ၊ ရှိကြကုန်၏။ အနဝသေသာ၊ အကြွင်းအကျန် မရှိကုန်သော(ဟိုနောက်နားမှာ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာဆိုတာ ရှိတယ်) သဗ္ဗသတ္တာ၊ ကြွင်းမဲ့

ဥသုံ အလုံးစုံကုန်သော တသ,ထာဝရ သတ္တဝါနှစ်မျိုးလုံးတို့သည်။ သုခိတတ္တာ၊ ကာယ စိတ္တ သုခနှစ်ပါးနဲ့ ပြည့်စုံကြကုန်သည်။ ဘဝန္တု၊ ဖြစ်ပါစေကုန်။

သတ္တဝါတွေကို နှစ်ပုံ၊ ပုံသိုက်၊ တပ်မက်ခြင်းဆိုတဲ့ တဏှာလောဘ မကင်းသေးတဲ့ ပုထုဇဉ်သောတာပန် သကဒါဂါမ် အနာဂါမ်ဆိုတဲ့ ဒီ ပုဂ္ဂိုလ်တွေကို တသပုဂ္ဂိုလ်လို့ ခေါ်တယ်၊ တပ်မက်ခြင်း ကင်းပြီးတဲ့ ရဟန္တာပုဂ္ဂိုလ်ကို ထာဝရပုဂ္ဂိုလ်လို့ ခေါ်တယ်။

တနည်းအားဖြင့်—

တသာ ဝါ၊ ဒေါသကိလေသာ မပယ်ရှားရသေးသဖြင့် ကြောက် ထိပ်လန့်ခြင်း မကင်းကြသေးတဲ့ ပုထုဇဉ် သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ထာဝရာ ဝါ၊ဒေါသကိလေသာ ပယ်ရှား ပြီးဖြစ်သဖြင့် မကြောက်မလန့် ကြံ့ကြံ့ခိုင်ကြည် တည်နိုင်တော်မူကြတဲ့ အနာဂါမ် ရဟန္တာသခင် သူတော်စင်တို့သည်လည်းကောင်း။ အနဝ- သေသာ၊ အကြွင်းအကျန် မရှိကုန်သော။ သဗ္ဗသတ္တာ၊ ခပ်သိမ်းဥသုံ အလုံးစုံသော သတ္တဝါတို့သည်။သုခိတတ္တာ၊ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြကုန်သည်။ ဘဝန္တု၊ ဖြစ်ပါစေကုန်။

အဲဒီလိုဒေါသကို မပယ်ရသေး ပယ်ပြီးအနေနဲ့လဲပဲ နှလုံးသွင်းနိုင် တယ်တဲ့။ ဗမာလိုရှင်းရှင်း နှလုံးသွင်းမယ်ဆိုယင် ဒေါသကိလေသာ မပယ်ရသေးသဖြင့် ကြောက်ရွံ့ခြင်း ထိတ်လန့်ခြင်းမကင်းကြသေးတဲ့ တသခေါ်သော ပုထုဇဉ် သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်။ ဒေါသ ကိလေသာ ပယ်ရှားပြီးဖြစ်၍ ထိတ်လန့်ခြင်း ကင်းမဲ့တော်မူကြပြီးတဲ့ ထာဝရခေါ် အနာဂါမ် ရဟန္တာပုဂ္ဂိုလ်။ ဒီလို တသ ထာဝရ အမည်ရတဲ့ ပုဂ္ဂိုလ်အားလုံးတို့သည် ကာယစိတ္တ သုခနှစ်ပါးနဲ့ ပြည့်စုံကြပါစေ။

အဲဒီလိုမေတ္တာပွားတာ **တသ ထာဝရ ဒုက မေတ္တာ** လို့ခေါ်တယ်။ သတ္တဝါတွေ နှစ်ပုံထားပြီးတော့ မေတ္တာပွားတယ်။

**တိကမေတ္တာသုံးမျိုး**

ဒီဃာ ဝါ ယေဝ မဟန္တာ၊

မဇ္ဈိမာ ရဿကာ အဏုကထူလာ။

ဒီစာနှစ်ပိုဒ်ထဲမှာ မေတ္တာဘာဝနာ သုံးမျိုးကို ထည့်ပြီးတော့ ဟောထားတာပါတဲ့ ဒီပါဠိက –

ဒီဃာ၊ ရှည်လျားသော ခန္ဓာကိုယ် အတ္တဘောရှိကုန်သော။ ယေ ဝါ၊ အကြင်သတ္တဝါတို့သည်လည်းကောင်း။ (မြင်တဲ့ပါဠိအတိုင်း အနက်ပေးကြည့်ရအောင်) မဟန္တာ၊ ကြီးကျယ်သော ခန္ဓာကိုယ် အတ္တဘောရှိကုန်သော။ယေ ဝါ၊အကြင်သတ္တဝါတို့သည်လည်းကောင်း။ မဇ္ဈိမာ၊ အလယ်အလတ် ခန္ဓာကိုယ် အတ္တဘောရှိကုန်သော။ယေ ဝါ၊ အကြင်သတ္တဝါတို့သည်လည်းကောင်း။ ရဿကာ၊ တိုသောခန္ဓာကိုယ် အတ္တဘောရှိကုန်သော၊ယေ ဝါ၊အကြင်သတ္တဝါတို့သည်လည်းကောင်း။ အဏုကာ၊ သေးငယ်ကြုံလှီသော ခန္ဓာကိုယ် အတ္တဘောရှိကုန်သော။ ယေ ဝါ၊ အကြင်သတ္တဝါတို့သည်လည်းကောင်း။ ထူလာ၊ ဆူဖြိုးသော ခန္ဓာကိုယ် အတ္တဘောရှိကုန်သော။ ယေ ဝါ၊ အကြင်သတ္တဝါတို့ သည်လည်းကောင်း လို့·ဒီစာနှစ်ပိုဒ်မှ မျက်မြင်ပုဂ္ဂိုလ်က ဒီဃ,မဟန္တ, မဇ္ဈိမ, ရဿက, အဏုက, ထူလလို့ ဟောဒီလို ပုဂ္ဂိုလ်ခြောက်မျိုးပဲ တွေ့ရတယ်။

အမှန်က အဲဒီ စာပိုဒ်ကနေပြီးတော့ ဉာဏ်နဲ့ကြည့်ရမယ် ဟုတ်လား၊ မြန်မာလို ကြည့်ကြအုံးစို့ ။

(၁) ရှည်သောခန္ဓာကိုယ် အတ္တာဘောရှိတဲ့ သတ္တဝါ၊
(၂) ကြီးသောခန္ဓာကိုယ် အတ္တဘောရှိတဲ့သတ္တဝါ၊
(၃) အလယ်အလတ် သတ္တဝါ၊
(၄) တိုသောခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ၊
(၅) အဏုက=သေးငယ်ကြုံလှီသော ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ၊
(၆) ထူလ=ဆူဖြိုးတဲ့ ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ။

အဲဒီလို ပုဂ္ဂိုလ်ခြောက်မျိုးက နေပြီးတော့ သုံးမျိုး-သုံးလီ ကိုးမျိုးတွဲထားတာ ဘယ်လိုလဲ—

၁။ ဒီဃာ ဝါတဲ့၊ အရှည့်ရှိတဲ့ဖက် ဘယ်သူလဲ၊ အတိုပဲ။ အရှည်နဲ့ တွဲဖက်စကားသည် အဘို၊ ဒါဖြင့်ယင် လိုက်ရှာစမ်းပ၊ ရဿကာ ဆိုတာ ဒါ-ဒီဃာရဲ့တွဲဖက်။

ဒီဃာ ဝါ၊ ရှည်လျားသော ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ တို့သည်လည်းကောင်း။ ရဿကာ ဝါ၊ တိုတောင်းတဲ့ ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါတို့သည်လည်းကောင်း။

ရှည်တဲ့ ဒီဃသတ္တဝါ၊ တိုတောင်းတဲ့ ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ၊ မရှည်မတို အလယ်အလတ် ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါတို့သည်လည်းကောင်းလို့ ဒီဃ ရဿက မဇ္ဈိမ သတ္တဝါ သုံးပုံ ထားပြီးတော့ တိကမေတ္တာဘာဝနာ တမျိုးတဲ့၊ ဒီစာပိုဒ်က ပြတယ်။ ဒါဖြင့်ယင် ပါဠိလို ဘယ်လိုပွားရမလဲ—

"ဒီဃာ ဝါ ရဿကာ ဝါ မဇ္ဈိမာ ဝါ အနဝသေသာ သဗ္ဗသတ္တာ ဘ ဝန္တု သုခိတတ္တာ လို့" ပါဠိလို ဒီလိုပဲ ပွားရမယ်။

ဒီဃာ ဝါ၊ ရှည်လျားသော ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါတို့သည်လည်းကောင်း။ ရဿကာ ဝါ၊ တိုတောင်းသော ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါတို့သည်လည်းကောင်း။ မဇ္ဈိမာ ဝါ၊ မရှည် မတို အလယ် အလတ် ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါတို့သည် လည်းကောင်း။

၂။ အဲဒီလို သတ္တဝါကို သုံးပိုင်းထားပြီးတော့ တိကအားဖြင့် ခွဲတယ်။ ဒါဖြင့် မဟန္တာဆိုတဲ့ ကြီးတဲ့ခန္ဓာကိုယ် အတ္တဘောဆိုတော့ ရာဟု အသူရိန်ကြီးတို့လိုပေါ့။ အဲ တိရစ္ဆာန်ထဲက ဆိုယင် ဆင်၊ ဟို ပင်လယ်ထဲက ဆိုလို့ရှိယင် ဝေလငါးကြီးတို့လို ဒီလိုသတ္တဝါတွေကို ဆိုလိုပါတယ်။ အဲဒီ ကြီးကျယ်တဲ့ သတ္တဝါနဲ့ တွဲဖက်က ငယ်ငေါင်းသော ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ။ သူ့ ပါဠိထဲလိုက်ရှာ–

ဒီဃာ ဝါ ယေဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာ အဏုကထူလာ လို့-ဟိုမှာ 'အဏုက'လို့ သွား... ရှိတယ်။ အကြီးနဲ့ တွဲဖက်က အငယ်၊ အဲဒီ အကြီးအငယ် နှစ်သွယ်တို့၏ကြား အလယ်ကရှိတဲ့ 'မဇ္ဈိမ'၊ သုံးခု တွဲမိအောင် ရှာတတ်ရမယ်။ ဒီလို တွဲလိုက်တဲ့အခါကျတော့–

"မဟန္တာ ဝါ အဏုကာ ဝါ၊ မဇ္ဈိမာ ဝါ အနဝသေသာ
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ"

လို့ ဒီအထဲက တိကမေတ္တာ ကမ္မဋ္ဌာန်း ထွက်တယ်။

မဟန္တာ ဝါ၊ ကြီးကျယ်တဲ့ ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါတို့သည်လည်းကောင်း။ အဏုကာ ဝါ၊ သေးငယ်တဲ့ ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါတို့သည်လည်းကောင်း။ (ခွေးလှေးတို့ ကြွမ်းပိုးတို့) မဇ္ဈိမာ ဝါ၊ မကြီးမငယ် အလယ်အလတ် ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါတို့သည်လည်းကောင်း။အနဝသေသာ၊အကြွင်း

အကျန်မရှိကုန်သော။ သဗ္ဗသတ္တာ၊ ခပ်သိမ်းဥဿုံ အလုံးစုံသုံးမျိုးသော သတ္တဝါတို့သည်။ သုခိတတ္တာ၊ ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြကုန်သည်။ ဘဝန္တု၊ ဖြစ်ပါစေကုန်သတည်း—

လို့ ပါဠိနဲ့မြန်မာ တွဲလျက်ဖြစ်စေ၊ မြန်မာချည်းပဲ သက်သက် ကြီးကျယ်သော ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ၊ သေးငယ်သော ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ၊ မကြီးမငယ် အလယ်အလတ် ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါ ဤသတ္တဝါ သုံးမျိုးသည် ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြပါစေ။

သတ္တဝါတွေကို သုံးပုံထားပြီးတော့ တိကမေတ္တာဘာဝနာ၊ ဒါက တမျိုး။

၃။ ဒိဃာ ဝါ ယေဝ မဟန္တာ မဇ္ဈိမာ ရဿကာ အဏုကထူလာ-တဲ့။ နောက်ဆုံးက ထူလာ၊ ဆူဖြိုးတဲ့ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါ၊ ဝတဲ့လူတွေပေါ့။ ဒါဖြင့် ဝတဲ့လူနဲ့ တွဲဖက်က ဘယ်သူ ရှိသလဲဆိုတော့ ပိန်တဲ့လူ ကြုံလှီတဲ့ သတ္တဝါရှိတယ်။ ပြန်ကြည့်စမ်းပါ ဆိုတော့ သူနဲ့တွဲဖက်က အဏုကတဲ့။ မဝမပိန် မဆူမကြုံ အလယ် အလတ် သတ္တဝါ တမျိုးလဲပဲ တတိယသတ္တဝါရှိရမယ်။ မဇ္ဈိမတဲ့။ ဒါဖြင့်ယင် အဲဒီကနေပြီးတော့ တိကမေတ္တာဘာဝနာတခု ထုတ်ကြည့် လိုက်စမ်း—

ထူလာ ဝါ အဏုကာ ဝါ မဇ္ဈိမာ ဝါ အနဝသေသာ
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ—

ထူလာ ဝါ၊ ဆူဖြိုးတဲ့ ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါတို့သည် လည်းကောင်း။ (စိတ်ထဲမှာပေါ့လေ လူဝကြီးတွေ တခါထဲ အကုန်လုံး မြင်အောင်ကြည့်) အဏုကာ ဝါ၊ ကြုံလှီတဲ့ ခန္ဓာကိုယ် အတ္တဘောရှိတဲ့

သတ္တဝါတို့သည်လည်းကောင်း။ (လူပိန်တွေ အကုန်လုံး ဘုန်းကြီးပိန်တွေအကုန်) မဇ္ဈိမာ ဝါ၊ မဆူမကြုံ အလယ်အလတ် ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါတို့သည်လည်းကောင်း။ အနဝသေသာ၊ အကြွင်းအကျန်မရှိကုန်သော။ သဗ္ဗသတ္တာ၊ ခပ်သိမ်းဥဿုံ အလုံးစုံ သုံးမျိုးသော သတ္တဝါတို့သည်။ သုခိတတ္တာ၊ ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြကုန်သည်။ ဘဝန္တု၊ ဖြစ်ပါစေကုန်-လို့-

မြန်မာချည်း သက်သက် ဆိုလို့ရှိယင်ဖြင့်-

ဆူဖြိုးသော ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ၊ ကြုံလှီတဲ့ ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါ၊ မဆူမကြုံ အလယ်အလတ် ခန္ဓာကိုယ် အတ္တဘောရှိသော သတ္တဝါ၊ ဤသတ္တဝါ သုံးမျိုးလုံးတို့ ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြပါစေ။

ပြန်တော့ ပွားကြည့်၊ တိကမေတ္တာဘာဝနာ သုံးဆင့်ရပြီ။

ချိန်ပြီးတော့ တိုတိုမှတ်မယ်ဆိုလို့ရှိယင်-

ဆောင်။ ။ကြီး ငယ် တို ရှည်၊ ဆူ ကြုံလှီ၊ အလည် သုံးဆင့်နှော။

စာကလဲ ကျဉ်းကျဉ်းနဲ့ပဲဆိုယင် ကိုယ်ကလဲ ဒါ ကျဉ်းကျဉ်းနဲ့ မှတ်ထားရမယ်။

ကြီး-ငယ် တတွဲထားလိုက်။တို-ရှည် ဒါ တတွဲထားလိုက်။ဆူ-ကြုံလှီ ဒါ တတွဲထားလိုက်။ အလည်သုံးဆင့်နှော၊ အဲဒီ အလည်=အလယ်ဆိုတဲ့ စကားလေးကို သုံးကွက်စလုံးမှာ လိုက်ပြီးတော့ နှောကြည့်စမ်းပါတဲ့။ ကြီးငယ်=ကြီးကျယ်သော ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ၊ ငယ်ငေါင်းသော ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ၊ မကြီးမငယ် အလယ်အလတ် ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ၊ ဒီသတ္တဝါ သုံးမျိုးလုံးတို့ ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြပါစေ။

ဒါ တိကမေတ္တာဘာဝနာ တပါးရတယ်။

တိုရှည်တဲ့။ ရှည်လျားသော ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ၊ (မြွေတို့ မိကျောင်းတို့ပေါ့နော်) တိုသော ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ (လိပ်တို့ ကြွမ်းပိုးတို့) မတိုမရှည် အလယ်အလတ် ခန္ဓာကိုယ် အတ္တဘောရှိကြတဲ့ သတ္တဝါ၊ ဤသတ္တဝါ သုံးမျိုးလုံးတို့ ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြပါစေ။

ဒါ တိကမေတ္တာဘာဝနာ တမျိုးရတယ်။

ဆူကြုံလို=ဆူဖြိုးသော ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ၊ ကြုံလှီသော ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ၊ မဆူမကြုံ အလယ်အလတ် ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ ဤသတ္တဝါ သုံးမျိုးလုံးတို့ ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြပါစေ။

ဟောဒီလို တိကမေတ္တာဘာဝနာ သုံးမျိုးနှလုံးသွင်းတတ်ကြပါစေ။

ဒိဋ္ဌာ ဝါ ယေဝ အဒိဋ္ဌာ၊ ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာဝ သမ္ဘဝေသီဝ၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

(သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ ဆိုတဲ့ ဒီစာပိုဒ်ကလေးကတော့ အတွဲတိုင်း အတွဲတိုင်း လိုက်ပေးရမယ်။)

**ဒိဋ္ဌအဒိဋ္ဌဒုကမေတ္တာ**

ဒိဋ္ဌာ၊ ငါမြင်ဖူးကုန်သော။ ယေ ဝါ၊ အကြင်သတ္တဝါတို့သည်လည်းကောင်း။ အဒိဋ္ဌာ၊ ငါမမြင်ဖူးကုန်သော။ ယေ ဝါ၊ အကြင်သတ္တဝါတို့သည်လည်းကောင်း။ အနဝသေသာ၊ ဒိဋ္ဌ အဒိဋ္ဌမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ သဗ္ဗသတ္တာ၊ ခပ်သိမ်းသော သတ္တဝါတို့သည်။

သုခိတတ္တာ၊ ကာယ စိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကုန်သည်။ ဘဝန္တု၊ ဖြစ်ပါစေကုန်။

ဒီဟာက သတ္တဝါတွေကို နှစ်ပုံပုံပြီးတော့ ဒိဋ္ဌ အဒိဋ္ဌ ဒုကမေတ္တာလို့ ခေါ်တယ်နော်။ပါဠိလို ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ အနဝသေသာ သဗ္ဗ- သတ္တာ ဘဝန္တု သုခိတတ္တာလို့ ဒီလိုပွားပါ။

မြန်မာလို ဆိုယင်ဖြင့် "ငါမြင်ဖူးတဲ့ သတ္တဝါ ငါမမြင်ဖူးတဲ့ သတ္တဝါ အလုံးစုံသော ဒိဋ္ဌအဒိဋ္ဌအား နှစ်ထွေပြားတဲ့ သတ္တဝါတို့သည် ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြပါစေ" ဟောဒီလို ပွားပါ။.

**ဒူရအဝိဒူရဒုကမေတ္တာ**

ယေ၊ အကြင်သူတို့သည်။ ဒူရေ၊ ငါမှ ဝေးလံသော အရပ်၌။ ဝသန္တိ၊ နေကြကုန်၏။ တေ ဝါ၊ ထိုအဝေးအရပ်၌ နေကြတဲ့သူတို့သည် လည်းကောင်း။ အဝိဒူရေ၊ အနီးအရပ်၌။ ယေ၊ အကြင်သူတို့သည်။ ဝသန္တိ၊ နေကြကုန်၏။ တေ ဝါ၊ ထိုငါ၏အနီး၌ နေကြတဲ့ သူတို့သည် လည်းကောင်း။ အနဝသေသာ၊ အကြွင်းအကျန် မရှိကုန်သော။ သဗ္ဗ- သတ္တာ၊ ခပ်သိမ်းဉဿုံ အလုံးစုံကုန်သော သတ္တဝါတို့သည်။သုခိတတ္တာ၊ ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြကုန်သည်။ ဘဝန္တု၊ ဖြစ်ပါစေကုန်။

စိတ်ထဲ သူ့ဟာလေးနဲ့သူ တွဲပြီးတော့ကြည့်လိုက် "ငါ့မျက်မှောက် ရောက်ရှိလာလို့ မြင်ရသော သတ္တဝါ၊ ငါ၏ မျက်ကွယ်မှာ တည်ရှိ နေသဖြင့် မမြင်ရတဲ့ သတ္တဝါ"ပြီးခဲ့တဲ့ ဒိဋ္ဌာဒိဋ္ဌဒုက။

ငါမှဝေးခြားသော အရပ်၌ နေထိုင်ကြသော သတ္တဝါ၊ ငါ၏အနီး ပတ်ဝန်းကျင်၌ နေထိုင်ကြသော သတ္တဝါ ဤသတ္တဝါ နှစ်မျိုးလုံးတို့

ကာယစိတ္တ သုခနှစ်ပါးနဲ့ ပြည့်စုံကြပါစေ” ဟောဒီလို မြန်မာလို သက်သက် နှလုံးသွင်းရမယ်။

**ဘူတာသမ္ဘဝေသီဒုကမေတ္တာ**

ဘူတာ ဝ သမ္ဘဝေသီ ဝ၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

ဘူတာ ဝါ၊ ဘဝသံသရာ ခရီးဝယ် ဖြစ်ပြီးတော်မူကြ နောက်တဖန် ဖြစ်ရာမရှိကြတဲ့ ရဟန္တာသခင် အရှင်သူမြတ်တို့သည်လည်းကောင်း။ သမ္ဘဝေသီ ဝါ၊ ဘဝသံသရာ ခရီးကို ရှာမှီး၍ နေသကဲ့သို့ ဖြစ်ကြသည့် ဘဝသံသရာ မပြတ်သေးကြသော ပုထုဇဉ် သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ (ဘူတာ သမ္ဘဝေသီ ဒုကလို့ခေါ်တယ်။)

တနည်းအားဖြင့် “ဘူတာ ဝါ၊ ပဝတ္တိအခါသို့ ရောက်ပြီးကြတဲ့ သတ္တဝါတို့သည်လည်းကောင်း။ သမ္ဘဝေသီ ဝါ၊ ပဋိသန္ဓေကာလ၌ ရောက်ဆိုက်နေကြတဲ့ သတ္တဝါတို့သည်လည်းကောင်း။ အနဝသေသာ၊ အကြွင်းအကျန် မရှိကုန်သော။ သဗ္ဗသတ္တာ၊ ခပ်သိမ်းဉဿုံ အလုံးစုံကုန်သော သတ္တဝါတို့သည်။ သုခိတတ္တာ၊ ကာယ,စိတ္တ, သုခနှစ်ပါးနှင့် ပြည့်စုံကြကုန်သည်။ ဘဝန္တု၊ ဖြစ်ပါစေကုန်”လို့ (ဒါက ဘူတ သမ္ဘဝေသီ ဒုကမေတ္တာလို့ ခေါ်တယ်။)

“ပဋိသန္ဓေကာလသို့ ရောက်ဆိုက်နေကြတဲ့ သတ္တဝါ ပဝတ္တိကာလသို့ ရောက်ဆိုက်ကြသော သတ္တဝါ၊ ဤသတ္တဝါ နှစ်မျိုးလုံးတို့ ကာယ စိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြပါစေ”လို့ အဲဒီလို မေတ္တာပို့ပါတဲ့၊ ဒါဟာ ဒုကမေတ္တာဘာဝနာ။ သတ္တဝါတွေကို နှစ်ပုံထားပြီး ပွားတဲ့မေတ္တာ။ ဘယ်လောက်ရှိသလဲ၊ ၄-မျိုးရှိတယ်။

**တိကမေတ္တာဘာဝနာက သုံးမျိုး၊**

ဒုကမေတ္တာဘာဝနာက စောစောကပြောတဲ့ တသ ထာဝရ ဒုက မေတ္တာ၊ဒိဋ္ဌာဒိဋ္ဌ ဒုကမေတ္တာ၊ဒူရ အဝိဒူရ ဒုကမေတ္တာ၊ ဘူတသမ္ဘဝေသီ ဒုကမေတ္တာလို့ သတ္တဝါတွေကို နှစ်ပုံထားပြီးတော့ ပွားရတဲ့မေတ္တာဟာ လေးမျိုးလေးတွဲရှိတယ်။

**ဆောင်။ ။မြင်မမြင်ရေး၊ နီးအဝေး၊ ဒွန်ဒွေးယှက်၍ဟော။**
**သမ္ဘဝေသီ၊ ကြောက်ခြင်းရှိ၊ မရှိနှစ်ချက်ဟော။**

သတ္တဝါ နှစ်ခု နှစ်ခုထားပြီးတော့ ပွားရတဲ့ ဒုကမေတ္တာ။ မြင် မမြင်ရေး နီးအဝေး ဒွန် ဒွေးယှက်၍ဟော၊ မြင်မမြင်ဆိုတာ ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါဆိုတဲ့ ငါ့ မျက်မှောက် ရောက်သဖြင့် မြင်အပ်သော သတ္တဝါ၊ ငါ့မျက်ကွယ် ရှိသဖြင့် မမြင်ရတဲ့ သတ္တဝါ ဤနှစ်မျိုးလုံးတို့ **ကာယစိတ္တ** ချမ်းသာနှစ်ပါးနဲ့ ပြည့်စုံကြပါစေ။

နီး အဝေးဆိုတာ ဒူရေ ဝသန္တိ အဝိဒူရေ၊ ပါဠိလိုဆိုယင် နား မလည်တာကို "ငါ၏အနီး ပတ်ဝန်းကျင်မှာ ရှိကြတဲ့ သတ္တဝါ၊ ငါမှ ဝေးခြားတဲ့ အရပ်၌ တည်နေကြတဲ့ သတ္တဝါ၊ ဤသတ္တဝါ နှစ်မျိုးလုံးတို့ ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြပါစေ။ "နီးအဝေး ဒွန်ဒွေး ယှက်၍ဟော" ဒွန်နှင့်ဒွေးတို့ဆိုတာ သတ္တဝါတွေကို နှစ်ပုံထားရ မယ်လို့ ဒီလိုဆိုလိုပါတယ်။

**သမ္ဘဝေသီ၊ ကြောက်ခြင်းရှိ၊ မရှိနှစ်ချက်ဟော။**

သမ္ဘဝေသီလို့ဆိုတာ "ဘူတာဝသမ္ဘဝေသီဝ" ပါဠိအရ သမ္ဘဝေသီ= ပဋိသန္ဓေခဏသို့ ရောက်ဆိုက်နေကြတဲ့ သတ္တဝါတွေ၊ အမိဝမ်းခေါင်းမှာ ကိန်းအောင်းပြီးတော့ အမိဝမ်းခေါင်းအပြင်သို့ မရောက်သေးကြတဲ့ သတ္တဝါတွေ၊ ပဝတ္တိကာလသို့ ရောက်ရှိကြပြီးတဲ့ သတ္တဝါတွေအားလုံး

ကုန်တာပဲနော်။ လူ့ပြည်မှာ ကြည့်လိုက် နတ်ပြည်မှာ ကြည့်လိုက် ဗြဟ္မာ့ပြည်မှာ ကြည့်လိုက် သုံးဆယ့်တစ်ဘုံ ဘယ်မှာပဲကြည့်ကြည့် **သ**န္ဓေပဝတ္တိ=ပဋိသန္ဓေခဏသို့ ရောက်ဆိုက်နေကြတဲ့ သတ္တဝါ၊ **ပဝတ္တိ** ကာလသို့ ရောက်ဆိုက်ကြသော သတ္တဝါ၊ ဤသတ္တဝါ နှစ်မျိုးလုံးတို့ **ကာယ**စိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြပါစေ။ ဒုကမေတ္တာ ဘာဝနာ တစ်ကြိမ်။

ကြောက်ခြင်းရှိ၊ မရှိ နှစ်ချက်ဟော။

ကြောက်ခြင်းရှိ မရှိဆိုတာ စာစောကလာတဲ့ **တသာ ဝါ ထာဝရာဝနဝသေသာ**ဆိုတဲ့ ဒုကမေတ္တာက ဟိုခေါင်းမှာသွားပြီးတော့ ပေါ်နေတယ်။ ဒုကမေတ္တာချင်း တူလို့ ဒီအနားမှာ ယူပြီးတော့ ပွားရတာ။ သန္ဓေပဝတ္တိ ကြောက်ခြင်း ရှိ မရှိနှစ်ချက်ဟော။ ကြောက်ခြင်းရှိဆိုတာ ဘာဖြစ်လို့လဲ၊ ဒေါသကို မပယ်ရသေးလို့ ကြောက်ခြင်းရှိတာ။ ကြောက်ခြင်းမရှိတာက ဒေါသကို ပယ်ပြီးဖြစ်လို့ ကြောက်ခြင်းမရှိတာ။

ဒေါသကိလေသာကို မပယ်သတ်ရသေးသဖြင့် ကြောက်ခြင်းရှိကြတဲ့ပုထုဇဉ် သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ဒေါသကိလေသာ ပယ်သတ်ပြီး ဖြစ်သဖြင့် ကြောက်ခြင်းမရှိကြတဲ့ အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ဒီသတ္တဝါ နှစ်မျိုးလုံးတို့ ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြပါစေလို့ အဲဒီလို ပွားလိုက်ယင် ဒုကမေတ္တာ ဘာဝနာ လေးမျိုးတဲ့နော်။

**အဟိတဒုက္ခာနာဂမပတ္တနာ မေတ္တာသုံးပါး**

န ပရော ပရံ နိကုဗ္ဗေထ၊ နာတိ မညေထ ကတ္ထစိ နံကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခမိစ္ဆေယျ။

(၁) ပရော၊ တယောက်သောသူသည်။ ပရံ၊ တယောက်သော သူကို။ န နိကုဗ္ဗေထ၊ မလိမ်လည် မလှည့်ဖြားပါစေသား။

ဘာပြောသလဲ အဟိတဒုက္ခာနာဂမပတ္ထနာ မေတ္တာလို့ ခေါ်တယ် နော်။ ပြောခဲ့ပြီးတာတွေက ဟိတူပသံဟာရမေတ္တာ=အစီးအပွားကို လိုလားတောင့်တတဲ့မေတ္တာ အစီးအပွားမဲ့ကို ပယ်ရှားလိုတဲ့မေတ္တာလို့ မေတ္တာက နှစ်မျိုးရှိတယ်။

သုံးမျိုးသော သတ္တဝါ၊ နှစ်မျိုးသော သတ္တဝါတို့သည် ကာယစိတ္တ သုခနှစ်ပါးနှင့် ပြည့်စုံကြပါစေဆိုတာက စီးပွားချမ်းသာကို လိုလားတဲ့ မေတ္တာ။ အခုဟာက စီးပွားမဲ့၊ တနည်းအားဖြင့် ဒုက္ခရဲ့အကြောင်း မကောင်းတဲ့ အစီးအပွားမဲ့တွေကို ပယ်ရှားပစ်လိုတဲ့ မေတ္တာ။

ပရော၊ တယောက်သောသူသည်။ ပရံ၊ တယောက်သောသူကို။ န နိကုဗ္ဗေထ၊ မလိမ်လည် မလှည့်ဖြားပါစေသား –

ဩြော်-လူ့ လောကမှာ တယောက်နဲ့တယောက် မလိမ်ကြ မညာ ကြပါစေသား၊ မလိမ်ကြ မညာကြပါစေနဲ့၊ ဒါ-မေတ္တာတစ်ပါးပဲ။ ဘာပြုလို့လဲ လူတွေရန်များနေတာ တယောက်နဲ့တယောက် လိမ်နေ လို့။ ဒီလို လုပ်ပါမယ်ဆိုပြီး ဟိုလိုလုပ်၊ အင်း-အပြောတမျိုး အလုပ် တမျိုး၊ ဒီကဖြင့် အင်း-ဒီလိုထင်နေတယ်၊ ဟိုကဖြင့် ဟိုလိုလုပ်တယ်၊ ဒီတော့ စိတ်ဆိုးကုန်ကြရော၊ တယောက်နဲ့တယောက်။ဒါကြောင့်မို့ လို့ တယောက်နဲ့တယောက် မလိမ်လည် မလှည့်ဖြားကြပါစေသား။ လိမ် တာဟာ အစီးအပွားမဲ့ ဒုက္ခရဲ့အကြောင်းပဲ။ ဒါကြောင့် အဲဒီ အစီး အပွားမဲ့ကို ပယ်ရှားလိုတဲ့မေတ္တာ။

တယောက်နဲ့တယောက် မလိမ်လည် မလှည့်ဖြား ကြပါစေသား။ (ဒါက မေတ္တာတပါး)

နာတိ မညေထ ကတ္ထစိ နံ ကဉ္စိ။

(၂) ပရော၊ တယောက်သောသူသည်။ ကဉ္စိ၊ တစုံတယောက်သော။ နံ ပရံ၊ ထိုသူတပါးကို။ ကတ္ထစိ၊ တစုံတခုသောအရာဌာန တစုံတခုသော အမှုကိစ္စမှာမှ။ နာတိမညေထ၊မထီမဲ့မြင်မှု မပြုပါစေသား။

ဩဇာ်-လူ့ပြည်လောက တယောက်နဲ့တယောက် တယောက်က တယောက်အပေါ်မှာ ဘယ်နေရာမှာမှ ဘယ်အလုပ်ကိစ္စမှာမှ အထင်သေး အမြင်သေး မဖြစ်ကြပါစေသား။ ဘာပြုလို့လဲ၊ တယောက်အပေါ် တယောက်အထင်သေးလို့ လူတွေဒုက္ခများနေတာ၊တယောက်နဲ့တယောက် အထင်သေးပြီ ဆိုလို့ရှိယင် ရန်ဖြစ်တယ်။ ဒုက္ခများရော။ အဲဒါကြောင့်မို့လို့ အထင်သေးမှုသည် ဒုက္ခရောက်ဖို့ အကြောင်းဖြစ်တယ်။ **အဟိတ** လို့ ပါဠိလိုခေါ်တယ်။ မြန်မာလို **အစီးအပွားမဲ့**လို့ ခေါ်တယ်။ အဲဒီ အစီးအပွားမဲ့ ဒုက္ခရဲ့အကြောင်း အဟိတကို ပယ်ရှားလိုတဲ့ စေတနာ၊ ပယ်ရှားလိုတဲ့မေတ္တာကို အဟိတဒုက္ခာနာဂမပတ္ထနာမေတ္တာခေါ်တယ်။

တယောက်က တယောက်အပေါ်မှာ ဘယ်နေရာဌာနမှာမှ ဘယ်အလုပ်ကိစ္စမှာမှ အထင်သေး အမြင်သေး မဖြစ်ကြပါစေသား။ (ဒါက တစ်ပါး)

ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခမိစ္ဆေယျ။

(၃) ဗျာရောသနာ၊ ကိုယ်နှုတ်နှုတ် ချုပ်ချယ်လိုတဲ့ အလိုဖြင့်လည်းကောင်း။ ပဋိဃသညာ၊ မနောဒွါရအား ထိပါးလိုတဲ့ အလိုဖြင့်လည်းကောင်း။ အညမညဿ၊ တယောက်သည် တယောက်အား။ ဒုက္ခံ၊ ဆင်းရဲဒုက္ခကို။ န ဣစ္ဆေယျ၊ အလိုမရှိပါစေသား။

ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို ချုပ်ချယ်ထိပါးလိုသော အလိုဖြင့် တယောက်နဲ့တယောက် ဆင်းရဲဒုက္ခကို မလိုလားကြပါစေသား-လို့ ဒီလို မေတ္တာပွားပါတဲ့။

အဟိတ ဒုက္ခာနာဂမပတ္ထနာ မေတ္တာသုံးပါး၊

တိကမေတ္တာဘာဝနာ သုံးပါး၊

ဒုကမေတ္တာဘာဝနာ လေးပါး၊

သမ္ဗသင်္ဂါဟက မေတ္တာ ဘာဝနာ တစ်ပါး-ဆိုတော့-

အားလုံး မေတ္တာဘာဝနာပေါင်း မေတ္တာပွားနည်းပေါင်း (၁၁) တဆယ့်တနည်းရှိတယ်။ ဘာဖြစ်လို့ ဒါလောက်များများကြီး ပြရသလဲ၊ ဘယ့်နှယ် လူ့ပြည်လောက အထည်ရောင်းတော့ အဆင်တွေ အမျိုးမျိုးထား ကိုယ်ကြိုက်တဲ့အဆင် ကိုယ်ဝယ်ဝတ်သလိုပေါ့နော်။

အခုလဲပဲ မေတ္တာဘာဝနာ တဆယ့်တနည်း ဘုရားက မှုခင်းပြတယ်၊ ချစ်သားတို့ ချစ်သမီးတို့ ကြိုက်တဲ့နည်းနဲ့ပွား၊ ကြိုက်တဲ့ အဆင်ကို ဝယ်ပြီးတော့ဝတ် ဆိုသလိုပဲ၊ တိကမေတ္တာဘာဝနာ သုံးမျိုးထဲက ကြိုက်ယင်လဲပဲ ကြိုက်တာတခုခုပွား၊ ဒုကမေတ္တာ ဘာဝနာ လေးမျိုးထဲကလဲ ကြိုက်တာတခုခုပွား၊ အဟိတဒုက္ခာနာဂမ-ပတ္ထနာမေတ္တာဘာဝနာ သုံးမျိုးထဲကလဲ ကိုယ်ကြိုက်တာ ဝတ်ကြဆင်ကြ။ သမ္ဗသင်္ဂါဟကမေတ္တာဆိုတော့ မေတ္တာရောင်စုံကြီးပေါ့၊ ဟုတ်လား၊ အကုန်လုံးကို တချက်ထဲနဲ့ ခြုံပြီးတော့ အရောင်စုံပါတဲ့ အဝတ်ကြီးနဲ့တူတဲ့ မေတ္တာဘာဝနာကိုပဲ ဝတ်ဝတ်၊ ချစ်သားတို့ ချစ်သမီးတို့ ကြိုက်တဲ့အဝတ် မေတ္တာဘာဝနာ အဝတ်အထည် နှစ်မျိုးကို ကြိုက်ရာဝတ်ကြစမ်း ဆိုပြီးတော့ ခင်းပြတယ်။

ကိုင်း အလုပ်ကတော့ ဒါပြီးပြီ၊ နောက်ဘာလာသလဲ-

**သားတယောက်ရှိ မိခင်မေတ္တာ**

မာတာ ယထာ နိယံပုတ္တံ-မာယုသာ ဧကပုတ္တမနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။

မာတာ၊ မွေးမိသခင် ကျေးဇူးရှင်သည်။ (ဘာလုပ်ချင်သလဲ။ မေတ္တာဘာဝနာ သမားသည် မိခင်စိတ်ထားရမယ်။) နိယံပုတ္တံ၊ မိမိမှ ပေါက်ဖွားတဲ့ သားဖြစ်သော။ ဧကပုတ္တံ၊ တယောက်တည်းသော သားကို။ အာယုသာ၊ အသက်ထက်လည်း။ အနုရက္ခေ ယထာ၊ အစဉ် တစိုက် စောင့်ရှောက်သကဲ့သို့။

အမေသည် သားတယောက်သာရှိတဲ့ အမေဆိုကြပါစို့။ သား-တယောက်သာရှိတဲ့ အမေသည် ဒီသားရဲ့အတွက်ဆိုယင် အသက် ကိုပင်သော်လဲပဲ ပေးပြီးတော့ သားရဲ့အသက်ရှင်ရေးကို စောင့်ရှောက် ရတယ်။ သားရဲ့ဘေးကို ကာကွယ်သလိုတဲ့။ သားကလေးအပေါ်မှာ အသက်ထက်ပဲ ချစ်ပြီးတော့ အသက်ပေးပြီးတော့ ကာကွယ်သကဲ့သို့။

ဧဝံ၊ ဤမိခင်နှလုံး အတူလျှင်။ သဗ္ဗဘူတေသု၊ ခပ်သိမ်းဥဿုံ အလုံးစုံသော သတ္တဝါတို့၌။ အပရိမာဏံ၊ အပိုင်းအခြားမရှိသော။ မာနသံ၊ မေတ္တာနှင့် ယှဉ်သောစိတ်ကို။ ဘာဝယေ ဘာဝေယျ၊ မနေမနား ပွားများကြိုးကုတ် အားထုတ်ရာ၏။

မေတ္တာဘာဝနာ ကျင့်သုံးချင်ယင် ငါသည်လောကရဲ့ မိခင်ကြီးပဲ။ လောကမှာ ရှိရှိသမျှသော လူတွေ နတ်တွေ ဗြဟ္မာတွေဟာ ငါ့ရဲ့ တယောက်တည်းသော သားနဲ့အလားတူ ငါ့မေတ္တာရဲ့ သားတွေပဲလို့ စိတ်ထဲမှာထားပြီးတော့ အပိုင်းအခြားရယ်လို့ မရှိနဲ့။ ငါဘယ်သူ့ တော့ မေတ္တာပို့နိုင်တယ်၊ ဘယ်သူ့ တော့ မပို့နိုင်ဘူးလို့ အဲဒီလိုမထားနဲ့။ မေတ္တာဆိုတာ အပ္ပမညာ၊ အပ္ပမညာဆိုတာ သတ္တဝါ အပိုင်းအခြားလို့

မထားရဘူး။ ကိုယ့်မေတ္တာနယ်ပယ်ထဲကို အကုန်လုံး ဝင်အောင်ပို့ရတယ်၊ ဒီလိုပြောတာ။

မာတာ ယထာ နိယံပုတ္တံ-မာယုသာ ဧကပုတ္တမနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ−

လို့ ဒါ "မေတ္တာဘာဝနာနှလုံး ကျင့်သုံးတဲ့ ပုဂ္ဂိုလ်သည် မိခင်စိတ်ထားရမည်" ဆိုတဲ့ ဥပဒေသကို ပြောတာ။

**လောကအားလုံးသို့ မေတ္တာပွားရန်**

မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊ မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ ၊အသမ္ဗာဓံ အဝေရမသပတ္တံ။

ဥဒ္ဓံ စ၊ အထက်ဖြစ်သော အရူပဘုံ၌လည်းကောင်း။ အဓော စ၊ အောက်ဖြစ်တဲ့ ကာမဘုံ၌လည်းကောင်း။ တိရိယဉ္စ၊ အလယ်မှာရှိတဲ့ ရူပါဝစရဘုံ၌လည်းကောင်း။အသမ္ဗာဓံ၊ဩကာသအားဖြင့် ကျပ်တည်းကျဉ်းမြောင်းခြင်း မရှိသော။ အဝေရံ၊ မိမိက ဝေရစေတနာ ရန်သူစိတ် လုံးဝမထားသော။ အသပတ္တံ၊ ထိုသူ၏ ရန်သူ ရန်ငြိုး အလျှင်းကင်းမဲ့သော။ မေတ္တံ မာနသံ၊ မေတ္တာနှင့် ယှဉ်တဲ့စိတ်ကို။ သဗ္ဗလောကသ္မိံ၊ ခပ်သိမ်းဥဿုံ အလုံးစုံသော ကာမရူပအရူပ လောကသုံးပါး၌။ ဘာဝယေ ဘာဝယျ၊ မနေမနား ပွားများကြိုးကုတ် အားထုတ်ရာ၏။

ဒါကတော့ အလုပ်မဟုတ်တော့ဘူး၊ မေတ္တာ ဘာဝနာနှလုံး ကျင့်သုံးတဲ့ ပုဂ္ဂိုလ်သည် တို့နဲ့တဘုံထဲနေလို့ ကာမဘုံသားတွေပင် ဒီလို မဟုတ်ဘူး၊ အထက်မှာရှိတဲ့ အရူပဘုံ၊ အောက်မှာ တို့နေတဲ့ ကာမဘုံ၊ အလယ်ကောင်မှာရှိတဲ့ ရူပဘုံ ဘုံသုံးပါးမှာ ရှိကြတဲ့ သတ္တဝါတွေကို

**အသမ္ဘေဒ** အရပ်အားဖြင့် ကျပ်တည်းကျဉ်းမြောင်းခြင်း မရှိတဲ့ မေတ္တာတဲ့၊ ဒါကို ဆိုလိုတယ်။ ဟာ-ငါဟာ ဘယ်အရပ် ဘယ်အရပ် ကိုတော့ မေတ္တာပို့လို့ရတယ်။ ဘယ်အရပ်ကို မေတ္တာပို့လို့ မရပါဘူး၊ ငါ့မေတ္တာမပွားဘူး၊ ကျပ်တည်းနေတယ်၊ ဒီလို မရှိရဘူးတဲ့။ အရပ်လေးမျက်နှာ အရပ်ဆယ်မျက်နှာ ဘယ်ပို့လိုက် ပို့လိုက် တခါတည်း သွားပစေ။

လယ်တီဆရာတော်ဘုရားကြီးများ လက်ထက်တုန်းက ဦးကျောက်လုံးပို့တဲ့ မေတ္တာလိုပေါ့ ဟုတ်လား။အရှေ့အရပ်မျက်နှာသို့ ကျောက်လုံးရဲ့မေတ္တာကြီး အတုံးလိုက် အခဲလိုက် သွားပဟော့ သွားပြီ သွားပြီ သွားပြီ ဆိုပြီး ပို့သလိုပေါ့၊ အရပ်ဆယ်မျက်နှာ ဘယ်အနားမှ အပိတ်အပင် အတားအဆီး အကျပ်အတည်း မရှိရဘူး။ **အဝေရ**၊ "ငါကွာ သူ့ကို မေတ္တာတော့ပို့ချင်ပါရဲ့၊ ဒါပေမဲ့ ဘယ်တုန်းက သူက ငါ့ကို ဘယ့်နှယ်လုပ်ထားတဲ့အတွက် အဲဒါလေးတော့ အနာကမပြေသေးပဲ ရှိနေတဲ့အတွက် မပို့နိုင်ဘူး" ဆိုတဲ့ ဒီမေတ္တာမျိုး မဖြစ်စေနဲ့တဲ့။ကိုယ်က သူ့အပေါ်မှာ ရန်ငြိုးပြေပြီးသားဖြစ်တဲ့ မေတ္တာမျိုး ဖြစ်ရမယ်။

**အသပတ္တ**၊ ငါကတော့ မေတ္တာပို့ချင်ပါရဲ့ သူက ငါ့မေတ္တာ မခံလို့ ငါ့မေတ္တာ လမ်းက ပြန်လာတယ် ဆိုတဲ့ ဒီမေတ္တာမျိုး မဖြစ်စေနဲ့တဲ့။ မေတ္တာဘာဝနာသမားသည် အသမ္ဘာဓမေတ္တာ၊ အဝေရမေတ္တာ၊ အသပတ္တမေတ္တာဆိုတဲ့ အရပ်အားဖြင့် ကျပ်တည်းကျဉ်းမြောင်းခြင်း မရှိတဲ့မေတ္တာ၊ မိမိကိုယ်တိုင်က ရန်ငြိုးစိတ် လုံးဝကင်းပတဲ့ မေတ္တာ၊ သူတဘက်သားက ရန်ငြိုးစိတ် ငါ့အပေါ်ထားလို့ မပို့နိုင်ပါဘူး-လို့ မရှိရမဲ့ မေတ္တာ၊ သူထားချင်ထား မထားချင်နေ၊ ကိုယ်ကသာပို့၊ အဲဒီ မေတ္တာမျိုးကို ကာမ ရူပ အရူပ သုံးဘုံမှာရှိကြတဲ့ သတ္တဝါတွေကိုပို့။

**ဗြဟ္မဝိဟာရ တရားတော်** 

**ဣရိယာပုထ်မရွေး ပွားနိုင်သည့်မေတ္တာ**

ဒါဖြင့်ယင် ပြီးပလားလို့ဆိုတော့—

တိဋ္ဌံ စရံ နိသိန္နော ဝါ၊ သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊ ဗြဟ္မမေတံ ဝိဟာရမိဓ မာဟု။

ဧတံ ဝိဟာရံ၊ ဤသို့ မေတ္တာဖြင့် နေခြင်းကို။ ဗြဟ္မဝိဟာရံ၊ မြတ်သော နေခြင်းဟူ၍။ ဝါ၊ ဗြဟ္မာမင်းကဲ့သို့ သန့်ရှင်းသော နေခြင်းဟူ၍။ အာဟု၊ ဘုရားအစ များလှပေတောင်း အရိယာ သူတော်ကောင်းတို့ ရင့်ညောင်းသံချို မိန့်ဆိုတော်မူကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။

(မေတ္တာ ဘာဝနာနဲ့ နေပြီဆိုယင် ဗြဟ္မဝိဟာရနဲ့နေတာ၊ ဗြဟ္မဝိဟာရနဲ့နေတာလို့ ခေါ်တယ်။ ဒါကြောင့်–

တိဋ္ဌံ=ရပ်နေတုန်းလဲ မေတ္တာပွားပါ၊
စရံ= သွားနေတုန်းလဲ မေတ္တာပွားပါ၊
နိသိန္နော ဝါ၊ ထိုင်နေတဲ့အခိုက်မှာလဲ မေတ္တာပွားပါ၊
သယာနော ဝါ=လျောင်းလျက်လဲ မေတ္တာပွားလို့ရတယ်။

ယာဝတာ၊ အကြင်မျှလောက် ဣရိယာပုထ်လေးပါးဖြင့်။ ဝိတမိဒ္ဓေါ၊ ငိုက်မြည်းခြင်း ကင်းစင်သည်။ အဿ၊ ဖြစ်ရာ၏။ တာဝတာ၊ ထိုမျှလောက်။ ဧတံ သတိံ၊ ဤမေတ္တာနှင့် ယှဉ်တဲ့သတိကို။ အဓိဋ္ဌေယျ၊ ဆောက်တည် ပွားများရာ၏။

မအိပ်ခင် လျောင်းတုန်း ရပ်တုန်း ထိုင်တုန်း သွားတုန်း ဣရိယာပုထ် လေးပါးမှာ ဘယ်အချိန်မဆို ပွားနေပါ။ ဘာပြောသလဲ ဆိုတော့ အာနာပါနဆိုကြပါစို့ လမ်းသွားယင်း အာနပါနလုပ်လို့

မရဘူး၊ အာနာပါနအလုပ် လုပ်ချင်ယင် မတ်တပ်ရပ်လို့လဲ မရဘူး၊ အာနာပါနအလုပ် ဆိုလို့ရှိယင် အိပ်လို့လဲ မရဘူး၊ စည်းကမ်းက ဘယ့်နှယ်ညွှန်ပြသလဲ–

ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ
သတိံ ဥပဋ္ဌပေတွာ—

ဆိုတဲ့အတွက် အာနာပါနအလုပ် လုပ်ချင်ယင် ထိုင်ရတယ်၊ ထိုင်ပြီး တော့မှ ဒီ-အာနာပါနကို ရှုရတယ်။

မေတ္တာဘာဝနာသည် ဣရိယာပုထ် မရွေးဘူးတဲ့၊ လျှောင်းလျက် သားလဲ ပွားရတယ်၊ ထိုင်လျက်သား ရပ်လျက်သား သွားယင်းလဲ ပွားရတယ်တဲ့။ လျှောင်းယင်း ရပ်ယင်း ထိုင်ယင်း သွားယင်း ဣရိယာ ပုထ် လေးပါးမှာ ဘယ်ဣရိယာပုထ်မရွေး ပွားနိုင်တယ်။ ပွားလို့ လွယ်ကူတဲ့ ဘာဝနာလို့ ပြောချင်တယ်။

ဒါဖြင့် ကောင်းပြီ၊ အဲဒီလို မေတ္တာဘာဝနာဟာ ဣရိယာပုထ် အားဖြင့်လဲပဲ မရွေးရတဲ့ဘာဝနာဆိုတော့ လမ်းလျှောက်သွားယင်းလဲ ပွားတယ်၊ ထိုင်ယင်းလဲပွားတယ်၊ လျှောင်းယင်းလဲ ပွား ရပ်ယင်းလဲ ပွား ကြည့်၊ ဒါ အင်မတန်ကောင်းတဲ့ ဣရိယာပုထ် မရွေးတဲ့ ဘာဝနာ ဖြစ်ကြောင်းပြောတာ။ ဒါက အလုပ်လုပ်ဖို့ မဟုတ်ဘူး။ အလုပ် လုပ်တာ ပွားတာကတော့ စောစောကပြောတဲ့ သဗ္ဗသင်္ဂါဟက ဘာဝနာတိကမေတ္တာဘာဝနာ ဒီလိုပွား၊ ပွားလို့ အနည်းဆုံး ဥပစာရ-သမာဓိစျာန် ထိုထက်တက်နိုင်ယင် မေတ္တာအပ္ပနာစျာန် ပဌမစျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန် ထိအောင်ပွား၊ ပွားပြီးတော့ ဘာလုပ်ရမလဲ—

**မေတ္တာဘာဝနာမှ ဝိပဿနာသို့ကူးပုံ**

ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ ဂေဓံ၊
န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ။

နောက်ဆုံးဂါထာ မေတ္တာကမ္မဋ္ဌာန်း သမားသည် ဝိပဿနာသို့ ကူးပုံကို ပြောတဲ့ပါဋ္ဌိ။ ဘယ့်နှယ်လဲ–

ဒိဋ္ဌိဉ္စ၊ အတ္တဒိဋ္ဌိ ပုဂ္ဂလဒိဋ္ဌိသို့လည်း။ **အနုပဂ္ဂမ္မ–န ဥပဂန္တွာ**၊ မကပ်ရောက်အပ်။

ဘာကို မြတ်စွာဘုရား ဟောလိုက်ချင်တာတုံး။ **မေတ္တာဘာဝနာ** သမားသည် သဗ္ဗသင်္ဂါဟက မေတ္တာပဲ ပွားပွား၊ သတ္တဝါတွေကို သုံးပုံထားတဲ့ တိကမေတ္တာပဲပွားပွား၊ ဒုကမေတ္တာပဲပွားပွား၊ အဟိတ ဒုက္ခာနာဂမပတ္ထနာမေတ္တာပဲ ပွားပွား၊ သတ္တဝါ၊ သတ္တဝါ၊ သတ္တဝါ၊ သတ္တဝါနဲ့ ပုဂ္ဂိုလ်တွေ သတ္တဝါတွေနဲ့ အလုပ်လုပ်ပြီးတော့ သမာဓိ ထူထောင်လာတဲ့အတွက် အတ္တဒိဋ္ဌိဘက်ကို မတော်တဆ ယိုင်သွား တတ်တယ်တဲ့။ မေတ္တာဘာဝနာ သမာဓိ အခြေခံတဲ့ ပုဂ္ဂိုလ်သည် ဝိပဿနာဘာဝနာဘက် ကြိုးကုတ်အားထုတ်လို့ရှိယင်ဖြင့် အတ္တဒိဋ္ဌိ ပုဂ္ဂလဒိဋ္ဌိကိုလည်း အနုပဂ္ဂမ္မ–န ဥပဂန္တွာ၊မကပ်ရောက်အပ်။ ဝါ-မကပ် ရောက်အောင် အနတ္တာနုပဿနာ ဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်း ကြိုးကုတ် အားထုတ်ရမယ်။

အနိစ္စာနုပဿနာက တမျိုးနော်၊
ဒုက္ခာနုပဿနာက တမျိုး၊
အနတ္တာနုပဿနာက တမျိုး–

အဲဒီလို ဒိဋ္ဌိအစွဲသန်တဲ့ ပုဂ္ဂိုလ်များကျတော့ အနတ္တာနုပဿနာကို ပွားရတယ်။ ဦးတည်ပွားရတယ်။ ဒီတော့ မြတ်စွာဘုရားက မေတ္တာဘာဝနာဖြင့် ဥပစာရ သမာဓိ နီဝရဏ ကွာလောက်တဲ့အခြေ ကိုယ့်ကိုယ်ကို ကိုယ်သိတယ်တဲ့။ အဲဒီလို ရောက်ပြီးယင် ဥပစာရသမာဓိဆိုတဲ့ စိတ္တဝိသုဒ္ဓိ ဖြစ်ပြီးတဲ့နောက် ဟိုဘက်ကိုသွားယင် မေတ္တာဘာဝနာ သမားသည် ဝိပဿနာကူးယင် ဝိပဿနာ အလုပ်ကို လုပ်တော့မယ် ဆိုယင် အနတ္တဘာဝနာပွား။

## အနတ္တလက္ခဏသုတ္တန်

အနတ္တလက္ခဏသုတ္တန်ဟာ အနတ္တဘာဝနာ ပွားနည်းကို ကောင်းကောင်းကြီး ဖော်ပြထားတဲ့ သုတ္တန်ပါ၊ သုံးပိုင်းထားပြီးတော့ အနတ္တဘာဝနာပွားနည်းကို ဖော်ပြတဲ့ သုတ္တန်ဖြစ်ပါတယ်၊ အဲဒီ သုတ္တန်လဲပဲ တသုတ္တန်လုံး ခြုံပြီးတော့ ကြည့်မယ်ဆိုယင် အနတ္တဘာဝနာ ဘယ်လိုပွားမတုံး၊ မြတ်စွာဘုရားက တိုက်ရိုက်ကြီးကို ဟောထားတာ။

**ခန္ဓာငါးပါးခွဲခြင်း**

> တသ္မာ တိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ သဗ္ဗံ ရူပံ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ’တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ *

ရှေ့က အနုသန္ဓေ နှစ်ချက်လောက်ပြီးတော့ တေပရိဝဋ္ဋဓမ္မဒေသနာလို့၊ **တေပရိဝဋ္ဋဓမ္မဒေသနာ**ဆိုတာ—

---

* သံ၊ ၂၊ ၅၆။

(၁) အနိစ္စလား နိစ္စလား၊ အနိစ္စပါဘုရား။

(၂) ဒုက္ခလား သုခလား၊ ဒုက္ခပါဘုရား။

(၃) ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ-လို့ ရှုသင့်သလား၊ မရှုသင့်ပါဘုရားလို့ အဲဒီလို အမေးအဖြေ သုံးပြန် ပြန်ပြီးတော့ ဟောတဲ့ ဒေသနာမျိုးကို တေပရိဝဋ္ဋဒေသနာလို့ ခေါ်တယ်။

အကြောင်းညီညွတ်ယင်ပေါ့လေ။ အနတ္တလက္ခဏာသုတ်ကို ဘုန်းကြီးတို့ ကြိုးသွင်းထားတာ ရှိပါတယ်၊ အဲဒီမှာ ကူးပြီးတော့ ယူပေါ့။

မေတ္တာဘာဝနာ သမားသည် အနတ္တဘာဝနာကို ပွားရမယ်လို့ ဆိုတာ "အတ္တဒိဋ္ဌိသို့ မကပ်ရောက်ရဘူး" ဆိုတဲ့စကားနဲ့ "အနတ္တဘာဝနာပွား" ဆိုတာ အတူတူပဲ။ ပွားယင် ဘယ်လိုပွားမလဲ၊ အနတ္တလက္ခဏာသုတ်က လာတဲ့အတိုင်း—

## ခန္ဓာငါးပါး၌ ဝိပဿနာရှုပွားပုံ

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တသ္မာ၊ ထိုသို့ ရုပ်သည် အနိစ္စ ဒုက္ခ အနတ္တ ငါ့ဥစ္စာမဟုတ် ငါမဟုတ် ငါ၏အတ္တ လိပ်ပြာမဟုတ်လေသောကြောင့်။ (ဒါက အလုပ်လုပ်တဲ့ အခါမှာ ထည့်ပြီး ပြောဖို့ မဟုတ်ဘူး၊ ဘုရားကိုယ်တော်မြတ်က ချစ်သားတို့ ဆိုခဲ့တဲ့ အတိုင်း ရုပ်မှာ အနိစ္စ ကေန် ဒုက္ခ ကေန် 'နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ' ဆိုတဲ့အတိုင်း ကေန် ဖြစ်လေသောကြောင့် ချစ်သားတို့ ဘယ်လိုနှလုံးသွင်းရမလဲ) အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ် အနာဂတ်ပစ္စုပ္ပန်အား ကာလအနေအားဖြင့် သုံးထွေပြားသော။ ယံ ကိဉ္စိရူပံ ဝါ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်တရားအစုသည်လည်း ကောင်း။ အဇ္ဈတ္တံ ဝါ၊ မိမိ၏ အတွင်းသန္တာန်၌လည်းဖြစ်သော။

ဗဟိဒ္ဓါ ဝါ၊ အပြင်အပ သူတပါးသန္တာန်၌လည်းဖြစ်သော။ ယံ ကိဥ္စိ ရူပံ ဝါ၊ ကြွင်းမဲ့ ဥဿုံ အလုံးစုံသော ရုပ်တရားသည်လည်းကောင်း။ ဩဠာရိကံ ဝါ၊ ရှုန့်ရင်းကြမ်းတမ်းသည်လည်း ဖြစ်သော။ သုခုမံ ဝါ၊ သိမ်မွေ့သည်လည်းဖြစ်သော။ ယံ ကိဥ္စိ ရူပံ ဝါ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်တရားသည် လည်းကောင်း။ ဟီနံ ဝါ ယံ ကိဥ္စိ ရူပံ၊ ယုတ်ညံ့သော အလုံးစုံသော ရုပ်တရားအပေါင်းသည် လည်းကောင်း။ပဏီတံ ဝါ ယံ ကိဥ္စိ ရူပံ၊ မွန်မြတ်သော ခပ်သိမ်းသော ရုပ်အပေါင်းသည်လည်းကောင်း၊ ယံ ဒူရေ ရူပံ ဝါ၊ အကြွင်ဝေးစွာ သော ရုပ်သည်လည်းကောင်း။ ယံ သန္တိကေ ရူပံ ဝါ၊ အကြွင်နီးစွာ သော ရုပ်တရားသည်လည်းကောင်း။ သဗ္ဗံ ရူပံ၊ တဆယ့်တပါးအပြား ရှိသော ရုပ်အားလုံးသည်။ နေတံ မမ၊ ငါ့ဥစ္စာ မဟုတ်ပါတကား။ နေသောဟမသ္မိ၊ ငါမဟုတ်ပါတကား။ န မေသော အတ္တာ၊ ငါ၏ အတ္တ လိပ်ပြာ မဟုတ်ပါတကား လို့−

ပစ္စုပ္ပန် အတိတ် အနာဂတ် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိကအား တဆယ့်တထွေပြားတဲ့ ခပ်သိမ်းသော ရုပ် တရားအစုသည် နေတံ မမ၊ ငါ့ဥစ္စာ မဟုတ်ပါတကား။ နေသောဟ-မသ္မိ၊ ငါမဟုတ်ပါတကား၊ န မေသော အတ္တာ၊ ငါ၏လိပ်ပြာ မဟုတ် ပါတကားလို့ ရုပ်ကို ဒီလိုပွားပါတဲ့ မြတ်စွာဘုရားက။

ဣတိ၊ ဤသို့။ ယထာဘူတံ၊ မဖောက်မပြန် အမှန်အတိုင်း။သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ဝိပဿနာ ဉာဏ်ပညာ မဂ်ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ မြင်အောင် ရှုကြည့်အပ်၏။

မြတ်စွာဘုရားက ဝိပဿနာ တက်လို့ ခန္ဓာကမ္မဋ္ဌာန်း အနေနဲ့ ရှုချင်ယင် အဲဒီ အနတ္တလက္ခဏာသုတ်အတိုင်း ရှုကြ ချစ်သားတို့ ချစ်

သမီးတို့လို့ ပြောထားတယ်။ သုတ္တန်ကြီးထဲမှာ ဒီပါဠိတွေ တိုက်ရိုက် ကြီး ပါနေပါတယ်။

မြန်မာလို ဆိုလို့ရှိယင် ပစ္စုပ္ပန် အတိတ် အနာဂတ် စသည်အား တဆယ့်တပါး အပြားရှိသော ခပ်သိမ်းသော ရုပ်တရားအစုသည် ငါ၏ ဥစ္စာမဟုတ် ငါမဟုတ် ငါ၏ အတ္တလိပ်ပြာ မဟုတ်ပါတကား၊ ထည့်ချင်သေးယင် အနိစ္စမျိုးတွေပါတကား၊ ဒုက္ခမျိုးတွေပါတကား၊ အနတ္တမျိုးတွေပါတကားလို့ အဲဒီလို။ ထည့်ချင်သေးယင် ထည့်လိုက် အုံး။ အချိုထဲ သကာလောင်းသလို၊ ဒါတောင် အချို့က စာထဲမှာ အလုပ်မပါဘူး ပြောနေကြတယ်။ ဒီစာထဲမှာ ဒါတွေ တိုက်ရိုက်ရှိနေ ပါလျက် ဒီကိစ္စဟာ ဘယ့်နှယ်လုပ် စာထဲအလုပ်မပါရမှာလဲ။

အဲဒီ စာထဲကတရားကို ဒီလူတွေ မြင်အောင်ကြည့်၊ မြင်အောင် ကြည့်ပြီးတော့ ဒီလို နှလုံးသွင်းယင်ပေါ့လေ ယံ ကိဉ္စိ ရူပံလို့ဆိုယင် မြင်ပစေ၊ လယ်တီဆရာတော်ဘုရားကြီးက ရူပက္ခန္ဓာကို မြင်အောင် ပြောထားတာ မတွေ့ဘူးလား–

ဆောင်။ ။ရူပက္ခန္ဓာ၊ ဝေဒနာနှင့်၊ သညာ သင်္ခါရ၊ ဝိညာဏဟု၊ အစု ငါးတန်၊ ငါးရပ်ခန်တည်း–

ခန္ဓာငါးပါး နားလည်တယ်။

ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြား၍၊ စကားပုံသေ၊ ရုပ်ခေါ်ပေ၏။

ဘယ်လောက်ကောင်းသလဲ၊ စာတော့မကျက်ပဲနဲ့ စာတော့ကျက်ဖို့ မလိုပါဘူး ကျက်လို့လဲ မရနိုင်ဘူးနဲ့ ကျက်လဲမကြည့်ပဲနဲ့ မရနိုင်ပါဘူး ပြောတယ်။ ကျက်ကြည့်၊ စိတ်ထဲက ကျက်ကြည့်လို့ရှိယင် စေတနာရှိရှိ နဲ့ ကျက်၊ မြန်မြန်ရတယ်။

**နိပ္ဖန္နရုပ် ၁၈-ပါး**

**စကားပုံသေ၊ ရုပ်ခေါ်ပေ၏။မြေဓာတ် ရေဓာတ်၊မီးလေဓာတ်ဟု၊ လေးရုပ်ဘုတ်ကြီး၊ ပွားစည်းအနက်(၄)**

ဒီစကားလေးရယင် မဟာဘုတ်ကြီး လေးပါးကို နားလည်တယ်။

**စက် သော သာ ဇိ၊ ကာငါးလီမူ၊ အကြည်ရုပ၊ ပသာဒတည်း။**

**ဒီ** လက်ာပိုဒ်ကလေးရယင် ပသာဒရုပ် ငါးပါးဆိုတာ ဘာလဲ နားလည်တယ်။

**ရူပသဒ္ဒ၊ ဂန္ဓရသာ၊ ဖောဋ္ဌဗ္ဗာဟု၊ ငါးဖြာအာရုံ (၄)***

အာရုံ ရုပ်ငါးပါးဆိုတာ ဒီဟာကလေးရယင် နားလည်တယ်။

**နှစ်စုံဘာဝ၊ ဟဒယနှင့်၊ ဇီဝဩဇာ၊ ဆယ့်ရှစ်မှာမူ၊ လေးဖြာဟောတု၊ ကြောင်းစတုကြောင့်၊ ဖြစ်မှုပေါ်လော၊ သဘောသီးသီး၊ ကိုယ်စီပြီး၍၊ ရုပ်ကြီးရုပ၊ နိပ္ဖန္နတည်း။**

ဩော် ဒီ တဆယ့်ရှစ်ပါးသော ရုပ်တွေကို နိပ္ဖန္နရုပ်လို့ခေါ်တယ် လက္ခဏာယဉ်တင်၍ သုံးသပ်လျင် ဒီရုပ်တဆယ့်ရှစ်ပါးကိုပဲ သုံးသပ်ရတယ်။အနည်းဆုံး အဲဒါလောက်တော့ သိမှ ရူပက္ခန္ဓာပေါ်မှာ သုံးသပ်လို့ကောင်းတယ်။အခုတော့ ကိုယ်က အဲဒါလောက်ကလေးမှ မသိချင်တော့ ရှာဟာ၊ ပုထုနာနာသတ္တာရဉ္စလွှာကနဘေး-တခါတည်း ဆရာအမျိုးမျိုးကို မော့ကြည့်နေကြတယ်။နာနာသတ္တာရဉ္စလွှာကန ဘေး

---

*ဖောဋ္ဌဗ္ဗရုပ်သည် မဟာဘုတ် လေးပါး၌ ပါပြီးဖြစ်၍ ချန်ထားပြီးရူပ, သဒ္ဒ, ဂန္ဓ, ရသ ရုပ်လေးပါးကိုသာ နိပ္ဖန္နရုပ်၌ ထည့်သွင်းပါသည်။

ကြီးဟာ မလွတ်တော့ဘူး။ ဘာပြုလို့လဲဆိုတော့ ကိုယ် ကိုယ်တိုင်က အဲဒါလောက်ကလေးမှ မရတော့ ဆရာအမျိုးမျိုး ရှာရမှာပေါ့။ တို့မိတို့ဘ တို့ဘိုး တို့ဘွားတွေ မျှော်ကြည့်လိုက်စမ်း။ ရတယ်၊ သူတို့ ဓမ္မစကြာ ကောင်းကောင်းရတယ်။အနတ္တလက္ခဏသုတ် ကောင်းကောင်း ရတယ်။

ပြီးတော့ တခါတလေ ဒီနေ့ ပုဂ္ဂိုလ်တွေဟာ ရိစရာ မောစရာ ပြောသေးတယ်။ တို့ အဘိုး အဘွားတုန်းကတော့ကွာ ပထဝီကသိဏ်း အာပေါကသိဏ်းနဲ့ ဆိုနေတာ ကြားရဘူးတယ်။ ရိစရာလဲ ကောင်းတယ်။ တို့ ဆိုစမ်းပါ သူတို့လို ဘယ်သူမှ မရဘူးမဟုတ်လား။ကသိုဏ်း ဆယ်ပါး ဘယ်သူမှမပြောတတ်ဘူး။ တို့ဘိုး တို့ဘွားတို့ကတော့ အာပေါကသိဏ်းတို့ ရတယ်။ ပြောတတ်တယ်။ အာပေါကသိဏ်းဆိုတာ အာပေါကသိုဏ်းပေါ့ကွာ။ တေဇော ကသိုဏ်းပေါ့ကွာ။ သူတို့က နှုတ်တိုက် ရတယ်။ အဲဒီလို သူတို့ လက်ထက်တုန်းက ဒီ ကမ္မဋ္ဌာန်း လေးဆယ်တို့ကို ပါးစပ်ထဲ ရတော့ ဘယ်ကမ္မဋ္ဌာန်း အားထုတ်ချင်လိုက်တာ ဖြစ်တယ် ဟုတ်လား။ ရွေးစရာကျန်သပေါ့။

ကနေ့တော့ အဲဒီလို ပါးစပ်ထဲက ကိုယ်က မကျက်ချင်ဘူး။ ဒီပြင် ပျော်စရာ ပါးစရာ စာပေကျတော့ ရပါ့။ လွယ်လွယ်နဲ့ရတယ်။ ဟောဘုန်းကြီးတို့ ဒီ တကယ့်အရေးကြီးတဲ့ စာပေကျတော့ မကျက်ဘူး။ မကျက်တော့ မကျက်ရတဲ့အလုပ် လုပ်ကုန်ကြတော့တခါတည်းစိတ်ကူးနဲ့ ကူးချင်ရာတွေ ကူးပြီးတော့ ဖြစ်ချင်ရာတွေ ဖြစ်ကုန်တယ်။ မိုးဆို မိုးဖျာတ်လား။ ပြောဆို ပြော, တောင်ပြော တောပြော ပြောချင်ရာတွေ ပြောပြီးတော့ တခါတည်းဖြစ်ကုန်တယ်။

အမှန်က ဒီအနတ္တလက္ခဏသုတ် ကြည့်မယ်ဆိုယင် ခန္ဓာကမ္မဋ္ဌာန်း လုပ်ချင်တယ်ဆိုယင် အဲဒီ အထဲက အတိုင်းလုပ်ဖို့။ဝေဒနာ ထို့အတူ—

ယာ ကာစိ ဝေဒနာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗာ ဝေဒနာ 'နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ'။

ဘုန်းကြီး အခုရွတ်တဲ့ ဒီပါဠိကို နောက်ကရှိတဲ့ ဆရာတော် သံဃာတော်တွေဟာ အကြွင်းမဲ့ လက်ခံတယ်။တို့ ဒီ ဒါယကာ ဒါယိကာမတွေအနေနဲ့ ဝေဒနာကမ္မဋ္ဌာန်း စီးဖြန်းချင်တယ်။ ပစ္စုပ္ပန် အတိတ် အနာဂတ် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ အာသန္နအားဖြင့်တဆယ့်တထွေပြားတဲ့ ခံစားမှု ဝေဒနာ တရားအစုသည် 'ငါ့ဥစ္စာ မဟုတ်ပါတကား၊ ငါ မဟုတ်ပါတကား ငါ၏ လိပ်ပြာ မဟုတ်ပါတကား' လို့ ဒီလို အနတ္တလက္ခဏာသုတ် အဆိုအတိုင်း ဆိုယင် ဒီအတိုင်း နှလုံးသွင်းရမယ်။

**ဝေဒနာဓာတ်အကျယ် ၁၀၈-ပါးပွားပုံ**

အဲ–ဝေဒနာအကြောင်း အကျယ်သိချင်တယ် ဆိုလို့ရှိယင်လဲ လယ်တီဆရာတော်ဘုရားရေးတဲ့ ဝေဒနာက္ခန္ဓာရဲ့လင်္ကာ ရှိတယ်။

**ဆောင်။ ။ခံစား စံစား၊ စကားနှစ်ထွေ၊တရားနေမှာ၊ဝေဒနာဓာတ်၊ ခန္ဓာမှတ်လော။**

ခံစားတယ် စံစားတယ်ဆိုတဲ့ လောကမှာ ပြောသမျှတွေဟာ ဒါ ဝေဒနာချည့်ပဲ။

**သုံးရပ်ဝေခွဲ၊ ဆင်းရဲဒုက္ခ၊ သုခချမ်းသာ၊ ဥပေက္ခာမူ၊ လျစ်လျူခံစား၊ မထင်ရှားတည်း။**

**ဝေဒနာဆိုတာ** ခံစားမှု စံစားမှု ခေါ်တယ်။ ဒီထက် ကျယ်ကျယ်လေး သိချင်ယင် သုံးရပ်ဝေခွဲ ဆင်းဆင်းရဲရဲ ခံစားမှုကို ဒုက္ခဝေဒနာ၊ သုခချမ်းသာတဲ့၊ ချမ်းချမ်းသာသာ သက်သက်သာသာ ခံစားမှုကို သုခဝေဒနာ။ ဥပေက္ခာမှု၊ လျစ်လျူခံစား၊ မထင်ရှားတည့် မထင်မရှား လျစ်လျူခံစားမှု သဘောသည် ဥပေက္ခာ ဝေဒနာ ဟဲ့လို့ သုံးပါးရတယ်။ ဟာ ဒီထက် ကျယ်ကျယ်သိချင်သေးတယ် ဆိုယင်--

ငါးပါးအလို၊ တပုံဆိုသော်၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာဆင်းရဲ၊ လျစ်လျူခွဲလော၊

၊ ဝေဒနငါးမျိုး နားလည်ချင်ယင် ကိုယ်စိတ်နှစ်ဖြာတဲ့။ ကိုယ်၌ဖြစ်သော သုခဝေဒနာ ဒုက္ခဝေဒနာ၊ စိတ်၌ဖြစ်သော သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာလို့ ငါးပါးတဲ့နော်။

တနဲထို့ပြင်=ဒါနဲ့ မကျေနပ်သေးယင် ခွဲချင်သေးတယ်၊ ဝေဒနာတွေကို အကျယ်တဝင့် သိသင့်သမျှ အကုန် တပည့်တော်တို့ သိချင်တယ်၊ ကုလားမ ချေးတွန်း ဘာမှမကျန် အကြွင်းအကျန်မရှိ၊ သိချင်သပ ဆိုလို့ရှိယင်—

အမြင်အကြား၊ အနံ့အားဖြင့်၊ စားလျက်တွေ့ထိ၊ ကြံသိခြောက်ဖြာ....။

အမြင်ခံစားမှု ဝေဒနာသဘော အကြားခံစားမှု ဝေဒနာသဘော နမ်းရှူတာနဲ့ ပတ်သက်လို့ခံစားမှု့ စားတာနဲ့ ပတ်သက်၍ ခံစားမှု့တွေ့ထိတာနဲ့ ပတ်သက်၍ ခံစားမှု့ ·သိတာနဲ့ပတ်သက်၍ ခံစားမှု။

အေး မျက်စိအတွေ့ကို အကြောင်းပြု၍ ခံစားမှု, နားအတွေ့ကို အကြောင်းပြု၍ ဖြစ်တဲ့ခံစားမှု, နှာခေါင်းအတွေ့ လျှာအတွေ့ ကိုယ်အတွေ့ စိတ်အတွေ့ကို အကြောင်းပြု၍ ဖြစ်တဲ့ခံစားမှု, ဒွါရကနေ ကိုင်မှတ်ယင်ဝေဒနာခြောက်ပါးရှိတယ်၊ဆရာတော်ကြီးကဒါပြောတာ။

**ချမ်းသာ ဆင်းရဲ၊ လျစ်လျူခွဲခြား၊ ဆယ့်ရှစ်ပါးတည်း။**

ဒီခြောက်ပါးကို အရင်းတည်ပြီးတော့ မျက်စိအမြင်နဲ့ အကြောင်း ပြု၍ ဖြစ်တဲ့ခံစားမှုသည် သုခဒုက္ခဉပေက္ခာ သုံးမျိုးရှိသတဲ့၊ နား အကြားနဲ့ ပတ်သက်၍ ခံစားမှုလဲပဲ သုခ ဒုက္ခ ဉပေက္ခာလို့ သုံးမျိုး ရှိတယ်။ နှာခေါင်းနဲ့ နမ်းရှူတဲ့ အကြောင်းပြု၍ဖြစ်တဲ့ ခံစားမှုလဲ သုခ ဒုက္ခ ဉပေက္ခာ သုံးမျိုးရှိတယ်။ လျှာနဲ့ စားမှု ထိုအတူ ကိုယ်ဖြင့် တွေ့မှု ထို့အတူ စိတ်ဖြင့်သိမှု အကြောင်းပြု၍ ဖြစ်ပေါ်တဲ့ ဝေဒနာ ခံစားမှုလဲပဲ သုခ ဒုက္ခ ဉပေက္ခာလို့ သုံးမျိုးစီရှိတယ်လို့ ဆိုတော့ ဆယ့်ရှစ်ပါးဖြစ်တယ်၊ ဒါကို–

**သုံးပါးကာလ၊ ပွားထတုံသေး၊ ငါးဆယ့်လေးတည်း။**

တဆယ့်ရှစ်ပါးသော ဝေဒနာတွေသည် အတိတ်ကလဲ ဖြစ်ခဲ့ဖူး ပြီ၊ နောင်အနာဂတ်လဲ ဖြစ်လတ္တံ့၊ အခု ပစ္စုပ္ပန်ခေါ်တဲ့ ကနေ့လဲပဲ ဒီ ဆယ့်ရှစ်ပါးပဲ ဖြစ်နေတယ်လို့ ဝေဒနာကို အတိတ်က ဆယ့်ရှစ်ပါး အနာဂတ်က ဆယ့်ရှစ်ပါး ပစ္စုပ္ပန် ဒီကနေ့က ဆယ့်ရှစ်ပါး–သုံးရပ် ပေါင်းတော့ ငါးဆယ့်လေးဖြစ်ရတယ်။ကောင်းပြီငါးဆယ့်လေးတည်း ကိုယ်တွင်းမှာ ဒီငါးဆယ့်လေးအပြင် ပိုမရှိဘူး။

**တရေးသဏ္ဍာန်၊ နှစ်ပွားပြန်က၊ တရာ့ရှစ်ပင် အကျယ်မြင်လော့။**

သဏ္ဍာန်နှစ်ပါးနဲ့ မြှောက်ကြည့်ပါတဲ့၊ကိုယ်ခံစားမှု ငါးဆယ့်လေး+ သူခံစားမှု ငါးဆယ့်လေး=နှစ်ရပ်ပေါင်းလို့ရှိယင်ဖြင့် ဝေဒနာအကျယ် ကား တရာ့ရှစ်ပါးပဲ၊ ဒီထက် မပွားတော့ဘူးတဲ့။

အဲဒီ လင်္ကာတပုဒ်တောင် မဆုံးသေးဘူးနော်၊ တဝက်မှာ။ ဝေဒ-နာကမ္မဋ္ဌာန်ရဲ့ သဘော ပေါလောပေါ် အောင်ရတယ်။တခါငါ့မှာ သူတော် ကောင်းအနေနဲ့ လူသာမန်တွေ အာရုံငါးပါးနဲ့ ပျော်ပါးပြီးတော့ နေကြတဲ့အချိန်မှာ တရားနဲ့ ပျော်ကြည့်လိုက်စမ်း၊ ဝေဒနာကမ္မဋ္ဌာန်ရဲ့ သဘောကို **ခံစားစံစား စကားနှစ်ထွေ** လင်္ကာပိုဒ်ကလေးကစပြီးတော့ **တရာ့ရှစ်ပင် အကျယ်မြင်လော** ဆိုတဲ့ လင်္ကာကို ဆိုယင်းဆိုယင်း ရွက်ယင်းရွတ်ယင်း နေ့ဘတ်ကနေပြီးတော့ အသိဉာဏ်တွေတဖြောဖြော တဟောဟော လိုက်ပြီးတော့ ဓမ္မပီတိတွေ ဖြစ်နိုင်တယ်။

**သညာကမ္မဋ္ဌာန်**

> ယာ **ကာစိ** သညာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယာ ဒူရေ သန္တိကေ ဝါ သဗ္ဗာ သညာ နေတံ မမ၊နေသော ဟမသ္မိ၊ န မေသော အတ္တာ။

ဒါ—ဘုန်းကြီးတို့ စာပေနယ်က ရဟန်းသံဃာတော်ဆိုယင် သညာ-ကမ္မဋ္ဌာန်ကို ဒီအတိုင်း အလုပ်လုပ်ရမယ်၊ဒီအတိုင်းနှလုံးသွင်းရမယ်၊ဒါယ-ကာ ဒါယိကာမတွေဘက်က ဆိုလို့ရှိယင်ဖြင့်“ပစ္စုပ္ပန် အတိတ် အနာဂတ် စသည်အား တဆယ့်တမျိုးပြားတဲ့ သညာကမ္မဋ္ဌာ တရားအစုသည် ငါ၏ ဥစ္စာ မဟုတ်ပါတကား၊ ငါမဟုတ်ပါတကား၊ ငါ၏ အတ္တ လိပ်ပြာ မဟုတ်ပါတကား” ဒီလို နှလုံးသွင်းရမယ်။ အဲဒီ သညာကမ္မဋ္ဌာ သဘော

မကျယင်လဲပဲ သညာက္ခန္ဓာ သဘောကျအောင် သညာက္ခန္ဓာရဲ့ **သဘော ကို** ရှာရသေးတယ်၊ ဘယ်လိုရှာမလဲ၊ လယ်တီဆရာတော်ကြီး**က** ဝေဒ-နက္ခန္ဓာနဲ့ သညာက္ခန္ဓာ နှစ်ခန္ဓာအတွက် လင်္ကာဇာပုဒ်ထဲရေးတယ်။

ဝေဒနက္ခန္ဓာနဲ့ ဆိုင်ရာ လင်္ကာလဲဆိုးရော—

**ထို့ပြင်သညာ၊ ခန္ဓာမှာကား၊ လိမ္မာတတ်သိ၊ ခေါ်ကြဘိ**
**ရှင့်** တဲ့။

ဆရာတော်ကြီးက ရှင်းရှင်းလေး လူ့လောကမှာ လိမ္မာတယ်ဆိုတာ တွေဟာ "လောကီရေးရာ လိမ္မာတယ်ဆိုတာတွေဟာ သညာတွေပေါ့ ကွ" တဲ့ ဒါပြောတာ။

**လူ၏ဘောင်မှာ၊ လူတကာနဲ့၊ လိမ္မာမြဲမူ၊ မှတ်စွဲဖြာဖြာ၊**
**ဤသညာပင်၊ နတ်မှာ နတ်လျောက်၊ လိမ္မာမြောက်၏။**

**ပညာနှင့် သညာ**

လူ့ဘောင် လူ့လောကမှာ သူများနည်းတူ ရောင်းတတ်တယ် ဝယ် တတ်တယ် စားတတ်တယ် ရောင်းရေးဝယ်တာ သိပ်လိမ္မာတာပဲ ဆိုတာ အဲဒါ ပညာမဟုတ်ဘူးတဲ့၊ သညာ၊ ဈေးဆေးလိမ္မာ ဖြစ်တယ်။ ပညာ အလိမ္မာ မဟုတ်ဘူး။ ဒါ သညာလိမ္မာတဲ့၊ ဒါပြောတာ။ ပြီးတော့ နတ်လဲပဲ နတ်အလျောက် လိမ္မာပါတယ်၊ သညာက္ခန္ဓာ နယ်ကျယ်ပုံပြောတာ။

**အောက်အပါယ်သား၊ ကျွဲနွားမြင်းဆင်၊ မြင်မြင်သမျှ၊**
**အနန္တလည်း၊ ဘာဝဘာဝ၊ သိတတ်ကြ၏။**

အောက်အပါယ်ဘုံသားဖြစ်တဲ့ ကျွဲတွေ နွားတွေ မြင်းတွေ ဆင် တွေ၊ အဲဒီသတ္တဝါတွေလဲပဲ သူတို့ရဲ့ ဘာဝဘာဝ ထိုက်သလောက်

ထိုက်သလောက် သိကြတယ်၊ အဲဒီလို သိလို့များ ဒီအသိကို ပညာ မထင်နဲ့ သညာပါတဲ့နော။

လောကအလုံး၊ မျှော်မဆုံးလျှင်၊ အသုံးတွင်စွာ၊
အလိမ္မာဟု၊ အခြာအချုပ်၊ ခေါ်သမုတ်၏။

လျှောက်ပြီးတော့ လောကထဲ သညာက္ခန္ဓာနယ်ကျယ်ပုံကို မျှော် မဆုံးအောင် ကျယ်လှတယ်၊ချုပ်ကြည့်လိုက်မယ်ဆိုယင်လောကီရေးရာ လိမ္မာတယ်ပါးနပ်တယ်ဆိုတာ ဒါ သညာက္ခန္ဓာပဲ။

မုဆိုးတံငါ၊ သူ့အရာဌ၊ လိမ္မာကျွမ်းကျင်၊ သညာပင်တည်း။

မုဆိုးများ တောထဲမှာ အင်မတန် ကျွမ်းကျင်တယ်၊ လူသာမန် တယောက်နဲ့ မုဆိုးနဲ့ အတူတူတဲ့သွား၊ မုဆိုးက ဒီတောထဲ အနံ့နံတာနဲ့ ဟာ ဒီတောထဲ ကျားရှိတယ် မရှိဘူး သိတယ်၊ အရပ်သား သာမန် က ဘာသိမလဲ၊ ဒါနဲ့ မုဆိုးကို ပညာရှိတယ် ပြောရမလား၊ မဟုတ် ဘူးတဲ့ သညာရှိတယ်ခေါ်။ သူ့အရာ သူကျွမ်းကျင်တာတဲ့။ မြစ်ထဲကို တံငါနဲ့ အရပ်သား သာမန်သွား၊ ဟော တံငါက ရေပွက်တာမြင်ယင် ဒါ ဘယ်ငါး၊ ငါးအကောင် ဘယ်လောက် ငါးနာမည် ဘယ်လိုငါးဆို တာ အကုန်သိတယ်။ တို့အရပ်သားတွေကတော့ ရေပွက်တာ ပွက် တာပဲ၊ ပုဇွန်မှန်း ငါးမှန်း မသိဘူး၊ လိမ္မာတာ ကျွမ်းကျင်တာကို ဒါ သညာက္ခန္ဓာခေါ်။

သို့စဉ်နည်းပြ၊ သိကုန်ကြလော့။

ဆရာတော်ကြီးက နယဒသနတဲ့၊ နည်းလောက်ပဲ သိရုံပြမယ်၊ ရှေ့ ကို အကျယ်ချဲ့ပြီးတော့ ကြည့်ကြပေါ့။

**ရူပသညာ၊ စသည်ဖြာသား၊ သညာ အပြား၊ အကျဉ်း အားဖြင့်၊ ခြောက်ပါးလာရှိ။**

ရူပါရုံအဆင်းနဲ့ ပတ်သက်ပြီးတော့ ပါးနပ်မှု အသံနဲ့ ပတ်သက်ပြီး ပါးနပ်မှု အနံ့နဲ့ ပတ်သက်ပြီး ဒါဟာ ရေမွှေးနံ့ ဒါက နှင်းဆီနံ့ ဒါ စံပယ်နံ့ စသည်ပါးနပ်မှု လိမ္မာမှု သိမှု ဒါတွေဟာ သညာက္ခန္ဓာလို့ ပြောတယ်။အဆင်းနဲ့ အသံနဲ့ အနံ့နဲ့ အရသာနဲ့ အတွေ့အထိနဲ့ ဓမ္မာရုံ နဲ့ ပတ်သက်ပြီးတော့ ပါးနပ်မှု ဒါတွေဟာ သညာက္ခန္ဓာတွေပါ။ ဒါ ပြောတာ။

သညာအပြား၊ အကျဉ်းအားဖြင့်၊ ခြောက်ပါးလာရှိ၊ ပွားပြန်ဘိမူ၊ မြေသီရေသိ၊ နေလသိက၊ စရှိသွယ်သွယ်၊ မဆုံးဖွယ်သည်၊ အကျယ် သညာက္ခန္ဓာတည်း။

သညာက္ခန္ဓာ နယ်ကျယ်ပုံကို လယ်တီဆရာတော်ဘုရားကြီး ရေး ထားတဲ့ လက်ာတပုဒ်လောက် ရယ်င်ပေါ့လေ၊ ရှတ်ကြည့်၊ ထပ်တလဲ လဲ ရှတ်ကြည့်ယင်ပေါ့လေ၊တရက်ထက်တရက် တခေါက်ထက်တခေါက် သဘောကျပြီး လာလိမ့်မယ်။ ဩော်-သညာဆိုတာ ဒီတရားတွေကို ခေါ်ပါကလား၊ ဒီတရားတွေသည် နေတံ မမ၊ ငါ့ဥစ္စာမဟုတ်ပါတ ကား။ နေသောဟမသို့၊ ငါမဟုတ်ပါတကား။ န မေသော အတ္တာ၊ ငါ၏လိပ်ပြာ မဟုတ်ပါတကားလို့။

ဤကဲ့သို့ ပညာယ အရနဲ့ ဝိပဿနာ ပညာက စပြီးတော့ မဂ်ပညာထိအောင် ဒီအတိုင်း ရှုသွားရမယ်လို့ ဆိုထားတယ်။ ဝိပဿ- နာ လုပ်သည်ကစပြီးတော့ မဂ်ပေါက်သည်ထိအောင် ဒီအတိုင်းသာ ရှုနေ။ မဂ်ပညာ ပေါ်ချိန်ကျတော့ ပေါ်လိမ့်မယ်။ ဝိပဿနာဉာဏ် ဆယ်မျိုးပြီးတဲ့နောက် မဂ်ပညာပေါက်ပြီးတော့ မဂ်ပညာ အသိနဲ့ သိသည်ထိအောင် ဒီအတိုင်းသွားပါ။

သင်္ခါရက္ခန္ဓာ။ လယ်တီဆရာတော်ကြီးက သင်္ခါရက္ခန္ဓာ ငါးဆယ် ဆိုယင် လူတွေ နားမလည်မှာစိုးလို့ အကျဉ်းချုပ် ဘာပြောသလဲ—

**ကာယဝစီ၊ မနောပြီတည့်၊ သုံးလီကမ္မ၊ သင်္ခါရမူ—**

သင်္ခါရက္ခန္ဓာဆို ဟိုတွေး ဒီတွေး တွေးနေလိမ့်မယ်။ ဒါကြောင့် ဆရာတော်ကြီးက ကာယကံမှု ပြုပြုသမျှ, ဝစီကံမှု ပြောပြောသမျှ, မနောကံမှု ကြံကြံသမျှ ဒီအမှုကိစ္စ အဝဝသည် သင်္ခါရက္ခန္ဓာလို့ သုံးပါးလုံးကို မှတ်ပေးတယ်၊ ဟုတ်လားနော်။ နောက်ငါးဆယ်တော့ လက်ာမဖော်တော့ပဲနဲ့ ချုံးတယ်။ ကာယကံမှု ပြုပြုသမျှ ဝစီကံမှု ပြောပြောသမျှ မနောကံမှု ကြံကြံသမျှ အဝဝသည် သင်္ခါရက္ခန္ဓာ၊ အဲဒီ သင်္ခါရက္ခန္ဓာ ငပ်သိမ်းဉဿုံ အလုံးစုံလဲပဲ "နေတံ မမ၊ ငါ့ဥစ္စာ မဟုတ်။ နေသောဟမသ္မိ၊ ငါမဟုတ်။ န မေသော အတ္တာ၊ ငါ၏လိပ် ပြာ ဝိညာဏ်မဟုတ်ပါတကား"ဒီလိုရှု။

**ဝိညာဏက္ခန္ဓာ – အာရုံယူဆို၊ အသိသဘော၊ စိတ်မနောကို၊ ဝိညာဏ်ဆို၏။**

ထိုထိုအာရုံကို ယူတတ်တဲ့ အသိသဘော တမျိုးရှိတယ်၊ အဲဒီသ ဘောကို ဝိညာဏ်ခေါ်တယ်။

**ထို ဝိညာဏ်ကား၊ မြင်, ကြား,နံ့,လျက်၊ ထိ, သိချက်ဟု၊ ခြောက်ခုအကျဉ်း။**

အမြင်စက္ခုဝိညာဏ် မြင်သိ သိတယ်၊ ကြားသိ သိတာ သောတ ဝိညာဏ်၊ နံ့ သိ သိတာ ဃာနဝိညာဏ်၊ စားသိလျက်သိ သိတာ ဇိဝှာဝိညာဏ်၊ ထိသိ သိတာ ကာယဝိညာဏ်၊ ကြံသိ သိတာ မနောဝိညာဏ်လို့ အဲဒီလို အကျဉ်းချုပ် အားဖြင့် ခြောက်ပါးပဲထား

တဲ့။ မြင်သိ ကြားသိ နံသိ လျက်သိ ထိသိ ကြံသိအား ခြောက်ထွေပြားတဲ့ ဝိညာဏက္ခန္ဓာ တရားအစုသည်“ငါ၏ ဥစ္စာ မဟုတ်၊ ငါ မဟုတ်၊ ငါ၏ လိပ်ပြာမဟုတ်ပါတကား”လို့ အဲဒီလို နှလုံးသွင်း၊ ခန္ဓာကမ္မဋ္ဌာန်းဆိုတာ အရှင်းဆုံးပဲ။

## အတ္တဒိဋ္ဌိစင် သောတာပတ္တိ မဂ်ဉာဏ်ဝင်

ဒီဟာကို ဘာဖြစ်လို့ ပြောရသလဲဆိုတော့ မြတ်စွာဘုရားက ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ=အတ္တဒိဋ္ဌိ မကပ်အောင် ကြိုးစား အနတ္တဘာဝနာကို ကြိုးစားပါလို့ မြတ်စွာဘုရား ညွှန်ကြားချက်အရ အနတ္တလက္ခဏ သုတ်က လာတဲ့ ခန္ဓာငါးပါး အနတ္တဘာဝနာ ကမ္မဋ္ဌာန်းကို ပြောခြင်းဖြစ်တယ်။ အားထုတ်တော့ ဘာဖြစ်လာမလဲ လို့ဆိုတော့–

ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ သီလဝါ ဒဿနေန သမ္ပန္နော။

ဒိဋ္ဌိဉ္စ၊ အတ္တဒိဋ္ဌိ ပုဂ္ဂလဒိဋ္ဌိသို့လည်း။ အနုပဂ္ဂမ္မ၊ အနတ္တဘာဝနာဖြင့် မကပ်ရောက်မူ၍ (ဝါ)မကပ်ရောက်သည်ရှိသော် မကပ်ရောက်အောင် ကြိုးကုတ်အားထုတ်သည် ရှိသော်။သီလဝါ၊ လောကုတ္တရာ သီလနှင့် ပြည့်စုံသည်ဖြစ်၍။ ဒဿနေန၊ (မကြာခင်) သောတာပတ္တိ မဂ်ဉာဏ်နှင့်။ သမ္ပန္နော၊ ပြည့်စုံသော ပုဂ္ဂိုလ် ဖြစ်ပေလိမ့်မည်။

အနတ္တာနုပဿနာသာ ကြိုးစား။ ကြိုးစားလို့ ရှိရင် စိတ်တွေ များမနေနဲ့။ ဝိပဿနာ ဉာဏ်က နေပြီးတော့ မဂ်ဉာဏ်မပေါက်မချင်း ကျင့်ပါ။ ဒီက မှုမပြောင်းဘူး ဆိုပြီးတော့သာ ကြိုးစားပါ။ အချိန်ကျတော့ မဂ်ဉာဏ် အမြင် ပေါက်လိမ့်မယ်။ ဘာဖြစ်လို့ ဒီလို ပြောနေတာလဲလို့ ဆိုတော့ ဝိပဿနာ ဉာဏ်ပညာသည် ကလလရေကြည်သားနဲ့ တူတယ်တဲ့၊ ယောဂီပုဂ္ဂိုလ်သည် မိခင်နဲ့တူတယ်တဲ့၊ မိခင်သည် မိမိ၏ ခန္ဓာကိုယ် ကြာတိုက်ခန်း ဝမ်းမှာ စွဲရောက်လာတဲ့ ကလလ

ရေကြည်သားကို ဒီနေ့ ဒီခုနစ်ရက်မှာ ကလလရေကြည်လေး ရှိသေး တယ်။ နောက်ခုနစ်ရက်မှာ သားကလေးဖွားချင်လို့ မဖြစ်ဘူးတဲ့။

ဒီအတိုင်းပဲ၊ ယောဂီပုဂ္ဂိုလ် တည်းဟူသော မိခင်သည် မိမိရဲ့ ဟဒယဝတ္ထုချုပ် တည်းဟူသော ကြာတိုက်ခန်း ဝမ်းထဲမှာ ဝိပဿနာ ဉာဏ်ပညာတည်းဟူသော ကလလရေကြည် သားကလေးတည်လို့ ခုနစ်ရက်နဲ့ မဂ်ဉာဏ်တည်းဟူသော သား ဖွားချင်လို့ မဖြစ်သေးဘူး၊ ကိုးလလွန်မြောက် ဆယ်လရောက်မှ အချိန်တန်မှ ဒီသားက ဖွားလို့ ဖြစ်မယ်၊ အချိန်တန် ကျတော့လဲပဲ ကိုယ်က မဖွားချင်ပေမယ့်လို့ ဒီသားက ဖွားတယ်။

အဲဒီ အတိုင်းပဲ ဝိပဿနာ ဉာဏ်ပညာတည်းဟူသော ကလလရေ ကြည် ပဌမတည်ဖို့ အရေးကြီးတယ်။ အဲဒီ တည်လာတဲ့ ဝိပဿနာ ဉာဏ်ပညာ ကလလရေကြည် ကိုယ်ဝန်သားကို လောဘတည်းဟူ သောပိုး စားမသွားအောင် ဒေါသတည်းဟူသောပိုး စားမသွား အောင် မောဟတည်းဟူသောပိုး စားမသွားအောင် စောင့်ရှောက်။ တရားနဲ့စောင့်ရှောက်။ တရားနာ တရားနှလုံး ကျင့်သုံးစောင့်ရှောက် ပြီဆိုလို့ ကိုးလလွန်မြောက် ဆယ်လရောက်တော့ မဂ္ဂဉာဏပရိပါစက တရားတွေ သဒ္ဓါဝီရိယ သတိ သမာဓိ ပညာဆိုတဲ့ ဣန္ဒြေငါးပါး၊ ဝိပဿနာ ဉာဏ်ပညာတည်းဟူသော ဒီသားကလေး လက်တွေ ခြေ တွေ ခေါင်းတွေနဲ့တူတဲ့ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာဆိုတဲ့ ဣန္ဒြေငါးပါး ခက်မငါးဖြာနဲ့တူတဲ့ ဒီဣန္ဒြေငါးပါးတို့ ရင့်သန်ဖို့ ကိုး လလွန်မြောက် ဆယ်လအတွင်းသို့ ရောက်လာတဲ့ ကိုယ်ဝန်သားလေး ရင့်လာပြီဆိုလို့ရှိယင်ဖြင့် အလိုလို မဂ်ဉာဏ်တည်းဟူသော သားလေး ဖွားလာလိမ့်မယ်တဲ့။ အဲဒီ ရောက်အောင် အနုတ္တဘာဝနာကို ဦးတည်

ပြီးတော့ပွား။ ပွားယင် လောကုတ္တရာသီလနှင့် ပြည့်စုံ၍ သောတာ-
ပတ္တိမဂ် အမြင်မှန် ပထမ ရောက်လိမ့်မယ်။ပြီးယင် အနတ္တဘာဝနာ
ပဲ ပြန်ပြီးတော့ပွားအုံး။ ပွားယင် ဘာဖြစ်မလဲ။

## သကဒါဂါမ် အနာဂါမ်

ကာမေသု၊ ရုန့်ရင်းသော ကာမတရားတို့၌။ ဂေဓံ၊ တပ်မက်တဲ့
တဏှာလောဘကို။ ဝိနေယျ၊ သကဒါဂါမိမဂ်ဖြင့် ပယ်ဖျောက်နိုင်လိမ့်
မယ်။

အဲဒီ သကဒါဂါမိမဂ်ဖြင့် ပယ်ဖျောက်လို့ သကဒါဂါမ် ပုဂ္ဂိုလ်အဖြစ်
ရောက်ပြီးတော့လဲပဲ ဒီအနတ္တဘာဝနာပဲထပ်ပွားတဲ့၊ လေးလှပြီကိုယ်
တော်၊ အရဟတ္တဖိုလ်ရောက်အောင် ဒီလိုပွားရမှာပဲ၊ ဒီသာသနာက
တော့ဖြင့် လေးတဲ့ဘဝမှာပေါ့လေ ပျင်းစရာကိုကောင်းအောင် လေး
တယ်။ ဒါ အနတ္တဘာဝနာပဲ တပ်ပွားလို့ အနာဂါမိမဂ်ဖိုလ် ရောက်
ပြီဆိုလို့ရှိယင်—

ကာမေသု၊ သိမ်မွေ့သော ကာမတရားတို့၌။ ရာဂံ၊ တပ်မက်တဲ့
သိမ်မွေ့သော ကာမရာဂကို။ဝိနေယျ၊ပယ်ဖျောက်၍။ (ဝါ)ပယ်ဖျောက်
နိုင်လိမ့်မယ်။ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်လတ်သည်ရှိသော်—

န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ။

ဇာတု၊ စင်စစ်။ ဂဗ္ဘသေယျံ၊ အမိဝမ်းတွင်း ကိန်းအောင်းရတဲ့ ဒီ
ကာမဘုံသို့။ ပုန၊ တဖန်။ န ဟိ ဧတိ၊ ဘယ်နည်းနဲ့မှ ပဋိသန္ဓေတည်နေ
လာရောက်မှု မရှိတော့ပြီ။

**အရဟတ္တဖိုလ်**

အနာဂါမိမဂ်ဖိုလ်ရောက်သွားယင် အမိဝမ်းတွင်းကိန်းအောင်းရတဲ့ ဒီကာမဘုံသို့ ပဋိသန္ဓေအနေဖြင့် မလာရောက်တော့ဘူး။ မလာရောက်ယင် အဲဒီ အနာဂါမ်ပုဂ္ဂိုလ်သည် ဘယ်ကိုသွားမလဲ၊ ဘဝသံသရာမဆုံးသေးတော့—

သုဒ္ဓါဝါသေသု နိဗ္ဗတ္တိတွာ တတ္ထေဝ အရဟတ္တံ ပါပုဏိတွာ ပရိနိဗ္ဗာတိ။

သုဒ္ဓါဝါသေသု၊ သုဒ္ဓါဝါသငါးဘုံတို့၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ တတ္ထေဝ၊ ထိုသုဒ္ဓါဝါသ ငါးဘုံ၌ပင်လျှင်။ အရဟတ္တံ ပါပုဏိတွာ၊ အရဟတ္တဖိုလ်သို့ ရောက်၍။ ပရိနိဗ္ဗာတိ၊ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းရှာလေ၏—

လို့-ဒေသနာအထွတ်ကို အဋ္ဌကထာကတပ်ပြီး မြတ်စွာဘုရား ဟောစဉ်ကလဲပဲ ပါဠိတော်မှာ အနာဂါမိမဂ်ဖိုလ်ပင်တပ်သော်လဲပဲအဓိပ္ပာယ်ကဖြင့် အနာဂါမ်ဖြစ်ပြီးတဲ့ ပုဂ္ဂိုလ်သည် အရဟတ္တမဂ် အရဟတ္တဖိုလ်ထိအောင် သုဒ္ဓါဝါသဘုံ၌ဖြစ်၍ ထိုဘုံမှာပင်အရဟတ္တဖိုလ်ပေါက်ရောက်၍ ပရိနိဗ္ဗာန်စံရလိမ့်မယ်။

အရဟတ္တဖိုလ် အထွတ်တပ်တဲ့ မေတ္တသုတ္တန် ဘာဝနာတရားဟောလဲပြီးရော ဘုရားကိုယ်တော်မြတ်က—

ဂစ္ဆထ ဘိက္ခဝေ တသ္မိံယေဝ ဝနသဏ္ဍေ ဝိဟရထ။

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ဂစ္ဆထ၊ သွားကြကုန်။ (စောစောက ကိုယ်တော်ငါးရာ ပြန်ပြီးတော့ အမှတ်ရကြည့်လိုက်စမ်း) တသ္မိံယေဝ ဝနသဏ္ဍေ၊ ထိုသင်ချစ်သားတို့ စွန့်ပစ်ထားခဲ့တဲ့ တောအုပ်၌ပင်လျှင်။ ဝိဟရထ၊ ဝါလပတ်လုံး သီတင်းသုံး နေထိုင်ကြကုန်လော့။

အဲဒီ တောထဲသွားပြီးတော့ ချစ်သားတို့ ပထမဝါ မမီလျှင် ဒုတိ-ယဝါ သွားနေကြကုန်။

ဇေဋ္ဌမူလ သုတ္တံ မာသဿ အဋ္ဌသု ဓမ္မဿဝနဒိဝသေသု
ဃဋ္ဋိတ် အာကောဋ္ဌေတွာ ဉဿာဝရေထ။

ဇေဋ္ဌမူလ သုတ္တံ၊ ဤမေတ္တသုတ် ပရိတ်တရားတော်ကိုလဲပဲ။ မာသ-ဿ၊ လ၏။ အဋ္ဌသု ဓမ္မဿဝနဒိဝသေသု၊ ရှစ်ရက်သော တရားနာတဲ့ နေ့တို့၌။ (အဖိတ်နေ့ ဥပုသ်နေ့ရှေးတုန်းကတော့ နှစ်ရက်ဆက်ဆက်ပြီး တော့ တရားပွဲ ကျင်းပလေ့ရှိတယ်။) ဓမ္မဿဝနဒိဝသေသု။ တရားနာရ တဲ့ ရှစ်နေ့တို့၌။ ဃဋ္ဋိတ် အာကောဋ္ဌေတွာ၊ ခေါင်းလောင်း ကျောက် စည်များ တီးရိုက်၍။ ဉဿာဝရေထ၊ ချစ်သားတို့ ရွတ်ပွားကြကုန်။

တလလျှင် ရှစ်ကြိမ်ရှစ်ကြိမ် ရွတ်ရတယ်။

ဇေဋ္ဌမေဝ ကမ္မဋ္ဌာနံ အာသေဝထ ဘာဝေထ ဗဟုလီကရောထ။

ဇေဋ္ဌမေဝ ကမ္မဋ္ဌာနံ၊ ဤမေတ္တာဘာဝနာ ကမ္မဋ္ဌာန်းကိုပင်လျှင်။ အာသေဝထ၊ မှီဝဲကြကုန်။ ဘာဝေထ၊ ပွားများကြကုန်။ ဗဟုလီကရော ထ၊ ကြိမ်ဖန်များစွာ လေ့လာကြကုန်။

ဒီကလာတဲ့ မေတ္တာကိုပဲ အာသေဝန အထုံရောက်အောင် ဘာဝနာနှလုံး ထပ်တလဲလဲ ပွားများကြ။ ဒီလို မြတ်စွာဘုရားက မိန့်တော်မူတယ်။

တေပိ ဝေါ အမနုဿာ တံ ဘေရဝါရမ္မဏံ န ဒဿေဿန္တိ။

တေပိ အမနုဿာ၊ ထိုဖောအုပ်မှာ နေကြတဲ့ မြေဘုတ် ဘီလူး ဘုမ္မစိုး ရုက္ခစိုး နတ်တို့လဲပဲ။ ဝေါ၊ သင်ချစ်သားတို့အား။ တံ ဘေရ-

ဝါရမ္ဘဏံ၊ ထိုကြောက်မက်ဖွယ်ကောင်းတဲ့ အာရုံကို။ န ဒဿေဿန္တိ၊ ဒီက နောက် ပြကြမည် မဟုတ်ကုန်။

အညဒတ္ထု အတ္ထကာမာ ဟိတကာမာ ဘဝိဿန္တိ။

အညဒတ္ထု၊ စင်စစ်သော်ကား။ အတ္ထကာမာ ဟိတကာမာ၊ အကျိုးစီးပွား လိုလားကြတဲ့ ကလျာဏမိတ်ဆွေတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကြလိမ့်မယ်။

ရဟန်းငါးရာ ရဟန္တာ ဖြစ်ခြင်း

ရဲရဲသာသွားကြ။ ရောက်ပြီဆိုယင် ဤမေတ္တာသုတ္တန်တရား ဆွေးနွေးကြ။ အနုမောဒနာပြုကြ။ အဲဒီလို ဆိုပြီးတော့ မြတ်စွာဘုရား လွှတ်လိုက်တယ်။ ရဟန်းတော် ငါးရာ ထိုတောအုပ်ကိုပြန်။ တဖန် ဝါကပ်၍ မေတ္တာဘာဝနာနှလုံး ကျင့်သုံးပြီးသကာလ ထိုမေတ္တာကို အခြေခံ၍ ဝိပဿနာတရား အနတ္တလက္ခဏာသုတ်တို့ကလာတဲ့ ဝိပဿနာ တရား ပွားများ ကြိုးကုတ် အားထုတ်တော့ ဒီကိုယ်တော်တွေ ဘာဖြစ်သလဲလို့ ဒီကိုယ်တော်တွေရဲ့ အဖြစ်ကို–

> တေပိ ဘိက္ခူ တမေဝ မေတ္တံ ဘာဝေတွာ တမေဝ စ ပါဒကံ ကတွာ ဝိပဿနံ အာရဘိတွာ သဗ္ဗေ တသ္မိံယေဝ အန္တောတေမာသေ အဂ္ဂဖလံ အရဟတ္တံ ပါပုဏိတွာ မဟာပဝါရဏာယ ဝိသုဒ္ဓိပဝါရဏံ ပဝါရေသုံ။

တေပိ ဘိက္ခူ၊ ထိုငါးရာသော ရဟန်းတော်တို့သည်။ (တံ ဝနသဏ္ဍံ ထို မြတ်စွာဘုရား ညွှန်ကြားလိုက်တဲ့ တောအုပ်သို့။ ဂန္တွာ၊ သွား၍။) တမေဝ မေတ္တံ၊ ထိုမေတ္တာ ကမ္မဋ္ဌာန်းကိုပင်လျှင်။ ဘာဝေတွာ ဘာဝေသုံ၊ ပွားများကြကုန်ပြီ။ ဘာဝေတွာ၊ ပွားများတော်မူကြ၍။ တမေဝ၊ စ၊

ထို မေတ္တာဘာဝနာ စျာန်ကိုပင်လျှင်။ ပါဒကံ ကတွာ၊ အခြေပါဒ ပြု၍—

(ဒီအလုပ်လုပ်တယ် သာသနာအလုပ် လုပ်တယ်ဆိုတာ ပထမ သီလ! ပြီးပြီဆိုယင် သမာဓိ၊အခု မေတ္တာဘာဝနာဖြင့် သမာဓိ အခြေခံ တင်ရတယ်၊ အဲဒီလို ပါဒကံ ကတွာ၊ သမာဓိအခြေခံပြု၍)

ဝိပဿနံ၊ဝိပဿနာတရားကို။အာရဘိတွာ အာရဘိံသု၊အားထုတ် တော်မူကြကုန်ပြီ။

မေတ္တာဘာဝနာ သမာဓိကို အခြေခံပြီးမှ ဒိဋ္ဌိဋ္ဌ အနုပဂ္ဂမ္မ-ဟူသော ဘုရား၏ အမိန့်တော်အရ အနတ္တာနုပဿနာ ဘာဝနာကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်း ကြိုးပမ်းအားထုတ်တော်မူကြတော့—

အာရဘိတွာ၊ကြိုးပမ်းအားထုတ်တော်မူကြပြီး၍။ သဗ္ဗေ၊ခပ်သိမ်း ဥဿုံ အလုံးစုံသော ရဟန်းတော် ငါးရာတို့သည်။တသ္မိံယေဝ အန္တော တေမာသေ၊ ထိုဝါတွင်းသုံးလမှာပင်လျှင်။အဂ္ဂဖလံ၊ အမြတ်ဆုံးဖိုလ် ဖြစ်သော။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိံသု၊ ရောက်တော်မူကြ ကုန်ပြီ။ ပါပုဏိတွာ၊ ရောက်တော်မူကြပြီး၍။ မဟာပဝါရဏာယ၊ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌။ ဝိသုဒ္ဓိပဝါရဏာ၊ကိလေသာ အာသဝေါ ကုန်ခန်းစင်ကြယ်သော ရဟန္တာသခင် အရှင်သူမြတ်တို့၏ ပဝါရဏာပြုခြင်းကို။ ပဝါရေသုံ၊ ဖိတ်မန္တက ပြောကြားလျှောက်ကာ ပဝါရဏာပြုတော်မူကြလေကုန်ပြီ။

သာဓု....သာဓု .. သာဓု

## ရဟန္တာတို့၏ ဝိသုဒ္ဓိပဝါရဏာ

သီတင်းကျွတ် လပြည့်နေ့မှာ ဝိသုဒ္ဓိပဝါရဏာဆိုတာ မိမိကိုယ်တိုင်က ရဟန္တာဖြစ်ပြီးတော့ တစ်ထောင့်ငါးရာ ကိလေသာတွေမှ စင်ကြယ်တဲ့ ဝိသုဒ္ဓိပုဂ္ဂိုလ်တို့၏ ဖိတ်ကြားခြင်း ပဝါရဏာလို့ ဝိသုဒ္ဓိပဝါ-ရဏာဆိုတာ ရဟန္တာပုဂ္ဂိုလ်များပြုတဲ့ ပဝါရဏာကို ခေါ်တယ်။ ဘုန်းကြီးဖို့သီတင်းကျွတ်လပြည့်နေ့ ပဝါရဏာပြုတယ်။

သံဃံ ဘန္တေ ပဝါရေမိ=တပည့်တော် သံဃာကိုဖိတ်ကြားလျှောက်ထားပါတယ်။

ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ။[၁]

တပည့်တော်အပေါ်မှာ မြင်တာနဲ့ ကြားတာနဲ့ စိတ်ထဲမှာ ယုံမှားတာ ရှိလို့ ရှိယင်ဖြင့် တပည့်တော်အား မေတ္တာရှေ့ထား သနားသဖြင့် ဖွင့်၍ ပြောကြားတော်မူကြပါ။ ပဿန္တော ပဋိကရိဿာမိ၊ တပည့်တော်သည် အပြစ်ကို အပြစ်အနေနဲ့ ရှုပြီးတော့ ထိုအပြစ်ကို တပည့်တော် ကုစားပါ့မယ်လို့ ဒီလို လျှောက်ထားပါတယ်။ အဲဒီလိုပါဠိလို လျှောက်ထားတာကို ဘုန်းကြီးတို့ ပဝါရဏာ ပြုတယ်လို့ခေါ်တယ်။

အဲဒီလို ပဝါရဏာပြုခြင်းမှာ မိမိသန္တာန်မှာ လောဘ ဒေါသ မောဟ ကိလေသာ မကုန်သေးသော ပုထုဇဉ် သောတာပန် သက-ဒါဂါမ်တို့ရဲ့ ပဝါရဏာကို ဝိသုဒ္ဓိပဝါရဏာလို့ မခေါ်နိုင်ဘူး။

---

၁။ ဝိ၊ ၃၊ ၂၂၃။

ရဟန္တာသခင် အရှင်သူမြတ်တို့ ပြုတဲ့ ပဝါရဏာကိုမှ ဝိသုဒ္ဓိပဝါ-ရဏာလို့ ခေါ်နိုင်တယ်။ ဒီသာသနာမှာတော့ အင်မတန်ဂုဏ်ရှိတဲ့ အသုံးကြီးပါ။ အဲဒီ ငါးရာသော ရဟန္တာသခင် အရှင်သူမြတ်တို့သည် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ဝိသုဒ္ဓိပဝါရဏာ ပြုတော်မူကြပြီဆိုတော့ ငါးရာလုံး အရဟတ္တဖိုလ်ပေါက် ရောက်တော်မူကြသည်။ သာသနာမှာ အရဟတ္တဖိုလ် နိဗ္ဗာန်မှာဆုံးယင် တရားဆုံးတာချည်းပဲ။

မေတ္တာသုတ္တန်နိဂုံး

ဒီလို အရဟတ္တဖိုလ်ပေါက် မေတ္တာသုတ္တန် ဘာဝနာတရား ကြားနာရခြင်း တည်းဟူသော ဓမ္မဿဝနကုသိုလ်ကံ စေတနာ, သရဏဂုံ သီလတို့ကို ဆောက်တည်ရခြင်း ကောင်းမှုကုသိုလ်ကံ စေတနာ, ဤမေတ္တာသုတ္တန် တရားဒေသနာကိုနာစဉ် မိမိတို့ ဉာဏ်မီသလောက် သမထဝိပဿနာ ဘာဝနာနှလုံး ကျင့်သုံးရခြင်း ဘာဝနာမယ ကောင်းမှုကုသိုလ်ကံ စေတနာ ဤသို့စသည့်များမြတ် ပေါင်းအပ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ဤမေတ္တာသုတ္တန် အတ္ထုပ္ပတ္တိအကြောင်းရင်း ဖြစ်တော်မူကြသော ငါးရာသော ရဟန်းတော်တို့၏ စံရာ ခေမာပူရ အမတကြငှန်း နိဗ္ဗာန်နန်းကို မပင်မပန်း ချမ်းသာလွယ်ကူသောအကျင့် ပဋိပတ် လျင်မြန်တဲ့ အသိဉာဏ် ရည်သန်တောင့်တရင်းရှိသော မဂ်ဉာဏ် လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် ကိုယ်စီကိုယ်ငှ မျက်မှောက် ပြုနိုင်ကြတဲ့ကိုယ် ဖြစ်ပါစေကုန်သတည်း။ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထိုနောက်ဆုံးဘဝ ပရိနိဗ္ဗာနစုတိ၏ အခြားမဲ့နောက်ကာလ၌ ရုပ်နာမ်နှစ်ဖြာ

ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့ တဖန်မဖြစ်သောချုပ်ခြင်း ငြိမ်းခြင်း တည်းဟူသော အနုပ္ပါဒနိရောဓ အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရစေကုန် သတည်း။

အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ် ကိလေသဝဋ် ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးပုံကြီး အပြီးတိုင် ငြိမ်းကြစေကုန်သတည်း။

သာဓု....သာဓု....သာဓု

ဓေတ္တာသုတ် ပရိတ်တရားတော် ပြီးပြီ။

# ဟေမဝတသုတ္တန်တရားတော်

## အာယတနနှင့်ပတ်သက်၍ ရှုမှတ်ရာ၌ တရားသားများပါဝင်သည့် အာဒိတ္တသုတ်နှင့် ယှဉ်တွဲဟောကြားခြင်း

ကောဇာသက္ကရာဇ် ၁၃၃၃-ခုနှစ်၊ သာသနာတော် ၂၅၁၅-ခု၊ တပေါင်းလပြည့်ကျော် ၃-ရက်နေ့၌ မင်းလှမြို့ ဒါယကာ ဒါယိကာမ ကြီးငယ်တစုတို့၏ ၂၅-နှစ်မြောက် ဝိနယဓမ္မာနုဂ္ဂဟစာမေးပွဲ ငွေရတုဓမ္မပူဇာသဘင်၌ ဘုန်းကြီးအနေနဲ့ ၂-ရက်မြောက် ဟော ကြားအပ်သော သုတ္တနိပါတ် ပါဠိတော်လာ ဟေမဝတသုတ္တန် တရားလို့ နှစ်ပိုင်းလောက်ထားပြီးတော့ ဘုန်းကြီးပြောရပါ့မယ်။

**အာယတန ၁၂-ပါး**

အဲဒီ ဟေမဝတသုတ္တန် တရားတော် အတွင်းထဲက တရားသား အာယတန ၁၂-ပါးမှာ လုပ်ငန်းပါပါတယ်။ ကိုတင်ပြီးတော့ မိမိတို့ ခန္ဓာကိုယ်မှာ တကယ် ပရမတ္ထအားဖြင့်ရှိသော အာယတန ၁၂-ပါး တရားများကို ပရမတ်မျက်စိနဲ့ စောစီးက ကြည့်ထားရအောင်။ အဲဒီလို ကြည့်မယ်ဆိုယင် လယ်တီဆရာတော်ဘုရားကြီး ရေးတဲ့ အာယတနလင်္ကာကို ပန်းသီကြိုးသဖွယ် မြင်ထားပြီးတော့ စဉ်းစား ရအောင်၊ ဆရာတော်ဘုရားကြီးက အာယတနလင်္ကာရေးတော့—

> ထွေထွေလာလာ၊ များတကာတို့၊ တည်ရာစုရာ၊ သက်
> ရောက်ရာကို၊ အာယတန၊ ခေါ်ဆိုကြ၏။

**အာယတနအဓိပ္ပာယ်**

အများတကာ စုဝေးပေါင်းဆုံရာဖြစ်တဲ့ မီးရထားဘူတာရုံကြီး ရေဆိပ်သင်္ဘောဆိပ်ကြီး လေဆိပ်ကြီး အများတကာစုဝေးပေါင်းဆုံရာ ဖြစ်တဲ့ ရုပ်ရှင်ရုံကြီး ဇာတ်ရုံကြီးများကို ပါဠိနယ်ပယ်မှာ အာယတန လို့ ခေါ်တယ်။ ထို့အတူပဲတဲ့ ဇာတ်ရုံကြီး ရုပ်ရှင်ရုံကြီး လေဆိပ်ကြီး သင်္ဘောဆိပ်ကြီး ဘူတာရုံကြီးများလို မိမိကို အာရုံပြု၍ ဖြစ်ကြ သော စိတ် စေတသိက်ဆိုတဲ့ အာရမ္မဏိက တရားတွေ မြောက်မြား စွာ ပေါင်းဆုံ စုံတည်ရာဖြစ်လို့ အခု ပြောပြမဲ့ မျက်စိ,နား,နှာ,လျှာ, ကိုယ် စိတ် အစရှိသော တရားဆယ့်နှစ်စုကိုလဲပဲ ပါဠိလို အာယတန လို့ ခေါ်ဆိုရတယ်။

ဒီတော့ အခုပြောမဲ့ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ ဒီအတွင်းတရားခြောက်ပါး၊ အဆင်း, အသံ, အနံ့, အရသာ, အတွေ့ အထိ, ဓမ္မသဘော ခြောက်ပါးသော အပြင်အာယတနတရား-ဒီတရား များသည် မိမိတို့ကို အာရုံပြု၍ဖြစ်သော မြောက်မြားစွာသော စိတ် စေတသိက်တို့ ပေါင်းဆုံ စုဝေးတည်ရာ သက်ရောက်ရာ ဖြစ်သော ကြောင့် သူတို့ကို အာယတနလို့ခေါ်တယ်။ ဒါကို ဆရာတော်ဘုရား ကြီးက "ထွေထွေလာလာ၊ များတကာတို့၊ တည်ရာစုရာ၊ သက်ရောက် ရာကို၊ အာယတန၊ ခေါ်ဆိုကြ၏" ဒါကာတပိုဒ်။

**ဌာနကာရဏ၊ စသည်အနက်၊ အများထွက်၏။**

ဒီ အာယတနသဒ္ဒါ၏အခြားအနက်တွေ အများကြီးပဲ ရှိသေးတယ် တဲ့။ ဌာနအနက် ကာရဏအနက် စသည်ဖြင့်အများကြီးပဲ ထွက်ပါသေး တယ်၊ဒါတွေ ထားလိုက်ပါတော့တဲ့၊လိုရင်းအနက် ထွက်ရပ်ကို မိအောင် သမောသရဏအနက်ဆိုတဲ့ အာရမ္မဏိကတရား မြောက်မြားစွာတို့

စုဝေးပေါင်းဆုံရာ ဖြစ်သောကြောင့် အာယတနခေါ်တယ်၊ ဒီအချက်နဲ့ပဲ ပိုင်ပိုင်နိုင်နိုင် မှတ်ထားပါတဲ့။

**အဇ္ဈတ္တိကာယတန ၆-ပါး**

တရားသား ထုတ်ကြစို့တဲ့—

**စက္ခုသောတ၊ ဃာနဇိဝှါ၊ ကာယမနော၊သဘောတရား၊**
**ဤခြောက်ပါးမူ၊ ကိုယ်တွင်းဟူဘိ၊အဇ္ဈတ္တိက၊အမည်ရ၏။**

ပါဠိလို စက္ခုရယ် သောတရယ် ဃာနရယ် ဇိဝှါရယ် ကာယရယ် **မ**နရယ်၊ မြန်မာလို—ခန္ဓာကိုယ် အထက်ပိုင်းမှာရှိတဲ့ မျက်စိရယ် နားရယ် နှာရယ် လျှာရယ် တကိုယ်လုံးမှာပျံ့နှံ့ပြီးတည်နေတဲ့ ကိုယ်အကြည်ဆိုတဲ့ ကာယပသာဒရယ် ဟဒယနှလုံးအိမ်မှာ တည်ရှိနေတဲ့ မနောခေါ်တဲ့ စိတ်ရယ် ဒီ တရားခြောက်မျိုး ဒီတရားခြောက်ခုသည် "ကိုယ်တွင်းဟူဘိ၊ အဇ္ဈတ္တိက၊ အမည်ရ၏" လူတိုင်းလူတိုင်း အတွင်းသားထားလို့ ဒီတရားခြောက်ပါးကို ပါဠိလို **အဇ္ဈတ္တိက အတွင်းအာယတန ခြောက်ပါး**လို့ ခေါ်တယ်။ အပြင်ဘက်က သစ်ပင် တောတောင်စသည်မှာ ရှိတာကို ပြောနေတာ မဟုတ်ဘူး မိမိတို့ ကိုယ်ခန္ဓာမှာတကယ် ပရမတ္ထ အနေနဲ့ ရှိတာ။

မျက်စိရယ် နားရယ် နှာရယ် လျှာရယ် ကိုယ်ရယ် စိတ်ရယ် အတွင်းအာယတန ခြောက်ပါးရှိပါတယ်တဲ့။

**ဗာဟိရာယတန ၆-ပါး**

**ရူပ သဒ္ဒ၊ ဂန္ဓရသာ၊ ဖောဋ္ဌဗ္ဗာနှင့်၊ ဓမ္မာဟူသည်၊ ဤ**
**ခြောက်မည်ကား၊ ဗာဟိရာယတန၊ အမည်ရ၏။**

**ပါဠိ**လို—ရူပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန ဓမ္မာယတန။ မြန်မာလို ပြောလို့ရှိယင် ဒီခန္ဓာကိုယ် ထဲမှာ မျက်စိနဲ့ ကြည့်လို့မြင်ရတဲ့ အဆင်းမျိုးစုံ ရူပါရုံ ဒါလဲရှိတယ်။ နားနဲ့ထောင်လို့ ကြားရတဲ့ အသံမျိုးစုံ သဒ္ဒါရုံ ဒါလဲပဲရှိတယ်။ သူ့ကို သဒ္ဒါယတန၊ ရူပါရုံကိုတော့ ရူပါယတန၊ နှာခေါင်းနဲ့ နမ်းရှူလို့ သိရတဲ့ အနံ့မျိုးစုံ ဂန္ဓာရုံဆိုတဲ့ ဂန္ဓာယတန၊ လျှာနဲ့ လျက်ယင် သိရတဲ့ အရသာ မျိုးစုံဆိုတဲ့ ရသာယတန၊ ကိုယ်နဲ့စမ်းကြည့်ယင် သိရတဲ့ အကြမ်းအနု ကြမ်းယင် ကြမ်းမယ် နုယင် နုမယ်၊ ဒါ ပထဝီအတွေ့ အပူအအေး၊ ပူယင် ပူမယ် အေးယင် အေးမယ်၊ တကိုယ်လုံး စမ်းကြည့်ယင် ဒီနှစ်ခု တခုခုတွေ့ရမယ်၊ ဒါက တေဇောအတွေ့ တေဇောဖောဋ္ဌဗ္ဗ၊ စမ်းကြည့် လိုက်ယင် ပျော့ယင်ပျော့မယ် မာယင်မာမယ် ဒီ ပျော့မှု မာမှုဟာ ဝါယောဖောဋ္ဌဗ္ဗ၊ ပရမတ္ထ သဘောနဲ့ပြောယင် ဒါ ဝါယောအတွေ့၊ အဲဒီ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံခေါ်တဲ့ ဖောဋ္ဌဗ္ဗာယတန။

အဲဒီက ကျန်တဲ့ အာရုံကိုခံစားမှု အာရုံကိုမှတ်သားမှု အာရုံကို သိမှု အာရုံကိုတပ်မက်မှု စသည်ဖြင့် တရားလုံး ငါးဆယ့်နှစ်ပါးရှိသော စေတသိက်တရားတွေ၊ စိတ်နဲ့သာ ကြံဆသိရတဲ့ အာပေါ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ဟဒယရုပ် ဇီဝိတရုပ် အာဟာရရုပ် အစရှိတဲ့ အလွန်သိမ် မွေ့သော သုခုမရုပ်တွေ၊ အဲဒီတရားတွေကတော့ စိတ်နဲ့သာ ကြံဆ သိရတဲ့ ရုပ်နာမ်နှစ်ပုံ ဓမ္မာရုံလို့ခေါ်တဲ့ ဓမ္မာယတန၊ ဒီအာယတန ခြောက်ပါးကိုလဲ လူတိုင်းလူတိုင်း အပြင်ထားကြလို့ သူတို့ကို **ဗာဟိရာ-ယတန** ခြောက်ပါးလို့ ခေါ်တယ်။

အခုပြောနေတဲ့ တရားတွေဟာ အပြင်ဘက်က ပညတ် တရား တွေကို ပြောနေတာမဟုတ်ဘူး။ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် တို့ရဲ့ သန္တာန်မှာ ပရမတ္ထအားဖြင့် အဟုတ်တကယ်ရှိနေတဲ့ တရား

ဆယ့်နှစ်ခုကို ပြောနေတယ်။ အစ ခြောက်ခုကိုတော့ အတွင်း၊ နောက်ခြောက်ခုကိုတော့ အပြင်လို့ဆိုတော့ ဘာဖြစ်လို့ အတွင်းအပြင် ပြောရသလဲ၊ မိမိပိုင်တဲ့ပစ္စည်းကိုကြည့်၊ အတွင်းပစ္စည်းဆိုတာ စိန်တို့ ရွှေတို့ ငွေတို့ ဒါတွေကို လူတိုင်း လူတိုင်း အတွင်းသားထားကြတယ်။ အေး-အပြင်ပစ္စည်းဆိုတာ ဗန်းတို့ စကောတို့ စာပွဲတို့ စတဲ့ပစ္စည်းက တမျိုး၊ အဲဒါ မျက်စိနဲ့ အဆင်းဆိုတဲ့နေရာမှာ တဦးတယောက်က အာဏာပိုင်ပုဂ္ဂိုလ်တယောက်က 'အသင်-အသင်ရဲ့မျက်စိကို ကျုပ်ကို နှမ်းစေ့လောက် ဖဲ့ပေးရမယ်၊ ဒါမှ မပေးချင်ယင် အသင့်ခန္ဓာကိုယ် တနေရာရာက မျက်စိနဲ့ မြင်ကောင်းတဲ့ အဆင်းရူပါရုံကို နှမ်းစေ့ လောက် ဖဲ့ပေးရမယ်၊ ဒီ နှစ်မျိုး တမျိုးမျိုးတော့ ပေးရမယ်၊ မပေး ယင် မနေရဘူး"လို့ အတင်းအကြပ်တောင်းလို့ မပေးပဲ မနေရတဲ့ အခြေရောက်ယင် "ကဲဗျာ မျက်စိတော့ဖဲ့မယူပါနဲ့၊ဟောဒီ ခြေဖနောင့် ကနေပြီးတော့ အဆင်းသာ အခုပြောသလောက် ဖဲ့ယူသွားပါ"လို့ ပြောမယ်၊ မျက်စိကိုတော့ ဘယ်တော့မှမပေးဘူး၊ ဘာပြုလို့လဲ၊ မျက်စိ ယူသွားယင် ကျုပ် ဘယ် လူချင်းတူမှာလဲ၊ ဒါ ပြောမယ်။

နားနဲ့အသံ။ နားကျတော့ ထို့အတူပဲ နားတော့ မပေးနိုင်ဘူးဗျာ၊ ခင်ဗျား အသံလိုချင်ယူသွား၊ အဲဒီလို ပြောတာက နားနဲ့အသံဆိုယင် နားကို လူတိုင်း လူတိုင်း အတွင်းသားထားလို့ မပေးရက်ဘူး၊ အသံကျ တော့ လွယ်လွယ်နဲ့ပေးတယ်၊ ဒါ-အတွင်း အပြင် သဘောထားပုံကို ပြောနေတယ်။

နှာခေါင်းနဲ့အနံ့။ နှာခေါင်းတော့ မပေးနိုင်ဘူးဗျာ၊ အနံ့ လိုချင် ယူသွား၊ ဒီလိုပြောမယ်။ လျှာနဲ့အရသာ လျှာမရှိယင် ကျုပ်ဘာစား မလဲ ဒီတော့ လျှာတော့ မပေးနိုင်ဘူး ခင်ဗျာ၊ အရသာတော့ နှုန်းယူသွား၊ ဒီလိုပြောလိမ့်မယ်။ ကိုယ်နဲ့အတွေ့ ကာယပသာဒခေါ်တဲ့ ဒီကိုယ်ကို

တော့ မပေးနိုင်ဘူး၊ အတွေ့ကို ခင်ဗျားလိုချင်တဲ့နေရာက ဖွဲ့ယူသွား၊ ဒီလိုပြောလိမ့်မယ်။ ကိုယ်ကို အတွင်းထားတယ်၊ အတွေ့ကိုအပြင်ထား တယ်။ ဒ္ဓါရနဲ့အာရုံ ဒီလိုကိုက်ပြီးတော့ ပြောနေပါတယ်။

စိတ်ဆိုတဲ့မနောနဲ့ ဒီဒ္ဓါရမှာ ထင်တဲ့ ဓမ္မာရုံနဲ့ ဒီနှစ်ခု တခုခုတော့ ပေးရလိမ့်မယ်ဆိုယင် ဘယ် စိတ်ကို ပေးလို့ဖြစ်မလဲ၊ ခင်ဗျား စိတ်ပေး လိုက်လို့ ကျုပ်စိတ်မရှိယင် ဘယ်လူဖြစ်တော့မလဲ၊ လူချင်းမတူဘူး။ အဲဒီတော့ လိုချင်ယင် ဓမ္မာရုံ ဓမ္မာယတနထဲက တခုခုဖွဲ့ယူသွား၊ ဒီလို ပြောမယ်။

လူတိုင်းလူတိုင်း မျက်စိ နား နှာ လျှာ ကိုယ် စိတ်ကို အတွင်းသား ထားတယ်။ အဆင်း အသံ အနံ့ အရသာ အတွေ့အထိ ဓမ္မသဘော ဒီခြောက်ပါးကိုတော့ အပြင်ထားတယ်တဲ့၊ ဒါကြောင့် ရှေ့ခြောက် ပါးကို အဇ္ဈတ္တိကာယတန နောက်ခြောက်ပါးကို ဗာဟိရာယတန လို့ ဒီလို စာပေနယ်ပယ်မှာ ခေါ်ရတယ်။

ဆရာတော်ဘုရားကြီးက ဆက်ပြီးတော့ လင်္ကာရေးတယ်–

မနမှာမူ၊ ခြောက်ဖြာဝိညာဏ်—

မနာယတနဆိုတာ အမောင်တို့ အမိတို့ ဟို ဝိညာဏက္ခန္ဓာပိုင်း တုန်းက ပြောခဲ့တဲ့ မြင်မှု ကြားမှု နံမှုလျက်မှု ထိမှု သိမှု ဆိုတဲ့ ဝိညာဏ် ခြောက်ပါးကို မနာယတနခေါ်တယ်လို့ ဒီလို အမိန့်ရှိတယ်။

ဓမ္မတွင်မူ၊ အစဉ်ပါလစ်၊ ရှေ့ဆယ့်တစ်မှ၊ ကျန်သမျှတည်း

ဓမ္မာယတနဆိုတာ ရှေ့ဆယ့်တစ်ပါးက ကျန်သော စေတသိက် ငါးဆယ့်နှစ်ပါး သုခုမရုပ် ဆယ့်ခြောက်ပါးဆိုတဲ့ အဲဒီတရားတွေကို ဓမ္မာယတနခေါ်တယ်လို့ ဒါပြောနေတယ်၊ ဆရာတော်ဘုရားကြီးက။

သူ့စာစကားက အဲဒါလောက်ပြောလို့ ဒီခန္ဓာကိုယ်ထဲမှာ အာယတန ဆယ့်နှစ်ပါး တရားသားကို မြင်သွားမယ်။ မြင်သွားယင် ခန္ဓာ အာယတန ဓာတ် သစ္စာ လက္ခဏာကို ကျက်ထားတဲ့ အဘိဓမ္မာတပည့် ပရမတ္ထ စာသင်သားဟာ နားလယ်သွားမယ်။ ဒီတော့ ဆရာတော်ကြီးက ရှေ့ဆက်ပြတယ်။

## အာဒိတ္တသုတ္တန်

**အာဒိတ္တသုတ်၊ ဖော်ပြထုတ်မှုတဲ့–**

အာယတနနဲ့ ပတ်သက်လာယင် အာဒိတ္တပရိယာယသုတ်နဲ့ ကိုင်ပြီးတော့ ဒုက္ခလက္ခဏာ များများပေါ်အောင် ကြည့်ရမယ်။ အာဒိတ္တသုတ်ဆိုတာ ဝိနည်းမဟာဝါ ပါဠိတော်မှာ[၁] မြတ်စွာဘုရားက ဥရုဝေလကဿပညီနောင် သုံးဦးခေါင်းဆောင်တဲ့ တစ်ထောင်သော ရသေ့ဖြစ်ခဲ့ဖူးတဲ့ ရဟန်းများကို ဂယာသီသကျောက်ဖျာပေါ်၌ အရဟတ္တဖိုလ်ပေါက်အရောက်ဖြိုဖျက် ဟောကြားတဲ့သုတ်ကို အာဒိတ္တသုတ် လို့ခေါ်တယ်။ ဆရာတော်ကြီးက အဲဒီသုတ်နဲ့ ကြည့်ရအောင်တဲ့၊ အာဒိတ္တသုတ် ဖော်ပြထုတ်မှု။

**အာယတနတပါးတပါး၌ မီး ၁၁-ပါးလောင်ပုံ**

စက္ခုံ ဘိက္ခဝေ အာဒိတ္တံ။

ချစ်သားတို့ မျက်စိခေါ်တဲ့ အကြည်ရုပ်သည် ရဲရဲပြောင်ပြောင် တောက်လောင်၍ နေလေ၏။ မျက်စိခေါ်တဲ့ အကြည်ကို အမြဲတမ်း လောင်နေတယ်တဲ့၊ ဘာလောင်သလဲ။

ကေန အာဒိတ္တံ=အဘယ်ဖြင့် ရဲရဲပြောင်ပြောင် တောက်လောင် အပ်သနည်းဆိုလျှင်—

---

၁။ဝိ ၃။၄၇-၄၅။ သံ၊၂။၂၅၂။

(၁) ရာဂဂ္ဂိနာ အာဒိတ္တံ = ရာဂမီး တညီးညီး တပြောင်ပြောင် တောက်လောင်အပ်ပေ၏။

(၂) ဒေါသဂ္ဂိနာ အာဒိတ္တံ=ဒေါသမီး တညီးညီးတပြောင်ပြောင် တောက်လောင်အပ်ပေ၏။

(၃) မောဟဂ္ဂိနာ အာဒိတ္တံ=မောဟမီးတညီးညီးတပြောင်ပြောင် တောက်လောင်အပ်ပေ၏။

ချစ်သားတို့တဲ့၊ မျက်စိခေါ်တဲ့ အကြည်ရုပ်ကလေး တခုကို ငါ့ မျက်စိလှတယ် တင့်တယ်တယ် ဖွယ်ရာတယ် မင်္ဂလာရှိလိုက်တာလို့ အောက်မေ့ယင် မျက်စိခေါ်တဲ့ ဒီအကြည်ရုပ်ကလေးသွားပြီးတော့ ရာဂမီးလောင်တာ။ အဲဒီမျက်စိကလေးတစုံတရာဖြစ်လို့ အထဲထဲအမှိုက် ကလေး ဝင်ပြီဆိုယင် ငါ့မျက်စိမှ ဖြစ်မှဖြစ်ရပလေလို့ နှလုံးမသာ မယာ ဖြစ်တဲ့အခါ ဒေါသမီးလောင်တယ်။

အေး ဒီမျက်စိရဲ့ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘော မသိတဲ့အခါ မောဟဆွဲဆောင်ချက်အရ မြဲတယ်၊ ချမ်းသာတယ်၊ ခိုင် မာတယ်လို့ အဲဒီလို ထင်နေတယ်။ အဲဒီမျက်စိရဲ့ အနိစ္စသဘော ဒုက္ခ သဘော အနတ္တသဘော မသိတာက မောဟမီးလောင်တာတဲ့။

(၄) ဇာတိယာ အာဒိတ္တံ=ဥပါဒ်ခဏဝယ် ဇာတိမီး တညီးညီး တပြောင်ပြောင် တောက်လောင်အပ်ပေ၏။

(၅) ဇရာယ အာဒိတ္တံ =ဌီခဏဝယ် ဇရာမီး တညီးညီးတပြောင် ပြောင် တောက်လောင်အပ်ပေ၏။

(၆) မရဏေန အာဒိတ္တံ = ဘင်ခဏဝယ် မရဏမီး တညီးညီး တပြောင်ပြောင် တောက်လောင်အပ်ပေ၏။

မျက်စိဆိုတဲ့ အကြည်ရုပ်ကလေး ဒီပသာဒရုပ်ကလေးကို ပရမတ္ထ ဉာဏ်နဲ့ကြည့်ယင် ဖြစ်တဲ့ ဥပါဒ်ပိုင်းရမယ်။ တည်တဲ့ရင့်ရော်တဲ့ ဌီပိုင်း၊ သူပျက်တဲ့ ဘင်ပိုင်း အချိန်ပိုင်း ခဏသုံးပိုင်းရှိတယ်။အဲဒီ ပထမဖြစ်တဲ့ အပိုင်းကို ဥပါဒ်လို့လဲခေါ်တယ် ဇာတိလို့လဲခေါ်တယ်။ အရွယ်ကြီးတဲ့ အပိုင်းကို ဌီလို့လဲခေါ်တယ် ဇရာလို့လဲခေါ်တယ်။ နောက်ဆုံးပျက်တဲ့ အပိုင်းကို ဘင်လို့လဲခေါ်တယ် မရဏလို့လဲ ခေါ်တယ်။ စာပေနယ်ပယ် က။ဒီတော့ ခဏသုံးခုမှာ ဥပါဒ်ခဏမှာ ဇာတိမီး တညီးညီးတပြောင် ပြောင် လောင်၍နေတယ်။ ဌီခဏမှာ ဇရာမီး ဘင်ခဏမှာ မရဏမီး တညီးညီး တပြောင်ပြောင် လောင်၍နေတယ်၊ဒါကို မြတ်စွာဘုရားက "ဇာတိယာ အာဒိတ္တံ၊ ဇရာယ အာဒိတ္တံ၊ မရဏေန အာဒိတ္တံ" ကုန် ပလားလို့ ဆိုတော့—

"သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ" အဲဒီမျက်စိကလေးတခုခု ဖြစ်လိုက်စမ်း။

(၇) နှလုံးပူဆွေးတဲ့ သောကမီးတွေ၊

(၈) ငိုကြွေးတဲ့ ပရိဒေဝမီးတွေ၊

(၉) ကိုယ်သင်းရဲမှု ဒုက္ခမီးတွေ၊

(၁၀) စိတ်ဆင်းရဲမှု ဒေါမနဿမီးတွေ၊

(၁၁) နှလုံးပူပန်ခြင်းဆိုတဲ့ ဥပါယာသ မီးတွေ- တညီးညီး တပြောင်ပြောင် အလောင်ခံနေရတယ်။ ဒီမျက်စိခေါ်တဲ့ အကြည်ရုပ် ကလေး=စက္ခာယတန။

ထို့အတူ နားခေါ်တဲ့ အကြည်ရုပ်မှာလဲပဲ တဆယ့်တသီးသော မီးတွေ တညီးညီးတပြောင်ပြောင် လောင်လျက် "သောတံ အာဒိတ္တံ"။

နှာခေါင်းခေါ်တဲ့ အကြည်ရုပ်လဲပဲ တဆယ့်တသီးမီးတို့ တညီးညီး တပြောင်ပြောင် လောင်လျက် "ဃာန် အာဒိတ္တံ"

လျှာခေါ်တဲ့ အကြည်ရုပ်ကိုလဲပဲ တဆယ့်တသီးမီးတို့ တညီးညီး တပြောင်ပြောင် လောင်လျက် "ဇိဝှါ အာဒိတ္တာ"။

ကိုယ်ခေါ်တဲ့ အကြည်ရုပ်ကိုလဲပဲ တဆယ့်တသီးမီးတို့ တညီးညီး တပြောင်ပြောင်လောင်လျက် "ကာယော အာဒိတ္တော"။

စိတ်ခေါ်တဲ့ တရားကလေး၊ ဒီစိတ်ကို တပ်မက်တဲ့အခါ ရာဂမီး ဒီစိတ်ကို အကြောင်းပြုပြီးတော့ နှလုံးမသာမယာဖြစ်တဲ့အခါ ဒေါသ မီး၊ဒီစိတ်ရဲ့အကြောင်းကို မသိတဲ့အခါ မောဟမီး၊စိတ်ရဲ့ဥပါဒ်ခဏမှာ ဇာတိမီး၊ ဌီခဏမှာ ဇရာမီး၊ ဘင်ခဏမှာ မရဏမီး၊ ဒီစိတ်ခေါ်သော မနာယတန၊ ဒီတရားကြီးလဲပဲ တဆယ့်တသီးမီးတို့ တညီးညီးတပြောင် ပြောင် လောင်လျက် ကျွမ်းလျက်ရှိတယ်တဲ့။ "မနော အာဒိတ္တော"။

ဒါတင်ပဲလား၊ ဒီ အတွင်းအာယတနတင်ပဲလားဆိုတော့ အပြင် အာယတန ခြောက်ပါးလဲပဲ ထို့အတူ။

"ရူပါ အာဒိတ္တာ" အဆင်းမျိုးစုံ ရူပါရုံကိုလဲပဲ တဆယ့်တသီး မီးတို့ တညီးညီး တပြောင်ပြောင် လောင်နေတယ်။

"သဒ္ဒါ အာဒိတ္တာ" အသံမျိုးစုံ သဒ္ဒါရုံတို့ကိုလဲပဲ တဆယ့်တသီး မီးတို့ တညီးညီးတပြောင်ပြောင် လောင်အပ်ပါကုန်၏။

"ဂန္ဓာ အာဒိတ္တာ" အနံ့မျိုးစုံ ဂန္ဓာရုံတို့ကိုလဲ တဆယ့်တသီး မီးတို့ တညီးညီး တပြောင်ပြောင် တောက်လောင်အပ်ပါကုန်၏။

"ရသာ အာဒိတ္တာ"အရသာမျိုးစုံ ရသာရုံခေါ်တဲ့ရသာယတနကို လဲ တဆယ့်တသီး မီးတို့ တညီးညီး တပြောင်ပြောင် လောင်လျက် ကျွမ်းလျက်ရှိတယ်။

"ဖောဋ္ဌဗ္ဗာ အာဒိတ္တာ" အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့လဲပဲ တဆယ့် တသီး မီးတို့ တညီးညီး တပြောင်ပြောင် လောင်အပ်ပါလေကုန်၏။

"ဓမ္မာ အာဒိတ္တာ" စိတ်ဖြင့်သာ ကြံဆသိရတဲ့ စေတသိက် သုခုမ ရုပ်ခေါ်တဲ့ ဒီရုပ်နာမ်နှစ်ပါး ဓမ္မာရုံ တရားများကိုလဲပဲ တဆယ့်တသီး မီးတို့ တညီးညီး တပြောင်ပြောင် လောင်အပ်ပါပေကုန်၏။

အာယာတန ၁၂-ပါး၌မီး ၁၃၂-ပါးလောင်ပုံ

ဆရာတော်ကြီးက ပါဠိလို စုံလင်အောင် ထည့်တယ်။ ဒီ အာယ-တန တဆယ့်နှစ်ပါးကို အကုန်လုံး ပါဠိတွေ ထုတ်တာ။

ပါဠိတော်လှစ်၊ မီးဆယ့်တစ်ကိုတဲ့၊ ပါဠိတော်မှာလာတဲ့ တဆယ့် တပါးသောမီး=ရာဂမီး, ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာ သမီး,အဲ–ဒီမီး တဆယ့်တပါးကို 'ပါဠိတော်လှစ်၊ မီးဆယ့်တစ်ကို'

ဆယ့်နှစ်အာယတန၊ မြှောက်ပွားကမူ၊ အာယတန တဆယ့်နှစ် ပါးနဲ့ မြှောက်ပါတဲ့၊ အာယတန တပါးတပါးလျှင် မီးက ဆယ့်တမီးစီ ဆယ့်တမီးစီ လောင်နေတယ်။ ဒီတော့ မိမိတို့ ခန္ဓာကိုယ်မှာရှိနေတဲ့ အာယတနက တဆယ့်နှစ်ပါး တပါး တပါးလျှင် တဆယ့်တသီးမီးတို့ တညီးညီး တပြောင်ပြောင် တဟုန်းဟုန်း တဖြောင်းဖြောင်း လောင် နေတယ်တဲ့၊အားလုံးပေါင်းကြည့်လိုက်ယင်ဖြင့် –

ပါဠိတော်လှဝ်၊ မီးဆယ့်တစ်ကို၊ ဆယ့်နှစ်အာယတန၊ မြောက်ပွားကမူ၊ တရာ့သုံးဆယ်၊ နှစ်ပါးကယ်သား၊ အကျယ် မီးပေါင်း၊ ပွားတုံရှောင်းသည်၊ ထောင်းထောင်းတောက် လောင် မစဲတည်း။

ဟောဒါ ဆရာတော်ဘုရားက အာယတနလင်္ကာ အနေနဲ့ ရေးထား တဲ့ အော် တို့ ခန္ဓာကိုယ်မှာ ပရမတ္ထ အာယတန ဉာဏ်မျက်စိနဲ့ ကြည့်ယင် တကယ်ရှိတဲ့ တရားတွေက မျက်စိအကြည် နားအကြည် နှာအကြည် လျှာအကြည် ကိုယ်အကြည်ခေါ်တဲ့ အကြည်ရုပ်ငါးမျိုး၊ စိတ်အကြည်ခေါ်တဲ့ နာမ်အကြည်တမျိုး၊ ဒါက အတွင်းအကြည်ခြောက် ခြောက်ပါး အတွင်းအာယတန ခြောက်ပါး တရားသားရှိတယ်တဲ့၊ တွေ့ အောင်ရှာကြပါ။

တို့စိတ်ထဲက အပြင်ထားခံရရှာတဲ့ အဆင်းမျိုးစုံ ရူပါရုံ အသံမျိုး စုံ သဒ္ဒါရုံ၊ အနံ့မျိုးစုံ ဂန္ဓာရုံ၊ ရသာမျိုးစုံ ရသာရုံ၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ၊ ရုပ်နာမ်နှစ်ပုံ ဓမ္မာရုံဆိုတဲ့ ရူပါယတန သဒ္ဒါယတန ဂန္ဓာ-ယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန ဓမ္မာယတန ဒီအပြင် အာယတန ခြောက်ပါးလဲ ရှိသတဲ့။ ဒီ အတွင်းအာယတန အပြင်အာယတန ခြောက် ပါး+ခြောက်ပါးက လွဲလျှင် ဘာမှ မရှိဘူး၊ ပရမတ္ထ မျက်စိနဲ့ကြည့်ယင် အဲဒီ ရှိနေတဲ့ အာယတနဆယ့်နှစ်ပါးလဲပဲ တပါး တပါးလျှင် ရာဂအစ ရှိတဲ့ တဆယ့်တစ်သီးမီးတို့ တညီးညီး တပြောင်ပြောင် အချိန်ရှိသမျှ ထောင်းထောင်းတောက်လောင် မစဲပါတကား။

ဒီတော့ တကယ်ဆိုတော့ ဆင်းရဲဒုက္ခ အတိပါတကားလို့ ဒီလို အနိစ္စ ဒုက္ခ အနတ္တကို သွားစေချင်လို့ ဆရာတော်ကြီးက အာဒိတ္တ သုတ္တန် ထုတ်ပြီးတော့ အာယတနလင်္ကာကို ရေးပေးထားတာ။ စောစောက ဘုန်းကြီးတရားနာပရိသတ်ကို နားထဲမှာ နှူးထားပါ၏။

## ဟေမဝတသုတ္တန် တရားတော်

အခု ဘုန်းကြီးဟောမဲ့ ဟေမဝတသုတ်ဆိုတာ ဒေသနာ အမှန်အစ ပဘဝ အရင်းခံ ဒေသနာ မြစ်ဖျားခံတာက ကဿပမြတ်စွာဘုရား ခေတ်ကစတယ်။ ဒီသုတ္တန်တွယ်ဖို့။ ကဿပမြတ်စွာဘုရား ဆိုတာကို ဒီနေ့ ပြန်တွေးကြည့်တယ် ဒီနေ့ ဒီနေ့။

ဒီနေ့ ပြန်တွေးကြည့်တော့ နောက်လှန်ခဲ့တဲ့ အန္တရကပ် တကပ်သာသာ အချိန် လူတို့ရဲ့ အသက်တမ်း အနှစ်နှစ်သောင်း တမ်းတုန်းက ကဿပမြတ်စွာဘုရား ပွင့်တယ်။ ကဿပဘုရားပြီးမှ ဒီ အကျွန်ုပ်တို့ ဘုရားပွင့်တယ်။ ဒီတော့ ကဿပဘုရား အနှစ် နှစ်သောင်း တမ်းမှာ ပွင့်ပြီးတော့ လူတွေ အသက်တမ်းဟာ ဆယ်နှစ်ထိအောင် လျော့တယ်။ လျော့ပြီး ပြန်ပြီးတော့ အသင်္ချေထိအောင် တက်တယ်။ တက်ပြီးတော့မှ တခါပြန်ပြီးတော့ ကျတယ်။ အနှစ်တရာတမ်း ရောက် တော့မှ ဒီ အကျွန်ုပ်တို့ရဲ့ မြတ်စွာဘုရားပွင့်တယ်။

### ကဿပဘုရား သက်တော်နှင့်ခေတ်တော်

ဒါကြောင့် ကနေ့ မြတ်စွာဘုရား ပွင့်တော်မူတဲ့ ကနေ့က နောက် ပြန်ရေယင် တက်ကပ် ဆုပ်ကပ် တစုံခေါ်တဲ့ အန္တရကပ် တကပ်သာသာ အဲဒီ လှန်ခဲ့တဲ့ အချိန်က လူ့ရဲ့ အသက်တမ်း အနှစ် နှစ်သောင်းတမ်းမှာ ကဿပမြတ်စွာဘုရား ပွင့်တယ်တဲ့။ ဒီကို နားလည်ထားရမယ်။

အဲဒီ ပွင့်တဲ့ ကဿပမြတ်စွာဘုရားဟာ ဘုရားတို့ရဲ့ ဓမ္မတာ ပွင့် တိုင်း ပွင့်တိုင်းသော ဘုရားတို့ရဲ့ ဓမ္မတာသည် မိမိတို့ပွင့်ရာ အသက် တမ်းရဲ့ ငါးပုံပုံ လေးပုံသာတည်ရတယ်။ ဆိုပါစို့ - အနှစ်နှစ်သောင်းကို ငါးပုံ ပုံဆိုတော့ တပုံလျှင် နှစ်လေးထောင် လေးထောင်ရတယ်။ လေး

ထောင် ငါးလီ နှစ်သောင်း၊ အဲဒီလို 'ငါးပုံ ပုံ လေးပုံတည်' ဆိုတော့ တသောင်းခြောက်ထောင်။ အနှစ် တသောင်းခြောက်ထောင်မှာ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတယ်။ အဲဒီ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့ ကိုယ်တော်မြတ် ဝေဇော့ခတ်မီး လေ့ာင်ကျွမ်းတဲ့ အခါကျတော့ ဓာတ်တော်တွေ အဆူဆူ မကြွင်းကျန်ဘူး။ သက်တော် ရှည် မြတ်စွာဘုရားများကျတော့ ဓာတ်တော်က တလုံးတည်း တခဲတည်း တစုတည်း ဓာတ်တော် တဆူတည်း ကြွင်းကျန်ခဲ့တယ်။ ကေဠနိကဓာတ်တော်ဆိုပြီး –

အဲဒါ ဓမ္မတာတဲ့။

"ဒီဃာယုကာဗုဒ္ဓါနဉ္စ သော ဓမ္မတာ"

သော၊ ဤဓာတ်တော်တဆူတည်း တစုတည်းတခဲတည်း ကြွင်းကျန်ခြင်းသည်။ ဒီဃာယုကဗုဒ္ဓါနံ၊ သက်တော်ရှည် မြတ်စွာဘုရားတို့၏။ ဓမ္မတာ၊ သဘောတံထွာ ဓမ္မတာပါတည်း။

သက်တော်ရှည် မြတ်စွာဘုရားများ ဓာတ်တော်တဆူသာ ကြွင်းတာဟာ ဓမ္မတာတဲ့။ ဘာပြုလို့ တဆူသာ ကြွင်းရသလဲ၊ သက်တော်က ရှည်တော့ ကိုယ်တော်မြတ်တို့ရဲ့ မျက်မှောက်မှာ ကိုယ်တော်မြတ်တို့ရဲ့ သာသနာ၌ ကျွတ်တမ်းဝင်တဲ့ ပုဂ္ဂိုလ်တွေ မြောက်မြောက်မြားမြား ဘုရားသက်တော်ရှိကတည်းကိုက ကျွတ်တမ်းဝင်ကုန်ကြတယ်။ နဲနဲပါး ပါးပဲကိုယ်တော်ပရိနိဗ္ဗာန်စံတော့ ကျန်တယ်။ အဲဒီ ကျန်တဲ့ နဲနဲပါးပါး ကလဲ မဇ္ဈိမတိုက် အိန္ဒိယထဲမှာ ကျန်တော့ ဓာတ်တော်တဆူ ကြွင်းယင်တော့ အားလုံးပြီးနိုင်တယ်။ ဒါကြောင့် သက်တော်ရှည် မြတ်စွာဘုရားများကျတော့ ဓာတ်တော်တဆူတည်းပဲ ကြွင်းတယ်။

**သက်တော်အတိုဆုံး ဒေါ်တမ မြတ်စွာဘုရား**

**အေး** အစိန္တေယျ သုံးလောက ထွတ်ထား အကျွန်ုပ်တို့ မြတ်စွာဘုရားကျတော့ အသက်တိုတယ်။ သက်တော်တိုတဲ့ ဘုရား။ ဘာပြုလို့ပြောရသလဲ၊ ကိုယ်တော်မြတ် ဗျာဒိတ်ခံယူခဲ့တဲ့ နှစ်ကျိပ်လေးဆူသော ဘုရားတွေ အသက်တမ်းကြည့်ယင်လေ ဟို-ဒီပင်္ကရာ ဘုရားက စပြီးတော့ ကဿပဘုရားထိအောင်။ဒီပင်္ကရာဘုရားဆိုယင် အနှစ်တစ်သိန်းတမ်းမှာ ပွင့်တယ်။ အနီးဆုံး နောင်တော်ဖြစ်တဲ့ ကဿပမြတ်စွာဘုရား အနှစ် နှစ်သောင်းတမ်း ပွင့်တယ်။ ဒီ-တစ်သိန်းနဲ့ နှစ်သောင်းကြားထဲမှာပဲ ကျန်တဲ့ နောင်တော်နောင်တော်ဘုရားတွေ အသက်တမ်းကြည့်ယင် အသက်တမ်းရှည်တော်မူကြတယ်။

အစိန္တေယျ သုံးလောကထွတ်ထား မြတ်စွာဘုရားကျတော့ အနှစ်တစ်ရာတမ်း တစ်ရာအောက်လျော့၍ ဘုရားပွင့်မဖြစ်တော့ ဟို နောက်ဆုံးမှာ လာပြီးတော့ ပွင့်ရတယ်။ အလိုလို အနှစ်တစ်ရာ နည်းနေရတဲ့ အထဲ ငါးပုံ လေးပုံသာ တည်ရမြဲ ဓမ္မတာအရ တစ်ရာကို ငါးပုံပုံ တစ်ပုံ နှစ်ဆယ်ပဲရတယ်၊ နှစ်ဆယ်ငါးလီတစ်ရာ ငါးပုံ လေးပုံဆိုတော့ ရှစ်ဆယ်ပဲ တည်နေရတယ်။ တို့ဘုရားက အနှစ်ရှစ်ဆယ်ပဲ တည်နေရတယ်။ အဲဒီ အနှစ်ရှစ်ဆယ် တည်နေရတာဟာ ဘုရားတို့ ဓမ္မတာအတိုင်း ပွင့်ရာ သက်တမ်းရဲ့ ငါးပုံပုံ လေးပုံတည်ရမဲ့ ဓမ္မတာအတိုင်း အသက်တော် ရှစ်ဆယ်မှာ ပရိနိဗ္ဗာန်စံရတယ်။ ဒီတော့ ပရိနိဗ္ဗာန် မစံခင် ရှေ့ပိုင်း ကြည့်လိုက်ကြအုံးစို့ အပြေးအလွှား။

**ဒုက္ကရစရိယာ အကြာမြင့်ဆုံးဘုရား**

သူအို သူနာ သူသေ ရဟန်းဆိုတဲ့ နိမိတ်ကြီး လေးပါးထင်အောင် စောင့်ရတာက နှစ်ဆယ့်ကိုးနှစ်၊ အဲဒီ နှစ်ဆယ့်ကိုးနှစ်ကြာတော့မှ

နိမိတ်ကြီးလေးပါးထင်လို့ တောထွက်ပြန်တော့ ရှေးရှေး နောင်တော့ နောင်တော်မြတ်စွာဘုရားတွေမှာ ဒုက္ကရစရိယာ တချို့ ခုနစ်ရက်ထဲ ကျင့်ရတယ်။ ခုနစ်ရက်ဆို ဘုရားဖြစ်တယ်။ တချို့ဘုရားမှာ ခြောက်လ ခုနစ်လ ရှစ်လ ကိုးလ ဆယ်လထက် ပိုတဲ့ဘုရား တဆူမှ မပါဘူး။

ဒီ-အစိန္တေယျ သုံးလောကထွတ်ထား အကျွန်ုပ်တို့ရဲ့မြတ်စွာဘုရားတော့ အလိုလို အသက်တမ်းက တိုရတဲ့အထဲ ဒုက္ကရစရိယာကလဲပဲ ဝဋ်လိုက်လို့တဲ့ဗျား ခြောက်နှစ်ကျင့်ရတယ်။ ဒီတော့ နှစ်ဆယ့်ကိုးမှာ တောထွက်၊ ဒုက္ကရစရိယာက (အကြာဆုံး) ခြောက်နှစ်၊ ဒီဘုရားထက် ရှည်တာ ကြာတာတော့ မရှိဘူး။ သုံးဆယ့်ငါးနှစ်မှာ ဘုရားဖြစ်တော့ ကိုယ်တော်ဘုရားရဲ့ အသက်နဲ့ နှိုင်းကြည့်ယင် လေးဆယ့်ငါးဝါ၊ လေးဆယ့်ငါးနှစ်ပဲ ကျန်တော့တယ်။ ဒီလေးဆယ့်ငါးနှစ်ထဲနဲ့ နောင်တော့် နောင်တော် သက်တော်ရှည် မြတ်စွာဘုရားများလို ကိုယ်တော့်မျက်မှောက်မှာ ဝေနေယျတွေ အများကြီး နောင်တော်ဘုရားများကဲ့သို့ "နောင်တော်ဘုရားများနဲ့ သင်္ချာ အညီအမျှ ငါချွတ်သွားချင်ပါဘိတော့"လို့ မြတ်စွာဘုရားက ဆန္ဒတော်ရှိတယ်။ အဲဒီလို ဆန္ဒရှိတဲ့အတိုင်း ငါမအိပ်ဘူး နေ့ရော ညရော ငါမအိပ်ဘူး တရားဟောမယ် ဆိုပြီးတော့ ကိုယ်တော်မြတ်က ဟောစေကာမူ ဒီနှစ်ပေါင်း လေးဆယ့်ငါးနှစ် အတွင်းလောက်နဲ့ နောင်တော်ဘုရားများ လက်ထက်ကလို ကျွတ်တမ်းဝင်မယ့် ဝေနေယျက မျက်မှောက်မှာ နောင်တော် ဘုရားများလောက် ဘယ်လိုနည်းနဲ့မှမရှိနိုင်ဘူး။

အဲဒီတော့ အစိန္တေယျ သုံးလောကထွတ်ထား မြတ်စွာဘုရားမှာက ကိုယ်တော့်မျက်မှောက်မှာ ကျွတ်တမ်းဝင်တဲ့ သာဝကက နောင်တော်ဘုရားများမျက်မှောက်မှာ ကျွတ်တမ်းဝင်တဲ့ သာဝက

**လောက်မများဘူး**။ ကိုယ်တော် ပရိနိဗ္ဗာန်စံပြီးမှ ကျွတ်တမ်းဝင်ရမဲ့ သာဝကတွေကများနေတယ်။ အဲဒီ များတဲ့သာဝကကလဲ အိန္ဒိယဆိုတဲ့ မဇ္ဈိမတိုက်ကယ်တင် မဟုတ်ဘူး။ မြန်မာပြည် ယိုးဒယား သီဟိုဠ် ကမ္ဘောဒီးယား အဲဒီလို ပစ္စန္တရစ်လို့ ခေါ်သပ၊ အဲဒီလို ဒေသ အန္တံအပြားမှာ ဝေနေယျတွေရှိတယ်။ ဒီဝေနေယျတွေ အိန္ဒိယကို အကုန်လုံး မသွားနိုင်ကြဘူး။

**ဓာတ်တော်သုံးမျိုးကွဲရန် အဓိဋ္ဌာန်**

ဒီတော့ အားလုံး ဝေနေယျတွေ ကိုးကွယ်ရစ်ပစေ ဆိုပြီး ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံတဲ့အခါ—

**ဓာတုယော** ဝိကိရန္တု။

**ဓာတုယော**၊ ငါဘုရား၏ ဓာတ်တော်တို့သည်။ဝိကိ**ရန္တု**၊ **အကြီး** အလတ် **အငယ်အား** **သုံး**တွေပြား၍ ကြဲရစ်ကြပါစေ ကွဲရစ်ကြပါစေ။

**ပရိနိဗ္ဗာန်** စံခါနီး ဒီအတိုင်း အဓိဋ္ဌာန်ရတယ်။ အဲဒီလို အဓိဋ္ဌာန် **တော်မူတဲ့အတွက်** အစိန္တေယျ သုံးလောကထွတ်ထား မြတ်စွာဘုရား၏ ဓာတ်တော်များကျတော့ **အကြီး**ရယ် အလတ်ရယ် အငယ်ရယ် **သုံး**တွေ ကွဲရတယ်။ ရှေးက ဓာတ်တော်ဘုရားရှိခိုးများ ရှိတယ် မဟုတ်လား။

**မဟန္တာ** မုဂ္ဂမာသာ စ၊ မဇ္ဈိမာ ဘိန္နတဏ္ဍုလာ။
**ခုဒ္ဒကာ** သာသပမတ္တာ၊ တာပိ ဝန္ဒာမိ ဓာတုယော။

မဟန္တာ၊ ကြီးသော ဓာတ်တော်တို့သည်။ မုဂ္ဂမာသာ စ၊ပဲနောက် စေ့ခန့် ပမာဏရှိကြကုန်၏၊ မဇ္ဈိမာ၊ **အလယ်အလတ်** ဖြစ်ကုန် **သော ဓာတ်တော်တို့သည်**။ ဘိန္နတဏ္ဍုလာ၊ ဆန်ကျိုးခန့် **ပမာဏ** **ဆန်ကွဲခန့်** ပမာဏ ရှိကြပေကုန်၏။ **ခုဒ္ဒကာ**၊ **အငယ်စား**ဖြစ်တဲ့

ဓာတ်တော်တို့သည်။ သာသပမတ္တာ၊ မုံညင်းစေ့ ခန့် ပမာဏ ရှိကြကုန်၏။ တိဿော၊ အကြီး အလတ် အငယ်အားဖြင့် သုံးထွေပြားကုန်သော။ တာပိ ဓာတုယော၊ ထိုဓာတ်တော်တို့ကိုလည်း။ ဝန္ဒာမိ၊ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏–လို့ ရှေးက ဓာတ်တော်ဘုရားရှိခိုးတဲ့ ဂါထာများ ဒါကြောင့် ပေါ်ရတယ်။ ဒါ ကျွန်ုပ်တို့၏ မြတ်စွာဘုရားရဲ့သဘော။

ရှေးက ကဿပမြတ်စွာဘုရားမှာ ဓာတ်တော် မဆွဲသာ ကြွင်းတယ်။ အစိန္တေယျ သုံးလောကထွတ်ထား ကျွန်ုပ်တို့ မြတ်စွာဘုရားကျတော့ သက်တော်တိုတဲ့ ဘုရားမို့လို့ ဓာတ်တော်တွေ အဆူဆူ ကြွင်းရတယ်၊ ကျန်ရတယ်။

## ကဿပမြတ်စွာဘုရား၏ ဓာတုစေတီတော် ကည်ပုံ

သက်တော်ရှည်ဖြစ်တော်မူတဲ့ ကဿပ မြတ်စွာဘုရား၏ တဆူတည်းသော တစုတည်းသော တခုတည်းသော အသမ္ဘိန္န ဓာတ်တော်ကြီးကို ပြည့်ရှင် မင်းကြီးအမှူးပြုပြီးသော့ ကိုလက်ထက်က ဒါယကာ ဒါယိကာမတွေ စေတီတည်ကြတယ်။ ပြည့်ရှင်မင်းကြီးက တဘက်တမုခ် တာဝန်ယူတယ်၊ သူ့ရဲ့သားတော် ပထဝိန္ဒရ အိမ်ရှေ့မင်းသားက တဘက်တမုခ် တာဝန်ယူတယ်။ ဒါယကာခံတယ်။ စစ်သူကြီး အမှူးပြုတဲ့ မင်းမှုထမ်းတွေ မှူးမတ်တွေက တဘက် တမုခ် ဒါယကာခံတယ်။ သဌေးကြီးအမှူးပြုတဲ့ တိုင်းသူ ပြည်သား လူအများက တဘက် တမုခ် ဒါယကာခံကြတယ်၊ တာဝန်ယူကြတယ်။

အဲဒီ တဘက် တမုခ်ဆိုတာ သေးသေးမမှတ်နဲ့၊တဘက်တဘက် တမုခ် တမုခ်လျှင် အရှည် အကျယ်က တဂါဝုတ်။ တဂါဝုတ်ဆိုတာ မိုင်အနေနဲ့ ပြောယင် သုံးမိုင်လောက်ရှိတယ်။ အဲဒီ ကဿပမြတ်စွာ

ဘုရားရဲ့ ဓာတုစေတီကြီးဟာ တမျက်နှာလျှင် သုံးမိုင်လောက်ရှိတယ်၊ လေးမျက်နှာဆိုတော့ တဆယ့်နှစ်မိုင်၊ တယူဇနာ ရှိတယ်။ မြင့်လိုက်တာ စေတီကြီးက တဆယ့်နှစ်မိုင်မြင့်တာ၊ အောက်ကနေ လှမ်းကြည့် စိန်ဖူးကို လှမ်းမမြင်နိုင်ဘူး၊ အဲဒါလောက် မြင့်တယ်။ ဒါလောက်ကြီးတဲ့ စေတီကြီးကို ဘာတွေနဲ့ တည်သလဲ ဆိုတော့ မြေအုတ်တွေနဲ့ တည်တာမဟုတ်ဘူးတဲ့၊ ရွှေအုတ်နဲ့ တည်တာတဲ့။ အဲဒီမှာ အင်္ဂတေ အဖြစ်နဲ့ သုံးတာက ထုံးတွေ အုတ်နီမှုန့်တွေ ဘိလပ်မြေတွေ ဒါတွေမသုံးဘူး။ ဆေးဒန်း မြင်းသီလာ မှုန့်နဲ့ သုံးတယ်။ ဆေးဒန်း မြင်းသီလာမှုန့်ကို အင်္ဂတေမှုန့်အစား၊ ရေအတွက်တော့ နံ့သာဆီတွေကို သုံးတယ်။

## အမျိုးသား နှစ်ဦး သာသနာ့ဘောင်ဝင်ခြင်း

အေး....နံ့သာဆီတွေကို ရေလုပ် ရွှေအုတ်တို့ဖြင့် စီခြယ်ပြီးတော့ တယူဇနာ အကျယ်အဝန်း တယူဇနာ အမြင့်ဉာဏ်တော်ရှိတဲ့ ဓာတုစေတီကြီး တည်ပြီးပြီ။ စေတီ ပူဇော်ပွဲကြီး ကျင်းပပြီးတော့ အော်–ဘုရားသာသနာ တယ်ထူးကဲ ကြီးကျယ်ပါလား၊ အမျိုးကောင်းသား နှစ်ယောက် သာသနာတော်ကို ကြည်ညိုလှန်းလို့ ကဿပမြတ်စွာဘုရားရဲ့ မျက်မှောက်သာဝက မထေရ် ကြီးများထံမှာ သူတို့ ရဟန်းခံကြတယ်။ ဘုရားပရိနိဗ္ဗာန်စံပြီးပြီ၊ ဓာတုစေတီကြီး တည်ပြီးပြီ။ အဲဒီလို ကဿပမြတ်စွာဘုရားကို ကိုယ်တိုင် ဖူးမြင်လိုက်ရတဲ့ မျက်မှောက်သာဝကကြီးတွေ ထံမှာ ဒီ-အမျိုးကောင်းသား နှစ်ယောက် ရှင်ပြုတယ်၊ ရဟန်းခံတယ်၊ သက်တော်ရှည် မြတ်စွာဘုရားတို့ရဲ့ သာသနာမှာ ဘုရားကို ကိုယ်တိုင် မျက်မှောက် ဖူးတွေ့လိုက်ရတဲ့ တပည့်ကြီးများကမှ ရှင်ပြုပေးကောင်းတယ်။ ရဟန်းခံပေးကောင်းတယ်။ နိဿရည်း ဆရာ ပြုလုပ်ကောင်းတယ်။ နိဿရည်း

ပေးကောင်းတယ်။ ဘုရားကို မမြင်လိုက်ရပဲ ဘုရားပရိနိဗ္ဗာန် စံပြီးတဲ့နောက်မှ ဖြစ်တဲ့ ရဟန်းတွေကျတော့ အဲဒီလို ဥပဇ္ဈာယ် ဆရာပြုပြီး ရဟန်းခံ မပေးကောင်းဘူး။ နိဿရည်းဆရာ မလုပ်ကောင်းဘူး၊ အဲဒီလိုရှိတယ်။

ဒါနဲ့ ဒီ အမျိုးကောင်းသားနှစ်ဦး မျက်မှောက်သာဝကကြီးတွေထံ ရှင်ရဟန်းအဖြစ်ကို ရပြီးတော့ ဆရာဥပဇ္ဈာယ်များကို သူတို့က မေးတယ်–

သာသနေ ဘန္တေ ကတိ ဓုရာနိ။

ဘန္တေ၊ ဥပဇ္ဈာယ် ဆရာတော်တို့ဘုရား။ သာသနေ၊ အံ့ဖွယ်ရှစ်ပြာ မြတ်စွာဘုရားသာသနာ၌။ ဓုရာနိ၊ တပည့်တော်များအားထုတ်ရမယ့် ရဟန်းအလုပ်တို့သည်။ ကတိ၊ အဘယ်မျှရှိကြပါကုန်သနည်းဘုရား။

## ရဟန်းတို့၏အလုပ် နှစ်မျိုး

ဆရာတော်တို့ဘုရား တပည့်တော်တို့ အားထုတ်ရမယ့် ရဟန်းအလုပ် ဘယ်နှစ်မျိုးရှိပါသလဲဘုရားလို့ အဲဒီလို လျှောက်ထားတဲ့အခါ ဆရာတော်များက—

ဒွေ ဓုရာနိ၊ ဝါသဓုရံ ပရိယတ္တိဓုရဥ္စ။

အာဝုသော၊ ငါ့ရှင်တို့။ ဝါသဓုရဥ္စ၊ ကမ္မဋ္ဌာန်းအလုပ်လည်းကောင်း။ ပရိယတ္တိဓုရဥ္စ၊ ပရိယတ္တိအလုပ်လည်းကောင်း။ ဣတိ၊ ဤသို့။ ဓုရာနိ၊ ရဟန်းတော်တို့ ကြိုးကုတ်အားထုတ် ပြုလုပ်ရမယ့် အလုပ်တို့သည်။ ဒွေ၊ နှစ်ပါးတို့တည်း။

ဝါသဓုရ, ပရိယတ္တိဓုရ **စာပေက** ဒီအတိုင်းသုံးရတယ်။ ဝါသဓုရ ဆိုတာ ကမ္မဋ္ဌာန်းအလုပ်။ ပရိယတ္တိဓုရဆိုတာ စာပေ သင်အံ ပို့ချ ဟောကြားတဲ့ အလုပ်။

အေး-အဲဒီ ဝါသဓုရ ပရိယတ္တိဓုရ၊ ပရိယတ်နဲ့ ပဋိပတ်ပြောပါ တယ်၊ သူ့နယ်နဲ့သူ ဒီသာသနာမှာ အကျိုးရှိတယ်။ ပဋိပတ္တိလုပ်ငန်း ဆိုတဲ့ ဝါသဓုရကျတော့ မိမိရဲ့ ဘဝသံသရာ လွတ်မြောက်ရေးအတွက် ဒါကိုကျင့်ရတယ်။ အဲဒီလို ကိုယ်ရဲ့လွတ်မြောက်ရေး ကျင့်ကြံတာကို မြတ်စွာဘုရား မကဲ့ရဲ့ပါဘူး၊ ချီးမွမ်းတယ်။ အထူးသဖြင့် ချီးမွမ်း တယ်။ သူများအတွက် ဘာပူနေစရာရှိလဲ၊ ကိုယ့်အဖို့ သံသရာဝဋ်က လွတ်အောင်ကြိုးကုတ် အားထုတ်တဲ့ပုဂ္ဂိုလ်ကို ချီးမွမ်းတယ်။ အဲဒီ ချီးမွမ်းတာကိုလဲ ဘုန်းကြီးများ အတ်အလင်း ဖွင့်ဟပြောပါတယ်။

ဒိန္နံ ဓုရာနံ ဝါသဓုရမေဝ သေဋ္ဌံ။

ဒွိန္နံ ဓုရာနံ၊ ဓုရနှစ်မျိုးတို့တွင်။ ဝါသဓုရမေဝ၊ ကမ္မဋ္ဌာန်း အလုပ်သာလျှင်။ သေဋ္ဌံ၊ အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပါပေ၏။

ဒါ-စာထဲမှာကို ပါတဲ့မှတ်ချက်၊ ဒါဖြင့်ယင် ကိုယ်တော်တို့ ပရိယတ္တိက အလကား လွတ်ပစ်ရမလားဆိုတော့ မဟုတ်ဘူး။ ပရိယတ္တိ အလုပ်က မိမိ၏ကိုယ်ကျိုးအပြင် သာသနာကို အစွန့်ရှည်စွာတည်- အောင်က ပရိယတ္တိကမှတည်တာ။ ဒါကြောင့် မြတ်စွာဘုရားလက်ထက် တော်တုန်းက အရှင်ဥပါလိတို့ အရှင်သာရိပုတ္တရာတို့ အရှင်အာနန္ဒာတို့ အစရှိတဲ့ အရိယာ မထေရ်မြတ်ကြီးတွေ ရဟန္တာဖြစ်ပြီးတဲ့ ကိုယ်တော် မြတ်ကြီးတွေ–

အရှင်ဥပါလိ ဆိုပါတော့ ရဟန္တာဖြစ်ပြီးပေမယ့် တသက်လုံး ဝိနည်း ပိဋကတ်ကို ကိုယ်တိုင်ပို့ချတယ်၊ ကိုယ်တိုင် ပထမပိုင်းသင်၊ နောက်

တပည့်တွေကိုပို့ချတယ်။ ဝိနည်းသာသနာကြီးကို တခါတည်း သူစောင့်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒါမှ ကိုယ်တော်ရဲ့ တပည့်တွေလက်ထဲမှာ ဒီအဆုံးအမ ဩဝါဒ ပရိယတ်တွေ ထားခဲ့တယ်။ အဲဒီကိုယ်တော်တွေကမှ ဆင့် တပည့်ကို ဒီလိုထားလို့ ကနေ့ နှစ်ပေါင်းနှစ်ထောင်ငါးရာနဲ့ တဆယ့်ငါးနှစ်ရှိလာတဲ့ ကနေ့အချိန်မှာ မြတ်စွာဘုရားရဲ့ အဆုံးအမ ဩဝါဒ သာသနာတွေ တွေ့နေရတာ အဲဒီပရိယတ္တိဝန်ဆောင် ကိုယ်တော်တွေကြောင့်။ ပဋိပတ္တိကိုယ်တော်များအလိုဆိုယင် ကိုယ်ကျိုးချည်းပဲလုပ်သွား ဘယ်သူ့မှ ဘာမှ လုပ်မပေးဘူးဆိုယင် ဟော-ကိုယ်တော့် အကျိုးချည်းပဲ၊ ကိုယ်တော်အကျိုးချည်းသံသရာဝဋ်က လွတ်သွား ကျွတ်သွား အေးတယ်။ သူက ဘယ်သူ့မှ သင်မပေးဘူး၊ ပရိယတ်လုပ်ငန်း လုပ်မပေးဘူးဆိုယင် အဲဒီ ကျင့်စဉ်တွေ ဘယ်ရှိတော့မလဲ။ သူပရိယတ်ကို လုံးဝမလုပ်လို့ရှိယင် သူတို့ကျင့်စဉ်တွေလဲ အကုန်ပျောက်ပဲ။

အဲဒါကြောင့်မို့လို့ ပရိယတ္တိလုပ်ငန်းက သာသနာကို အဆက်တည်ပေးတယ်။ ဒီပရိယတ္တိ လုပ်ငန်းရှိယင် အဲဒီအထဲက ပဋိပတ္တိလုပ်ငန်းကို အချိန်မရွေး အလုပ် လုပ်လို့ရတယ်။ ဒီအချက်ကိုမြင်တော့—

အခုနင်က အမျိုးကောင်းသား ရဟန်းတော်နှစ်ပါးက ဘာပြောသလဲ—

မယံ ပနမှာ ဒဟရာ။ မယံ ပန၊ ငါတို့သည်ကား။ ဒဟရာ၊ အသက်အရွယ် ငယ်သူတို့သည်။ အမှာ၊ ဖြစ်ကြကုန်၏။

ကိုယ်တော်....ကိုယ်တော်နဲ့ တပည့်တော် အသက်အရွယ် ငယ်ပါသေးတယ်၊ သာသနာ အစွန့်ရှည်အောင် လုပ်ကြဦးစို့၊ ကိုယ်ကျိုးတင်မကြည့်ပဲနဲ့။ ဒီတော့ ဘယ်လိုလုပ်မလဲဆိုတော့—

ဝုစုကာလေ ဝါသမုရဲ ပရိပူရေဿာမ။ ဝုစုကာလေ၊ အသက်အရွယ်ကြီးတဲ့အခါကျမှ။ ဝါသမုရဲ၊ ကမ္မဋ္ဌာန်းအလုပ်ကို။ ပရိပူရေဿာမ၊ ဖြည့်ကျင့်ကြကုန်စို့ ။

ကိုယ်တော်နဲ့ တပည့်တော် အသက်အရွယ်ကြီးမှ တောထွက်တန်ထွက် ကမ္မဋ္ဌာန်းအလုပ် အားထုတ်ကြတာပ။

ပရိယတ္တိမုရဲ တာဝ ပူရေမ။ ပရိယတ္တိမုရဲ၊ စာပေသင်ကြား ပို့ချဟောကြားခြင်းဆိုတဲ့ ပရိယတ္တိအလုပ်ကို။ တာဝ၊ ရှေးဦးစွာ။ ပူရေမ၊ ဖြည့်ကျင့်ကြကုန်ဦးစို့ ။

**ဝိနည်းမိုရ်ဆရာတော်ကြီး နှစ်ပါး**

ကိုယ်တော်နဲ့တပည့်တော် ပရိယတ္တိအလုပ်ကို အားထုတ်ကြဦးစို့ ကိုယ်တော်တို့ တပည့်တော်တို့ငယ်ပါသေးတယ်၊ အိုတော့မှ ပဋိပတ္တိအလုပ် လုပ်တာပေါ့ဆိုပြီးတော့ နှစ်ပါးသဘောတူ အဲဒီမျက်မှောက်သာဝက မထေရ်ကြီးကျောင်းမှာ နေ့တိုင်း စာပေပရိယတ္တိ သင်လိုက်ကြတာ နိကာယ်ငါးရပ် အဋ္ဌကထာနှင့်တကွ ကမ်းဆုံးခတ် တတ်မြောက်လို့ စာပေပရိယတ္တိ တတ်မြောက်လာတော့ ဒီပရိယတ္တိကို အမှီပြုပြီးတော့ စာသင်ကဲ့တပည့်တွေ ပရိသတ်တွေများတယ်။

ကိုယ်တော်တပါးတပါးလျှင် တပည့်စာသင်သား ငါးရာ ငါးရာစီ ရှိတယ်။ အဲဒီ ငါးရာ ငါးရာသော တပည့်တွေကို **စာပေပရိယတ္တိ** သင်ကြားပို့ ချပြသ ပေးရုံသာ မဟုတ်ဘူး၊ ဂိုဏ်းဆရာကြီးတွေ ဖြစ်ပြီး ဝိနည်းမိုရ် ကိုယ်တော်ကြီးတွေ ဖြစ်ပြီးတော့ ပေါ်တိုင်း ပေါ်တိုင်းသော ဝိနည်းမှုခင်းများကိုလဲ ဒီကိုယ်တော်နှစ်ပါးပဲ ဆုံးဖြတ်တယ်။ **အေး....အမှုတွေကို ဓမ္မဝိနယနဲ့အညီ ဆုံးဖြတ်လိုက် နေ့စဉ် နေ့စဉ် စာပွဲသဘင်တွေ ယင်ပြီးနေလိုက်တော့ သာသနာဟာ ကဿပ**

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာက အသစ်တဖန် ပြန်ပြီးတော့ ပွင့်လာပြန်သလိုတဲ့။ (တကယ်တော့ မပွင့်ဘူးနော်) သာသနာတော် စည်ကားလိုက်တာတဲ့ သိပ်စည်ကားတယ်။ ဗာရာဏသီသွား နားထောင်ယင်ပေါ့လေ။ စာသံ ပေသံ ဘယ်တော့မှမတိတ်၊ စာချသံ စာအံသံ စာပို့သံ တရားဟောတဲ့အသံ ပရိယတ္တိအလုပ်။

**တောရပ်ကျောင်းက သံဃာ့မှုခင်း**

ဒီတော့ ကဿပမြတ်စွာဘုရား တဖန်ပွင့်ထွန်းလာသလို သာသနာကြီး အလွန်စည်ကားနေတဲ့အချိန်၊ အဲဒီလိုအချိန် ပွဲကောင်းခဲကျတတ်တယ်။ ဘယ်လိုဖြစ်သလဲ သာသနာပွဲ အင်မတန် ကောင်းနေတဲ့အချိန်မှ ဟိုကျေးတော ဟောင်တော တောရွာတခုမှာ ကိုယ်တော်နှစ်ပါးနေကြတယ်၊ တောရွာက ကျောင်းတခုမှာ ကိုယ်တော်နှစ်ပါးနေတော့ တပါးက အဓမ္မဝါဒီ မတရားတာချည်းပဲ လုပ်ကိုင်ပြောဆိုတယ်။ တပါးက ဓမ္မဝါဒီ တရားတာမှ ပြောတယ်၊ လုပ်ကိုင်တယ်၊ ကျင့်တယ်။အဲဒီလိုနေကြတာဟာလဲပဲ မတဲ့အတူနေ တကျောင်းထဲအတူနေကြတယ်။ ဒီတော့ အဓမ္မဝါဒီ ကိုယ်တော်ကလဲ မဟုတ်တာတွေ အာပတ်သင့်တာတွေချည်း ရှောက်လုပ်နေတယ်။ ဓမ္မဝါဒီ ကိုယ်တော်လေးက ပြောတယ်—

ဣဒံ တေ အာဝုသော ကမ္မံ သာသနဿ အပ္ပတိရူပံ။

အာဝုသော၊ ငါ့ရှင်။ တေ၊ သင်၏။ ဣဒံ ကမ္မံ၊ဤအလုပ်သည်။ သာသနဿ၊ သာသနာတော်အား။ အပ္ပတိရူပံ၊ မသင့် မတော် မလျော်ပါဘူး။

ကိုယ်တော်....ကိုယ်တော့အလုပ် ဘုရားသာသနာတော်နဲ့ မတော်ပါဘူး၊ မလျော်ပါဘူး၊ မလုပ်ပါနဲ့ကိုယ်တော်လို့ တောင်းပန်ရှာတယ်၊

ဓမ္မဝါဒီကိုယ်တော်က။အဓမ္မဝါဒီကိုယ်တော်က သူလုပ်တာက မဟုတ်တာလုပ်တော့ သူကလုပ်လက်စနဲ့ မဟုတ်တာပဲ သူပြောရဆိုရလိမ့်မယ်။ ဟို-ကိုယ်တော်လေးက တရားသဖြင့် ပြောတယ်။ သူက ဓမ္မဝါဒီကိုယ်တော်လေးကို လွှမ်းလွှမ်းမိုးမိုး ဖိဖိစီးစီး နိုင်လိုမင်းထက် သူက ဘာပြန်ပြောသလဲ–

ကိံ တေ ဒိဋ္ဌံ ကိံ သုတံ။

တေ၊ သင်သည်။ ကိံ၊ အဘယ်ကို။ ဒိဋ္ဌံ၊ မြင်အပ်သနည်း။ တေ၊ သင်သည်။ ကိံ၊ အဘယ်ကို။ သုတံ၊ ကြားအပ်သနည်း။

ဒါက သက်သာအောင် ဘုန်းကြီးတို့က အသံလျှော့ထားပြောလို့။ ဟိုမှာ တကယ်ကိုယ်တော်ပြောတာက အရပ်ပြော ပြောတယ်။ 'ကိုယ်တော်က ဘာမြင်လို့လဲ၊ ကိုယ်တော်က ဘာကြားလို့လဲ' နောက်ထပ် မပြောဝံ့အောင် ငေါက်ဆတ်ဆတ်ပြောတယ်။ အဲဒီလို အဓမ္မဝါဒီကိုယ်တော်က သူကလဲ မတရားသေးတယ် ဓမ္မဝါဒီကိုယ်တော်လေးရဲ့ အပေါ်မှာ နိုင်လိုမင်းထက် ငေါက်ဆတ်ဆတ် မာကျောကျောနဲ့ ပြောတော့ ဓမ္မဝါဒီကိုယ်တော်လေးက ဘာပြန်ပြောသလဲ–

ဝိနယဓရော ဇာနိဿန္တိ။

ဝိနယဓရာ၊ ဝိနည်းဓိုရ်မထေရ်တို့သည်။ ဇာနိဿန္တိ၊ သိကြပါလိမ့်မယ်။

တပည့်တော် ဘာမြင်တယ် ဘာကြားတယ် ဆိုတာ ကိုယ်တော်တနေ့ကျတော့ ဝိနည်းဓိုရ် ကိုယ်တော်ကြီးတွေ သိလိမ့်မယ်၊ သိလိမ့်မယ်လို့ အဲဒီလို ပြောလိုက်တယ်။ ဓမ္မဝါဒီကိုယ်တော်က ဒီလိုပြောတော့ ကနေ့ ဥပမာတခုရှာကြစို့၊ ရာဇဝတ်မှု ကျူးလွန်ထားတဲ့ လူတယောက်

သည် တရားသူကြီးကို ကြောက်ရတယ်။ ဒါ-အမှန်။ အဲ့-ထို့အတူပဲ အာပတ်ဆိုတဲ့ ရာဇဝတ်မှုကျူးလွန်ထားတဲ့ လူနဲ့တူတဲ့ ဒီ-အဓမ္မဝါဒီ ရဟန်းသည် တရားသူကြီးနဲ့ တူသော ဝိနည်းမိုရ် ကိုယ်တော်တွေကျ တော့ ကြောက်တယ်။ "ဝိနည်းမိုရ် ကိုယ်တော်တွေ သိမှာပေါ့ ကိုယ် တော်"လို့ ဓမ္မဝါဒီကိုယ်တော်လေးက ပြောလိုက်တယ်။ ဒီတော့ အဓမ္မဝါဒီက နဲနဲကြောက်တယ်။

ဒါ ဘုန်းကြီးတို့ ပြောနေတာဟာ သာသနာက ဟုတ်လား၊ အဲဒီ ခေတ်တုန်းကတည်းကိုက သာသနာကဒီလိုဟာတွေရှိတယ်။ရှိတတ်တာ ပြောချင်လို့။ ဒီတော့ အဓမ္မဝါဒီ ကိုယ်တော်က ကြောက်စိတ်ဝင် လာပြီး သူဘာစဉ်းစားသလဲ—

သစေ ဣမံ ဝတ္ထုံ ဝိနယဓရာ ဝိနိစ္ဆိနိဿန္တိ။

ဣမံ ဝတ္ထုံ၊ ဤငါ့ရဲ့အမှုကို။ ဝိနယဓရာ၊ ဝိနည်းမိုရ်မထေရ် တို့သည်။ သစေ ဝိနိစ္ဆိနိဿန္တိ၊ အကယ်၍ အဆုံးအဖြတ် ပေးတော် မူကြကုန်ငြားအံ့။

ဟောဒီ ကိုယ်တော်လေးက ရွှေမြို့တော်သွား ဝိနည်းမိုရ်မထေရ် မြတ်ကြီး နှစ်ပါးထံ ဒီအမှု ဝိနည်းမိုရ် ခုံရုံးကို သွားပြီးတော့ တရား အမှုတင်လို့ ဝိနည်းမိုရ် မထေရ်မြတ်ကြီးတွေက ဒီ ငါ့ရဲ့အမှုကို ဆုံးဖြတ် လို့ရှိယင်—

အဒ္ဓါ မေ သာသနေ ပတိဋ္ဌာ န ဘဝိဿတိ။

အဒ္ဓါ၊ မချွတ်။ မေ၊ ငါ့အဖို့ရာ။ သာသနေ၊ သာသနာတော်၌။ ပတိဋ္ဌာ၊ ထောက်ရာ တည်ရာ မှီခိုရာသည်။ န ဘဝိဿတိ၊ ဖြစ်တော့ မည် ရှိတော့မည်မဟုတ်။

## ဝိနည်းမိုရ်ထံ ဆည်းကပ် လာဘ်ထိုးသော အဓမ္မဝါဒီပုဂ္ဂိုလ်

ဒီအမှုသာ ဝိနည်းမိုရ် ခုံရုံးရောက်လျှင်ဖြင့် ငါ့ သာသနာတော်မှာ အားကိုးမှီခိုရာ ထောက်ရာ တည်ရာ ဘာမှ ရှိတော့မှာ မဟုတ်ဘူး။

ကြောက်သွားတယ်။ အဲဒီလို စဉ်းစားမိတော့ ဝိနည်းမိုရ် ကိုယ်တော်ကြီးတွေကို ပိုင်အောင် ငါလုပ်မှ။ ဘယ်သူမဆိုပေါ့လေ ကိုယ့်မှုနဲ့ကိုယ်တော့ ပိုင်အောင်လုပ်ကြတယ်။ စဉ်းစားတယ်။ ဝိနည်း မိုရ် ကိုယ်တော်ကြီးတွေက ဒီအမှု ဆုံးဖြတ်လိုက်ရှိယင် ငါ့သာသနာမှာ ထောက်ရာ တည်ရာ ဘာမှရှိတော့မှာမဟုတ်ဘူး၊ ဒီတော့ အစောကြီး ကနေပြီး ဝိနည်းမိုရ် ကိုယ်တော်ကြီးတွေကို ငါ့အိပ်ကတ်ထဲ ထည့်မယ်၊ ငါပိုင်မယ်ပေါ့။ ဘယ်လိုလုပ်သလဲ။ ရှားပါး သပိတ်တွေ၊ ရှားပါး- သင်္ကန်းတွေ ထီးတွေ ဖိနပ်တွေ။ အေး-လက်ဆောင် တစိုး ထိုးဖို့ ဆန်အိတ်တွေ ဆီပုံးတွေ အများကြီး ယူသွားတယ်၊ ဟိုဗာရာဏသီ ရွှေမြို့တော်မှာနေတဲ့ ဝိနည်းမိုရ် ဂိုဏ်းဆရာ ကိုယ်တော်ကြီးနှစ်ပါးထံ သွား၊ ရောက်တော့ ကန်တော့ပွဲတွေမှ ဖန်နဲ့နေတယ်။ ပြင်လိုက်တာ သင်္ကန်းတွေ ထီးတွေ ဖိနပ်တွေ ပရိက္ခရာတွေ ဆန်အိတ်တွေ ဆီပုံး တွေ ကန်တော့ပွဲတွေ အများကြီးပေါ့။ ဒါနဲ့ ဝိနည်းမိုရ် ကိုယ်တော် ကြီးတွေရဲ့ ရှေ့မှာ ကန်တော့ပွဲတွေ ချတယ်၊ ကန်တော့တယ်။

ငါ့ရှင် ဘာပြုလို့လဲ မေးတော့ တပည့်တော် အရှင်ဘုရားတို့ထံမှာ နိဿရည်းခံ တပည့်ခံချင်လို့ပါ၊ စာသင်ချင်လို့ပေါ့။ တပည့်ခံချင်လို့ပါ လို့ပြောတယ်။ သူ ဟို တောကျောင်းမှာတော့ သူလုပ်ချင်တာလုပ်ခဲ့ တယ်။ အဲဒီတော့ ဝိနည်းမိုရ် ကိုယ်တော်ကြီးတွေက ရိုးရိုးကြီးတွေ ဆိုတော့ အေး....ဒါဖြင့် သင်တာပေါ့ကွယ် ဆိုပြီးတော့ သူ့ကန်တော့ ပွဲလဲ လက်ခံထားတယ်။ သူ့ကိုလဲပဲ လက်ခံတယ်။ အဲ အထဲတော့

ငါရောက်ပြီ၊ ဒီကိုယ်တော်ကြီးတွေနဲ့ ငါရင်းနှီးအောင် လုပ်မှပဲ ဆိုပြီး တော့ နေ့တိုင်း နေ့တိုင်း တရက်မှ မပြတ်ဘူး၊ ညည ကျပြီဆိုယင် ဒီ ဝိနည်းမိုရ် ကိုယ်တော်ကြီးတွေထံ သွားပြီး ကြိတ်ပေး နှိပ်ပေး ဝတ်ကြီး ဂတ်ငယ်ပြု သူရင်းနှီးအောင် လုပ်တယ်။

**အဝမ္ဗဝါဒီ၏ ပရိယာယ်**

အဲဒီလို တရက်ထက်တရက် တရက်ထက်တရက် သူဝတ်ကြီး ဝတ်ငယ်ပြု ဝတ္တရားကျေတော့ ဝိနည်းမိုရ် ကိုယ်တော်ကြီးတွေက အဟုတ်မှတ်တာပ။ တကယ် သဒ္ဓါတရားရှိတဲ့ ဦးပဉ္ဇင်းကလေးပဲ။ ဒီလို တရက်ထက်တရက် ဝတ်ပြုပါများတော့ ဝိနည်းမိုရ် ကိုယ်တော် မြတ်ကြီး နှစ်ပါးနဲ့ ရင်းနှီးသွားပြီ။ ရက်တွေ လတွေ တော်တော် ညောင်းတော့ သူပြောတဲ့စကားကို ဝိနည်းမိုရ် ကိုယ်တော်ကြီးတွေ နားထောင်လောက်ပြီ ဆိုတဲ့အချိန် အကဲခပ်ရမ်တဲ့နေ့မှာ ညဝတ်ပြုပြီး တော့ ဝိနည်းမိုရ် ကိုယ်တော်ကြီးတွေက ငါ့ရှင် ပြန်တော့ မိုးချုပ်ပြီ၊ ရှစ်နာရီခွဲ ကိုးနာရီရှိပြီဆိုတော့ မပြန်ဘူး။ဝတ်ဖြည့်နေတယ်။ နောက် တအောင့်လောက် ကြာတော့ ပြန်တော့လေ၊ မိုးချုပ်ပြီ မပြန်ဘူး။ နောက်တအောင့်လောက်ကြာတော့ ပြန်တော့လေ။ မပြန်တော့ ဝိနည်းမိုရ် မထေရ်မြတ်ကြီးတွေက သူ့ကိုမေးတယ်—

ကိဉ္စိ ဝတ္တဗ္ဗံ အတ္ထိ။

**အာ**ဝုသော၊ ငါ့ရှင်။ တေ၊ **သင့်အား**။ ကိဉ္စိ၊ တစုံတခုသော။ ဝတ္တဗ္ဗံ၊ လျှောက်ထား ပြောဆိုဖွယ်သည်။ အတ္ထိ၊ ရှိသလား။

ငါ့ရှင် တို့ကို လျှောက်ထားစရာ တခုခုရှိသလားလို့ မေးတယ်။ သူက ပြန်လျှောက်တယ်။ အာမ ဘန္တေ၊ ရှိပါတယ်ဘုရားလို့—

"ဧကေန မေ ဘိက္ခုနော သဟာ အဇ္ဈာစာရံ ပဋိစ္စ ဝိဝါဒေါ အတ္ထိ"။

ဧကေန၊ တပါးသော။ ဘိက္ခုနာ၊ ရဟန်းနှင့်။ သဟ၊ တကွ။ မေ၊ တပည့်တော်အား။ အဇ္ဈာစာရံ၊ ဝိနည်းသိက္ခာပုဒ် လွန်ကျူးခြင်းကို။ ပဋိစ္စ၊ အစွဲပြု၍။ ဝိဝါဒေါ၊ ငြင်းခုန်မှုသည်။ အတ္ထိ၊ ရှိပါသည်ဘုရား။

တပည့်တော် ကိုယ်တော်တပါးနဲ့ သီလဝိပတ္တိ အာစာရဝိပတ္တိ ဒိဋ္ဌိဝိပတ္တိ အာဇီဝဝိပတ္တိဆိုတဲ့လေးမျိုး။ အာစာရနဲ့ ပတ်သက်ပြီးတော့ ကိုယ်ကျင့်နဲ့ ပတ်သက်ပြီး သူနဲ့တပည့်တော် ဝိဝါဒဖြစ်ပါတယ်ဘုရား။ သူကအပြစ်ရှိတယ် လို့ပြောတယ်၊ တပည့်တော်က မရှိဘူးပေါ့။ အမှုတော့ ကောင်းကောင်း ဖော်မပြောဘူး။ အမှန်ကတော့ သူ့အမှုဟာ အင်မတန်ကြီးတဲ့အမှု ဝိနည်းဓိုရ်ခုံရုံးရောက်ယင် ဒီသာသနာက ပျောက်ရမယ့်အမှုဆိုတော့ အင်မတန်ကြီးလေးတဲ့ ဂရုကအမှုကြီး။

အဲဒီတော့ သူကအခုပြောကယ်၊ တပည့်တော် ရဟန်းတပါးနဲ့ သိက္ခာပုဒ် လွန်ကျူးမှုကို အကြောင်းပြုပြီးတော့ ဝိဝါဒဖြစ်နေပါတယ်ဘုရား။

"သော ယဒိ တံ ဝတ္ထုံ ဣဓာဂန္တွာ အာရောစေတိ"။

ယဒိ၊ အကယ်၍။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဣဓ၊ ဤအရပ်သို့။ အာဂန္တွာ၊ လာရောက်ပြီး။ တံ ဝတ္ထုံ၊ ထိုအမှုကို။ အာရောစေတိ၊ လျှောက်ထားငြားအံ့။

အကယ်၍ အဲဒီကိုယ်တော် အရှင်ဘုရားတို့ထံ လာရောက်ပြီးတော့ သူနဲ့တပည့်တော်ဖြစ်တဲ့ ဝိနည်းမှုကို အရှင်ဘုရားတို့အား လျှောက်ထား လို့ရှိယင်ဖြင့် –

"ယထာဝိနိစ္ဆယံ န ဝိနိစ္ဆိနိတဗ္ဗံ"။

ယထာဝိနိစ္ဆယံ၊ **အဆုံးအဖြတ်ဖြစ်သင့်သည့်အတိုင်း**။ န ဝိနိစ္ဆိနိ-တဗ္ဗံ၊ မဆုံးဖြတ်ကြပါနဲ့ဘုရား။

**ဟော** အပိုင်စီးတယ်။ ဝိနိစ္ဆယ ဖြစ်သည့်အတိုင်း **မဆုံး**ဖြတ်ပါနဲ့ ဘုရားတဲ့ သူက။ **သက်န်း**တွေ သပိတ်တွေ ဆန်အိတ်တွေ ဆီပုံးတွေ ကလဲ လှူထားတော့ ကိုယ်တော်ကြီးတွေကို အားနာအောင် လုပ်နေတယ်။ ပြုထားလိုက်တဲ့ **ဝ**တ်ကြီးဝတ်ငယ်ကလဲ **နေ့**တိုင်းကိုး။ အဲဒီလို ဒီကိုယ်တော်က **ပြော**တော့ မထေရ်ကြီး**တွေ**က ဘယ့်နှယ်မြှောတုန်း ဆိုတော့–

"ဩသဋ္ဌံ ဝတ္ထုံ ယထာ ဝိနိစ္ဆယံ န ဝိနိစ္ဆိနိတုံ န ဝဋ္ဋတိ။"

အာဝုသော၊ငါ့ရှင်။ ဩသဋ္ဌံ၊ဝိနည်းမိုရ်ခုံရုံးသို့ ရောက်၍လာသော။ ဝတ္ထုံ၊ အမှုကို။ ယထာ ဝိနိစ္ဆယံ၊ **အဆုံးအဖြတ်** ဖြစ်သင့်သည့်**အတိုင်း**။ န ဝိနိစ္ဆိနိတုံ၊ မဆုံးဖြတ်ခြင်းငှာ။ န ဝဋ္ဋတိ၊ မဖြစ်နိုင်**ဘူး**။

ငါ့ရှင် အကယ်၍ ဟိုတဘက်က ဒီအမှုကို ဝိနည်းမိုရ်ခုံရုံး**လာ**တင်လို့ ဒီအမှု ဝိနည်းမိုရ်ခုံရုံးရောက်လာယင် ဝိနိစ္ဆယရှိတဲ့အတိုင်း မဆုံးဖြတ်ပဲ **နေ**လို့ ဘယ်ဖြစ်မလဲတဲ့။ မဖြစ်နိုင်ဘူး၊ **ဆုံး**ဖြတ်ရမှာပဲကွဲ တို့**က**ဝိနည်း မိုရ်တွေဆိုတော့။ဒီ**တော့** အဓမ္မဝါဒီ ကိုယ်တော်**က** ပြန်ပြောတယ်––

"ဧဝံ ကရိယမာနေ ဘန္တေ မမ သာသနေ ပတိဋ္ဌာ နတ္ထိ"၊

ဘန္တေ၊ အရှင်တို့ဘုရား။ **ဧဝံ**၊ ဤသို့။ ကရိယမာနေ၊ ပြုအပ်သည် ရှိသော်။ မေ မမ၊ တပည့်တော်၏ **အဖို့**ရာ။ သာသနေ၊ သာသနာ၌။ ပတိဋ္ဌာ၊**ထောက်**ရာ တည်ရာ မှီခိုရာသည်။ နတ္ထိ၊ မရှိတော့ပါဘူးဘုရား။

အဲဒါ ငိုတလှည့်ဟုတ်လား ဒါလဲပါမှာပေါ့။ **အကယ်၍**သာ **အရှင်** ဘုရားတို့က ဝိနည်းအဆုံးအဖြတ်ပေးတော်မူကြယင် တပည့်တော်တို့

အဖွဲ့ရာ သာသနာမှာ ထောက်ရာတည်ရာမှီခိုရာ မရှိတော့ပါဘူးဘုရား။ နောက်နားက ငိုချင်းလေး ထည့်ချင်လဲထည့်အုံး။ သူဟီးချ ငိုမှာပ။ သနားအောင် ပြောတယ်။

မယေ့တံ ပါပံ ဟောတု။ တေ ပါပံ၊ ထိုမကောင်းမှုသည်။ မယှံ၊ တပည့်တော်၏။ ပါပံဝေါမကောင်းမှုပင်။ ဟောတု၊ ရှိပါစေဘုရား။

တပည့်တော်ကံနဲ့ တပည့်တော်ထိုက်ရှိပါစေ။

မာ တုမှေ ဝိနိ စ္ဆိနထ။တုမှေ၊အရှင်ဘုရားတို့ကသာ။ မာဝိနိစ္ဆိနထ၊ မဆုံးဖြတ်ကြပါနှင့်ဘုရား။

**ဆန္ဒာဂတိလိုက်သောဝိနည်းစိုရ်**

အရှင်ဘုရားတို့ကသာ မဆုံးဖြတ်ကြပါနဲ့၊ တပည့်တော်ကံနဲ့တပည့်တော်အပြစ် တပည့်တော် သံသရာခံပါရစေ၊ ဒီအမှုကို ဆရာတော်တို့က တော့ဖြင့် ဆုံးဖြတ်မပေးပါနဲ့။ ငိုကြီးချက်မနဲ့ အဲဒီလို လျှောက်တော့ နောက်ဆုံးမထေရ်ကြီးတွေကလဲ အားနာပါးနာနဲ့ ပါသွားရော။ အင်း-အေးပါကွာ မင်းဒါလောက်တောင် ဒုက္ခရောက်နေယင် ငါတို့ ဒီအမှုကို လက်မခံပါဘူး၊ မဆုံးဖြတ်ပါဘူးလို့လဲ မထေရ်ကြီးတွေက "ဆိုခဲ့စေ မြဲစေ" အဲဒီလိုပဲ ပြောတော့။အေး တို့ဒီမှုနဲ့ မဆုံးဖြတ်ပါဘူးကွ အဲဒီလို ပြောလိုက်တော့ ဒိကိုယ်တော်ကြီးတွေကသမာဓိရှိတယ်၊ဆိုခဲ့စေ မြဲစေ။ ဆိုခဲ့တယ်၊ မြဲလဲ မြဲတယ်။ ဘယ်လိုနည်းနဲ့မှ မဆုံးဖြတ်ဘူးဆိုပြီးမှ ဆုံးဖြတ်မှာ မဟုတ်ဘူးဆိုတာ သူယုံတယ်။ယုံတော့ သူဘာစဉ်းစားသလဲ –

"သဗ္ဗံ ဝိနယဓရာနံ သန္တိကေ နိဋ္ဌိတံ"။

သဗ္ဗံ၊ အလုံးစုံသော။ ဝိနယဓရာနံ၊ ဝိနည်းစိုရ် ပုဂ္ဂိုလ်တို့၏။ သန္တိ-ကေ၊ အထံ၌။ ကိစ္စံ၊ ရှုက်ဆောင်ပြုလုပ်ဖွယ် ကိစ္စသည်။ နိဋ္ဌိတံ၊ ပြီးလေပြီ။

ဝိနည်းဓိုရ် ကိုယ်တော်ကြီးတွေထံမှာ လုပ်ရမယ့် အလုပ်ကိစ္စတော့ ပြီးပြီ။ ငါပြန်တော့မယ်၊ ဒါသူ့အကြံ အောင်ပြီလေ။ ဒီအလို့ငှာ သူလာတာ။ တောရွာပြန်၊ တောကျောင်းမှာရှိတဲ့ ဓမ္မဝါဒီ ကိုယ်တော်လေးကို ရှေးကထက် ပိုပြီးတော့ သူက လွမ်းမိုးစကားပြောတယ်။ အရေးမစိုက်ဘူးကွ၊ ဘယ်သူ့မှ အရေးမစိုက်ဘူး တို့ဘာတို့။

အင်း—ဓမ္မဝါဒီ ကိုယ်တော်လေးက—

"နိရာသင်္ကော အယံ ဇာတော"။

အယံ၊ ဤအဓမ္မဝါဒီရဟန်းသည်။ နိရာသင်္ကော၊ ရွံရှားခြင်းကင်းသည်။ ဇာတော၊ ဖြစ်လှချည့်။

အော် ဒီအဓမ္မဝါဒီ ကိုယ်တော့်နှယ် ရဲလှချည့်၊ ရှေးကထက် ပို၍ တိုး၍ပဲ ရဲလာသေးတယ်။ မြို့ကပြန်လာတော့ မြို့မှာများ သူဘာလုပ်ခဲ့သလဲ ငါသွားစုံစမ်းမယ် ဆိုပြီး သွားတယ်။ ဓမ္မဝါဒီ ကိုယ်တော်လေး မြို့သွားတယ်။ အဓမ္မဝါဒီ ကိုယ်တော်ကလဲ ဒီကနေ့ ဓမ္မဝါဒီကိုယ်တော် သွားတယ်ဆိုယင် နက်ဖြန် သူကလိုက်တယ်။ ဓမ္မဝါဒီ ကိုယ်တော်လေး မြို့ရောက်လို့ နားထောင် စုံစမ်းကြည့်တယ်။ အဲဒီကိုယ်တော်ကို ဝိနည်းဓိုရ် ပုဂ္ဂိုလ်ကြီးတွေက အမှုကို မဆုံးဖြတ်ဘူးလို့ ပြောလိုက်တဲ့ အကြောင်း ကြားတော့ ဓမ္မဝါဒီ ကိုယ်ဘော်လေးက အော် ဒါကြောင့် ဒီ အဓမ္မဝါဒီကိုယ်တော် ဒီလောက် ဇက်ရဲ လက်ရဲ ရဲတင်းလာတာ ပါလား။ ဒီတော့မှ သံဃာဆက်မှုပဲ။ သံဃာသွားပြီးတော့ ငါ အားယူမှပဲ ဒီအကြံနဲ့ ဓမ္မဝါဒီ ကိုယ်တော်လေးသွားတယ်။ ကိုယ်တော် ကနေ့ကစပြီး ရှုံးပြီ၊ ကိုယ်ဘော့် အမှုရှုံးပြီ။

"မာ တံ အာဝါသံ အာဂစ္ဆိ"။

တံ အာဝါသံ၊ ထိုကျောင်းတိုက်ကို။ မာ အာဂစ္ဆိ၊ ပြန်မလာနဲ့။

ရှေ့မှာတော့ သူဘာပြောတယ် မသိဘူး။ စာထဲမှာတော့ အဲဒါ လောက်ပဲ။ ပြန်လာယင် ဒီကိုယ်တော် ခေါင်းနဲ့ကိုယ်တော့ အိုးစားကွဲ မလား မသိဘူး။ ဒါတွေလဲ ပါချင်ပါမှာပေါ့ သူဟာ အစမ္မဝါဒီဆိုတော့ ဟုတ်လား။ ဒီ ခြိမ်းခြောက်လုံးတွေ ပါချင်ပါမှာပေါ့။ ကိုယ်တော် အဲဒီကျောင်း ပြန်ကိုမလာခဲ့နဲ့ ဆိုပြီး အနိုင်ကျင့်ပြီး ပြန်သွားရောသူ၊ ဒီစမ္မဝါဒီ ကိုယ်တော်ကလေးမှာ ငယ်လိုက်တဲ့မျက်နှာ ဟုတ်လား။ ကဲလေ မထူးပါဘူး၊ ဒါလောက်တောင်ငိုလှတယ် ဆိုပြီးတော့ စမ္မဝါဒီ ကိုယ်တော်လေးက ဝိနည်းဓိုရ် မထေရ်မြတ်ကြီးတွေထံ ဦးတိုက်ဝင်ပြီး တော့ တခါတည်း လျှောက်တယ်။ ဘာပြောလဲ—

"တုမှေ့ သာသနံ အနုပေက္ခိတ္ထ 'အမှေ့ ဥပဋ္ဌေသိ ပရိ-
တောသေတိ'တိ ပုဂ္ဂလမေဝ အပေက္ခိတ္ထ"။

ဘန္တေ၊ ဝိနည်းဓိုရ်သခင် အရှင်တို့ဘုရား။ တုမှေ့၊ အရှင်ဘုရားတို့ သည်။ သာသနံ၊ ဘုရားမြတ်စွာ သာသနာမျက်နှာကို။ အနုပေက္ခိတ္ထ၊ မငဲ့ကွက်ကြပဲ။ အမှေ့၊ ငါတို့ကို။ ဥပဋ္ဌေသိ၊ အစမ္မဝါဒီ ကိုယ်တော် လေးက ပြုစုလုပ်ကျွေးတယ်။ ပရိတောသေတိ၊ သင်္ကန်းတွေ ထီးတွေ ဖိနပ်တွေ ဆီတွေ ဆန်တွေနဲ့ နှစ်သိမ့်စေတယ်။ ဣတိ၊ ဤသို့နှလုံး ပိုက်၍။ ပုဂ္ဂလမေဝ၊ ပုဂ္ဂိုလ်ရဲ့ မျက်နှာကိုသာလျှင်။ အပေက္ခိတ္ထ၊ ငဲ့ကွက်ကြည့်ရှုတော်မူခဲ့ကြပြီ။

## အမှုမဆိုင်ရပဲရှိးသော စမ္မဝါဒီပုဂ္ဂိုလ်

အရှင်ဘုရားတို့ အရှင်ဘုရားတို့ဟာ သာသနာတော်ရဲ့ မျက်နှာကို တော့ မကြည့်ပဲ ဒီကိုယ်တော်ဟာ တို့ကို နေ့စဉ် နေ့စဉ် ဝတ်ကြီး ဝတ်ငယ် ပြုပေးနေတယ်။ ကျိတ်ပေးတယ် နှိပ်ပေးတယ်ပေါ့။ ရောက် စတုန်းကလဲ သင်္ကန်းတွေ ထီးတွေ ဖိနပ်တွေ ဆန်တွေ ဆီတွေနဲ့ တို့ကို

ကန်တော့ထားတယ်။ အဲဒီလို ကိုယ်တော်တို့ အောက်မေ့ပြီးတော့ ဒီအဓမ္မဝါဒီ ကိုယ်တော်ရဲ့မျက်နှာကို အရှင်ဘုရားတို့ ကြည့်ခဲ့ကြပြီ။ အကြည့်မှားကုန်ပြီ။

"သာသနံ အရက္ခိတ္ဝာ ပုဂ္ဂလံ ရက္ခိတ္ထ"။

တုမှေ၊ အရှင်ဘုရားတို့သည်။ သာသနံ၊ ဘုရားမြတ်စွာ သာသနာကို။ အရက္ခိတွာ၊ မစောင့်ရှောက်ကြပဲ။ ပုဂ္ဂလံ-ပုဂ္ဂလံဝေ၊ အဓမ္မ-ဝါဒီခေါ်တဲ့ ပုဂ္ဂိုလ်ကိုသာလျှင်။ ရက္ခိတ္ထ၊ စောင့်ရှောက်တော်မူခဲ့ကြပြီ။

သာသနာတော် အတွက်တော့ဖြင့် အကာအကွယ် မပေးပဲ ဟိုအဓမ္မဝါဒီ ပုဂ္ဂိုလ်ရဲ့အတွက် အရှင်ဘုရားတို့ အကာအကွယ် ပေးကြတယ်။စောင့်ရှောက်ကြတယ်။

"အဇ္ဇတဂ္ဂေ ဒါနိ တုမှာကံ ဝိနိစ္ဆယံ ဝိနိစ္ဆိနိတုံ န ဝဋ္ဋတိ"။

အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ တုမှာကံ၊ အရှင်ဘုရားတို့၏ အဖို့ရာ။ ဝိနိစ္ဆယံ၊ အဆုံးအဖြတ်ကို။ ဒါနိ၊ ယခုအခါ၌။ ဝိနိစ္ဆိနိတုံ၊ ဆုံးဖြတ်ခြင်းငှာ။ န ဝဋ္ဋတိ၊ မတော်တော့ဘူး။

ယနေ့ကစပြီး အရှင်ဘုရားတို့ ဝိနည်းမှုရုံးလုပ်ပြီးတော့ ဝိနည်းမှုတွေကို မဆုံးဖြတ်သင့်တော့ဘူး၊ ဒီလိုသာ ဆန္ဒာဂတိ လိုက်ပြီးတော့ လုပ်နေမယ်ဆိုယင် အရှင်ဘုရားတို့ ကနေ့ကစပြီးတော့ ဝိနည်းမှုရုံး အလုပ် မလုပ်သင့်တော့ဘူး။ မခံနိုင်လွန်းလို့သာ ပြောရတယ်။ ဝမ်းထဲက နည်းလျက်ပဲ သူရှုံးနေတာကိုး။ ဘာမှ အမှုမဆိုင်ရပဲနဲ့ ရှုံးနေတယ်။

"အဇ္ဇ ပရိနိဗ္ဗုတော ကဿပေါ ဘဂဝါ။"

အဇ္ဇ၊ ယခုမှ။ ကဿပေါ ဘဂဝါ၊ ကဿပမြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့ပါသည်ဘုရား။

**သာသနာပျက်စီးပြီဟု လျှောက်ခြင်း**

ခုမှ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတယ်။ အင်း ဟိုတုန်းက စံတဲ့အချိန်က စံပြီလေ၊ ဓာတုစေတီတော်ကြီးတောင် တည်ပြီးပေါ့။ ဒါပေမယ့်လို့ သဘောကို ပြောနေတာ။ 'အခုမှ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတယ်ဘုရား' ဆိုပြီးတော့ ကိုယ်တော်ကလေး ချုံးပွဲချငိုတယ်။ ဟုတ်တယ် ဒီမထေရ်ကြီးတွေ ဝိနည်းနဲ့အညီ ဆုံးဖြတ်နေလို့ စာပေတွေ ပို့ချနေတဲ့ အချိန်တုန်းကတော့ ကဿပမြတ်စွာဘုရား တဖန်ပွင့်နေသလို ဖြစ်နေတယ်။ အဲဒီတော့ အခုမှ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန် စံပါပေါ့ဘုရား'လို့ ကိုယ်တော်လေး ချုံးချငိုပြီးတော့ နောက်ဆုံး ဘာပြောသွားသလဲ–

"နဋ္ဌံ သတ္ထု သာသနံ။"

သတ္ထု၊ ကဿပမြတ်စွာဘုရား၏။ သာသနံ၊ သုံးပါးသိက္ခာ အဆုံးအမ သာသနာသည်။ နဋ္ဌံ၊ ပျောက်ခြင်းမလှ ပျောက်ခဲ့၊ ပျက်ခြင်းမလှ ပျက်ပါပေါ့ဘုရား။

**ဝိနည်းဓိုရ်နှစ်ပါး နှလုံးမသာဖြစ်ခြင်း**

ကဿပမြတ်စွာဘုရား သာသနာတော့ ပျက်ပြီ ပျက်ပြီ ဆိုပြီး ဒီလို မြည်တမ်းပြီး ကိုယ်တော်လေးလဲ ဦးတည်မိရာ တခါတည်းသွားတယ်။ အဲဒီတော့မှ ဝိနည်းဓိုရ် ကိုယ်တော်ကြီးနှစ်ပါးဟာ နှလုံးပူပန်မှု ဖြစ်ကြတယ်။ နောင်တ ပူပန်မှု ဖြစ်ကြတယ်။ အချင်းချင်း ပြောကြတယ်–

"မယံ ပုဂ္ဂလမနုရက္ခန္တာ သာသနရတနံ သောဗ္ဘေ ပက္ခိပိမှ။"

မယံ၊ ငါတို့သည်။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ အနုရက္ခန္တာ၊စောင့်ရှောက် လိုကြကုန်သည်ဖြစ်၍။ သာသနရတနံ၊ သုံးပါးသိက္ခာ သာသနာတည်း ဟူသော ရတနာထုပ်ကြီးကို။ သောဗ္ဘေ၊အဓမ္မမှုဆိုတဲ့ ချောက်ကမ်းပါး ထဲ၌။ ပက္ခိပိမှ၊ အပြစ်ချ မှားခဲ့ကုန်ပြီ။

ကိုယ်တော် ပါပမိတ်ကို သွားပေါင်းမိတာနဲ့ ကိုယ်တော်တို့ တပည့် တော်တို့ ပုဂ္ဂိုလ်ကို စောင့်ရှောက်တဲ့ အနေနဲ့ သာသနာဆိုတဲ့ ရတနာ ထုပ်ကြီးကို အဓမ္မမှုဆိုတဲ့ ချောက်ကြီးထဲ ပစ်ချမိကြပြီ။ ပြန်ဆယ်လို့လဲ မရတော့ဘူး။ ဓမ္မဝါဒီ ကိုယ်တော်လေး ဘယ်လိုက်ရှာရမှန်း မသိဘူး။ အဲ- ဝိနည်းမိုရ် ကိုယ်တော်ကြီးတွေ လုပ်ပြီးတော့ တရားလို တရားခံ လိုက်ရှာနေလို့လဲ ဘယ်ဖြစ်ပါ့မလဲ။ ဒီတော့ တပည့်တော်တို့တော့ မှား ပြီ။ အဓမ္မဝါဒီပုဂ္ဂိုလ်ကို အပေါင်းမှားတာနဲ့ သာသနာဆိုတဲ့ ရတနာ ကို အဓမ္မမှုဆိုတဲ့ ချောက်ထဲ ပစ်ချမိကြပြီ။ နှလုံး မသာယာမှု ဖြစ် ပြီး နှိပ်စက်ပြီးတော့ အသက်တမ်းအတိုင်း နေပြီး ပျံတော်မူကြတယ်။ မဂ်ဖိုလ်လဲ မရဘူး။ သူတို့တွေ သီလ အင်မတန် ဖြူစင်တယ်။ ဒါပေမယ်လို့ ထောပတ်အိုးထဲ အဆိပ်ကျသလို အဲဒီ ဖြောင့်တဲ့ သီလကို ဝင်ပြီးတော့ ဟော ကြည့်– နှလုံးမသာယာမှု ဝိပ္ပဋိသာရ အနှောင့် အယှက် ပေးပြီ။

## ဆန္ဒာဂတိ၏ မကောင်းကျိုး

သီလတန်ခိုးဟာ အင်မတန် ထက်ပေမယ်လို့ ဒီ ဝိပ္ပဋိသာရ နှလုံး မသာယာမှု အနှောင့်အယှက် ပေးနေတဲ့အတွက် ဒီ ကိုယ်တော်ကြီး တွေဟာ အထက်ဖြစ်တဲ့ တာဝတိံသာ ယာမာ တုသိတာ အဲဒီ နတ် ပြည်ကို မတက်နိုင်ဘူး။ သီလသည် နတ်ပြည်စောင်းတန်း ကိုယ်ကြိုက် တဲ့ နတ်ပြည်ကို သီလလှေကား ထောင်တက်နိုင်တယ် ဆိုပေမယ်လို့

ဝိပ္ပဋိသာရ ဝင်ရောက်နှိပ်စက်တဲ့အတွက် တာဝတိံသာ ယာမာ သီလ လေ့ကား မထောင်တက်နိုင်ပဲနဲ့ အဲဒီ သီလက စတုမဟာရာဇ်နတ် အောက်ဘုံကို အကျိုးပေးလိုက်တယ်။ ဘယ်သွားပေးလိုက်သလဲ ဆို တော့ ဝေဿဝဏ်နတ်မင်းကြီး မြင်းမိုရ်တောင် မြောက်ပိုင်းကို အစိုးရ တယ် အုပ်ချုပ်ရတယ်။ ဝေဿဝဏ်နတ်မင်းကြီးရဲ့ အခြွေအရံ နတ် ဘီလူး စစ်မှူးနှစ်ယောက် သွားဖြစ်တယ်။ ဒီကိုယ်တော်ကြီးနှစ်ပါး စစ် သေနာပတိ နှစ်ဦးပေါ့။

## ဟေမဝတနှင့် သာတာဂိရ နတ်ဘီလူး စစ်မှူးကြီး နှစ်ဦး

တဦးက ဟိမဝန္တာ ဟေမဝတတောင်မှာ သွားဖြစ်လို့ သူ့ကို ဟေ- မဝတ နတ်ဘီလူး စစ်မှူးလို့ ဟေမဝတယက္ခသေနာပတိ ခေါ်တယ်။ ယက္ခ သေနာပတိ နတ်စစ်သူကြီးပေါ့။

နောက်တဦးက ကိုယ်တော်တပါးက မဇ္ဈိမတိုက် အိန္ဒိယထဲမှာ သာတာဂိရတောင်လို့ သာတတောင်လို့ ရှိတယ်။ အဲဒီ သာတတောင်မှာ သွားပြီးတော့ နတ်ဘီလူး စစ်မှူးဖြစ်လို့ သာတာဂိရ နတ်စစ်မှူး နတ်ဘီလူး စစ်မှူးပေါ့။ ဘီလူးနတ်ခေါ်တယ်။

ဒါပေမယ့်လို့ ဝေဿဝဏ်နတ်မင်းကြီးရဲ့ စစ်သေနာပတိ နှင်ကျိပ် ရှစ်ယောက်ထဲမှာ သူတို့နှစ်ယောက်လဲပါတယ်၊ သူတို့တပည့်ငါးရာလဲပဲ ဆရာတွေနောက်လိုက်-ခမ္မဝါဒီ ကိုယ်တော်လေးတော့ အားမပေးပဲနဲ့ ဆရာတွေရဲ့ အကြိုက်လိုက်တဲ့အတွက် ဟော-သူတို့လဲသေတော့ ဆရာ တွေရဲ့နောက်ကပဲ ဘီလူးငါးရာငါးရာ သွားဖြစ်ကြတယ်။

ဆရာတော်ကြီးနှစ်ပါးက နတ်ဘီလူး စစ်မှူးကြီးတွေ တပည့် ငါးရာက နတ်ဘီလူး စစ်သားတွေပြောပါတို့။ စစ်သေနာပတိတွေရဲ့ အစည်းအဝေးက လတိုင်း လတိုင်း ရှစ်ရက်တကြိမ် ဘဂလဝတီဆိုတဲ့

တောင်မှာ နတ်ဘီလူး စစ်မှူးတို့ရဲ့ အစည်းအဝေး ဖြစ်တယ်၊ အစည်းအဝေး တက်ကြတယ်။ သာတာဂိရ နတ်ဘီလူး စစ်မှူး ဟေမဝတ နတ်ဘီလူး စစ်မှူး နှစ်ဦးသားဘို့ အစည်းအဝေး တက်တော့ တယောက်နဲ့တယောက် မြင်ကြတော့ သိတယ်။ သိတော့မေးတယ်။ သာတာဂိရနတ်ကစပြီး–

"တွံ သမ္မ ကုဟိံ ဥပ္ပန္နော။"

သမ္မ၊ မိတ်ဆွေ။ တွံ၊ သင်သည်။ ကုဟိံ၊ အဘယ်အရပ်၌။ ဥပ္ပန္နော၊ ဖြစ်၍နေသလဲ။

## နတ်ဘီလူး နှစ်ဦး၏ ဝမ်းနည်းစကား

တယောက်နဲ့တယောက် အခုမှ တွေ့တော့-သူငယ်ချင်း မင်းအခု ဘယ်မှာဖြစ်နေသလဲ။ ဒီတော့ ဟေမဝတက ပြောတယ် "သူငယ်ချင်း ငါ-ဟိမဝန္တာတောထဲက ဟေမဝတတောင်မှာ ဟေမဝတနတ်ဘီလူး စစ်မှူး ; ဖြစ်နေသကွ။ တွံ ကုဟိံ=သူငယ်ချင်းကော အဘယ်မှာ သွားပြီးတော့ ဖြစ်နေသလဲ။ သာတာဂိရက ပြောတယ်၊ ငါ-မဇ္ဈိမဒေသ အိန္ဒိယထဲမှာသွားပြီး သာတတောင်၌ သာတာဂိရ နတ်ဘီလူး စစ်မှူး ဖြစ်နေတယ်။ တယောက်နဲ့တယောက် တွေ့တော့ အချင်းချင်းပြောကြ တယ်။ ဝမ်းနည်းစကား ပြောကြတယ်။ ဘယ်လိုပြောကြသလဲ–

"နဋ္ဌာ မယံ သမ္မ ပုဗ္ဗေ ဝီသတိဝဿသဟဿာနိ သမဏဓမ္မံ ကတ္ဝာ ကေ်ာ ပါပသဟာယံ နိဿာယ ယက္ခယောနိယံ ဥပ္ပန္နာ"။

မယံ၊ ငါတို့နှစ်ဦးသားသည်။ ပုဗ္ဗေ၊ ရှေးဘဝတုန်းက။ ဝီသတိ-ဝဿ-သဟဿာနိ၊ အနှစ် နှစ်သောင်းတို့ပတ်လုံး။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကတ္ဝာ၊ ပြုလုပ် အားထုတ်ခဲ့ကြပါကုန်လျက်။ ကော်၊

တယောက်သော။ ပါပသဟာယံ၊ ယုတ်မာသော အဖော်သဟဲကို။ နိဿာယ၊ အမှီပြုရသောကြောင့်။ ယက္ခယောနိယံ၊ ဟော ဒီဘီလူးမျိုး၌။ ဥပ္ပန္နာ၊ ဘဝပဋိသန္ဓေ ကပ်ရောက်နေကြရကုန်၏။ သမ္မ၊ မိတ်ဆွေ။ မယံ၊ ငါတို့သည်။ နင္ဃာ၊ ပျက်စီးဆုံးရှုံးကြကုန်၏။

သူငယ်ချင်းရာ တို့တော့ ပျက်စီးပါပေါ့။ ရှေးဘဝတုန်းက တို့တတွေ အနှစ် နှစ်သောင်းကြာအောင် ရဟန်းတရားကို ကြိုးစားအားထုတ် ခဲ့ကြပါလျက် အလှန်ယုတ်မာတဲ့ အမဗ္ဗဝါဒီဆိုသော ယုတ်မာတဲ့ အဖော်သဟဲ အကြောင်းပြုပြီးတော့ နတ်ထဲ အညံ့ဆုံးလာဖြစ်တယ်။

**ဒါယကာက တာဝတိံသာ ဘုန်းကြီးက စတုမဟာရာဇ်**

"အမှာကံ ပန ပစ္စယဒါယကာ ကာမာဝစရဒေဝေသု နိဗ္ဗတ္တာ။"

အမှာကံ၊ ငါတို့၏။ ပစ္စယဒါယကာ ပန၊ သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးဖြာ ဒါယကာတို့သည်ကား။ ကာမာဝစရဒေဝေသု၊ အထက် အထက် တာဝတိံသာ ယာမာ အစရှိသော ကာမာဝစရ နတ်ပြည်တို့၌။ နိဗ္ဗတ္တာ၊ ဖြစ်ကြလေကုန်၏။

ဒါယကာ ဒါယိကာမတွေကတော့ အထက် အထက် တာဝတိံသာ ယာမာစတဲ့ အထက် ကာမာဝစရနတ်ပြည်တို့မှာ ဖြစ်ကြရတယ်။ တို့ကတော့ဖြင့် အောက်ကျပြီ။ ဒါဟာ ဖြစ်တတ်တယ်။ အခုဘဝ ဆရာကပေမဲ့ နောက်ဘဝ အောက်တန်း နောက်တန်း ကျတတ်တယ်။ သက္ကပဉ္ဇသုတ်ကြည့်ပါ—

**သက္ကပဉ္ဇသုတ်**

ဘုရားလက်ထက်တုန်းက ကပိလဝတ်ပြည်က ဂေါပိကာ ဆိုတဲ့ သာကီဝင် မင်းသမီးကလေး။ အဲ-သူ့ အိမ်မှာ သံဃာတွေ ဆွမ်းကပ် သီလဆောက်တည် ဒါနပြု ဒါန သီလ ဥပေါသထ အလုပ်နဲ့ ကျင့်ကြံပြီး

သေသွားတော့ သိကြားမင်းကြီးရဲ့သား ဂေါပကနတ်သား ဆိုပြီးတော့ အလွန်ကြီးသော အိမ်ရှေ့မင်းလောက် တန်ခိုးကြီးတဲ့ နတ်သားသွားဖြစ်တယ်။ သူ့ အိမ်မှာ ဆွမ်းခံနေတဲ့ကိုယ်တော်ကြီးသုံးပါးက စတုမဟာရာဇ် ဂန္ဓဗ္ဗနတ်ကခေါ်သည့်နတ် စောင်းတီးပြီးတော့ ကဟဲ့ဆိုဟဲ့ဆိုတဲ့ဂန္ဓဗ္ဗနတ်တွေ သွားဖြစ်တယ်။ အဲဒီနတ်သုံးယောက်ကို ဂေါပကနတ်သားက ပွဲသဘင်မှာ သွားတွေ့တော့ အမလေး အမြင်မကောင်းတာ မြင်ရလေခြင်းတဲ့။ ဒါ-သက္ကပဥှသုတ်မှာ။အခုဒီဟောမင်္ဂလာသုတ်က ကိုယ်တော်ကြီးတွေလဲ ဒီအတိုင်းဖြစ်ကြတယ်။ သူတို့ရဲ့ ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမတွေက အထက်တာဝတိံသာ ယာမာဆိုတဲ့ အထက်အထက် နတ်ပြည်မှာဖြစ်တယ်။ သူတို့ကတော့ စတုမဟာရာဇ်နတ်ပြည်မှာ နတ်ဘီလူးကြီးတွေ ဖြစ်တဲ့အတွက် တို့ပျက်စီးတာပဲကွာ၊ တို့ဆုံးရှုံးတာပဲကွာလို့ ပြောကြသတဲ့။ ဂေါပကနတ်သား ဝတ္ထုကိုလဲ ထောက်ရမယ်။

## မှတ်သားစရာ ဝါးချက်ဆရာတော်ကြီး၏ စကား

အဲဒါတွေကို အကုန်လုံး ခြုံပြီးတော့ ဝါးချက် မင်းကျောင်း ဆရာတော်ကြီး ပြောတဲ့စကားတခု အဲဒါမှတ်ကြအုံး၊ အင်း ဝါးချက် ဆိုတာ စစ်ကိုင်းတောင်ရိုး မြောက်ဖျားမှာ ဝါးချက်ဆိုတာ ရှိတယ်။ အဲဒီ မင်းကျောင်းဆရာတော်ကြီးဆိုတာလဲ ဥက္ကဋ္ဌပုဂ္ဂိုလ်ကြီး၊ အကျင့် သိက္ခာလဲ အင်မတန် ရင့်ကျက်တယ်။ ဥက္ကဋ္ဌမြောက်အောင်ကျင့်တယ်။ သာသနာတော်မှာ အင်မတန်ထင်ရှားတဲ့ ဆရာတော်ကြီး။

တချိန်တော့ မင်းကျောင်းဆရာတော်ကြီးကို မန္တလေးရွှေမြို့တော် ကအလှူပင့်တယ်။ပါသွားတယ်။သံဃာစင်တက်တယ်။မြို့ကဆရာတော် တွေက ဘာပြောသလဲ "ဟာ-ဝါးချက် မင်းကျောင်းဆရာတော်ဟာ အလွန်ရောက်ခဲပါတယ်၊ တရားဟောပါ"လို့ ပြောတော့ ဝါးချက် မင်း

ကျောင်းဆရာတော်က "မဟောပါရစေနဲ့"လို့ ပြန်ပြောတယ်၊ ဒီပြင် ဆရာတော်တပါးက "ဟာ မဟုတ်ပါဘူး အင်မတန် ရောက်ခဲ့ပါတယ်၊ ဟောပါ"လို့ ထပ်ပြောတယ်၊ ဆရာတော်ကြီးက "မဟောပါရစေနဲ့ ကိုယ်တော်"လို့ ပြောပြန်တယ်၊ ဘာပြုလို့လဲ ဆရာတော်ရယ်လို့ဆိုတော့ "ဟုတ်တာပြောတတ်လွန်း"လို့။ ဝါးချက်ဆရာတော်က ဟုတ်တာပြော တတ်လွန်းလို့လို့ဆိုတော့ ဟိုထောင့်က ဘုန်းကြီးတပါးက မခံချင်လို့ ဘုန်းကြီးတပါးကပေါ့လေ၊ ဘုန်းကြီးဆိုတာ တပါးနဲ့တပါးဘယ်တော့မှ ဗိုလ်ထားတာမဟုတ်ဘူး ပြောတာပဲဟုတ်လား၊ အင်း- အဲဒီမခံချင် လို့ ကိုယ်တော်က "မဟုတ်ပါဘူးကိုယ်တော် တရားဟောတယ်ဆိုတာ ဟုတ်တာဟောရမှာပေါ့" အဲဒီလိုပြောသတဲ့။ ဒီလို တရားဟောတယ် ဆိုတာ ဟုတ်တာပြောရမှာပေါ့ ကိုယ်တော်လို့၊ နောက်ဆုံးအတင်း အကြပ် ပြောတော့ ဝါးချက်ဆရာတော်ကြီးက အာမခံရရော တရား ဟောဖို့။မငြင်းသာဘူးပေါ့လေ ဟိုဆရာတော်ကပြော ဒီဆရာတော်က ပြောနဲ့ ဝိုင်းပြောကြတော့ ကြာတော့ မငြင်းနိုင်တော့ဘူး။

ဒီတော့ သီလပေးတယ်၊ တရားဟောတယ်၊ တရားဟောတော့ ပါဠိတွေဘာတွေ သိပ်ရွတ်ပြီးတော့ ဝတ္ထုကြောင်းတွေ ဘာတွေ ဟောတာမဟုတ်ဘူး၊ ဘာဟောသလဲဆိုတော့"အခု မင်းတို့ကအောက် ကနေပြီးတော့ ပုဗ္ဗစေတနာ မုဉ္စစေတနာ အပရစေတနာ စေတနာ သုံးတန် လက်သက်စွာနဲ့ ဟောဒီ သက်န်းတွေ ထီးတွေ ဖိနပ်တွေ နိဗ္ဗာန်လက်ဆောင်တွေကွ၊ အဲဒါတွေကို မင်းတို့က စေတနာသုံးတန် ပြဋ္ဌာန်းပြီးတော့ ဝမ်းပမ်းတသာ လှူလိုက်တော့ အခုမင်းတို့က အောက်မှာ ထိုင်ရပေမယ်လို့ နောက်ဘဝကျယင် အထက်အထက် ဖြစ်တဲ့ တာဝတိံသာ ယာမာအရပ်မှာ သေချာတယ်"။ အင်း ဆရာ တော်ကြီးက ဒါယကာ ဒါယိကာမတွေကို အဲဒီလိုပြောသတဲ့၊ ဆက်ပြီး

"အေး အခု သံဃာစင်ပေါ်မှာ အမြင့်ကနေကြလဲ တို့တတွေကတော့ မင်းတို့လှူလိုက်တဲ့ အဲဒီသကြန်းတွေ ထီးတွေ ဖိနပ်တွေ ပရိက္ခရာတွေကို ငါ့သင်္ကန်း ငါ့ထီး ငါ့ဖိနပ် ငါ့ပရိက္ခရာ ငါ့ဆွမ်း ငါ့ကျောင်း ငါ့ဆေးဆိုတဲ့ တဏှာနဲ့ ပစ္စည်းလေးပါးကို စွဲယင်တော့ အခု အပေါ်က နေပေမယ်လို့ ဒီသံဃာစင်ပေါ်က ကိုယ်တော်တွေ အင်း.... စွဲလမ်းယင် စွဲလမ်းယင် စွဲလမ်းတပ်မက်လို့ ရှိယင်တော့ အောက်ရောက်ဖို့ သေချာတယ်။"

## လူတိုင်းမဟုတ် သို့သော် အဖြစ်များ

ဝါးချက်ဆရာတော်က အဲဒီလိုဟောတာ။ ဒါကြွားဖူးကြမှာပေါ့၊ သံဃာစင်ပေါ်က ပုဂ္ဂိုလ်တွေ အောက်ရောက်ရောက်နေတာတွေလေ။ အဲဒီသံဃာစင်ပေါ်ကပုဂ္ဂိုလ်တွေ မကျင့်လို့ အောက်ရောက်ယင် လူဝတ်ကြောင် ရှီးရှီးဆိုယင် ဘုန်းကြီးပင့် ပရိတ်ရွတ် ကမ္မဝါဖတ် ဟော–ကျွတ်သွားတယ်။ အန္တရာယ်ကင်းတယ်။ အဲဒီ သံဃာစင်ပေါ်က ပုဂ္ဂိုလ်က အောက်ရောက်လို့ မကျွတ်ဘူးဆိုယင် ကမ္မဝါဖတ်လို့လဲ မရဘူး၊ ကြွားဖူးမှာပေါ့၊ ပရိတ်ဆိုလဲ သူက အရင်ရွတ်တယ်။ အင်း.... ဒါယကာကြီးတွေ ကြွားဖူးကြမှာပေါ့၊ ဘယ်မှာ ဘယ်မှာ ဆိုတာ ကြွားဖူးတဲ့ ဗဟုသုတနဲ့ စပ်ကြည့်ပေါ့။ဝါးချက် ဆရာတော်ပြောတာ မဆိုးဘူး။

အဲဒီလို ဝါးချက်ဆရာတော်က ပြောတော့ ဟိုထောင့်က ဆရာတော်ကြီး တပါးက အင်မတန် မခံချင်တာ။ ထွက်ပေါက်ကလဲပဲ အကြွင်းမဲ့မရှိဘူး။ အဲဒီလို မရှိတော့ ဟိုထောင့်က ဆရာတော်ကြီး တပါးက ဘယ့်နှယ်ပြောသလဲ ရသလောက် ဆွဲနှုတ်ပြောတယ်။ "ကိုယ်တော်တဲ့၊ ဒါ-လူတိုင်း မဟုတ်ပါဘူးတဲ့"။ အဲဒီလို ပြောတယ်။

ဝါးချက်ဆရာတော်ကြီးက အညံ့ခံသလား- လူတိုင်းမဟုတ်ပါဘူးဆိုတဲ့ စကားကို ဘယ့်နှယ်ပြန်ပြောသလဲဆိုတော့- "အဖြစ်များသဗျာ"တဲ့။ အဲ-အခု မများဘူးလား။

## နတ်မင်းကြီး နှစ်ဦး၏ ကတိကဝတ်

ခေါင်းဆောင် ကိုယ်တော်ကြီးနှစ်ပါး၊ တပည့်က ငါးရာ+ငါးရာ= တထောင်အဖြစ် မများဘူးလား၊ အကုန်လုံးပဲ ထောင်ပြည့်တယ်။ အခု ဒီဝတ္ထုကြည့်လေ၊ ဝါးချက်ဆရာတော်ရဲ့ အပြောနဲ့ မကိုက်ဘူးလား။ ဒါယကာနဲ့ ဆရာ၊ ဒါယကာက အထက် ရောက်ပြီးတော့ ဆရာက အောက်ရောက်သွားတာ၊ ဒီဝတ္ထုကျတော့ ထောင်ပြည့်ပဲ။ သူတို့ ဝန်ခံနေတာ။ တို့ကို လှူကြတဲ့ ပစ္စည်းလေးပါး ဒါယကာတွေကတော့ အထက်အထက်ဖြစ်သော ကာမာဝစရနတ်ပြည်မှာ ရောက်နေကြပြီ။ နတ်ဘီလူးစစ်မှူးကြီး နှစ်ယောက် ပြောကြတယ်။ ပြောပြီးတော့ ကိုင်း ဖြစ်တဲ့ဘဝမှာ ဖြစ်သလိုနေကြတာပ။ အချင်းချင်းတို့ ကတိကဝတ်ထားရအောင်လို့ သာတာဂိရနတ်မင်းက ပြောတယ်။

"မာရိသ ဟိမဝါ နာမ အစ္ဆရိယဗ္ဘုတသမ္မတော"။

မာရိသ၊ မိတ်ဆွေ။ ဟိမဝါ နာမ၊ ဟိမဝန္တာတောင်မည်သည်။ အစ္ဆရိယဗ္ဘုတသမ္မတော၊ လက်ဖျစ်တီး၍ အံ့ချီးစဖွယ် ဂုဏ်များ မဖြစ်စဖူး အထူးဖြစ်တတ်သော အရပ်ဟူ၍ အားလုံးက အသိအမှတ်ပြု သမုတ်အပ်ပါ၏။

## အံ့သြဖွယ်တွေလျှင် ပြောစတမ်း

သူငယ်ချင်း ဟိမဝန္တာတောင်ဆိုတာ အထူးအဆန်းတွေ ဖြစ်ပေါ်တတ်တဲ့ အရပ်လို့ အားလုံးက သမုတ်ပါတယ်။

ကိဉ္စိ **အစ္ဆရိယံ** ဒိဋ္ဌ ဝါ သုတံ ဝါ မမာပိ အာရောစေယျာသိ”

ကိဉ္စိ၊ တစုံတခုသော။ အစ္ဆရိယံ၊ အံ့ဩဖွယ်ကို။ ဒိဋ္ဌံ ဝါ၊ မြင်လျှင်သော်လည်းကောင်း၊ သုတံ ဝါ၊ ကြားရလျှင်သော်လည်းကောင်း။ မမာပိ၊ ငါ့အားလည်းပဲ။ အာရောစေယျာသိ၊ ပြောကြားပါအုံး။

သူငယ်ချင်း တစုံတရာ အံ့ဩဖွယ် မြင်ယင် ကြားယင် မင်းဟိမဝန္တာမှာ တွေ့ရယင် ငါ့လဲပြောပါအုံး။

သာဓု၊ ကောင်းပြီသူငယ်ချင်း။ ဟေမဝတနတ်မင်းက တဖန်ပြန်ပြီးတော့ တောင်းဆိုပြန်တယ်၊ ချိန်းချက်ပြန်တယ်။

“မာရိသ မဇ္ဈိမဒေသော နာမ အစ္ဆရိယဗ္ဘုတသမ္မတော”။

မာရိသ၊ ဒိတ်ဆွေ။ မဇ္ဈိမဒေသော နာမ၊ မဇ္ဈိမဒေသဆိုသည်ကား။ အစ္ဆရိယဗ္ဘုတသမ္မတော၊ အထူးအဆန်း အံ့ဘနန်း အရာဝတ္ထုများမပြတ်စဖူး၊ အထူးဖြစ်တတ်တဲ့ အရပ်ဌာနဟူ၍ သမုတ်အပ်ပါ၏။

သူငယ်ချင်း မဇ္ဈိမဒေသဆိုတဲ့ အိန္ဒိယလဲပဲ အထူးအဆန်းပေါ်ပေါက်တတ်တဲ့အရပ်လို့ အားလုံးသမုတ်ထားတယ်။

“ကိဉ္စိ အစ္ဆရိယံ ဒိဋ္ဌ ဝါ သုတံ ဝါ မမာပိ အာရောစေယျာသိ”

တစုံတရာ အံ့ဩဖွယ်များ တွေ့ယင် မြင်ယင် ကြားယင် ငါ့လဲပြောပါအုံး။ သာတာဂိရနတ်မင်းကလဲ သာဓု၊ ကောင်းပါပြီလို့ နတ်နှစ်ပါး ဝန်ခံကြတယ်။ ကတိကဝတ် ထားကြတယ်။ အထူးအဆန်းတွေ့ယင် တဦးနဲ့တဦး ပြောစတမ်း ကတိကဝတ် ထားရာက

ဘယ်လောက်ကြာလိုက်သလဲဆိုယင် အဲဒီ ကဿပ မြတ်စွာဘုရား သာသနာ ခေတ်လောက်က ဖြစ်ခဲ့တဲ့ နှတ်နှစ်ပါးဟာ အဲဒီတုန်းက အနှစ် နှစ်သောင်းတမ်းကိုး။ လူတွေရဲ့ အသက်တမ်း နှစ်သောင်း တမ်းကနေပြီးတော့ ပြန်လျော့ တသောင်း-ငါးထောင်-လေးထောင် သုံးထောင်-နှစ်ထောင်-တစ်ထောင်- အဲဒီလို အစဉ်သဖြင့် လျော့သွား လို့ ဆယ်နှစ်တမ်းထိအောင် ဆင်းသွားတယ်။ အဲဒီ ဆယ်နှစ်တမ်းမှာ သားသမီး အစဉ်အဆက်ပေါင်းများစွာ ကြာပြီးတော့မှ ကပ်ကြီးသုံး ပါး တပါးပါးဆိုက်လို့ ဆယ်နှစ်တမ်း နိဂုံးသပ်ပြီးတော့ အထက်ပြန် ပြီးတော့ တက်ကပ်သွားလိုက်အုံး၊ အသင်္ချေယျတမ်းမှ တဖြည်းဖြည်း လာခဲ့တာ ဘယ်ခါကျမှ ပါရမီပြည့်လို့ပွင့်သလဲဆိုတော့ အနှစ်တရာ တမ်းကျမှ အကျွန်ုပ်တို့၏ ဘုရား ပါရမီပြည့်လို့ပွင့်တယ်။

ဝေပုလ္လတောင်ကြီးပဲကြည့်အုံး၊ ဝေပုလ္လတောင်ဆိုတာအိန္ဒိယမှာရှိ တယ်။ အဲဒီဝေပုလ္လတောင်ဟာ ကကုသန်ဘုရားလက်ထက်တုန်းက လေး ယူဇနာမြင့်တယ်၊ တက်တာလေးရက်တက်ရတယ်။ ဆင်းတာလေးရက် ဆင်းရတယ်။ ဟော အန္တရကပ် တကပ်ခြားပြီးတော့ ကောဏာဂုမ် ဘုရားပွင့်တော့ အဲဒီ ဝေပုလ္လတောင်သည် (ဝေပုလ္လတော့ မဟုတ်ဘူးပေါ့ လေ၊ အခုဘုရားလက်ထက်မှာ ဝေပုလ္လလို့ဆိုတယ်) ဟို ကကုသန်ဘုရား လက်ထက်တုန်းက ပါစီနဝံသတောင် ကောဏာဂုမ်ဘုရား လက်ထက် ကျတော့ ဝင်္ကကတောင်လို့ အဲဒီလို နာမည် တမျိုးပြောင်းတယ်၊ အဲဒီ အခါကျတော့ သုံးယူဇနာပဲ မြင့်တယ်။ ဒါကြောင့် "ဘုရား တဆူ တဆူ ကြားမှာ မြေကြီး တယူဇနာ တက်တယ်ဆိုတာ အဲဒါကို ထောက်ပြီးတော့ ပြောတာ။ အဲဒီ သုံးယူဇနာမြင့်တော့ သုံးရက်တက် ရတယ်။ သုံးရက်ဆင်းရတယ်။ ကောဏာဂုံ ဘုရားလက်ထက်မှာ။ ကဿပ

ဘုရား လက်ထက်ကျတော့ သုပဿတောင်လို့ နာမည်တွင်သတဲ့။ဝေပုလ္လ တောင်ကြီးဟာ နှစ်ယူဇနာပဲမြင့်တယ်။နှစ်ရက် တက်ရတယ် နှစ်ရက် ဆင်းရတယ်။

**ဂေါတမမြတ်စွာဘုရား လက်ထက်**

ဂေါတမမြတ်စွာဘုရား လက်ထက်ကျတော့ တကယ်ဆိုယင် နှစ် ယူဇနာက လျှော့ယင် တယူဇနာ၊ တယူဇနာဆိုယင် တရက်တက် တရက်ဆင်း ဖြစ်ရပါ့မယ်။ ဒီလို မဟုတ်ဘူး ဂေါတမမြတ်စွာဘုရား လက်ထက်ကျတော့ ဒီတောင်ဟာ ဝေပုလ္လတောင်လို့ နာမည် ဖြစ်လာ တယ်။ တယူဇနာတောင် မမြင့်တော့ဘူး။

မုဟုတ္တေန အာရောဟန္တိ၊ မုဟုတ္တေန ဩရောဟန္တိ။

လူတွေဟာ ခဏနဲ့တက် ခဏနဲ့ဆင်းတယ်။ ဒါကို အချိန်ကြာလှ ပြီလို့ ပြောချင်တာ၊ အဲဒီလို မြတ်စွာဘုရား ပွင့်ပြီးတော့ လာခဲ့တာ အန္တရကပ် တစ်ကပ်သာသာကျမှ ဘုရားပွင့်လာပြီ။ အဲဒီ အချိန်ကျ တော့ သာတာဂိရ ဟေမဝတ နတ်နှစ်ပါး ဒီအချိန်ရောက်လာတယ်။

**နတ်နှစ်ပါး၏ သက်တမ်းရှင်းချက်**

အဲဒီနောက် ရပ်နားပြီးတော့ အဘိဓမ္မာသဘောနဲ့ ပြောရယင် ဟို-အန္တရကပ် တကပ်သာသာကြီးက ဒီ-သာတာဂိရ ဟေမဝတ နတ်နှစ်ပါးဟာ ဟို ကဿပမြတ်စွာဘုရား သာသနာက ဝိနည်းမိုရ် ဘဝက စုတေပြီး ဒုတိယမြောက် အဲဒီ-ဘဝက လာခဲ့တာ ဒီဘုရား လက်ထက်တိုင်အောင် လားလို့ မေးစရာရှိတယ်။ စာကတော့ ဒီဘုရား လက်ထက် တိုင်အောင်လို့ပဲ ပြောတယ်။ သို့သော် ဘယ်လို

အမည်နဲ့ ဒီဘုရားလက်ထက်တိုင်အောင် ရောက်ခဲ့ရတာလဲလို့ မေးစရာ ရှိတယ်။ သံသယ ရှင်းစရာရှိတာကို ဘုန်းကြီး စိတ်ရှည် လက်ရှည် ပြောချင်လို့၊ အဘိဓမ္မာသဘောကပြောတာက—

စာတုမဟာရာဇိကာနံ ပန ဒေဝါနံ ဒိဗ္ဗာနိ ပဉ္စဝဿသတာနိ အာယုပ္ပမာဏံ။

စတုမဟာရာဇ်နတ်ဆိုတော့ အခု ဓတရဋ္ဌ ဝိရူဠှက ဝိရူပက္ခ ကုဝေရ ဝေဿဝဏ် နတ်မင်းကြီးတွေပေါ့။ အဲဒီ သူတို့ဘုံမှာ သွားဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ သူတို့ အရေအတွက်အားဖြင့် အနှစ်ငါးရာ အသက်ရှည်တယ်။

မနုဿဂဏနာယ နဝုတိဝဿသတသဟဿပ္ပမာဏံ ဟောတိ။
လူ့ အရေအတွက်အားဖြင့် နှစ်ပေါင်း ကိုးသန်း အသက်ရှည်တယ်။

## ဘဝဂ် တပ်မက်မှု

ဒီ အနှစ် ကိုးသန်းလောက်နဲ့ ဘယ့်နှယ်လုပ်ပြီး ဟိုဘုရားနဲ့ ဒီဘုရားထိအောင် ဟေမဝတနဲ့ သာတာဂိရတို့ ရှည်လို့ဖြစ်မလဲ။ ရှည်ဖြစ်တယ်ဆိုယင် အဲဒီ အဘိဓမ္မာသင်္ဂြိုဟ်အဆိုနဲ့ ဆန့်ကျင်တယ်။ ဒီတော့ ဒီနတ်နှစ်ပါးဟာ ဒီဘုရားသာသနာထိအောင် ဆက်လာပုံကို စဉ်းစားကြည့်ရမယ်။ မှန်တယ်-အချို့နတ်တွေနဲ့စာယင် ဘီလူးမျိုး လာဖြစ်လို့ အထက်နတ်နဲ့စာယင် အောက်ကျပေမယ်လို့ သူတို့က နတ်ဘီလူးတွေ စစ်မှူးတွေ သူတို့နေရာသူတို့ သြဇာအာဏာနဲ့ သူတို့ရောက်တယ်။ စိတ်ပျက်တုန်းကသာ ပျက်တာ တော်တော်ကြာတော့ သူတို့ဘဝ သူတို့ နှစ်သက်ချင် နှစ်သက်လာတတ်တယ်။

## ဗိမ္ဗိသာရ ယခုဘယ်ဘဝမှာလဲ

ပြီးတော့ အဖြစ်များယင်လဲ နှစ်သက်တတ်တယ်။ ဒီပြင် ပုဂ္ဂိုလ်မကြည့်နဲ့ ဗိမ္ဗိသာရကြည့်။ ဗိမ္ဗိသာရမင်းကို ကြည့်ယင် အခုဘယ်မှာလဲဆိုယင် ဇနဝသဘနတ်မင်း။ စတုမဟာရာဇ် အပါအဝင် ဝေဿဝဏ်နတ်မင်းကြီးရဲ့အခြံအရံထဲမှာပဲ ဇနဝသဘ နတ်ဘီလူး သွားဖြစ်တယ်။ သောတာပန်ကြီး သောတာပန်ကြီး ဗိမ္ဗိသာရမင်းတရားကြီး၊ အဲဒီလို ဘာပြုလို့ ဖြစ်သလဲဆိုတော့ အဲဒီဘဝကို အဖြစ်များလို့။ အဖြစ်များတော့ ပြန်ပြီးတော့ နှစ်သက်ချင်တယ်။ အေး ဗိမ္ဗိသာရဟာ ဇနဝသဘ ဘဝကျတော့ ပြောတာရှိတယ်။ ဘယ့်နှယ်ကြောင့် သောတာပန် ရင့်မာကြီးက ဒီဘဝကို လာဖြစ်သလဲ--

ဣတော သတ္တ တတော သတ္တ၊ သံသာရာနိ စတုဒ္ဒသ။

လို့ သူရွတ်တဲ့ ဂါထာ ရှိတယ်။ နတ်ဘီလူးဘဝမှာ ခုနစ်ဘဝတဲ့။ လူ့ဘဝမှာ ခုနစ်ဘဝတဲ့၊ အဲဒီလို သံသရာ အလည်များလို့ ဒီ နတ်ဘီလူးဘဝမှာ သူလာဖြစ်တာတဲ့။ အလည်များတော့ ဘဝနိကန္တိကဆိုတာ ရှိတယ်။ အခု သာတာဂိရ ဟေမဝတ နတ်ဘီလူး နှစ်ဦးတို့လဲပဲ ဒီဘဝမှာ သူတို့ အဖြစ်များချင် များမယ်။ များတော့ အဲဒီဘဝကို သူတို့က နှစ်သက်တယ်၊ နှစ်သက်တော့ သူတို့ အသက်တမ်းအတိုင်း နတ်သက်တွေကြွေ စုတေစိတ်ဖြစ်။ စုတိစိတ်၏ အခြားမဲ့၌ ကပ်ပြီးပေါ်တဲ့ ပဋိသန္ဓေကျတော့ သူတို့ရဲ့ဘဝနိကန္တိ တဏှာလောဘက ခေါင်းဆောင်ပေးတဲ့အတွက် ဒီပြင် ကုသိုလ်တွေကို ဖယ်ထား၊ ကဿပ မြတ်စွာဘုရား သာသနာတော်မှာ ရဟန်းတရား အားထုတ်ခဲ့တဲ့ ကောင်းမှုကုသိုလ်ကပင်လျှင် တဏှာက ခေါင်းဆောင်ပေးတော့ သေပြီး အဲဒီ နတ်ဘီလူးဘဝ ပြန်ဖြစ်တယ်။

## သိကြားသောတာပန် သိကြားဘဝပြန်ဖြစ်

သိကြားမင်းကြည့်၊ သိကြားမင်းဆိုတာ ဟို ဘုရားပွင့်တုန်းက မဟာဗောဓိပလ္လင်မှာ ဝိဇယုတ္တရ ခရုသင်းကြီးနဲ့ ပူဇော်တဲ့ သိကြားမင်းက ဣန္ဒသာလလိုဏ်ဂူ၌ သက္ကပဥှသုတ်ကို ဟောတော့ သောတာပန် ဖြစ်ပြီး နတ်သက်ကြွသွားပြီ၊ အဲဒီသိကြား သေသွားပြီ၊ အဲဒီလို သေလဲသွားရော နောက်တဖန် ပဋိသန္ဓေကျတော့ ဒီသိကြားဘဝမှာပဲ လာပြီးတော့ ပဋိသန္ဓေနေတယ်။ ပဋိသန္ဓေနေလိုက်တော့ ထိုင်လျက်သား။ အရင် ထိုင်လျက်သားဖြစ်တဲ့ ခန္ဓာ ဘယ်သွားသလဲကိုယ်တော် သိကြားခန္ဓာ နှစ်ခုဖြစ်နေတယ်။

### ဥပပတ်မှာ၊ စုတေခါ၊ ခန္ဓာကြွင်းမရှိ။

စုတေလဲသွားရော ခန္ဓာအကြွင်း လူတွေလို ရှိတာမဟုတ်ဘူး။ ဒါတွေကျတော့ အဘိဓမ္မာသဘောက နက်ပါတယ်။ ဥပပတ် ပဋိသန္ဓေ ဆိုတော့ ပဋိသန္ဓေလဲ စလိုက်ရော ခန္ဓာကိုယ်ကြီးက အပြည့်အဝ သုံးဂါဝုတ် ကိုယ်ကြီး စပြီးတော့ ပဋိသန္ဓေနဲ့ ပြန်ဖြစ်တယ်။

အဲဒီတော့ သူသေလိုက်တာ သူပဲသိတယ်၊ ဘုရားသိတယ်။ ဣန္ဒသာလ လိုဏ်ဂူထဲမှာ သိကြားသေတာ၊ ဒီပြင်နတ်တွေ ဘယ်သူမှ မသိလိုက်ဘူး။ သေပြီးတဲ့နောက် သိကြားပြန်ဖြစ်တာကို ဘုရားနဲ့ သိကြားပဲ သိတယ်။ ဒီပြင်ပုဂ္ဂိုလ်တွေ နတ်တွေ မသိဘူး၊ အခု သာတာဂိရ ဟေမဝတနတ်တို့လဲပဲ သက်တမ်းပြည့်သေလိုက် သူတို့က ဒီဘဝနှစ်သက်နေတော့ ဒီဘဝနှစ်သက်တဲ့ တဏှာလောဘက ဆောင်လို့ သူတို့ရဲ့ အပရာပရိယ ကောင်းမှုကုသိုလ်တွေက ဒီဘဝကိုပဲ ပြန်ပို့လိုက်တယ်။ စုတိပြီးပဋိသန္ဓေ စုတိပြီးပဋိသန္ဓေ ဆက်ပြီးတော့ တဘဝတည်းလိုထင်ရအောင်ဘဝသက်လာလို့ ဒီအစိန္တေယျ သုံးလော-

ကထွက်သား ဂေါတမမြတ်စွာဘုရား ပွင့်တော်မူတော့ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်သို့ ရောက်ခဲ့ပြီ အဲဒီကျတော့ သာသာဂိုရ ဟေမဝတဆိုတာ ရှိနေတုန်း။ တဘာဝတည်းပဲရှိတယ်လို့တော့ ယူလို့မဖြစ်ဘူးနော်၊ ဘဝ အဆက်ဆက်နဲ့ ရှိတယ်လို့ယူမှ အဘိဓမ္မာသဘောနဲ့ မဆန့်ကျင်မှာ။ ကိုင်း ရှိတော့ဘာဖြစ်မလဲ၊ မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့မှာ ဘုရားဖြစ်တယ်။ ထိုနှစ်ဝါဆိုလပြည့် နေ့မှာ ဓမ္မစကြာတရားဟောတယ်။ ဘုရားအလောင်း ပဋိသန္ဓေနေတဲ့ အခါ ဖွားတဲ့အခါ၊ တောထွက်တဲ့အခါ၊ ဘုရားဖြစ်တဲ့အခါ၊ ဓမ္မစကြာ တရားဟောတဲ့အခါ အဲဒီအခါ ငါးပါးပဲ့ ပြောကြစို့၊ အဲဒီအခါကြီး တွေမှာ မဟာပထဝီမြေကြီး သွက်သွက်ခါအောင် လှုပ်ခြင်း သုံးဆယ့်နှစ်ပါးသော အံ့ဩဖွယ်တွေဖြစ်တယ်။ အဲဒီ သုံးဆယ့်နှစ်ပါး သော အံ့ဩဖွယ်တွေထဲမှာ ဘာတခုပါသလဲဆိုတော့ ၁၂-လရာသီမှာ သူ့လနဲ့သူပွင့်တဲ့ ပန်းတွေက အဲဒီနေ့မှာ အကုန်လုံးပွင့်ကြတယ်။ အဲဒီ ၁၂-လရာသီမှာ ပွင့်ကြတဲ့ပန်းတွေအကုန်လုံးပွင့်ခြင်းဆိုတဲ့ အံ့ဖွယ် တပါးလဲပဲ အဲဒီ သုံးဆယ့်နှစ်ပါးသော အံ့ဖွယ်ထဲမှာ စာရင်းပါတယ်။

## ဓမ္မစကြာတရားတော်နှင့် သာတာဂိရနတ်မင်း၏ ဥဒ္ဒေစ

အဲဒီ သုံးဆယ့်နှစ်ပါးသော အံ့ဖွယ်တို့က ဘုရားလောင်း ပဋိသန္ဓေ နေတဲ့အခါ ဖွားတဲ့အခါ တောထွက်တဲ့အခါ ဒုက္ကရစရိယာကျင့်လို့ ဘုရားဖြစ်တဲ့အခါ အဲဒီတုန်းကဖြစ်တာဟာ သိပ်မကြာလိုက်ဘူးတဲ့။ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာတရားဟောတဲ့နေ့ ဖြစ်တဲ့အံ့ဩဖွယ်တွေက အကြာကြီးပဲ။ အချိန်အင်မတန်ကြာတယ်၊ ဒီလို အချိန်ကြာကြာဖြစ်တော့ သာတာဂိရနတ်မင်းတို့ သိတယ်၊ စဉ်းစားမိတယ်။

သာတာဂိရနတ်မင်းက ဘာပြုလို့ ၁၂-ရာသီပန်းတွေ တနေ့တည်း တချိန်တည်းမှာ ပွင့်ပါလိမ့်....၊ အံ့ဘနန်း ချီးမခမ်း။ သူက မဇ္ဈိမတိုက် အိန္ဒိယမှာပဲနေတော့ မဇ္ဈိမတိုက်ကိုပဲ စဉ်းစားတယ်။ ဟာ–မြတ်စွာ ဘုရား ဓမ္မစကြာတရား ဟောမလို့ပါလား၊ ဒါကြောင့် ဒီပန်းတွေ ပွင့်တာကိုး။ တခါတည်း ဓမ္မစကြာတရားပွဲကြီးကလဲ စတယ်၊ စတယ် ဆိုယင်ပဲ ချက်ချင်း မိဂဒါဝုန်သွား တရားနာတယ်။ သူ့နတ်ဘီလူး ပရိသတ်တွေ စကြဝဠာတိုက်တသောင်းက နတ်တွေ ဗြဟ္မာတွေဟာ ဒီပုဗ္ဗနိမိတ်တွေအရ လာပြီးတော့ တရားနာကြတယ်။

အဲဒီ ဓမ္မစကြာတရားပွဲ ကျင်းပတဲ့အခါမှာ ဒီပြင်နတ်ဗြဟ္မာတွေ ကတော့ ကြောင့်ကြဗျာပါရ ပလိဗောဓ မရှိဘူး၊ ရိုးရိုးပဲတရားနာ ကြတယ်။ ဟော....သာတာဂိရ နတ်ဘီလူးကျတော့–

"အာဂတော နု ခေါ မေ သဟာယကော၊ နေဝ"။

မေ၊ ငါ၏။ သဟာယကော၊ သူငယ်ချင်းဖြစ်တဲ့ ဟေမဝတ နတ်ဘီလူးသည်။ အာဂတော နု ခေါ၊ ဒီတရားပွဲကို လာမျှားလာလေ သလော။ ဥဒါဟု၊ သို့မဟုတ်။ နေဝ၊ မလာပဲမျှား နေလေသလော။

ကြည့်လိုက်တာ ပရိသတ်ထဲ သူငယ်ချင်းကို မမြင်ဘူး။ မြတ်စွာ ဘုရားဟောလိုက်တဲ့ ဓမ္မစကြာတရားကို သာတာဂိရ နတ်မင်းကလဲ မငြိမ်လိုက်တာ ခေါင်းကို အရှေ့ရောက် တောင်လှည့် မြောက်လှည့် နဲ့ သူငယ်ချင်းရှာတယ်။ တရားနာပေမယ့် သူ့မှာ သမာဓိမရှိဘူး။ ဓမ္မ စကြာတရားပွဲသာ ပြီးတယ် သူ့ သူငယ်ချင်းကို သူကြည့်လို့ မမြင်ရ တော့ သူ့စိတ်ထဲက အောက်မေ့သတဲ့။

“ပပဉ္စိတော မေ သဟာယော၊”

ဪ ငါ့သူငယ်ချင်း ကြာလိုက်လေဗျာ၊ ဘာတွေများ ချဲ့ထွင်နေတယ် မသိဘူး။

“ယော ဝေဠံ ဝိစိတြပဋိဘာနံ ဘဂဝတော ဓမ္မဒေသနံ န သုဏာတိ”၊

ယော၊ အကြင် ငါ့သူငယ်ချင်းသည်။ ဝေဠံ၊ ဤသို့။ဝိစိတြပဋိဘာနံ၊ အလွန်ဆန်းကျယ်တဲ့ ပဋိဘာန် ဉာဏ်အမြင်တွေ ရှိပေထသော။ ဘဂဝ-တော၊ မြတ်စွာဘုရား၏။ ဓမ္မဒေသနံ၊ ဓမ္မစကြာ တရားဒေသနာကို။ န သုဏာတိ၊ မကြားလိုက်ရ။

သူချဲ့ထွင်နေတာနဲ့ အချိန်တွေကြာနေတာနဲ့ ဒီတရား မနာရတာပဲ သူငယ်ချင်းနှယ် ဖြစ်မှ ဖြစ်ရပလေ လို့ သူကြိမ်းတယ်။ ဥဒ္ဒစ္စများပြီး တရားနာတော့ ဘာမဂ် ဘာဖိုလ်မှ မရဘူး၊ ဓမ္မစကြာတရားပွဲကြီးသာ ပြီးသွားရော။အရှင်ကောဏ္ဍညနှင့်တကွ နတ်ပြဟ္မာ တဆယ့်ရှစ်ကုဋေ ကျွတ်တယ်တဲ့။ နတ်ပြဟ္မာ တဆယ့်ရှစ်ကုဋေ ကျွတ်တယ်ဆိုတဲ့အထဲမှာ ခုနင်က သာတာဂိရဘို့ မပါဘူး။ သာတာဂိရ မပါတာကတော့ အခုပြောသလို သူ့ သူငယ်ချင်း အမှတ်ရပြီး စိတ်က ဥဒ္ဒစ္စများနေလို့ မပါတာ။ တရားပွဲ ပြီးပြန်တော့လဲ ဘုရားက အင်း ငါ ဒီ တင်ပလ္လင်ဖျက်လို့ မဖြစ်သေးဘူး။ တရားပွဲက အခုသာ နားတာ၊ ည သန်းခေါင်မှာ ဟောရဦးမယ်။ ဒီတော့ ဘုရားက ဒီ တင်ပလ္လင်ကို မဖျက်ဘူး ကိုယ်တော်ရဲ့အနားမှာရှိတဲ့ ပဉ္စဝဂ္ဂီတွေနဲ့ ဒီပြင်စကားသာ ပြောတယ်။ ထိုင်စကားပဲ ရှိတယ်

**သာတာဂိရနတ်မင်းကတော့** စဉ်းစားတယ်—

"သဟာယံ ဂဟေတွာ ဧတေန သဟာဂမ္မ ဓမ္မဒေသနံ သောဿာမိ၊"

သဟာယံ၊ ငါ့သူငယ်ချင်းကို။ ဂဟေတွာ-ဂဏှာမိ၊ အခုသွားခေါ်မယ်။ ဂဟေတွာ၊ ခေါ်ဆောင်ပြီးသကာလ။ဧတေန၊ငါ့သူငယ်ချင်းနှင့်။ **သဟ၊** အတူတကွ။ အာဂမ္မ၊ ဤမိဂဒါဝုန်တောသို့လာရောက်၍။ ဓမ္မ-ဒေသနံ၊မြတ်စွာဘုရားရဲ့ တရားဒေသနာတော်ကို။သောဿာမိ၊ ကြားနာအံ့။

## သူငယ်ချင်းကို သွားခေါ်ခြင်း

"သူငယ်ချင်း သွားခေါ်ဦးမယ်။ ခေါ်ပြီးတော့မှ နောက်တခါ ပြန်လာမယ်။ ပြန်လာပြီးတော့မှ မြတ်စွာဘုရားဟောတဲ့ တရားကိုနာမယ်လို့ အဲဒီ အကြံနဲ့ သာတာဂိရနတ်ဘီလူး စစ်မှူးက မိမိရဲ့ တပည့်ပရိသတ် လေးငါးရာ ခြံရံလျက် ကောင်းကင်ခရီးဖြင့် တောင်မှ ဟိမဝန္တာရှိရာ မြောက်သို့ သွားတယ်။

ဟိမဝန္တာမှာရှိတဲ့ ဟေမဝတနတ်ဘီလူးကလဲပဲ ဟိမဝန္တာမှာ ၁၂-လ ရာသီ သူ့လနဲ့သူ ပွင့်တဲ့ပန်းတွေ အဲဒီ ဝါဆိုလပြည့်နေ့မှာ အကုန်လုံး ပွင့်ပြီးတော့ တပြိုင်နက်ပွင့်တော့—

"ယတော အဟံ ဇာတော၊ န ကဒါစိ အယံ ပဗ္ဗတော ဧဝံ အဘိရာမော ဘူတပုဗ္ဗော။"

အဟံ၊ ငါသည်။ ယတော၊ အကြင်အခါမှစ၍။ ဇာတော၊ ဤဟေမဝတတောင်၌ ဖြစ်ခဲ့ရလေပြီ။ တတော၊ ထိုအချိန်မှစ၍။ အယံ ပဗ္ဗတော၊ ဤဟေမဝတ တောင်ကြီးသည်။ အကာလကုသုမိတေဟိ၊

**အခါမှဲ့** ပွင့်မခန်း ပန်းရှိကုန်သော။ ရုက္ခေဟိ၊ သစ်ပင်တို့ဖြင့်။ ဝေ ဣသို့။ အဘိရာမော၊ မွေ့လျော်ဖွယ် ကောင်းခြင်းသည်။ ကဒါစိ၊ ရှေးက တရံတခါမျှ။ န ဘူတပုဗ္ဗော၊ မဖြစ်စဖူး။

ဟောဒီ ဟေမဝတတောင်ကြီးဟာ ငါ စ ဖြစ်ကတည်းက **စပြီး** တော့ ယနေ့ထက်တိုင်အောင် အခါမှဲ့ ပွင့်လန်းတဲ့ အဆန်းတကျယ် ပန်းတွေနဲ့ မွေ့လျော်ဖွယ်ကောင်းတာ တခါမှ မဖြစ်ဖူးဘူး။ ကိုင်း ဒါဖြင့် ငါ့သူငယ်ချင်း သွားခေါ်မယ်။

> "ဟန္ဒ ဒါနိ မမ သဟာယံ ဂဟေတွာ အာဂမ္မ တေန သဟ ဣမံ ပဝတ္တိံ အနုဘဝိဿာမိ။"

ဟန္ဒ ဒါနိ၊ ယခု။ ဝါ၊ ကိုင်း။ မမ သဟာယံ၊ ငါ့သူငယ်ချင်းကို။ ဂဟေတွာ၊ သွားခေါ်ပြီးသကာလ။ တေန၊ ထိုသူငယ်ချင်းနှင့်။ သဟ၊ အတူတကွ။ ဣမံ ပဝတ္တိံ၊ ဤပန်းရဲ့ အသရေကို။ အနုဘဝိဿာမိ၊ ခံစားပေအံ့။

## နတ်မင်းနှစ်ဦး တွေ့ဆုံခြင်း

သူငယ်ချင်းကို ငါသွားခေါ်မယ်၊ ခေါ်ပြီးတော့ ဤပန်းရဲ့အသရေ မျက်စိအရသာကို သူငယ်ချင်းနဲ့အတူတကွ-အေး အရပ်ပြော ပြောယင် မျက်စိစားပွဲထိုင်မယ်ပေါ့။ အဲဒီအကြံနဲ့ သူငယ်ချင်း ခေါ်မယ်ဆိုပြီး သူကလဲ ဟေမဝန္တာမြောက်ကနေပြီးတော့ တောင်သို့ ကောင်းကင် ခရီးဖြင့် နတ်ဘီလူးငါးရာ ခြံရံလျက် လာတယ်။ သာတာဂိရ က တောင်မှမြောက်၊ ဟေမဝတက မြောက်ကတောင် ကောင်းကင် က လာကြတယ်။ လမ်း ဘယ်မှာ ဆုံကြတုံး။ ရာဇဂြိုဟ်ပြည် အထက်ကျတော့ နတ်နှစ်ဦးဆုံတယ်၊ တွေ့တယ်။

**ကာဠိအမျိုးသမီး**

နတ်နှစ်ဦးဆိုတဲ့အောက်ကို ကြည့်လိုက်စမ်း၊ သဌေးရဲ့အိမ်ကြီးရှိတယ်။ အဲဒီသဌေးအိမ်ကြီးမှာ သမီးသဌေးကတော်လေး **ကာဠိဆိုတဲ့** အမျိုးသမီးရှိတယ်။ သူ့ဇာတိက ရာဇဂြိုဟ်ပြည်၊ ဒီအိမ်ကြီးက သဌေးကတော်ကြီးရဲ့သမီး၊ သူအရွယ်ရောက်တော့ အဝန္တိဒက္ခိဏာပထတိုင်းဆိုတဲ့ အိန္ဒိယတောင်ပိုင်းမှာ အဝန္တိတိုင်းဆိုတာရှိတယ်။ အဲဒီတိုင်းက ကုရရဃရ ခေါ်တဲ့မြို့မှာ သွားပြီးတော့ သဌေးသားတယောက်နဲ့ အိမ်ထောင်ကျတယ်။ ကာဠိအမျိုးသမီးဟာ အဲဒီ ကုရရဃရမြို့မှာ သွားရောက်နေရတယ်။ အဲဒီမှာနေယင်းက သူ့ရဲ့ဝမ်းကြာတိုက်မှာ အသိတိမဟာသာဝကကြီးစစ်စစ် အပါအဝင် **တေဒဂ်ရ သောဏ-ကုဋိကဏ္ဏ** ရဟန္တာမထေရ်ရဲ့အလောင်း ကိုယ်ဝန်အရင့်အမာရှိတယ်။ ရှိတော့ မိဘရပ်ထံပြန်ပြီးတော့ မီးရှူးသန့်စင် ဖွားမြင်မယ်ဆိုတဲ့ အကြံနဲ့ ရာဇဂြိုဟ်က မိဘသဌေးအိမ်ကိုလာတယ်။ တိုက်ကြီးပေါ့။ အဲဒီ ဝါဆိုလပြည့်ဆိုတာ မိုးရွာယင်ရွာ၊ မရွာယင် အလွန်ပူတာ။ အဲဒီနေ့ကတော့ မိုးရွာပုံမပေါ်ဘူး။ ဒီတော့ ညနေစောင်းဆိုတော့ တိုက်ခိုးတွေကထွက်တယ်။ ပူအိုက်လာတယ်။ ဒီတော့ ကာဠိအမျိုးသမီးသည် အပူငွေ့ကို ပယ်ဖျောက်မယ်ဆိုပြီးတော့ လသာဆောင်ထွက်ပြီး လေညှင်းခံတဲ့အနေနဲ့ နေတာ။

အဲဒီလို နေတဲ့အချိန်မှာ အထက်က သာတာဂိရနှင့် ဟေမဝတ နတ်ဘီလူးနှစ်ဦးတို့ သွားပြီးတော့ ဆုံကြတယ်။ သူတို့အောက်က ကာဠိရှိတယ်။ နတ်ဘီလူးနှစ်ပါး စကားပြောကြပြီ။ ဘာပြောသလဲ ဟေမဝတကပြောတယ်–

"ယတော အဟံ မာရိသ ဇာတော၊ နာဘိ ပဗ္ဗတော ဝေ အကာလ-**ကုသုမိတေဟိ** ရုက္ခေဟိ အဘိရာမော ဘူတပုဗ္ဗော။"

မာရိသ၊ သူငယ်ချင်း။ အဟံ၊ ငါသည်။ ယတော၊ အကြင်အခါမှ စ၍။ ဇာတော၊ ဟေမဝတတောင်မှာ ဖြစ်ခဲ့ပြီ။ တတော၊ ထိုအခါမှ စပြီးတော့။ အယံ ပဗ္ဗတော၊ ဤဟေမဝန္တာတောင်သည်။ ဝေါ၊ ဤသို့။ အကာလကုသုမိတေဟိ၊ အခါမဲ့ အဆန်းတကြယ် ပွင့်လန်းခြင်းရှိကုန်သော။ ရုက္ခေဟိ၊ သစ်ပင်တို့ဖြင့်။ အဘိရာမော၊ မွေ့လျော်ဖွယ် ကောင်းသည်။ န ဘူတပုဗ္ဗော၊ ရှေးကတကြိမ်တခါမျှမဖြစ်စဖူး။

ငါနေတဲ့ ဟေမဝတတောင်ကြီးဟာ ယနေ့လို အခါမဲ့ပွင့်ဆန်းတဲ့ ပန်းတွေရှိတဲ့သစ်ပင်တို့ဖြင့် ဒါလောက် မွေ့လျော်ဖွယ်ကောင်းတာ ရှေးက တခါမှ မဖြစ်ဖူးဘူး သူငယ်ချင်း။

"တသ္မာ တေ ပုပ္ဖသိရိ° အနုဘဝိဿာမိတိ အာဂတောမှိ။"

အေး- အဲဒါကြောင့် ငါ့သူငယ်ချင်းနဲ့အတူတူ ပန်းရဲ့အသရေကို ခံစားမဟဲ့ဆိုပြီးတော့ အခု လာခဲ့တာပဲ သူငယ်ချင်း။

အဲဒီလို ဟေမဝတကပြောတော့ သာတာဂိရိနတ်ဘီလူးမင်းက ဘာပြောသလဲ –

> "ဇာနာသိ ပန တွံ့ မာရိသ ကေန ကာရဏေန ဣမံ
> အကာလပုပ္ဖပါဋ္ဌိဟာရိယံ ဇာတန္တိ။"

မာရိသ၊ ပိတ်ဆွေ။ တွံ၊ သင်သည်။ ကေန ကာရဏေန၊ အဘယ် အကြောင်းကြောင့်။ ဣမံ အကာလပုပ္ဖပါဋိဟာရိယံ၊ ဤသို့အခါမဲ့ ပွင့်သောပန်းတွေရဲ့ အံ့ဘနန်းပြာဋိဟာသည်။ ဇာတန္တိ၊ ဖြစ်ဒ်ဟူ၍။ ဇာနာသိ ပန၊ သိ၏သား၊ စဉ်းစားမိ၏လား-တဲ့။

သူငယ်ချင်း ဘာကြောင့် ဒီပန်းတွေ ဒါလောက် အံ့ဘနန်းစုပေါင်း ပွင့်တယ်ဆိုတာ မင်းစဉ်းစားမိရဲ့လား သိရဲ့လား ဘာ့ကြောင့်လဲတဲ့။

ဟေမဝတကပြောတယ် "န ဇာနာမိ မာရိသ" သူငယ်ချင်း မစဉ်းစားမိဘူး၊ မသိပါဘူးတဲ့။ ဒီတော့မှ သာတာဂိရက—

"ဣမံ မာရိသ ပါဠိံ့ဟာရိယံ န ကေဝလံ ဟိမဝန္တေဒေဝယဝ။"

မာရိသ၊ မိတ်ဆွေ။ ဣမံ ပါဠိဟာရိယံ၊ ဤပန်းတို့၏ အံ့ဘနန်းပွင့်ဆန်းခြင်းဆိုတဲ့ ပြာဋိဟာသည်။ ကေဝလံ၊ သက်သက်။ ဟိမဝန္တေ-ယေဝ၊ မင်းတို့နေရာ ဟေမဝန္တာမှာသာ။ ဇာတံ၊ ဖြစ်သည်။ န၊ မဟုတ်ပါ။

ဒီပန်းတွေရဲ့ အထူးအဆန်း အံ့ဘနန်း အံ့ဩဖွယ်ရာပွင့်တာဟာ မင်းတို့ဟေမဝန္တာမှာသာ ပွင့်တယ်ထင်မနေနဲ့၊ မဟုတ်ဘူး သူငယ်ချင်း။ ဘာပြုလို့လဲဆိုတော့—

အပိ စ ခေါ ပန ဒသသဟဿိလောကဓာတူသု နိဗ္ဗတ္တံ။

အပိစ ခေါ ပန၊ စင်စစ်သော်ကား။ ဒသသဟဿိလောကဓာတူသု၊ စကြဝဠာတိုက်ပေါင်း တသောင်းတို့၌။ နိဗ္ဗတ္တံ၊ ဖြစ်ခဲ့လေပြီ။

စကြဝဠာ တိုက်တသောင်းမှာကိုပဲ ဒီအံ့ဘနန်းတွေ အံ့ဖွယ်တွေဖြစ်နေတာ၊ မင်းတို့ ဟေမဝန္တာကလေးတင် ကွက်ဖြစ်တယ်လို့ထင်မနေနဲ့။

"သမ္ဗာသမ္ဗုဒ္ဓေါ လောကေ ဥပ္ပန္နော။"

လောကေ၊ လောက၌။ သမ္ဗာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဥပ္ပန္နော၊ ပွင့်ထွန်းတော်မူလာပြီ။

"အဇ္ဇ ဓမ္မစက္ကံ ပဝတ္တေသိ။" အဇ္ဇ၊ ယနေ့။ ဝါ-အခုပဲ။ ဓမ္မစက္ကံ၊ ဓမ္မစကြာ ဒေသနာမြတ်ထူး တရားဦးကို။ ပဝတ္တေသိ၊ ဖြစ်စေ လည်စေဟောကြွက်တော်မူခဲ့လေပြီ။

အခုပဲ ဓမ္မစကြာတရားဟောပြီးတာ သူငယ်ချင်း။

တေန ကာလေန၊ ထိုအကြောင်းကြောင့်။ ဌမံ ပုပ္ဖပါဋိဟာရိယံ၊ ဤပန်းတို့ရဲ့ အံ့ဘနန်း ပွင့်ဆန်းမှုဆိုတဲ့ ပြာဋိဟာသည်။ ဇာတံ၊ ဖြစ်လေ၏။

ဘုရားပွင့်လို့ ဓမ္မစကြာတရားဟောလို့ ဟောဒီပန်းတွေ အံ့ဘနန်း ပွင့်ဆန်းမှုဆိုတဲ့ ပြာဋိဟာကြီး ဖြစ်တာ-တဲ့။

ဘုရားဖူးခေါ်ခြင်း

ဒီနေရာမှာ နတ်နှစ်ပါး အကြောင်းအကျိုး မေးဖြေ ပြီးကြပြီ။ အဲဒီလို အကြောင်းအကျိုး ပြောပြီးတဲ့နောက် သာတာဂိရနတ်မင်းက ဟေမဝတနတ်မင်းကိုစကားဦးစ ဖော်ပါတယ်။အဲဒီဖော်တဲ့ ဂါထာသည် ဒီသုတ္တန်ရဲ့အစပဲ။ အခုပြီးခဲ့တာက ဒေသနာနိဒါန်းပဲ။ ဒေသနာ မြစ်ဖျားခံလို့ ဒေသနာနိဒါန်းပဲ ရှိသေးတယ်။ တကယ့် တရားသားက အခုမှ ရောက်တယ်၊ သာတာဂိရနတ်မင်းက ဘာပြောသလဲ–

အဇ္ဇ ပန္နရသော ဥပေါသထော၊ ဒိဗ္ဗာ ရတ္တိ ဥပဋ္ဌိတာ။
အနောမနာမံ သတ္ထာရံ၊ ဟန္ဒ ပဿာမ ဂေါတမံ။

(အဲဒါ သာတာဂိရနတ်မင်းက ဟေမဝတနတ်မင်းကို ဘုရားဖူး ခေါ်တဲ့ ဂါထာပဲ။)

မာရိသ၊ အဆွေမှန်လျှင်း ဟေမဝတနတ်မင်း။ အဇ္ဇ၊ ယနေ့။ ပန္နရသော ဥပေါသထော၊ ပန္နရသီ တိထိကြုံတွေ့ ၁၅-ရက်လပြည့် ဥပုသ်နေ့ကြီးပါတည်း။ (ဝါဆိုလပြည့်နေ့ ဓမ္မစကြာတရားဟောတဲ့နေ့) ဒိဗ္ဗာ၊ နတ်၌ဖြစ်သော အာနုဘော်နှင့်ယှဉ်သော။ ရတ္တိ၊ ညဉ့်သည်။ ဥပဋ္ဌိတာ၊ ထင်ခဲ့ဖြစ်ခဲ့လေပြီ။

ကနေ့ညဟာ ဒီပြင်ညတွေနဲ့ မတူဘူး။ ဒီပြင်ညတွေမှာတော့ လစန်းရဲ့ အသရေနဲ့ လရဲ့ အာနုဘော်နဲ့သာလျှင် လပြည့်ဆိုတာ ဖြစ်ရတယ်။ ကနေ့ လပြည့်နေ့က စကြဝဠာတိုက်တသောင်းက နတ်ဗြဟ္မာတွေရဲ့ ကိုယ်ရောင် ဘုန်းရောင် အစရှိတဲ့ အရောင်တွေ၊ ဝိသုဒ္ဓိနတ်ဖြစ်တော်မူတဲ့ ဘုရားကိုယ်တော်မြတ်ရဲ့ အာနုဘော်နဲ့လဲ ယှဉ်နေတယ်။

ဒိဗ္ဗာ၊ နတ်၌ဖြစ်သော။ ဝါ-ဝိသုဒ္ဓိနတ်ဖြစ်သော ဘုရားကိုယ်တော်မြတ်၏ အာနုဘော်တော်နှင့်ယှဉ်သော။ ရတ္တိ၊ ညဉ့်သည်။ ဥပဋ္ဌိတာ၊ ထင်ခဲ့ ဖြစ်ခဲ့လေပြီ။ ဟန္ဒ၊ ဘုရားဟုတ်လား မဟုတ်လားဟု ယုံမှားသကာမရှိပါပဲ သေချာစေ့စပ် ဘုရားပဲဟု ရဲရဲကြီး ဆုံးဖြတ်ပြီးလျှင်။ အနောမနာမံ၊ မယုတ်လျော့သော အမည်ရှိတော်မူထသော။ သတ္တာရံ၊ လူနတ်ဗြဟ္မာ သတ္တဝါကို ခေမာရောက်ကြောင်း တရားကောင်းဖြင့် ဖျောင်းဖျောင်းဖျဖျ ဆုံးမပဲ့ပြင် သွန်သင် ဟောပြတော်မူတတ်ပါပေထသော။ ဂေါတမံ၊ ဂေါတမနွယ်ဖွား ရှင်တော်ဘုရားကို။ ပဿာမ၊ အဖူးအညွတ် အကန်တော့ သွားရောက်ကြစို့လား သူငယ်ချင်း။

ဂေါတမမြတ်စွာဘုရားကို အဖူးအညွတ် သွားကြစို့လားလို့ ဖိတ်ခေါ်တယ်။ အဖူးအညွတ် သွားကြစို့လို့ဆိုတော့ အေး... ကောင်းသားပဲ-ဆိုပြီး လွယ်လွယ်ကြီး လိုက်မသွားဘူး။ ဟေမဝတနတ်မင်းက ဉာဏ်ရှိတယ်။ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်ဆိုတာ လွယ်လွယ်နဲ့ မရက်ရောဘူး။ ဒီတော့ သူကဘာပြောသလဲ။ စဉ်းစားတာပ၊ မေးတာကတော့ လိုရင်းကို မေးတယ်။

## ဘုရားဟုတ်မဟုတ် စစ်တမ်းထုတ်

သာတာဂိရ မင်းစဉ်းစားပါကွာ၊ ကနေ့ လောကမှာ ပူရဏကဿပကလဲ သူသာဘုရားလို့၊ မက္ခလိဂေါသာလကလဲ သူဘုရားတဲ့၊ အဇိတကေသကမ္ဗလ ကလဲ သူဘုရားတဲ့၊ နိဂဏ္ဍနာဋပုတ္တဆိုတဲ့ တက္ကတွန်းကြီးကလဲပဲ သူဘုရားတဲ့၊ ပကုဓကစ္စာယနကလဲ သူဘုရားတဲ့၊ သိဉ္စည်းဆရာကြီးကလဲ သူဘုရားလို့ လောကမှာ ဘုရားမပွင့်ခင် ဘုရားအမည်ခံနေတဲ့ ဘုရားတုကြီးက ခြောက်ဆူ ရှေးကရှိတယ်။

အဲဒီတော့ ဘုရားဆိုတိုင်း သွားလို့ မဖြစ်ဘူး၊ ဒါကြောင့် မင်းတွေ့ခဲ့တဲ့ ဘုရားဟာ ငါစစ်တမ်းထုတ်ကြည့်ဦးမယ်၊ တကယ်ဘုရားစစ်ယင်သွားမယ်။ ဒီအကြံနဲ့ ဟေမဝတနတ်မင်းက ဘာပြောသလဲ။ ဘုရားစစ်တယ်။

ကစ္စိ မနော သုပဏိဟိတော၊ သဗ္ဗဘူတေသု တာဒိနော။
ကစ္စိ ဣဋ္ဌေ အနိဋ္ဌေ စ၊ သင်္ကပ္ပဿ ဝသီကတာ။

မာရိသ၊ အဆွေမှန်လျှင်း သာတာဂိရနတ်မင်း။ အဿ၊ ထို မင်းတွေ့ခဲ့ရတယ်ဆိုတဲ့ ဘုရားကိုယ်တော်မြတ်သည်။ တာဒိနော၊ တာဒိဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍။ သဗ္ဗဘူတေသု၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော သတ္တဝါတို့၌။ မနော၊ စိတ်တော်ကို။ သုပဏိဟိတော၊ ကောင်းစွာကြံ့ခိုင် အညီအမျှ ထားနိုင်ပါ၏လော။

သူငယ်ချင်း ဘုရားဆိုတာ ကိုယ်တော်အပေါ် အကျိုးလိုလားတဲ့လူ၊ ကိုယ်တော်အပေါ် အကျိုးမလိုလားတဲ့လူ အားလုံးရဲ့အပေါ်မှာ အကျိုးလိုလားတဲ့စိတ် တမျိုးတည်း အညီအမျှ ထားနိုင်ရမယ်။ မင်းတွေ့ခဲ့ရတဲ့ ဘုရားကိုယ်တော်မြတ်ဟာ တာဒိဂုဏ်နှင့် လာဘာလာဘ စသည့်ရှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ သည်းခံခြင်း

ဟူသောတာဒိဂုဏ်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကြီးပီပီ ကိုယ်တော်အပေါ် အကျိုးလိုလားတဲ့ပုဂ္ဂိုလ် အကျိုးမလိုလားတဲ့ ပုဂ္ဂိုလ် အားလုံးသော သတ္တဝါတွေရဲ့အပေါ်မှာ အစဉ်ညီမျှတဲ့စိတ်တမျိုးတည်း ကြွကြွခိုင်ခိုင် အညီအမျှ ထားနိုင်ပါရဲ့လား –

ကစ္စိ၊ အသို့နည်း။ ဣဋ္ဌေ စ၊ ဣဋ္ဌအာရုံ၌လည်းကောင်း။ အနိဋ္ဌေ စ၊ အနိဋ္ဌအာရုံ၌လည်းကောင်း။ အဿ၊ ထို မင်းတွေ့ခဲ့ရတဲ့ဘုရားသည်။ သင်္ကပ္ပါ၊ အကြံအစည်ဟူသမျှတွေကို။ ဝသီကတာ၊ စိုးပိုင်နိုင်နင်းအောင် ပြုအပ်ပါကုန်၏လား သူငယ်ချင်း။

မင်းတွေ့ခဲ့ရတဲ့ ဘုရားဟာ ဣဋ္ဌအာရုံနဲ့တွေ့ယင် တမျိုး အနိဋ္ဌအာရုံနဲ့တွေ့ယင် တမျိုး ဝိတက်အလိုကို သူကလိုက်နေရယင်လဲ ဘုရားမဟုတ်သေးဘူး။

ဥပမာ-လူသာမန်တွေ ကိုယ်အလိုရှိတဲ့ နှစ်သက်တဲ့ အာရုံနဲ့တွေ့ယင် လောဘဖြစ်တယ်၊ ကာမဝိတက်တွေဖြစ်တယ်။ ကိုယ်မလိုချင်တဲ့ မုန်းတဲ့ အာရုံနဲ့တွေ့တယ်ဆိုမှဖြင့် ဒေါသ ဗျာပါဒ ဝိတက်တွေဖြစ်တယ်၊ အဲဒီလူဟာ ဝိတက်အလိုကို ဒီပုဂ္ဂိုလ်က လိုက်ရတယ်၊ ဒီပုဂ္ဂိုလ်ရဲ့ အလိုကို ဝိတက်က လိုက်နေတာမဟုတ်ဘူး။ ဘုရားဆိုတာ ဝိတက် အလိုကို မိမိက လိုက်ရမှာမဟုတ်ဘူး။ မိမိရဲ့အလိုကို ဝိတက်က လိုက်အောင် စိုးပိုင်နိုင်နင်းမှ။ မင်းတွေ့ခဲ့ရတဲ့ ဘုရားကိုယ်တော်မြတ် သည် အလိုရှိအပ်တဲ့ ဣဋ္ဌအာရုံ အလိုမရှိအပ်တဲ့ အနိဋ္ဌအာရုံ အလုံးစုံ တို့၌ အကြံအစည် ဝိတက်များကို စိုးပိုင်နိုင်နင်းအောင် ပြုအပ်ပါရဲ့ လားတဲ့ မေးတယ်။ အဖြေကျတော့ ပိုပြီးတော့ ရှင်းမပေါ့။ ဒီတော့ သာတာဂိရနတ်မင်းက ပြန်ဖြေတယ်။

## ဘုရားအစစ်ဖြစ်ကြောင်း ဂုဏ်ပုဒ်များ

မနော စဿ သုပဏိဟိတော၊ သဗ္ဗဘူတေသု တာဒိနော။
အထော ဣဋ္ဌေ အနိဋ္ဌေ စ၊ သက်ပ္ပဿ ဝသိကတာ။

### သတ္တဝါအားလုံး၌ တူမျှသောစိတ်

မာရိသ၊ အဆွေမှန်လျှင်း ဟေမဝတနတ်မင်း။ အဿ၊ ထို ငါဖူး တွေ့ခဲ့ရတဲ့ ဘုရားကိုယ်တော်မြတ်သည်။ တာဒိနော၊ လာဘာလာဘ စသည်ရှစ်တန် လောကဓံကြောင့် ဖောက်ပြန်မရှိ တည်ခိုင်ဘိသား တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသည်ဖြစ်၍။ သဗ္ဗဘူတေသု၊ ခပ်သိမ်း ဉဿုံ အလုံးစုံ ကိုယ်တော်အပေါ် အကျိုးလိုလား မလိုလား သတ္တဝါ အများတို့ရဲ့ အပေါ်၌။ မနော၊ ကိုယ်တော်ရဲ့ စိတ်တော်ကို။ သုပဏိ-ဟိတော၊ အကျိုးလိုလားတဲ့စိတ် တစိတ်တည်း ကောင်းစွာ ကြံ့ခိုင် ထားအပ်နိုင်ပါ၏။

ငါတွေ့ခဲ့ရတဲ့ဘုရားဟာ တာဒိဂုဏ်ရှင်ပီပီ အားလုံးသောသတ္တဝါ တွေရဲ့အပေါ်မှာ အကျိုးလိုလားတဲ့စိတ် တမျိုးတည်းကြံ့ကြံ့ ခိုင်ခိုင် ထားနိုင်တယ်ကွသူငယ်ချင်း။သူကလဲ ဘုရားကို တော်တော် အကဲခပ် ကောင်းတယ်။ ဓမ္မစကြာတရားဟောတုန်းက ဘုရားကို သူဖူးခဲ့ရတော့ ဘယ်သူနဲ့မှ မတူတဲ့ပုဂ္ဂိုလ်မြတ်ကြီး၊ တကယ်သူကတော့ အပြည့်အစုံ ယုံကြည်လာတယ်။ ကိုယ်တိုင်လဲ ဖူးခဲ့ရတယ်။

ဝဓကေ ဒေဝဒတ္တမှိ၊ စောရေ အင်္ဂုလိမာလကေ။
ဓနပါလေ ရာဟုလေ စ၊ သဗ္ဗတ္ထ သမမာနသော။[၁]

ဘဂဝါ၊ ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရားသည်။ ဝဓကေ၊ ကိုယ်တော်မြတ်ကို သတ်အံ့ဟု ရည်ရွယ်သော။ဒေဝဒတ္တမှိ၊ ယောက်ဖ

၁။ ဓမ္မ၊ဋ္ဌ၊၁။၉၄။

တော် ဒေဝဒတ်၌သော်လည်းကောင်း။ စောရေ အင်္ဂုလိမာလကေ၊ အင်္ဂုလိမာလမည်ဖြစ်သော လူခိုးသား၌ လည်းကောင်း။ ဓနပါလေ စ၊ (နောက်တချိန် ဓနပါလ) စောစောကပင် နာဠာဂိရိအမည်ရှိတဲ့ ဆင်ကြမ်းအပေါ်၌သော်လည်းကောင်း။ရာဟုလေ စေဝ၊ သားတော်ရာဟုလာရဲ့ အပေါ်၌သော်လည်းကောင်း။ သဗ္ဗတ္ထ၊ ခပ်သိမ်းဥဿုံအလုံးစုံသော သတ္တဝါတို့ရဲ့ အပေါ်၌။ သမမာနသော၊ တူမျှသောစိတ် ရှိတော်မူပါ၏။

ဤဆိုခဲ့သည့်အတိုင်း ငါဖူးတွေ့ခဲ့ရတဲ့ဘုရားဟာ ကိုယ်တော်ကို အသေသတ်မည့် ယောက်ဖတော် ဒေဝဒတ်ရဲ့အပေါ်နှင့် သားတော် ရာဟုလာရဲ့ အပေါ်မှာ အကျိုးလိုလားတဲ့စိတ်ဟာ ချိန်ခွင်ပေါ်တင် စက်ယင်ဘယ်တော့မှချိန်ခွင်လျှာမထွက်ဘူး။ ညီနေတယ်။ ကိုယ်တော်ကို သတ်မလို့ ဓားကြီးတမိုးမိုးနဲ့ တရှယ်ရှယ် လိုက်နေတဲ့ အင်္ဂုလိမာလ ခိုးသားရဲ့အပေါ်နှင့် ရာဟုလာသားတော်ရဲ့အပေါ်မှာ အကျိုးလိုလားတဲ့စိတ်ဟာ အညီအမျှပဲ။ ဘယ်သူ့မှပိုတယ် ဘယ်သူမှလိုတယ်လို့မရှိဘူး။ ကိုယ်တော်ကို နင်းသတ်မလို့ လွှတ်လိုက်တဲ့ နာဠာဂိရိခေါ်တဲ့ ဆင်ကြမ်းကြီးရဲ့အပေါ်နှင့် သားတော်ရာဟုလာရဲ့အပေါ်မှာ မေတ္တာစိတ်ထားဟာ တသားတည်းပဲ။

ဒါကြောင့် အားလုံးသတ္တဝါရဲ့ အပေါ်မှာ ကိုယ်တော်ရဲ့စိတ်ကို အကျိုးလိုလားတဲ့ စိတ်တမျိုးတည်း အညီအမျှကောင်းစွာ ကြံ့ခိုင်ထားတော် မူနိုင်ပါတယ်ဘဲ့။

“အထော ဣဋ္ဌေ အနိဋ္ဌေ စ၊ သက်ပ္ပသ ဝသိကတာ။”

အထော၊ထိုမှို။အဿ၊ထို ငါဖူးတွေ့ခဲ့ရတဲ့ဘုရားကိုယ်တော်မြတ်၏။ ဣဋ္ဌေ စ၊ အလိုရှိအပ်တဲ့ အာရုံ၌လည်းကောင်း။ အနိဋ္ဌေ စ၊ အလိုမရှိအပ်တဲ့ အာရုံ၌လည်းကောင်း။ သက်ပ္ပါ၊ နေက္ခမ္မ အဗျာပါဒ အဝိဟိံ-

သာ ဆိုတဲ့ သမ္မာဝိတက်သုံးပါးတို့ကို။ **ဝသီကတာ၊ စိုးပိုင်နိုင်နင်း အောင် ပြုအပ်ပါကုန်၏။**

ငါ့ဖူးတွေ့ရတဲ့ ဘုရားကိုယ်တော်မြတ်ဟာ ဣဋ္ဌအာရုံပဲဖြစ်ဖြစ် အနိဋ္ဌအာရုံပဲဖြစ်ဖြစ် တွေ့တဲ့အာရုံပေါ်မှာ နေက္ခမ္မဝိတက်နဲ့ပဲ နေမယ်ဆိုယင် ဝိတက်တမျိုးတည်းရယ်၊ဘယ်မှမပြောင်းဘူး။အဗျာပါဒဝိတက်နဲ့နေမယ်ဆိုယင် အဗျာပါဒဝိတက်၊ ဆိုပါစို့ ရဟုလာအပေါ်မှာ ဒေဝဒတ်အပေါ်မှာ ဘာပဲဖြစ်ဖြစ် အဲဒီတွေ့တဲ့ဣဋ္ဌ အနိဋ္ဌ အာရုံတွေရဲ့ အပေါ်မှာ နေက္ခမ္မဝိတက်နဲ့ပဲနေမယ်ဆိုယင် တမျိုးတည်းရယ်၊ ဘယ်မှ မပြောင်းဘူး။ ငါသည် အဗျာပါဒဝိတက်နဲ့ပဲနေမယ် မေတ္တာဝိတက်နဲ့ နေမယ်ဆိုယင် ဣဋ္ဌ အနိဋ္ဌအာရုံ အကုန်လုံးရဲ့ အပေါ်မှာ အဗျာပါဒဝိတက် မေတ္တာနှင့် ယှဉ်တဲ့ အကြံနဲ့နေပါတယ်။

ဒါကြောင့် ဝိတက်တွေကို ကိုယ်တော်က စိုးပိုင် နိုင်နင်းအပ်ပါ၏။ ဝိတက်က ကိုယ်တော်အပေါ်မှာ လွှမ်းမိုးအစိုးပိုင် မခံရပါဘူးသူငယ်ချင်း။ ဒါ-တာဒိဂုဏ်နဲ့ ပြည့်စုံတဲ့ဘုရား ဟုတ်မဟုတ်မေးလို့ ဟုတ်တဲ့အကြောင်းသိပြီ။ ကိုင်းပြီးမလား၊ မပြီးသေးဘူး။ဆက်ပြီးမေးတယ်—

ကစ္စိ အဒိန္နံ နာဒိယတိ၊ ကစ္စိ ပါဏေသု သညတော။
ကစ္စိ အာရာ ပမာဒမှာ၊ ကစ္စိ ဈာနံ န ရိဉ္စတိ။

မာရိသ၊ အဆွေမှန်လျှင်း သာတာဂိရနတ်မင်း။ သော၊ ထိုမင်းတွေ့ခဲ့ရတဲ့ ဘုရားဆိုတဲ့ပုဂ္ဂိုလ်သည်။ ကစ္စိ၊ အသို့နည်း။ အဒိန္နံ၊ အရှင်မပေးတဲ့သူ့ ဥစ္စာကို။ နာဒိယတိ၊ မခိုးယူတဲ့ဘုရား ဟုတ်ပါ၏လား။

သူတို့လက်ထက်က ဘုရားအမည်ခံပြီး သူတပါးဥစ္စာကို ခိုးတဲ့ဘုရားတွေတွေ့တာနဲ့တူတယ်။ မင်းတွေ့ခဲ့တဲ့ ဘုရားသည် အရှင်မပေးတဲ့ သူ့ ဥစ္စာကို မခိုးတဲ့ဘုရား ဟုတ်ကဲ့လား။

ကစ္စိ၊အသို့နည်း။ သော၊ ထိုမင်းတွေ့ခဲ့ရတဲ့ဘုရားသည်။ ပါဏေသု၊ သတ္တဝါတို့အပေါ်၌။ သညတော၊မသတ်မိ မညှဉ်းဆဲမိအောင်ကောင်းစွာစောင့်စည်းတဲ့ ဘုရားဟုတ်ပါရဲ့လား။

မင်းတွေ့ခဲ့ရတဲ့ဘုရားသည် အားလုံးသတ္တဝါတို့အပေါ်မှာ မသတ်မိအောင် ဒုစရိုက်တရားတို့မှ ကြဉ်ရှောင်တဲ့ ဘုရားဟုတ်ကဲ့လား။ ပါဏာတိပါတဒုစရိုက်မှ ကြဉ်ရှောင်တဲ့ ဘုရားဟုတ်ကဲ့လားလို့ မေးပြန်တယ်။ ဘာပြုလို့ ဒီလိုမေးရသလဲဆိုတော့ သူတို့ လက်ထက်ကတည်းကိုက ဘုရားအမည်ခံတဲ့ ပုဂ္ဂိုလ်တွေက ယဇ်ပူဇော်တယ်။ အဲဒီလို ယဇ်ဆရာလုပ်ပြီးပူဇော်တဲ့အခါ ဘုရားအမည်ခံပုဂ္ဂိုလ်တို့ကိုယ်က ဆိတ်တွေ ဝက်တွေ ကြက်တွေ နွားတွေသတ်လာတယ်။ ဒါကြောင့် မင်းတွေ့ခဲ့ရတယ် ဆိုတဲ့ဘုရားသည် အားလုံး သတ္တဝါတွေရဲ့ အပေါ်မှာ သူ့ အသက်ကို သတ်ခြင်းဆိုတဲ့ မကောင်းမှုမှ ရှောင်ကြဉ်တဲ့ဘုရား ဟုတ်ကဲ့လား၊ ကာယဒွါရစင်ကြယ်ရဲ့လား မစင်ကြယ်ဘူးလားစစ်တယ်။

ကစ္စိ၊ အသို့နည်း။ပမာဒမှာ၊အာရုံငါးစုံ လိုက်စားမေ့လျော့ခြင်းမှ။ အာရာ၊ ဝေကွာတဲ့ဘုရား ဟုတ်ပါရဲ့လား။

ကာမေသု မိစ္ဆာစာရဆိုတဲ့ ကာယဒုစရိုက်မေးတယ်။ အာရုံငါးပါး လိုက်စားမူးမေ့တဲ့ ပမာဒတရားမျိုးမှ ဝေးကွာတဲ့ဘုရား ရှောင်ကြဉ်တဲ့ ဘုရား ဟုတ်ကဲ့လား။ ကာယဒုစရိုက် သုံးပါးရှိတယ်။ သူ့ အသက်သတ်ခြင်း၊ သူ့ ဥစ္စာခိုးခြင်း၊ သူ့ အိမ်ယာကို လွန်ကျူးခြင်းဆိုတဲ့ ဒီကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်တဲ့ဘုရားဟုတ်ကဲ့လား။ ကာယဒွါရစင်ကြယ်တဲ့ဘုရား ဟုတ်ကဲ့လားလို့ဆိုလိုတယ်။

ကစ္စိ၊ အသို့နည်း။ သော၊ ထိုမင်းတွေ့ခဲ့သည့်ဘုရားသည်။ ဈာနံ၊ အာရမ္မဏူ လက္ခဏူပ နှစ်ဆူအပြား ဈာန်တရားကို။ န ရိဉ္စတိ၊ မစွန့်တဲ့ ဘုရားဟုတ်ပါရဲ့လား။

အာရမ္မဏူပနိဗ္ဗာနစျာန် လက္ခဏူပနိဗ္ဗာနဈာန် ဒီစျာန်နှစ်ပါး မပြတ်မပြတ်ဝင်းစားတဲ့ ဘုရားဟုတ်မှ ပုဂ္ဂိုလ်ဟုတ်မှ ကာယဒွါရဟာ တကယ်စင်ကြယ်တာ။ စျာန်မပါပဲနဲ့ကာယဒွါရ စင်ကြယ်အောင်လုပ်တယ်ဆိုတာ ခဏပဲ။ ပါဏာတိပါတမှ ရှောင်ကြဉ်တယ်ဆိုတာ စျာန်မရှိပဲနဲ့ ရှောင်ကြဉ်တယ်ဆိုတာခဏပဲ။ တော်တော်ကြာ ရှောင်ကြဉ်တဲ့ အထဲကနေပြီးတော့ မသိမသာအမှတ်တမဲ့ ခြင်,ယင်တို့ ပုတ်ခတ်နေမိယင် ပါဏာတိပါတာဒဝရမဏီဆိုရာကနေပြီးတော့ ခြင်ယင်များ ပုတ်မိ ခတ်မိ ပွတ်မိတတ်တယ်။

စျာန် မဆိတ်သုဉ်းဘူးဆိုတော့ တကယ့်ကိုပဲ အဲဒီ ကာယဒုစရိုက်က အတိအကျရှောင်ကြဉ်တယ်။ ဒါကြောင့် မင်းတွေ့ခဲ့တဲ့ဘုရားသည် အာရမ္မဏူ လက္ခဏူခေါ်တဲ့ နှစ်ထွေအပြား စျာန်တရားကို မစွန့်တဲ့ ဘုရား။ အာရမ္မဏူပနိဗ္ဗာနစျာန်ဆိုတဲ့ လောကီစျာန်တွေ၊ လက္ခဏူပနိဗ္ဗာနစျာန်ဆိုတဲ့ လောကုတ္တရာ ဖလသမာပတ်နှင့်ယှဉ်တဲ့စျာန်တွေ မပြတ်မလတ်ဝင်စားတဲ့ ဘုရားဟုတ်ကဲ့လားလို့ မေးတယ်။

## တရားဟောဆဲ၌ပင် ဖလသမာပတ်ဝင်စားတော်မူခြင်း

သာတာဂိရက ပြန်ဖြေတယ်—

> န သော အဒိန္နံ အာဒိယတိ၊ အထော ပါဏေသု သညတော။
> အထော အာရာ ပမာဒမှာ၊ ဗုဒ္ဓေါ စျာနံ န ရိဉ္စတိ။

မာခိသ၊ အဆွေမှန်လျှင်း ဟေမဝတနတ်မင်း။ သော၊ ထိုငါဖူးတွေ့ခဲ့ရတဲ့ ဘုရားကိုယ်တော်မြတ်သည်။ အဒိန္နံ၊ အရှင်မပေးတဲ့ သူ့ဥစ္စာကို။ န အာဒိယတိ၊ မခိုးယူပါ။

အဒိန္နဒါန်ဖြစ်ဖို့ ဒုစရိုက်တဆယ်ကို ဟိုအနုသယကစပြီးတော့ သမုစ္ဆေဒပဟာန်နှင့် အမြစ်ပြတ်ပယ်သတ်ပြီးဖြစ်လို့ အဒိန္နဒါန်ကံတရား ကြီး အမြစ်ပြတ် ပြတ်ပြီးတဲ့ဘုရား။ ဘယ်တော့မှ မခိုးဘူးဟ·တဲ့။

အထော၊ ထိုမှတပါး။ ပါဏောသု၊ သတ္တဝါတို့အပေါ်၌။ သညတော၊ မသတ်မိ မညှဉ်းဆဲမိအောင် အမြဲစောင့်ရှောက် ကြဉ်ရှောင်တဲ့ဘုရား ဟုတ်ပါ၏။ ပါဏာတိပါတဒုစရိုက်လဲပဲ အမြစ်ပြတ်ပယ်ပြီးသားဘုရား၊ ဘယ်တော့မှ မပြုတော့ဘူး။ ပါဏာတိပါတ ဒုစရိုက်ကံတွေ ပြတ်ပြီးသားဘုရား။

အထော၊ ထိုမှတပါး။ သော၊ ထိုငါဖူးတွေ့ခဲ့ရတဲ့ဘုရားသည်။ ပမာဒမှာ၊ အာချိုင်းပါး လိုက်စားမေ့လျော့ခြင်းမှ။ အာရာ၊ ဝေးကွာ လှပါ၏။ ပမာဒမှ ဝေးကွာတယ်ဆိုတဲ့ အထဲမှာ ကာမေသုမိစ္ဆာစာရ ဒုစရိုက်မှလဲပဲ ဝေးစွာရှောင်ကြဉ်တယ်။ ဒီအဓိပ္ပာယ်လဲ ပါပြီးသား ဖြစ်သွားတယ်။

အေး အဲဒီပါဠိမှာ "ကိစ္စိ အာရာ ပမဒမှာ"လို့လဲ ရှိတယ်။ 'ပမဒ· မှာ' ထက် 'ပမာဒမှာ'က 'ပမာဒမှ'ဆိုတဲ့ အနက်ကိုင်ပြီးသား ဖြစ်နေ တယ်၊ 'ပမာဒမှာ'က ပိုကောင်းတယ်တဲ့ အဋ္ဌကထာက။

အထော၊ ထိုမှတပါး။ သော၊ ထိုငါဖူးတွေ့ခဲ့ရတဲ့ဘုရား ကိုယ်တော် မြတ်သည်။ ဈာနံ၊ အာရမ္မဏူ လက္ခဏူပဟု နှစ်ဆူအပြားဈာန်တရားကို။ န ရိဉ္စတိ၊ ဘယ်သောအခါမှ မစွန့်ပါ။

အထူးအားဖြင့် ဖလသမာပတ်ဆိုပါစို့၊ဖလသမာပတ်ဆိုတဲ့ လက္ခ- ဏူပနိဇ္ဈာနဈာန် ဘယ်ခလောက်များဝင်စားသလဲ ဘုရားမှာ—

စိတ္တိဿရာ ဟိ ဗုဒ္ဓါ ဘဂဝန္တော ဓမ္မံ ဒေသေန္တာပိ ယံ မုဟုတ္တံ တုဏှီ ဘဝိတဗ္ဗံ ဟောတိ၊ တံ မုဟုတ္တံ ဖလသမာပတ္တိံ သမာပဇ္ဇန္တိ၊ ပဂေဝ အညသ္မိံ ကာလေ၁။

မူလဋီကာဆရာတော်ကြီး ကြည်ကြည်ညိုညို ဖွင့်ပြထားတယ်။

စိတ္တဿရိယ ဘုန်းတော်ရှင်ဖြစ်တော်မူတဲ့ မြတ်စွာဘုရားများသည် တရားဟောစဉ်မှာပဲ ဖြစ်စေကာမူ အကြောင်းခဏ္ဍ တရားနာပရိသတ်တွေက သာဓုအနုမောဒနာ ခေါ်နေလို့ ကိုယ်တော်ဘက်က ဆိတ်ဆိတ်နေရမဲ့အချိန်ရ၍ ထိုအချိန်ကလေးတောင်မှ အချိန်နဲ့တိုင်းပြီးတော့ ဖလသမာပတ် ဝင်စားတော်မူသေးတယ်။ ဒီပြင်အခါမှာဆိုယင် ပြောစရာမရှိဘူးတဲ့၊ အဲဒီလို ချီးကျူးယူရတဲ့ဘုရား။

ဈာန်ကို ဘယ်တော့မှ မဆိတ်သုဉ်းစေတဲ့ဘုရား၊ ကာယဒွါရ စင်ကြယ်တာ သိတယ်။ ကိုင်း ဒါဖြင့် ဝစီဒွါရ စင်ကြယ်မှု ရှိမရှိ ငါ မေးအုံးမယ်။

ကစ္စိ မုသာ န ဘဏတိ၊ ကစ္စိ န ခီဏဗျပ္ပထော။
ကစ္စိ ဝေဘူတိယံ နာဟ၊ ကစ္စိ သမ္ဖံ န ဘာသတိ။

မာရိသ၊ အဆွေမှန်လျှင်း သာတာဂိရနတ်မင်း။ သော၊ ထိုဘုရားကိုယ်တော်မြတ်သည်။ ကစ္စိ၊ အသို့နည်း။ မုသာ၊ မုသားစကားကို။ န ဘဏတိ၊ မပြောဆိုတဲ့ ဘုရားဟုတ်ပါရဲ့လား။ သော၊ ထိုမင်းတွေ့ခဲ့ရတဲ့ ဘုရားသည်။ ကစ္စိ၊ အသို့နည်း။ န ခီဏဗျပ္ပထော၊ စိတ်ကို ညစ်နွမ်းအောင် ညှိုးပန်းတတ်သော ဖရုသဝါစာစကား မပြောကြားတဲ့ဘုရား ဟုတ်ပါရဲ့လား။

---

၁။ ဓမ္မသင်္ဂဏီမူလဋီကာ။ နှာ-၄၈။

လွှသွားပမာ ရှန့်ရင်းကြမ်းတမ်းတဲ့စကား စိတ်ကို ကုန်ခန်းစေတတ်တဲ့ ဖရုသဝါစာစကား မပြောတဲ့ဘုရား ဟုတ်ပါရဲ့လား။

ကစ္စိ၊ အသ္မိနည်း။ ဝေဘူတိယံ၊ အချစ်သဥ်းအောင် ကုန်းချောတဲ့ စကားကို။ န အာဟ၊ မပြောဆိုတဲ့ဘုရား ဟုတ်ပါရဲ့လား။

ပိသုဏဝါစာ＝ကုန်းတိုက်စကား မပြောကြားတဲ့ ဘုရားဟုတ်ကဲ့လားကွာတဲ့၊ ဝစီဒုစရိုက် စင်ကြယ်တာ မစင်ကြယ်တာမေးတယ်။

ကစ္စိ၊ အသ္မိနည်း။ သမ္ဖံ၊ ပြိန်ဖျင်းတဲ့စကားကို။ န ဘာသတိ၊ မပြောဆိုတဲ့ဘုရား ဟုတ်ပါရဲ့လား။

**မောဟအားလုံး လွန်မြောက်တော်မူသော မြတ်စွာဘုရား**

ဒါ- ဝစီဒုစရိုက်လေးပါး ရှောင်ကြဉ်တဲ့ဘုရား ဟုတ်ကဲ့လားလို့-ဝစီဒွါရ စင်ကြယ်မှု ရှိမရှိကိုမေးတယ်။ ဒီတော့ သာတာဂိရက ဘာပြန်ဖြေသလဲ—

> မုသာ စ သော န ဘဏတိ၊ အထော န ခီဏဗျပ္ပထော။
> အထော ဝေဘူတိယံ နာဟ၊ မန္တာ အတ္ထံ သုဘာသတိ။

မာရိသ၊ အဆွေမှန်လျှင်း ဟေမဝတနတ်မင်း။ သော၊ ထို ငါဖူးတွေ့ခဲ့ရတဲ့ ဘုရားကိုယ်တော်မြတ်သည်။မုသာ စ၊မုသားစကားကိုလဲပဲ။ န ဘဏတိ၊ ဘယ်သောအခါမှ မပြောပါ။ (မဟုတ်တာ ဘယ်တော့မှ မပြောဘူး။ အမှန်လေးချက် တရားနက်ကိုသာ ဟောကြားတယ်၊ မှန်တာကိုသာ ဟောကြားတယ်၊)အထော၊ ထိုမှတပါး။ သော၊ ထို ငါ ဖူးတွေ့ခဲ့ရတဲ့ ဘုရားသည်။ န ခီဏဗျပ္ပထော၊ စိတ်ကို ကုန်ခန်းစေတတ်တဲ့ ဖရုသဝါစာစကား ဘယ်သောအခါမှ မပြောကြားပါ။(တွေ့တဲ့ လူတွေ နတ်တွေ ပြဟ္မာတွေကို အလွန်ပြေပြစ်တဲ့ နူးညံ့တဲ့ ပြည်ကြီးသူ

တယ်။) သော၊ ထို ငါဖူးတွေ့ခဲ့ရတဲ့ ဘုရားကိုယ်တော်မြတ်သည်။ သဗ္ဗမောဟံ၊ မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်းအလုံးစုံသော မောဟအပေါင်းကို။ အတိက္ကန္တော၊ လွန်ပြီးတဲ့ဘုရား ပယ်ပြီးတဲ့ဘုရား လွန်မြောက်ပြီးတဲ့ ဘုရား ဟုတ်မှန်ပါ၏။

**မောဟရှစ်ပါး**

မောဟမှန်သရွေ့ အကုန်လုံးလွန်မြောက်ပြီး ပယ်ပြီးတဲ့ ဘုရားပါ။ ဒုက္ခသစ္စာကို မသိတဲ့မောဟ၊ သမုဒယသစ္စာကို မသိတဲ့မောဟ၊ နိရောဓ သစ္စာကို မသိတဲ့မောဟ၊ မဂ္ဂသစ္စာကို မသိတဲ့မောဟ၊ သစ္စာ ၄-ပါး မသိတဲ့ မောဟ ၄-မျိုးရယ်၊ သံသရာရှေ့ပိုင်းကို မသိတဲ့မောဟ, နောက်ပိုင်းကို မသိတဲ့မောဟ, ရှေ့ပိုင်းနောက်ပိုင်း နှစ်မျိုးလုံးကိုမသိတဲ့ မောဟ, ပဋိစ္စသမုပ္ပါဒ်ကို မသိတဲ့မောဟ မောဟလေးမျိုးရော အဲဒီ မောဟရှစ်မျိုး ရှိယင်သာ မိစ္ဆာဒိဋ္ဌိဖြစ်မယ်။ ငါဖူးတွေ့ခဲ့ရတဲ့ ဘုရား ကိုယ်တော်မြတ်သည် မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း ဤ မောဟရှစ်ပါး အပေါင်းကိုလဲပဲ သမုစ္ဆေဒပဟာန်ဖြင့် ပယ်လှန်ဖြတ်တောက် လွန် မြောက်ပြီးတဲ့ဘုရားပါတဲ့။

ဗုဒ္ဓေါ၊ ငါဖူးတွေ့ခဲ့ရတဲ့ ဘုရားကိုယ်တော်မြတ်သည်။ ဓမ္မေသု၊ တရားဥဿုံ အလုံးစုံတို့၌။ စက္ခုမာ၊ သမန္တစက္ခု၊သဗ္ဗညုတ ရွှေဉာဏ် ကြီးဖြင့် အလုံးစုံ မြင်တော်မူတတ်ပါပေ၏။

သဗ္ဗညုတရွှေဉာဏ်ရှင်ဖြစ်လို့ အားလုံးသောတရားတွေကိုမြင်တော် မူတဲ့ ဘုရားပါတဲ့။ မနောဒွါရသုဒ္ဓိ = မနောဒွါရ စင်ကြယ်မှု ရှိမရှိ မေးပြေပြီးပြီ။ ကာယ ဒွါရ စင်ကြယ်မှုရှိမရှိ၊ ဝစီဒွါရစင်ကြယ်မှုရှိမရှိ၊ မနောဒွ ရစင်ကြယ်မှု ရှိ မရှိ မေးပြီး ဖြေပြီးတော့ သွားလိုက်ပါတော့ လား။ မဖြတ်သေးဘူး။ ဟေမဝတနတ်ဘီလူးက မိမိက ပုံပန်းမှာ

သူက ဗုဒ္ဓါနုဿတိအလုပ် လုပ်တယ်နဲ့တူတယ်။ ပြီးတော့ ဝိဇ္ဇာစရဏ-သမ္ပန္နဂုဏ်ကို သူက သိပ်ကြည်ညိုသတဲ့။ အဲဒါကြောင့် သူကြည်ညိုတဲ့ ဂုဏ်နဲ့ ဘုရားကို စုံစမ်းချင်တယ်—

ကစ္စိ ဝိဇ္ဇာယသမ္ပန္နော၊ ကစ္စိ သံသုဒ္ဓစရဏော။
ကစ္စိဿ အာသဝါ ခီဏာ၊ ကစ္စိ နတ္ထိ ပုနဗ္ဘဝေါ။

မာရိသ၊ သာတာဂိရနတ်မင်း။သော၊ထိုသင်တွေ့ခဲ့ရတဲ့ဘုရားသည်။ ကစ္စိ၊ အသို့နည်း။ ဝိဇ္ဇာယ၊ သုံးမျိုးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာနှင့်။ သမ္ပန္နော၊ ပြည့်စုံတဲ့ဘုရား ဟုတ်မှန်ပါ၏လော။ (မင်းတွေ့ခဲ့ရတဲ့ ဘုရားသည် ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် ဆိုတဲ့ ဝိဇ္ဇာ သုံးပါး၊ အဲဒီဝိဇ္ဇာသုံးပါးပေါ်မှာ ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, စေတောပရိယဉာဏ် ဆိုတဲ့ ဉာဏ်ငါးပါး ထပ်ထည့်လိုက်တော့ ဝိဇ္ဇာရှစ်ပါးဖြစ်သွားတယ်။ ဒါကြောင့် သုံးပါး ရှစ်ဖြာ ဉာဏ်ဝိဇ္ဇာနှင့် ပြည့်စုံတဲ့ဘုရား ဟုတ်ပါရဲ့လား။) ကစ္စိ၊ အသို့ နည်း။ သံသုဒ္ဓစရဏော၊ စင်ကြယ်သော စရဏတဆယ့်ငါးပါး ရှိတဲ့ ဘုရား ဟုတ်ပါရဲ့လား၊ စရဏတဆယ့်ငါးပါးစင်ကြယ်တဲ့ဘုရား ဟုတ်ပါ ရဲ့လား၊ ပညာဆိုတဲ့ ဝိဇ္ဇာ, စရဏဆိုတဲ့အကျင့် ဒီနှစ်ခုဟာ မျက်စိနဲ့ ခြေထောက်နဲ့ တူတယ်။ ဝိဇ္ဇာက မျက်စိနဲ့ တူတယ်၊ စရဏက ခြေထောက်နဲ့တူတယ်။ မျက်စိကကောင်းလို့ ခြေထောက်မကောင်းယင် သွားမဖြစ်ဘူး။ ခြေထောက်သာကောင်းပြီး မျက်စိမမြင်ယင်လဲပဲ လိုအပ်တဲ့ခရီး သွားမရဘူး။ခြေထောက်လဲမရှိ မျက်စိလဲမရှိဘူးဆိုယင် ဘယ်မှ သွားမရဘူး။ နှစ်ပါးစုံမှ လိုအပ်တဲ့ခရီး သွား ရ,တယ်။ ဒါကြောင့် သင်တွေ့ရတဲ့ဘုရားဟာ ဝိဇ္ဇာတည်းဟူသောမျက်လုံး စရဏ တည်းဟူသော ခြေနဲ့ ပြည့်စုံတဲ့ဘုရား ဟုတ်ကဲ့လား။ အလိုရှိတဲ့ နိဗ္ဗာန်

ခရီး ရောက်အောင်သွားနိုင်ဖို့ ဝိဇ္ဇာ တည်းဟူသော မျက်စိ စရဏ တည်းဟူသော ခြေနှင့်ပြည့်စုံတဲ့ဘုရား ဟုတ်ကဲ့လား–ဒီလိုမေးတယ်။)

ကစ္စိ၊ အသို့နည်း။ အဿ၊ ထို မင်းတွေ့ခဲ့ရတဲ့ ဘုရား၏သန္တာန်၌။ အာသဝါ၊ အာသဝတရားတို့သည်။ ခီဏာ၊ ကုန်ပြီးကုန်ပြီလော။ (ဘုရားဆိုတာ အာသဝတရား ကုန်ရတယ်။ မင်းတွေ့ရတဲ့ဘုရားသည် အာသဝခပ်သိမ်း ကုန်ပြီးတဲ့ဘုရား ဟုတ်ကဲ့လား၊ ဒီလိုမေးတယ်။) ကစ္စိ၊ အသို့နည်း။ အဿ၊ ထိုမင်းတွေ့ခဲ့ရတဲ့ဘုရား၏အဖို့ရာ။ ပုနဗ္ဘဝေါ၊ တဖန်ဘဝသစ်ဝယ် ဖြစ်ခြင်းဆိုတဲ့ ပဋိသန္ဓေနေခြင်းသည်။ နတ္ထိ၊ မရှိတဲ့ ဘုရား ဟုတ်ပါရဲ့လား·တဲ့။

## သုံးပါးရှစ်ဖြာဉာဏ်ဝိဇ္ဇာနှင့် ပြည့်စုံတော်မူခြင်း

နောက်ဘဝ ပဋိသန္ဓေနေရဦးမယ့်ပုဂ္ဂိုလ်ဆိုယင် ဘုရားမဟုတ်သေးဘူး။ နောက်ဘဝ ပဋိသန္ဓေမရှိမယ့် မနေရမယ့်ပုဂ္ဂိုလ် ဟုတ်ကဲ့လားလို့ မေးတယ်။ ဒီတော့ သာတာဂိရနတ်မင်းက ပြန်ဖြေတယ်။

> ဝိဇ္ဇာယ စေဝ သမ္ပန္နော၊ အထော သံသုဒ္ဓစရဏော။
> သဗ္ဗဿ အာသဝါ ခီဏာ၊ နတ္ထိ တဿ ပုနဗ္ဘဝေါ။

မာရိသ၊ ဟေမဝတနတ်မင်း။ သော၊ ထို ငါဖူးတွေ့ခဲ့ရတဲ့ ဘုရားကိုယ်တော်မြတ်သည်။ ဝိဇ္ဇာယစေဝ၊ သုံးပါးရှစ်ဖြာ ဉာဏ်ဝိဇ္ဇာနှင့်လည်း။ သမ္ပန္နော၊ ပြည့်စုံတော်မူပါပေ၏။ (မင်းမေးတဲ့ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး အားလုံး ပြည့်စုံတဲ့ ဘုရားပါ·တဲ့) အထော၊ ထို့မှတပါး။ သံသုဒ္ဓစရဏော၊ စင်ကြယ်တဲ့ စရဏ တဆယ့်ငါးပါးနှင့်လည်း ပြည့်စုံတော်မူပါပေ၏။ (ဒီနှစ်ပိုင်းဖြင့် ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်ရှင် ဖြစ်ပါပေ၏ လို့ ပြောလိုတယ်။) အဿ၊ ထိုမြတ်စွာဘုရားမှာ။ သဗ္ဗေ၊ အလုံးစုံကုန်သော။ အာသဝါ၊ အာသဝတရားတို့သည်။

ခီဏာ၊ ကုန်ပြီးကုန်ပြီ။ (ဘယ်အာသဝေါတရားမှ မရှိဘူးတဲ့ ။ မဂ်လေးပါးနှင့် အပိုင်းအပိုင်း ပယ်ဖြတ်ပြီးလို့ အာသဝလေးပါးလုံး အကုန်လုံး ကုန်ပြီ။နောက်လဲ ဘယ်တော့မှ ဘုရားမှာ ဒီ အာသဝတွေ မဖြစ်တော့ဘူး။) တဿ၊ထို ဘုရား၏ အဖို့ရာ။ပုနဗ္ဘဝေါ၊ တဖန် ဘဝသစ် ဖြစ်ရခြင်းဆိုတဲ့ပဋိသန္ဓေလေးမျိုးသည်။ နတ္ထိ၊ တစိုးတစိမျှ မရှိတော့ချေ။

ဘယ် ပဋိသန္ဓေမှ မဖြစ်တော့ဘူးတဲ့၊ ငါဖူးတွေ့ခဲ့ရတဲ့ ဘုရားမှာ ပဋိသန္ဓေ ဇာတိဒုက္ခကြီး အပြီးတိုင် ငြိမ်းပြီ။ ဇာတိဒုက္ခငြိမ်းတယ် ဆိုတာ အားလုံးကုန် ဒုက္ခတွေ ငြိမ်းတဲ့ဘုရားပါလို့ ဆိုတော့ ကျေနပ်သွားတယ်။ ကျေနပ်သွားတော့ ဟေမဝတက သာတာဂိရကို မင်းကို ငါ ချီးမွမ်းပါတယ်၊ မင်းဘုရားရဲ့ ဂုဏ်တွေကို အောင်အောင်မြင်မြင် ချီးမွမ်းဖြေကြား ပြောဆိုနိုင်တာကို ငါချီးမွမ်းပါတယ်။ ငါ သဘောကျတယ်၊ ဒီအဓိပ္ပာယ်နဲ့ ဟေမဝတနတ်မင်းက ဘယ် နှယ် ပြောသလဲ——

သမ္ပန္နံ မုနိနော စိတ္တံ၊ ကမ္မုနာ ဗျပ္ပထေန စ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ဓမ္မတော နံ ပသံသသိ။

မာရိသ၊ အဆွေမှန်လျှင်း သာတာဂိရနတ်မင်း။ မုနိနော၊ မင်းတွေ့ခဲ့ရတဲ့ ဘုရား၏။ စိတ္တံ၊ စိတ်သည်။ ကမ္မုနာ စ၊ မနောကံ အားဖြင့်လည်းကောင်း။ ဗျပ္ပထေန စ၊ဝစီကံ အားဖြင့်လည်းကောင်း။ သမ္ပန္နံ၊ ဝိသုဒ္ဓိဂုဏ် အလုံးစုံနဲ့ ပြည့်စုံပါပေ၏။

မင်းတွေ့ခဲ့ရတဲ့ဘုရားဟာ ကာယဒွါရ ဝစီဒွါရ မနောဒွါရ-ဒွါရ သုံးပါးမှာပင် စင်ကြယ်ခြင်းဆိုတဲ့ ဝိသုဒ္ဓိဂုဏ်နဲ့ ပြည့်စုံပါပေ၏။

အသားတွေညီလို့ ဟိုရှေးကကျောင်းကြီးတွေ ပွတ်ထိုးထားတာမျိုးလို အဲဒီလို ဘုရားရဲ့ခြေသလုံးကနေတယ်။ အဲဒီလက္ခဏာကို ဧဏီဇင်္ဃလက္ခဏာလို့ခေါ်တယ်။

ဧဏီဇင်္ဃံ၊ ဧဏီဇင်္ဃလက္ခဏာနှင့် ပြည့်စုံတော်မူထသော။ ကိသံ၊ ဝါသနာနှင့်တကွ တထောင့်ငါးရာကိလေသာ ခပင်း ကင်းတော်မူပြီးထသော။ ဝီရံ၊ သမ္မပ္ပဓာန် လုံ့လဝီရိယရှိတော်မူထသော။ အပ္ပာဟာရံ၊ နှိုင်းနှိုင်းယှဉ်ယှဉ် စားသောက်တော်မူလေ့ရှိပေထသော။ (တိုင်းတိုင်းထွာထွာ နှိုင်းနှိုင်းယှဉ်ယှဉ် စားသောက်တော်မူတယ်။ စားနိုင်သလောက်အောက် လေးငါးလုတ်လျှော့စားတယ်။) အလောလုပ်ပံ၊ လောလုပ္ပတဏှာခပင်း ကင်းတော်မူပြီးထသော။ဝနသ္မိံ၊တောအရပ်၌။ ဈာယန္တံ၊ ဈာန်နှစ်ပါး ဝင်စားလေ့ရှိထသော။ မုနိံ ဂေါတမံ၊ ဂေါတမနွယ်ဖွား ရှင်တော်ဘုရားကို။ ဧဟိ၊ လာလှည့်။ ပဿာမ၊ အဖူးအမြော် အကန်တော့သွားရောက်ကြစို့။

သူငယ်ချင်း ဂေါတမနွယ်ဖွား ရှင်တော်ဘုရားကို အဖူးသွားကြစို့–

သီဟံဝေကစရံ နာဂံ၊ ကာမေသု အနပေက္ခိနံ။
ဥပသင်္ကမ္မ ပုစ္ဆာမ၊ မစ္စုပါသပ္ပမောစနံ။

မာရိသ၊ အဆွေမှန်လျှင်း သာတာဂိရနတ်မင်း။ သီဟံဝ၊ ခြင်္သေ့မင်းကဲ့သို့ ကြောက်ရွံ့ခြင်းကင်းတော်မူပေထသော။ ဧကစရံ၊ တဏှာအဖော်မခေါ်ပဲ တကိုယ်ထည်း လှည့်လည်လေ့ရှိထသော။ နာဂံ၊ မကောင်းမှု ပြုတော်မမူထသော။ ကာမေသု၊ ကာမတရားတို့၌။ အနပေက္ခိနံ၊ ကိလေသာကာမ ဝတ္ထုကာမနှစ်မျိုးလုံး၌ပင် ငဲ့ကွက်ခြင်း ကင်းတော်မူသော မြတ်စွာဘုရားကို။ ဥပသင်္ကမ္မ၊ ချဉ်းကပ်၍။ မစ္စုပါသပ္ပမောစနံ၊ သေမင်းရဲ့ ကျော့ကွင်းခေါ်တဲ့ ခန္ဓာငါးပါးမှ

လွတ်မြောက်ကြောင်း ကောင်းမြတ်တဲ့အကျင့် ပဋိပတ်ကို။ **ပုစ္ဆာမ၊** မေးလျှောက်ကြစို့လား သူငယ်ချင်း။

မြတ်စွာဘုရားကို သေမင်းရဲ့ကျော့ကွင်းခေါ်တဲ့ ခန္ဓာငါးပါးမှ လွတ်မြောက်ကြောင်းဖြစ်တဲ့ အကျင့်ကောင်းကို သွားမေးကြစို့။ အဲဒီလိုပြောတယ်။ အေး-သူတို့ကတော့ မေးကြစို့ ဆိုပြီးတော့ ဘုရားထံ သူတို့လမ်းအတိုင်း သူတို့သွားကြတယ်ပေါ့။ သို့သော် အဲဒီအချိန် ဖြစ်ရပ်ကို ကြည့်ရမယ်။

## တဆင့်စကားကြားရုံနှင့် သောတာပန်ဖြစ်သော ကာဠိ*

အဲဒီနတ်နှစ်ပါးပြောတဲ့စကား အစ အလယ် အဆုံး **သုံးပါးအစုံ** အကုန်လုံးကို အောက်က ကာဠိဆိုတဲ့ အမျိုးသမီးက အဲဒီနတ်နှစ်ပါး

---

*__ကာဠိ အမျိုးသမီး။__ ။**ကာဠိ** ဟူသော ပါဠိစကားသည် မြန်မာလို **အသားမဲသော အမျိုးသမီး**-ဟု အဓိပ္ပာယ်ရှိ၏။

ထိုကာဠိဥပါသိကာမသည် လွန်ခဲ့ပြီးသော ကမ္ဘာတသိန်းအခါက ပွင့်တော်မူခဲ့သည့် ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်က ဥပါသိကာမတဦးအား ထိုကဲ့သို့သော စောဒဂ်ဘွဲ့ထူး ပေးတော်မူသည်ကို တွေ့ကြုံရသဖြင့် ဤဘွဲ့ထူးမျိုးကို ရယူဖို့ရန် လွန်ကဲသော ကုသိုလ်ကောင်းမှုများ ပြုလျက် တောင့်တခဲ့ပြီးသူ ဖြစ်သည်။

ကမ္ဘာတသိန်းပတ်လုံး လူ့ပြည်နတ်ပြည်တို့၌ ကျင်လည်ခဲ့ပြီးနောက် ကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားလက်ထက်တော်၌ ရာဇဂြိုဟ်ပြည်သူဌေး အိမ်၌ ဖြစ်ခဲ့သည်။ (အံ၊ ၄၊ ၁။ ၃၅၁) ရာဇဂြိုဟ်မြို့သူ ဖြစ်သော်လည်း အရွယ်ရောက်၍ ကုရရဃရမြို့ (ကုလ ဃရမြို့)၌ အိမ်ထောင်ကျသဖြင့် ကုရရဃရမြို့သူ **ကာဠိ**ဟုလည်းခေါ်ကြပြန်သည်။ (အံ၊ ၁။ ၂၇) သောတာပန်တည်သူ အမျိုးသမီးများအနက် အစ အဦး ပထမဆုံး သောတာပန်တည်သူဖြစ်သည်။ (အံ၊ ၄၊ ၁။ ၁၈၈)

မဟာသတိပဋ္ဌာနသုတ်ကို ကျက်ဖူး ရဖူးကြသားပဲ။

"ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂ-မာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

ကတမေ စတ္တာရော။ ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿန္တိ။ ။ဥဒ္ဒေသဝါရ ကထာ နိဋ္ဌိတာ"—

လို့ မဟာသတိပဋ္ဌာန်ကျက်တဲ့ ဂိုဏ်းတိုင်း ဟောဒီစာပိုဒ်ရတယ်။အေး အဲဒီစာပိုဒ်ကို ဥဒ္ဒေသ သတိပဋ္ဌာန်အကျဉ်းလို့ ခေါ်တယ်။ အဲဒီက နောက်ကျတော့ နိဒ္ဒေသ။ အဲဒီလို ဘုရားက တရားဟောယင် ဥဒ္ဒေသနဲ့ နိဒ္ဒေသနဲ့=အကျဉ်းနဲ့အကျယ်နဲ့ ဟောတဲ့ဂုဏ်ကို နှစ်ခုခွဲပြီးတော့—

အက္ခာတာရံ၊ ဥဒ္ဒေသထား အကျဉ်းအားဖြင့်လည်း တရားကို ဟောကြားတော် မူတတ်ပါပေထသော။ ပဝတ္တာရံ၊ နိဒ္ဒေသပွား အကျယ်အားဖြင့်လည်း တရားကို ဟောကြားတော်မူတတ်ပါပေ ထသော။ သဗ္ဗဓမ္မာနံ၊ ခပ်သိမ်းသောတရားတို့၏ အရာ၌။ ပါရဂုံ၊ ပါရဂူမြောက် အထွတ်အထိပ်သို့ ရောက်တော်မူပြီးထသော။

**ပါရဂူခြောက်မျိုး**

ပါရဂူခြောက်မျိုး ရှိတယ်။

(၁) အဘိညာ ပါရဂူ၊
(၂) ပရိညာ ပါရဂူ၊
(၃) ပဟာန ပါရဂူ။
(၄) သစ္ဆိကိရိယာ ပါရဂူ။
(၅) ဘာဝနာ ပါရဂူ၊
(၆) သမာပတ္တိ ပါရဂူ-*တဲ့

(၁) အဘိညေယျတရားဆိုတာ အာရုံပြုသင့် ပြုထိုက်တဲ့ ပရမတ်တရား ပညတ်တရား ဉေယျ၆ တရားငါးမျိုး၊ အဲဒီတရားတွေကို အဘိညေယျတရားလို့ ခေါ်တယ်။ အဲဒီအဘိညေယျတရားကို ပိုင်းပိုင်းခြားခြား ထူးထူးချွန်ချွန် သိတဲ့နေရာမှာ အထွတ်အထိပ် ရောက်တော်မူလို့ မြတ်စွာဘုရားသည် အဘိညာပါရဂူလည်း မည်တော်မူတယ်။

(၂) ပရိညေယျတရားတဲ့။ ဝိပဿနာရှုတဲ့အခါ ဉာတပရိညာ တီရဏပရိညာဆိုတဲ့ ပရိညာတို့ဖြင့် ပိုင်းပိုင်းခြားခြား သိအပ်၍ ပဟာနပရိညာဖြင့် ပယ်အပ်တဲ့ တရားတွေ ဘာတွေလဲ၊ တေဘူမိကသင်္ခါရတရားတွေ၊ အဲဒီ တေဘူမိကသင်္ခါရတရားတွေကို ဆိုင်ရာဖြစ်တဲ့ ဉာတပရိညာ တီရဏပရိညာ ပဟာနပရိညာ ပရိညာသုံးပါးနဲ့ ပိုင်းခြားသိမြင်တဲ့နေရာမှာ အထွတ်အထိပ်မြောက် ရောက်လို့ ဘုရားကိုယ်တော်မြတ်သည် ပရိညာ ပါရဂူ။ ဒီလို အမည်ရတယ်။

(၃) ပဟာနပါရဂူ။ ပယ်အပ်တဲ့တရား= ပဟာတဗ္ဗတရား။ တထောင်ငါးရာကိလေသာကို ခေါ်တယ်။ အဲဒီ တထောင်ငါးရာ

*သုတ္တနိပါတ်အဋ္ဌကထာ၊ ပထမအုပ်၊ ၂၀၆။

ကိလေသာကို ပယ်တဲ့နေရာမှာ သူမတူတန် ဝါသနာနှင့်တကွ ပယ်လို့ အထွတ်အထိပ်မြောက် ရောက်တော်မူတဲ့အတွက် ဘုရားသည် ပဟာန ပါရဂူ။

(၄) သစ္စိကာတဗ္ဗတရားတဲ့၊ ' နိဗ္ဗာန်ကိုခေါ်တယ်။ နိဗ္ဗာန်ကို အာရုံပြုတဲ့နေရာမှာ သူမတူတန် အထွတ်အထိပ်မြောက် ရောက်တော်မူလို့ မြတ်စွာဘုရားသည် သစ္စိကိရိယာပါရဂူ။

(၅) ဘာဝေတဗ္ဗတရား၊ အရိယမဂ် မဂ္ဂသစ္စာကို ဘာဝေတဗ္ဗ တရားလို့ခေါ်တယ်။ အဲဒီ ဘာဝေတဗ္ဗတရားမျိုးဖြစ်တဲ့ မဂ္ဂသစ္စာကို ပွားတဲ့နေရာမှာ သူမတူတန် အထွတ်အထိပ်မြောက်ရောက်လို့ ဘုရား ကိုယ်တော်မြတ်သည် ဘာဝနာ ပါရဂူ။

(၆) ဝင်စားအပ်တဲ့ သမာပဇ္ဇိတဗ္ဗတရားတွေ၊ လောကီစျာန် သမာပတ်တွေရှိတယ်။ နိရောဓသမာပတ်ရှိတယ်။ မြတ်စွာဘုရား ကျတော့ အရဟတ္တဖိုလ် သမာပတ်ရှိတယ်။ အဲဒီလို ဝင်စားရမယ့် သမာပတ်တရားတို့ကို ဝင်စားတဲ့နေရာမှာ သူမတူတန် အထွတ်အထိပ် မြောက် ရောက်လို့ ဘုရားကိုယ်တော်မြတ်သည် သမာပတ္တိပါရဂူ။

အဲဒီ ပါရဂူခြောက်ပါး။ ဂုဏ်ခြောက်ဆင့်ကို ရည်စူးပြီးတော့—

သဗ္ဗဓမ္မာနံ၊ ခပ်သိမ်းသော အဘိညေယျ ပရိညေယျ ပဟာတဗ္ဗ ဘာဝေတဗ္ဗ သစ္ဆိကာတဗ္ဗ သမာပဇ္ဇိတဗ္ဗတရားတို့၏ အရာ၌။ ပါရဂုံ၊ ပါရဂူမြောက် အထွတ်အထိပ်သို့ ရောက်တော်မူပြီးထသော။ (ပါရဂူ ခြောက်ပါး အထွတ်အထိပ်သို့ရောက်တယ်လို့ဆိုပါတယ်)ဝေရဘယာတိ-တံ၊ ရန်မျိုး ဘေးမျိုး ကိလေသာဆိုးကို ဖြတ်ချိုးလွန်မြောက်တော် မူပြီးထသော။ ဂေါတမံ၊ ဂေါတမနွယ်ဖွား ဖြစ်တော်မူသော။ ဗုဒ္ဓံ၊

မြတ်စွာဘုရားကို။ မယံ၊ အကျွန်ုပ်တို့သည်။ ပုစ္ဆာမ၊ သိလိုနေးဖြင့် ပြဿနာ စစ်ဆေး မေးလျှောက်ကြပါရစေဘုရား။

## ပြဿနာလေးချက် မေးလျှောက်ခြင်း

တပည့်တော်တို့ ပြဿနာ မေးလျှောက်ကြ ပါရစေဘုရားလို့ လျှောက်တော့ ဘုရားက ဆိတ်ဆိတ်နေသဖြင့် အေး အလိုရှိယင် မေးပေါ့။ ဒီအမူအရာဖြင့် ဆိတ်ဆိတ်နေတယ်။ ဆိတ်ဆိတ် နေသဖြင့် ခွင့်ပြုချက်ရလို့ မေးပြီ။ ဒီကျမှ တရားသားရောက်တယ်။

ကိသ္မိံလောကော သမုပ္ပန္နော၊ ကိသ္မိံ ကုဗ္ဗတိ သန္ထဝံ။
ကိဿ လောကော ဥပါဒါယ၊ ကိသ္မိံ လောကော ဝိဟညတိ။

(၁) ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းပတော်မူသော မြတ်စွာ ဘုရား။ ကိသ္မိံ၊ အဘယ်တရား ထင်ရှားဖြစ်လတ်သော်။ လောကော၊ လူ, နတ်, ဗြဟ္မာ သတ္တဝါလောကသည်။ သမုပ္ပန္နော၊ ဖြစ်ပေါ်ပါ သနည်းဘုရား။

ဘယ်တရား ထင်ရှားဖြစ်ယင် လူရယ် နတ်ရယ် ဗြဟ္မာရယ်ဆိုတဲ့ သတ္တဝါ ထင်ရှားဖြစ်ပါသလဲဘုရား။

(၂) လောကော၊ လူနတ်ဗြဟ္မာ သတ္တဝါလောကသည်။ ကိသ္မိံ၊ အဘယ်တရား၌။ သန္ထဝံ၊ တဏှာ မာနဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့ခြင်းအမှုကို။ ကုဗ္ဗတိ၊ ပြုပါသနည်းဘုရား။

မြတ်စွာဘုရား လူတွေ နတ်တွေ ဗြဟ္မာတွေ ဘယ်တရားမှာ သွားပြီးတော့ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့နေသတုံးဘုရား၊ ဒီလို မေးတာ။

(၃) ကိဿ၊ အဘယ်တရားကို။ ဥပါဒါယ၊ အစွဲပြု၍။ လောကော တိ သချံ။ လူ နတ် ဗြဟ္မာသတ္တဝါလို့ ခေါ်ဆို ပညတ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်ပါသနည်းဘုရား။

ဘယ်တရားကိုစွဲပြီးတော့ လူပဲ နတ်ပဲ ဗြဟ္မာပဲလို့ ခေါ်ဆိုပညတ်မှု ပေါ်ရသလဲတဲ့၊ ဒီလိုမေးတယ်။

(၄) ကိသ္မိံ၊ အဘယ်တရား ထင်ရှားရှိလတ်သော်။ ဝါ-အဘယ် တရားကြောင့်။ လောကော၊ လူနတ်ဗြဟ္မာ သတ္တဝါလောကသည်။ ဝိဟညတိ၊ ပင်ပန်း နှမ်းနယ်၍ နေရပါသနည်း။

ပြဿနာ လေးချက်မေးတယ်။ ဖြေကြစို့ —

ဆသု လောကော သမုပ္ပန္နော၊ ဆသု ကုဗ္ဗတိ သန္ထဝံ။
ဆန္နမေဝ ဥပါဒါယ၊ ဆသု လောကော ဝိဟညတိ။

## အာယတနဖြစ်ပေါ်၍ သတ္တဝါဖြစ်

(၁) ဒေဝတေ၊ ဟေမဝတ မည်လျှင်း ဒါယကာနတ်မင်း။ ဆသု၊ အတွင်း အပ ခြောက်ပါး ခြောက်ပါးသော အာယတနတို့ ထင်ရှား ရှိကြ ဖြစ်ကြသော်။ လောကော၊ လူ နတ် ဗြဟ္မာ သတ္တဝါဆိုတဲ့ လောကသည်။ သမုပ္ပန္နော၊ အထင်အရှား ဖြစ်ပွား၍ လာတော့၏။

လူနတ်ဗြဟ္မာ သတ္တဝါဖြစ်လို့ အာယတနတရားဖြစ်တာ မဟုတ်ဘူး။ အမှန်က အာယတနတရားတွေ ထင်ရှားဖြစ်လို့ လူရယ် နတ်ရယ် ဗြဟ္မာရယ်လို့ဖြစ်လာတာ။ လူဆိုလို့ နတ်ဆိုလို့ ဗြဟ္မာဆိုလို့ ပရမတ္ထ မျက်စိနဲ့ကြည့်ယင် မျက်စိ နား နှာလျှာ ကိုယ်စိတ်=အတွင်းအာယတန ခြောက်ပါး။ အဆင်း အသံ အနံ့ အရသာ အတွေ့ အထိ ဓမ္မသဘော= အပြင်အာယတနခြောက်ပါး၊ ဒါပဲ ပရမတ်တရားသား ရှာတွေ့တယ်။

အဲဒီ အတွင်းအပ ခြောက်ပါး ခြောက်ပါးသော အာယတနတရားတို့ ထင်ရှားဖြစ်ယင် လူပဲ နတ်ပဲ ဗြဟ္မာပဲ ဆိုတဲ့ သတ္တလောကကြီး ထင်ရှားဖြစ်လာတော့တာပဲတဲ့။ ဒါ ရှေးအဖြေပြီးရော။

**တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့မှု**

(၂) ဒေဝတော၊ ဒါယကာနတ်သား။ လောကော၊ လူနတ် ဗြဟ္မာ သတ္တဝါလောကသည်။ ဆသု၊ အတွင်း အပ ခြောက်ပါး ခြောက်ပါး သော အာယတနတို့၌။ သန္ထဝံ၊ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့ခြင်း အမှုကို။ ကုဗ္ဗတိ၊ ပြုပါတော့၏။

မျက်စိကို တဏှာနဲ့ မာနနဲ့ ဒိဋ္ဌိနဲ့ မိတ်ဖွဲ့စမ်းပါ။မျက်စိဖွဲ့ပြီးယင် ကျန်တာတွေ အကုန်ဖွဲ့တတ်ပြီ၊ မျက်စိကို တဏှာနဲ့မာနနဲ့ ဒိဋ္ဌိနဲ့ ဘယ့် နှယ်လုပ်ဖွဲ့မလဲ၊ ငါ့မျက်စိကြည်လိုက်ဟာလို့ မှန်ထဲကြည့်ပြောလိုက် တယ်။ မျက်စိ၌ သွားပြီးတော့ တဏှာနဲ့ မိတ်ဖွဲ့တယ်။ မာနနဲ့ မိတ်ဖွဲ့ တယ်၊ ဘယ်လိုလဲ၊ ငါက ငါကနဲ့ အရပ်ထဲပြောနေတော့ ငါဆိုတာ ဘယ်ဟာလဲကွဆိုတော့ ငါဆိုတာ ဒါပေါ့ကွလို့ တချို့ကမျက်လုံးကို လက်ညှိုးထိုးပြတယ်။အဲဒီလူဟာမျက်စိခေါ်တဲ့ ဒီအာယတန ဒီအကြည် ကိုပင် မာနနဲ့ သွားပြီးတော့ မိတ်ဖွဲ့တယ်။

အေး တချို့ကမေးတယ်။ အတ္တရယ် ဝိညာဏ်ရယ် လိပ်ပြာရယ်လို့ ပြောတယ်။ ဘယ်မှာလဲဆိုယင် မျက်စိကိုပဲ လက်ညှိုးထိုးပြတယ်။ မျက်စိကို အတ္တပဲ လိပ်ပြာပဲ ဝိညာဏ်ပဲလို့သွားပြီး စွဲလို့ရှိယင် မျက်စိ ၌ ဒိဋ္ဌိဖြင့် မိတ်သွားဖွဲ့တာတဲ့။

ထိုအတူ နား၌ နှာခေါင်း၌ လျှာ၌ ကိုယ်၌ စိတ်၌ အဆင်း အသံ အနံ့ အရသာ အတွေ့အထိ ဓမ္မသဘော ဒီခြောက်ပါးသော အပြင် အာယတနတို့၌လဲပဲ တဏှာ မာန ဒိဋ္ဌိဖြင့် သွားမိတ်ဖွဲ့တတ်တယ်။

အဆင်းတခုဆိုပါစို့ သွားပြီး တပ်မက်တယ်၊ တဏှာဖြင့် မိတ်ဖွဲ့တယ်၊ အဆင်းကိုပဲ ငါလို့မှတ်ထင်ယင် မာနဖြင့်မိတ်ဖွဲ့တာ၊ အဆင်းကိုပဲ ငါ အတ္တ လိပ်ပြာ ဇီဝ ပုဂ္ဂိုလ် သတ္တဝါဆိုယင် ဒိဋ္ဌိနဲ့သွားမိတ်ဖွဲ့တယ်။ ဒါကြောင့် မြတ်စွာဘုရားက––

ဒေဝတေ၊ ဟေမဝတမည်လျှင်း ဒါယကာနတ်မင်း။ လောကော၊ လူနတ်ပြဟ္မာသတ္တဝါလောကသည်။ ဆသု၊ အတွင်းအပ ခြောက်ပါး ခြောက်ပါးသော အာယတနတို့၌။ သန္တဝံ၊ တဏှာမာန ဒိဋ္ဌိတို့ဖြင့် မိတ်ဖွဲ့ခြင်းအမှုကို။ ကုဗ္ဗတိ၊ ပြု၍နေ၏။

(၃) ဆန္နမေဝ၊ ခြောက်ပါးခြောက်ပါးသော အဇ္ဈတ္တိက ဗာဟိရ အာယတနတို့ကိုပင်။ ဥပါဒါယ၊အစွဲပြု၍။ လောကောတိသဒ္ဒါ၊လူနတ် ပြဟ္မာ သတ္တဝါလောကဆိုတဲ့ ပညတ်သည်။ ဇာတာ၊ ဖြစ်ပါတော့၏။

(၄) ဒေဝတေ၊ ဒါယကာနတ်သား။ ဆသု၊ အတွင်းအပခြောက်ပါး ခြောက်ပါးသော အာယတနတို့၌။ ဝါ အာယတနတို့ကြောင့်။ လောကော၊ လူနတ်ပြဟ္မာသတ္တဝါလောကသည်။ ဝိဟညတိ၊ ပင်ပန်း နွမ်းနယ်၍နေရ၏။

**လောင်စာမရှိ မီးမလောင်**

ဥပမာတခုပြောကြစို့ – ဟောဒီကောင်းကင်ကြီးကို မီးရှို့ကြည့်၊ မီးလောင်ရဲ့လား၊ မလောင်ဘူး။ ဘာဖြစ်လို့လဲ၊ ကောင်းကင်ကြီးမှာ မီးလောင်စာမရှိလို့ မီးမလောင်ဘူး။ ထို့အတူ အာယတန တဆယ့်နှစ်ပါး ဆိုတဲ့ တရားစု ပရိနိဗ္ဗာနစုတိရောက်လို့ ငြိမ်းသွားယင် ရာဂမီး ဒေါသမီး မောဟမီးစတဲ့ တဆယ့်တသီး ဘယ်မီးမှ မလောင်ဘူး။ အမှိုက်တွေ လောင်စာတွေ ရှိနေယင် ရှိတိုင်းလောင်တယ်။ အဲဒီအတိုင်းပဲ အတွင်း အပ အာယတနတဆယ့်နှစ်ပါး ရှိနေယင် အဲဒီ တဆယ့်နှစ်ပါးကိုက

မီးလောင်စာကြီးတွေ။ စောစောက ဟောခဲ့တဲ့ အာဒိတ္တသုတ်အရ အဲဒီမီးလောင်စာကြီးတွေမှာ တပါးတပါးလျှင် တဆယ့်တမီး တဆယ့်တမီး တဟုန်းဟုန်း လောင်နေတယ်။ အဲဒီလို လောင်နေတာကို မြင်လို့တောင် ပင်ပန်းတယ် နွမ်းနယ်တယ် ဆင်းရဲတယ်မသိယင်တော့ ဒါထက်မသိတာ မရှိဘူး။

ဆသု၊ အတွင်းအပ ခြောက်ပါး ခြောက်ပါးသော အာယတနတို့၌။ ဝါ၊ အာယတနတို့ကြောင့်။ လောကော၊ လူနတ်ဗြဟ္မာ သတ္တဝါ လောကသည်။ ဝိဟညတိ၊ ပင်ပန်းနွမ်းနယ်၍နေရ၏။

ဒီအာယတန တဆယ့်နှစ်ပါး မီးစာတရားတွေကြောင့် မီးအလောင်ခံရပြီး ဒီလူတွေ နတ်တွေ ဗြဟ္မာတွေ ငိုကြရတယ်။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသမီးတွေ တောက်လောင်နေကြတယ်။ ဒါ ဒီအဖြေပြီးရော။နောက်တခု ပြဿနာ သူမေးချင်တာ ကျန်သေးတယ်။ လျှောက်ပြန်ပြီ—

ကတမံ တံ ဥပါဒါနံ၊ ယတ္ထ လောကော ဝိဟညတိ။
နိယျာနံ ပုစ္ဆိတော ဗြူဟိ၊ ကထံ ဒုက္ခာ ပမုစ္စတိ။

ဘဂဝါ၊ ဘုန်းတော်နေဝန်း ထွန်းပတော်မူသော မြတ်စွာဘုရား။ ယတ္ထ၊ အကြင်ခြောက်ပါး ခြောက်ပါးဆိုတဲ့ တရားအစု၌။ ဝါ၊ တရားအစုကြောင့်။ လောကော၊ လူနတ်ဗြဟ္မာ သတ္တဝါ လောကသည်။ ဝိဟညတိ၊ တဆယ့်တသီး မီးတရှိန်ရှိန် တထိန်ထိန် လောင်ကျွမ်း၍ ပင်ပန်းနွမ်းနယ်ရ၏။

အကြင်ခြောက်ပါး ခြောက်ပါးသောတရားရှိလတ်သော်၊ ပါ-ထို တရားတို့ကြောင့် တဆယ့်တသီး မီးတရှိန်ရှိန် တထိန်ထိန် လောင်ကျွမ်း၍ သတ္တလောကခေါ်တဲ့ လူနတ်ဗြဟ္မာ သတ္တဝါတွေ ပင်ပန်းနေရ၏။

တံ ဥပါဒါနံ၊ ထိုစွဲယူရာ ခြောက်ပါး ခြောက်ပါးဆိုတဲ့ တရားသည်။ ကတမံ၊ အဘယ်ပါနည်းဘုရား။ နိယျာနံ၊ သံသရာဝဋ်မှ လွတ်မြောက်ကြောင်းဖြစ်တဲ့ အကျင့်ကောင်းကို။ ပုဋ္ဌော၊ သိလိုရေး မေးအပ်ပါသော။ တံ့၊ အရှင်ဘုရားသည်။ ဗြူဟိ၊ ကရုဏာရှေ့ထား ဟောကြားပါဘုရား။ ကထံ၊ အဘယ်သို့လျှင်။ ဝါ၊ ဘယ်ပုံဘယ်ပန်း ကျင့်သဖြင့်။ ဒုက္ခာ၊ သံသရာဝဋ်ဒုက္ခမှ။ ပမုစ္စတိ၊ လွတ်မြောက်ရပါသနည်းဘုရား။

**သံသရာဝဋ်ဒုက္ခမှလွတ်မြောက်ကြောင်းတရား**

ဒါကတော့ နိယျာနိက ပုစ္ဆာပါပဲ။ သံသရာဝဋ်မှ ကျွတ်လွတ်ကြောင်းအကျင့်ဟာ ဘယ်လိုလဲဘုရားလို့ မေးလိုက်ယင် အဓိပ္ပာယ်က ဒီအတိုင်းသက်ပြီးတော့သွားလို့ "ကထံ ဒုက္ခာ ပမုစ္စတိ" မေးလိုက်ပြီ။ ဒီတော့ မြတ်စွာဘုရားက–

> ပဉ္စ ကာမဂုဏာ လောကေ၊ မနောဆဋ္ဌာ ပဝေဒိတာ။
> ဧတ္ထ ဆန္ဒံ ဝိရာဇေတွာ၊ ဧဝံ ဒုက္ခာ ပမုစ္စတိ။

ဒေဝတေ၊ ဟေမဝတမည်လျှင်း ဒါယကာနတ်မင်း။ လောကေ၊ လောက၌။ ပဉ္စကာမဂုဏာ၊ အဆင်းရယ် အသံရယ် အနံ့ရယ် အရသာရယ် အတွေ့အထိရယ် ဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတို့ကိုလည်းကောင်း။

အာရုံငါးပါးလို့ ဆိုလိုက်ကတည်းကိုက ဒီ ဟေမဝတနတ်ဘီလူးက နားလည်ပြီးသား။ ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ=ရူပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန ဒါပြောတာပဲလို့ သိတယ်။ ဖောဋ္ဌဗ္ဗာယတနဆိုကတည်းကိုက ဓမ္မာယတနကိုလဲ အာရုံ၏ အဖြစ်ခြင်းတူလို့ ထည့်လိုက်'ပဉ္စကာမဂုဏာ လောကေ'ဟူသောပါဠိဖြင့် ဗာဟိရာယတနခြောက်ပါး။ အဆင်း အသံ အနံ့ အရသာ အတွေ့

အထိ ဓမ္မသဘော ခြောက်ပါးသော ဗာဟိရာယတနတွေကို ဘုရား ဟောနေတာပါလားလို့ သူ သိသွားပြီ။

မနောဆဋ္ဌာ၊ စိတ်လျှင် ခြောက်ခုမြောက်ရှိတဲ့ တရားတို့ကို။ ပဝေဒိတာ၊ ငါဘုရား ဟောကြားအပ်ကုန်ပြီ။

စိတ်လျှင် ခြောက်ခုမြောက်ရှိတဲ့ တရားဆိုတော့ မျက်စိ နား နှာ လျှာ ကိုယ် စိတ်။ ပါဠိလိုဆိုယင် စက္ခု သောတ ဃာန ဇိဝှါ ကာယ မန။ အဲဒါလောက် ပြောလိုက်ယင် ဟိုတုန်းက နားလည်တယ်။ ဒါဟာ အတွင်းအာယတနခြောက်ပါး၊ ခြောက်ပါး ခြောက်ပါးဆိုတာ အတွင်း အာယတနခြောက်ပါး အပြင်အာယတနခြောက်ပါးကို ဆိုလိုတယ်လို့ သိတယ်။

'နိယျာနံ ပုစ္ဆိတော ဗြူဟိ'လို့ မေးတုန်းက သံသရာဝဋ်က ကျွတ်လွတ်ကြောင်း ဖြစ်တဲ့အကျင့်ကို ဖြေတော်မူပါဘုရားလို့ မေးတဲ့ အမေးကို ဘုရားကလဲ တခွန်းတည်းဖြေတယ်။

ဧတ္ထ ဆန္ဒံ ဝိရာဇေတွာ။ ဧတ္ထ၊ ဤအာယတန ခြောက်ပါး ခြောက်ပါးတို့၌။ ဆန္ဒံ၊ လိုချင်တပ်မက်တဲ့ တဏှာဆန္ဒကို။ ဝိရာ-ဇေတွာ ဝိရာဇေဟိ၊ ကင်းအောင်ကြိုးကုတ် အားထုတ် ကျင့်ကြံလော။

## တဏှာဆန္ဒကင်းအောင်ရှုနည်း

ချစ်သားတို့ အဲဒီ အာယတန ခြောက်ပါး၌ တွယ်တာတပ်မက်တဲ့ တဏှာဇလာဘကို ကင်းအောင်ပြုလိုက်။ ဒီ စကားဖြင့် အရှုခံတရား အနေနဲ့ချစ်သားတို့အဖို့ မျက်စိ နား နှာ လျှာ ကိုယ်စိတ်ဆိုတဲ့ အတွင်းအာယတန၊ အဆင်း အသံ အနံ့ အရသာအတွေ့အထိ

ဓမ္မသဘောဆိုတဲ့ အပြင်အာယတန၊ အဲဒီ အတွင်းခြောက်ပါး အပြင်ခြောက်ပါး တရားတွေဟာ အရှုခံတရားဖြစ်တယ်။ ဒီအရှုခံ တရားတို့၌ တဏှာကင်းအောင် ချစ်သားတို့ကျင့်ပါတဲ့။ ဘယ်လို ကျင့်မလဲ၊ ဒီ မျက်စိ နား နှာစတဲ့ ခြောက်ပါးခြောက်ပါးသော အာယတနတွေပေါ်မှာ နိစ္စ သုခ အတ္တဟဲ့ ဆိုယင် ဘယ့်နှယ် လုပ်ပြီးတော့ တဏှာလောဘကင်းမလဲ။ ဆန္ဒရာဂ ဘယ်လိုနည်းနဲ့မှ မကင်းဘူး။ နိစ္စလို့ရှုယင် သုခလို့ရှုယင် အတ္တလို့ရှုယင် ဆန္ဒရာဂခေါ်တဲ့ တဏှာလောဘ မကင်းဘူး။ ဒီတော့ ဒီ အတွင်းအပြင် အာယတန ခြောက်ပါး ခြောက်ပါးတို့ကို အနိစ္စ ဒုက္ခ အနတ္တလို့ရှုမှ ဆန္ဒ ရာဂခေါ်တဲ့ တဏှာလောဘ ကင်းမယ်။ ဒီတော့ ဒီ အဆင်းအသံ အာယတန တို့၌ ဆန္ဒ ရာဂ တဏှာ လောဘကင်းအောင် ရှုပါလေဆိုတဲ့ အလွန် လေးနက်တဲ့ ဘုရား၏ စကားတော်အရ အရပ်ထဲက ပုဂ္ဂိုလ်တွေ နားလည်အောင် အဓိပ္ပာယ်ပြောယင် ဒီအဆင်းအသံစတဲ့ အာယတန ခြောက်ပါးတို့၌ ဆန္ဒ ရာဂ ခေါ်တဲ့ တဏှာလောဘ ကင်းအောင် ကွာအောင် အနိစ္စလို့ ဒုက္ခလို့ အနတ္တလို့ ရှုပါတဲ့။

ဝေ၊ ဤသို့ ရှုသည်ရှိသော်။ ဒုက္ခာ၊ သံသရာဝဋ်ဒုက္ခမှ။ ပမုစ္စတိ၊ လွတ်မြောက်နိုင်၏။

အေး အာယတနကမ္မဋ္ဌာန်း စီးဖြန်းမှ ချစ်သားတို့ သံသရာ ဝဋ်ဒုက္ခ မှ လွတ်မြောက်မယ်။ အဲဒီလို ဖြေလိုက်တယ်။ အဲဒီလို ဖြေပြီးတဲ့နောက် ဘုရားလက်ထက်တုန်းကတော့ သူတို့က ပါဠိကိုနားလည်တယ်။ ဘုရား က ဆန္ဒရာဂ ဝိရာဂဖြစ်အောင်—

စက္ခုံ အနိစ္စံ ဒုက္ခံ အနတ္တာ နေတံ မမ၊ နေသောဟမသ္မိ န မေ သော အတ္တာ။ သောတံ အနိစ္စံ ဒုက္ခံ အနတ္တာ....ဃာနံ အနိစ္စံ ဒုက္ခံ အနတ္တာ....ဇိဝှာ အနိစ္စာ ဒုက္ခာ အနတ္တာ....

ကာယော အနိစ္စော ဒုက္ခော အနတ္တာ။ မနော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ –

လို့ ရှုပါ။ ဒါက အတွင်းအာယတန ခြောက်ပါးဖြစ်တယ်။ အပြင် အာယတန ခြောက်ပါးကျတော့–

ရူပါ အနိစ္စာ ဒုက္ခာ အနတ္တာ၊ သဒ္ဒါ-ဂန္ဓာ-ရသာ-ဖောဋ္ဌဗ္ဗာ ဓမ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ။ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ–

လို့ ရှုပါ။ ဟိုတုန်းကတော့ ပကိဏ္ဏကဒေသနာအနေနဲ့ ဘုရားက အဲဒီလို ပါဠိလို ရှုပုံကို ဟောပြီးသား။ ပကိဏ္ဏကဒေသနာဆိုတာ အဓိပ္ပာယ် ပြန်ပြောသလို ဒေသနာ ရှိရတယ်။ သူတို့ကလဲ နားလည်တယ်။အဲဒီလို ရှု ဆိုတဲ့အတိုင်း ရှုတယ်။

ဒီကနေ့ကျတော့ ဘုန်းကြီးတို့ ပါဠိတော်က မြင့်တယ်။ ပါဠိတော်ရဲ့ အဓိပ္ပာယ် ပြန်ပြောတော့ နားလည်အောင် မပြောတတ်။ ဒီတော့ ကနေ့ သူတော်ကောင်းတွေကို ဘုန်းကြီးတို့ အခုပြောသလို ရှုကြလို့ ဆိုတော့ သာတာဂိရတို့ ဟေမဝတတို့လို ဘယ်အသိဉာဏ် နက်မလဲ။ ဘာဖြစ်လို့လဲ၊ ကိုယ်ကမှ ပါဠိစကား နားလည်တာမှ မဟုတ်ပဲ။ ပါဠိ စကားပြောနေကျ မဟုတ်ဘူး။ ဒီတော့ မြန်မာလိုပြောပြီး မြန်မာလို ရှုပေါ့။ မြန်မာလို ရှုလို့ရှိယင် စိတ်ကလေး ပျော်ပျော်နဲ့ရှုရမယ်။အဘိ· ဓမ္မာတရားသည် ပင်ကိုယ်အားဖြင့် ခြောက်သွေ့သော်လဲပဲ လင်္ကာ ကဗျာလေးနဲ့ဆိုယင် မြင်တယ်။ စိတ်ထဲက ရှင်လန်းမှု ဖြစ်ပါတယ်။ အဲဒီလင်္ကာကလဲပဲ တပုဒ်ရယင် ခေါင်းလေး ပြောင်းလဲလိုက်ရုံနဲ့ နောက်ပိုင်း အကုန်ရတယ်။

အခု အရှုခံတရားကို နားလည်ပြီ။ မျက်စိရယ် နားရယ် နှာခေါင်းရယ် လျှာရယ် ကိုယ်ရယ် စိတ်ရယ်။ ဒါ အတွင်းခြောက်ပါး။ အဆင်း အသံ အနံ့ အရသာ အတွေ့ အထိ ဓမ္မသဘော အပြင်ခြောက်ပါး။

မျက်စိ နား နှာ လျှာ ကိုယ် ဒါက ရုပ်အကြည်။

စိတ်က နာမ်အကြည်။

အဆင်း အသံ အနံ့ အရသာ အတွေ့အထိ ဒါတွေက ရုပ်တွေ။

ဓမ္မကျတော့ စေတသိက်=နာမ်နဲ့ သုခုမရုပ် ၁၆-ခုဆိုတဲ့ ရုပ်အနုတွေ။

အကြမ်းဖျင်းအားဖြင့် စောစောက နှုးထားခဲ့တဲ့အတိုင်းအကျိုးနပ်အောင် ဝိပဿနာသဘော ရှုကြည့်ရအောင်၊ သာတာဂိရတို့ ဟေမဝတတို့လဲပဲ ဘုရားဟောတုန်းက ဒီလိုပဲရှုမှာပဲလို့ အောင့်မေ့ပြီးတော့ ရှုကြရအောင်။ တရားနာပရိသတ်တွေ ကိုယ့်ဗမာဘာသာ ဗမာလက်ာနဲ့ ရှုကြည့်ရအောင်–

(အာယတနဓမ္မလင်္ကာကို ဟေမဝတ သုတ္တန်၊ နှာ-၁ဂ၁-စသည်၌ ရှုပါ)

အဲဒါ အာယတန ဆယ့်နှစ်ပါး ဓမ္မလင်္ကာနဲ့ ရှုပွားတာပဲဖြစ်တယ်။ အားထုတ်ပုံ။ အဲဒီအာယတန ဆယ့်နှစ်ပါး အရှုခံတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တလို့ ရှုယင် ဆန္ဒရာဂကင်းအောင်ပြုတာ မည်တယ်။ ကင်းအောင်ပြုဆိုတာ အနိစ္စ ဒုက္ခ အနတ္တလို့ ရှုပါလို့ပြောတာ။

ဝေံ၊ ဤသို့ ရှုသည်ရှိသော်။ ဒုက္ခာ၊ သံသရာဝဋ်ဒုက္ခမှ။ ပမုစ္စတိ၊ လွတ်မြောက်ရ၏။

## အကြိမ် တထောင်ပင် မေးသော်လည်း မူပြောင်းမဟော

အာယတနကမ္မဋ္ဌာန်းနဲ့ သင့်လျော်တဲ့ ပုဂ္ဂိုလ်တွေနဲ့ တူပါတယ်။ မြတ်စွာဘုရား ဆက်ပြီးတော့ ဟောပြန်တယ်။

တေံ လောကဿ နိယျာနံ၊ အက္ခာတံ ဝေါ ယထာတထံ။
တေံ ဝေါ အဟံမက္ခာမိ၊ ဝံ ဒုက္ခာ ပမုစ္စတိ။

ဘောန္တော၊ အိုသာတာဂိရ ဟေမဝတနတ်မင်းတို့။ဝေါ၊သင်တို့အား။ မယာ၊ လူသုံးပါးတို့၏ဆရာ ငါဘုရားသည်။ လောကဿ၊ လူနတ်ဗြဟ္မာ သတ္တဝါလောက၏။ နိယျာနံ၊ သံသရာဝဋ်မှ ကျွတ်လွတ် ထွက်မြောက်ကြောင်း ကောင်းမြတ်တဲ့ အကျင့်ပဋိပတ်ကို။ ယထာတထံ၊ မဖောက်မပြန် အမှန်အတိုင်း။ အက္ခာတံ၊ ဟောကြားအပ်ခဲ့ပြီ။

သာတာဂိရ ဟေမဝတနတ်ဘီလူးနှစ်ပါးတို့ သင်တို့အား လူနတ်ဗြဟ္မာ သတ္တဝါ လောကကြီးတခုလုံး၏ သံသရာဝဋ်မှ လွတ်မြောက်ကြောင်း ကောင်းမြတ်တဲ့အကျင့်ပဋိပတ်ကို (အကျင့် ပဋိပတ် ဆိုတာ အာယတနဆယ့်နှစ်ပါးကို အနိစ္စ ဒုက္ခ အနတ္တလို့ ဝိပဿနာရှုတဲ့ အကျင့်ပဋိပတ်ကို ဆိုလိုပါတယ်)။ အဲဒီ အကျင့်ပဋိပတ်ကို မဖောက်မပြန် အမှန်အတိုင်း ငါဘုရား ဟောကြားအပ်ခဲ့ပြီ။

တုမှေ၊ သင်တို့သည်။ သဟဿက္ခတ္တုမ္ပိ၊ အကြိမ်တထောင်ပင် သော်လည်း။ သစေ ပုစ္ဆေယျာထ၊ အကယ်၍ ထပ်၍ထပ်၍ မေးကုန် ငြားအံ့။ သင်တို့က အကယ်၍ ထပ်ပြီးတော့ 'အရှင်ဘုရား သံသရာဝဋ်က ကျွတ်လွတ်ကြောင်းဖြစ်တဲ့ အကျင့်ပဋိပတ်သည် ဘယ်တရားဘာလဲ' လို့ ထပ်ထပ်ပြီး အကြိမ်တထောင်ပင် မေးကြဦး၊ ငါဘုရား မူပြောင်းပြီတော့ ဘယ်တော့မှ မဟောဘူးတဲ့။

ဧတံ-ဧတံ ဧဝ၊ ဤသည့်အာယတနကမ္မဋ္ဌာန်းကိုသာလျှင်။ **ဝေါ**၊ သင်တို့အား။ အဟံ၊ ငါဘုရားသည်။ အက္ခာမိ၊ ဖြေကြားပေအံ့။

အကယ်၍ သင်တို့က သံသရာဝဋ်က ကျွတ်လွတ်ကြောင်းတရား ဟာ ဘယ်တရားပါသဲလို့ ထပ်မေးယင် အာယတနကမ္မဋ္ဌာန်းပဲလို့ ဖြေမှာပဲ။ အကြိမ်တထောင်မေးယင်လဲ ဒါပဲထပ်ဖြေမယ်တဲ့။

ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ယသ္မာ၊ အကြင်ကြောင့်။ **ဧဝံ**၊ ဤသို့ အာယတနကမ္မဋ္ဌာန်း စီးဖြန်းခြင်းဖြင့်။ ဒုက္ခာ၊ သံသရာဝဋ်ဒုက္ခမှ။ ပမုစ္စတိ၊ လွတ်မြောက်နိုင်၏။ **တသ္မာ**၊ ထို့ကြောင့်။ သဟဿက္ခတ္တုံ၊ **အကြိမ်**တထောင်။ ပုစ္ဆေယျာထ၊ မေးကြကုန်ဦးတော့။ **ဧတံ** ဧဝ၊ ဤ အာယာတနကမ္မဋ္ဌာန်းကိုသာလျှင်။ အဟံ၊ ငါဘုရားသည်။ အက္ခာမိ၊ ဖြေကြားပေအံ့။

ဒီနည်းနဲ့ပဲကျင့်လျှင် **သံသရာ**ဝဋ်က လွတ်မြောက်မယ်။ အဲဒါ ကြောင့် မှုမပြောင်းပဲ အကြိမ်တထောင်ထပ်မေး ဒါပဲ ငါဘုရား ဖြေမယ်တဲ့။

## နတ်ဘီလူးများ သောတာပန်တည်ကြခြင်း

အဲဒီမှာ သာတာဂိရ ဟေမဝတနတ်မင်းတို့ဖြစ်ရပ်ကို အဋ္ဌကထာ မှတ်ချက်ပြထားတယ်။

ဒေသနာပရိယောသာနေ၊ ဒေသနာနိဂုံး ဆုံးလတ်**သော**အခါ၌။ ဒွေပိ၊ နှစ်ယောက်လည်းဖြစ်ကုန်သော။ ယက္ခသေနာပတယော၊ ယက္ခ နတ်စစ်မှူးတို့သည်။ ယက္ခ**သ**ဟဿေန၊ အခြံအရံနတ်ဘီလူးတထောင် နှင့်။ သဒ္ဓိံ၊ တကွ။ **သော**တာပတ္တိဖလေ၊ **သော**တာပတ္တိဖိုလ်၌။ **ပ**တိဋ္ဌဟိံသု၊ တည်ကြလေကုန်ပြီ။

အဲဒီစကားလဲဆုံးရော သာတာဂိရ ဟေမဝတ နတ်ဘီလူးနှစ်ဦး နတ်စစ်မှူးနှစ်ဦးတို့သည် အခြံအရံ နတ်ဘီလူးတထောင်နှင့် တကွ အကုန်လုံး သောတာပန်အရိယာတွေ ဖြစ်ကုန်တယ်တဲ့။ အမှန်ကတော့ မြတ်စွာဘုရား ဟောလိုက်တဲ့တရားသည် သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ် အရဟတ္တမဂ်ဖိုလ်ဆိုတဲ့ လောကုတ္တရာမဂ်လေးပါး ဖိုလ်လေးပါးသို့ရောက်နိုင်တဲ့ ကမ္မဋ္ဌာန်းပါ။

ဒါပေမယ်လို့ လောကဥပမာ ပြောကြစို့၊ ဖခင်လုပ်တဲ့ပုဂ္ဂိုလ်က သားသမီးကို ထမင်းလုပ်ကျွေးတယ်။ ထမင်းလုပ်ကျွေးတော့ အဖေက သဒ္ဓါတရား မေတ္တာတရားကြီးကြီးနဲ့ သူစားတဲ့ ထမင်းလုပ်ကြီးလို လုပ်ပြီးတော့ ကလေးပါးစပ်ထဲ ခွံ့တယ်။ အဖရဲ့ သဒ္ဓါတရား ကတော့ ငါစားသလို စားပါစေ။ ဒါပေမဲ့ ကလေးကတော့ သူ့ခံတွင်းဆံ့ရုံပဲ သူ ထမင်းကိုမျိုစားနိုင်တယ်။ အဲဒါလိုပဲ ဘုရား ဟောတဲ့တရားကတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင်အောင် အကျိုးရနိုင်တဲ့ ပဋိပတ်ကိုဟောတာ။ ဒါပေမယ်လို့ သားသမီးနဲ့ တူသော သာတာဂိရ ဟေမဝတတို့ရဲ့ ဉာဏ်ပညာခံတွင်းက သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ် ရရုံလောက်ဆံ့တယ်။ သောတာပန် အရိယာဖြစ်ကြတယ်။ သောတာပန်အဆင့်လဲပဲ နည်းတဲ့အကျိုး မဟုတ်ဘူး။

တခါက မြတ်စွာဘုရားက လက်သည်းပေါ် မြေမှုန့်ကလေး တင်တယ်။ တန်ခိုးနဲ့တင်ရတယ်။ ရိုးရိုးတင်လို့ မရဘူး။ ဒီမြေမှုန့် ကလေး လက်သည်းပေါ် တည်ပါစေသား အဓိဋ္ဌာန်ပြီးတော့ အဲဒီလို အဓိဋ္ဌာန်မှုလဲ ဒီမြေမှုန့်ကလေးဟာ ကိုယ်တော်ရဲ့ လက်သည်းပေါ်မှာ တည်တာ။ ဒီလို အဓိဋ္ဌာန်ချက် မရှိယင် မြေမှုန့်က လက်သည်းပေါ်

မတည်ဘူး။အဲဒီလို အဓိဋ္ဌာန်ချက်နဲ့ မြေမှုန့်ကလေး လက်သည်းပေါ်မှာတင်ထားပြီးတော့–

"ချစ်သားတို့ ငါဘုရားရဲ့ လက်သည်းပေါ်က မြေမှုန့်နဲ့ ဟို ပထဝီမြေကြီးမှာရှိတဲ့ မြေမှုန့် ဘယ်ဟာက များသတုံး" မေးတော်မူတယ်။

ရဟန်းတွေက "ပထဝီ မြေကြီးက မြေမှုန့်နဲ့ စာယင် ရှင်တော်ဘုရားရဲ့ လက်သည်းမှာ ရှိတဲ့ မြေမှုန့်သည်ဂဏန်း စာရင်း မတွက်လောက်ပါဘူးဘုရား၊ မဟာပထဝီမြေကြီးက မြေမှုန့်ကသာ များပါတယ်ဘုရား" –အဲဒီလိုလျှောက်တော့မှ မြတ်စွာဘုရားက–

"ချစ်သားတို့ ဒီအတိုင်းပဲ သောတာပန် အရိယာဖြစ်သွားတဲ့ အရိယာ သူတော်စင်တယောက် ပယ်လိုက်ရတဲ့ အနာဂတ် ဘဝသံသရာတွေဟာ အောက်မဟာ ပထဝီ မြေကြီးက မြေမှုန့်တွေလောက် များတယ်။ သောတာပန် အရိယာမှာ ကျန်နေတဲ့ အနာဂတ် ဘဝသံသရာဟာ ငါဘုရားရဲ့လက်သည်းဖျားမှာ တင်ထားတဲ့ မြေမှုန့်ကလေးလောက် ကျန်တာ"[၁]တဲ့၊ မပြောပလောက်ဘူး။

ဒီတော့ ချုပ်ငြိမ်းသွားတဲ့ အနာဂတ်သံသရာက မဟာပထဝီ မြေကြီးက မြေမှုန့်လောက်များတယ်။ဒါကြောင့် သောတာပန်အဖြစ်ဟာ နည်းတဲ့ အကျိုး မဟုတ်ဘူး။

ဟေမဝတ နတ်ဘီလူး သောတာပန်ဖြစ်ပြီးတော့ ဘုရားကို ဆက်မေးပြန်တယ်။

---

၁။ နိဒါနဝဂ္ဂသံယုတ် နခသိခသုတ်။

**ကော** သူမ တရတိ ဩဃံ၊ **ကောဓ** တရတိ အဏ္ဏဝံ။
အပ္ပတိဋ္ဌေ အနာလမ္ဗေ၊ **ကော** ဂမ္ဘီရေ န သီဒတိ။

ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဣဓ၊ အံ့ဖွယ်ရှစ်ဖြာ ဤရှင်ပင့် သာသနာ၌။ ကောသု၊ အဘယ်သို့သောသူသည်။ ဩဃံ၊ ဩဃလေးခန်း ရေပြင်ကြမ်းကို။ တရတိ၊ ကူးမြောက်ဆဲ ကူးမြောက်တုန်း ဖြစ်ပါသနည်းဘုရား။ ဣဓ၊ အံ့ဖွယ်ရှစ်ဖြာ ဤရှင်ပင့်သာသနာ၌။ ကော၊ အဘယ်သူသည်။ အဏ္ဏဝံ၊ အပြောကျယ်လျက် နက်လည်းနက်စွာ သံသရာတည်းဟူသော သမုဒ္ဒရာကို။ တရတိ၊ ကူးနေတုန်းကူးနေဆဲ ဖြစ်ပါသနည်း ဘုရား။

မြတ်စွာဘုရား ရှင်တော်ဘုရားရဲ့ သာသနာမှာ ဩဃလေးခန်း အကုသိုလ် ရေပြင်ကြမ်းကြီးကို ကူးနေတုန်း ကူနေဆဲ လို့ဆိုရတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်လဲတဲ့။

အပ္ပတိဋ္ဌေ၊ ထောက်ရာ တည်ရာမရှိပဲ။ အနာလမ္ဗေ၊ မှီတွယ်ရာ မရှိသော။ ဂမ္ဘီရေ၊ အပြောကျယ်လျက် နက်လည်းနက်စွာ ဘဝသံသရာ သမုဒ္ဒရာ၌။ ကော၊ အဘယ်သူသည်။ န သီဒတိ၊ မနစ်မြုပ်ပါသနည်း။

ထောက်တည်ရာ မရ မှီတွယ်ရာ မရှိတဲ့ နက်လှစွာသော သမုဒ္ဒရာမှာ မနစ်မြုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သူလဲဘုရားလို့ မေးတယ်။ အမေး နှစ်ခုပေါ့။

ပထမအမေးက သိက္ခာသုံးပါးကိုဖြည့်ကျင့်နေဆဲဖြစ်တဲ့ ကလျာဏ ပုထုဇဉ်, သောတာပန် သကဒါဂါမ် အနာဂါမ် ဒီသေက္ခပုဂ္ဂိုလ်တွေနဲ့ ဖြေရမှာမို့လို့ ပထမ အမေးကိုသေက္ခဘူမိပုစ္ဆာလို့ ခေါ်တယ်။

နောက် ဒုတိယ အမေးကတော့ ရဟန္တာပုဂ္ဂိုလ်ကို အသေက္ခ ပုဂ္ဂိုလ်လို့ခေါ်တယ်။ အဲဒီ ရဟန္တာပုဂ္ဂိုလ်နဲ့ ဖြေရမှာမို့လို့ ဒုတိယ အမေးကို **အသေက္ခဘူမိ ပုစ္ဆာ**လို့ ခေါ်ပါတယ်။

## ဩဃလေးခန်း ရေပြင်ကြမ်းကို ကူးဆဲပုဂ္ဂိုလ်များ

မြတ်စွာဘုရားက ဖြေပြီ–

သဗ္ဗဒါ သီလသမ္ပန္နော၊ ပညဝါ သုသမာဟိတော။
အဇ္ဈတ္တစိန္တီ သတိမာ၊ ဩဃံ တရတိ ဒုတ္တရံ။

ဒေဝတေ၊ ဟေမဝတမည့်လျှင်း ဒါယကာနတ်မင်း။ ယော၊ အမှတ် မထင် အကြင်သူသည်၊ သဗ္ဗဒါ၊ ခပ်သိမ်းသော အခါကာလ၌။ သီလ-သမ္ပန္နော၊ သီလနှင့် ပြည့်စုံ၏။ ပညဝါ၊ အသိ အလိမ္မာ ဉာဏ်ပညာနဲ့လဲ ပြည့်စုံ၏။ သုသမာဟိတော၊ ကောင်းစွာ ကြံ့ခိုင် တည်တံ့သော သမာဓိလဲ ရှိပါပေ၏။ (လောကစံကြောင့် မတုန်လှုပ်နဲ့၊ ကြံ့ကြံ့ ခိုင်ကြည် တည်ရတယ်။ နေ့စဉ် အလုပ်ရှိရတယ်။) အဇ္ဈတ္တစိန္တီ၊ မိမိ ခန္ဓာကိုယ်တွင်းမှာရှိတဲ့ (ကနေ့တရားအနေနဲ့ ပြောယင်) အတွင်း အာယတန ခြောက်ပါး အပြင်အာယတန ခြောက်ပါးဆိုတဲ့ အာယတန ဆယ့်နှစ်ပါးတရားအစု၌ 'အနိစ္စ ဒုက္ခ အနတ္တ'ဟု အဖန်ဖန်ရှုလေ့ရှိ၏။ သတိမာ၊ သတိတရား အမြဲထင်ရှားစွာရှိ၏။ သော တာဒိသော၊ ထိုသို့ ဆိုအပ် ဂုဏ်ထူးငါးရပ်နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်မြတ်သည်။ ဒုတ္တရံ၊ လူသာမန်တို့ ကူးမြောက်နိုင်ခဲသော။ ဩဃံ၊ ဩဃလေးခန်း ရေပြင်ကြမ်းကို။ တရတိ၊ ကူးသန်းနေဆဲ ကူးမြောက်နေတုန်း ပုဂ္ဂိုလ်ဖြစ်ပေ၏။

အဲဒီငါးချက်မှာ—

(၁) ကိုယ်ကသီလရှိရမယ်၊

(၂) ပညာလဲရှိရမယ်၊

(၃) သမာဓိလဲရှိရမယ်။

(၄) မိမိခန္ဓာကိုယ်တွင်းမှာ ရှိနေတဲ့ အာယတန ဆယ့်နှစ်ပါး တရားကို ဝိပဿနာရှုရမယ်၊

(၅) သတိနဲ့လဲပြည့်စုံရမယ်။

အဲဒီတရားငါးချက်ရှိတဲ့ပုဂ္ဂိုလ်သည် **ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ**ဆိုတဲ့ ဩဃလေးခန်း အကုသိုလ်ရေပြင် ရေကြမ်းကြီးကို ကူးနေတယ်၊ ကူးနေတုန်း တဖြုန်းဖြုန်း တဝုန်းဝုန်းနဲ့ ကူးနေတဲ့ ပုဂ္ဂိုလ်လို့ ခေါ်ရမယ်တဲ့၊ ပုဂ္ဂိုလ်အနေနဲ့ပြောယင် အဲဒီလိုအားထုတ်တာ ကလျာဏပုထုဇဉ်ရယ် သောတာပန် သကဒါဂါမ် အနာဂါမ်ရယ် ဒီပုဂ္ဂိုလ်တွေ။

## ဘဝသံသရာသမုဒ္ဒရာ၌ မနစ်မြုပ်သောပုဂ္ဂိုလ်

သံသရာတည်းဟူသော ရေပြင်ကျယ်ထဲ၌ မနစ်ဘူး မမြုပ်ဘူးဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူလဲဆိုတဲ့ မေးခွန်းအရဖြေမလို့–

ဝိရတော ကာမသညာယ၊ သဗ္ဗသံယောဇနာတိဂေါ။
နန္ဒီဘဝပရိက္ခီဏော၊ သော ဂမ္ဘီရေ န သီဒတိ။

ဒေဝတေ၊ ဒါယကာ ဟေမဝတနတ်သား။ ယော၊ အကြင်ရဟန္တာပုဂ္ဂိုလ်သည်။ ကာမသညာယ၊ ကာမသညာမှ။ ဝိရတော၊ အမြစ်ပြတ်သမုစ္ဆေဒ ဝိရတီဖြင့် ရှောင်ကြဉ်၏။ (သမုစ္ဆေဒဝိရတီဖြင့် အမြစ်ပြတ်

ရှောင်ကြဉ်တယ်၊ နောက် ဘယ်တော့မှ ကာမသညာမဖြစ်ဘူး။) သဗ္ဗသံယောဇနာတိဂေါ၊ အလုံးစုံသော သံယောဇဉ်ဆယ်မျိုး လွန်ရှည်ကြိုးတို့ကို ဖြတ်ချိုး လွန်မြောက်ပြီးဖြစ်ပေ၏။ (သံယောဇဉ်ဆယ်မျိုး ပယ်ပြီး ချိုးပြီး ဖြတ်ပြီး ဖျောက်ပြီးဖြစ်ရမယ်။) နန္ဒီဘဝပရိက္ခီဏာ၊ နန္ဒီခေါ်တဲ့ တဏှာ တရားရှစ်ပါး၊ ကာမရူပ အရူပဆိုတဲ့ ဘဝသုံးပါးတို့ ကုန်ပြီးလဲဖြစ်ပေ၏။ (အကြင်ရဟန္တာပုဂ္ဂိုလ်သည် တဏှာအစစ် တရားရှစ်ပါးလဲ ကုန်ပြီးပြီ။ ကာမ ရူပ အရူပဆိုတဲ့ ဘဝသုံးပါးလဲ ကုန်ပြီးပြီ။) သော တာဒိသော၊ ထိုသို့ ရှုအပ် ရဟန္တာပုဂ္ဂိုလ်မြတ်သည်။ ဂမ္ဘီရေ၊ အပြောကျယ်သျှက် နက်လည်းနက်စွာ ဘဝသံသရာ သမုဒ္ဒရာ၌။ န သီဒတိ၊ မနစ်မြုပ်သူမည်ပေ၏။

သံသရာတည်းဟူသော ရေပြင်ကြမ်းကြီးထဲမှာ ပေါ်မလာပဲ စုံးစုံးမြုပ်သွားတဲ့ ပုဂ္ဂိုလ်ဆိုတာ အန္ဓဗာလပုထုဇဉ်ကို ပြောတာ၊ သူ့ကိုတော့ စာထဲ ထည့်လဲမမေးဘူး၊ ထည့်လဲမဖြေဘူး။ သံသရာ သမုဒ္ဒရာထဲမှာပဲရှိတယ်။

ဒါပေမဲ့ ကာယိကဝီရိယ စေတသိကဝီရိယ ဆိုတဲ့ ဝီရိယနှစ်မျိုး ခြေလက်ဖြင့် တဝုန်းဝုန်း တဖြုန်းဖြုန်း ကူးနေတုန်း ကူးနေဆဲဆိုတဲ့ ပုဂ္ဂိုလ်၊ ဒါက ပထမအမေး။ ဘယ်သူလဲဆိုတော့ ကလျာဏပုထုဇဉ် သောတာပန် သကဒါဂါမ် အနာဂါမ် လေးမျိုး။ ဓမ္မာဘောနဲ့ပြောယင် သီလရှိရမယ်၊ ပညာရှိရမယ်၊ သမာဓိရှိရမယ်။ အဇ္ဈတ္တစိန္တီ=မိမိရဲ့ ခန္ဓာကိုယ်ကို အမြဲတမ်းစိတ်ကို စောက်ချပြီးတော့ ဝိပဿနာအလုပ်ကို လုပ်ရမယ်။ သတိမာ=သတိလဲရှိရမယ်။ အဲဒီပုဂ္ဂိုလ်သည် ဩဃလေးခန်း ရေပြင်ကြမ်းကို ကူးနေတုန်း ကူးနေဆဲပုဂ္ဂိုလ်တဲ့ ကူးလို့မပြီးသေးဘူး။

သမုဒ္ဒရာသံသရာရေပြင်ထဲမှာ မနစ်တော့ဘူး၊ သံသရာရေပြင်ထဲမှ လွတ်သွားပြီဆိုတဲ့ပုဂ္ဂိုလ် ဘယ်သူလဲဆိုတော့ ရဟန္တာ။ ရဟန္တာ

ပုဂ္ဂိုလ်ဆိုတာ သံသရာရေပြင်ထဲမှာ ကူးနေတုန်းမဟုတ်တော့ဘူး။ သံသရာရေပြင်ထဲ နစ်တဲ့စာရင်းထဲ ပါကို မပါတော့ဘူး။ ဒါဖြေပြီးရော။ ပြီးယင် အရဟတ္တဖိုလ်ရောက်ယင် တရားဟောလဲပြီးရတယ်။ ပြဿနာ မေးယင်လဲပြီးရတယ်။ စာဟော စာရေးယင်လဲ အဲဒီမှာပြီးရတယ်။ နိဂုံးအုပ်ရတယ်။

## ဘုရားကို ဖူးမြော်ရန် နှိုးဆော်ချက်

ဒီနေရာမှာ ဟေမဝတနတ်ဘီလူး ကျေနပ်သွားပြီးတော့ သူနဲ့အဖော်ပါတဲ့ နတ်တွေကို ဘုရားအဖူးခိုင်းချင်လို့–

> ဂမ္ဘီရပညံ နိပုဏတ္ထဒဿိံ၊ အကိဉ္စနံ ကာမဘဝေ အသတ္တံ။
> တံ ပဿထ သဗ္ဗဓိ ဝိပ္ပမုတ္တံ၊ ဒိဗ္ဗေ ပထေ ကမမာနံ မဟေသိံ။

ဘောန္တော ယက္ခာ၊ အို ယက္ခနတ်အပေါင်းတို့။ ဂမ္ဘီရပညံ၊ နက်နဲသော ပညာရှိတော်မူထသော။ နိပုဏတ္ထဒဿိံ၊ သိမ်မွေ့တဲ့ အနက်သဘောကို ကိုယ်တော်လဲသိမြင် သူတပါးကိုလဲ သိမြင်စေထသော။ အကိဉ္စနံ၊ ရာဂဒေါသ မောဟ အစရှိသော ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းတော်မူပြီးထသော။ ကာမဘဝေ၊ ကာမတရား ဘဝတရားအစု၌။ အသတ္တံ၊ တွယ်တာ ငြိကပ်ခြင်း ကင်းတော်မူထသော။ သဗ္ဗဓိ၊ ခပ်သိမ်းသောတရားတို့၌။ ဝိပ္ပမုတ္တံ၊ ကိလေသာတို့မှ လွတ်မြောက်တော် မူပြီးထသော။ ဒိဗ္ဗေ ပထေ၊ ဒိဗ္ဗပထ အမည်ရတဲ့ သမာပတ်လမ်းကြောင်း၌။ ကမမာနံ၊ လူးလာတုံခေါက် စင်္ကြံလျှောက်သည့် အလား အဖန်ဖန် စဉ်းစားတော်မူလေ့ရှိထသော။

ဒိဗ္ဗပထလမ်းကြောင်းဆိုတာ လောကီစျာန်သမာပတ်ကို ခေါ်တယ်။ လောကီစျာန်သမာပတ်ကို အဖန်ဖန်အထပ်ထပ် ဝင်စားနေတာသည် ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ဒိဗ္ဗလမ်းကြောင်းမှာ စင်္ကြံသွား

နေတာနဲ့တူလို့ ဒိဗ္ဗေ ပထေ၊ ဒိဗ္ဗပထ အမည်ရတဲ့ လောကီစျာန်သမာပတ်၌။ ကမမာနံ၊ လူးလာတုံ့ခေါက် စင်္ကြံလျှောက်သည့်အလား အဖန်ဖန် ဝင်စားတော်မူထသော။

မဟေသိံ၊ သီလစတဲ့ ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျက်တော်မူပြီးထသော။ တံ၊ ထိုမြတ်စွာဘုရားကို။ ပဿထ၊ မံသစက္ခု ပညာစက္ခုနှစ်ပါးဖြင့် လင်းလင်းထင်ထင် မြင်အောင် ဖူးမြော်လိုက်ကြလော။

ဘုရားမျက်စိနဲ့လဲ ဘုရားရဲ့ ဓမ္မဂုဏ်ကို မြင်အောင် ရှုကြ၊ ပသာဒမျက်စိနဲ့လဲပဲ ဘုရားကိုယ်တော်မြတ်ရဲ့ မဟာပုရိသ လက္ခဏာတော်ကြီးတွေဖြင့် ညီးညီးစင်ကြယ်တင့်တယ်တဲ့ ရူပကာယ ကိုယ်တော်ကိုလဲပဲ မြင်အောင်ရှုကြ။ သူကညာဏ်လဲကြီးတယ်၊ တတ်လဲတတ်တယ်။ အင်မတန်လဲပဲ ညာဏ်ထက်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ထပ်ပြောပြန်တယ်။

အနောမနာမံ နိပုဏတ္ထဒဿိံ၊
ပညာဒဒံ ကာမာလယေ အသတ္တံ။
တံ ပဿထ သဗ္ဗဝိဒုံ သုမေဓံ၊
အရိယေ ပထေ ကမမာနံ မဟေသိံ။

## ဂုဏ်တော်အစုံကို မြင်အောင်ရှု

ဘောဓေန္တော ယက္ခာ၊ အိုး ယက္ခနတ်အပေါင်းတို့။ အနောမနာမံ၊ မယုတ်လျော့သော အမည်ရှိတော်မူထသော။

မြတ်စွာဘုရားရဲ့ အရဟံ သမ္မာသမ္ဗုဒ္ဓ ဝိဇ္ဇာစရဏသမ္ပန္န အစရှိတဲ့ ဂုဏ်တော်နာမည်တော်တွေဟာ ဘယ်မှာ ယုတ်လို့လဲ၊ ဂုဏ်တွေနဲ့ချည်းပဲ တပ်လာတဲ့အမည်။

ဝါ၊ မြတ်သော အရဟံ သမ္မာသမ္ဗုဒ္ဓ အစရှိတဲ့ အမည်တော် ရှိတော်မူထသော။ နိပုဏတ္ထဒဿိ ၊ သိမ်မွေ့တဲ့ အနက်သဘောကို ကိုယ်တော်လဲမြင် သူတပါးကိုလဲ မြင်စေတတ်ထသော။ ပညာဒဒံ၊ ဝေနေယျတို့အား ဉာဏ်ပညာတရား ပေးသနားတော်မူထသော။ ကာမာလယေ၊ ကာမတရား အာလယတရားအစုဌ်။ အသတ္တံ၊ တွယ်တာ ငြိကပ်ခြင်း ကင်းတော်မူထသော။ သဗ္ဗဝိဒုံ ခပ်သိမ်းသောတရားသိ တတ်တဲ့ သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူထသော။ သုမေဓံ၊ သဗ္ဗညုတ ဉာဏ်ကို ရကြောင်းကောင်းမြတ်တဲ့ ပါရမီ ပညာနဲ့လဲ ပြည့်စုံထသော။ အရိယေ ပထေ၊ အရိယာလမ်းကြောင်းဖြစ်တဲ့ အရဟတ္တဖိုလ်သမာပတ် ၌။ ကမမာနံ၊ လူးလာတုံခေါက် စင်္ကြံလျှောက်သည့်အလား အဖန်ဖန် ဝင်စားတော်မူလေ့ရှိထသော။

ဘုရားသည် အရဟတ္တဖိုလ် သမာပတ်တည်းဟူသော အရိယာ လမ်းကြောင်းကို အချိန်ရသမျှ ဝင်စားတော်မူတယ်။ အဲဒီလို ဝင်စား ခြင်းသည်ပင်လျှင် အရိယာလမ်းကြောင်း၌ အခေါက်ခေါက် စင်္ကြံ လျှောက်သလိုဖြစ်လို့ ကမမာနံ၊ လူးလာတုံခေါက် စင်္ကြံလျှောက်သည့် အလား အဖန်ဖန်ဝင်စားတော်မူလေ့ရှိထသော။

မဟေသိံ၊ သီလစသော ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျက် တော်မူပြီးထသော။ တံ၊ ထိုမြတ်စွာဘုရားကို။ ပဿထ၊ ပညာစက္ခု မံသစက္ခု နှစ်ပါးစုံဖြင့် မြင်အောင်ရှုကြကုန်။

ဉာဏ်ပညာ မျက်စိနဲ့ကြည့်ယင် ဘုရားကိုယ်တော်မြတ်ရဲ့ ဓမ္မကာယ ကို မြင်ရလိမ့်မယ်။ ပသာဒစက္ခု မံသမျက်စိနဲ့ကြည့်ယင် ဘုရား ကိုယ်တော်မြတ်ရဲ့ ရူပကာယကို မြင်ရလိမ့်မယ်။ ဓမ္မကာယ ရူပကာယ နှစ်ပါးလုံးကို မြင်အောင် ဉာဏစက္ခု ပသာဒစက္ခု မျက်လုံးအစုံ ဖွင့်ပြီး

တော့ ကြည့်ကြ ဖူးကြပါလို့ပြောတယ်။ ပြောပြီးတော့မှ ဝမ်းသာလွန်းလို့ ဥဒါန်းကျူးတယ်——

သုဒိဋ္ဌံ ဝတ နော အဇ္ဇ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
ယံ အဒ္ဒသာမ သမ္ဗုဒ္ဓံ၊ ဩဃတိဏ္ဏမနာသဝံ။

မယံ၊ အကျွန်ုပ်တို့သည်။ သမ္ဗုဒ္ဓံ၊ ဥဇုယျတရား ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးထသော။ ဩဃတိဏ္ဏံ၊ ဩဃလေးခန်း ကူးသန်းထုတ်ခြောက် နိဗ္ဗာန်တည်းဟူသော တဘက်ကမ်းသို့ ရောက်တော်မူပြီးထသော။ အနာသဝံ၊ အာသဝေါလေးခန်း ကုန်ခမ်းတော်မူပြီးထသော။ ယံ၊ အကြင်မြတ်စွာဘုရားကို။ ယံ ယသ္မာ၊ အကြင်ကြောင့်။ အဒ္ဒသာမ၊ ဖူးမြော်ကြရကုန်ပြီ။ တံ တသ္မာ၊ ထိုကြောင့်။ နော၊ ငါတို့အဖို့၊ အဇ္ဇ၊ ယနေ့၊ သုဒိဋ္ဌံ ဝတ၊ အမြင်ကောင်းမြင်အပ်ခဲ့ပေစွ။

ယနေ့ ဘို့မြင်ရတာ အမြင်ကောင်း မြင်ရသဟ။ နေ့တိုင်းနေ့တိုင်း မြင်ရတာကတော့ မကောင်းတာရော ကောင်းတာရော မြင်ရတယ်။ ယနေ့တော့ ဘုရားကို ဖူးမြင်ရတယ်။ အကောင်းဆုံးမြင်ခြင်းကို မြင်ရတယ်။

သုပ္ပဘာတံ၊ ကောင်းသောမိုးလင်းခြင်း ဖြစ်စွတကား။ သုဟုဋ္ဌိတံ၊ ကောင်းသောအိပ်ရာမှ ထခြင်းဖြစ်စွတကား။

ဘာပြုလို့လဲ၊ ကနေ့ သူဘို့ အရိယာဘုံ ရောက်သွားတယ်။ အပါယ်သံသရာကြီး လွတ်သွားတယ်။ အကုသိုလ်မှုတွေ အပါယသံဝတ္တနိက-အပါယ်ဘုံရောက်မယ့် အကုသိုလ်တွေ အမြစ်ပြတ် ပယ်ပြီးသွားပြီ။ ဒါ့ကြောင့် ကနေ့ သူတို့ရဲ့ အိပ်ရာက ထရခြင်းသည် ကောင်းသော မင်္ဂလာရှိသော ထရခြင်း၊ ယနေ့မိုးလင်းခြင်းသည် တို့အဖို့ မင်္ဂလာရှိတဲ့ မိုးလင်းခြင်းဖြစ်တယ်လို့ ဒီလိုပြောတယ်။

## သိဿဘာဝူပဂမန သရဏဂုံ ဆောက်တည်ခြင်း

အေး သောတာပန်ဖြစ်ပြီးတော့ သောတာပတ္တိမဂ်ဖိုလ် ရောက်တယ်ဆိုယင် သဘာဝသိဒ္ဓိ အားဖြင့် သရဏဂုံ မပျက်စီးသော လောကုတ္တရာ သရဏဂုံ တည်ပြီးသား ဖြစ်နေတယ်။ ဒါပေမယ်လို့ နှုတ်မြွက်ပြီးတော့ ဆောက်တည်ဦးမယ်ဆိုတဲ့ အနေနဲ့–

ဣမေ ဒသာသတာ ယက္ခာ၊ ဣဒ္ဓိမန္တော ယသဿိနော။
သဗ္ဗေ တံ သရဏံ ယန္တိ၊ တွံ နော သတ္ထာ အနုတ္တရော။

ဘန္တေ၊ မြတ်စွာဘုရား။ ဣဒ္ဓိမန္တော၊ တန်ခိုးဣဒ္ဓိနဲ့ ပြည့်စုံကြကုန်သော။ ယသဿိနော၊ များသောစည်းစိမ် ရှိကြကုန်သော။ ဣမေ ဒသသတာ ယက္ခာ၊ ဤတထောင်သော နတ်ဘီလူးတို့သည်။ သဗ္ဗေ၊ အကုန်လုံး။ တံ၊ ရှင်ပင်ဘုရားကို။ သရဏံ၊ ကိုးကွယ် လည်းလျောင်း ပုန်းအောင်းရာဟူ၍။ ယန္တိ၊ ဆည်းကပ် သိမှတ်ကြပါကုန်၏။ တွေ၊ အရှင်ဘုရားသည်။ နော၊ တပည့်တော်တို့၏။ အနုတ္တရော၊ အတုမရှိ လွန်မြတ်သော။ သတ္ထာ၊ ဆရာဘုရားဖြစ်ပါသည်ဘုရား။

တပည့်တော်တို့က တပည့်၊ အရှင်ဘုရားက ဆရာလို့ဆိုတာက သရဏဂုံထဲမှာ သိဿဘာဝူပဂမနသရဏဂုံ=တပည့်အဖြစ် ကပ်ရောက်တဲ့ သရဏဂုံ၊ တပည့်ခံတဲ့ သရဏဂုံ၊ ဒီသရဏဂုံ လုံးလုံးခံယူထားတယ်။ ပြီးပြီ·နောက်ဆုံးကျမှ–

တေ မယံ ဝိစရိဿာမ၊ ဂါမာ ဂါမံ နဂါ နဂံ။
နမဿမာနာ သမ္ဗုဒ္ဓံ၊ ဓမ္မဿ စ သုဓမ္မတံ။

## နိဗ္ဗာန်သော် ဝမ္မသောသက နတ်သားများ

ဘန္တေ၊ မြတ်စွာဘုရား။ တော မယံ၊ ထို တပည့်တော်တို့သည်။ —

ရှေးတုန်းက သူ့ဘိုအလုပ်ကို ကြည့်ရမယ်။ ရှေးတုန်းက သူတို့ အလုပ်ဆိုလို့ရှိယင် စားရေးအတွက် ဘာမှ အလုပ်မရှိဘူး။ အချိန်တန် ရိက္ခာ ထမင်းပွဲကြီးက ရှေ့ရောက် အစာစားလို့။ ဘာမှ ဝယ်ခြမ်း ချက်ပြုတ်နေရတာ ရှိတာမဟုတ်ဘူး။ ဝတ်ရေးအတွက် ပဋိသန္ဓေ ခဏ ကတည်းက သူတို့ကံက ဆင်ပေးလိုက်တယ်။ ဆင်ပေးလိုက်တဲ့ ဒီအဝတ် ကလဲ တနေ့ထက်ဘနေ့ ပိုပြီးတော့ အရောင်တွေ တောက်တယ်။ ပိုပြီး တော့ သူတို့အသက်ကြီးလေ ဒိဗ္ဗ အဆင်တန်ဆာတွေက တောက်ပ တယ်။ ဟို သေခါနီးကျမှ ဒိဗ္ဗ အဆင်တန်ဆာတွေ ညှိုးသာ ဖြစ်လာ တယ်။ နေ့ာက်တခါ သူတို့နေဖို့ရန် ဗိမာန်ကလဲ ကံကဆောက်ပေးလိုက် တယ်။ တသက်လုံး မိုးမယိုဘူး။ ကံက ဆောက်ပေးတဲ့ ဗိမာန် တသက် လုံး အမြဲသစ်လျက်ရှိတယ်။ ဘယ်တော့မှ ဟောင်းမသွားဘူး။ ဒီတော့ သူတို့မှာ စားရေး ဝတ်ရေး နေရေး ဘာမှ မပူရဘူး။ မပူရတော့ ပုထုဇဉ်ဖြစ်တဲ့ နတ်တွေဟာ အလုပ်မရှိယင် မနေတတ်ဘူး။

ဒီလောကထဲ ကြည့်ပါဦး။ စားရေး ဝတ်ရေး နေရေး မပူရတဲ့ လူဟာ အသကား မနေနိုင်တော့ လုပ်မိလုပ်ရာတွေ လျှောက်လုပ် တယ်။ ပွဲကြည့် မှူးထူးပျော်ပါးကစား၊ အေး-ဒါ လူလောကမှာ။ အခုင်း ဒါလောက်ပြောယင် သိကြပါတယ်- ဘာလုပ်ကြတယ်ဆိုတာ။

အေး အခု နတ်တွေလဲပဲ စားရေး ဝတ်ရေး နေရေး ထိုင်ရေး ဘာမှ မပူရတော့ ကခြင်း သီခြင်း တီးမှုတ်ခြင်းတွေနဲ့ ဒိနတ်သဘင် တွေ ခံပြီး ပျော်ပါး မှူးထူး စားသောက်- ဥယျာဉ်ထဲ သွားကစား၊ ဒီလိုနဲ့ပဲမေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေကြတယ်။ အဲဒီလို အနေ မျိုး တပည့်တော်တို့ ဒီအချိန်ကစပြီး မနေတော့ဘူးတဲ့ အဲဒီလို ဆိုချင် လို့ —

ဘဂဝါ၊ မြတ်စွာဘုရား။ တေ မယံ၊ ထိုတပည့်တော်တို့သည်။ ဣတော ပဥ္စာယ၊ ယနေ့ကစ၍။ ပုဗ္ဗေဝိယ၊ ရှေးအခါကကဲ့သို့။ အပ္ပမတ္တာ၊ မမေ့မလျော့ကြသော့ပဲ။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ နမဿမာနာ၊ ရှိသေမြတ်နိုး ရှိခိုးကြကုန်လျက် လည်းကောင်း။ (တပည့်တော်တို့ နောက်ကို ဘုရားရှိခိုးမယ်တဲ့) ဗုဒ္ဓသုဗောဓိတဥ္စ၊ ရှင်တော်ဘုရားရဲ့ စစ်မှန်သော ဘုရားအဖြစ်ကို လည်းကောင်း။ ဓမ္မသုဓမ္မတဥ္စ၊ တရားတော်မြတ်ရဲ့ စစ်မှန်သောတရားအဖြစ်ကို လည်းကောင်း။ သံဃ-သုပ္ပဋိပန္တိဥ္စ၊ သံဃာတော်ရဲ့ အစစ်အမှန်ကျင့်တဲ့သံဃာအဖြစ်ကိုလည်းကောင်း။ အဘိတ္ထဝိတွာ၊ ပြောကြားကြကုန်လျက်—

ရောက်ရာနေရာမှာ 'သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ' စသည်ဖြင့်-'သွာက္ခာတော ဝတ ဘဂဝတာ ဓမ္မော' စသည်ဖြင့်-'သုပ္ပဋိပန္နော ဝတ ဘဂဝတော သာဝကသံဃော' စသည်ဖြင့် ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ်တွေကို တပည့်တော်တို့ ပြောမယ်၊ တဘက်သားကိုပြောကြားပြီးတော့။

ဂါမာ၊ နတ်ရွာတရွာမှ။ ဂါမံ၊ နတ်ရွာတရွာသို့လည်းကောင်း။ (ဂါမဖြင့် နဂရကိုလည်းယူ ဆိုတဲ့အတိုင်း) ဂါမာ၊ နတ်မြို့တမြို့မှ။ ဂါမံ၊ နတ်မြို့တမြို့သို့လည်းကောင်း။ နဂါ၊ နတ်တောင်တတောင်မှ။ နဂံ၊ နတ်တောင်တတောင်သို့ လည်းကောင်း။ ဝိစရိဿာမ၊ တရားကြွေးကြော်တဲ့ နိဗ္ဗာန်ဆော် နတ်သားများဖြစ်၍ လှည့်လည်ကျက်စားသွားလာကြပါကုန်တော့မည်ဘုရား။

တပည့်တော်တို့ ဓမ္မဃောသက တရားကြွေးကြော်တဲ့ နိဗ္ဗာန်ဆော် နတ်သားတွေဖြစ်ပြီး ရှင်တော်ဘုရားရဲ့ဂုဏ် တရားတော်မြတ်ရဲ့ ဂုဏ် သံဃာတော်မြတ်ရဲ့ဂုဏ်တော်တွေကို ကြွေးကြော်မယ်။ မမေ့မလျော့တော့ဘူးပေါ့။ အာရုံငါးပါး လိုက်စားမူးယစ်ပြီး မနေတော့ဘူး။

ဓမ္မသေသာသက နတ်သားတွေဖြစ်ပြီး နတ်ရွာတရွာမှ နတ်ရွာတရွာသို့ နတ်မြို့တမြို့မှ နတ်မြို့တမြို့သို့ နတ်တောင်တတောင်မှ နတ်တောင်တတောင်သို့ လှည့်လည်ကျက်စား တပည့်တော်တို့သွားလာပါတော့မယ်ဘုရား၊အပ္ပမာဒတရား လက်ရှိထားပြီးတော့ သွားပါတော့မယ်လို့ အဲဒီလို လျှောက်ထားပြီးတော့ နတ်နှစ်ပါးအခြံအရံနတ်ဘီလူးတထောင်နဲ့ပြန်သွားကြပြီ။ သူတို့အားလုံးသောတာပန် ဖြစ်ကြတယ်၊ ဒီနေရာမှာ ဟေမဝတသုတ္တန် ပြီးတယ်။

**ဟေမဝတသုတ္တန်နိဂုံး တရားပေး ဆုတောင်း**

ဤသို့လျှင် ဟေမဝတသုတ္တန် ဒေသနာတော်မြတ်ကို ကြားနာရခြင်းဟူသော ဓမ္မသဝန ကောင်းမှုကုသိုလ်ကံစေတနာ၊ သရဏဂုံ သီလဆောက်တည်ရခြင်းသီလမယကောင်းမှုကုသိုလ်ကံစေတနာ၊မိမိတို့ဉာဏ်အမြင် မှီကြသလောက် အတွင်းအပ ခြောက်ပါး ခြောက်ပါးသောအာယတနတို့၏ မမြဲသော အနိစ္စသဘော ဆင်းရဲသော ဒုက္ခသဘောအစိုးမပိုင်သော အနတ္တသဘောကို နက်နဲစွာ ဆင်ခြင်ကြည့်ရှုရခြင်းတည်းဟူသော ဘာဝနာမယ ကောင်းမှုကုသိုလ်ကံ စေတနာ၊ ဘုရားမြတ်စွာ သာသနာကို နှစ်စဉ် နှစ်စဉ် နိဗဒ္ဓဝတ်ကြီးယင်၍ ပစ္စယာ-နုဂ္ဂဟ ဓမ္မာနုဂ္ဂဟ နှစ်ပါးတို့ဖြင့် ချီးမြှောက်ရခြင်းတည်းဟူသောသာသနာနုဂ္ဂဟ ကောင်းမှု ကုသိုလ်ကံစေတနာ – ဤသို့ပေါင်းအပ်များမြတ်သောကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် နိဗ္ဗာန်ချမ်းသာမြတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်။

သုခပဋိပဒါဆိုတာ တရားအားထုတ်ရာ၌ နိဗ္ဗာန်ရောက်ရာသည်တိုင်အောင် ဒီအတွင်းကို ပဋိပဒါခေတ်၊ လွယ်လွယ်နဲ့ နိဗ္ဗာန်ကျွာယင် အဲဒီအကျင့် ပဋိပတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့် ပဋိပတ်လို့ ခေါ်တယ်။

အဲဒီလို နိဝရဏကုန်ပြီးတဲ့နောက် အရိယမဂ်အရောက် ဝိပဿနာဉာဏ်နဲ့ မြန်မြန်ကြီးသွားလို့ အရိယမဂ်ကို ပေါက်ယင် ခိပ္ပာဘိညာလို့ ခေါ်တယ်။

နိဗ္ဗာန်ချမ်းသာမြတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့် ပဋိပဒါ လျင်မြန်သော အသိဉာဏ် ရည်သန်တောင့်တရင်းရှိသော မဂ်ဉာဏ် လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသည့် ကိုယ် အကျွန်ုပ်တို့ တရားဟော တရားနာ ပုဂ္ဂိုလ်တစု တညီတညွတ်တည်း ဖြစ်ရပါစေကုန်သတည်း။ နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရတဲ့ ယိုးနောက်ဆုံးဘဝ ပရိနိဗ္ဗာန စုတိစိတ်မှ အခြားမဲ့ နောက်ကာလ၌ တစုံ တခုသော ဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ သတ္တနိကာယမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာ တရားတို့-(ယနေ့ သုတ္တန်ရဲ့ အလိုဆိုယင်) အတွင်းအပ အာယတန ခြောက်ပါး ခြောက်ပါး ဝဋ်မီးစာ တရားတို့ တဖန်အသစ် မဖြစ်ခြင်းတည်းဟူသော အနုပ္ပာဒနိရောဓ အနုပါဒိသေသနိဗ္ဗာန် ကိုယ်စီ စံရပါစေကုန်သတည်း။ အနုပါဒိသေသနိဗ္ဗာန်ကိုယ်စီစံရသဖြင့် ကမ္မဝဋ္ဋ- ကိလေသာဝဋ္ဋ ဝိပါကဝဋ္ဋ တည်းဟူသော–

(ပဋိစ္စသမုပ္ပာဒ် သံသရာစက်ကြီးကို ဝဋ်အနေနဲ့ ဖွဲ့လိုက်လို့ သဘောတူရာကို ဝဋ်အနေနဲ့ ပြောယင်–

(၁) အဝိဇ္ဇာရယ် တဏှာရယ် ဥပါဒါန်ရယ် သူတို့သုံးမျိုးက ကိလေသာမျိုး။ ကိလေသာဝဋ်လို့ ခေါ်တယ်။

(၂) သင်္ခါရနဲ့ ကမ္မဘဝကို ကမ္မဝဋ်လို့ ခေါ်တယ်။

(၃) ကျန်တဲ့ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဥပပတ္တိ ဘဝ ဇာတိ ဇရာမရဏဆိုတဲ့ တရားတွေက အကျိုးဝိပါက် မျိုးဖြစ်လို့ ဝိပါကဝဋ်လို့ ခေါ်တယ်။

ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်ကြီး အင်္ဂါဆယ့်နှစ်ရပ်ကို ဝဋ်ဖွဲ့ယင် သုံးမျိုးထဲဝင်သွားတယ်။) ဒါကြောင့်–

အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ် ကိလေသဝဋ် ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက် မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု

ဟေမဝတသုတ္တန် တရားတော်

ပြီးပြီ။

# အနာဂတပိဋကြီကောဝါဒသုတ္တန်
# တရားတော်

## လူများအားလည်း ဤတရားမျိုး ဟောကြားပေးရန် အနာဂတပိဋက် စုတေခါနီး မှာတမ်းခဲ့သော တရား

ကောဇာသက္ကရာဇ် ၁၃၃၇-ခုနှစ်၊ သာသနာတော် ၂၅၁၉-ခုနှစ်-ကဆုန်လဆန်း ၇-ရက်နေ့ည ပဲခူးမြို့ ရွှေမော်ဓော စေတီတော်ယင်ပြင် ဂေါပက တန်ဆောင်းဝန်း အတွင်း၌ ရွှေမော်ဓော မြတ်စွာဘုရား ဂေါပက အဖွဲ့ဝင် ဒါယကာကြီးများ ကြီးမှူးကျင်းပအပ်သော မန္တလေးမြို့ မလွန်စျေး ဆန်လှူအသင်းမှ တဆင့် စစ်ကိုင်းမင်းကွန်း မင်းဝန် တောင်ရိုး ၃-၄၁နဘုိ့၌ ယခုနှစ် ဝါတွင်း သီတင်းသုံးသော ရဟန်းသာမဏေ သူတော်စင် သီလရှင် အလှူခံ ပုဂ္ဂိုလ်လေးထောင်ကျော်တို့အား ဆွမ်းဆန်တော် အလှူရေစက် ချပွဲ၌ ဟောကြားအပ်သော ဉပရိပဏ္ဏာသပါဠိတော်လာ အနာဂတပိဏ္ဍိကော-ဝါဒ သုတ္တန်။

ဘုန်းကြီးဟောမှာ အနာဂတပိဏ္ဍိကောဝါဒသုတ္တန်လို့ ခေါ်ပါတယ်။ ဒီသုတ္တန် ဘာပိုလို့ ဟောချင်ရသလဲ ဆိုတော့ အနာဂတပိဏ်သဌေးကြီးဟာ တုသိတာ နတ်ပြည် သွားခါနီးမှာ အထူးသဖြင့် နောက်ဆုံး မှာတမ်းအနေနဲ့ အရှင်သာရိပုတ္တရာကို "အရှင်ဘုရား ဒီတရားတပည့်တော်တို့ လူဝတ်ကြောင် ဒါယကာတွေကို ဟောပေးပါ"လို့အထူးမှာတမ်းပြု သွားတယ်။ အဲဒီ မှာတမ်းအရ ထိုထို မြို့ရွာမှာဗုဒ္ဓဘာသာ သူတော်စင်တွေ ဒီသုတ္တန်ကို အနည်းဆုံး တခါတော့နာသင့်တယ်လို့ သဘောရပါတယ်။

## ဆရာတော် ဦးရန်ကုန်နှင့် ပရိတ်ကြီးမှုမှန်

အနာထပိဏ်ကြောဝါဒ သုတ္တန် မနာခင် ဘုန်းကြီး အရပ်ဒေသတော်တော် ခပ်နှံ့နှံ့ရောက်ခဲ့တယ်။ရောက်လို့ အခု ဒီ ပဲခူး ရွှေမော်ဓောဂေါပက တန်ဆောင်းဝန်းအတွင်း အခုဒါယကာကြီးတွေ ရတနာသုံးပါး ကန်တော့ စာတမ်းကစပြီး အာရမ္မဏာဓိပတိ ပစ္စည်းတပ်ပြီးတော့ နားထောင်တော့ ဉာဏ်ထဲမှာ စကားပုံတခု ပေါ်လာတယ်။

ဘယ်လို ပေါ်လာသလဲ ဆိုတော့–ဘုန်းကြီးတို့ မန္တလေးမှာ ဆရာတော် ဦးရန်ကုန်ဆိုတာရှိတယ်။ ဆရာတော် ဦးရန်ကုန်ဟာ မဟုတ်ယင် မဟုတ်သလိုပဲ သွက်သွက်လက်လက် ဒိုင်းဒိုင်း ဒုန်းဒုန်း ပြောတတ်တယ်။ တချိန်က ဆရာတော် ဦးရန်ကုန်ဟာ အလှူကိစ္စနဲ့တော အရပ်က ကျောင်းတကျောင်းကို ရောက်သွားသတဲ့။ ရောက်တဲ့ အခါကျတော့ ဆရာတော် ဦးရန်ကုန်က အဲဒီ တောက ကျောင်းဘုန်းကြီးကို မေးသတဲ့။

"ကိုယ်တော်တို့ ကိုယ်တော်တို့ ကျောင်းမှာ ပရိတ်ကြီး ပေတို ပေဟောင်းလေးများ မရှိကြဘူးလား"လို့ မေးတယ်။

"ရှိပါတယ်ဘုရား"တဲ့။

"ရှိယင် တပည့်တော်ကို ပေးလိုက်စမ်းပါ"လို့ ပြောတယ်။

"ဆရာတော်ကလဲ ဘယ့်နှယ် ရွှေမြို့တော်ကလာပြီး ဒီကျေးတောက ပရိတ်ကြီး ပေတို ပေဟောင်းလေး တောင်းရသလဲ ဘာပြုလို့လဲ"လို့ဆိုတော့-ဆရာတော် ဦး ရန်ကုန်က ပြောသတဲ့။

"တို့မြို့မှာတော့ကွာ လူတတ်တွေ ပြင်လွန်းလို့ ပရိတ်ကြီး မှုမှန်မှုကောင်း မရှိတော့ဘူး"လို့ ပြောသတဲ့။

အေး-အဲဒါလိုပဲ ရတနာသုံးပါး ကန်တော့တဲ့စာပိုဒ် အမျိုးမျိုး တွေ့ခဲ့ရတယ်၊ အခုပရိတ်ကြီး မူမှန် မူကောင်းက ဒီမှာမှ လာပြီးတော့ တွေ့ရတယ်။

အခုအဲဒီလိုဖြစ်နေတယ်။ အမှန် မိမိတို့ရဲ့ အမိ အဘ အဘိုးအဘွား ဆရာသမားတွေက အင်မတန် အပြစ်ကင်းတဲ့မူကို ချပေးခဲ့တယ်။ မိမိတို့အဖို့ ရတနာသုံးပါးကန်တော့တဲ့စာဟာ။ အဲဒီလို စာတမ်းရှိပါလျက်ကနဲ့ တခါတည်း ဒါကို စွန့်ပစ်ရမယ်ဆိုတာတော့ မဟုတ်ပါဘူး။ ကဲ-တိုတိုကတော့ ဒကာကြီးတွေ ဒကာမကြီးတွေဆိုလိုက်တဲ့ ရတနာသုံးပါးကန်တော့တဲ့ စာပိုဒ်ဟာ တန်ဖိုး အင်မတန်ရှိတဲ့ စာပိုဒ်ဖြစ်လို့ သူ့အတွက် နဲနဲနားလည်ရအောင်—

အားလုံးပရိသတ် စုံညီတယ်ဆိုယင်ပဲ ဩကာသ ဩကာသ ဩကာသ က စလို့ဟာကိုဆိုလိုတာလဲ—

(ဩကာသရှင်းတမ်း ဤကျမ်းအစတွင် ပါဝင်ပြီးဖြစ်၍ အဓိပ္ပါယ်နှင့် ဟောပြောချက်များတူပြီဖြစ်သဖြင့် ချန်ခဲ့ပါသည်)

ဘုန်းကြီး အနာထပိဏ္ဍိကောဝါဒ သုတ္တန်ဟောပေးပါမယ်လို့ ဝန်ခံထားတယ်။ အေး-အနာထပိဏ္ဍိကောဝါဒသုတ္တန် နာမယ်ကြံတော့ တရားနာပရိသတ်ရဲ့စိတ်ဟာ ဘုရားဆီကို အာရုံညွတ်သွားစမ်းပါတဲ့။

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့ ပုံကို စိတ်ထဲ အာရုံယူထားပါ။ အဲဒီလို ယူနိုင်အောင်လို့ အရှင်အာနန္ဒာ အရှင်မဟာ ကဿပ ပထမသံဂါယနာ မထေရ်မြတ်များက သုတ္တန်နိဒါန်းပျိုးပေးလိုက်တယ်။

“ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ” တဲ့။

သူတော်ကောင်းတို့- တချိန်တုန်းက ဘုရားကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်း ကိန်းအောင်း မွေလျော်နေတော်မူတဲ့ပုံကို စိတ်ထဲ အာရုံယူထားကြပါ။

တပည့်တော်တို့ ယူပြီးပြီဘုရား။ ဗုဒ္ဓဘာသာတွေ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးအရေးနဲ့ ပတ်သက်ယင် ဘယ်တော့မှ နောက်မကျဘူး။ ရှေ့ကပြော နောက်က ထက်ကြပ်တခါတည်း ပါလာတယ်။ တပည့်တော်တို့အာရုံယူပြီးပါပြီဘုရား၊ ဘုရားကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်က ဇေတဝန်ကျောင်းတိုက်အတွင်း သီတင်းသုံးနေတော်မူတာ ဉာဏ်ထဲမှာ မြင်နေပါတယ်၊ ဉာဏ်မျက်စိနဲ့ မြင်ပြီးပါပြီ၊ ရှေ့ဆက်၍ ဘာကိုကြည့်ရှုဆင်ခြင်ရအုံးမလဲ ဘုရားလို့ မေးစရာရှိလို့ ရှင်အာနန္ဒာ ရှင်မဟာကဿပတို့က အနုသန္ဓေ စကားဆက်လိုခေါ်တဲ့ အဲဒီစကားဆက်ကို ဆက်ပြောတယ်။

**အနာထပိဏ် မကျန်းမမာဖြစ်ခြင်း**

"တေန ခေါ ပန သမယေန အနာထပိဏ္ဍိကော ဂဟပတိ အာဗာဓိကော ဟောတိ ဒုက္ခိတော ဗာဠှဂိလာနော။"

သာဓဝေါ၊ နှလုံးပျော့ပျောင်းသူတော်ကောင်းတို့။ တေန ခေါ ပန သမယေန၊ ထိုသို့ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း ကိန်းအောင်းမွေလျော် နေတော်မူသောအခါ၌။ အနာထပိဏ္ဍိကော ဂဟပတိ၊ ကျောင်းဒါယကာကြီး အနာထပိဏ်သူဌေးသည်။ အာဗာဓိကော၊ စိတ်ကိုမွှေနှောက် ချောက်ချားစေတတ်တဲ့ အနာရောဂါစွဲကပ်၍ နေသည်။ ဒုက္ခိတော၊ ကာယိက ဒုက္ခကို ဆင်းဆင်းရဲရဲ ခံစား၍ နေရသည်။ ဗာဠှဂိလာနော၊ အပြင်းအထန် မကျန်းမမာဖြစ်၍ နေသည်။ ဟောတိ၊ ဖြစ်၏။

**အေး-သူတော်ကောင်းတို့-** ဤသို့ မြတ်စွာဘုရား **သာဝတ္ထိပြည်** ဇေတဝန်ကျောင်း သီတင်းသုံးနေတဲ့အချိန်မှာ သာဝတ္ထိပြည်ထဲ ဇေတဝန် ကျောင်းဒါယကာကြီး အနာထပိဏ်မကျန်းမာဘူးတဲ့။ အိပ်ရာထဲ လဲလျောင်းပြီးတော့နေရတယ် မကျန်းမာဘူး။ **အာဗာဓိကော=** ဆိုတာ စိတ်ကို မွေ့နှောက် ချောက်ချားစေတတ်တဲ့ ရောဂါကြောင့်၊ ဆင်းရဲဒုက္ခ ရောဂါဝေဒနာကပ်၍ ဒုက္ခိတော=ကာယိက ဒုက္ခကို အမြဲ ခံစားနေရတယ်။ ဗာဠ္ဟဂိလာနော=အပြင်းအထန် မကျန်းမာဖြစ်နေ တယ်။ အားအင်တွေ သိပ်နည်းနေတယ်။ အေး-ဒီပုဒ်ကို အာရုံယူပါတဲ့။ ယူပြီးပြီဆိုတော့ ဟို အရှင်အာနန္ဒာတို့က စကားဆက်ပေးတယ်။

"အထ ခေါ အနာထပိဏ္ဍိကော ဂဟပတိ အညတရံ ပုရိသံ အာမန္တေသိ။"

**အနာထပိဏ်၏ လူ့လွတ်မှာတမ်း**

သူတော်ကောင်းတို့....ထိုအခါ အနာထပိဏ်သူဌေးသည် မကျန်း မာယင်းက ယောကျ်ားတယောက်ကို အနီးခေါ်ပြီးတော့ ဤကဲ့သို့ ပြောတယ်။ ဘယ်လိုပြောသလဲ–

"ဧဟိ တွံ အမ္ဘော ပုရိသ ယေန ဘဂဝါ တေနုပသင်္ကမ"

အမောင်ယောကျ်ား မင်းသွားပါကွယ်၊ မြတ်စွာဘုရားရှိရာ သွား ရောက်ပြီးတော့–

"ဥပသင်္ကမိတွာ မမ ဝစနေန ဘဂဝတော ပါဒေ သိရသာ ဝန္ဒာဟိ 'အနာထပိဏ္ဍိကော ဘန္တေ ဂဟပတိ အာဗာဓိကော ဒုက္ခိတော ဗာဠ္ဟဂိလာနော၊ သော ဘဂဝတော ပါဒေ သိရသာ ဝန္ဒတီ'တိ"။

**အမောင် ဘုရားထံ အရောက်သွားကွဲ၊ အဲဒီရောက်တော့** ငါ့ကိုယ်စား ဘုရားကို ရှိခိုးခဲ့ပါ။ ဘယ်လိုဆိုပြီး ရှိခိုးရမလဲဆိုတော့ “မြတ်စွာဘုရား ကျောင်းဒါယကာကြီး အနာထပိဏ်သဌေးသည် အနာရောဂါ နှိပ်စက်နေပါတယ်။ ကာယိက ဒုက္ခ ခံစားနေရပါတယ်။ အပြင်းအထန် မကျန်းမမာဖြစ်နေပါတယ်။ ထိုမကျန်းမမာတဲ့ အနာထပိဏ်သဌေးက မြတ်စွာဘုရားရဲ့ ခြေတော်အစုံ ကြာပဒုံတို့ကို ရိုသေမြတ်နိုး ရှိခိုးလိုက်ပါတယ်”လို့ ငါ အခုမှာလိုက်တဲ့စကားအတိုင်း ဘုရားကို လျှောက်ပြီး ငါ့ကိုယ်စား မင်း ဘုရားရှိခိုးပေးပါကွယ်။ ဒီတင် ပြန်မလာနဲ့အုံး”လို့

ယေန စာယသ္မာ သာရိပုတ္တော တေနုပသင်္ကမ၊ ဥပသင်္ကမိတွာ မမ ဝစနေန အာယသ္မတော သာရိပုတ္တဿ ပါဒေ သိရသာ ဝန္ဒာဟိ ‘အနာထပိဏ္ဍိကော ဘန္တေ ဂဟပတိ အာဗာဓိကော ဒုက္ခိတော ဗာဠ္ဟဂိလာနော၊ သော အာယသ္မတော သာရိပုတ္တဿ ပါဒေ သိရသာ ဝန္ဒတီ’တိ။”

အရှင်သာရိပုတ္တရာ သီတင်းသုံးတဲ့ ကျောင်းကိုလဲ **အရောက်သွား** ခဲ့၊ သွားပြီးတော့ အရှင်သာရိပုတ္တရာထံမှောက် ရောက်တဲ့အခါ ငါ မှာလိုက်တဲ့စကားဖြင့် “အရှင်ဘုရား အနာထပိဏ်သဌေး ကျောင်း ဒါယကာကြီးဟာ မကျန်းမမာဖြစ်နေပါတယ်၊ ဆင်းရဲဒုက္ခရောက်နေတယ် အပြင်းအထန် မမာမကျန်း ဂိလာနပုဂ္ဂိုလ်ကြီး ဖြစ်နေတယ်၊ ဂိလာန ဖြစ်ရာက အရှင်သာရိပုတ္တရာရဲ့ ခြေတော်အစုံကြာပဒုံတို့ကို ရိုသေ မြတ်နိုး ရှိခိုးလိုက်ပါသည်” အဲဒီလို မင်း လျှောက်ပါကွယ်။ အဲဒီလို လျှောက်ပြီးတော့ ငါ့ကိုယ်စား အရှင်သာရိပုတ္တရာကိုလဲ ရှိခိုးပေးပါ။ ရှိခိုးပြီးတဲ့နောက်—

စေဥ္စ ဝဒေယျာသိ- ဤကဲ့သို့လည်းဆက်လျှောက်ပါ—

ဘယ်လိုလျှောက်ရမလဲ—

"သာမုံ ကိရ ဘန္တေ အာယသ္မာ သာရိပုတ္တော ယေန အနာထပိဏ္ဍိကဿ ဂဟပတိဿ နိဝေသနံ၊တေနုပသင်္ကမတု အနုကမ္ပံ ဥပါဒါယ"

အဲဒီလို လျှောက်ကွဲ။ မြန်မာလို ပြောလို့ရှိယင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ဘုရား၊ ကျောင်းဒါယကာကြီး အနာထပိဏ် သူဌေးကတောင်းပန်ကောင်းလျှောက်ထားလိုက်ပါတယ်၊"အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ကန်မလေးလို့ရှိယင် အနာထပိဏ်သူဌေးရဲ့ နေရာအိမ်သို့ ကရုဏာရှေးရှု ကြွရောက်တော်မူစေချင်ပါတယ်ဘုရား" အဲဒီလို မင်းလျှောက်ကွဲ့ –

အနာထပိဏ် သူဌေးရဲ့ကိုယ်စား အရှင်သာရိပုတ္တရာကို ရှိခိုး။ အဲဒီလို ရှိခိုးပြီးတော့မှ ဆက်ပြီးတော့ မင်းလျှောက်။ ဘယ်လိုလဲ—

"အရှင်သာရိပုတ္တရာဘုရား....ကရုဏာရှေ့ထား၍ကျောင်းဒါယကာကြီး အနာထပိဏ်သူဌေးအိမ်ကို ကြွတော်မူပါဘုရား"ဒါလဲ မင်းလျှောက်ကွဲ့"

ကောင်းပြီဆိုပြီးတော့ ထိုယောက်ျားသည် ဘုရားထံသွားပြီးတော့ အနာထပိဏ်သူဌေးမှာလိုက်တဲ့အတိုင်း ဘုရားကို ရှိခိုးလျှောက်ထားတယ်။ ပြီးတော့ အရှင်သာရိပုတ္တရာထံသွား အနာထပိဏ်သူဌေးမှာလိုက်တဲ့အတိုင်း အရှင်သာရိပုတ္တရာကို ရှိခိုးပင့်တယ်။အနာထပိဏ်သူဌေးက သနားသဖြင့် ကြွပါလို့ ပင့်လိုက်တော့ အရှင်သာရိပုတ္တရာက ဆိတ်ဆိတ်နေသဖြင့် ထိုပင့်လျှောက်ချက်ကို လက်ခံတယ်၊ တိတ်တိတ်နေလိုက်လျှင်ပင် ဒါ ပင့်လျှောက်တာကို လက်ခံတယ်လို့ ဘုရားလက်ထက်က ယဉ်ကျေးမှုအသိဉာဏ်အနေနဲ့ သိရတယ်။

## အရှင်သာရိပုတ္တရာ လူမမာမေးကြွခြင်း

ထိုယာကျေါးလဲပဲ အရှင်သာရိပုတ္တရာ လက်ခံကြောင်းသိပြီးပြန်သွားပြီး အနာထပိဏ်သဌေးအား ဝမ်းမြောက်ဝမ်းသာ ပြောတော့ ဒါဖြင့် ငါနဲ့ဘူရှု ခေါင်းရင်းဘက်မှာ တိုးပြီးတော့ နေရာများ ခင်းကြ၊ မထေရ်မြတ်ကြီး နှစ်ပါး သုံးပါး စသည် ထိုင်နိုင်အောင် အဲဒီလိုခင်းပြီးတော့ အရှင်သာရိပုတ္တရာလဲပဲ ထိုယာကျေါးသွားတော့ သင်္ကန်းများပြင်ဝတ်၊ သပိတ်သင်္ကန်းလွယ်၊ အရှင်အာနန္ဒာကို နောက်လိုက် အဖော်ခေါ်ပြီးတော့ အနာထပိဏ်သဌေး မကျန်းမာတဲ့အိမ်ကို မထေရ်မြတ်နှစ်ပါး သွားကြတယ်။ သွားရောက်ပြီးတော့ အသင့်ခင်းထားတဲ့ နေရာမှာ ထိုင်ပြီးတယ်ဆိုယင်ပဲ အရှင်သာရိပုတ္တရာက ပဋိသန္ထာရ အစေ့အစပ်စကား စသည်ကို ဟောဒီလို ပြောတယ်၊ လူနာမေးတဲ့စကား –

"ကစ္စိ တေ ဂဟပတိ ခမနီယံ၊ ကစ္စိ ယာပနီယံ၊ ကစ္စိ တေ ဒုက္ခာ ဝေဒနာ ပဋိက္ကမန္တိ၊ နော အဘိက္ကမန္တိ၊ ပဋိက္ကမောသာနံ ပညာယတိ နော အဘိက္ကမော။ (ဒါ မေးတာ။)

ကျောင်းဒါယကာကြီး ဘယ့်နှယ်လဲ၊ ရောဂါဒဏ်ခံနိုင်ရဲ့လား။ ဘယ့်နှယ်လဲ၊ ဣရိယာပထ မျှတရဲ့လား။ ဆိုကြပါစို့ တနေသောဣရိယာပုတ်နဲ့ ပင်ပန်းယင် နောက် ဣရိယာပုတ်တစ်ခုနဲ့ ပြောင်းပြီးတော့ နေတာကို ဣရိယာပထ မျှတတယ်လို့ဆိုရတယ်။ အဲဒီလို မျှတနိုင်ရဲ့လား။ ဒကာကြီးရဲ့သန္တာန်မှာ အလွန်ပြင်းတန်တဲ့ ဒုက္ခဝေဒနာတွေ မတိုးတက်ပဲနဲ့ နောက်ဆုတ်ကဲ့လား။ ထိုဒုက္ခဝေဒနာတို့ တိုးတက်ဖို့ အရိပ်မမြင်ပဲနဲ့ ဆုတ်နစ်ဖို့ အရိပ်မြင်ပါရဲ့လား ကျောင်းဒကာကြီး။

မေးတော့ အဲဒါတွေ အကုန်ပြောင်းပြန်ပဲ၊ သူ့ခံစားရချက် ပြန်လျှောက်တယ်။

**အနာထပိဏ် ဝေဒနာပြင်းထန်ပုံ**

"န မေ ဘန္တေ သာရိပုတ္တ ခမနီယံ၊ န ယာပနီယံ"

အရှင်သာရိပုတ္တရာဘုရား၊ တပည့်တော် ရောဂါဒဏ်မခံနိုင်အောင် ပြင်းထန်ပါတယ်ဘုရား။ နယာပနီယံ၊ ဣရိယာပထ မမျှတအောင် ဖြစ်နေပါတယ်ဘုရား။

"ဗာဠှာ မေ ဒုက္ခာ ဝေဒနာ အဘိက္ကမန္တိ နော ပဋိက္ကမန္တိ။"

တပည့်တော်ထံမှာပဲ အလွန်ပြင်းထန်တဲ့ ဒုက္ခဝေဒနာတွေ တိုး၍ တိုး၍သာ လာတယ်။ တပည့်တော်ကိုယ်ပေါ်မှာ နောက်မဆုတ်ဘူး ဘုရား။

မဆုတ်တာကို အသေအချာ ဥပမာနဲ့ လျှောက်ထားပါရစေ။

"သေယျထာပိ ဘန္တေ သာရိပုတ္တ ဗလဝါ ပုရိသော တိဏှေန သိခရေန မုဒ္ဓနိ အဘိမတ္ထေယျ။ ဧဝမေဝ ခေါ မေ ဘန္တေ သာရိပုတ္တ အဓိမတ္တာ ဝါတာ မုဒ္ဓနိ ဩဟနန္တိ။"

အရှင်ဘုရား လျှောက်ထားရမယ်ဆိုယင် ဥပမာနဲ့ လျှောက်ပရစေ။ အားကောင်း မောင်းသန်တဲ့ ယောကျ်ားတယောက်က အလွန် ထက်သန်လှစွာသော ဆောက်ကြီးနဲ့ ခေါင်းကို မွှေနေသလိုပဲ ဒီအတိုင်း ပဲဘုရား၊ တပည့်တော် ကိုယ်ခန္ဓာမျှားဖြင့် တပည့်တော်ရဲ့ ခေါင်းထဲ မှာဖြင့် အလွန်ပြင်းထန် ဖောက်ပြန်သော ဝါယောဓာတ်တွေဟာ မွှေနေ တယ်ဘုရား။မခံသာအောင် မွှေနေတယ်၊ အခု စကားပြောတာတောင် သတိကြီးစွာထားပြီး ပြောရပါတယ်။ တပည့်တော်ရောဂါက မခံနိုင် အောင် ရှိပါတယ်ဘုရား၊ ဣရိယာပထ မမျှတပါဘူးဘုရား။ အလွန်ပြင်း ထန်တဲ့ ဒုက္ခဝေဒနာတွေ တပည့်တော်မှာ မဆုတ်ပဲ တိုး၍ တိုး၍သာ လာကြပါတယ်ဘုရား။ ထိုဝေဒနာတွေ ဆုတ်နစ်ဖို့ အရိပ်မထင် တိုးတက်

ဖို့ အရိပ်ပဲမြင်နေပါတယ်ဘုရား။ အရှင်သာရိပုတ္တရာကို လျှောက်တယ်။ ဒါ တစ်အချက်။ နှစ်အချက်ကာ—

"သေယျထာပိ ဘန္တေ သာရိပုတ္တ ဗလဝါ ပုရိသော ဒဠှေန ဝရတ္တခဏ္ဍေန သီသေ သီသဝေဌံ ဒဒေယျ၊ ဧဝမေဝ ခေါ မေ ဘန္တေ သာရိပုတ္တ အဓိမတ္တာ သီသေ သီသဝေဒနာ။"

အရှင်သာရိပုတ္တရာဘုရား။ ဥပမာနဲ့ပဲ လျှောက်ထားပရစေ။ အားကောင်းမောင်းသန်တဲ့ ယောကျ်ားတယောက်သည် အလွန်ခိုင်မာသော သားရေလွန်ကြိုးနဲ့ လူတယောက်မခေါင်းကို ပတ်ပြီးတော့ ဆွဲဆောင့်နေသလိုပဲ၊ တပည့်တော်ရဲ့ခန္ဓာကိုယ်မှာ ဘုရား အလွန်ဖောက်ပြန်တဲ့ ဝါယောဓာတ်တွေ ဖောက်ပြန်ပျက်စီးပြီးတော့ တခါတည်း တပည့်တော်ရဲ့ ခေါင်းမှာ သားရေလွန်ကြိုးကြီးနဲ့ ဆွဲပတ်ပြီး ဆောင့်နေသလိုပဲ၊ တပည့်တော်ရဲ့ ဦးရစ်ခေါင်းခဲနာဟာ ဒါလောက်ပဲ ပြင်းထန်ပါတယ်ဘုရား။ သုံးအချက်က—

"သေယျထာပိ ဘန္တေ သာရိပုတ္တ ဒက္ခော ဂေါဃာတကော ဝါ၊ ဂေါဃာတကန္တေဝါသီ ဝါ တိဏှေန ဂေါဝိကန္တနေန ကုစ္ဆိံ ပရိကန္တေယျ။ ဧဝမေဝ ခေါ မေ ဘန္တေ သာရိပုတ္တ အဓိမတ္တာ ဝါတာ ကုစ္ဆိံ ပရိကန္တန္တိ။"

အရှင်ဘုရား ဥပမာနဲ့ လျှောက်ရယင် နွားသတ်မှု လိမ္မာကျွမ်းကျင်တဲ့ နွားသတ်သမား၊ နွားသတ်သမားရဲ့ တပည့်သည် မိမိ၏ ထက်လှစွာသော နွားကို လှီးတဲ့ ဓားဖြင့် ဝမ်းဗိုက်ကို ဖောက်ခွဲလိုက်သလို လှီးပစ်လိုက်သလို တခါတည်း ဖြတ်ပစ်လိုက်သလိုပဲ တပည့်တော်ရဲ့ ဝမ်းထဲမှာ အလွန်ဖောက်ပြန်တဲ့ ဝါယောဓာတ်တွေဟာ တခါတည်း ဓားနဲ့များ လှီးနေသလား အောက်မေ့ရတယ်၊ အဲဒါလောက် ပြင်းပြင်းထန်ထန် နှိပ်စက်နေပါတယ်ဘုရား။

**"န မေ ဘန္တေ သာရိပုတ္တ ခမနီယံ၊ န ယာပနီယံ။"**

**သို့ရကား** တပည့်တော် ရောဂါဒဏ်မခံနိုင်အောင် ရှိပါတယ်။ ဣရိယာပထ မမျှတပါဘူးဘုရား။ တပည့်တော်ရဲ့ ရောဂါဝေဒနာသည် တိုးယင်သာတိုးတယ်၊ နောက်မဆုတ်ဘူးဘုရား။ ထိုဝေဒနာများ နောက်ဆုတ်ဖို့အရိပ်မယောင်၊ တိုးတက်ဖို့အရေးသာ မြင်ရပါတယ်ဘုရား။ **စတုတ္ထ လေးအချက်ကို** ဆက်လျှောက်တယ်။

"**သေယျထာပိ ဘန္တေ သာရိပုတ္တ ဒွေ ဗလဝန္တော ပုရိသာ ဒုဗ္ဗလတရံ ပုရိသံ နာနာဗာဟာသု ဂဟေတွာ အင်္ဂါရကာသုယာ သန္တာပေယျုံ သမ္ပရိတာပေယျုံ။ ဧဝမေဝ ခေါ မေ ဘန္တေ သာရိပုတ္တ အဓိမတ္တော ကာယသ္မိံ ဒါဟော"။

အရှင်ဘုရား ဥပမာနဲ့ လျှောက်ထားပါရစေ၊ အားကောင်း မောင်း **သန်**တဲ့ ယောကျ်ား နှစ်ယောက်ဟာ အားနည်းတဲ့ ယောကျ်ား **တယောက်**ကို ဘယ်ဘက်လက်ကတယောက် ညာဘက်လက်က တယော**က်** မရုန်းနိုင်အောင် ခိုင်ခိုင်မြဲမြဲကြီး ဆုပ်ပြီးတော့ မီးပုံကြီး ထဲမှာ ရှေ့ကကင်လိုက် နောက်ကကင်လိုက် လှည့်ကင်နေသလိုပဲဘုရား တဲ့၊ တပည့်တော်ရဲ့ ခန္ဓာကိုယ်မှာ ဒါဟခေါ်တဲ့ **တောဇောမီးကြီး**ဟာ အပြင်းအထန် လောင်နေပါတယ်။ ဟို ဒုနှင်က မီးကြီးပူသလိုပေါ့၊ **တကိုယ်**လုံးပူပြီးတော့ ဒါဟတောဇောကြီး လောင်နေတယ်ဘုရား။ လျှောက်တော့— ဒီလိုလျှောက်တဲ့အလျှောက်မျိုး လူမမာ ကလျှောက်ယင် အဲဒီ လူမမာဟာ သေကြပါစို့၊ **အသက်ချွေနဲ့ရောဂါမျိုးမှ ဒီလိုလျှောက်ချက်မျိုး လျှောက်လေ့ရှိတာ အရှင်သာရိပုတ္တရာက သိတယ်။**

ကျောင်းဒါယကာကြီးလျှောက်ကတည်းက အော် ကျောင်းဒကာ ကြီးစွဲကပ်တဲ့ ရောဂါကတော့ အသက်ကို ခြွေမဲ့ရောဂါ။ ဤအခါမျိုးမှာ ဒီပြင်မဂ်ဖိုလ်ကျေးဇူး မများတဲ့ မင်းစကား စိုးစကား တိုင်းစကား ပြည်စကား ဒါတွေအလကားပဲ။

ဒီလိုအခါမျိုးမှာ တရားစကားအရေးကြီးတယ်။ ဒီအခါမျိုးမှာ တရားကျင့်ဖို့အရေးကြီးတယ်၊ ဒီတော့ သူ့ကို တရားကျင့်ဖို့ပဲ ငါ အနည်းနည်းဟောမယ် ဆိုပြီး ဒီကနောက် အရှင်သာရိပုတ္တရာကလဲ တရားချည်းဟောတယ်။

**လူနာ အနာထပိဏ်အား ဟောသည့် အရှင်သာရိပုတ္တရာ၏ တရား ၁၀ မျိုး**

"တသ္မာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ"။

ကျောင်းဒါယကာကြီး ထိုသို့ရောဂါဒဏ် မခံနိုင်အောင်ရှိရကား အသင်ကျောင်းဒါယကာကြီးသည် ဤသို့မြဲမြံ အဓိဋ္ဌာန်၍ အဓိပညာ သိက္ခာ ဝိပဿနာတရား ပွားများကြိုးကုတ် အားထုတ်ပါလေ၊ဘယ်လို မြဲမြံ အဓိဋ္ဌာန်၍ အားထုတ်ရမလဲ။

"န စက္ခုံ ဥပါဒိယိဿာမိ၊ န စ မေ စက္ခုနိဿိတံ ဝိညာဏံ ဘဝိဿတီ' တိ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ။"

**စက္ခုပသာဒစသည်၌ ဝိပဿနာရှုနည်း (၁)**

ကျောင်းဒါယကာကြီး၊ ငါသည်မျက်စိတွင်မည့် ရုပ်အကြည်ကို တဏှာနဲ့လဲ မစွဲလမ်းအောင်ဟဲ့၊ ဒိဋ္ဌိနဲ့လဲမစွဲလမ်းအောင်ဟဲ့၊ ထိုမျက်စိ ခေါ်တဲ့အကြည်ရုပ်ကလေးကို အာရုံပြုပြီးတော့ ငါ့မျက်စိ ငါ့မျက်စိ ငါ့မျက်စိနဲ့ တဏှာနဲ့မှီတဲ့စိတ်၊ ငါ ငါ ငါ နဲ့ မာနနဲ့မှီတဲ့စိတ်၊ မျက်စိကို

လက်ညှိုးထိုးကိုးပြီး တချို့ပြောတတ်တယ်။ ငါက္ခ ငါ ငါ ငါနဲ့ပြောတတ်တယ်။ ကျုပ် သည်မျက်စိကိုငါလို့စွဲပြီး တိုက်ရိုက်ပြောတယ်။ အဲဒီလို တဏှာနဲ့ မှီတဲ့စိတ်၊ မျက်စိကိုပင် ငါ့လိပ်ပြာလို့ ပြောဆိုတဲ့ ဒိဋ္ဌိနဲ့ မှီတဲ့ စိတ်များ တဆိတ်ကမှ မဖြစ်အောင်ဟဲ့လို့ အဲဒီလို မြဲမြဲအဓိဋ္ဌာန် ဆောက်တည်ပြီးသကာလ အဓိပညာသိက္ခာ ဝိပဿနာတရား ပွားများကြိုးကုတ် အားထုတ်ပါလေ။

န သောတံ ဥပါဒိယိဿာမိ။ န ဃာနံ....န ဇိဝှံ.... န ကာယံ....န မနံ ဥပါဒိယိဿာမိ၊ န စ မေ မနောနိဿိတံ ဝိညာဏံ ဘဝိဿတီ’တိ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ။

ကျောင်းဒါယကာကြီး၊ငါသည် နားဟုတွင်မည် သောတပသာဒရုပ် အကြည်ကိုလည်းကောင်း၊နှာခေါင်းတွင်မည် ဃာနပသာဒရုပ် အကြည် ကိုလည်းကောင်း၊ဇိဝှါ တွင်မည်တဲ့ လျှာရုပ်အကြည်ကိုလည်းကောင်း၊ ကိုယ်လို့ခေါ်တဲ့ ကာယပသာဒရုပ်အကြည်ကိုလည်းကောင်း၊ မနောလို့ ခေါ်တဲ့ စိတ်ဝိညာဏ် အကြည်ကိုလည်းကောင်း၊ ငါသည် တဏှာဒိဋ္ဌိနဲ့ မစွဲလမ်းအောင် ဒီစိတ်အကြည် ဝိညာဏ်ကို အာရုံပြုပြီးတော့ တဏှာနဲ့ မာနနဲ့ ဒိဋ္ဌိနဲ့ မှီတဲ့ လောဘမူစိတ်တွေ မဖြစ်အောင်ဟဲ့ ဆုံးပြီးတော့ ဝိပဿနာတရား ပွားများကြိုးကုတ် အားထုတ်ပါလေ။

အဲဒီလို ပြောလိုက်တယ်ဆိုယင်ပဲ အနာထပိဏ် သဋ္ဌေးကြီးဟာ သူကတရားမဝေးဘူးနော်၊ သောတာပန်အရိယာဆိုတော့ တခါတည်း တရားကျင့်ပုံပါ သိသွားတယ်။ ဘယ်လိုလဲ—

စက္ခုံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ။ သောတံ....ဃာနံ....ဇိဝှါ ကာယော.... မနော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမ၊ နေသော ဟမသ္မိ၊ နမေသော အတ္တာ။

သူနှလုံးသွင်းလိုက်တယ်။ အခုဟာ သူနှလုံးသွင်းတာ။ အခု အတိုင်းရွတ်ပြီးတော့ အနာထပိဏ်သူဌေးကြီးဟာ နှလုံးသွင်းတယ်။ ဒါဖြင့်ကောင်းပြီ၊ သူနှလုံးသွင်းတာဘာတွေလဲ။ မျက်စိရယ် နားရယ် နှာရယ် လျှာရယ် ကိုယ်ရယ် စိတ်ရယ်။ ဒီ အတွင်းအာယတနခြောက် ပါးကို အနိစ္စ ဒုက္ခ အနတ္တတွေလို့ရှုတာ၊ အဲဒီလိုရှုယင် ဒီမျက်စိကိုဖြစ်စေ နားကိုဖြစ်စေ နှာ လျှာ ကိုယ် စိတ် ဒီ ဒွါရခြောက်ပါး အပေါ်မှာ ဘယ်လိုနည်းနဲ့မှ တဏှာနဲ့လဲ မစွဲလမ်းတော့ဘူး ဒိဋ္ဌိနဲ့လဲပဲ မစွဲလမ်း တော့ဘူး။ ဒီတဏှာဒိဋ္ဌိ မာနတို့နဲ့မှီတဲ့ လောဘမူစိတ်လဲ မဖြစ်တော့ဘူး။

မဖြစ်အောင်လုပ်ဆိုတာ အဲဒီ ဒွါရခြောက်ပါး ကမ္မဋ္ဌာန်းကို စီးဖြန်းပါလို့ ပြောတာ။ ပြောတဲ့အတိုင်း အနာထပိဏ်သူဌေးသည် စီးဖြန်းတယ်။စီးဖြန်းလို့လဲပဲ အဲဒီဘာဝနာစိတ်ကြောင့် အလွန်အေးမြ ချမ်းသာမှုကိုရလာတယ်။ရောဂါဝေဒနာကို အခုက်အတန့်ပယ်ဖျောက် တယ်၊ သက်သာရာရတယ်။ အမှန်က ဒီကရွတ် ဟိုကနာလို့ ကြည်ကြည် ညိုညို နာလို့ရှိယင် ဒီ အသက်ကို ချွေမဲ့ရောဂါမဟုတ်ယင် ဒီလို နှလုံးသွင်းတာနဲ့ပဲ ပျောက်သွားနိုင်တယ်။ ရောဂါကို ပျောက်သွားနိုင် တယ် နော် ဆေးမစားပဲနဲ့။

ဓမ္မဆေးလို့ဆိုပါစို့၊ အဲဒီသဘောရှိတယ်။ တရားနှလုံးသွင်းပြီးတဲ့ ပုဂ္ဂိုလ်များ လက်တွေ့ ကိုယ်စီကိုယ်ငှ တွေ့ဖူးကြတယ်။ အခု လဲပဲ အနာထပိဏ်သူဌေး နှလုံးသွင်းသလို တို့လဲပဲ နှလုံးသွင်းချင်ပါဘိ၊ တပည့်တော်တို့ ရေးပေးပါ၊ တပည့်တော်တို့ ညွှန်ပြပေးပါဆိုယင် တပည့်တော်တို့ကို ကိုယ်တော်တို့ နှလုံးသွင်းတဲ့အတိုင်းလို့ဆိုတော့ ကိုယ်တော်တို့က ပါဠိလို နှလုံးသွင်းတယ်။ ဒီ ဒါယကာဒါယိကာမတွေ ပါဠိလိုပြော ရေးပြီးတော့ ရော့ ဒါရအောင်ကျက်၊ ဒီဟာကို နှုတ်က ဆိုပြီးတော့ နှလုံးသွင်းဆိုလို့ ရဟန်းတွေပဲသိတယ် နော်။

ဒီတော့ နှလုံးသွင်းကြဆိုတော့ ပါဠိလို နှလုံးသွင်းလို့ ဗုဒ္ဓဘာသာသူတော်စင်တွေ ဘယ်သိမလဲ။ မြတ်စွာဘုရား တရားဟောတဲ့အခါ မြတ်စွာဘုရားက ပါဠိ မာဂဓီဘာသာနဲ့ဟောတယ်။ မြတ်စွာဘုရား တရားပွဲမှာ လူမျိုးစုံ တရားနာတယ်။ အဲဒီ တရားနာကြတဲ့ လူမျိုးတရာ့တပါး ကိုယ်စီကိုယ်ငှ မိမိတို့ ဘာသာနဲ့ သာယာနာပျော်ဖွယ်ကို ကြားနေရသတဲ့။ ကဲ-ကဲ ဆိုကြပါစို့၊ ဥပမာ ဗမာက တရားနာတယ် ဗမာဘာသာနဲ့ ကြားရတယ်။ တရုတ်ကနာယင် တရုတ်ဘာသာနဲ့ကြားရတယ်၊ အင်း ကရင်ကနာယင် ကရင်ဘာသာနဲ့ ကြားရတယ်။ ရှမ်းကနာယင် ရှမ်းဘာသာနဲ့ ကြားရတယ်တဲ့။ မြတ်စွာဘုရားရဲ့ အသံဟာ အဲဒါလောက်ဆန်းပါတယ်။

ဒီတော့ ဘုရားဟောယင်လဲပဲ မိမိတို့ နားထဲမှာ ဘုရားဟောတဲ့အသံဟာ ဒီအတိုင်း မြန်မာဘာသာလို ကြားမှာပဲ၊ ကြားတဲ့အတိုင်းတို့နှလုံးသွင်းမယ် ဆိုပြီးတော့ ဟော မျက်လွှာကို ချ၊ ဓမ္မထဲ စိတ်ကပ်ထား၊ ရှေ့ကနေ ဘုန်းကြီးက တိုင်တည်ပေးမယ်။ သို့သော် နဲနဲလေး ရှင်းကြအုံးစို့ ရှင်းအောင်ပြောမယ်၊ နှလုံးသွင်းလို့ ကောင်းအောင်။

မျက်စိတွင်မည် ရုပ်အကြည်ကားလို့ ဆိုတဲ့အခါ ညီညီဆိုယင်း စိတ်ကို တခါတည်း ခန္ဓာကိုယ် အထက်ပိုင်း မျက်လုံးထဲမှာ စိတ်ကို ပစ်ထား။ သမ္ဘာရစက္ခုကြီးဟာ ပသာဒစက္ခု မဟုတ်ဘူးနော်၊ ဒီ သမ္ဘာရမျက်လုံးကြီးပဲ ဘာမှ စက္ခုပသာဒ မဟုတ်ဘူး။ အဲဒီ မျက်လုံးရဲ့ အလယ်ခေါင်မှာ မျက်လွှာ ခုနစ်ထပ်ကို နှံ့၍တည်တဲ့ သန်းဦးခေါင်းခန့် ပမာဏ ရုပ်သဘာဝရှိတယ်။

**မျက်စိတွင်မည်** ရုပ်အကြည်လည်းကောင်း လို့ဆိုယင် သန်း ဦးခေါင်းခန့် ပမာဏရှိသော မျက်စိအကြည်လေးကို စိတ်ထဲ ကပ်ရောက်ပါ။

(ဤဆောင်ပုဒ်လက်ာနှင့် တရားအဓိပ္ပာယ်များသည် စာမျက်နှာ ၆၇-နှင့် ၆၉-၌ ပါဝင်ပြီး ဖြစ်ပါသည်၊ အဇ္ဈတ္တိကာယ-တန ၆-ပါးအတွက်)

**အနာထပိဏ်** သဌေးကြီး ပါဠိလို့ရွတ်ပြီး နှလုံးသွင်းသလို မိမိတို့လဲ မြန်မာလင်္ကာဖြင့် ဘုရားဟောတဲ့အခါ နားထဲကြားမယ့် ကိုယ့်ဘာသာ ကိုယ့်လင်္ကာဖြင့် ကိုယ်နှလုံးသွင်းလို့ **အသိဉာဏ်ပေါက်ပြီ** ထားပါစို့။ တခုပြီးယင် ပြီးလိုက်ပါလား၊ မဟုတ်ဘူး။ အရှင်သာရိ-ပုတ္တရာက နောက်ဒုတိယ **လာပြန်တယ်။**

**ရူပါရုံသဒ္ဒါရုံစသည်၌ ဝိပဿနာရှုနည်း (၂)**

တသ္မာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ။

ကျောင်းဒါယကာကြီး ထိုသို့ ရောဂါဒဏ် မခံနိုင်အောင်ရှိရကား အသင် ကျောင်းဒါယကာကြီးသည် ဤကဲ့သို့ မြဲမြဲမြံမြံ စိတ်က မှတ်သားပြီးတော့ ဝိပဿနာတရား ပွားများကြိုးကုတ် **အားထုတ် စမ်းပါ။** ဘယ်လို နှလုံးသွင်းရမလဲ။

"န ရူပံ ဥပါဒိယိဿာမိ၊ န သဒ္ဒံ....န ဂန္ဓံ...န ရသံ.... န ဖောဋ္ဌဗ္ဗံ....န ဓမ္မံ ဥပါဒိယိဿာမိ။ န စ မေ ရူပနိဿိတံ ဝိညာဏံ ဘဝိဿတိ။ န စ မေ သဒ္ဒနိဿိတံ....ဂန္ဓနိဿိတံ.... ရသနိဿိတံ....ဖောဋ္ဌဗ္ဗနိဿိတံ....ဓမ္မနိဿိတံ ဝိညာဏံ ဘဝိဿ-တီတိ၊ ဧဝံ ဟိ တေ **ဂဟပတိ သိက္ခိတဗ္ဗံ**"

ကျောင်းဒါယကာကြီး စိတ်ထဲ ဟောဒီလို နှလုံးသွင်းစမ်းပါ။ ငါ သည် အဆင်းမျိုးစုံ ရူပါရုံကိုလဲပဲ တဏှာနဲ့ ဒိဋ္ဌိနဲ့ မစွဲလမ်းအောင်ဟဲ့၊ ထိုအဆင်းမျိုးစုံ ရူပါရုံကို အာရုံပြုပြီးတော့ တဏှာ မာန ဒိဋ္ဌိတို့နဲ့ မှီတဲ့ စိတ် မဖြစ်အောင်ဟဲ့။ အသံမျိုးစုံ သဒ္ဒါရုံကိုလည်းကောင်း အနံ့ မျိုးစုံ ဂန္ဓာရုံကိုလည်းကောင်း အရသာမျိုးစုံ ရသာရုံကိုလည်းကောင်း အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကိုလည်းကောင်း ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို လည်းကောင်း အာရုံပြုပြီးတော့ တဏှာနဲ့ မစွဲလမ်းအောင် ဒိဋ္ဌိနဲ့ မစွဲ လမ်းအောင်ဟဲ့ တဏှာ မာန ဒိဋ္ဌိတို့ဖြင့် မှီတဲ့ လောဘမူစိတ်တွေ မဖြစ်အောင်ဟဲ့လို့အဲဒီလို စိတ်ကမြဲမြဲ အဓိဋ္ဌာန်ပြီးတော့ဝိပဿနာတရား ပွားများကြိုးကုတ် အားထုတ်ကျင့်စမ်းပါ ကျောင်းဒါယကာကြီး။

အဲဒီလို ဝိပဿနာတရား ပွားများကြိုးကုတ် အားထုတ်လို့ရှိယင် ရုပ်နာမ်သဘောကို မြင်တဲ့အမြင် ဒီရောဂါ ဓာတုက္ခောဘ=ဓာတ် ခြောက်ခြားတဲ့ရော်ဂါတွေဟာ အဖြစ်နည်းပြီးတော့ စိတ္တဇရုပ်အကြည်တွေ ကိုယ်မှာဖြစ်ပြီးတော့ ရောဂါသက်သာလာမယ် အမှန်ပဲ။ ဒီတော့ ကျောင်းဒါယကာကြီးက အရှင်သာရိပုတ္တရာ ညွှန်ပြတဲ့အတိုင်း အနု ဒုတိယအကြိမ် အာရုံခြောက်ပါး ကမ္မဋ္ဌာန်းကို ရှုတယ်။

> "ရူပါ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေ သော အတ္တာ။ သဒ္ဒါ ဂန္ဓာ ရသာ ဖောဋ္ဌဗ္ဗာ ဓမ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ။"

သူတို့က ပါဠိပြောတာ။ ပါဠိလို သူတို့က ဒါ ရွတ်လို့လဲပဲ သူတို့က အရသာတွေ့တယ်။ ကနေ့ ဗုဒ္ဓဘာသာ သူတော်စင်တွေ ဒီပါဠိ ရွတ် ပြီးတော့ နှလုံးသွင်းကြပါ အရသာတွေ့ပါလိမ့်မယ် ပြောလို့ ဘယ်ဖြစ် မလဲ၊ ကိုယ်က ပါဠိမှ မကျွမ်းကျင်ပဲ။ ဒီတော့ ကိုယ်ကျွမ်းကျင်တဲ့

မြန်မာလက်ာနဲ့ မြန်မာဘာသာ မြန်မာလက်ာနဲ့ ဘုရားပေါ့ယင်လဲပဲ ထို့အတူ မြန်မာလို ကြားတယ်။ ကြားမယ့်အတိုင်း နှလုံးသွင်းရ အောင်။ ဒီတခါ အာရုံခြောက်ပါး ကမ္မဋ္ဌာန်း။ တနည်းအားဖြင့် ဗာဟိရာယတန ကမ္မဋ္ဌာန်းလို့ ခေါ်တယ်။ အပြင်အာယတန ခြောက်ပါး ကမ္မဋ္ဌာန်း။

ဆိုပါစို့ရှဲ၊ ဒီအပြင်အာယတန အဆင်း အသံ အနံ့ အရသာ အတွေ့ အတိ ဓမ္မသဘော-ဒီ အာရုံခြောက်ပါးကို အနိစ္စ ဒုက္ခ အနတ္တလို့ ရှုနေယင် ဒီအာရုံခြောက်ပါးကို ဘယ်လိုနည်းနဲ့မှ တဏှာနဲ့လဲ မစွဲလမ်း တော့ဘူး။ ဒိဋ္ဌိနဲ့ မစွဲလမ်းတော့ဘူး။ မိမိက ဝိပဿနာနဲ့သာ နေနေ၊ ဒီအာရုံခြောက်ပါးကို ဝိပဿနာနဲ့သာ ရှုနေ၊ ဘယ်တော့မှ တဏှာ နဲ့ ဒိဋ္ဌိနဲ့ မာနနဲ့ မှီတဲ့စိတ်တွေ မဖြစ်ရဘူးတဲ့။ မဖြစ်အောင် ဒီအာရုံ ခြောက်ပါးကိုပဲ အနိစ္စ ဒုက္ခ အနတ္တရှုလို့ ပြောတာ။

အဲ ရှုရအောင်၊ ဘုန်းကြီးတို့ ဆိုတဲ့အခါ **အဆင်းတွင်မည် ရုပ်ထိုဤကား** လို့ ဘယ့်နှယ်ကြောင့် ထိုထို ဤဤ ပြောရသလဲ။

(ဤဓမ္မလင်္ကာနှင့် အဓိပ္ပာယ် ဤကျမ်းစာမျက်နှာ (၆၈) တွင် ပါပြီးဖြစ်သည်၊ ဗာဟိရာယတနအတွက် ၆-ပါး)

အဲဒီလို နှလုံးသွင်း၊ ဒီလို နှလုံးသွင်းနေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတယောက် သန္တာန်မှာ ဘယ်လိုနည်းနဲ့မှ ဒီအာရုံ ခြောက်ပါးကို တဏှာနဲ့လဲ မစွဲလမ်းဘူး၊ ဒိဋ္ဌိနဲ့လဲ မစွဲလမ်းဘူး။ တဏှာ ဒိဋ္ဌိနဲ့ မစွဲလမ်းအောင် ဆိုယင် အခုပြောတဲ့အတိုင်းပဲ ဝိပဿနာ ကမ္မဋ္ဌာန်း စီးဖြန်း နှလုံးသွင်းရမယ်။ အေး ဒါ ဒုတိယ တနည်းပြီးပြန် ပြီ။

ကဲ ကောင်းပြီ။ ပဋိစ္စသမုပ္ပါဒ် မျက်စိနဲ့ကြည့်။

“စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။”

စက္ခုံစ၊ မျက်စိတွင်မည့် ရုပ်အကြည်ကိုလည်းကောင်း။ ရူပေ စ၊ အဆင်းတွင်မည့် ရုပ်ထို့ဤတို့ကို လည်းကောင်း။ ပဋိစ္စ၊ အစွဲပြု၍ အကြောင်းပြု၍။ စက္ခုဝိညာဏံ၊ မျက်စိ၌မှီ၍ မြင်မှုဆိုတဲ့ စက္ခုဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ကေန်ထင်ရှား ဖြစ်ပွား၍ လာလေ၏။

မျက်စိနဲ့ အဆင်းနဲ့နှစ်ခု တော်ဆုံမိယင် မီးခတ်ကျောက်နဲ့ မီးခတ်တန်နဲ့ ခိုက်မိ ပွတ်မိ တိုက်မိလိုက်တော့ ဖွားကနဲ မီးပွားလေး ဖြစ်လာတယ်။ ဒါလိုပဲ၊ မျက်စိနဲ့ အဆင်းဆုံမိပြီ တိုက်မိ ခိုက်မိပြီဆိုယင် စက္ခုဝိညာဏ် အမြင်စိတ်ဆိုတဲ့ မီးပွားပွင့်တယ်။ ထို့အတူ နားနဲ့ အသံ တော်ဆုံမိယင် သောတဝိညာဏ် အကြားစိတ် မီးပွားပွင့်တယ်။ နှာခေါင်းနဲ့ အနံ့ တော်ဆုံမိယင် ဃာနဝိညာဏ် အနမ်းစိတ် မီးပွားပွင့်တယ်။ လျှာနဲ့ အရသာ တော်ဆုံမိယင် ဇိဝှာဝိညာဏ်ဆိုတဲ့ အစားစိတ် မီးပွားလေးပွင့်တယ်။ ကိုယ်နဲ့ အတွေ့ တော်ဆုံလို့ရှိယင် ကာယဝိညာဏ်ဆိုတဲ့ အထိစိတ်မီးပွားလေးပွင့်တယ်။ စိတ်ဆိုတဲ့ မနောဒွါရနဲ့ ဓမ္မာရုံနဲ့သွားပြီးတော့ တော်ဆုံမိကြပြီဆိုယင် အကြောင်းတိုက်ဆိုင် တိခိုက်ကြပြီဆိုလို့ရှိယင် မနောဝိညာဏခေါ်တဲ့ အသိစိတ် ပေါ်တယ်။ တရိတ်ရိတ် တဖွားဖွား ဖြစ်တယ်။

အေး အဲဒါကို အနာထပိဏ်သဌေးတို့ကျတော့ ကောင်းကောင်းကြီး မြင်နေတယ်နော်။ သောတာပန် အရိယာကိုး။ ဒီတော့ ဒီတခါ ဝိညာဏ်ခြောက်ပါး ကမ္မဋ္ဌာန်းဖော်မှာပဲ။ ဒီ ပဋိစ္စသမုပ္ပါဒ် အစဉ်အလာလဲ ဒီအတိုင်းပဲ သွားရမယ်။ အေး ဒီတော့ အရှင်သာရိပုတ္တရာက—

တသ္မာ တိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ။

ကျောင်းဒါယကာကြီး ထို့သို့ ရောဂါဒဏ် မခံနိုင်အောင် ရှိရကား အသင်ကျောင်းဒါယကာကြီးသည် ဤသို့မြဲမြံ အစဉ်ဌာန်၍ ဝိပဿနာ တရား ပွားများကြိုးကုတ် အားထုတ်ပါ။ အားထုတ်ယင် ရောဂါဒဏ် သက်သာပြီးတော့ တရားတွေယင်လာလိမ့်မယ်။ ဘယ်လိုလဲ—

## ဝိညာဏ် ၆-ပါး၌ ဝိပဿနာရှုနည်း(၃)

န စက္ခုဝိညာဏံ ဥပါဒိယိဿာမိ၊န သောတဝိညာဏံ ဥပါ-ဒိယိဿာမိ၊ န ဃာနဝိညာဏံ ဥပါဒိယိဿာမိ၊ န ဇိဝှါဝိညာ-ဏံ ဥပါဒိယိဿာမိ၊ န ကာယဝိညာဏံ ဥပါဒိယိဿာမိ၊ န မနောဝိညာဏံ ဥပါဒိယိဿာမိ၊

န စ မေ မနောဝိညာဏနိဿိတံ ဝိညာဏံ ဘဝိဿတီ-တိ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ။

ကျောင်းဒါယကာကြီး နှလုံးသွင်းပုံကဖြင့်—

ငါသည် မျက်စိ၌ မှီ၍ဖြစ်တဲ့ မြင်မှုဆိုတဲ့ ဝိညာဏ်ကိုလည်း ကောင်း၊ နား၌မှီ၍ဖြစ်တဲ့ ကြားမှုဆိုတဲ့ ဝိညာဏ်ကိုလည်းကောင်း၊ နှာခေါင်း၌ မှီ၍ဖြစ်တဲ့ နမ်း ရှူမှုဆိုတဲ့ ဝိညာဏ်ကိုလည်းကောင်း၊ လျှာ၌ မှီ၍ဖြစ်တဲ့ လျက်မှု စားမှုဆိုတဲ့ ဝိညာဏ်ကိုလည်းကောင်း၊ ကိုယ်၌ မှီတဲ့ ဖြစ်တဲ့ ထိမှုဆိုသော ဝိညာဏ်ကိုလည်းကောင်း။ စိတ်တည်းဟူသော ထူးချွန်၍ သိခြင်းတည်းဟူသော မနောဝိညာဏ်-ဘာတွေဖြစ်သလဲ။

အဲဒီဖြစ်တဲ့ စက္ခုဝိညာဏ် သောတဝိညာဏ် ဃာနဝိညာဏ် ဇိဝှါ-ကာယ-မနောဝိညာဏ်ဒီဝိညာဏ်ခြောက်ပါးတရားအစုဟာ ဘာမှမြဲတာ မဟုတ်ဘူး။မမြဲတဲ့ အနိစ္စ ဆင်းရဲတဲ့ဒုက္ခ, အစိုးမရတဲ့ အနတ္တ။ငါ့ဥစ္စာ

မဟုတ်၊ ငါမဟုတ်၊ ငါ့လိပ်ပြာမဟုတ်ဆိုတဲ့ ဒီသဘောကို မြင်နေယင် ဘယ်လိုနည်းနဲ့မှ ဒီ ဝိညာဏ်ခြောက်ပါးကို ဒီပုဂ္ဂိုလ် သွားပြီးတော့ အတ္တစွဲ မစွဲတော့ဘူး။ တနည်းအားဖြင့် ဝိညာဏ်ခြောက်ပါးကို ဘယ် လိုနည်းနဲ့မှ တဏှာနဲ့လဲ မစွဲလမ်း ဒိဋ္ဌိနဲ့လဲ မစွဲလမ်းတော့ဘူး။ တဏှာ့,မာန,ဒိဋ္ဌိ မှီတဲ့ အကုသိုလ်စိတ် လောဘမူစိတ် ဖြစ်ကိုမဖြစ်ဘူး။

ဒီတော့အဲဒီလို ရှေကပြောလိုက်တယ်ဆိုယင် ကျောင်းဒါယကာကြီး က နေမကောင်းဘူး။ ဘုရားနာယင်းက သူကနှလုံးသွင်းလိုက်တယ်။

စက္ခုဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ၊နေတံ မမ၊နေသော- ဟမသ္မိ၊ န မေ သော အတ္တာ။ သောတဝိညာဏံ-ဃာန ဝိညာဏံ-ဇိဝှါဝိညာဏံ-ကာယဝိညာဏံ-မနောဝိညာဏံ အနိစ္စံ- ဒုက္ခံ အနတ္တာ၊နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ။

သူ့မှာတော့ နှလုံးသွင်းလို့အင်မတန်ကောင်းတယ်။ ပါဠိလို ဒီလို နှလုံးသွင်းလိုက်တယ်။ ဗမာကျတော့ ဗုဒ္ဓဘာသာသူတော်စင် တွေကျတော့ မြန်မာလို မြန်မာလက်ာနဲ့ နှလုံးသွင်းရအောင် အားလုံးလိုက်ဆိုကြ။

(မျက်စိ၌မှီ၊ ဝိညာဏ်သည်ကား စသည် ရှေးနှင့်တူပြီ)

ဝိညာဏ်ခြောက်ပါးကမ္မဋ္ဌာန်း စီးဖြန်း၍ပြီးပြီ။ ဒီလိုသာ နှလုံး သွင်းနေ၊ ဘယ်လိုနည်းနဲ့မှ မြင်တဲ့စိတ် ကြားတဲ့စိတ် နမ်းရှူတဲ့စိတ် စားတဲ့စိတ် ထိတဲ့စိတ် သိတဲ့စိတ်ဆိုတဲ့ ဒီဝိညာဏ်ခြောက်ပါးကို တဏှာ နဲ့လဲမစွဲလမ်း၊ ဒိဋ္ဌိနဲ့လဲ မစွဲလမ်းတော့ဘူး။ တဏှာမာန ဒိဋ္ဌိတို့နဲ့ မှီတဲ့စိတ်လဲပဲ အခုလိုသာနှလုံးသွင်းနေ မဖြစ်တော့ဘူးနော်။ မဖြစ် အောင် ဝိပဿနာတရား အားထုတ်ပါလို့ ပြောတာ။

ကဲ သုံးခုရှိတယ်။ ပဋိစ္စသမုပ္ပာဒ်သဘောက-

စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။

စက္ခုရယ် ရူပါရုံရယ် စက္ခုဝိညာဏ်ရယ် သုံးပါးပေါင်းဆုံခြင်းကြောင့် အာရုံကို တွေ့ထိမှုဆိုတဲ့ "ဖဿ" သဘော ပေါ်လာတယ်။ အဲဒီ ဖဿကလဲပဲ မျက်စိဥ္ဌမှီ၍ အာရုံကိုတွေ့ထိတယ်။ မျက်စိအတွေ့၊ နားဥ္ဌမှီ၍ အာရုံကိုတွေ့ထိမှုကို နားအတွေ့။ နှာခေါင်းအတွေ့၊ လျှာအတွေ့၊ ကိုယ်အတွေ့ စိတ်အတွေ့။ အတွေ့ ဖဿ ခြောက်မျိုးရှိတယ်။ အဲဒီ ဖဿ ခြောက်မျိုးအလှည့်ရောက်ပြီ။

**ဖဿ ၆-ပါး၌ ဝိပဿနာရှုနည်း။(၄)**

အခု ကျောင်းဒါယကာကြီးကို အရှင်သာရိပုတ္တရာက–

တသ္မာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ၊ န စက္ခုသမ္ဖဿံ ဥပါဒိယိဿာမိ၊ န သောတသမ္ဖဿံ ဥပါဒိယိဿာမိ၊ န ဃာနသမ္ဖဿံ ဥပါယိဿာမိ။ န ဇိဝှါသမ္ဖဿံ ဥပါဒိယိဿာမိ။ န ကာယသမ္ဖဿံ ဥပါဒိယိဿာမိ၊ န မနောသမ္ဖဿံ ဥပါဒိယိဿာမိ။ န စ မေ မနောသမ္ဖဿနိဿိတံ ဝိညာဏံ ဘဝိဿတီတိ၊ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ။

အရှင်သာရိပုတ္တရာ က အေးအေးဆေးဆေး ကျောင်းဒါယကာကြီး တရားဟောပြတယ်။

ကျောင်းဒါယကာကြီး မိမိရဲ့စိတ်ထဲမှာ ဟောဒီလိုမြဲမြဲမြံမြံ အမိဋ္ဌာန် ဆောက်တည်လိုက်စမ်းပါ။ ငါသည် မျက်စိအတွေ့ကိုလဲပဲ ဘယ်လို

နည်းနဲ့မှ တဏှာနဲ့လဲ မစွဲလမ်းအောင် ဒိဋ္ဌိနဲ့လဲ မစွဲလမ်းအောင် ဟဲ့၊ နား၌ဖြစ်တဲ့အတွေ့ နားအတွေ့ကို လဲပဲ ဘယ်လိုနည်းနဲ့မှ တဏှာနဲ့ ဒိဋ္ဌိနဲ့ မစွဲလမ်းအောင်- နှာခေါင်း၌မှီ၍ ဖြစ်တဲ့အတွေ့ကိုလဲပဲ ဘယ်လိုနည်းနဲ့မှ တဏှာနဲ့ ဒိဋ္ဌိနဲ့ မမှီအောင် မစွဲလမ်းအောင်၊ လျှာ၌မှီ၍ ဖြစ်တဲ့အတွေ့ လျှာအတွေ့ကိုလဲပဲ ဘယ်လိုနည်းနဲ့မှ တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းအောင်၊ ကိုယ်အတွေ့ကိုလဲပဲ ဘယ်နည်းနဲ့မှ တဏှာ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းအောင်၊ စိတ်အတွေ့ခေါ်တဲ့ မနောအတွေ့ကိုလဲပဲ တဏှာ ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းအောင်ဟဲ့လို့ အဲဒီလို မြဲမြဲမြံမြံ အဓိဋ္ဌာန်ပြီးသကာလ အတွေ့ခြောက်ပါး–

စက္ခုသမ္ဖဿော အနိစ္စော၊ ဒုက္ခော၊ အနတ္တာ။ နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ။ သောတသမ္ဖဿော- ဃာနသမ္ဖဿော– ဇိဝှါသမ္ဖဿော– ကာယသမ္ဖဿော– မနောသမ္ဖဿော အနိစ္စော၊ ဒုက္ခော၊ အနတ္တာ။ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

ဖဿ ကမ္မဋ္ဌာန်း စီးဖြန်းတယ် ဆိုပါစို့။ အေး-ဖဿကမ္မဋ္ဌာန်းကို အနာထပိဏ်သဌေးကြီး စီးဖြန်းသလို ဓမ္မိတို့လဲဘဲ ဤ ဖဿ ခြောက်ပါး ကမ္မဋ္ဌာန်းစီးဖြန်းရမယ်။ ဘာပြုလို့လဲ ဒီ ဖဿ ဆိုတဲ့ တရားဟာ နာမ်တရားဘက်က စဉ်းစားယင် အလွန်ထင်ရှားတဲ့ တရား။

ဆိုကြပါစို့ လူတယောက် အဆင်းမြင်တယ်။ ကိုယ်မကြိုက်တဲ့ အဆင်းမြင်ပြီဆိုယင် ဟာ ဒီအဆင်းကို မတွေ့ပါဘူးလို့ ပြောတယ်၊ မတွေ့ ဘယ်ဟုတ်မလဲ၊ တွေ့တယ်။ တွေ့လိုက်တာမှ ဒုက္ခဝေဒနာဖြစ် အောင် တွေ့တဲ့အတွေ့နော်။ ကိုယ်ကြိုက်တဲ့ ကိုယ်နှစ်သက် တဲ့ အဆင်း ဆိုလို့ရှိယင် အမယ်မင်း အဲဒါလေး မျက်စိထဲ

တွေ့လွန်းလို့၊ တခါတည်းယူမသွားပါနဲ့၊ ကြာကြာပြထားစမ်းပါ။ အဲဒီလိုပဲ အသံနဲ့ပတ်သက်လို့ နားထဲမှာ ကိုယ်အလိုရှိတဲ့ အသံကြားတယ်။ ဒီ အသံကလေးဟာ နားထဲ သိပ်တွေ့တာပဲ။ အဲ–ကိုယ်မလိုချင်တဲ့ အသံကျတော့ ဒီအသံကြီး ဖယ်လိုက်စမ်းပါ၊ နားထဲ မတွေ့လွန်းလို့၊ ကလောလွန်းလို့၊ အဲဒီလို ပြောကြတယ်။ ဘယ်ဟုတ်မလဲ-တွေ့လိုက်တာမှ နားကို ပွင့်မတတ်။ ဟုတ်လား-ကလောအောင် တွေ့တယ်။ မကောင်းတဲ့ အတွေ့မို့လို့ မတွေ့ဘူးပြောတာ။ ထို့အတူ အနံ့နဲ့ ပတ်သက်လို့ ဟုတ်လား၊ နှာခေါင်းပေါ်မှာ အတွေ့တွေ့ရှိတယ်။ ဃာန အတွေ့ နှာခေါင်းအတွေ့နော်။ အရသာနဲ့ ပတ်သက်လို့ လျှာပေါ်မှာ တွေ့တဲ့ အတွေ့ လျှာအတွေ့။ အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံ။ တွေ့ရ ထိရတဲ့ ဖောဋ္ဌဗ္ဗာရုံ၊ အကြမ်းအနု အပူအအေး အပျော့အမာ ဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံ။

အဲဒီလို မျက်စိ၌ မှီတဲ့ အတွေ့၊ နား၌ နှာခေါင်း၌ လျှာ၌ ကိုယ်၌ မှီ၍ ဖြစ်တဲ့အတွေ့၊ စိတ်၌ မှီ၍ ဖြစ်တဲ့အတွေ့။ အတွေ့ခြောက်ပါး၊ ဒီဟာကို နှလုံးသွင်းပါ၊ ကျောင်းဒါယကာကြီး ဆိုတော့– သူကတော့ သူ့ဟာသူ–

"စက္ခုသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ။ နေတံ မမ။ နေသော-ဟမသ္မိ၊ န မေ သော အတ္တာ။ သောတ-သမ္ဖဿော - ဃာနသမ္ဖဿော-ဇိဝှါသမ္ဖဿော - ကာယသမ္ဖဿော-မနောသမ္ဖဿော အနိစ္စော ဒုက္ခော အနတ္တာ။ နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ။"

သူ နှလုံးသွင်းသလို တို့ သူ ငါ လဲပဲ- ပထမတပုဒ်ဖော်ပြီးတော့ ကျန်တဲ့ ငါးပုဒ်ကို ပေါင်းပြီးတော့ ဝိပဿနာ ရှုတဲ့ နည်းကတမျိုး၊ တနည်းအားဖြင့် တပုဒ်စီရှုယင် တပုဒ်စီပဲ ရှု။ ပေါင်းပြီးတော့-

နှလုံးသွင်းယင်လဲပဲ ပေါင်းပြီးတော့ နှလုံးသွင်းတဲ့ နည်းနဲ့ရှု။ ပေယျာလကန်တဲ့ နည်းနဲ့ကတော့ ဟို- ၎င်း ထိအောင် မသွားရဘူး။ ပမာပုံတခုဆိုပါစို့ -

မျက်စိ၌မှီ အတွေ့သည်ကား-နား၌စွဲမှီ အတွေ့သည်လည်းကောင်း၊ သို့မဟုတ် နား၌ စွဲမှီ အတွေ့သည်လဲ၊ နှာခေါင်း၌မှီ အတွေ့သည်လဲ လျှာ၌ စွဲမှီ အတွေ့သည်လဲ၊ ကိုယ်၌စွဲမှီ အတွေ့သည်လဲ၊မနော၌မှီ အတွေ့သည်လဲ လို့ အဲဒီလို စီစဉ်ထားရတယ်။ ဒါက ပေယျာ-လကန်တဲ့သဘော။ ပေယျာလကန်တာ မဟုတ်ပဲနဲ့ ပေါင်းပြီးတော့ ဆိုလိုက်တယ်။ အသံကတော့ ဒီဆန်ဆန်။

နား၌ စွဲမှီ အတွေ့သည်လည်းကောင်း၊နှာခေါင်း၌မှီ အတွေ့သည်လည်းကောင်း၊ လျှာ၌ စွဲမှီ အတွေ့သည်လည်းကောင်း၊ ကိုယ်၌စွဲမှီ အတွေ့သည်လည်းကောင်း-မနော၌မှီ အတွေ့သည်လည်းကောင်း လို့ ဒါလေးဆိုရအောင်။ အေး ဘာမှ မခက်ဘူး။ အာရုံစူးစမ်း ကြရအောင် ပေါင်း၍ စူးစမ်းရအောင်-

(မျက်စိ၌မှီ အတွေ့သည်ကား မြင့်ရှည်ကာလ စသည် ဖဿခြောက်ပါးလုံး ယခင်အတိုင်း။)

ဒါ ဖဿ ခြောက်ပါး ကမ္မဋ္ဌာန်းလို့ ခေါ်တယ်။ ဒီနည်းနဲ့ပဲ ရှုနေယင် မျက်စိအတွေ့ နားအတွေ့ လျှာအတွေ့ ကိုယ်အတွေ့ပေါ်မှာ တဏှာ ဒိဋ္ဌိနဲ့ မစွဲလမ်းတော့တာအမှန်ပဲ။ မစွဲလမ်းအောင် ဝိပဿနာ ရှုဆိုတာ ဒီတရားတွေကို အခုပြောသလို အနိစ္စ ဒုက္ခ အနတ္တ ရှုပါ၊ ရှုယင် တဏှာ ဒိဋ္ဌိနဲ့ မစွဲလမ်းဘူး။ ဒီ ဖဿခြောက်ပါးကို အာရုံပြုပြီးတော့ တဏှာမာနဒိဋ္ဌိနဲ့ မှီတဲ့ လောဘမူစိတ်တွေ မဖြစ်ဘူးတဲ့၊ မဖြစ်အောင် အနိစ္စ ဒုက္ခ အနတ္တ အရှုခိုင်းတာ။လေးပြီးတော့ ငါး-

ဝေဒနာ ၆-ပါး၌ ဝိပဿနာရှုနည်း (၅)

"တဿာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ။"

ကျောင်းဒါယကာကြီး ထိုသို့ ရောဂါဒုက္ခ မခံနိုင်အောင် ရှိရကား အသင် ကျောင်းဒါယကာကြီးသည် ဤသို့ မြဲမြံအမှတ်ထားနှ်၍ ဝိပဿနာ တရားပွားများ ကြိုးကုတ် အားထုတ်ပါလေ။ ဘယ်လိုတုံး—

> "န စက္ခုသမ္ဖဿဇံ ဝေဒနံ ဥပါဒိယိဿာမိ၊ န သောတသမ္ဖဿဇံ ဝေဒနံ ဥပါဒိယိဿာမိ၊ န ဃာနသမ္ဖဿဇံ ဝေဒနံ ဥပါဒိယိဿာမိ၊ န ဇိဝှါသမ္ဖဿဇံ ဝေဒနံ ဥပါဒိယိဿာမိ၊ န ကာယ သမ္ဖဿဇံ ဝေဒနံ ဥပါဒိယိဿာမိ၊ န မနောသမ္ဖဿဇံ ဝေဒနံ ဥပါဒိယိဿာမိ၊ န စ မေ မနောသမ္ဖဿဇာ ဝေဒနာနိဿိတံ ဝိညာဏံ ဘဝိဿတီတိ၊ ဧဝံ ဟိတေ ဂဟပတိ သိက္ခိတဗ္ဗံ။"

ကျောင်းဒါယကာကြီး- ငါသည် မျက်စိအတွေ့နဲ့တွဲယှဉ်၍ ဖြစ်တဲ့ ဝေဒနာကိုလည်းကောင်း၊ နားအတွေ့နဲ့ တွဲယှဉ်၍ဖြစ်တဲ့ ဝေဒနာ ကိုလည်းကောင်း၊ နှာခေါင်းအတွေ့နဲ့ တွဲယှဉ်၍ဖြစ်တဲ့ ဝေဒနာကို လည်းကောင်း၊လျှာအတွေ့နဲ့တွဲယှဉ်၍ဖြစ်တဲ့ ဝေဒနာကိုလည်းကောင်း၊ ကိုယ်အတွေ့နဲ့ တွဲယှဉ်၍ဖြစ်တဲ့ ဝေဒနာကိုလည်းကောင်း၊ စိတ်အတွေ့နဲ့ တွဲယှဉ်၍ဖြစ်တဲ့ ဝေဒနာကိုလည်းကောင်း၊ ဒီဝေဒနာခြောက်မျိုးလုံးကို တဏှာနဲ့လဲမစွဲလမ်းအောင်၊ အမှန်က ဝေဒနာပေါ်မှာ သွားပြီးတော့ အတ္တသွားဖြစ်ရတယ်။ ဒီဝေဒနာကို တဏှာနဲ့စွဲလမ်းတယ်။ဒိဋ္ဌိနဲ့ စွဲလမ်း နေတယ်၊ လူတွေဒုက္ခများနေတာပေါ့။

ဒီဝေဒနာ ရပါမယ့်အကြောင်း နေပူမိုးရွာမရှောင် ဆင်းရဲခံနေရတယ်။ ဒီဝေဒနာကြောင့် ဒီဝေဒနာသည်-ဆိုပါစို့ သတ္တဝါတွေကို အများကြီး ဒုက္ခပေးတဲ့ တရားတွေ။ အခုလဲပဲ ဒါတွေကို တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းအောင် ဒီဝေဒနာခြောက်ပါးကို အာရုံပြု၍ 'ငါ-ငါ့ဥစ္စာ-ငါ့လိပ်ပြာ'လို့ တဏှာမာနဒိဋ္ဌိတို့နဲ့ မှီတဲ့စိတ်တွေ ဘိတ်မဖြစ်အောင်ဟဲ့လို့ အဲဒီလို စိတ်က မြဲမြံ အဓိဋ္ဌာန်ပြီးသကာလ ဒီ-ဝေဒနာ ခြောက်ပါး ကမ္မဋ္ဌာန်းကိုစီးဖြန်းကြိုးကုတ် အားထုတ်စမ်းပါ ကျောင်းဒါယကာကြီးလို့ဆိုတော့ ကျောင်းဒါယကာကြီးလဲပဲ ခုနင်က ပြောသလို–

"စက္ခုသမ္ဖဿဇာ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ။ နေတံမမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ သောတ-သမ္ဖဿဇာ ဝေဒနာ ဃာနသမ္ဖဿဇာ ဝေဒနာ ဇိဝှါသမ္ဖဿဇာ ဝေဒနာ ကာယသမ္ဖဿဇာ ဝေဒနာ မနောသမ္ဖဿဇာ ဝေဒနာ အနိစ္စာ ဒုက္ခာ အနတ္တာ။ နေတံမမ၊ နေသောဟမသ္မိ၊ န မေ သောအတ္တာ။"

ရှုလိုက်တယ်။ သူတို့မတော့ ပါဠိကလဲ ကျွမ်းကျင်ပြီးသား။ မိမိတို့လဲပဲ မြတ်စွာဘုရားဆီမှာ တရားနာသလို ဘုရားနှုတ်တော်က ထွက်တဲ့အသံကို တို့က ဗမာလိုကြားရအောင် ဗမာလိုကြားပြီးတော့ ဘုရားလက်ထက်က ဗမာတွေလဲပဲ ကျွတ်တမ်း ဝင်ကုန်ကြတာနော်။ ကိုင်း အဲဒီအတိုင်း တို့လဲ ရွတ်မဟဲ့လို့ အဲဒီလို အောက်မေ့ပြီးတော့ ရွတ်ဆိုကြရအောင်၊ ဝေဒနာ ကမ္မဋ္ဌာန်း စီးဖြန်းရအောင်လို့ ဆိုလိုပါတယ်။

မျက်စိအတွေ့၊တွဲယှဉ်၍လျှင်၊ ဖြစ်လေ့ပွားစည်၊ ဝေဒနာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထပဲ.... (ယခင်လင်္ကာအတိုင်း)

နားဥ္ဒအတွေ့၊ တွဲယှဉ်၍လျှင်....

နှာခေါင်းအတွေ့၊ တွဲယှဉ်၍လျှင်....

လျှာဥ္ဒအတွေ့၊ တွဲယှဉ်၍လျှင်....

ကိုယ်ဥ္ဒအတွေ့၊ တွဲယှဉ်၍လျှင်....

မနောအတွေ့၊ တွဲယှဉ်၍လျှင် (ဓမ္မသက်သက်ပါတကားတိုင်-အောင်ဝှုပြီ)

အဲဒါ ဝေဒနာကမ္မဋ္ဌာန်း စီးဖြန်းတယ်လို့ ခေါ်ပါတယ်။ အဲ-ငါးနည်းရှိသွားပြီ။ နောက်တခါ ငါးနည်းလာမယ်။

"တဿာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ။"

ကျောင်းဒါယကာကြီး ထိုသို့ ရောဂါဒဏ် မခံနိုင်ရကား ကျောင်းဒါယကာကြီးသည် ဤသို့မြဲမြံ အမိဋ္ဌာန်၍ ဝိပဿနာတရား အားထုတ်စမ်းပါ။ စိတ်ကိုဆောက်တည်။ ဘယ်လိုအမိဋ္ဌာန် ဆောက်တည်ရမလဲ။ အခုတရားသဘောပြောရမယ် အရှုခံတရားသဘော။

ပထမပြောလိုက်တယ်၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ။ ဒုတိယ ပြောလိုက်တယ်- ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ အာရုံခြောက်ပါး။ တတိယကျတော့ "စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" အတိုင်း ဝိညာဏ်ခြောက်ပါး။ ဝိညာဏ်ခြောက်ပါး ကမ္မဋ္ဌာန်းပြီးတော့ "တိဏ္ဏံ သင်္ဂတိ ဖဿော" ဆိုတဲ့အတိုင်း ဖဿ ခြောက်ပါး ကမ္မဋ္ဌာန်း။ ဖဿခြောက်ပါး ကမ္မဋ္ဌာန်း ပြီးတော့

"ဖဿပစ္စယာ ဝေဒနာ"ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း ဝေဒနာ ကမ္မဋ္ဌာန်း။

"ဝေဒနာပစ္စယာ တဏှာ"အရှိသားပဲကိုယ်တော်၊ တဏှာကမ္မဋ္ဌာန်း ထည့်ပြောပါလား။ ဟာ-အခုပြောသလို ဒွါရ အာရုံ ဝိညာဏ် ဖဿ ဝေဒနာတွေကိုသာ အနိစ္စ ဒုက္ခ အနတ္တရှုတဲ့ ပုဂ္ဂိုလ်ဟာ ဝေဒနာပစ္စယာ တဏှာဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် စက် ပြတ်သွားတယ်။တဏှာ မဖြစ်ဘူးပေါ့။ ဆိုပါဦးစို့ ဒီဝေဒနာတွေကို အနိစ္စ ဒုက္ခ အနတ္တ ရှုနေတဲ့ပုဂ္ဂိုလ်မှာ ဘယ် ဒီဝေဒနာကို သာယာတပ်မက်တဲ့ တဏှာဖြစ်မလဲ။ မဖြစ်တော့ သူ့မှာ "ဝေဒနာပစ္စယာ တဏှာ"ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် မဖြစ်ဘူး။

ဒီတော့ ဒီကမ္မဋ္ဌာန်းကို တနည်းပြောင်းရတယ်၊ ဒီပဋိစ္စသမုပ္ပါဒ် အစဉ်အတိုင်းမဟုတ်ဘူး။ ဘယ်လိုပြောင်းရမလဲ ဒီ ကိုယ်ခန္ဓာကြီး အကောင်အထည် ပေါ်အောင် ဖော်ပေးတာ ဘယ်တရားတွေလဲလို့ အရိယမျက်စိနဲ့ ဓမ္မမျက်စိနဲ့ ကြည့်တော့ အမှန်အတိုင်း သိလာတာက· ပထဝီ, အာပေါ်, တေဇော, ဝါယော, အာကာသ, ဝိညာဏဆိုတဲ့ ဒီ ဓာတ်ခြောက်ပါး။ ဒီဓာတ်ခြောက်ပါးကြောင့် လူအကောင်အထည် နတ်အကောင်အထည် ဒါတွေပေါ်လာရတာ။ကဲ သူတို့ကိုဖြိုမှပေါ်နေ တဲ့ လူအကောင်အထည် နတ်အကောင်အထည် ဗြဟ္မာအကောင် အထည် စသည် နိစ္စ သုခ အတ္တ ရှုယင် အကုန်မှားကုန်မယ်။ အဲဒီတော့ သူ့ကိုဖြိုမှ ဆိုပြီးတော့ အခု ခြောက်ခုမြောက်ကျတော့ ဓာတ်ကမ္မ-ဋ္ဌာန်း ဘယ်လိုလဲ—

**ဓာတ်ခြောက်ပါးကမ္မဋ္ဌာန်းရှုနည်း (၆)**

"န ပထဝီဓာတုံ ဥပါဒိယိဿာမိ၊
န အာပေါဓာတုံ ဥပါဒိယိဿာမိ၊

န တေဇောဓာတုံ ဥပါဒိယိဿာမိ၊—
န ဝါယောဓာတုံ ဥပါဒိယိဿာမိ၊—
န အာကာသဓာတုံ ဥပါဒိယိဿာမိ၊—
န ဝိညာဏဓာတုံ ဥပါဒိဿာမိ၊—
န စ မေ ဝိညာဏဓာတုနိဿိတံ ဝိညာဏံ ဘဝိဿတီ'တိ၊
ဧဝံ ဟိ တေ ဂါမဏိ သိက္ခိတဗ္ဗံ"။

ကျောင်းဒါယကာကြီး....ကဲ ပထဝီ အာပေါ တေဇော ဝါယော အာကာသ ဝိညာဏ ပထဝီဓာတ်ကိုလည်းကောင်း၊ အာပေါဓာတ်ကို လည်းကောင်း၊ တေဇောဓာတ်ကို လည်းကောင်း၊ ဝါယောဓာတ်ကို လည်းကောင်း၊ အာကာသဓာတ်ကိုလည်းကောင်း၊ ဝိညာဏဓာတ်ကို လည်းကောင်း ငါသည် ဘယ်လိုနည်းနဲ့မှ တဏှာနဲ့ မစွဲလမ်းအောင် ဒိဋ္ဌိနဲ့မစွဲလမ်းအောင်ဟဲ့၊ တဏှာ ဒိဋ္ဌိ မာနတို့ဖြင့် မှိုတဲ့ စိတ်မဖြစ်အောင် ဟဲ့လို့ အဲဒီလို နှလုံးသွင်း၍ ဒီဓာတ်ခြောက်ပါးကို အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းပြီး နှလုံးသွင်းပေးပါ နော်။

အဲဒီလိုဆိုယင် အနာဂတ်ပိဏ္ဍိကကတော့ "ပထဝီဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။ အာပေါ- ဓာတု- တေဇောဓာတု- ဝါယောဓာတု- အာကာသဓာတု- ဝိညာဏ- ဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ" သူက် ရှုတတ်တယ်။

ဗုဒ္ဓဘာသာ သူတော်စင်တွေအနေနဲ့ကော မြန်မာလို ရှုတတ်ရမယ်။ ရှုတဲ့အခါမှာ တရားလုံးပေါ်အောင် မြန်မာဘာသာနဲ့ ရှုတတ်ဖို့ အရေးကြီးတယ်။ ဆိုကြပါစို့၊ ပထဝီဓာတ်ဆိုတာ စမ်းကြည့်။ မိမိ ကိုယ်ကိုစမ်းကြည့်လိုက်၊ ကြမ်းယင်ကြမ်းမယ်၊ သို့မဟုတ် နူးယင်နူးမယ်။

ကြမ်းတဲ့နေရာမှာ ကက္ခဠပထဝီ၊ နူတဲ့နေရာမှာ မုဒုပထဝီခေါ်တဲ့ ဘူတရုပ်ကို စမ်းမိတာပဲ။

တခါ မိမိကိုယ်မှာပဲဖြစ်ဖြစ် အပြင်လောကမှာပဲဖြစ်ဖြစ် ကြည့်။ အာပေါဓာတ်၊ တချို့နေရာမှာ ရေက တွဲရုံ ဖွဲ့ပေးတဲ့ရေတမျိုး၊ တချို့နေရာမှာ တွဲရုံတင်မဟုတ်ဘူး၊ အတွဲလွန်သွားလို့ ယိုစီးသွားအောင် ကျေးဇူးပြုပေးလိုက်တဲ့ ရေကတမျိုး၊ ပကတိ ပညတ်ရေမှာပင် နှစ်မျိုးရှိတယ်နော်။ ဆိုကြပါစို့ ရဲ့ မုန့်မှုန့်လေးတွေကိုရေလေးတောက်တောက်ပြီး တွဲရုံလုပ်ထားလိုက်ယင်လဲ ဖြစ်တယ်။ ဒါမှမဟုတ် ဒီမုန့်မှုန့်လေးတွေကိုပန်းကန်ထဲထည့်ပြီးတော့ ရေများများနဲ့ ခလောက်ယင်လဲ ဒါရေစီးသွားနိုင်တဲ့ သဘာဝ ပေါ်လာတယ်။ အေး အာပေါဓာတ်သည် နှစ်မျိုးရှိတယ်ပြောပါတော့ အာဗန္ဓနအာပေါ၊ ပဂ္ဃရဏအာပေါလို့။ အဲဒီလို အာပေါကျတော့ ပဂ္ဃရဏအာပေါ၊ ယိုစီးတတ်တဲ့အာပေါလို့ ဆိုရတယ်။

တေဇော။ တေဇောလို့ ဆိုလိုက်လို့ရှိယင် အပူအအေးနှစ်ပါးဟာ တေဇောဓာတ်။ အခါခပ်သိမ်း မိမိကိုယ်မှာ စမ်းတွေ့နိုင်တယ်နော်၊ မစဉ်းစားလို့။

ဝါယော-ကျ စမ်းကြည့်၊ ပျော့သလား၊ မာသလား။ ပျော့ယင် အထဲထဲမှာ ထောက်ကန်မှု အားနည်းလို့ပဲ၊ မာယင် အထဲထဲက ထောက်ကန်မှု အားကြီးလို့ပဲ။ အဲဒီလို ကြည့်ပါ။

ဝိညာဏဓာတ်၊ အင်း-မျက်စိနဲ့မြင်တဲ့ အမြင်စိတ်၊ အကြားစိတ်၊ အနံ့စိတ်၊ အစားစိတ်၊ အထိစိတ်၊ အသိစိတ်၊ ဝိညာဏ်ခြောက်ပါး။ ဓာတ်ခြောက်ပါးလို့ ပြောကြပါစို့။ အေး အဲဒီလို အနိစ္စ, ဒုက္ခ, အနတ္တ ဝိပဿနာရှု။ ရှုလို့ရှိယင် အခုနကပြောတဲ့ ဒိတရားကွေပေါ်မှာ တဏှာ မာန ဒိဋ္ဌိတွေ အကုန်ပြုတ်။

အဲဒီလို ဆိုတဲ့အတိုင်း အနာထပိဏ်သဌေးကြီးကလဲ ရှုတယ်။

"ပထဝီဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေ သော အတ္တာ။

အာပေါဓာတု-တေဇောဓာတု-ဝါယောဓာတု- အာကာသဓာတု-ဝိညာဏဓာတု အနိစ္စာ ဒုက္ခာ အနတ္တာ၊ နေတံ မမ။ နေသောဟမသ္မိ၊ န မေ သော အတ္တာ။

သူ့အတွက် ရှုလို့ကောင်းပြီးတော့ သူ့ပါဠိ သူ့အနက် သူသိပြီးတော့ သဘောကျတယ်။ မိမိတို့လဲပဲ အနာထပိဏ်သဌေးကြီးလို သဘောကျရအောင် အေး အားလုံး လိုက်ဆိုကြနော်–

၁။ အကြမ်းအနု၊ နှစ်ခုပထဝီ၊ မြေဓာတ်သည်ကား (ရှေးနည်းဆက်)

၂။ ဖွဲ့သော စည်းသော၊ အာပေါနှစ်မည်၊ ရေဓာတ်သည်ကား (ရှေးနည်း)

၃။ ပူသော အေးသော၊ တေဇောနှစ်မည်၊ မီးဓာတ်သည်ကား (ရှေးနည်း)

၄။ ပျော့သော မာသော၊ ဝါယောနှစ်မည်၊ လေဓာတ်သည်ကား (ရှေးနည်း)

၅။ ကလာပ်ခြားမျှ၊ အာကာသမည်၊ ထိုဓာတ်သည်ကား၊ (ရှေးနည်း)

၆။ မြင် ကြား နံ စား၊ ထိသိအားဖြင့်၊ ခြောက်ပါးဓာတ်မည်၊ ဝိညာဏ်သည်ကား (ရှေးနည်းအတိုင်းဆက်)

အဲဒါခြောက်ခုမြောက် ဓာတ်ကမ္မဋ္ဌာန်း ပြီးသွားပြီ။

တခါခုနစ်ခုမြောက် လာပြန်ပြီ၊ အရှင်သာရိပုတ္တာရာက —

ခန္ဓာ ၅ ပါး၌ ဝိပဿနာရှုနည်း (၇)

"တသ္မာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ "

ကျောင်းဒါယကာကြီး ရောဂါဒဏ်မခံနိုင်ယင် ဟောဒီလို စိတ်မှာ မြဲမြံ အစိုင်အခဲ ဖြစ်သွားအောင် ဆောက်တည်ပြီးသကာလ ဤနည်းတမျိုးနဲ့ ပြောင်းလဲ၍ ဝိပဿနာရှုပါတဲ့ ဘယ့်နှယ်လဲ—

"န ရူပံ ဥပါဒိယိဿာမိ၊ န ဝေဒနံ ဥပါဒိယိဿာမိ၊ န သညံ ဥပါဒိယိဿာမိ၊န သင်္ခါရေ ဥပါဒိယိဿာမိ၊ န ဝိညာဏံ ဥပါဒိယိဿာမိ, န စ မေ ဝိညာဏနိဿိတံ ဝိညာဏံ ဘဝိဿ- တီတိ၊ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ။"

ကျောင်းဒါယကာကြီး ငါသည် ရုပ်အကြည်ဆိုတဲ့ ရူပက္ခန္ဓာကို လည်းကောင်း၊

ခံစားမှုဝေဒနာ အစုဆိုတဲ့ ဝေဒနာက္ခန္ဓာကိုလည်းကောင်း၊

မှတ်သားမှု လိမ္မာရေးခြားပါးနပ်မှု သညာအစုဆိုတဲ့ သညာက္ခန္ဓာ ကိုလည်းကောင်း၊

ကာယကံမှု ဝစီကံမှု မနောကံမှု အစုဆိုတဲ့ သင်္ခါရက္ခန္ဓာကိုလည်း ကောင်း၊

မြင်မှု ကြားမှု နံမှု စားမှု ထိမှု သိမှု ဆိုတဲ့ ဝိညာဏ်ခြောက်ပါး တရား ဝိညာဏက္ခန္ဓာကိုလည်းကောင်း—

ငါသည်တဏှာနဲ့လဲ မစွဲလန်းအောင်ဟဲ့၊ ဒိဋ္ဌိနဲ့လဲ မစွဲလမ်းအောင် ဒီဘုရားတွေ အာရုံပြုပြီးတော့ မှီတွယ်တဲ့ လောဘမူစိတ်၊ ဒိဋ္ဌိနဲ့မှီတွယ် တဲ့လောဘမူပဲ၊ သူက၊ ဒိဋ္ဌိဂတသမ္ပယုတ်-လေးပါး။ မာနနဲ့ မှီတွယ်တဲ့

ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ငါ့မှာ မဖြစ်အောင်ဆိုပြီးတော့ အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာ နှလုံး ကျင့်သုံးပါ ကျောင်းဒါယကာကြီးလို့ ဆိုတော့ အရှင်သာရိပုတ္တရာက ရှေ့ကပြော ကျောင်းဒါယကာကြီးက နောက်က—

"ရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ၊ ဝေဒနာ-သညာ-သင်္ခါရာ-ဝိညာဏံ အနိစ္စံ ဒုက္ခံ အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။"

နှလုံးသွင်းတယ်။ နှလုံးသွင်းလိုက်တော့ ဒီခန္ဓာကိုယ်ကို တဏှာဒိဋ္ဌိနဲ့ မစွဲလမ်းဘူး။ လက်တွေ့ တရား ဓမ္မကျေးဇူး။ ဒီဓမ္မကျေးဇူးဟာ နှလုံးသွင်းလိုက်တိုင်း မိမိမှာ အလွန်အေးချမ်းတဲ့ ဝိပဿနာမဟာကုသိုလ် စိတ်တွေဖြစ်တယ်၊ ထိုဝိပဿနာ မဟာကုသိုလ် အလွန် အေးချမ်းတဲ့စိတ်ကြောင့် အလွန်အေးချမ်းတဲ့ စိတ္တဇရုပ်တွေ ဖြစ်လာတယ်။ စောစောကပြောတဲ့ ဥာဟ အဖျားကြီးတွေ ဒီအခါမှာ ပြေးကုန်တယ်။ အလွန်အေးချမ်းတဲ့ စိတ္တဇရုပ်က ခန္ဓာကိုယ်မှာလွှမ်းမိုးလာတော့ ဟိုက ပူတဲ့ ဒဟဘောဇောရုပ်တွေဟာ နည်းသွားတယ်နော်၊ ငြိမ်ပြီးတော့ နောက်ဆုံး ဒီတရားနှလုံး ကျင့်သုံးတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာတော့ အပြင်းအထန်မခံရဘူး၊ သေတာမသေတာကတော့ ဒီဝေဒနာကတိုး လာယင်သေမှာ၊ သေပင် သေသော်လဲပဲ အပြင်းအထန်မခံစားရပါ သက်သက်သာသာသေရတယ်။ အဲဒီလိုဆိုကြပါစို့။ ဒီတော့ ခန္ဓာငါးပါး ကမ္မဋ္ဌာန်းတရားကို အရှင်သာရိပုတ္တရာက ရှေ့ကဟော၊ ကျောင်းဒါယကာကြီးကလဲ နောက်ကနှလုံးသွင်းတယ်။ မိမိတို့လည်း မိမိတို့ဖာသာ မိမိတို့မွေလက်ာဖြင့် နှလုံးသွင်းကြည့်ရအောင်၊ အေး ဒီတခါန္တုတ်ဖျားမှာ ခန္ဓာငါးပါး ခန္ဓာငါးပါးနဲ့ ပြောကြတယ်နော် ပြောတဲ့ဥစ္စာကို နှလုံးသွင်းရအောင် ကဲ လိုက်ဆိုကြ။

(၁) ရုပ်ဟု တွင်မည်၊ ခန္ဓာသည်ကား—(ရှေးနည်းအတိုင်း)

(၂) ဝေဒနာမည်၊ ခန္ဓာသည်လည်းကောင်း၊....

(၃) သညာတွင်မည်၊ ခန္ဓာသည်လည်းကောင်း၊....

(၄) သင်္ခါရမည်၊ ခန္ဓာသည်လည်းကောင်း၊....

(၅) ဝိညာဏ်ခြောက်မည်၊ ခန္ဓာသည်လည်းကောင်း....

**အရူပစျာန် ၄ ပါး၌ ဝိပဿနာရှုနည်း(ဂ)**

အဲဒီလို ခန္ဓာကမ္မဋ္ဌာန်းဟောကြားပြီးတော့ ရှစ်ကြိမ်မြောက်ကျတော့အရှင်သာရိပုတ္တရာက—

"တသ္မာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ"။

ကျောင်းဒါယကာကြီး ဤသို့ရောဂါဒဏ်မခံနိုင်က သင်ကျောင်းဒါယကာကြီးသည် ဤသို့မြဲမြံ အမိဋ္ဌာန်ဆောက်တည်၍ ဝိပဿနာတရား ပွားများကြိုးကုတ် အားထုတ်ကြည့်စမ်းပါ။ ဘယ်လိုလဲ—

(၁) န အာကာသာနဉ္စာယတနံ ဥပါဒိယိဿာမိ၊

(၂) န ဝိညာဏဉ္စာယတနံ ဥပါဒိယိဿာမိ၊

(၃) န အာကိဉ္စညာယတနံ ဥပါဒိယိဿာမိ၊

(၄) န နေဝသညာနာသညာယတနံ ဥပါဒိယိဿာမိ၊ န စ မေ နေဝသညာနာသညာယတနနိဿိတံ ဝိညာဏံ ဘဝိဿတီတိ၊ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ"

**အာကာသာ**နဉ္စာယတနစျာန်, ဝိညာဏဉ္စာယတနစျာန်, အာကိဉ္စညာယတနစျာန်, နေဝသညာနာသညာယတနစျာန်တဲ့၊ ဒီ စျာန်

လေးပါးသည် အရူပစျာန်လေးပါး။ တို့ပုထုဇဉ်တွေ မြင်ကိုမမြင်ဖူးသေးတဲ့ စျာန်လေးပါး။ ရကိုမရဖူးသေးတဲ့စျာန်လေးပါး၊ အရူပစျာန်လေးပါးလို့ ခေါ်တယ်။ လောကီဝိပဿနာဘူမိထဲမှာ သူကထိပ်တန်းကျတယ်နော်။

ကျောင်းဒါယကာကြီး ငါသည် အာကာသာနဉ္စာယတနစျာန်ကိုလည်းကောင်း ဝိညာဏဉ္စာယတနစျာန်ကိုလည်းကောင်း အာကိဉ္စညာယတနစျာန်ကိုလည်းကောင်း နေဝသညာနာသညာယတနစျာန်ကိုလည်းကောင်း တဏှာနဲ့လဲမစွဲလမ်းအောင် ဒိဋ္ဌိနဲ့လဲမစွဲလမ်းအောင် ဒီ အရူပစျာန်လေးပါးကို အာရုံပြု၍ တဏှာဖြင့် ငါ့စျာန် ငါ့စျာန် ငါ့စျာန်လို့ အဲဒီလို စွဲမှီတဲ့ လောဘမူစိတ် ဘိတ်မဖြစ်အောင်၊ မာန၊ ဒီ အရူပစျာန်ကိုလဲ ငါဆိုတာ ဘာလဲဆိုတော့ အရူပစျာန်လေးပါးခေါ်တယ်လို့ ဒီလို ပြောတတ်သေးတယ်။ အေး ဒိဋ္ဌိတဲ့၊ အေး တဏှာဖြင့် မာနဖြင့် ဒိဋ္ဌိဖြင့် မမှီတွယ်အောင် ငါ မှီတွယ်တဲ့စိတ် ဘိတ်မဖြစ်အောင်ဟဲ့လို့ အဲဒီလို စိတ်ကမြဲမြံ အဓိဋ္ဌာန်ဆောက်တည်ပြီးတော့ ဒီ အရူပစျာန်လေးပါးကို ချေမှုန်းပစ်လိုက်စမ်းပါ၊ အနိစ္စဝိပဿနာ ဒုက္ခ အနတ္တ ဝိပဿနာနဲ့ ချေမှုန်းပစ်လိုက်စမ်းပါဆိုတော့ ဟိုမှာတော့ အနာထပိဏ်သဌေးက ငိုမှာပဲ။

အာကာသာနဉ္စာယတနံ အနိစ္စံ ဒုက္ခံ အနတ္တာ၊နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

ဒီအရူပစျာန်လေးပါးကို အနာထပိဏ်သဌေးကြီး ရသလားဆိုတော့ အမှန်တော့ မရဘူး။ မရပဲနဲ့ ဘာပြုလို့ မရတဲ့ဥစ္စာ မမြင်တဲ့ဥစ္စာ လှမ်းကြည့်ရသလဲ။ အနုမာနတော့ရှိတယ်။ ကြည့်မယ်ဆို ကြည့်နိုင်တယ်၊ စျာန်မရတဲ့ပုဂ္ဂိုလ်က အနုမာနအားဖြင့် ကြည့်နိုင်တယ်။ အေး ဟိုမှာသောတာပန်အရိယာပဲ ဘယ်မကြည့်နိုင်ပဲ နေပါ့မတုံး။

အဲဒါကြောင့် အရူပဈာန်လေးပါးကို ဟောတာ။ တို့အနေနဲ့ဆိုလို့ ရှိယင် အနုမာနမှန်း၍ သိရတယ်။ အရူပဈာန်လေးပါး အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာရှုပါဆိုတဲ့ –

အာရုပ္ပမည်၊ ဈာန်လေးလီကား၊ မြင့်ရှည်ကာလ၊ မတည်ထပဲ-ဆိုပြီးတော့ ဓမ္မသက်သက်ပါတကား ထိအောင်သွားတော့။ ကြွင်း အတူတူပဲ ခေါင်းစီးလေးပဲပြောင်းတာ။အရူပဈာန်လေးပါးကို ရှုတတ်ပါစေ။

ကိုင်း တခါ ကိုးကျတော့ အရှင်သာရိပုတ္တရာက အနာထပိဏ် သဌေးကြီးကို ဘာဟောသလဲ။

## ပစ္စုပ္ပန်တမလွန်လောက ၂ ပါး ဝိပဿနာရှုနည်း (၉)

> “တသ္မာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ။ န ဣဓ လောကံ ဥပါဒိယိဿာမိ၊ န ပရလောကံ ဥပါဒိယိဿာမိ၊ န စ မေ ဣဓ လောကနိဿိတံ ဝိညာဏံ ဘဝိဿတိ၊ န စ မေ ပရလောကနိဿိတံ ဝိညာဏံ ဘဝိဿတီ’တိ၊ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ”၊

အခု ကိုးကျတော့ အော် ဇေတဝန်ကျောင်းဒါယကာကြီး အနာထပိဏ်သဌေးဟာ ပစ္စုပ္ပန် ဒီဘဝ စည်းစိမ်တွေကလဲပဲ တွယ်တာမယ် ဆိုယင် တွယ်တာနိုင်လောက်အောင် ဥစ္စာ စီးပွားတွေက ပေါတယ်။ တခါ ဒီလိုပုဂ္ဂိုလ်ရှင်တယောက်ဟာ တမလွန်ဘဝ ရောက်မယ်ဆိုလို့ ရှိယင်လဲပဲ ဒီထက်ကြီးတဲ့ နတ်ရွာစည်းစိမ်ကိုရတယ်။ ရလို့ရှိယင် ဒီ စည်းစိမ်ထဲမှာ ယစ်မူး မေ့လျော့မနေအောင် ကြိုတင်၍ ဝိပဿနာ ဉာဏ် နှလုံးသွင်းထားနိုင်အောင် ဆိုတဲ့အနေနဲ့ အခု ဣဓလောက ပရလောက ဝါရဆိုပြီး လာပြန်တယ်။

ကျောင်းဒါယကာကြီး ငါသည် ဤပစ္စုပ္ပန်လောကစည်းစိမ်တွေကိုလည်းကောင်း၊ တမလွန်လောက ရမယ့်စည်းစိမ်တွေကိုလည်းကောင်း တဏှာနဲ့ မစွဲလမ်းအောင် ဒိဋ္ဌိနဲ့ မစွဲလမ်းအောင် ငါကြိုးစားမယ်လို့ ဒီလိုအောက်မေ့ပါတဲ့၊ အဲဒီလိုပြောတော့ ကျောင်းဒါယကာကြီးက သူက ရတယ်နော်။

ဣဓ လောကော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

ပရလောကော အနိစ္စော ဒုက္ခော အနတ္တာ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

ရှုတာ်တယ်၊ အေး တို့အနေနဲ့ ရှုစမ်းပါ၊ ဤပစ္စုပ္ပန်လောကမှာ ရှိတဲ့ စည်းစိမ်တွေ တမလွန်ဘဝမှာရမယ့် စည်းစိမ်တွေ၊ ပြီးတော့ ပစ္စုပ္ပန်၌ တည်တဲ့စည်းစိမ်၊တမလွန်၌ တည်သောစည်းစိမ် အေး အဲဒီ စည်းစိမ်နှစ်မျိုး အကုန်လုံး အနိစ္စ ဒုက္ခ အနတ္တ ရှုကြည့်ရအောင် လိုက်ဆိုကြ၊ ကုန်လုပြီ။

ပစ္စုပ် တမလွန်၊ နှစ်တန်၌မှီ၊ စည်းစိမ်သည်ကား၊ (ရှေးနည်း အတိုင်းဆို)

ဟော ကိုး....ပြီးသွားပြီ။ တဆယ်၊ဆယ်ခုမြောက်ကျတော့ ဘာကို ဟောသလဲ အရှင်သာရိပုတ္တာရာက—

**ဒိဋ္ဌ သုတ မုတ ဝိညာတ ဝိပဿနာရှုနည်း (၁၀)**

"တသ္မာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ"

ကျောင်းဒါယကာကြီး ထိုသို့ ရောဂါဒဏ် မခံနိုင်သောကြောင့် ဝါ- မခံနိုင်ရကား အသင်ကျောင်းဒါယကာကြီးသည် ဤကဲ့သို့ စိတ်ကမြဲမြံ

အဓိဋ္ဌာန်ပြီးတော့ ဝိပဿနာတရား အဓိပညာသိက္ခာတရား ပွားများကြိုးကုတ် အားထုတ်ပါ။ ဘယ်လို အားထုတ်ရမလဲ—

"ယမ္ပိ မေ ဒိဋ္ဌံ သုတံ မုတံ ဝိညာတံ ပတ္တံ ပရိယေသိတံ အနုပရိယေသိတံ အနုစရိတံ မနသာ၊ တမ္ပိ န ဥပါဒိယိဿာမိ၊ န စ မေ တံ နိဿိတံ ဝိညာဏံ ဘဝိဿတီ'တိ၊ ဧဝံ ဟိ တေ ဂဟပတိ သိက္ခိတဗ္ဗံ"

အဲဒါ နောက်ဆုံးတရားပဲ။ အရှင်သာရိပုတ္တရာက ကျောင်းဒါယကာကြီး အားလုံးရှိသမျှ ရုပ်နာမ်တရားတွေကို အာရုံနဲ့ ခြုံကြည့်လိုက်ယင် –

(၁) မြင်အပ်တဲ့ အဆင်းမျိုးစုံ ရူပါရုံ၊ ရုပ်တရားပြောပါတော့။

(၂) ကြားအပ်တဲ့ အသံမျိုးစုံ သုတ သဒ္ဒါရုံ ရုပ်တရားတစုထား၊

(၃) နမ်းရှူအပ်သမျှ ဂန္ဓာရုံ၊ လျက်အပ် စားအပ်သမျှ ရသာရုံ၊ ကိုယ်နဲ့ တွေ့ထိသမျှ ဖောဋ္ဌဗ္ဗာရုံ- အဲဒီ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့သည် အသမ္ပတ္တ, သမ္ပတ္တနှစ်မျိုးတွင် သူတို့က သမ္ပတ္တ=သမ္ပတ္တအာရုံ။ **အေး**-သမ္ပတ္တအာရုံဖြစ်၍ ရောက်အပ်တဲ့ အာရုံလို့ တနာမည်တည်းနဲ့ ပေါင်းတယ်။

(၄) ကျန်တဲ့ ဓမ္မာရုံသည် ဝိညာတအာရုံ၊ စိတ်ဖြင့်သိအပ်တဲ့ အာရုံ။

ဆိုကြပါစို့, မျက်စိဖြင့် မြင်အပ်တဲ့အာရုံဆိုတာ အဆင်းတွေပေါ့၊ အဆင်းမျိုးစုံ (ဒိဋ္ဌအာရုံ)

နားဖြင့် ကြားအပ်တဲ့အာရုံ အသံမျိုးစုံ (သုတအာရုံ)

နှာခေါင်းဖြင့် လျှာဖြင့် ကိုယ်ဖြင့် နမ်း ရှူ၍ လျက်၍ ထိ၍ သိရတဲ့ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုး၊ ဒါကျတော့ မုတလို့ ပါဠိလို ခေါ်တယ်။ ရောက်အပ်တယ်၊ ဘယ်သူနဲ့ ရောက်အပ်သလဲ ဃာနဇိဝှါ ကာယတို့နဲ့ ရောက်အပ်တဲ့ အာရုံတဲ့၊ ဒါကြောင့် သူ့ကို မုတအာရုံလို့ ခေါ်တယ်။

ဝိညာတအာရုံလို့ဆိုတာ စိတ်ဖြင့် သိအပ်သမျှ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံ ကုန်တယ်နော်။ လေးချက် အာရုံခြောက်ပါးကုန်တယ်။

အေး အဲဒီလို ပြောလိုက်တော့ အနာထပိဏ်တို့ကလဲ နှလုံးသွင်းတယ်၊ –

ယမ္ပိ မေ ဒိဋ္ဌံ သုတံ မုတံ ဝိညာတံ ပတ္တံ ပရိယေသိတံ အနုပရိယေသိတံ အနုစရိတံ မနသာ၊ တမ္ပိ အနိစ္စံ ဒုက္ခံ အနတ္တံ၊ နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ။

သူကပြီးရော။ မိမိတို့ကတော့ ထိအောင် ရောက်အောင်ကိုပဲ နှလုံးသွင်းရလိမ့်မယ်။မြင်အပ် ကြားအပ်၊ရောက်သိအပ်ဟု၊ လေးရပ်တွင်မည်၊ ရုပ်နာမ်သည်လည်း၊ မြင့်ရှည်ကာလ မတည်ထပဲ ကဲ အဲဒါ နောက်ဆုံးဆိုရမှာ ဒီတရားပွဲမှာ အဲဒါ ဆယ်ခုမြောက် နောက်ဆုံး ကမ္မဋ္ဌာန်း။ ကဲ လိုက်ဆိုကြ–

မြင်အပ် ကြားအပ်၊ ရောက်သိအပ်ဟု၊ လေးရပ်တွင်မည်၊ ရုပ်နာမ် သည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ (ရှေးနည်း အတိုင်းဆို)

အဲဒါ အနာထပိဏ်သဌေးကြီး ဟို တုသိတာနတ်ပြည် သွားခါနီးမှ နောက်ဆုံးရှုသွားတဲ့ ဝိပဿနာနည်း ဆယ်ပါးပဲ။

## အနာထပိဏ်သဌေးကြီး ငိုကြွေးခြင်း

**အေး** ဝိပဿနာနည်းဆယ်ပါးလဲ **ဆုံးရော** အရှင်သာရိပုတ္တရာက တရားကို ရပ်လိုက်တယ်။ တော်ပြီတဲ့၊ ဆယ်နည်းတောင်ရှိသွားပြီ။ အေး ဒွါရရယ် အာရုံရယ် ဝိညာဏ်ရယ် ဖဿရယ် ဝေဒနာရယ် ဓာတ်ခြောက်ပါးရယ် ခန္ဓာငါးပါးရယ် အာရုပ္ပစျာန်လေးပါးရယ် ဣဓ လောက ပရလောကရယ် အခု ဒိဋ္ဌာဒိ ဝါရ ရယ် ဆယ်နည်းတောင် တရားနှလုံးသွင်းပုံ ငါဟောပြီးပြီ။ ဒီ ဆယ်မျိုးနဲ့ နှလုံးသွင်းလိုက်လို့ ရှိယင် တမျိုးနဲ့ မမိ တမျိုးနဲ့မိပြီးတော့ သူတော်ကောင်းတွေ အရိယာမဂ်ဖိုလ်ကို ပေါက်လိမ့်မယ်။

ဒီလိုဆိုကြပါစို့ ငှက်ပစ်တဲ့ ဥစ္စာပေါ့လေ။ နှစ်လုံးကျည်နဲ့ပစ် လိုက်တယ်။ ကျည်က နှစ်လုံးသည်းရှိတယ်။ နှစ်လုံးလုံးလွဲသွားယင် သူဟာဘာမှ မရဘူး။ အဲဒီအထဲ စရိတ်ထည့်ပြီးတော့ ပစ်လိုက်လို့ ရှိယင် ဥပမာ အခဲငါးဆယ်ဆိုယင် တခဲခဲက မမှန်ယင် တခဲခဲကတော့ မှန်မှာပဲ။

အဲဒါလိုပဲ အခုလဲပဲ ဆယ်နည်းမှာ ဆယ်နည်းစလုံး နှလုံးသွင်း တယ်။ ဆယ်နည်းစလုံး အနိစ္စ ဒုက္ခ အနတ္တ နှလုံးသွင်းတယ်။ တမျိုးမျိုးကတော့ လောဘ ဒေါသ မောဟ တခါတည်း ခြေမှုန်းပစ် မှာပဲ။ တနည်းအားဖြင့် ဆယ်နည်းစလုံးမှာ တနည်းနည်းကတော့ အရိယာမဂ်ပေါက် ဖိုလ်ပေါက် တို့တတွေ ကြိုးစားယင် ကျေးဇူး ပြုမယ်။ ဒါကြောင့် ဆယ်နည်းစလုံးကိုပဲ စိတ်က နှလုံးသွင်းတယ်။

ကိုယ်နဲ့သင့်တဲ့နည်းကနေပြီးတော့ ကိုယ့်ကို အရိယမဂ်ဖိုလ်ပေါက် ပို့လိမ့်မယ်။ အဲဒီလို သဘောထားရမယ်။ အင်း အရှင်သာရိပုတ္တရာ ဆယ်နည်းပြီးပြီ၊ ရပ်လိုက်တယ်။ အရှင်သာရိပုတ္တရာ တရားဟောလို့ ပြီးသွားတဲ့အခါကျတော့—

"ဝေံ ဝုတ္တေ အနာထပိဏ္ဍိကော ဂဟပတိ ပရောဒိ၊ အဿူ-နိ ပဝတ္တေသိ။"

ဧဝံ ဝုတ္တေ၊ ဤသို့ အရှင်သာရိပုတ္တရာ ဆယ်ဖြာသော ကမ္မဋ္ဌာန်း ခွဲခြမ်းစိတ်ဖြာ ဟောကြားအပ်ပြီးသည်ရှိသော်။ အနာထပိဏ္ဍိကော ဂဟပတိ၊ ကျောင်းဒါယကာကြီး အနာထပိဏ်သဌေးသည်။ ပရောဒိ၊ သည်းစွာ ငိုကြွေးလေပြီ။ အဿူနိ၊ မျက်ရည်တို့ကို။ ပဝတ္တေသိ၊ ဖြစ်စေလေပြီ။ မျက်ရည်တွေ တတွေတွေ ဖြစ်စေလေပြီ။

သူတော်ကောင်းတို့ အဲဒီလို အရှင်သာရိပုတ္တရာ ဆယ်နည်း ဟော ပြီးလို့ တရားလဲ နားလိုက်ကရော ကျောင်းဒကာကြီး အနာထပိဏ် ဟာ ငိုလိုက်တာတဲ့ သည်းစွာ သည်းစွာ ဟီးချပြီးတော့ ငိုတယ်- ခုနစ်အိမ်ကြား ရှစ်အိမ်ကြား။ မျက်ရည်တွေ မနိုင်နိုင်အောင် နေမကောင်းပဲနဲ့ တွေတွေကြီးကျတယ်။ အဲဒီတော့ အရှင်အာနန္ဒာက ဝင်ပြီးတော့ မေးဘယ်။ ခုနင်ကတုန်းကတော့ သူက ဘေးကနေ ထိုင်နေတယ်။

အော် ကျောင်းဒါယကာကြီး ဒီဘက်ဘဝမှာ သူ့စည်းစိမ်ကလဲ ကြီးပါဘိသနဲ့၊ ဒီစည်းစိမ်တွေ ပစ်သွားရမှာ စိုးရိမ်လို့-ဒီစည်းစိမ်တွေကို ငြိကပ်တွယ်တာ၍ပဲ ငိုတာလား၊ ဒါမှမဟုတ် သောတာပန်အရိယာကြီး ဖြစ်ပါလျက်ကနဲ့နော် အပါယ်လေးပါးကျမှာ မဟုတ်ပဲနဲ့ စိတ်ကများ ဆုတ်နစ်ပြီးတော့များ ငိုနေတာလားလို့ သူသိချင်လို့ အရှင်အာနန္ဒာက မေးတယ်။

"ဩလီယသိ ခေါ တွံ ဂဟပတိ၊ သံသီဒသိ ခေါ တွံ ဂဟပတိ။"

ဂဟပတိ၊ ကျောင်းဒါယကာကြီး။ တွံ၊ သင်သည်။ ဩလီယသိ ခေါ၊ ဤဘဝစည်းစိမ်တွေကို ငြိကပ်၍ နေသလော။ ဂဟပတိ၊ ကျောင်း

ဒါယကာကြီး။ တွံ၊ သင်သည်။ သံသီဒသိ ခေါ၊ စိတ်အားဆုတ်နစ်နေသလော။

အနာထပိဏ် ငိုကြွေးခြင်းအကြောင်း

ကျောင်းဒါယကာကြီး ဒီဘဝစည်းစိမ်တွေကို တွယ်တာငြိကပ်နေလို့လား။ စိတ်အားပဲ ဆုတ်နစ်နေလို့လား ကျောင်းဒါယကာကြီးလို့ဆိုတော့ အနာထပိဏ်သဌေးက–

"နာဟံ ဘန္တေ အာနန္ဒ ဩလီယာမိ၊ နပိ သံသီဒါမိ"။

ဘန္တေ အာနန္ဒ၊ အရှင်ဘုရားအာနန္ဒာ။ အဟံ၊ တပည့်တော်သည်။ န ဩလီယာမိ၊ ဤဘဝစည်းစိမ်တွေကိုလဲပဲ နောက်ပြန် နောက်ဆံတင်း၍ ငြိတွယ်ခြင်းမရှိပါဘုရား။ နပိ သံသီဒါမိ၊ စိတ်နှလုံးလဲပဲ ဘယ်လိုနည်းနဲ့မှ မဆုတ်နစ်ပါဘူးဘုရား။

နို့ မဆုတ်နစ်ယင် ဘာဖြစ်လို့ ငိုရတာလဲ ဒါယကာကြီး ဆိုတော့-

"အပိ စ မေ ဒီဃရတ္တံ သတ္ထာ ပယိရုပါသိတော၊ မနောဘာဝနီယာ စ ဘိက္ခူ။"

အပိ စ၊ စင်စစ်သော်ကား။ မေ၊ တပည့်တော်သည်။ ဒီဃရတ္တံ၊ ရှည်လျားလှစွာ နှစ်ဆယ့်လေးနှစ် ကြာ ကာလပတ်လုံး။ ဘုရားကို ကြည့်သဖြင့် အော် ဒီဃရတ္တံ ကို နှစ်ဆယ့်လေးဝါလို့ဖွင့်တယ်။

မြတ်စွာဘုရားဟာ ပထမဗောဓိ ဝါနှစ်ဆယ်၊ အနိဗဒ္ဓဝါ၊ ရာဇဂြိုဟ် ဆိုလိုက်။ ကောသမ္ဗီဆိုလိုက်၊ ထိုထို ဤဤ အဆင်ပြေရာမှာ၊ ဝေရဥ္စာ ဆိုလိုက်။ ပထမ ဝါ မိဂဒါဝုန်ဆိုတယ်။ ဒုတိယ ဝါ တတိယဝါ ရာဇဂြိုဟ် မှာ ဝါဆိုတယ်။ အေးတော်ကြာ ကပိလဝတ်ပြည် ဝါဆိုလိုက်။ ပထမ

ဝါနှစ်ဆယ်တုန်းက အဲဒီလိုပဲ မမြဲသော ဝါဆိုတော်မူရာဌာနရှိတယ်။ ဝါဆိုတော်မူရာဌာန အမြဲရယ်လို့ မရှိဘူး။

နှစ်ဆယ့်ဘစ်ဝါမှ စပြီးတော့ လေးဆယ့်လေးဝါထိအောင် နှစ်ပေါင်း နှစ်ဆယ်နဲ့ လေးနှစ်က သာဝတ္ထိမှာပဲ ဝါကပ်တယ်။ အဲဒီ သာဝတ္ထိဝါကပ်တော့ ချီးမြှောက်လို့ ချီးမြှောက်လို့။ အော် သာဝတ္ထိ အနာထပိဏ်တို့ ဝိသာခါတို့ဟာ သာသနာကို တခါတည်း ပစ္စည်းတွေ အကုန်လုံး ပုံတိုက်ပြီးတော့ သာသနာကြည်ညိုတယ်။ ဒီတော့ မြတ်စွာဘုရားဟာ နောက်ပိုင်း ပစ္ဆိမ နှစ်ဆယ့်လေးဝါ သာဝတ္ထိမှာပဲ ဝါကပ်တယ်။ ကပ်ပြန်တော့လဲပဲ နေလိုက်တာ ဇေတဝန်က တောင်ဘက်က-ပုဗ္ဗာရုံက မြို့အရှေ့ဘက်က။ အဲဒီလို ဒီကနေ့ ဇေတဝန်မှာ နေတယ်၊ နောက်ဘနေ့မနက် ဇေတဝန်ကထွက် သာဝတ္ထိထဲဆွမ်းခံ အရှေ့ဘက်လမ်းကထွက် ပုဗ္ဗာရုံသွား တနေလုံးနေတယ်။ တရားပွဲ တညလုံး၊ အဲဒီလိုနေပြီး နောက်တနေ့မနက် ပုဗ္ဗာရုံကျောင်းက နေပြီးတော့ အရှေ့တံခါးက သာဝတ္ထိထဲ ဆွမ်းခံဝင် တောင်တံခါးက ထွက်။ ဇေတဝန်သွား အဲဒီနေ့ အဲဒီည ဇေတဝန်ကျောင်းမှာပဲ တရားပွဲကြီး ကျင်းပတယ်။

အဲဒီလို ဒီ အမျိုးနှစ်ပါး သာဝတ္ထိမှာ အနာထပိဏ်နဲ့ ဝိသာခါ၊ ဒီ အမျိုးကြီးနှစ်ပါး သာသနာအား သိပ်ကျေးဇူးများတော့ အမှတ်တရ ချီးမြှောက်သော အနေနဲ့ ဘုရားက ချီးမြှောက်တယ်။ နှစ်ဆယ့်လေး နှစ်ကို အဋ္ဌကထာက ရှေးက 'ကာလံ'ဆိုတဲ့ ပုဒ်အရ နှစ်ဆယ့်လေးနှစ်ကို သူဖွင့်ပေးတယ်။ နှစ်ဆယ့်လေးနှစ်ကို ဖွင့်ပြသဖြင့် အော် အနာထပိဏ် သဌေးကြီးကို ဒီသုတ္တန်ဟောတဲ့အချိန်မှာ အနာထပိဏ်သဌေးကြီး ခုနစ်ဆယ့်ကိုးနှစ် လောက်တော့ ရှိပြီ။ ဘုရားကတော့ ခုနစ်ဆယ့်

ကိုးနှစ်ပြည့်တာ သေချာတယ်နော်။ အေး တော်တော်ကို အိုကုန်ကြပြီ။

**မကြွားဖူးသည့်တရား**

ဆိုပါစို့ –အဲဒီလို အရှင်အာနန္ဒာ မေးချက်အတွက် တပည့်တော် ဆုတ်နစ်လို့လဲမဟုတ်ဘူး ကိုယ်တော်တဲ့၊ ငြိတွယ်လို့ လဲမဟုတ်ဘူး။ ဟာ ဒါဖြင့် ဘာပြုလို့ ငိုနေသလဲ။ တပည့်တော်–

အပိ စ ခေါ၊ စင်စစ်သော်ကား။ မေ၊ တပည့်တော်သည်။ ဒီဃ-ရတ္တံ၊ ရှည်လျားလှစွာ နှစ်ဆယ့်လေးနှစ်ကြာ ကာလပတ်လုံး။ သတ္ထာ စ၊ မြတ်စွာဘုရား ကိုလည်းကောင်း။ မနောဘာဝနီယာ စ ဘိက္ခူ၊ ဖူးမြော်လိုက်လျှင် စိတ်နှလုံးကို ပွားတိုးစိုပြေစေတတ်တဲ့ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန် အရှင်မဟာကဿပ အစရှိတဲ့ ရဟန္တာထေရ်ကြီးတို့ကိုလည်းကောင်း။ ပယိရုပါသိတော၊ ဆည်းကပ်အပ်ခဲ့ဖူးပေါင်းများသွားပြီ။

တပည့်တော် နေ့စဉ် နေ့စဉ် ဘုရားကျောင်းကို သွားသွားပြီး တော့ တရားနာတယ်။ တခါတလေ တနေ့နှစ်ခေါက်၊ တခါတလေ သုံး ခေါက်၊ မသွားတဲ့နေ့ မရှိဘူးတဲ့။ အနည်းဆုံးတနေ့တခေါက်တော့ သူသွားတယ်။ အခုကျတော့ မသွားနိုင်တော့ဘူး။ မရဏန္တိကရောဂါ ခေါ်တယ်။ အသက်ချွေမဲ့ ရောဂါရောက်နေတယ်။အေး မသွားနိုင်ဘူး၊ ဟိုဘက်တုန်းက တနေ့နှစ်ခါ သုံးခါ၊သွားပြန်လဲ လက်အချည်းနှီး မသွား ဘူး၊ လက်ထဲမှာ မွန်းလွဲဆိုယင် အဖျော်ယမကာများ ဖျော်ယူသွား တယ်။ မနက်ခင်းဆိုယင် ခဲဖွယ်ဘောဇဉ်၊ အဲဒီလို ယူသွားတယ်။ အေး ဒါနဲ့ဘာဆိုင်တုံး၊ ဆည်းကပ်သေးတယ်။ ဆည်းကပ်ပြီးတော့ ဘာဖြစ်လဲ၊ စကားမဆုံးသေးဘူး–

"န စ မေ ဝေရူပိ ဓမ္မိကထာ သုတပုဗ္ဗာ။"

စ၊ ထိုသို့ပင် အချိန်များစွာ ဆည်းကပ်အပ်ခဲ့ပါသော်လည်း။ မေ၊ တပည့်တော်သည်။ ဝေရူပိ၊ ဤသို့သဘောရှိသော။ ဓမ္မိကထာ၊ တရားနှင့် ယှဉ်တဲ့စကားကို။ န သုတပုဗ္ဗာ၊ ရှေးတုန်းက မကြားအပ်စဖူး။

တပည့်တော်ဘုရား အိုကြီးအိုမှ ဒီတရားလာနာရတယ်။ ဟိုတုန်းက ဒီလိုသဘောရှိတဲ့တရား တပည့်တော် မနာရဖူးဘူးဆိုပြီးတော့ အိုမှ နာရလို့ ဝမ်းနည်းတယ်။ အိုမှနာရတယ်။စောစောကများဆိုယင် သိပ်ကောင်းမှာပဲ စိတ်ထဲက။ အခုတော့ အိုမှနာရတယ်။ ဆိုကြပါစို့. သေခါနီးမှ နာရတယ်။ အဲဒီလိုဖြစ်တယ်။ အဲဒီလို သူကလျှောက်တော့ နို့ပြောစရာ မရှိဘူးလား။ ဟာဘယ့်နှယ် အရှင်သာရိပုတ္တရာတို့ အရှင်မောဂ္ဂလ္လာန်တို့ မြတ်စွာဘုရားတို့ဟာ အနာထပိဏ်သဌေးကြီးကို ဝိပဿနာတရား မဟောလို့လားလို့ ပြောစရာ မေးစရာရှိတယ်။ အနာထပိဏ်သဌေးနဲ့ ဘုရားနဲ့ ဒီပထမ တွေ့ကတည်းက သောတာပန်ဖြစ်တယ်။ ကျောင်းဒါယကာ ကျောင်းမှဆောက်ရသေးဘူး။ဇေတဝန်ကျောင်း ဆိုပါစို့. မြတ်စွာဘုရား နှစ်ဝါလောက်နေမှာပေါ့ နှစ်ခု မြောက်ဝါ ရာဇဂြိုဟ်ပြည်မှာ။ အေး-နှစ်ဝါ သို့မဟုတ် သုံးဝါလောက် ဆိုပါစို့-အဲဒီ သာဝတ္ထိမှာ ဇေတဝန်ကျောင်းဆောက်ပြီးတော့ ဘုရား ပင့်ပုံ ရာဇဂြိုဟ်က လျှောက်ခဲ့တယ်။အင်း-ရာဇဂြိုဟ်ကနေ၁-စပြီးတော့ ကျောင်းလှူဖို့ ခွင့်ပြုရတယ်။

အဲဒီမှာ အခုအနာထပိဏ်သဌေးဟာ ဤမျှလောက်သော ကာလပတ်လုံး ဘုရားတပည့်တော် ဘုရားနှင့်တကွ ရဟန်းတော်တွေကို ဆည်းကပ်ခဲ့တယ်။ သို့သော် ဒီလိုတရား တခါမှမနာရဖူးဘူးဆိုတော့ ဒီကိုယ်တော်တွေက သူ့ကို ဒါလောက်ကောင်းတဲ့တရား မဟောလို့

လား- မှန်တယ်၊ အခုလို ဆယ်နည်းပေါင်းပြီးတော့လဲ တခါမှ မဟော ဖူးဘူး။ တနည်းစီ တနည်းစီတော့ အလျဉ်းသင့်သလိုတော့ သူ့ကို ဟောပါတယ်၊ သူလဲနာရပါတယ်။ အခုသူပြောတာက ဆယ်နည်းစလုံး ပန်းခိုင်ကြီး ပန်ထားသလို ဒေသနာပန်းခိုင်ကြီး၊ တရားပန်းခိုင်ကြီး ပန်ထားသလို ဖြစ်နေတယ်။ အဲဒီတရားမျိုး မနာဖူးဘူးလို့ပြောတာ ဒေသနာပန်းခိုင်ဆယ်နည်း။

ကဲ-ကောင်းပြီ၊ ဒီတော့ အရှင်အာနန္ဒာက ဘယ်လိုဆိုသလဲ—

**ရဟန်းများသာ ထင်မြင်လွယ်သောတရား**

> “န ခေါ ဂဟပတိ ဂိဟီနံ ဩဒါတဝသနာနံ **ဧဝရူပီ** ဓမ္မီကထာ ပဋိဘာတိ၊ပဗ္ဗဇိတာနံ ခေါ ဂဟပတိ **ဧဝရူပီ** ဓမ္မီ-ကထာ ပဋိဘာတိ။”

ကျောင်းဒါယကာကြီး- ဒီလို အနိစ္စ ဒုက္ခ **အနတ္တ**တွေ ပျက်တိုင်း ပျက်တိုင်း ပျက်တိုင်း ပျက်တိုင်း သုတ်မှာ အနုသန္ဓိတိုင်း **အနုသန္ဓိ** တိုင်း ဒီလိုပါတဲ့တရားဟာ သုညတကထာတဲ့။ နိစ္စ သုခ သုဘ အတ္တမှ ဆိတ်သုဉ်းမှုကို အဓိကပြတဲ့တရား။ အေး အနိစ္စ ဒုက္ခ အနတ္တ နှလုံး သွင်းပုံကို ဟောတဲ့တရား။ ဒီတော့ ကျောင်းဒါယကာကြီး လူဝတ် ကြောင်တွေ**က** မိမိတို့စည်းစိမ်ဥစ္စာတွေကို သာယာ စုံမက် နှစ်သက် စွဲလမ်းမှုက များတယ်။ ဒီသုတ္တန် ဒီတရားကလဲပဲ မစွဲလမ်းဖို့ရာ အပြင်းအထန် ဆယ်နည်းတောင် ဟောရတယ်။ အဲဒီတော့ လူတွေ က ကြိုက်မှာ မဟုတ်ဘူးတဲ့။

ရဟန်းတော်များမှသာလျှင်ဒီလိုတရားမျိုးနှစ်သက်တာ၊ဒါကြောင့် လူတွေကို ဒီတရားမျိုး မဟောဘူး။ ရဟန်းတော်များကိုသာလျှင် ဤကဲ့သို့ **အနိစ္စ** ဒုက္ခ အနတ္တတွေ **ပျက်ပေါင်းများစွာ**နဲ့ **ဟောတာ**တဲ့။

**လူများအားလည်း ဒီတရားမျိုးဟောရန် လျှောက်ထားခြင်း**

အဲဒီသို့ အရှင်အာနန္ဒာလဲ ဖြေပြီးရော ကျောင်းဒါယကာကြီးက သုံးသထေရ်ဖြစ်တဲ့ အရှင်သာရိပုတ္တရာကို နားခံထားပြီး လျှောက်ထား **တယ်**။ ဘာလဲဆိုတော့–

> "တေန ဟိ ဘန္တေ သာရိပုတ္တ ဂိဟီနမ္ပိ သြဒါတ-
> ဝသနာနံ ဓေရူပိ ဓမ္မီ ကထာ ပဋိဘာတု"။

**ဘန္တေ သာရိပုတ္တ**၊ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ဘုရား။ တေန ဟိ၊ ထိုသို့လူတွေက မနှစ်သက် မထင်နိုင်ပေမဲ့လဲ ဟောကြား ရန် လျှောက်ထား တိုက်တွန်းပါ၏။ သြဒါတဝသနာနံ၊ ဖြူစင်တဲ့ **အဝတ်**ကို ဝတ်ကြကုန်သော၊ ဂိဟီနမ္ပိ၊ လူတို့အတွက်လဲပဲ။ ဓေရူပိ၊ ဤသို့ သဘောရှိသော။ ဓမ္မီ၊ တရားနှင့် ယှဉ်သော။ ကထာ၊ စကား ကို။ ပဋိဘာတု၊ ထင်ပါစေဘုရား။

အေး လူဝတ်ကြောင် ဒါယကာများအတွက်လဲပဲ ယခုသုတ္တန် အရှင် ဘုရားတို့ဉာဏ်၌ ဟောဖို့ထင်ပေးပါ။ **ဟ်-ဟောပေးပါ**။ တပည့်တော် တို့ လူတွေကို အရှင်ဘုရားတို့ အထင်မသေးပါနဲ့။

> "သန္တိ ဟိ ဘန္တေ ကုလပုတ္တာ အပ္ပရဇက္ခဇာတိကာ၊
> အဿဝနတာ ဓမ္မဿ ပရိဟာယန္တိ၊ ဘဝိဿန္တိ ဓမ္မဿ
> အညာတာရော"။

ဘန္တေ သာရိပုတ္တ၊ အရှင်သာရိပုတ္တရာဘုရား။ **လောကေ၊ လောက** ၌။ အပ္ပရဇက္ခဇာတိကာ၊ ဉာဏ်မျက်စိဝယ် ကိလေသာ မြူမှုန်နည်းပါး ခြင်း သဘောရှိကုန်သော ကျွတ်ထိုက်တဲ့။ **ကုလပုတ္တာ**၊ **အမျိုး** **ကောင်းသား** အမျိုးကောင်းသမီး မင်းမိန်းမ မင်းယောကျ်ားတို့ **သည်**။ သန္တိ၊ အထင်အရှား **အများကြီးရှိကြပါကုန်သည်ဘုရား**။

**အရှင်သာရိပုတ္တရာဘုရား....** တပည့်တော်တို့ လူ၀တ်ကြောင်တွေထဲမှာ ကျွတ်ထိုက်တဲ့ ဘဗ္ဗပုဂ္ဂိုလ် ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်ကို အပ္ပရဇက္ခဇာတိကပုဂ္ဂိုလ်လို့ခေါ်တယ်။ မကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်ကျတော့ မဟာရဇက္ခ။ ဉာဏ်ပညာတည်းဟူသော မျက်လုံးမှာ မြူတွေအများကြီးဖုံးနေလို့ ဘယ်လိုနည်းနဲ့မှ ဒီဘ၀ မဂ်မရတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ပြောတာ။

အပ္ပရဇက္ခသဘောရှိတဲ့ ကျွတ်တန်း၀င်မဲ့ပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်နော်။

တော၊ ထို ကျွတ်ထိုက်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်။ အဿ၀နတာ၊ အရှင်ဘုရားတို့က မဟောလို့ မနာကြရသည်ရှိသော်။ ဓမ္မဿ၊ မိမိတို့ရခွင့်ရှိတဲ့ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားမှ။ ပရိဟာယန္တိ၊ ဆုံးရှုံးနစ်နာကုန်ရပါလိမ့်မယ်ဘုရား။

**အရှင်ဘုရားတို့က မဟောယင်** ဘယ်လိုနည်းနဲ့မှ **ဓမ္မာနုဓမ္မ** မကျင့်နိုင်ဘူး။ မကျင့်ယင် မဂ်ဖိုလ်မရဘူး။ ပြီးတော့ ကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်က မဂ်ဖိုလ်ရခွင့်ရှိတယ်၊ ရနိုင်တဲ့ ပါရမီရှိတယ်။ သို့သော် အရှင်ဘုရားတို့က မဟောတော့ ဟောဒီ အခြေခံကစပြီး ပရတော‌ဃောသဆိုတဲ့ ဒီတရားအခြေခံကစတယ်။ **ပရတော ဃောသ** သူတပါးထံမှ တရားသံကြားနာရခြင်းဆိုတဲ့ ဒီအင်္ဂါချို့တဲ့သွားတယ်။ ဒီအင်္ဂါချို့တဲ့ပြီဆိုလို့ရှိယင် **ယောနိသောမနသိကာရ** မဖြစ်တော့ဘူး။ အယောနိသော မနသိကာရ မသင့်တာတွေ ရှောက်နှလုံးသွင်း စဉ်းစား၊ နှလုံးသွင်းပြီးတဲ့နောက် မသင့်တာတွေရှောက်လုပ်။ ဒီလို ပြုလုပ်ကြတယ်။

အခု အရှင်ဘုရားတို့ဟောယင် တပည့်တော်တို့ ကျွတ်ထိုက်တဲ့လူ သာဝကတွေလဲ အများကြီးရှိတယ်။ အဲဒီသူတို့လဲပဲ တရားမနာရယင် မိမိတို့ ရထိုက် ရခွင့်ရှိတဲ့ လောကုတ္တရာတရားမှ ဆုံးရှုံးကုန်လိမ့်မယ် ကိုယ်တော်တို့-လို့ အဲဒီလိုလျှောက်တယ်။

ဓမ္မဿ၊ တရားကို။ အညာတာရော၊ အရဟတ္တဖိုလ်ပေါက်အသိဉာဏ်ရောက်ကြကုန်သောဒါယကာ ဒါယိကာမတို့သည်။ဘဝိဿန္တိ၊ အထင်အရှား ဖြစ်ပွားကြပါလိမ့်မယ်။

အဲဒီလိုလျှောက်တယ်။ "ဘဝိဿန္တိ ဓမ္မဿ အညာတာရော" အဲဒါ နောက်ဆုံးပဲ။ အနာထပိဏ်သူဌေးကြီးရဲ့ လူ့ဘဝမှာ ဒါ-နောက်ဆုံးမှာတမ်း။

> "အထ ခေါ အာယသ္မာ စ သာရိပုတ္တော အာယသ္မာ စ အာနန္ဒော အနာထပိဏ္ဍိကံ ဂဟပတိံ ဣမိနာ ဩဝါဒေန ဩဝဒိတွာ ဥဋ္ဌာယာသနာ ပက္ကမိံသု။"

အထခေါ၊ ထိုအခါ၌။ အာယသ္မာ စ သာရိပုတ္တော၊အရှင်သာရိပုတ္တရာသည်လည်းကောင်း။ အာယသ္မာ စ အာနန္ဒော၊ အရှင်အာနန္ဒာသည်လည်းကောင်း။ အနာထပိဏ္ဍိကံ ဂဟပတိံ၊ အနာထပိဏ်ကျောင်းဒါယကာကို။ဣမိနာ ဩဝါဒေန၊ဤအဆုံးအမဖြင့်။ဩဝဒိတွာ၊ ဆုံးမပြီး၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ဝိဟာရံ၊ ကျောင်းတော်သို့။ ပက္ကမိံသု၊ ဖဲသွားကုန်ပြီ။

## သဋ္ဌေးကြီးအနိစ္စရောက်ခြင်း

ကျောင်းပြန်သွားတယ်။ ဒီပြင် ဗလမ်းစကားတွေ ဟိုပြော ဒီပြော ဘာမှမပြောဘူး။ တရားဟောတယ်၊ တရားသက်သက်ပဲ ဟောပြီး ကျောင်းပြန်သွားတယ်။ ပြန်သွားတော့ ဘာဖြစ်သလဲ—

"အထ ခေါ အနာထပိဏ္ဍိကော ဂဟပတိ အစိရပက္ကန္တေ အာယသ္မန္တေ စ သာရိပုတ္တေ အာယသ္မန္တေ စ အာနန္ဒေ ကာလ-မကာသိ"

အထခေါ၊ ထိုသို့ အရှင်သာရိပုတ္တရာ အရှင်အာနန္ဒာတို့ ပြန်သွားသောကာလ၌။ အာယသ္မန္တေ စ သာရိပုတ္တေ၊ အရှင်သာရိပုတ္တရာသည်လည်းကောင်း။ အာယသ္မန္တေ စ အာနန္ဒေ၊ အရှင်အာနန္ဒာသည်လည်းကောင်း။ အစိရပက္ကန္တေ၊ ဖဲကြွလို့ မကြာသေးမီ။ အနာထပိဏ္ဍိကော ဂဟပတိ၊ အနာထပိဏ်ကျောင်းဒါယကာ သဒ္ဒေးကြီးသည်။ ကာလံ၊ ပစ္စုပ္ပန် ဤဘဝရဲ့ အဆုံးဖြစ်တဲ့ကာလကို။ အကာသိ၊ ပြုလေပြီ။

ကာလံ၊ ပစ္စုပ္ပန် ဤဘဝရဲ့ အဆုံးဖြစ်တဲ့ကာလကို။ အကာသိ၊ ပြုပြီဆိုတော့ ဒီဘဝဆုံးသွားပြီ။ လူဘဝမှ ဆုံးတယ် ဆုံးတယ်နဲ့ သေတာကို ပြောကြတယ်။ အနာထပိဏ်သဒ္ဒေး ဆုံးသွားပြီ။ သေသွားပြီ။ သေပြီးတော့ ဘယ်သွားသလဲဆိုတော့—

"တုသိတံ ကာယံ ဥပပဇ္ဇိ။"

တုသိတံ ကာယံ၊ တုသိတာနတ်ပြည်သို့။ ဥပပဇ္ဇိ၊ ဘဝပဋိသန္ဓေကပ်ရောက်၍ နေလေပြီ။

တခါတည်း ဒီဘဝကသေ စုတိ၏အခြားမဲ့မှာ ပဋိသန္ဓေစိတ်ကယ်လို့ ဘွားကနဲ ဥပါဒ်ပေါ်လိုက်လျှင်ပင် သုံးဂါဝုတ် အတိုင်းအရှည်ရှိသော နတ်၏ကိုယ်ကြီးဟာ တခါတည်းပေါ်လာတယ်။ဥပပတ်ဆိုတာ အဲဒီလို သဘောရှိတယ်။ ဂဗ္ဘသေယျက က ဟိုအကျမ့်လေးလောက်ကနေပြီး

တဖြည်းတဖြည်း တဖြည်းတဖြည်း တိုတတွေ ကြီးလာခဲ့တယ်။ ပဋိသန္ဓေခဏတုန်းကတော့ အဏုမြူလေး သုံးခုလောက်ရှိတယ်။ ဘာဝ ခန္ဓာ တည်တာကနေ၁်။

ဥပပတ်ကျတော့ ပဋိသန္ဓေစိတ်ရယ်လို့ ဥပါဒ်လိုက်တာနဲ့ တပြိုင်နက် သုံးဂါဝုတ်လောက် ခန္ဓာကိုယ်ကြီး။ သုံးဂါဝုတ်ဆိုတာ ကိုးမိုင်လောက် ရှိတယ်။ အဲဒါလောက်ကြီးတဲ့ ခန္ဓာကိုယ်ကြီးပေါ်တယ်။ ပေါ်လိုက်တယ်ဆိုရင်ပဲ- အနာထပိဏ် နတ်သားက စဉ်းစားတယ်၊ "ဟာ... ငါ ဒီစည်းစိမ် ဘာပြုလို့ ရပါလိမ့်၊" ပြန်ပြီး-သူ ကြည့်တယ်၊ "အိပ်စက် ယောကျ်ား၊ နိုးသော လားသို့" ပြန်ပြီး စည်းစိမ် ကြည့်တော့-"ဩော်....သာဝတ္ထိပြည် ဇေတဝန်ကျောင်းကြီး ဆောက် လုပ်ခဲ့တယ်။ ငါဆောက်တဲ့ ကျောင်းမှာ ရဟန်းသံဃာတွေ မပြတ် နေတယ်၊ ဘုရားကိုယ်တော်မြတ် နှစ်ဆယ့်လေးဝါ ရှည်မြင့်စွာ ချီးမြှောက်တော်မူတယ်။"

**တုသိတာ နယ်ပြည်မှ အနာထပိဏ် နတ်သား ချက်ချင်း ဘုရားထံသွားခြင်း**

အဲဒီလို ကျောင်းရယ် ဘုရားရယ် ရဟန္တာတွေရယ် သူ့စိတ်ထဲ မြင် နေတယ်၊ အဲဒီလို မြင်တော့ ဒါတွေ ငါ ဘုရားထံ သွားပြီးတော့ လျှောက်ထားဦးမှပဲ။ အခုတင်ပဲ နတ်စည်းစိမ်တွေကို သွားခံ စားယင် ငါ ဘုရားဆီ သွားရတော့မှာ မဟုတ်ဘူးလို့ ဆိုပြီးတော့- နတ်စည်းစိမ် လျစ်လျူထားခဲ့ပြီး အဲဒီနေ့ည သန်းခေါင် မြတ်စွာ ဘုရား သီတင်းသုံးတဲ့ ဇေတဝန်ကျောင်း သွားတယ်။

## အနာထပိဏ်နတ်သား၏ ပီတိ

နတ်ပြဟ္မာတွေက သန်းခေါင်ယံမှာ အခွင့်ရတယ်။ အဲဒီမှာ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုး ဦးညွှတ် အပြင်လွှတ်တဲ့အရပ်က ရပ်တည်ပြီးတော့ လျှောက်တယ်။ ဘယ်လိုလျှောက်သလဲ-

ဣဒံ ဟိ တံ ဇေတဝနံ၊ ဣသိသံဃနိသေဝိတံ။
**အာဝုတ္ထံ** ဓမ္မရာဇေန၊ ပီတိ သဉ္ဇနနံ မမ။

ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ ဣဒံ တံ ဇေတဝနံ၊ ဤ **ဇေတဝန်** မည့်ခေါ် မြတ်ကျောင်းတော်သည်။ ဣသိသံဃနိသေဝိတံ၊ ရဟန်းအပေါင်းတို့ အမြဲပြတ် မှီဝဲအပ်သည် ဖြစ်၍လည်း ကောင်း။ ဓမ္မရာဇေန၊ သုံးပုံသင်းကျစ် ဓမ္မရာဇ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ အာဝုတ္ထံ၊ အမြဲစိုးအုပ် နေထိုင်အပ်သည် ဖြစ်၍ လည်းကောင်း။ ဝါ- နေထိုင်အပ်သောကြောင့် လည်းကောင်း။ မမ၊ တပည့်တော်၏။ ပီတိသဉ္ဇနနံ၊ နှစ်သက်အားရမ်းဝမ်းမြောက်ခြင်းကို ဖြစ်စေလှပါတယ် ဘုရား။

**အရှင်ဘုရား**....ဘုရားတပည့်တော် ဇေတဝန်ကျောင်းကြီးဆောက် ထားတာ အကယ်လို့ ရဟန်းတပါးမှ မရှိဘူးဆိုယင် တပည့်တော် ပီတိ ဖြစ်ချင်မှ ဖြစ်မယ်။ ပြီးတော့ ရဟန်းတွေသာ ရှိတယ်၊ ဘုရားက မနေဘူးဆိုယင်လဲပဲ တပည့်တော် ပီတိ ဖြစ်ချင်မှ ဖြစ်မယ်။ အခု တော့ ဘုရားကလဲပဲ နှစ်ဆယ့်လေးဝါကြာအောင် ချီးမြှောက်တော် မူတယ်။ ရဟန်းတော်တွေကလဲပဲ ညီညီညွတ်ညွတ် သွားလို့လာလို့ နေကြတယ်။ အဲဒီတော့ အခုဒီကျောင်းမှာ အမြဲ မပြတ် မှီဝဲသီတင်းသုံးနေတော်မူကြတာ။ ဒါတွေကိုကြည့်ပြီး တပည့်တော် ပီတိဖြစ်လွန်းလို့ဘုရား၊ လျှောက်တယ်။

ကမ္မံ ဝိဇ္ဇာ စ ဓမ္မော စ၊ သီလံ ဇီဝိတမုတ္တမံ။
ဧတေန မစ္စာ သုဇ္ဈန္တိ၊ န ဂေါတ္တေန ဓနေန ဝါ။

**မဂ္ဂင် ၈-ပါး**

ဘဂဝါ၊ ဘုန်းတော်သရဖူ ဆောင်းတော်မူသော မြတ်စွာဘုရား။ ကမ္မံ၊ မဂ်စေတနာကံသည်လည်းကောင်း။ ဝိဇ္ဇာ စ၊ အရိယမဂ်မှာပါတဲ့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပခေါ်တဲ့ ပညာမဂ္ဂင်နှစ်ပါးသည်လည်းကောင်း။ ဓမ္မော စ၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဆိုတဲ့ သမာဓိမဂ္ဂင် တရားအစုသည်လည်းကောင်း။ သီလဉ္စ၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင် တရားအစုသည်လည်းကောင်း။

မဂ္ဂင်ရှစ်ပါးကို သဘောတူရာ စုလိုက်ယင် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ ဒီသုံးခုက သီလမဂ္ဂင်။

သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိက သမာဓိမဂ္ဂင်၊

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပက ပညာမဂ္ဂင်၊

အဲဒီလို သီလ သမာဓိ ပညာနဲ့ ဝေလိုက်ယင် မဂ္ဂင်ရှစ်ပါးသုံးခု ပြားသပေါ့။ အဲဒါ အခု မဂ္ဂင်ရှစ်ပါး ပြောချင်လို့နော်။

ဧတေဟိ၊ ဤသီလ သမာဓိ ပညာတို့ဖြင့်။ ဇီဝိတံ၊ အသက်ရှင်ရခြင်းသည်လည်းကောင်း။ ဥတ္တမံ၊ အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှပါပေ၏။ (သီလ သမာဓိ ပညာ သိက္ခာသုံးပါးနဲ့ အသက်ရှင်နေရတာ အင်မတန် လောကမှာ မြတ်ပါတယ်။) ဧတေန၊ ဤ သီလ သမာဓိ ပညာ သိက္ခာသုံးရပ်ဖြင့်။ မစ္စာ၊ သတ္တဝါတို့သည်။ သုဇ္ဈန္တိ၊ ကိလေသာမှ စင်ကြယ် (သံသရာနယ်ကိုလွန်မြောက်) နိုင်ကြကုန်၏။ ဂေါတ္တေန ဝါ၊ အနွယ်ကြောင့်လည်းကောင်း။ ဓနေန ဝါ၊ ဥစ္စာကြောင့်လည်းကောင်း။ န မုစ္စန္တိ၊ သံသရာဝဋ်မှ မလွတ်နိုင်ကြကုန်။

မှန်တယ်၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ အစရှိတဲ့ မဂ္ဂင်ရှစ်ပါးပြီးမှ သံသရာဝဋ်က အဖြစ်ရပ်မှာ။ အေး ...ရွှေ ငွေ ဥစ္စာနဲ့ပေးလို့ သံသရာဝဋ်က ကျွတ်လွတ်ခြင်းဆိုတဲ့ အဖြစ်က ဘယ်လိုနည်းနဲ့မှ ပေးလို့ ဝယ်လို့ ရတာမဟုတ်ဘူးတဲ့၊ဆွေမျိုးဂုဏ်နဲ့ ပြောလို့လဲ ရတာမဟုတ်ဘူး။

## ကိလေသာစင်ကြယ်မှု

တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ သမ္ပဿံ အတ္ထမတ္တနော။
ယောနိသော ဝိစိနေ မဂ္ဂံ၊ ဧဝံ ဟတ္ထ ဝိသုဇ္ဈတိ။

တသ္မာဟိ တသ္မာ ဧဝ၊ ထိုသို့ ကိုယ်ထူ ကိုယ်ထ ကိုယ်လုပ်မှ ကိုယ်ရသောကြောင့်ပင်လျှင်။ အတ္တနော အတ္ထံ၊ မိမိ၏ ပစ္စုပ္ပန် တမလွန် အကျိုးနှစ်တန်ကို။ ' သမ္ပဿံ-သမ္ပဿန္တော၊ ကောင်းစွာမြော်မြင် ဆင်ခြင်မိသော။ ပဏ္ဍိတော ပေါသော၊ ပညာရှိပြြား အမျိုးကောင်း သား မင်းယောကျ်ား မင်းမိန်းမသည်။ယောနိသော၊နည်းမှန်လမ်းမှန် အားဖြင့်။ မဂ္ဂံ၊ ရှပ်နှာနှစ်ပါး သစ်ါရတရားအစုကို။ ဝိစိနေ၊ အနိစ္စ ဒုက္ခ အနတ္တဟု လက္ခဏာယာဉ် သုံးချက်တင် ဆင်ခြင်စဉ်းစား ပွားများရာ၏။ ဝါ-ပွားများသင့်လှ၏။ ဧဝံ၊ ဤသို့ ပွားများသည် ရှိသော်။ တတ္ထ၊ ထိုအရိယာမဂ်၌။ ဌတွာ၊ တည်၍။ ဝိသုဇ္ဈတိ၊ ကိလေ သာမှ စင်ကြယ်ပေတော့၏။

လေးချက်မြောက် စင်ကြယ်တဲ့ အရဟတ္တဖိုလ်ပေါက်ရောက်လို့ အပြီးအပိုင် စင်ကြယ်တာဖြစ်လိမ့်မယ် အရှင်ဘုရားလို့ ဟောဒီမှာ ဒီ သုတ္တန်က မဂ္ဂင်ရှစ်ပါးကို ချီးကျူးတာ နှစ်ဂါထာ။အခု နောက်ဆုံးကျ တော—

**အရှင်သာရိပုတ္တရာ၏ ဂုဏ်တော်ဖော်ကျူးခြင်း**

သာရိပုတ္တောဝ ပညာယ၊ သီလေနုပသမေန စ။
ယောပိ ပါရင်္ဂတော ဘိက္ခု၊ ဧတာဝ ပရမော သိယာ။

ဘဂဝါ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား။ တဝ သိသောသူ၊ ရှင်တော့်တပည့်တွေတွင်။ သာရိပုတ္တောဝ၊ အရှင်သာရိပုတ္တရာ မထေရ် မြတ်သည်သာလျှင်။ ပညာယ စ၊ ပညာဂုဏ်အားဖြင့်လည်းကောင်း။ သီလေန စ၊ သီလဂုဏ်အားဖြင့်လည်းကောင်း။ ဥပသမေန စ၊ ကိလေသာငြိမ်းခြင်း 'ဥပသမ' ဂုဏ်အားဖြင့်လည်းကောင်း။ သေဋ္ဌော၊အထူးသဖြင့် ချီးမွမ်းအပ် အမြတ်ဆုံးဖြစ်ပါပေ၏။

အရှင့်တပည့်သံဃာ ရှင်သာရိပုတ္တရာသည် သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် အမြတ်ဆုံး အချီးမွမ်းအပ်ဆုံးပုဂ္ဂိုလ်ပဲ။

ယောပိ ဘိက္ခု၊ အကြင်ရဟန်းသည်လည်း။ ပါရင်္ဂတော၊ သံသရာ ဟိုဘက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးသန်းထုတ်ချောက် ရောက်ခဲ့ပြီ။ သောပိ၊ သံသရာဟိုဘက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးသန်းထုတ်ချောက် အရဟတ္တဖိုလ် ရောက်ပြီးတဲ့ ရဟန္တာမျိုးသည်လည်း။ ဧတာဝ ပရမော၊ ဤအရှင်သာရိပုတ္တရာရဲ့ သီလ သမာဓိ ပညာသာလျှင် လွန်သော အတိုင်းအရှည်ရှိသည်၊ သိယာ၊ ဖြစ်လေရာ၏။

ဘာပဲပြောပြော ဘယ်သူ့ဉာဏ်ကောင်းတယ် ပြောပြော အရှင် သာရိပုတ္တရာထက်တော့ မသာပါဘူး၊ အလွန်ဆုံး လာနိုင်လို့ရှိယင် အရှင်သာရိပုတ္တရာရဲ့ ဉာဏ်ပညာလောက်တော့ စဉ်းစားနိုင်တယ်ပေါ့။ အဲဒီသဘော ပြောတာ။

အနာထပိဏ်နတ်သားက ခုလိုနားထောင်တယ်။ မြတ်စွာဘုရား ကလဲ ဘာမှမပြောဘူး။ ဆိတ်ဆိတ်နေတယ်၊ အနာထပိဏ်က ဘာမှ

ပြန်မကြားတော့ "မလှုပ်စိတ်တူ" ဟုတ်လား သဘောမတူယင် မနေကျနပ်ယင် တခါတည်းပြန်ပြီးတော့ ကန့်ကွက်တာတို့ ဘာတို့ ပြောမယ်။ အခုဟာ သဘောတူလို့ ဆိတ်ဆိတ်နေတာ။ အေး အဲဒီလို ဆိတ်ဆိတ်နေခြင်းဖြင့် အနာထပိဏ်နတ်သားအဖို့ အော် ငါ့စကား ဘုရားလက်ခံတယ်။

သမနုညော မေ သတ္ထာ။

မေ၊ ငါ၏။ ဝစနံ၊ စကားကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ သမ-နုညော၊ ခွင့်ပြုတော်မူပြီ။

ဘုရားခွင့်ပြု လက်ခံသပဲ့လို့ နှစ်သက်အားရ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီးတော့ ဒီအနားတင် ဘုရားကို လက်ယာရစ် သုံးပတ်လှည့် ရှိခိုးပြီးတော့ ဒီအနားတင်တခါတည်း ပျောက်သွားတယ် ကွယ်သွားတယ်။ ဣဒ္ဓိဝိသယဆိုတာ အဘိညာဏ်သဘောမျိုးပေါ့၊ အင်း ဖြစ်နိုင်ပါ့ မလားလို့ မတွေးရဘူး။ ဣဒ္ဓိဝိသယ အစိန္တေယျ ဂုဏ်ရှင်ဆိုတော့ ဒါ လိုအပ်သလို ဣဒ္ဓိကိစ္စ ပြီးနိုင်တယ်။

နောက်တနေ့ မနက်ကျတော့ မြတ်စွာဘုရားက ရဟန်းတွေကို စုပြီးတော့ ချစ်သားတို့ လွန်ခဲ့တဲ့ညတုန်းက နတ်သားတယောက် သန်းခေါင်လောက်မှာ ငါဘုရားထံမှောက် လာရောက်တယ်။အဲဒီဂါထာ လေးဂါထာကို ရွတ်ဆိုသွားတယ်။အဲဒီလေးဂါထာကို ဘုရားက ပြန်ပြီး တော့ ရွတ်ပြသေးတယ်။ (ဣဒံ ဟိ တံ ဇေတဝနံ စသည်လေးဂါထာ)

## အရှင်အာနန္ဒာ၏အသိဉာဏ်

ဤလေးဂါထာ ရွတ်ပြီးတော့ ချစ်သားတို့ အဲဒီနတ်ရဲ့စိတ်ထဲ ငါ့ စကားကို ဘုရားခွင့်ပြုတော်မူပဟဲ့လို့ ဝမ်းမြောက်ဝမ်းသာ ငါဘုရားကို

လက်ယာရစ် သုံးပတ်လှည့်ရှိခိုးပြီးတော့မှ ဒီနေရာမှာပဲ ကွယ်ပျောက်သွားတယ် ချစ်သားတို့လို-ဘုရားက ညကတွေ့တဲ့အကြောင်းပြောတော့ ရဟန်းတော်တွေထဲက အရှင်အာနန္ဒာက လျှောက်တယ်။

"သော ဟိ နူန သော ဘန္တေ အနာထပိဏ္ဍိကော ဒေဝ-
ပုတ္တော ဘဝိဿတိ၊ အနာထပိဏ္ဍိကော ဘန္တေ ဂဟပတိ
အာယသ္မန္တေ သာရိပုတ္တေ အဘိပ္ပသန္နော အဟောသိ"

အရှင်ဘုရား— အခုဂါထာတွေ ရွတ်တယ်ဆိုတဲ့ အဲဒီနတ်သားဟာ အနာထပိဏ်နတ်သားပါပဲ၊ ကေန္တပါ။ဘာပြုလို့လဲ ချစ်သားအာနန္ဒာ။ အနာထပိဏ်သဌေးကြီးဟာ အရှင်သာရိပုတ္တရာအပေါ် သိပ်ကြည်ညိုတာ ဘုရား။ အခု အရှင်သာရိပုတ္တရာရဲ့ဂုဏ်ကို ဘာမှ အကြောင်းအထူးပွတ်မရှိပဲနဲ့ တခါတည်း တဝကြီး ချီးကျူးတယ်ဆိုတာ အနာထပိဏ်နတ်သားမို့ ပေါ့တဲ့။ အနာထပိဏ်သဌေးကြီးက အရှင်သာရိပုတ္တရာကို သိပ်ကြည်ညိုတယ်ဘုရာ့။ အဲဒီတော့မှ မြတ်စွာဘုရားကလဲ သာဓု သာဓု အာနန္ဒာ၊ ချစ်သားအာနန္ဒာ သာဓုပါ သာဓုပါ။

ယာဝတကံ ခေါ အာနန္ဒ တက္ကာယ ပတ္တဗ္ဗံ၊ အနုပ္ပတ္တံ
တံ တယာ။

တက္ကာယ၊ ကြံစည်စဉ်းစားခြင်းဖြင့်။ ယာဝတကံ၊ အကြင်မျှလောက်သော အရာကို။ ပတ္တဗ္ဗံ၊ ရောက်သင့်ရောက်ထိုက် သိသင့်သိထိုက်၏။ တတ္တကံ၊ ထိုမျှလောက်။ တယာ၊ သင်သည်။ အနုပ္ပတ္တံ၊ ရောက်အပ် သိအပ်ခဲ့လေပြီ။

ဝိတက်နဲ့ ဆင်ခြင်စဉ်းစားပြီးတော့ သိခွင့်ရှိသလောက်တော့ သင်ချစ်သား အကုန်လုံး သိတာဘဲ။ ချစ်သား ပြောတဲ့အတိုင်း မှန်တယ်တဲ့။

အနာထပိဏ္ဍိကော သော အာနန္ဒ ဒေဝပုတ္တော။

**အာနန္ဒ**၊ ချစ်သား အာနန္ဒာ။ **သော** ဒေဝပုတ္တော၊ ထိုနတ်သား သည်။ အနာထပိဏ္ဍိကော၊ အနာထပိဏ်သဌေး ကေန်မုန်လှ၏။

အနာထပိဏ်သဌေး အမှန်ပဲတဲ့။

ဒီတရားတော်မှာ ဝိပဿနာနည်း ဆယ်နည်း ဖွင့်ပြတယ်။ အနာထပိဏ္ဍိကောဝါဒသုတ္တန်၊ တနည်းအားဖြင့် အနာထပိဏ်သဌေးကြီး တုသိတာနတ်ပြည် သွားခါနီးမှာ မိမိတို့ လူဒါယကာ ဒါယိကာမတွေ အတွက်လဲ ဟောကြားပေးပါရန် အရှင်သာရိပုတ္တရာအား အထူး တောင်းပန် လျှောက်ထားခဲ့တဲ့ တရားတဲ့။ ဒါ့ကြောင့် ထိုထို မြို့ရွာမှာ ဘုန်းကြီးတို့ ဟောပေးဖို့သင့်တယ် စဉ်းစားတော့ ဟော အခုဒီမြို့မှာ ပဲခူးမှာလာပြီးတော့ ဒီသုတ္တန် ဟောပါတယ်။ အနာထပိဏ္ဍိကောဝါဒ သုတ္တန် အသိပေးပါတယ်။

## တရားတော်နိဂုံးချုပ်

ဤသို့လျှင် အနာထပိဏ္ဍိကောဝါဒသုတ္တန် တရားတော်မြတ်ကို ကြားနာရခြင်း ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံ စေတနာ, သရဏဂုံ သီလ ဆောက်တည်ကြရခြင်း သီလမယ ကောင်းမှု ကုသိုလ်ကံစေတနာ, တရားနာစဉ် ဆယ်ခွင်သော ဝိပဿနာနည်းလမ်းတို့ကို ကြိုးပမ်းမယုတ် အားထုတ်ပွားများရခြင်း ဘာဝနာမယ ကောင်းမှုကုသိုလ်ကံစေတနာ ဤသို့ စသည် များမြတ် ပေါင်းအပ်သော ကောင်းမှုကုသိုလ်ကံ အရပ် ရပ်တို့ကြောင့် ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း ဇာတ်သိမ်းပြည်နိဗ္ဗာန်ဆိုတဲ့ နိဗ္ဗာန်တရားတော်မြတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့် ပဋိပတ်, လျှင်မြန်သော အသိဉာဏ်,ရည်သန်ပိုင်းခြား တောင့်တရင်း ရှိသော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် အကျွန်ုပ်တို့

တရားဟော တရားနာပုဂ္ဂိုလ်တစုံ မျက်မှောက်ပြုရတဲ့ကိုယ် ဖြစ်ပါစေကုန်သတည်း။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထိုနောက် ဆုံးဘဝ ပရိနိဗ္ဗာနစုတိစိတ်မှ အခြားမဲ့နောက်ကာလ၌ ဘဝသုံးပါးတို့တွင် ဘယ်ဘဝ၌မှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာ တရားတို့ တဖန်အသစ် မဖြစ်ခြင်းတည်းဟူသော အနုပ္ပါဒနိရောဓခေါ်တဲ့ အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန် ကိုယ်စီစံကြပါစေကုန်သတည်း။ အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ် ကိလေသာဝဋ် ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု

အနာထပိဏ္ဍိကောဝါဒသုတ္တန်
ပြီးပြီ။

# မဟာဓမ္မပါလဇာတ် တရားတော်

## မြတ်စွာဘုရား၏ စရိယဂုဏ်တော်ကို အာရုံပြု၍ ဓမ္မပါလနိုင်ငံတော် ဖြစ်စေရန် ရည်သန်ဟောကြားခြင်း

ကောဇာသက္ကရာဇ် ၁၃၃၃-ခုနှစ် သာသနာတော် ၂၅၁၅-ခုနှစ် တပေါင်းလပြည့်ကျော် ၂-ရက်နေ့ည **သာယာဝတီခရိုင် မင်းလှမြို့** ဒါယကာ ဒါယိကာမအပေါင်းတို့၏ ၂၅-ကြိမ်မြောက် ဂိုဏ်းပေါင်းစုံ သံဃာ့ဝိနည်း စာပြန်ပွဲကြီး အောင်ပွဲ၌ ဟောကြားအပ်သော ဒသကနိပါတ် မဟာဓမ္မပါလဇာတ်လို့ဆိုပြီး ဘုန်းကြီး ကနေ့ည မဟာဓမ္မပါလဇာတ် ဟောပေးပါ့မယ်။ နက်ဖြန်ကျတော့ ဟေမဝတေ သုတ်ကို ဟောပေးပါ့မယ်။

### ပိဋကတ်၌ ဇာတ်တော်များ စီစဉ်ထားပုံ

မြတ်စွာဘုရားရဲ့ စရိယကို ပြတဲ့ အဖြစ်တော်တွေကို ပါဠိလို **ဇာတက** ခေါ်တယ်။ အဲဒီဇာတက ဒေသနာတွေက ဂါထာ တပုဒ်စီ တပုဒ်စီရှိတဲ့ ဇာတ်တွေကို စုပြီးတော့ သံဂါယနာတင်ရတယ်။ အဲဒါကို ပါဠိလို **ဧကကနိပါတ**၊ **ဧကကနိပါတ်**၊ ဂါထာတပုဒ်စီ တပုဒ်စီရှိတဲ့ **ဇာတ်တွေကို** စုပေါင်းထားတဲ့ တရားဒေသနာ အစုကြီးပဲ။

ဂါထာနှစ်ပုဒ်စီရှိတဲ့ ဇာတ်တွေစုပေါင်းထားတာကျတော့ ဒုကနိပါတ်၊

အဲဒီလိုလာခဲ့တာ ဒုက-တိက-စတုက္က-ပဥ္စက-ဆက္က-သတ္တက-အဋ္ဌက-နဝက-ဒသက-ဧကာဒသက-ဒွါဒသက-တေရသက။

ဟိုဘက်ဂါထာ တဆယ့်သုံးပုဒ်က အထက် ဆယ့်လေးဂါထာ ဆယ့်ငါးဂါထာ ဂါထာနှစ်ဆယ်အတွင်းရှိတဲ့ **ဇာတ်တွေက** ပကိဏ္ဏကနိပါတ်။

ဒီအထက် ၂၀-ကို ဝိသတိနိပါတ်လို့ ခေါ်တယ်။

ထိုအထက် ၃၀-တိံသနိပါတ်။

၄၀-ပိုင်းကျတော့ စတ္တာလီသ။

၅၀-ပိုင်းကျတော့ ပညာသနိပါတ်။

ဇာတ်တဇာတ် တဇာတ်လျှင် ဂါထာ ၆၀-စီ ၆၀-စီရှိတဲ့ ဇာတ်တွေ စုပေါင်းပြထားတဲ့ တရားဒေသနာကျတော့ သဋ္ဌိနိပါတ်။

ဂါထာ ၇၀-စီရှိတဲ့ ဇာတ်တွေကျတော့ သတ္တတိနိပါတ်၊

ဂါထာ ၈၀-စီရှိတဲ့ ဇာတ်တွေကို တစုထဲ သံဂါယနာတင်ထားတယ်။ အဲဒါကျတော့ အသီတိနိပါတ်၊ အသီတိ က ဂါထာ ၈၀-ရှိတဲ့ နိပါတက ဇာတ်အပေါင်း။

အဲဒီ ၈၀-က အထက်ကျတော့ ရာချီ ရာကျော်သွားတယ်၊ ဇာတ်ကြီးဆယ်ဘွဲ့ မဟာနိပါတလို့ခေါ်ပါတယ်၊ မဟာနိပါတ်။ များသွားပြီ၊ ဂါထာက ရာကျော်သွားတယ်။

အဲဒီလိုရှိတဲ့ ဇာတ်တော်ထဲမှာ ကနေ့ ဘုန်းကြီးဟောရမှာက ဂါထာဆယ်ပုဒ်ရှိတဲ့ ဇာတ်အပေါင်းထဲမှာ ပါဝင်တဲ့ မဟာဓမ္မပါလ ဇာတ်ကို ပြောပါမယ်။ဇာတ်တွေ ဘာပြုလို့ ကိုယ်တော်ပြောနေရတုံး။ ကနေ့ သမထဝိပဿနာ ဘာဝနာအလုပ်တွေ အင်မတန်ထွန်းကားနေတဲ့အတွင်း ဇာတ်တော်ကို ဘာပြုလို့ ဟောချင်ရတုံးလို့ မေးစရာ ရှိပါတယ်။

## စရိယဂုဏ်ပြသည့် ဇာတ်တော် ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားရဲ့ဂုဏ်သည် စရိယဂုဏ် ဓမ္မဂုဏ်လို့ နှစ်မျိုးရှိပါတယ်။ ရူပကာယဂုဏ်တော်ကျတော့ သရီရဂုဏ်ခေါ်ပါတယ်။ အဲဒီဘုရားရဲ့ ကျေးဇူးဂုဏ်တော်တွေထဲမှာ ဇာတ်တော်တွေသည် စရိယဂုဏ်ကို ဦးတည်ပြတာဖြစ်ပါတယ်။ မိမိတို့လိုက်နာကျင့်သုံးရမယ့် နမူနာတွေ ဇာတ်တော်မှာ အများကြီးပါပါတယ်။ ဒါကြောင့် အောက်ခြေကနေ ပြီး လိုက်နာကျင့်သုံးစရာ ဆိုပြီးတော့ ဇာတ်တော်ကို ဟောပါ တယ်။

အခုဘုန်းကြီးဟောမယ့် မဟာဓမ္မပါလဇာတ်ဆိုတာ အစဆုံး ဂါထာက–

> ကိံ တေ ဝတံ ကိံ ပန ဗြဟ္မစရိယံ၊
> ကိဿ သုစိဏ္ဏဿ အယံ ဝိပါကော။
> အက္ခာဟိ မေ ဗြာဟ္မဏ ဧတမတ္ထံ၊
> ကသ္မာ နု တုမှံ ဒဟရာ န မိယျရေ။

ဒီဂါထာက စတယ်။ မဟာဓမ္မပါလဇာတ်ဆိုတော့ ဓမ္မပါလ နိုင်ငံတော်ဖြစ်ပါစေ၊ တရားနာရတဲ့မြို့ကြီးဟာလဲ ဓမ္မပါလမြို့ကြီးဖြစ် ပါစေလို့ကြိုတင်၍ ဆုတောင်းပါတယ်။ဓမ္မပါလဇာတ်ကလာတဲ့ အကျင့် တွေဟာ ကနေ့ ဗုဒ္ဓဘာသာ အမျိုးသား အမျိုးသမီးတယောက် အနေနဲ့ ကျင့်ဖို့ရန် ဘာမှဝန်မလေးဘူး။ အင်မတန်လွယ်တဲ့အကျင့် တွေ၊ ဒီဇာတ်ကလာတဲ့အတိုင်း ကျင့်ယင် ဒီဇာတ်မှာလာတဲ့အကျိုး တွေရတယ်။

ဒီအိမ်ထောင်စုသည် ဓမ္မပါလအကျင့်ကိုကျင့်ယင် ဓမ္မပါလမိသားစု ဖြစ်ရတယ်။

တမြို့လုံးကျင့်ယင် တမြို့လုံးသည်၊ ဓမ္မပါလမြို့တော်ဖြစ်ရတယ်။

တနိုင်ငံလုံးကျင့်ယင် တနိုင်ငံလုံးသည် ဓမ္မပါလနိုင်ငံတော်ဖြစ်ရတယ်။ များလဲမများဘူး။ ကျင့်သုံးဖို့လဲပဲ အင်မတန်လွယ်တာ၊ အဲဒီ လွယ်တဲ့အကျင့်ကို လွယ်လွယ်နဲ့ ကျင့်ဖြစ်အောင်လို့ ဘုန်းကြီးတို့ တရားနာပရိသတ်တွေရဲ့ နားထဲကို ထည့်ပေးနေတာပဲ။ အဋ္ဌကထာ ဆရာတော်က ဇာတ်နိဒါန်း ဖွင့်ပေးလိုက်တယ်။

"ကိံ တေ ဝတ္တံ ဣဒံ သတ္ထာ ပဌမဂမနေန ကပိလပုရံ ဂန္တွာ နိဂြောဓာရာမေ ဝိဟရန္တော ပိတု နိဝေသနေ ရညော အသဒ္ဒဟန္တံ အာရဗ္ဘ ကထေသိ။"

ကိံ တေ ဝတ္တံ၊ 'ကိံ တေ ဝတံ' ဤသို့အစရှိသော။ ဣဒံ၊ ဤမဟာဓမ္မပါလဇာတ် တရား ဒေသနာတော်မြတ်ကို။ သတ္ထာ၊ လူနတ်တို့ဆရာမြတ်စွာဘုရားသည်။ ပဌမဂမနေန၊ ပဌမအကြိမ် ကြွရောက်တော်မူခြင်းဖြင့်။ ကပိလပုရံ၊ ကပိလဝတ် မင်းနေပြည်သို့။ ဂန္တွာ၊ ကြွရောက်တော်မူ၍—

အဲဒီမှာ နှုတ်တရာ စာတလုံး အင်မတန် ကျယ်ဝန်းတဲ့ဖြစ်ရပ်ကို စာလေးငါးပုဒ်နဲ့ သမိုင်းတင်ထားလိုက်တယ်ဆိုပါစို့၊ နိဂြောဓာရာမေ၊ နိဂြောဓာရုံကျောင်း၌။ ဝိဟရန္တော၊ ဣရိယာပထ မျှတစွာရွှင်ပြုံး သီတင်းသုံး စံနေတော်မူစဉ်။ (နိဂြောဓာရုံကျောင်းမှာ ဟောတဲ့ ဇာတ်မဟုတ်ဘူး၊ မြတ်စွာဘုရား အဲဒီအချိန်မှာ နိဂြောဓာရုံကျောင်းမှာနေတဲ့ အခိုက်အတန့်ပဲတဲ့၊) ရညော၊ ခမည်းတော် သုဒ္ဓေါဒနမင်းတရား၏။ နိဝေသနေ၊ နန်းတော်၌။ (သုဒ္ဓေါဒနမင်းတရားကြီးရဲ့ နန်းတော်မှာဟောတာ) ပိတု၊ ခမည်းတော်မင်းတရား၏။ အသဒ္ဒဟန္တံ၊ နတ်တို့စကား မယုံကြည်မှုကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောကြားတော်မူခဲ့ပြီ။

## မိဂဒါဝုန်မှ ရာဇဂြိုဟ်သို့

စာတပိုဒ်ပဲရှိတယ်။ အဲဒီတပိုဒ်ရဲ့အထဲက ဘုန်းကြီးတို့ ကြည်ညို စရာ အနက်အာရုံကို ယူကြည့်ရအောင် –

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ ဘုရားဖြစ်တယ်။ ထိုနှစ် မိဂဒါဝုန်မှာ ဝါကပ်တယ်။ မိဂဒါဝုန်မှာ ဝါကျွတ်တော့ အဲဒီဝါတွင်းမှာ ပဥ္စဝဂ္ဂီမထေရ်ငါးပါး ယသသဌေးသားနဲ့တကွ သူငယ်ချင်း ငါးကျိပ်လေးယောက် ယသသဌေးသားနဲ့ဆိုတော့ သူငယ်ချင်း ငါးကျိပ်ငါးယောက် ရဟန္တာ ဖြစ်ကြတယ်။ ပဥ္စဝဂ္ဂီငါးပါးနဲ့ဆိုတော့ ရဟန္တာခြောက်ကျိပ်၊မြတ်စွာဘုရားပါထည့်လိုက်ယင် ထိုအချိန်မှာ လူ့ပြည်လူသား ရဟန္တာ ခြောက်ကျိပ်တပါး ရှိတယ်။

မိဂဒါဝုန်မှာ ဝါကျွတ်ပြီးတဲ့အခါ ရဟန္တာတွေကို သာသနာပြုလွှတ်ပြီးတော့ မြတ်စွာဘုရား တာဝန်တခုယူသောအနေနဲ့ ကိုယ်တော်က ဥရုဝေလတောအုပ်ကို ကြွသွားတယ်၊ ဥရုဝေလတောအုပ်မှာ ဥရုဝေလကဿပ နဒီကဿပ ဂယာကဿပဆိုတဲ့ ကဿပညီနောင် ဂိုဏ်းဆရာကြီး သုံးဦးခေါင်းဆောင်တဲ့ တထောင်သော ရှင်ရသေ့ ဥရုဝေလကဿပဆရာကြီးရဲ့ တပည့်ရသေ့က ငါးရာ၊ ညီအလတ်ဖြစ်တဲ့ နဒီကဿပရသေ့ရဲ့ တပည့်ရသေ့ပေါင်းက သုံးရာ၊ ညီအငယ်ဖြစ်တဲ့ ဂယာကဿပရသေ့ရဲ့ တပည့်ရသေ့ပေါင်းက နှစ်ရာ၊ အားလုံး ရသေ့ တထောင် ရှင်တထောင်လို့ ခေါ်သပေါ့၊ အဲဒီရသေ့တို့ကို မြတ်စွာဘုရား မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ဥရုဝေလတောအုပ်ရောက်ပြီးတော့ နတ်တော်လပြည့် ပြာသိုလပြည့် နှစ်လတိုင်တိုင် ထိုတောအုပ်မှာ သီတင်းသုံးပြီး သူတို့စိတ်ကို

ယဉ်ကျေးအောင် ချေချွတ်ဖို့ရန် ဣဒ္ဓိပါဋိဟာရိယာခေါ်တဲ့ တန်ခိုးပြာဋိဟာပေါင်း (၃၅၁၆)သုံးထောင် ငါးရာ တဆယ့် ခြောက်မျိုး ပြရတယ်။

အဲဒီ ၃၅၁၆-မျိုး တန်ခိုးပြာဋိဟာတို့ဖြင့် ရသေ့ဂိုဏ်းဆရာကြီး သုံးဦးခေါင်းဆောင်တဲ့ တထောင်သော ရသေ့တို့ကို ချေချွတ်၍ သူတို့စိတ်တွေ သာသနာသက်ဝင်လာပြီး ရဟန်းအဖြစ်တောင်း၊ မြတ်စွာဘုရားက ဧဟိ ဘိက္ခု၊ အကိုကြီးနဲ့ တပည့်တွေကို တကြိမ်၊ ညီအလတ်နဲ့ တပည့်တစုကို တကြိမ်၊ ညီအငယ်နဲ့ တပည့်တစုကို တကြိမ်၊ အဲဒီလို အစဉ်အတိုင်း ဧဟိ ဘိက္ခု-ခေါ်တဲ့ ဧဟိဘိက္ခု ရဟန်းအဖြစ်ရပြီးတဲ့နောက် ဂယာသီသ ကျောက်ဖျာပေါ်မှာ အဲဒီ ရဟန်းတထောင်ကိုအာဒိတ္တပရိယာယသုတ်လို့ သုတ္တန်တခုဟောတယ်။ နက်ဖြန်ကျမှ အဲဒီသုတ္တန်ကို ဟေမဝတသုတ်ရဲ့ နိဒါန်းအနေနဲ့ အမြွက်နာရအောင်။

## နှစ်လအတွင်း ကျွတ်ပွဲကြီးခင်းခြင်း

အဲဒီ အာဒိတ္တပရိယာယသုတ္တန်ကို ဟောပြီးတော့ ထို တထောင်သောရသေ့ဖြစ်ဖူးတဲ့ ရဟန်းတွေကို အရဟတ္တဖိုလ်ပေါက် ချေချွတ်လို့ ထိုရဟန္တာပေါင်း တထောင်ခြံရံလျက် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ပြာသိုလပြည့်နေ့မှာ ရာဇဂြိုဟ်ရောက်တယ်။ ရာဇဂြိုဟ်ရောက်တော့ ပြာသိုလပြည့်ကျော် ၁-ရက်ကစပြီး တပို့တွဲလပြည့် တပေါင်းလပြည့် နှစ်လအတွင်း နေ့စဉ် ညစဉ် တရားပွဲကြီး ကျွတ်ပွဲကြီးခင်းလို့ ကျွတ်လိုက်တဲ့ ဝေနေယျတွေ လူပရိသတ်လဲ မြောက်မြောက်များများ နတ်ပရိသတ်လဲ မြောက်မြောက်များများ၊ အထူးအားဖြင့် ဟို ကပိလဝတ်ပြည်က ဟုဒ္ဓေါဒနမင်းတရားကြီး လွှတ်လိုက်တဲ့ အမတ်တကျိပ် တမန်

အမတ်တွေ နောက်ဆုံး ကာဠုဒါယီအမတ်။ အေး သူတို့မှာ တထောင် တထောင်သော မင်းချင်းယောကျ်ား အခြံအရံဖြင့်လာကြတော့ ကပိလဝတ်ပြည်သားတွေ တထောင်စီ တထောင်စီ ဆယ်ခုပေါ့။ တရားနာရလို့ ရဟန္တာဖြစ်ကြတယ်။ ရဟန်းပြုကြတယ်။

ဒီ နှစ်လအတွင်းမှာ ကပိလဝတ်ပြည်က ကပိလဝတ်ပြည်သား ရဟန္တာ တသောင်းရတယ်။ ဒီနှစ်လအတွင်း မြတ်စွာဘုရား တရားဟော ချော့ချွတ်လို့ ရာဇဂြိုဟ်ဆိုတာ အင်္ဂ, မဂဓတိုင်း နှစ်တိုင်းရဲ့ဗဟို၊ တိုင်းနှစ်တိုင်းကို အစိုးရတဲ့ ဗိမ္ဗိသာရမင်းတရား အုပ်ချုပ်တဲ့တိုင်းပြည်၊ အဲဒီ အင်္ဂ, မဂဓတိုင်းသားတွေ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်က စပြီးတော့ အဲဒီ အင်္ဂ, မဂဓတိုင်းသားပေါင်းကလဲပဲ တသောင်းပဲ ရဟန္တာဖြစ်တယ်။

ဟို သုဒ္ဓေါဒနမင်းတရားကြီးကလဲပဲ နှစ်လအတွင်းမှာ လွှတ်လိုက်တဲ့ တမန် အပင့်လွှတ်လိုက်တာ ဆယ်ခေါက်ကျတယ်။ အဲဒီ ဆယ်ခေါက်စလုံး ဆယ်ယောက်ခဲ့သော အမတ်များ တထောင်စီသော မင်းချင်းတို့နှင့်တကွ အားလုံးတရားနာရလို့ ဧဟိဘိက္ခု ရဟန်းဖြစ်ကုန်ကြတယ်။ ဒီတော့ သုဒ္ဓေါဒနမင်းတရားကြီး ဒါလောက်အရေးတကြီး လွှတ်တာ ဘာယ့်နှယ်ကြောင့်လဲလို့ မေးစရာရှိတယ်။ သူ့အနေနဲ့ ကြီးပေမပေါ့၊ ဘာဖြစ်လို့လဲ သားတော် ဘုရားဖြစ်တဲ့အချိန်မှာ သုဒ္ဓေါဒနမင်းတရားကြီးသည် အသက်ကိုးဆယ်လောက်ရှိပြီ။ အိုလှပြီ၊ ဒီလိုပဲ ပြောကြစို့။ အင်မတန် မာကျောပြီး ချမ်းချမ်းသာသာနေရတဲ့ ပုဂ္ဂိုလ်ကြီးမို့လို့ သတိတွေ ဘာတွေ ကောင်းနေတာ။ အသက်ကိုးဆယ်လောက် ခန့်မှန်းရပါ့မယ်။

**ခမည်းတော်အသက် နှိုင်းယှဉ်ချက်**

ဘာပြုလို့ ကိုယ်တော် ကိုးဆယ်လောက်မှန်းရပါသလဲ။ မယ်တော်မာယာရဲ့ အသက်ကို စာထဲကအတိုင်း စာထဲနဲ့အညီ မုံရွေးဇေတဝန်ဆရာတော်ဘုရားက သူ့ရဲ့ သမန္တစက္ခုဒီပနီကျမ်းထဲမှာ တွက်ပြီးတော့ လင်္ကာလေး ရေးထားတယ်။

**ဆောင်။ ။ဆပညာသ၊ ငါးမာသဝယ်၊ သုံးရက်ပယ်၊ အကယ်မယွက်၊ မယ်တော်သက်-တဲ့။***

ဆပညာသ ဆိုတာ ငါးဆယ့်ခြောက်နှစ်၊ ငါးမာသ-ဆိုတာ ငါးလ၊ သုံးရက်ပယ်ဆိုတာ သုံးရက်နုတ်။

ငါးဆယ့်ခြောက်နှစ် လေးလနှင့် နှစ်ဆယ့်ခုနစ်ရက်မှာ မယ်တော်မာယာနတ်ရွာစံတယ်။ မယ်တော်မာယာ နတ်ရွာစံတဲ့အချိန်မှာ အသက်ကျမ်းဂန်နဲ့အညီ မုံရွေးဇေတဝန်ဆရာတော် အရှင်အရိယဝံသမထေရ်က ဒီအတိုင်းသူ့ရဲ့ သမန္တစက္ခုဒီပနီကျမ်းမှာ အတိအကျ တွက်ပြထားပါတယ်။ ငါးဆယ့်ခြောက်နှစ် လေးလ နှစ်ဆယ့်ခုနစ်ရက်။

ဒီတော့ဘုရားအလောင်း ဖွားမြောက်တဲ့အချိန်မှာ မယ်တော်ဖြစ်တဲ့ မဟာမာယာ ဒေဝီပင်လျှင် အသက်ငါးဆယ့်ခြောက်နှစ် လေးလ နှစ်ဆယ့်ခုနစ်ရက်ရှိနေယင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် မဟာမာယာဒေဝီထက်ကြီးယင်သာ ကြီးရမယ်၊ ဘယ်လိုနည်းနဲ့မှ

---

*သမန္တစက္ခုဒီပနီ၊ ပဌမတွဲ (မန္တလေး၊ ရတနသိဒ္ဓိပုံနှိပ်တိုက်၊ ၁၉၂၅) စာမျက်နှာ ၉၁။

ရင်း (ရန်ကုန်၊ ကာယသုခပုံနှိပ်တိုက်၊ ၁၉၆၈) စာမျက်နှာ ၁၃၁။

မငယ်ဘူး။ မကြီးချင်ထား ရွယ်တူတော့ဖြစ်ရမယ်။ ဖြစ်ယင်ခမည်းတော်ကြီးလဲပဲ့ အဲဒီအချိန်တုန်းက ငါးဆယ့်ခြောက်ရှိတယ်။ ရှိနေလောက်ပြီ။

အဲဒီငါးဆယ့်ခြောက်နှစ်ဆိုတဲ့ ခမည်းတော်ကြီးတို့အရွယ်မှာ သိဒ္ဓတ္ထမင်းသားက အခုမှ လူဖြစ်သေးတယ်။ ဘုရားဖြစ်တဲ့အချိန်က သုံးဆယ့်ငါးနှစ်။ ဒီ ငါးဆယ့်ခြောက်နှစ်ထဲကို သုံးဆယ့်ငါးနှစ် ထည့်လိုက်ယင် ဘယ်လိုနည်းနဲ့မဆို သုဒ္ဓေါဒနမင်းကြီးဟာ မြတ်စွာဘုရား ဘုရားဖြစ်တဲ့နှစ်မှာ အသက်ကိုးဆယ့်တနှစ် ကိုးဆယ့်နှစ်နှစ်ထဲရောက်နေပြီ။ ဒီတော့ အင်မတန်အိုနေတော့ သားတော်ဘုရားကို အင်မတန်ဖူးချင်တယ်။ လူကြီးကိုး။

## ရာဇဂြိုဟ်မှ ကပိလဝတ်သို့ ကြွတော်မူခြင်း

ဒါကြောင့် ဒီနှစ်လအတွင်းမှာလွှတ်လိုက်တာ ဆယ်ခေါက်။ ခြောက်ရက် တခေါက်၊ခြောက်ရက်တခေါက်ကျတယ်၊နည်းတဲ့ခရီးလဲမဟုတ်ဘူး၊ ကပိလဝတ်ပြည်နဲ့ရာဇဂြိုဟ်ဆိုတာ ယူဇနာခြောက်ဆယ် ဝေးကွာတယ်။ အဲဒီ ယူဇနာခြောက်ဆယ်ဆိုတာ ဟိုတုန်းက မော်တော်ကားတွေဘာတွေခေတ်မဟုတ်ဘူး။ အလွန်အမြန်သွားယင် ဆင်နဲ့ မြင်းနဲ့ ဒါလောက်သာ မြန်တယ်။ ဒီပြင်ခြေလျင်တပ်နဲ့ဆို ခြေလျင်ပဲသွားတယ်။

အဲဒီလိုအရေးကြီး ခမည်းတော်ကြီးလွှတ်လိုက်တဲ့ အမတ်တကျိပ်နဲ့ မင်းချင်းပေါင်းတသောင်း အကုန်လုံးရဟန္တာဖြစ်တော့ ကပိလဝတ်ပြည်ဘက်က ရဟန္တာတသောင်း၊ အင်္ဂမဂဓဆိုတဲ့ ရာဇဂြိုဟ်ပြည်ဘက်က ရဟန္တာတသောင်း၊နှစ်လအတွင်းမှာ ရဟန္တာရဟန်းပေါင်းနှစ်သောင်း အခြံအရံရတယ်။

တပေါင်းလပြည့်ကျော် ၁-ရက်နေ့ကျတော့ ဖွားဖက်တော် အရှင်ကာဠုဒါယီမထေရ် လျှောက်ထားတောင်းပန်ချက်အရ တပေါင်းလပြည့်ကျော် ၁-ရက်နေ့ကစ၍ ဖွားတော်မူရာ ကပိလဝတ်နေပြည်တော်ကို တနေ့လျှင် တယူဇနာ တနေ့ ဟယူဇနာ၊ ၁၂-မိုင်ပေါ့လေ၊ မှန်မှန်ကြွတယ်။ ရောက်တဲ့နေရာမှာနား၊ ၁၂-မိုင် တယူဇနာ ရောက်တဲ့နေရာနား၊ အဲဒီလိုဘုရား ကပိလဝတ်ကို ကြွတယ်။ ထွက်ကြွတဲ့နေ့ကစပြီးတော့ အရှင်ကာဠုဒါယီ ဖွားဖက်တော်မထေရ်ကလဲပဲ သူက ပဋိ**သမ္ဘိ**-ဒါ ဉာဏ်လေးပါးရတယ်။ **အဘိညာဉ်ခြောက်ပါးရတယ်။** ဝိမောက္ခ စျာန် ရှစ်ပါးရတဲ့ မဟာသာဝကကြီး။ ဒီတော့ ဣဒ္ဓိဝိဓအဘိညာဉ်နဲ့ မနက်တိုင်း မနက်တိုင်း ဟို သုဒ္ဓေါဒနမင်းတရားကြီးတို့နေတဲ့ ကပိလဝတ်ပြည်ကို ကောင်းကင်ခရီးဖြင့် ကြွတယ်။

## အရှင်ကာဠုဒါယီမထေရ်၏ တေဒဂ်ဘွဲ့ထူး

အဲ ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းတရားကြီးရဲ့ ရွှေနန်းတော် ရောက်တယ်ဆိုယင်ပဲ သုဒ္ဓေါဒနမင်းတရားကြီးက ဟယ် ငါ့**သား** **လာပြီ** **သား**ပဲ သူ့**အ**နေက **ဖွား**ဖက်တော်တော့။ ဒီတော့ 'ငါ့သား ထိုင်ပါ၊ ငါ့သား ဆွမ်းကပ်ကြ' အရှင်ကာဠုဒါယီကို ပဌမဆွမ်းကပ်တယ်။ ပြီးမှ အရှင်ကာဠုဒါယီရဲ့ သပိတ်ကို **နံ့**သာရေမိုးနဲ့ ပြောင်စင်အောင် ဆေးကြောပြီး မြတ်စွာဘုရားကို မင်းထိုက် စိုးတန် **အ**လွန်မွန်မြတ်တဲ့ ဆွမ်းများ ဟင်းများထည့်ပြီးတော့ 'သားတော်ဘုရားဆက်ကပ်ပါ ငါ့သား'ဆိုပြီးတော့ သုဒ္ဓေါဒနမင်းတရားကြီးက **အ**ရှင်ကာဠုဒါယီလက်ကို ဆွမ်းသပိတ် နေ့တိုင်းကပ်တယ်။ အဲဒီ ကြားကာလ အချိန်ရသလောက် **အ**ရှင်ကာဠုဒါယီက ကပိလဝတ်က မဟာ-ဆွေတော်မျိုးတော်များကို ဘုရားဂုဏ် တရားဂုဏ် **သံဃာ**ဂုဏ်ကို ကြည်ညိုလောက်အောင် နားလည်လောက်အောင် နေ့တိုင်း နေ့တိုင်း

ဟောပြတယ်။ အဲဒီလို ဟောပြတဲ့အတွက် ကပိလဝတ်ပြည်က မဟာဆွေတော် မျိုးတော်ဖြစ်တဲ့ သာကီဝင်တွေ ဘုရားမရောက်ခင် ကတည်းက ရတနာသုံးပါးကို ကြည်ညိုတဲ့ သဒ္ဓါတရားတွေ ဖြစ်နေပြီ။ အဲဒီလို ကြည်ညိုအောင် အရှင်ကာဠုဒါယီက ချီးမြှောက်တယ်။

ဒါကြောင့် နောက်တချိန်၌ မြတ်စွာဘုရားက ကိုယ်တော်မြတ်ရဲ့ တပည့်သာဝကရဟန်းများ ဧတဒဂ်ဘွဲ့ထူး ချီးကျူးတော်မူတဲ့ ပွဲကြီး ကျတော့အရှင်ကာဠုဒါယီကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ကုလပ္ပ-
သာဒကာနံ ဘိက္ခူနံ ယဒိဒံ ကာဠုဒါယီ"—

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ ယဒိဒံ ယော အယံ ကာဠုဒါယီ၊ အကြင်ကာဠုဒါယီ ရဟန္တာမထေရ်သည်။ အတ္ထိ၊ ရှိ၏။ ကုလပ္ပသာဒကာနံ၊ ငါဘုရား၏ မဟာဆွေတော်မျိုးတော်တို့ကို သဒ္ဓါရှမ်းစို ကြည်ညိုစေတတ်ကုန်သော။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့် သာဝကဖြစ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတော်တို့တွင်။ ဧတံ သော၊ ဤကာဠုဒါယီမထေရ်သည်။ အဂ္ဂံ အဂ္ဂေါ၊ အသာဆုံး အမြတ်ဆုံးပါတည်း။

အဲဒီလိုကို မြတ်စွာဘုရားက ဧတဒဂ်ဘွဲ့ထူးနဲ့ ချီးကျူးယူရပါ တယ်။ အရှင်ကာဠုဒါယီ တရားဟောပြချက်အရ ကပိလဝတ်က မဟာဆွေတော်မျိုးတော်တွေ ဘုရားမရောက်ခင်ကထဲကိုက ရတနာ သုံးပါးကို ကြည်ညိုနေနှင့်ကြပြီ။ အရှင်ကာဠုဒါယီကလဲပဲ သုဒ္ဓေါဒန မင်းတရားကြီး အမှူးပြုတဲ့ မဟာဆွေတော် မျိုးတော်များကို မြတ်စွာ ဘုရား အနုကြွလာတာ ဘယ်ဓရီးရောက်ပြီ ဘယ်စခန်းရောက်ပြီ နေ့တိုင်းပြောပြီးသုဒ္ဓေါဒနမင်းတရားကြီး ကပ်လိုက်တဲ့ဆွမ်း နေ့တိုင်း

အရှင်ကာဠုဒါယီ ဆွမ်းယူတယ်။မြတ်စွာဘုရားပြန့်ကပ် ဣဒ္ဓိဝိဓအဘိ-ညာဉ်နဲ့ လမ်းခရီးတလျှောက်မှာ ခမည်းတော်သုဒ္ဓေါဒန မင်းတရားကြီးရဲ့ဆွမ်းကို ဘုန်းပေးပြီးတော့ ဘုရားကြွတယ်။ဘုရားမရောက်ခင်ကတည်းကိုကကျောင်းတိုက်ဆောက်လုပ်လောက်တဲ့နေရာရွေးတဲ့အခါ နိဂြောဓသာကီဝင်ရဲ့ ဥယျာဉ်ဟာ အတော်ဆုံးပဲ၊ မြို့နဲ့မနီးမဝေး အသွားအလာလွယ်ကူတယ်၊ အင်္ဂါပြည့်စုံတယ်ဆိုပြီးတော့ နိဂြောဓသာကီဝင်ရဲ့ ဥယျာဉ်ထဲမှာ အစောကြီးက ကျောင်းတိုက်ကြီးဆောက်ထားတယ်။ အဲဒီကျောင်းတိုက်ကို နိဂြောဓာရာမ ပါဠိလို။ မြန်မာလို နိဂြောဓာရုံကျောင်းတိုက်၊ အဲဒီလိုခေါ်တယ်။ ဘုရားမရောက်ခင်ကတည်းက ကျောင်းတိုက်ကြီးက တည်ပြီးပြီ။

## ကပိလဝတ်ပြည်သို့ ကြွရောက်တော်မူခြင်း

တနေ့ တယူဇနာ မှန်မှန်ကြွလို့ ယူဇနာခြောက်ဆယ် ဝေးကွာတဲ့ ခရီး တပေါင်းလပြည့်ကျော် တရက်ကစပြီးတော့ တန်ခူးလပြည့် မဟာသက္ကရာဇ် ၁၀၄·ခုနှစ် ကဆုန်လပြည့်ရောက်တော့ နှစ်လဆို ရက်ပေါင်းခြောက်ဆယ်။ မဟာသက္ကရာဇ် ၁၀၄-ခုနှစ်၊ ကဆုန်လပြည့် နေ့မှာ မြတ်စွာဘုရား ကပိလဝတ်နေပြည်တော်ရောက်တယ်။ ဒါ ပဌမ အခေါက် ကြွရောက်ဆိုတာ ဒါပြောတာ။*

သတ္ထာ၊ လူနတ်တို့ဆရာ မြတ်စွာဘုရားသည်။ ပဌမဂမနေန၊
ပဌမအကြိမ် ကြွရောက်ခြင်းဖြင့်။ ဂန္တွာ၊ ကြွရောက်တော်မူ၍—

ဆိုတဲ့ စာပိုဒ်ကလေးဟာ ဒီအဓိပ္ပာယ်တွေကို ငုံပြီးတော့ ပြောထားတာ ဖြစ်ပါတယ်။ မဟာသက္ကရာဇ် ၁၀၄-ခုနှစ်၊ ကဆုန်လပြည့်နေ့

---

*နိုင်ငံတော် ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင် တတိယတွဲ၌ အကျယ်ရှုကြကုန်။

ကပိလဝတ်နေပြည်တော်ကို ပဌမအခေါက် ရောက်ပြီ။ အဲဒီ ရောက်တဲ့နေ့မှာ ဝေဿန္တရာဇာတ်ကိုဟောလို့ မဟာဆွေတော်မျိုးတော်တွေ သာသနာမှာ သိပ်ပြီးတော့ ကြည်ညိုသွားတယ်။ အဲဒီရောက်တဲ့နေ့မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို သုဒ္ဓေါဒနမင်းတရားကြီး အမှူးပြုသော မဟာဆွေတော်မျိုးတော်များ ဆီးပြီးတော့ကိုကြတယ်၊ ပင့်ကြတယ်။ နိဂြောဓာရုံကျောင်း ရောက်တော့လဲ တရားနာကြတယ်။ တရားပွဲကြီးပြီးလို့ ပြန်တဲ့အခါကျတော့ သုဒ္ဓေါဒနမင်းကြီးဟာ မြတ်စွာဘုရားကို သားတော်ဘုရား အမှူးပြုသော ရဟန္တာနှစ်သောင်း ခမည်းတော်ရဲ့ ရွှေနန်းတော်ကြွပြီးတော့ ဆွမ်းဘုန်းပေးပါလို့ မလျှောက်ထားခဲ့ဘူး၊ မပင့်ခဲ့ဘူး။ ဘာပြုလို့မပင့်တာလဲ၊ သဒ္ဓါတရား မရှိလို့လားဆိုတော့ ဘယ်ဟုတ်မလဲ။ အကြောင်းမဲ့ သူက ယုံကြည်နေတယ်။ မြတ်စွာဘုရား ငါ့သား၊ မြတ်စွာဘုရားရဲ့တပည့် ရဟန္တာငါးရာ အတူပါလာတဲ့ ကိုယ်တော်တွေဟာ ငါ့သားတော်ဘုရားရဲ့သားတွေ ငါ့မြေးတွေ။

## ခမည်းတော်၏နန်းတော်သို့ ဆွမ်းဘုဉ်းပေးမကြွ

ဒီတော့ ငါ့သားတော်နဲ့ ငါ့မြေးတွေဟာ ခမည်းတော်ရဲ့နန်းတော် ဘိုးတော်ရဲ့နန်းတော်ပဲ လာပြီးတော့ ဆွမ်းစားရမှာပေါ့။ သံယောဇဉ်စိတ်နဲ့ကြည့်ယင်၊ ဒီတော့ ငါ့သားပဲ ငါဖိတ်ဖို့ မလိုပါဘူးပေါ့၊ အင်း လူလောကလိုတော့လဲ ဟုတ်သပေါ့။ အဲဒါ ကိုယ့်သား ကိုယ့်မြို့ရောက်လာယင် ဒါ ဘာပြောစရာလိုတော့လဲ၊ သားဟာ အဖေ့အိမ်မှာ စားရတယ်။ အဲဒါလောက် စိတ်ချလက်ချနဲ့ သုဒ္ဓေါဒနမင်းတရားကြီးက ပင့်မသွားဘူး။ မပင့်လို့သာ မပင့်တယ်၊ နက်ဖြန်ကျယင် ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ နှစ်သောင်းအတွက် သူ့နန်းတော်မှာတော့ ချက်လျက် ပြုတ်လျက်အသင့်စီမံလျက်။ ဒါပေမဲ့ သူ့ရဲ့ မလျှောက်ထား

ခြင်းသည်မြတ်စွာဘုရားအဖို့ ဗုဒ္ဓပဝေဏီလုပ်ငန်းကို ရှက်ဆောင်ဖို့ အခွင့်ရသွားတယ်။

နောက်တနေ့နံနက် မိုးသောက်ရောက်တော့ မြတ်စွာဘုရားက စဉ်းစားတယ်။ ရှေးနောင်တော့်ဓနာင်တော် မြတ်စွာဘုရားများသည် ဖွားတော်မူရာ နေပြည်တော်ကို ရောက်တဲ့အခါ၌ ခမည်းတော်ရဲ့ နန်းတော် အိမ်တော်သွားပြီးတော့ ဆွမ်းဘုန်းပေးသလား၊သို့မဟုတ် အိမ်စဉ်လှည့်ပြီးတော့ ဆွမ်းခံသလား။ ဟော....ဒါကို မြတ်စွာဘုရားက ပုဗ္ဗေနိဝါသဉာဏ်နဲ့ စဉ်းစားတယ်။ စဉ်းစားတဲ့အခါ ကဿပမြတ်စွာ ဘုရား အစရှိတဲ့ ရှေးရှေး နောင်တော်၊ နောင်တော် မြတ်စွာဘုရားများ ဖွားတော်မူရာမြို့သို့ ရောက်တဲ့အခါ ခမည်းတော်ရဲ့နန်း ခမည်းတော်ရဲ့ အိမ် သွားပြီး ဆွမ်းမဘုဉ်းပေးဘူး၊ မြို့ထဲလှည့်ပြီး ဆွမ်းခံတယ်။ ဒါ ဗုဒ္ဓပဝေဏီ အစဉ်အဆက်ရှိတယ်ဆိုပြီး မြတ်စွာဘုရားက ကဆုန်လပြည့် ကျော် တရက်နေ့ကျတော့ ရဟန္တာနှစ်သောင်း ခြံရံ၍ ကပိလဝတ် မြို့တံခါးက စပြီးတော့ အိမ်ပေါက်စေ့ ဆွမ်းခံတယ်။ အုတ်အုတ် ကျက်ကျက်ပေါ့။

ကနေ့ ဗုဒ္ဓဘာသာအဒနနဲ့ မြတ်စွာဘုရားသည် ကပိလဝတ်ပြည် တွင်း ဆွမ်းခံကြွတယ်ဆိုတာ သာသနာ့ယဉ်ကျေးမှုနဲ့ ပြောနေတာ။ သူတို့အနေနဲ့ သုဒ္ဓေါဒနမင်းကြီး အမှူးပြုသော မဟာဆွေတော် မျိုး တော်များအနေနဲ့က အဲဒီလိုတွက်တာမဟုတ်ဘူး။တချိန်က တိုင်းပြည် အုပ်ချုပ် မင်းပြုလုပ်လာခဲ့တဲ့ အခု ဘုရားကိုယ်တော်မြတ်ကြီးဟာ အိမ်ပေါက်စေ့ ဆွမ်းရပ်တော့ အုတ်အော်သောင်းတင်းဖြစ်သွားတယ်။ ဘယ်လိုဖြစ်သလဲ –

သိဒ္ဓတ္ထမင်းသားသည် ခွက်မဲကြီး လက်စွဲ၍ အိမ်စဉ်လှည့်ပြီး တောင်းနေတယ်။ဒါ ဗုဒ္ဓဘာသာ မယဉ်ကျေးသေးသော ပုဂ္ဂိုလ်များ

ရဲ့ အမြင်က သပိတ်ဟာ ခွက်မဲကြီးပဲ။ သပိတ်ဆိုတာ အလွန်ယဉ်ကျေးသော ဗုဒ္ဓဘာသာ ဝေါဟာရနဲ့ ခေါ်နေတာ။ တချိန်က သိဒ္ဓတ်မင်းသားသည် ယခု ခွက်မဲကြီး လက်စွဲလျက် အိမ်စဉ်လှည့်၍ ထမင်းတောင်းနေတယ်လို့ ဒီလိုပဲ မြင်တယ်။

ဒီသတင်းကို သုဒ္ဓေါဒနမင်းကြီးကြားတော့ ရှက်လိုက်တာ၊ သူတို့က မဟာသွေးတွေကိုး။ ဘောင်းစားနေတဲ့ ဘဝမျိုးရောက်တဲ့အခြေကို ဆိုက်နေတော့ သုဒ္ဓေါဒန မင်းတရားကြီးသည် "ဝေဂေန ဂန္တွာ"လို့ အဟုန်ဖြင့်သွားတယ်ဆိုတာ အင်မတန်ကို အရေးတကြီး ရွှေနန်းတော်ကနေပြီး ဘုရားရှိရာ မြန်မြန်ကြီးသွားတယ်။ သွားပြီး ဘုရားနဲ့ တွေ့တယ်ဆိုပါစို့။ ပြောမပေါ့ ခမည်းတော်ရဲ့ အရှက်ခွဲတာလား၊ တခါတည်း ခမည်းတော်ရှိရက်နဲ့ ဘာပြုလို့ ဒီလို အိမ်စဉ် လျှောက်တောင်းနေရတုံး–စသည် ပြောပါလိမ့်မယ်။

## ခမည်းတော်မင်းကြီး သောတာပန် သကဒါဂါမ်ဖြစ်ခြင်း

အဲဒီ လမ်းမတ်တတ်မှာ မြတ်စွာဘုရားက—

ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

မဟာရာဇ၊ ခမည်းတော် မင်းတရားကြီး။ ဥတ္တိဋ္ဌေ၊ သူတပါးတို့ နေအိမ်ဝ မတ်တတ်ရပ်၍ ရသော ဆွမ်း၌။နပ္ပမဇ္ဇေယျ၊ မမေ့မလျော့ မပေါ့မတန်ရာ။

သူတပါးနေတဲ့နေအိမ် တအိမ်လေလုတ် ဆွမ်းခံ၍ရတဲ့ ဆွမ်းဟာ ဥတ္တိဋ္ဌဆွမ်း၊ ဒီဆွမ်းမျိုးကို ရဟန်းတော်ဖြစ်သော ပုဂ္ဂိုလ်တပါးသည် မမေ့မလျော့ရဘူး။

သုစရိတံ၊ ကောင်းစွာ ကျင့်အပ်သော။ ဓမ္မံ၊ အိမ်စဉ်မလပ် ဆွမ်းရပ်တဲ့အကျင့်ကို။ စရေ-စရေယျ၊ ကျင့်ရာ၏။ ဓမ္မစာရီ၊ ဆွမ်းခံအကျင့် ကျင့်သော ရဟန်းသည်။ အသ္မိံ လောကေ၊ ပစ္စုပ္ပန်ဘဝ ၌ လောက၌လည်းကောင်း။ ပရမှိစ၊ တမလွန်လောက ဟိုဘဝ၌လည်းကောင်း။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ။ သေတိ၊ နေထိုင်ရလေ၏။

အခုပြောမယ်လဲ ပြောမပေါ့။ အဲဒီလို အခုပြောမယ်ပြောလို့ တရားဒေသနာနိဂုံး ဆုံးလဲဆုံးရော သုဒ္ဓေါဒနမင်းတရားကြီး သောတာပန်ဖြစ်တယ်။ သောတာပန် ဖြစ်ပြီးတဲ့နောက် ခမည်းတော်ရဲ့အိမ်မှာ အားလုံး ရဟန္တာနှစ်သောင်းနဲ့တကွ သားတော်ဘုရားအတွက် ဆွမ်းတွေအပြည့်အစုံ ချက်ပြီးသား အသင့်ပါဘုရား။ ခမည်းတော်အိမ် ဆွမ်းစားကြွပါဆိုတော့မှ ဆွမ်းခံလို့လဲပြီးပြီ၊ စတိသဘောမျိုးတော့ ကျသပ။ အဲဒီတော့မှ ခမည်းတော်ကြီးရဲ့ ရွှေနန်းတော်လိုက်ပြီးတော့ ဆွမ်းဘုဉ်းပေးရတယ်။ လပြည့်ကျော်တရက်နေ့။ ဆွမ်းဘုဉ်းပေးပြီးတဲ့ အခါကျတော့ ရွှေနန်းတော် ညီလာခံခန်းမဆောင်ကြီးထဲ ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးအမှူးပြုတဲ့ မဟာဇဆွေတော် မျိုးတော်တွေကို ဆွမ်းအနုမောဒနာ တရားဟောရတယ်။

အဲဒီ အနုမောဒနာ တရားပွဲမှာ –

ဓမ္မံ စရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။

မဟာရာဇ၊ မြတ်သော ခမည်းတော်မင်းတရား။ သုစရိတံ ဓမ္မံ၊ သုစရိုက်ဆယ်ပါး ကောင်းမြတ်တဲ့ တရားကို။စရေ-စရေယျ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၏။န ဒုစ္စရိတံ၊ ဒုစရိုက်ဆယ်ပါး ထို မကောင်း

တဲ့ တရားကို။ န စရေ-န စရေယျ၊ မကျင့်ကြံရာ။ ဓမ္မစာရီ၊ သုစရိုက်ဆယ်ပါး လိုက်စားကျင့်ကြံလေ့ရှိသော ပုဂ္ဂိုလ်သည်။ အသ္မိံ လောကေ၊ ပစ္စုပ္ပန္န ဤလောက၌လည်းကောင်း။ ပရမှိ စ၊ တမလွန်လောက ဟိုဘဝ၌လည်းကောင်း။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ။ သေတိ၊ အိပ်ရ နေရ၏။

အဲဒီ သုစရိုက်တရားများ ပွားများကြိုးကုတ် အားထုတ်ဖို့ ဒုစရိုက်ဆယ်ပါး ရှောင်ကြဉ်ဖို့ အကျယ်ပြပြီးတော့ သုစရိုက်ရဲ့အကျိုး ဒုစရိုက်အပြစ်ကို အကျယ်ဖော်ပြပြီးတော့ လိုရင်းပဓာနစကားအနေဖြင့် ဤဂါထာကို တဖန် နိဂုံးအုပ်ပြန်သော် ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးသည် သကဒါဂါမိမဂ်ဖိုလ် ရောက်သွားတယ်။ သကဒါဂါမ် အရိယာဖြစ်သွားတယ်။

အဲဒီ တရားပွဲမှာ မိထွေးတော်ကြီး မဟာပဇာပတိ ဂေါတမီသည် သောတာပန် အရိယာဖြစ်တယ်။ မိထွေးတော်ကြီး သောတာပန်ဖြစ်တဲ့အချိန် မဟာသက္ကရာဇ် ၁ဝ၄-ခုနှစ်၊ ကဆုန်လပြည့်ကျော် တရက်နေ့ ရွှေနန်းတော်မှာ ဒီတရားနာရလို့ မိထွေးတော်ကြီးက သောတာပန်၊သုဒ္ဓေါဒနမင်းတရားကြီးက သကဒါဂါမ်ဖြစ်ပြီးလို့ အဲဒီလို သိသွား။ နောက်တော့ ဘာပြောပြော အရှင်ဘုရား ဆွမ်းခံကြွချင်ယင်ကြွ၊ ဆွမ်းတော့ ခမည်းတော်ရဲ့ နန်းတော်မှာပဲ ကြွဘုဉ်းပေးပါ။ ဒီလို သုဒ္ဓေါဒနမင်းတရားကြီးက ပင့်ထားလိုက်တယ်။

## ခမည်းတော်၏နန်းတော် ဆွမ်းဘုဉ်းပေးကြွခြင်း

အမှန်တော့လဲ မြတ်စွာဘုရားက ခမည်းတော်အိုကြီးကို ချီးမြှောက်ဖို့ကြွတာပဲ။ ဒီတော့ အသက်ကိုးဆယ်ကျော်နေတဲ့ ခမည်းတော်

အိုကြီးကို ချီးမြှောက်၊ အဲဒီဝါက ရာဇဂြိုဟ်ပြန်ပြီးတော့ ဝါဆိုရမယ်။ ရောက်တဲ့အချိန်ကြည့်စမ်းပါ၊ ကဆုန်လပြည့် အလွန်ဆုံးနေနိုင်ကြယင် ကဆုန်လကုန်လောက် နေနိုင်မှာပေါ့။ ရိုးရိုးပြန်မယ်ဆိုလို့ရှိယင် ကဆုန်လပြည့်က နယုန်လပြည့် ဝါဆိုလပြည့် နှစ်လ၊ တနေ့ တယူဇနာကြွယင် နှစ်လပြန်ကြွရမယ်။ အဲဒီတော့ ဒိပထမအခေါက်မှာ ကပိလဝတ်ပြည်မှာ ကြာကြာကြီးမနေနိုင်ဘူး။ နေရမယ့် ရက်ကလေး တိုတိုတောင်းတောင်းထဲမှာ ခမည်းတော်အိုကြီးကို ချီးမြှောက်သော အနေနဲ့ မြတ်စွာဘုရား နေ့တိုင်း နေ့တိုင်း အဲဒီ ရဟန္တာ နှစ်သောင်းနဲ့ဆွမ်းဘုန်းပေး ကြွတယ်။ အဲဒီတုန်းက ဆွမ်းကပ်တဲ့အစဉ်က-မနက်ခင်းအရုဏ်ချိန် ယာဂုကပ်တယ်။ ခုနစ်နာရီခွဲ ရှစ်နာရီလောက်ကျတော့ ခဲဖွယ်ဘောဇဉ် ချိုချဉ်များကပ်တယ်။ ကိုးနာရီခွဲ ဆယ်နာရီလောက်ကျတော့မှ ဆွမ်းကပ်တယ်။ အဲဒီ အစဉ်ရှိတယ်။ ယာဂုနဲ့ဆွမ်း ကြားကာလမှာ အချိန်တွေ အားနေတယ်။ အဲဒီ အချိန်မှာ မြတ်စွာဘုရားက ခမည်းတော်ကြီးအား တရားစကားများ ဟောကြားပြသ ဆုံးမလေ့ရှိတယ်။ ခမည်းတော်က လျှောက်လိုက်·ကိုယ်တော်က ဟောလိုက်-ဒီလိုနေလိမ့်မယ်။

## နတ်တို့စကားကို မယုံကြည်ပုံ ခမည်းတော်လျှောက်ထားခြင်း

အဲဒီလို နေလာခဲ့တာ တနေ့- အေး-ကဆုန်လပြည့်ကျော် ဆယ်ရက်လောက်နေမှာပါ၊ ပြန်ခါနီး။ အဲဒီ တနေ့ကျတော့ မြတ်စွာဘုရားနဲ့ ခမည်းတော်ကြီး ယာဂုနဲ့ ဆွမ်း ကြားကာလမှာ အလ္လာပ သလ္လာပ စကားပြောကြားတော့ ခမည်းတော်ကြီးကမြတ်စွာဘုရားကို လျှောက်ထားတယ်။

"ဘန္တေ တုမှာကံ ပဓာနကာလေ ဒေဝတာ အာဂန္တွာ
အာကာသေ ဌတွာ 'ပုတ္တော တေ သိဒ္ဓတ္ထကုမာရော
အပ္ပာဟာရတာယ မတော' တိ မယှံ အာရောစေသုံ။"—

သုဒ္ဓေါဒနမင်းတရားကြီးက မြတ်စွာဘုရားကို လျှောက်တဲ့ပါဋ္ဌိ။

ဘန္တေ၊ သားတော်မြတ်ဘုရား။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ပဓာနကာလေ၊ ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင် ပဓာနအလုပ် အားထုတ်တော်မူစဉ် ကာလတုန်းက။ ဒေဝတာ၊ နတ်တို့သည်။ အာဂန္တွာ၊ လာလတ်၍။ အာကာသေ၊ ကောင်းကင်၌။ ဌတွာ၊ တည်ကြ၍။ တေ၊ သင်မင်းတရားကြီး၏။ ပုတ္တော၊ သားဖြစ်သော။ သိဒ္ဓတ္ထ-ကုမာရော၊ သိဒ္ဓတ္ထမင်းသားသည်။ အပ္ပာဟာရတာယ၊ အစာအာဟာရ လုံးဝ မစားခြင်းကြောင့်။ မတော၊ စုတိပျက်ကြွေ သေရှာလေပြီ။ ဣတိ၊ ဤသို့။ မယှံ၊ တပည့်တော်အား။ အာရောစေသုံ၊ လာရောက် ပြောကြားကြပါကုန်သည်ဘုရား။

သုဒ္ဓေါဒနမင်းတရားကြီး ဘုရားလျှောက်တဲ့စကား။ သားတော်ဘုရားတဲ့ အရှင်ဘုရားတို့ ဟိုဒုက္ကရစရိယာ ခြောက်နှစ်ကြာ ပဓာန အလုပ်အားထုတ်တော်မူနေတဲ့ အချိန်တုန်းက ဟောဒီ ခမည်းတော်ရဲ့ ရှေ့နန်းတော်လာရောက်ပြီးတော့ ကောင်းကင်က ရပ်တည်၍ 'သုဒ္ဓေါ-ဒနမင်းတရားကြီး....အသင်မင်းတရားကြီးရဲ့သား သိဒ္ဓတ္ထမင်းသားဟာ ဖြင့် အစာအာဟာရ လုံးဝမစားခြင်းကြောင့် စုတိပျက်ကြွေသေသွား ရှာပြီ' ဤကဲ့သို့ နတ်တို့က တပည့်တော်အား ပြောကြားကြပါသည် ဘုရား-တဲ့။

မှန်ပါတယ်၊ မြတ်စွာဘုရား အစာမစားပဲနဲ့ ပဓာနအလုပ် အား ထုတ်တုန်းက စကြံဦးမှာ မူးလဲသွားဖူးတယ်။ အဲဒီအချိန်မှာ ဟာ သိဒ္ဓတ္ထမင်းသားသေပြီဆိုပြီးတော့ စိုးရိမ်တကြီး တချို့နတ်များက

သုဒ္ဓေါဒနမင်းတရားကြီးထံသွားပြီး အခုပြောတဲ့အတိုင်း ပြောတယ်။ 'သုဒ္ဓေါဒနမင်းတရားကြီး.... သင်မင်းတရားကြီးရဲ့သားတော် သိဒ္ဓတ္ထမင်းသားဟာ အစာအာဟာရ လုံးဝမစားခြင်းကြောင့် သေရှာပြီ' အဲဒီလို လာပြောတယ်ဘုရားလို့ မြတ်စွာဘုရားကို လျှောက်တယ်။

မြတ်စွာဘုရားက တိုတိုပဲ ပြန်မေးလိုက်တယ်။

"သဒ္ဒဟသိ မဟာရာဇ။"

မဟာရာဇ၊ မြတ်သောမင်းကြီး။ သဒ္ဒဟသိ၊ ယုံကြည်သလော။

ယုံရဲ့လားမြတ်သောမင်းကြီးတဲ့-ဒီလိုဆိုလိုက်တယ်၊ နတ်တွေလာပြော ကြသဘောကို ယုံလိုက်သလား မြတ်သောမင်းကြီးလို့။ အဲဒီလို ဘုရားကမေးတဲ့အခါ သုဒ္ဓေါဒနမင်းတရားကြီးက ဘာပြန်လျှောက်သလဲ—

"န သဒ္ဒဟာမိ ဘန္တေ အာကာသေ ဌတွာ ကထေန္တိယောပိ ဒေဝတာ။"

ဘန္တေ၊ မြတ်စွာဘုရား။ န သဒ္ဒဟာမိ၊ မယုံကြည်ပါ။ အာကာသေ၊ ကောင်းကင်၌။ ဌတွာ၊ တည်၍။ ဒေဝတာ၊ နတ်တို့သည်။ ကထေန္တိယောပိ၊ ပြောဆိုကြပါသော်လည်း။ န သဒ္ဒဟာမိ၊ မယုံကြည်ပါဘုရား။

မယုံကြည်ပါဘူးဘုရားတဲ့။ ထိုနတ်တို့ကို တပည့်တော်ဘယ်နှယ် ပြန်ပြောလိုက်သလဲဆိုယင်—

"မမ ပုတ္တဿ ဗောဓိတလေ ဗုဒ္ဓတ္တံ အပ္ပတွာ ပရိနိဗ္ဗာနံ နာမ နတ္ထီ'တိ ပဋိက္ခိပိံ ။"

မမ ပုတ္တဿ၊ ငါ့သားတော်ရဲ့အဖို့။ ဗောဓိတလေ၊ မဟာဗောဓိအပြင်၌။ ဗုဒ္ဓတ္တံ၊ ဘုရားအဖြစ်သို့။ အပ္ပတွာ၊ မရောက်ပဲ။ ပရိနိဗ္ဗာနံ

နာမ၊ ပရိနိဗ္ဗာန်စံဝင်ခြင်းမည်သည်။ နတ္ထိ၊ ဘယ်လိုနည်းနဲ့မှမရှိနိုင်ဘူး။ ဣတိ၊ ဤသို့။ ပဋိက္ခိပိ၊ ရဲရဲတောက်စကား ပြောဆိုကြား၍ ပယ်ရှား ခဲ့ပါပြီဘုရား။

ငါ့သားတော် မဟာဗောဓိမဏ္ဍိုင်မှာ ဘုရားမဖြစ်ပဲ ဘယ်တော့မှ မသေဘူးလို့ တပည့်တော် ရဲရဲတောက်စကား နတ်တို့ပြောကြားချက်ကို ပယ်ရှားခဲ့ပါတယ်ဘုရား-တဲ့။

ဒီတော့ မြတ်စွာဘုရားက ဘာ ပြန်ပြောလဲ—

"မဟာရာဇ ပုဗ္ဗေပိ တ္ဝံ မဟာဓမ္မပါလကာလေပိ 'ပုတ္တော တေ မတော၊ ဣမာနိဿ အဋ္ဌီနိ'တိ ဒဿေတွာ ဝုစ္စမာနောပိ ဒိသာပါမောက္ခာစရိယဿ 'အမှာကံ ကုလေ တရုဏကာလေ ကာလကိရိယာ နာမ နတ္ထီ'တိ န သဒ္ဒဟိ၊ ဣဒါနိ ပန ကသ္မာ သဒ္ဒဟိဿသိ။"

မဟာရာဇ၊ မြတ်သောခမည်းတော်မင်းကြီး။ တွံ၊ သင်သည်။ ပုဗ္ဗေပိ၊ အတိတ်ဝေးစွာ ရှေးအခါ၌လည်း။ (ရှေးအခါဆိုတာ ဘယ် တုန်းကလဲဆိုတော့)မဟာဓမ္မပါလကာလေပိ၊ မဟာဓမ္မပါလမည်လျှင်း ရွာအုပ်မင်းဖြစ်သော အခါ၌လည်း။ (ဟိုရှေးယခင် မဟာဓမ္မပါလ ရွာအုပ်ကြီးဖြစ်တဲ့ အခါန်တုန်းက) 'ပုတ္တော တေ မတော၊ သင်ရဲ့ သားကလေး သေသွားရှာပြီ၊ ဣမာနိ၊ ဤသည်တို့ကား။ အဿ၊ ထိုသင့်သား၏။ အဋ္ဌီနိ၊ အရိုးတို့တည်း။' ဣတိ၊ ဤသို့၊ ဒဿေတွာ၊ အရိုးတွေပြ၍။ ဝုစ္စမာနောပိ၊ ပြောဆိုလာသည်လည်းဖြစ်သော။ ဒိသာ-ပါမောက္ခာစရိယဿ၊ အရပ်မျက်နှာ ကြေညာထင်ရှား ဒိသာပါမောက္ခ ဆရာကြီးအား။ (သင့်သားကလေး သေသွားပြီ။ ဟောဒီအရိုးတွေ ဟာ သင့်သားရဲ့ အရိုးတွေပဲလို့ အရိုးတွေပြပြီးပြောဆိုတဲ့ ဒိသာ-

ပါမောက္ခ ဆရာကြီးအားတောင်မှ) အမှာကံ ကုလေ၊ ငါတို့အမျိုး၌။ တရုဏကာလေ၊ အသက်အရွယ် နုနယ်ပျိုမျစ်စဉ်အခါ၌။ ကာလံ ကိရိယာ နာမ၊ စုတိပျက်ကြွေ သေခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ရဲရဲတောက်စကားပြောကြား၍။ န သဒ္ဒဟိ၊ မယုံကြည်ခဲ့ချေ။ ဣဒါနိ ပန၊ ယခု နောက်ဆုံး ပစ္ဆိမ ဤဘဝ၌ကား။ ကသ္မာ၊ အဘယ့်ကြောင့်။ သဒ္ဒဟိဿသိ၊ ယုံကြည်လိမ့်မည်နည်း။ န သဒ္ဒ-ဟိဿသိ ဧဝ၊ မယုံကြည်ရိုး ကေန်မှန်လှသည်သာ—

လို့ မြတ်စွာဘုရားက ဟို မဟာဓမ္မပါလ ရွာအုပ်ကြီးဖြစ်တုန်းက တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီး ကိုယ်တိုင် လာပြီးတော့ ရွာအုပ်ကြီးရဲ့သား ဓမ္မပါလလေး သေသွားပြီ၊ ဟောဒါတွေ ဓမ္မပါလရဲ့ အရိုးပဲလို့ အရိုးတွေပြပြီး ဒိသာပါမောက္ခဆရာကြီးက ပြောတာတောင် မယုံခဲ့ပဲနဲ့ အခု ပါရမီတွေပြည့်ဝတဲ့နောက်ဆုံး ပစ္ဆိမဘဝရောက်မှတော့ ဘယ်ယုံမှာလဲ ခမည်းတော်ကြီး၊ မယုံကြည်အပ်သည်ကား ကေန်မှန်လှသည်သာလို့ အဲဒီလို အရိပ်အမြွက် မိန့်ဆိုလိုက်လျှင်ပင် သုဒ္ဓေါဒနမင်းတရားကြီးက အရှင်ဘုရား အတိတ် ရှေးက မဟာဓမ္မပါလရွာအုပ်ကြီးရဲ့ အကြောင်း ဇာတ်ကို ပြန်ပြီးဟောပါဘုရား လျှောက်ထားတောင်းပန်တယ်။

ဒီတော့ မြတ်စွာဘုရားက မဟာဓမ္မပါလဇာတ်ကို ပြန်ဟောရတယ်။ အဲဒီအကြောင်းက ပစ္စုပ္ပန်ဝတ္ထု။

မဟာဓမ္မပါလဇာတ်တော် အတိတ်ဝတ္ထု

အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ကာသိရဋ္ဌေ ဓမ္မပါလဂါမော နာမ အဟောသိ။

မဟာရာဇ၊ မြတ်သောခမည်းတော်မင်းတရား။ အတီတေ၊ အတိတ်ဝေးစွာ ရှေးအခါ၌။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဗြဟ္မဒတ္တေ၊ ဗြဟ္မဒတ်မင်းသည်။ ရဇ္ဇံ ကာရေန္တေ၊ မင်းပြုစဉ်—

ဗြဟ္မဒတ္တ=ဗြဟ္မာပေးတဲ့သား

အတိတ် ဟိုအချိန်အခါ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုတဲ့အချိန်တုန်းက လာမှဖြင့် ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်ချည်းပဲ။ မှန်ပါတယ်—ဗြဟ္မဒတ္တဆိုတဲ့ အမည်ဟာ ဗြဟ္မာပေးတဲ့သား၊ အင်မတန် မြတ်နိုးတယ်။ သူတို့က ဗြဟ္မာကို ဘုရားလောက် ကိုးကွယ်တယ်။ အဲဒီတော့ ဗြဟ္မာပေးတဲ့သားဆိုတော့ အနက်အဓိပ္ပာယ်ရှိတယ်။ ဗြဟ္မဒတ္တဆိုတဲ့ အမည်ကို အင်မတန် အိန္ဒိယက မြတ်နိုးတယ်။ အထူးအားဖြင့် ဒီဗာရာဏသီမင်းတွေ မြတ်နိုးတယ်။ အဲဒီတော့ ခမည်းတော်က ဗြဟ္မဒတ္တဆိုယင် သားလဲ ဗြဟ္မဒတ္တ။ အဲဒီ ဗြဟ္မဒတ္တမင်းက မွေးတဲ့သားလဲ ဗြဟ္မဒတ္တ ဒီလိုပဲ နာမည်တွေ မှည့်ကြတယ်။ ဇနကဇာတ်ကြည့်ပါ။ ဟိုဘိုးတော်မင်းတရားကြီးက မဟာဇနက။ မဟာဇနက မင်းတရားကြီးက မွေးတဲ့ သားတော်နှစ်ပါးကျတော့ အကြီး အရိဋ္ဌဇနက၊ အငယ်ပေါလဇနကမှည့်တယ်။ အဲဒီ သားတော်အကြီး အရိဋ္ဌဇနကရဲ့သားဖြစ်တဲ့ ဘုရားလောင်းကျတော့လဲပဲ ဒါ မိဘဘိုးဘေးက ဆင်းသက်လာတဲ့ အမွေအနှစ်ဆိုပြီးတော့ ဇနကမင်းသား• နာမည်မှည့်တယ်။ အဲဒီလို မိမိတို့ရဲ့ ဆွေစဉ်မျိုးဆက် ဆင်းသက်လာတဲ့ နာမည်ကို မှည့်တာ ခမ္မတာပါ။

အခုလို ဗာရာဏသီပြည်မှာ ဗြဟ္မဒတ္တမင်းဆိုတဲ့အမည်ဟာ ဗာရာဏသီမင်းတရားတွေ ဆွေစဉ်မျိုးဆက် ဆင်းသက်မြတ်နိုးလာတဲ့ အမည်ဖြစ်ပါတယ်။ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုတဲ့အချိန်....

ကာသိရဋ္ဌေ၊ ကာသိတိုင်း၌။ ဓမ္မပါလဂါမော နာမ၊ ဓမ္မပါလ အမည်ရှိသောရွာကြီးသည်။ အဟောသိ၊ ဖြစ်ခဲ့ဖူးပြီ။

အိန္ဒိယရောက်ဖူးတဲ့ ပုဂ္ဂိုလ်တွေက ပြောတယ်။ ဗာရာဏသီနဲ့ ကာသိဟာ ဆက်လျက်ပဲလို့ အဲဒီလိုပြောတယ်။ ရောက်ဖူးတဲ့ ပုဂ္ဂိုလ်တွေ ဒီအထဲပါမှာပ။ကာသိတိုင်းထဲမှာ ဓမ္မပါလရွာလို့ ရွာတခုရှိတယ်။ အဲဒီရွာကို ဘာပြုလို့ ဓမ္မပါလရွာလို့ ထူးထူးဆန်းဆန်း မှည့်ရသလဲ....

သော ဓမ္မပါလကုလဿ ဝသနတာယ တံ နာမံ လဘိ။

သော၊ ထိုရွာသည်။ ဓမ္မပါလကုလဿ၊ မဟာဓမ္မပါလအိမ်ထောင်စု၏။ ဝသနတာယ၊ နေရာဌာနဖြစ်သည်၏ အဖြစ်ကြောင့်။တံ နာမံ၊ ထိုဓမ္မပါလဆိုတဲ့အမည်ကို။ လဘိ၊ ရခဲ့ပြီ။

**ဓမ္မပါလရွာကြီး**

အဲဒီရွာကို ရွာအုပ်အနေနဲ့ အုပ်ချုပ်ပြီးနေတဲ့ ပုဂ္ဂိုလ်ကြီးက ဘုရားလောင်းရဲ့ ခမည်းတော် မဟာဓမ္မပါလ၊ သုဒ္ဓေါဒနမင်းတရားကြီးရဲ့အလောင်းပေါ့။ အဲဒီမှာ ဓမ္မပါလရဲ့အိမ်ထောင်စု စိုးအုပ်နေတဲ့ အတွက် အဲဒီရွာကို ဓမ္မပါလလို့ ရွာနာမည်တွင်ရတယ်။ အေး ရွာတို့ မြို့တို့ဆိုတာ ဌာန၊ အဲဒီမှာနေတဲ့လူကို ပါဠိလိုဌာနီခေါ်တယ်။ ဌာနီ ဖြစ်တဲ့လူ့ရဲ့အမည်ကို ဌာနဖြစ်တဲ့ မြို့ရွာပေါ်တင်စားပြီးတော့ မြို့ရွာကို လဲပဲ အဲဒီမှာနေတဲ့ ဌာနီလူ၏ အမည်ဖြင့်ခေါ်ဝေါ်တာ ဓမ္မတာပါပဲ။

**မင်းလှမြို့**

မင်းလှမြို့ဆိုပါစို့ ။ ပုဂံမင်းတရားကြီးရဲ့သား မင်းလှမင်းခေါင် တည်သွားတဲ့ မြို့ဖြစ်လို့ ဒီမြို့ကို မင်းလှမင်းခေါင်မြို့ ။ တော်တော် ကြာတော့ မင်းခေါင်ဆိုတာကိုရှေ့လို့ ဖြုတ်ထားလို့ မင်းလှမြို့ ဖြစ်

တယ်။ အဲဒါ မြို့တည်တဲ့ ပုဂ္ဂိုလ်ရဲ့ အမည်ဖြင့် ဒီမြို့ဟာ မင်းလှမြို့လို့ တွင်ရတယ်။ ဒါ လူ့ရဲ့အမည်သည် မြို့ ေါ်လာပြီးတော့ တွင်ပုံ။

ထို့အတူပဲ မဟာဓမ္မပါလရွာအုပ်ကြီး အုပ်ချုပ်ရတဲ့ ရွာမို့လို့ အဲဒီရွာကို ဓမ္မပါလရွာလို့ နာမည်တပ်တယ်။ ဓမ္မပါလလို့ ဒီရွာအုပ်ကြီး နာမယ်တွင်ရတာ ဘာပြုလို့လဲ။

ဓမ္မံ ပါလေတီတိ ဓမ္မပါလော။

ယော၊ အကြင်ရွာအုပ်ကြီးသည်။ ဓမ္မံ၊ သူတော်တရားကို။ ပါလေတိ၊ စောင့်ထိန်းတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဓမ္မပါလော၊ ဓမ္မပါလမည်၏။ ဓမ္မပါလော၊ တရားစေ ာင့်ထိန်းတတ်တဲ့ ရွာအုပ်ကြီး။

ရွှေဆောင်နွားလား ဖြောင့်ဖြောင့်သွားက

အနက်အဓိပ္ပာယ် ရှိပါတယ်။ သူသည် ဒါနသီလ ဉပုသ်ဆိုတဲ့ အဲဒီ တရားတွေကို အမြဲမပြတ် လိုက်နာကျင့်သုံးတယ်။ စောင့်ထိန်းတယ်။ ဒါကြောင့်သူက ဓမ္မပါလအမည်တွင်တယ်။ သူက ရွာအုပ်ကြီး ရွှေဆောင် ခေါင်းဆောင်ကြီးဆိုတော့...

ဂဝံ စေ တရမာနာနံ၊ ဥဇုံ ဂစ္ဆတိ ပုင်္ဂဝေါ။
သဗ္ဗာ ဂါဝီ ဥဇုံ ယန္တိ၊ နေတ္တေ ဥဇုံ ဂတေ သတိ။

ရာဇောဝါဒဇာတ်မှာ ဘုရားဟောရှိတယ်။

တရမာနာနံ၊ မြစ်တဘက်ကမ်း ကူးသန်းကြကုန်သော။ ဂဝံ၊ နွား အပေါင်းတို့တွင်။ ပုင်္ဂဝေါ၊ ရွှေဆောင်နွားလားသည်။ ဥဇုံ၊ ဖြောင့်စွာ။ စေ ဂစ္ဆတိ၊ အကယ်၍သွားငြားအံ့။ (ချောင်းတဘက်—မြစ်ဟိုဘက် တဘက်ကမ်းကူးသန်းကြတဲ့ နွားအုပ်ကြီးထဲမှာ ရွှေဆောင်နွားလားက ဖြောင့်ဖြောင့်သွားယင်)နေတ္တေ၊ ရွှေဆောင်နွားလားသည်။ ဥဇုံ ဂတေ၊

ဖြောင့်မတ်စွာသွားသည်။ သတိ၊ရှိသော်။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဂါဝီ။ နောက်ကလိုက်တဲ့နွားမတို့သည်။ ဥဇုံ၊ ဖြောင့်စွာ။ ယန္တိ၊ လိုက်ပါကြကုန်၏။

ဥပမာ – မြစ်ကမ်းတဘက် ချောင်းကမ်းတဘက် နွားအုပ်ကြီးကူးပြီဆိုယင် ရှေ့ဆောင်နွားလားက ဖြောင့်ဖြောင့်ကြီး သွားယင် နောက်နွားတွေက တန်းပြီးဖြောင့်ဖြောင့် လိုက်လာတယ်။ ရှေ့ဆောင်နွားလားကသာ ကွေ့ကွေ့ကောက်ကောက်ဆိုယင် ဘာရယ်မဟုတ်ဘူး နောက်နွားတွေကလဲ တခါတည်း မြွေလိမ်ခါးကျိုး ကွေ့ကောက်လိုက်တာပဲ။ အဲဒါ မိုးတွင်း ချောင်းကူးတဲ့အခါကြည့်ပေါ့။ စာထဲက ဆိုထားတာ ဟုတ်မဟုတ်။

ဆောင်ရန်။ ။ရှေ့ဆောင်နွားလား၊ ဖြောင့်ဖြောင့်သွားက၊ နောက်
နွားတသိုက်၊ ဖြောင့်ဖြောင့်လိုက်၏။

ဧဝ မေဝ မနုဿေသု၊ ယော ဟောတိ သေဋ္ဌသမ္မတော။
သော သစေ ဓမ္မံ စရတိ၊ ပဂေဝ ဣတရာ ပဇာ။

ဧဝမေဝ၊ ဤဥပမာ အလားတူသာလျှင်။ မနုဿေသု၊ လူတို့၌။ ယော၊ အကြင်သူကို။ သေဋ္ဌသမ္မတော၊ အမြတ်ဆုံး ရှေ့သွားခေါင်းဆောင် ဟူ၍ သမုတ်အပ်၏။ သော၊ ထိုခေါင်းဆောင်ရှေ့သွားသမုတ်ထားတဲ့ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့ပုဂ္ဂိုလ်သည်။ ဓမ္မံ၊ တရားကို။ သစေ စရတိ၊ အကယ်၍ ကျင့်ငြားအံ့။ ဣတရာ ပဇာ၊ ဤမှတပါး လူအများသည်။ ပဂေဝ၊ အဘယ်ဆိုဖွယ်ရှိအံ့နည်း။ ဝါ- တရားကို ကျင့်ကြမည်မှာ အစောကြီးကသာတည်း။

တိုင်းပြည်အုပ်ချုပ် အကြီးအကဲလုပ်တဲ့ ပုဂ္ဂိုလ်က တရားကျင့်ယင် တိုင်းသူပြည်သားက ပြောဖွယ်မရှိဘူး။ အစောကြီးက တရားကို

ကျင့်မယ်တဲ့။ တိုင်းသူပြည်သားက ဘယ်တော့မှ နောက်မကျဘူး။ ဒီလိုဆိုလိုပါတယ်။ အေး....မတရားကျင့်တဲ့ ဉစ္စာမလဲ ဒီအတိုင်းပဲ။ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့ပုဂ္ဂိုလ်က မတရားကျင့်ယင် တိုင်းသူပြည်သားသည် အဘယ်ဆိုဖွယ်ရှိအံ့နည်း· ဒါအဓိပ္ပာယ်နက်။ ပဂေဝဆိုတာ အစောကြီးကကို မတရားကျင့်မယ်။

ကိုင်း ဒီလိုဆို မင်းပြုလုပ်တဲ့ ပုဂ္ဂိုလ်က တရားကျင့်ယင် တိုင်းသူပြည်သားက တရားကျင့်တာလဲပဲ နောက်မကျပါဘူး အစောကြီး။

အခု ဓမ္မပါလရွာကျတော့ ရွာအုပ်ကြီးက တရားကျင့်တဲ့အတွက် အဲဒီရွာနေ လူအပေါင်းဟာ ဒါနကောင်းမှုပြုကြတယ်။ ငါးပါးသီလနေ့စဉ်စောင့်ထိန်းကြတယ်။ ရှစ်ရက်သတင်း လပြည့်လကွယ်မှာ အဋ္ဌင်္ဂဥပုသ်များ စောင့်ထိန်းကြတယ်။ အဲဒီတရွာလုံး ငါးပါးသီလ စောင့်ထိန်းကျ ရှစ်ပါးသီလ စောင့်ထိန်းကျတော့ အဲဒီတုန်းက လူတွေရဲ့အသက်သည် အနှစ်တထောင်တမ်း။ အဲဒီဓမ္မပါလရွာသူရွာသားတွေဟာ အသက်တမ်း နှစ်တထောင်မပြည့်ပဲ သေကိုမသေဘူးတဲ့။ အဲဒါလောက် သာယာတဲ့အချိန်မှာ....

**ဓမ္မပါလ သတ္တိသား**

တဒါ ဗောဓိသတ္တော တသ္မိံ ကုလေ နိဗ္ဗတ္တိ။

တဒါ၊ ထိုအခါ၌။ ဗောဓိသတ္တော၊ ဘုရားလောင်းသည်။ တသ္မိံကုလေ၊ ထိုမဟာဓမ္မပါလရွာအုပ်ကြီး၏အိမ်၌။ နိဗ္ဗတ္တိ၊ ဖြစ်ခဲ့လေပြီ။

"ဓမ္မပါလကုမာရောတွေဝဿ နာမံ ကရိံသု။"

အဿ၊ထိုဘုရားလောင်းသတ္တိသား၏။ နာမံ၊ အမည်ကို။ ဓမ္မပါလကုမာရောတွေဝ၊ ခမည်းတော်၏ အမည်ကို လိုက်ပြီးတော့ ဓမ္မပါလသတ္တိသားဟူ၍သာလျှင်။ ကရိံသု၊ မှည့်ခေါ်ကြကုန်ပြီ။

မဟာဓမ္မပါလရွာအုပ်ကြီးရဲ့ သားမို့လို့ ဘုရားလောင်း သားတော်ကလေးကိုလဲ ဓမ္မပါလသတို့သားလို့ မယ်တော်ခမည်းတော် ဆွေတော်မျိုးတော်တို့နှင့်တကွ အားလုံးက သမုတ်ကြတယ်။ ဓမ္မပါလသတို့သား တဆယ့်ခြောက်နှစ်မြောက် အရွယ်ရောက်တော့ ဖခင်ရွာအုပ်ကြီး မဟာဓမ္မပါလက မျက်နှာမငယ်စေရအောင် ငါ့သား ရော့ ငွေတထောင်ယူသွား၊ ဟို တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာကြီးထံသွားပြီးတော့ ပညာ သင်၊ အဲဒီ ပညာသင်ခ ငွေတထောင်ပေး။ အဲဒီတုန်းက တထောင်ပေးပြီးတော့သင်ယင် ပြီးတယ်။

**တပည့်နှစ်မျိုး**

အဲဒီလိုသင်တဲ့ တပည့်မျိုးကို **ဓနန္တေဝါသိက** = ငွေပေးပြီးပညာသင်တဲ့တပည့်။ အဲဒီလိုငွေပေးပြီး ပညာသင်ဖို့ရန် မတတ်နိုင်တဲ့အမျိုးသားများကျတော့ ဆရာကြီး ဆရာကြီးအိမ်မှာ ကျုပ် ဝတ်ကြီးဝတ်ငယ်ပြုစရာရှိတာကို ပြုလုပ်ပါမယ်၊ အားတဲ့အချိန် ပညာသင်ပါရစေ၊ ဝတ္တရားဓမ္မများနဲ့ တပည့်ခံတဲ့ တပည့်များကျတော့ **ဓမ္မန္တေဝါသိက** တဲ့။ တပည့်က နှစ်မျိုးရှိတယ်။

ဘုရားလောင်းကျတော့ မျက်နှာကြီး ရွာအုပ်ကြီးရဲ့သားဆိုတော့ ငွေတထောင်ပေးပြီး ပညာသင်တယ်။ ကျောင်းသားတွေက ငါးရာရှိတယ်။ ဘုရားလောင်းသည် "များများလဲသင်အံ၊ မြန်မြန်လဲရအောင်ကျက်၊ ရပြီးသားလဲ မပျောက်ပျက်" ဆိုတဲ့ ဒီအင်္ဂါသုံးချက်နဲ့ ပြည့်စုံစွာသင်လို့ မကြာခင်မှာပင် ဆရာကြီးရဲ့ ကွမ်းထားသည့်ရာ လက်ထောက်ဆရာဖြစ်တယ်။

## ဒိသာပါမောက္ခဆရာကြီး၏သား သေဆုံးခြင်း

ကွမ်းထားဆရာလို့ ရှေးကခေါ်တယ်။ ဆရာကွမ်းထားဖြစ်လို့ ဆရာတပည့် အလွန်ပေျာ်ပေျာ်နေကြရာက တနေ့သ၌ ဒိသာပါမောက္ခဆရာကြီး၏သားအကြီး အရွယ်အားဖြင့် တဆယ့်ငါးနှစ် တဆယ့်ခြောက်နှစ်အရွယ် နုနယ်ပျိုမျစ်တဲ့ လုလင်ပျိုအရွယ်မှာ တစုံတခုသော ရောဂါကြောင့် ပျက်စီးသွားတယ်။ နှမြောလိုက်တာ ဆရာကြီးနဲ့ တကွ ဆွေတော်မျိုးတွေ မျက်ရည်မကျတဲ့လူ မရှိဘူး။ ဆရာကြီးက မျက်ရည်ကျတော့ တပည့်ငါးရာကလဲပဲ မျက်ရည်ကျကြတယ်။ ဘယ်သူမှ မငိုပဲမနေနိုင်ဘူးတဲ့။ သို့သော် မတွေ့စဖူး အထူးတွေ့နေတဲ့အတွက် ဘုရားအလောင်းဖြစ်တဲ့ ဓမ္မပါလ လုလင်တယောက်ကတော့ ငိုရမှန်းကိုမသိဘူး။ မငိုဘူး။

အေး—ဆရာကြီးတပည့်တွေ ဆရာကြီးရဲ့သားအကြီး လုလင်ပျိုရဲ့ ဈာပနကိစ္စ ရှက်ဆောင်ပြီးလို့ အိမ်ပြန်လာကြတဲ့အခါကျတော့ တပည့်တွေစုပြီး ကွယ်လွန်သူလုလင်ပျိုရဲ့ ကျေးဇူးစကားပြောနေကြတယ်။

> "အဟော ဝေရူပေါ နာမ အာစာရသမ္ပန္နော တရုဏမာဏဝေါ တရုဏကာလေယေဝ မာတာပိတူဟိ ဝိပ္ပယုတ္တော မရဏပ္ပတ္တော။"

ဝေရူပေါ၊ ဤသို့သဘောရှိသော။ အာစာရသမ္ပန္နော၊ ကိုယ်ကျင့်အာစာရနှင့် ပြည့်စုံသော။ တရုဏမာဏဝေါ၊ နုနယ်ပျိုမျစ်သောလုလင်သည်။ တရုဏကာလေယေဝ၊ ယခုလိုအသက်အရွယ် နုနယ်ပျိုမျစ်တဲ့အချိန်မှာပင်။ မာတာပိတူဟိ၊ မိဘနှစ်ပါးတို့နှင့်။ ဝိပ္ပယုတ္တော၊ ကင်းကွာရရှာပြီ။ မရဏပ္ပတ္တော၊ စုတိပျက်ကြွေ သေလွန်ခြင်းသို့ ရောက်ရှာရပြီ။ အဟော၊ ဖြစ်မှုဖြစ်ရပေ။

**ငယ်ရွယ်စဉ်မှာ မသေတာ တို့ဆွေမျိုးရဲ့ ဓမ္မတာ**

တပည့်တွေပြောနေကြတယ်-ဝမ်းနည်းစကား။ "အော် အင်မတန် လိမ္မာတဲ့ အင်မတန် ကိုယ်ကျင့်ကောင်းတဲ့ နုနယ်ပျိုမျစ်တဲ့ လုလင် ပျိုလေးတယောက် မိဘနှစ်ပါးနဲ့ကင်းကွာပြီး သေသွားရှာပြီ ဖြစ်မှ ဖြစ်ရလေ။"

အဲဒီလို ဝမ်းနည်းစကား တပည့်တွေ စုရုံးပြောဆိုတဲ့အခါမှာ ဓမ္မ-ပါလလုလင်က ထပြောလိုက်တယ်–

> "သမ္မာ တုမှေ့ ဇာရုဏောတိ ဘဏထ။ အထ ကသ္မာ တရုဏကာလေယေဝ မရတိ၊ နနု အယုတ္တံ တရုဏကာလေ မရိတုံ။"

သမ္မာ၊ သူငယ်ချင်းတို့။ တုမှေ့၊ သင်တို့သည်။ တရုဏောတိ၊ အသက်အရွယ် ငယ်သေးတယ် ငယ်သေးတယ်ဟူ၍။ ဘဏထ၊ ပြောဆို ကြကုန်၏။

သူငယ်ချင်းတို့ မင်းတို့စကားထဲ အသက်အရွယ် နုနယ်ပျိုမျစ် တယ်လို့ ပြောနေကြတယ်။

အထ၊ ထိုသို့ နုနယ်ပျိုမျစ်သည်ရှိသော်။ တရုဏကာလေယေဝ၊ အသက်အရွယ် ပျိုမျစ်နုနယ်သောအခါ၌ပင်လျှင်။ ကသ္မာ၊ အဘယ့် ကြောင့်။ မရတိ၊ သေရသလဲ။

ဟာ-ဘယ့်နှယ်ကြောင့် ဒီအသက်အရွယ် နုနယ်ပျိုမျစ်တဲ့အချိန် သေရသလဲ။

တရုဏကာလေ၊ နုနယ်ပျိုမျစ်သော အချိန်၌။ မရိတုံ၊ သေခြင်း ငှါ။ အယုတ္တံ နနု၊ မသင့်သည် မဟုတ်ပါလော။

ဒီလိုအသက်အရွယ်နုနယ်တဲ့ အချိန်ဆိုဟာ မသေသင့်ဘူး မဟုတ်လား သူငယ်ချင်းတို့။ ဓမ္မပါလကပြောတယ်။

ဒီတော့ ဟိုသူငယ်ချင်း ကျောင်းသားတွေက ဝမ်းနည်းစကား ပြောကာစရှိသေး စကားထူးတခု ဝင်လာတယ်။ ဓမ္မပါလပြောတာ စကားထူး စကားဆန်းဖြစ်နေတယ်။ ပြန်ပြောကြတယ်—

"ကိံ ပန သမ္မ တွံ ဣမေသံ သတ္တာနံ မရဏဘာဝံ န ဇာနာသိ။"

သမ္မ၊ အဆွေတော်ဓမ္မပါလ။ ကိံ ပန၊ အဘယ်သို့နည်း။ တွံ၊ သင်သည်။ ဣမေသံ သတ္တာနံ၊ ဤသတ္တဝါတို့၏။ မရဏဘာဝံ၊ သေခြင်းသဘောကို။ န ဇာနာသိ ကိံ၊ မသိဘူးလား။

သူငယ်ချင်းဓမ္မပါလ-မင်း ဒီသတ္တဝါတွေရဲ့ သေခြင်းသဘော မသိဘူးလားကွာ။ ဒီလိုမေးတယ်။ ဓမ္မပါလက ပြန်ပြောတယ်—

ဇာနာမိ၊ မသိမဟုတ် သိပါ၏။

တရုဏကာလေ ပန န မရန္တိ၊ မဟလ္လကကာလေယေဝ မရန္တိ။

တရုဏကာလေ ပန၊ အသက်အရွယ် နုနယ်ပျိုမျစ်သော အခါ၌ကား။ န မရန္တိ၊ မသေကြကုန်။ မဟလ္လကကာလေယေဝ၊ အသက်အရွယ်ကြီးသော အခါ၌သာလျှင်။ မရန္တိ၊ သေကြကုန်၏။

သိပါတယ်ကွာ၊ ဒါပေမဲ့ အသက်အရွယ် နုနယ်ပျိုမျစ်တဲ့အချိန်မှာ မသေဘူး၊ အသက်ကြီးမှ သေကြတယ်လို့ ပြောတယ်။ ဒါ သူသိတာက ဒီအတိုင်းသိလို့ပြောတာ။ ဒီတော့ သူငယ်ချင်း ကျောင်းသားတွေက ဘယ့်နှယ်ပြောတုံး—

"နန္န အနိစ္စာ သင်္ခါရာ ဟုတွာ အဘာဝိနော။"

သမ္မ၊ အဆွေတော် ခမ္မပါလ။ သင်္ခါရာ၊ ခပ်သိမ်းသော သင်္ခါရတရားတို့သည်။ အနိစ္စာ နနု၊ မမြဲကြသည် မဟုတ်လော။ ဟုတွာ၊ ဖြစ်ပြီးလျှင်။ အဘာဝိနော နနု၊ ချုပ်ပျက်ကြသည် မဟုတ်လော။

အနိစ္စဆိုတဲ့စကားဟာ သာသနာပြင်ပပေမယ့်ရှိတယ်။ "အေး ခမ္မပါလ ခပ်သိမ်းသော သက်ရှိ သက်မဲ့သတ္တဝါတွေဟာ အနိစ္စတွေချည့် မဟုတ်လားကွာ၊ ဖြစ်ပြီးယင် ပျက်တာပဲ မဟုတ်လား။" အဲဒီတော့ ခမ္မပါလက ပြန်ပြောတယ်–

"သစ္စံ အနိစ္စာ။"

သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ အနိစ္စာ၊ မမြဲကုန်သည်။ သစ္စံ၊ မှန်၏။

သင်္ခါရတရားတွေ မမြဲဘူးဆိုတာ မှန်ပါတယ်။

"ဒဟရကာလေ ပန သတ္တာ န မရန္တိ၊ မဟလ္လကကာလေ မရန္တိ၊ အနိစ္စတံ ပါပုဏန္တိ။"

ပန၊ ထိုသို့ပင် သင်္ခါရတရားတို့ အနိစ္စပင်ဖြစ်သော်လည်းပဲ။ဒဟရကာလေ၊ အသက်အရွယ် ငယ်စဉ်ကာလ၌။ သတ္တာ၊ သတ္တဝါတို့သည်။ န မရန္တိ၊ မသေကြကုန်။ မဟလ္လကကာလေယေဝ၊ အသက်အရွယ်ကြီးရင့်သောအခါ၌သာလျှင်။ မရန္တိ၊ သေကြကုန်၏။ အနိစ္စတံ၊ မမြဲသည်၏ အဖြစ်သို့။ ပါပုဏန္တိ၊ ရောက်ကြရကုန်၏။

"အေး—သင်္ခါရတွေ အနိစ္စဆိုတာ ငါသိပါတယ်ကွာတဲ့၊ ဒါပေမယ်လို့ သတ္တဝါတွေဟာ ငယ်ငယ်တော့ မသေဘူး၊ အသက်တမ်းပြည့်နေပြီး အသက်ကြီးမှ သေကြတယ်။"

ဒီတော့ ဟိုလူတွေက-ဆန်းလိုက်လေနော်၊ ဒီလူ တဘက်တလမ်း ချည်းပဲဖြစ်နေတယ်။

"ကိံ သမ္မ ဓမ္မပါလ တုမှာကံ ဂေဟေ န ကေစိ မရန္တိ။"

သမ္မ ဓမ္မပါလ၊ အဆွေတော် ဓမ္မပါလ။ ကိံ၊ အသို့နည်း။ တုမှာကံ၊ သင်တို့၏။ ဂေဟေ၊ အိမ်၌။ ကေစိ၊ တစုံတယောက်မျှ။ န မရန္တိ၊ မသေကြဘူးလား။

ဓမ္မပါလရော-မင်းအဆန်းချည်းထဲပြောနေတယ်။ မင်းတို့အိမ်မှာ လူ တယောက်မှ မသေဘူးလားကွတဲ့။ ဒီတော့ ဓမ္မပါလက ပြန်ပြောတယ်။

"ဒဟရကာလေ ပန န မရန္တိ၊ မဟလ္လကကာလေယေဝ မရန္တိ။"

အေး တို့အိမ်မှာ မသေတော့ မဟုတ်ဘူး၊ အသက်အရွယ်ငယ်ငယ် အချိန်မှာ ဘယ်တော့မှ မသေဘူးကွတဲ့၊ အသက်တမ်းပြည့်နေပြီး အသက်ကြီးမှ သေတာချည်းပဲလို့ဆိုတော့ ဟိုလူတွေက—

"ကိံ ပနေသာ တုမှာကံ ကုလပဝေဏီ။"

သော၊ ဤသို့ အသက်တမ်းပြည့်နေပြီး အသက်ကြီးမှ သေရခြင်း သည်။ တုမှာကံ၊ သင်တို့၏။ ကုလပဝေဏီ ကိံ၊ ဆွေစဉ်မျိုးဆက် ဆင်းသက်လာတဲ့ ပဝေဏီ တံထွာ ဓမ္မတာပဲလား။

ဟော-ဓမ္မပါလ-အသက်တမ်းပြည့်နေပြီး အသက်ကြီးမြင့်မှ သေတယ် ဆိုတာ မင်းတို့ရဲ့ ဆွေစဉ်မျိုးဆက် ဆင်းသက်လာတဲ့ ပဝေဏီ တံထွာ ဓမ္မတာလားကွယ်-တဲ့။

ဓမ္မပါလဘုရားလောင်းက—

"အာမ ကုလပဝေဏီ။"

အေးဟုတ်တယ်။တို့ရဲ့ဆွေစဉ်မျိုးဆက် ဆင်းသက်လာတဲ့ ဓမ္မတာပဲ၊ အဲဒီလို အပြန်အလှန်ပြောကြတယ်။ ပြောတော့မှ တပည့်တွေက ဒီအကောင်ပြောတာ သိပ်ဆန်းတဲ့ စကားဆိုပြီး ဒိသာပါမောက္ခ ဆရာကြီးဆီသွားပြီး "ဆရာကြီး ဓမ္မပါလဆိုတဲ့အကောင်ဟာ သိပ် ပြီးတော့ စကားထူး စကားဆန်းတွေ ပြောနေတယ်။ သူတို့ ဓမ္မပါလ အမျိုးမှာ အသက်အရွယ် ငယ်သူတွေ မသေကြဘူးတဲ့ ဆရာကြီး" လို့ ပြောတော့ ဆရာကြီးက ဓမ္မပါလကို ခေါ်တယ်။ ရှေ့မှောက်ရောက် တော့—

"သစ္စံ ကိရ တာတ ဓမ္မပါလ တုမှာကံ ကုလေ ဒဟရာ န မီယန္တိ။"

တာတ ဓမ္မပါလ၊ ချစ်သား ဓမ္မပါလ။ တုမှာကံ၊ သင်တို့၏။ ကုလေ၊ ဓမ္မပါလအမျိုး၌။ ဒဟရာ၊ အသက်အရွယ်ငယ်သူတို့သည်။ န မီယန္တိ၊ မသေကြဘူးဆိုတာ။ သစ္စံ ကိရ၊ မှန်သလား။

ဓမ္မပါလရယ် မင်းတို့အမျိုးမှာ အသက်အရွယ်ငယ်သူတွေ မသေ ဘူးဆိုတာ မှန်သလားတဲ့။ ဓမ္မပါလက—

သစ္စံ အာစရိယ=မှန်ပါတယ် ဆရာကြီးလို့ ပြန်ပြီးတော့ ဝန်ခံလိုက် တယ်၊ ဒီတော့ ဆရာကြီးက စဉ်းစားတယ်—

"အယံ အတိဝိယ အစ္ဆရိယံ ဝဒတိ။"

အယံ၊ ဤဓမ္မပါလ လုလင်သည်။ အတိဝိယ၊ အလွန်လျှင်။ အစ္ဆရိယံ၊ လက်ဖျစ်တီး၍ အံ့ချီးထိုက်သော စကားကို။ ဝဒတိ၊ ပြောဆို၏။

**ငယ်ရွယ်သူတို့ မသေသော တရားကို**
**ဒိသာပါမောက္ခဆရာကြီး ကိုယ်တွေ့ စုံစမ်းခြင်း**

အသက်ငယ်ရွယ်သူ မသေဘူး ဓမ္မတာဆိုတာ အလွန်အံ့သြဖွယ် ကောင်းတဲ့ စကား ဒီ ဓမ္မပါလ လုလင်ပြောနေတယ်။

"ဣမဿ ပိတု သန္တိကံ ဂန္တွာ ပုစ္ဆိတွာ သစေ ဧတံ သစ္စံ၊
အဟမ္ပိ တမေဝ ဓမ္မံ ပူရေဿာမိ။"

ဣမဿ၊ ဤဓမ္မပါလ လုလင်၏။ ပိတု၊ ဖခင်ဖြစ်တဲ့ ဓမ္မပါလရွာ အုပ်ကြီး၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ-ဂစ္ဆိဿာမိ၊ ငါသွားမယ်။ (ဆရာကြီးက ဓမ္မပါလရဲ့ ဖခင်-ဓမ္မပါလရွာအုပ်ကြီးရှိရာ ငါသွားမယ်။) ဂန္တွာ၊ သွားပြီးတော့။ ပုစ္ဆိတွာ-ပုစ္ဆိဿာမိ၊ ဟုတ် မဟုတ် မေးမြန်း ပေအံ့။ ပုစ္ဆိတွာ၊ ဟုတ် မဟုတ် မေးမြန်းပြီးလျှင်။ ဧတံ၊ ဤယခု ဓမ္မပါလ ပြောတဲ့ စကားသည်။ သစေ သစ္စံ၊ အကယ်၍ မှန်ငြားအံ့။ အဟမ္ပိ၊ ငါလဲပဲ။ တမေဝ ဓမ္မံ၊ ထိုဓမ္မပါလရွာအုပ်ကြီးတို့ ကျင့်တဲ့ အကျင့်ကိုပင်လျှင်။ ပူရေဿာမိ၊ ဖြည့်ကျင့်ပါပေအံ့။

"ရွာအုပ်ကြီးကို သွားမေးမယ်။ မေးလို့ ဓမ္မပါလလုလင် ပြောတဲ့ အတိုင်း အမှန်ဆိုယင် ငါလဲ သူတို့ကျင့်တဲ့တရားကျင့်မယ်" အဲဒီလို စဉ်းစား ဆုံးဖြတ်ပြီးတော့ ဒိသာပါမောက္ခဆရာကြီး သားကလေး ကွယ်လွန်လို့ ခုနစ်ရက် ရှစ်ရက်မြောက်အတွင်းမှာ ပြုလုပ်သင့်တဲ့ သားရဲ့ ဈာပနကိစ္စနဲ့ ပတ်သက်၍ သူတို့ ထုံးတမ်းစဉ်လာအတိုင်း ပြုလုပ်ဖွယ် ကိစ္စအဝဝ ပြုလုပ်ပြီးတဲ့အခါကျတော့ ဒိသာပါမောက္ခ ဆရာကြီးက ဓမ္မပါလလုလင်ကို ခေါ်ပြောတယ်။

"တာတ အဟံ ဒိပ္ပံ အာဂမိဿာမိ၊ ယာဝ မမာဂမနာ
ဣမေ မာဏဝေ သိပ္ပံ ဝါစေဟိ။"

တာတ၊ ချစ်သား။ အဟံ၊ ငါသည်။ ခိပ္ပံ၊ လျင်စွာ။ အာဂမိဿာမိ၊ ပြန်လာခဲ့မယ်။ ယာဝ မမာဂမနာ၊ ငါပြန်လာသည့်တိုင်အောင်။ တွမေ၊ မာဏဝကေ၊ ဤလုလင် ကျောင်းသားတို့ကို။ သိပ္ပံ၊ အတတ်ကို။ ဝါစေဟိ၊ ငါ့ကိုယ်စား ချစ်သား ပို့ချရစ်ပါ။

ချစ်သား.... ငါမြန်မြန် ပြန်ခဲ့မယ်၊ ငါမပြန်လာခင် ဟောဒီ လုလင် ကျောင်းသားတွေကို မင်း ဗေဒင်ကျမ်းတွေ အတတ်ပညာတွေကို ပို့ချရစ်ပါလို့ ဆိုတော့ ဘုရားလောင်း မဟောပါလ လုလင်က သာဓု- ကောင်းပါပြီ ဆရာကြီး၊ ဝန်ခံလိုက်တယ်၊ စိတ်ချသွားပါ။

ဒီတော့ ဆရာကြီးက ဟိုကျယင် စကားပြောပြီး သက်သေအရာ၌ တင်နိုင်အောင် ဟဲ့ လို ဘိုပြီးတော့ ဆိတ်တစ်ကောင်ရဲ့ အရိုးတွေကို ပြောင်စင်အောင် အဆေးခိုင်းသတဲ့။ ဆိတ်အရိုးသည် လူ့ရဲ့အရိုးနဲ့ တူပုံပေါ်သနော်။ အဲဒီလို ပြောင်စင်အောင် ဆေးကြောသုတ်သင်ပြီး အကာလ လွယ်အိတ်ထဲ ထည့်၊ နောက်ပါ တပည့်တစ်ယောက်ခေါ်ပြီး ဆရာကြီး ကာသိတိုင်းဘက် ခရီးထွက်တယ်။

**ဓမ္မပါလရွာ၏ အလေ့အကျင့်**

ဆရာကြီး ခရီးထွက်လို့ ဓမ္မပါလရွာသို့ ရောက်ပြီ။ ရွာတံခါးဝ ရောက်တယ်ဆိုယင်ပဲ ဒီ ရွာသားတွေ အခ်မတန် ရှိသေ အင်မတန် ယဉ်ကျေးတယ်။ ရောက်လာတဲ့ ဧည့်သည် ဆရာကြီးကို ကြည့်ပြီး လမ်းဘေးက ဖဲပေးတယ်။ လက်အုပ်ကလေးတွေ တချီချီနဲ့ နေတယ်။ အရိုအသေပေးသပေါ့။ ဒီတော့ ဒိသာပါမောက္ခဆရာကြီးက–

"ကတရံ မဟာဓမ္မပါလဿ ဂေဟံ။"

ဘောန္တော၊ အမောင်တို့။ မဟာဓမ္မပါလဿ၊ မဟာဓမ္မပါလရွာ အုပ်ကြီး၏။ ဂေဟံ၊ အိမ်သည်။ ကတရံ၊ အဘယ်မှာလဲ။

မဟာဓမ္မပါလရွာအုပ်ကြီးရဲ့ အိမ်သည် ဘယ်အိမ်လဲဆိုစော့ အလွန်ယဉ်ကျေးလှတဲ့ ဓမ္မပါလရွာသား လူယဉ်ကျေးလေးတွေက လက်အုပ်မချပဲ ဆရာကြီး ကြွပါခင်ဗျား၊ ကျွန်တော်လိုက်ပို့ပါမယ်။ ခရီးလမ်းပြတာကိုပဲ လက်အုပ်ကလေး ချီပြီး ရို့ရို့လေးနဲ့ ဓမ္မပါလ ရွာအုပ်ကြီးရဲ့ အိမ်တံခါးအရောက်လိုက်ပို့တယ်။

ဓမ္မပါလရွာအုပ်ကြီးရဲ့ အိမ်တံခါးဝ ရောက်တယ်ဆိုယင်ပဲ ရွာအုပ်ကြီးရဲ့ အိမ်က လူငယ်လေးတွေ ရှိရိုသေသေ ပြေးထွက်လာတယ်။ လက်အုပ်ကလေးတွေ ချီပြီး၊ ဆရာကြီး လက်ထဲက ထီး ကျွန်တော် ယူပါရစေ၊ ဆရာကြီး ဖိနပ် ကျွန်တော် ကိုင်ပါရစေ၊ အေး ကျန်တဲ့ လူက နောက်ကပါလာတဲ့ တပည့်လက်ထဲက အိတ်ကြီး သူငယ်ချင်း ငါထမ်းမယ၊ ကူညီကြတယ်။ အဲဒီလို ဝတ္တရားတွေ ဆီးပြုတဲ့အခါကျ တော့ ဒိသာပါမောက္ခဆရာကြီးက ဘယ့်နှယ်ပြောသလဲ——

"ပုတ္တာသ ဝေါ ဓမ္မပါလကုမာရဿ အာစရိယော ဒွါရေ ဋ္ဌိတောတိ ကုမာရဿ ပိတု အာစိက္ခထ။"

တာတာ၊ အမောင်တို့။ ဝေါ၊ အသင်ရွာအုပ်မင်းတို့၏။ ပုတ္တဿ၊ သားဖြစ်သော။ ဓမ္မပါလကုမာရဿ၊ ဓမ္မပါလသတို့သား၏။ အာစရိယော၊ ဆရာကြီး ဒိသာပါမောက္ခသည်။ ဒွါရေ၊ အိမ်တံခါး၌။ ဋ္ဌိတော၊ ရပ်တည်လာပါသည်။ ဣတိ၊ ဤသို့။ ကုမာရဿ၊ ဓမ္မပါလ သတို့သား၏။ ပိတု၊ ဖခင်ကြီးအား။ အာစိက္ခထ၊ တဆိတ်ပြော ပေးကြပါ။

ဓမ္မပါလရွာအုပ်ကြီးထံ သွားပြီးတော့ "ရွာအုပ်ကြီး ရွာအုပ်ကြီးရဲ့ သား ဓမ္မပါလရဲ့ဆရာ ဒိသာပါမောက္ခဆရာကြီး အိမ်တံခါးဝမှာ ရောက်နေတယ်" လို့ တဆိတ် မောင်တို့ ပြောပေးကြပါ ဆိုတော့ သာဓု ကောင်းပါပြီဆရာကြီး လက်အုပ်ကလေးနဲ့ ဝန်ခံ ပြီးတော့

ဓမ္မပါလရွာအုပ်ကြီးထံ သွား၊ ရွာအုပ်ကြီး အိမ်တံခါးဝမှာ ဓမ္မပါလရဲ့ ဒိသာပါမောက္ခဆရာကြီး ဘာကိစ္စရယ်မသိဘူး၊ အိမ်တံခါးဝ ရပ်တည် နေပါတယ် ပြောတော့ မဓမ္မပါလရွာအုပ်ကြီး အရေးတကြီး ပျာရိပျာရာ လိုက်လာတယ်၊ ဂရုတစိုက်။ အနီးရောက်တယ်ဆိုယင် လက်အုပ်ချီ ပြီးတော့–

ဣတော ထေ။ ဣတော၊ ဤလမ်းမှ။ ထေ၊ ကြွတော်မူကြပါ။

ရိုသေစွာ အိမ်ထဲ ဖိတ်ခေါ်သွားတယ်။ ဧည့်ခန်းထဲရောက်– ပလ္လင်များပေးလို့ ပလ္လင်ပေါ်မှာ ဒိသာပါမောက္ခဆရာကြီး တင်ထား ပြီးတော့ ရွာအုပ်ကြီး ကိုယ်တိုင် အုပ်ချုပ်၍ ခရီးဝေးကလာရလို့ ခြေထောက်များကို ကိုယ်တိုင် ဖုံများခါပေးတယ်၊ ခြေဆေးရေ ကိုယ်တိုင် ဆေးပြီးတော့ ကိုယ်တိုင် ပွတ်သုတ်ပေးတယ်။ ပြီးပြီဆို တော့မှ နံ့သာဆီများနဲ့ ခရီးအပန်းပြေအောင် ပွတ်လိမ်းပေးတယ်။ ဒီ အချိန်မှာ ဟိုတပည့်တွေ အိမ်သားတွေက ထမင်းချက်ရတယ်။ ထမင်းပွဲပြင်ပြီး ဒိသာပါမောက္ခဆရာကြီးကိုကျွေးပြီးလို့ ဧည့်ခန်းထဲမှာ အေးအေးချမ်းချမ်း အလ္လာပ သလ္လာပပြောဆိုကြတဲ့ အချိန်ရောက်ပြီ။

**ဓမ္မပါလသတို့သား သေပြီဟု ပြောကြားခြင်း**

တဘက်က ရွာအုပ်ကြီး ဟို တဘက်က ဒိသာပါမောက္ခဆရာကြီး ဟို နောက် အိမ်သူ အိမ်သား လူငယ်များ ဒီ ဧည့်ခံခန်းမကြီးထဲ မှာ မှန်းကြည့်ပါ။

အားလုံး စုံညီရော ဒိသာပါမောက္ခဆရာကြီးက–

"ဗြဟ္မဏ ပုတ္တော တေ ဓမ္မပါလကုမာရော ပညဝါ"

ဗြဟ္မဏ၊ ဗြဟ္မဏနွယ်ဆင်း အို ရွာအုပ်မင်း။ တုယှံ၊ သင်၏။ ပုတ္တော၊ သားဖြစ်သော။ ဓမ္မပါလကုမာရော၊ ဓမ္မပါလသတို့သား သည်။ ပညဝါ၊ ပညာရှိပါပေ၏။

ရှာအုပ်ကြီး ရှာအုပ်ကြီးရဲ့သား ဓမ္မပါလလုလင်ဟာ သိပ်ပညာတော်တဲ့ လုလင်ပါတဲ့။

"တိဏ္ဏံ ဝေဒါနံ အဌာရသန္နဉ္စ သိပ္ပာနံ နိပ္ဖတ္တိံ ပတ္တော"

တိဏ္ဏံ ဝေဒါနဉ္စ၊ ဗေဒင်သုံးပုံတို့၏ လည်းကောင်း။ အဋ္ဌာရသန္နံ သိပ္ပာနဉ္စ၊ တဆယ့်ရှစ်ရပ် အတတ်တို့၏ လည်းကောင်း။ နိပ္ဖတ္တိံ၊ အပြီးအဆုံးသို့။ ပတ္တော၊ ရောက်ခဲ့လေပြီ။

ဗေဒင်သုံးရပ် ကမ်းလုံးခတ် အဌာရသသိပ္ပ အပြီးအဆုံးရောက် တတ်မြောက် ခဲ့ပါပြီ၊ အင်မတန် ဒုံ့ဩစရာ၊ ဉာဏ်ပညာ အင်မတန် ကြီးတဲ့ သူငယ်၊ ကာလ မရှည်မလျားပဲနဲ့—

"အပိစ ခေါ ပန ဧကေန အဖာသုကေန ဇီဝိတက္ခယံ ပတ္တော။"

အပိစ ခေါ ပန၊ အကြောင်းထူး ပြောကြားလိုတာ ကတော့။ (အားလဲနာပါရဲ့၊ မပြော မပြီးလို့ ပြောရမှာပဲ) သော၊ ထို ဓမ္မပါလ လုလင်သည်။ ဧကေန အဖာသုကေန၊ ရှုတ်တရက် ကောက်ရသလို ဖြစ်ပေါ်လာတဲ့ တခုသော မကျန်းမမာ မချမ်းသာမှုကြောင့်။ ဇီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပတ္တော၊ ရောက်ရှာလေပြီ။

ဖြုန်းကနဲဆို မိုးပေါ်ကျ ကောက်ရသလို ရောဂါတခုနဲ့ ဓမ္မပါလ လုလင်လေး အသက်ဆုံးသွားရှာတယ်-ရှာအုပ်ကြီး—

"သမ္ဗေ သင်္ခါရာ အနိစ္စာ မာ သောစိတ္ထ။"(တရားချတယ်)

သမ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ သက်ရှိသက်မဲ့ သင်္ခါရ မှန် သမျှတို့သည်။ အနိစ္စာ၊ မမြဲကြပါကုန်။ မာ သောစိတ္ထ-မာ စိန္တယိတ္ထ၊ ထွေရာ လေးပါး အကြံများ၍ သောက မပွားကြပါနဲ့။

**သားသေပြီဟူသောစကား ဖခင် မယုံ**

ရှာအုပ်ကြီး- သင်္ဂါရမှန်ယင် အနိစ္စချည်းပဲ သောကမီး မပွား ပါနဲ့။ အဲဒီလို တရားချပြီး ဆက်ပြီးတော့ ပြောလိုက်တယ်။ အဲဒီလို ပြောလိုက်တယ် ဆိုယင်ပဲ ပြောလိုက်တဲ့စကားက ဝမ်းနည်းစရာ စကား။ ဓမ္မပါလရွာအုပ်ကြီးက မျက်ရည်မကျတဲ့ အပြင် လက်ခုပ် လက်ဝါးတီး ပြီးတော့ ဟက်ဟက် ပက်ပက်ကြီး ရယ်လိုက်တာတဲ့။ မယုံပဲကိုး၊ လက်ခုပ်လက်ဝါးတီးပြီးတော့ ဟက်ဟက် ပက်ပက်ကြီး ရယ်သတဲ့၊ အသံထွက်လို့။အဲဒီလိုရယ်တဲ့ အခါကျတော့ ဒိသာပါမောက္ခ ဆရာကြီးက –

"ကိန္နု ဗြာဟ္မဏ ဟသသိ-"

ဗြာဟ္မဏ၊ ဗြဟ္မာ့နွယ်ဆင်း အို ရွာအုပ်မင်း။ ကိန္နု၊ အဘယ့် ကြောင့်။ ဟသသိ၊ ရယ်နေရသလဲ။

ရွာအုပ်ကြီး ကျုပ်ပြောတဲ့ သတင်းက ငိုရမယ့်သတင်း။ ဘယ့် နှယ်ကြောင့် ရွာအုပ်ကြီး ရယ်နေရတုံး။

အင်းဗျာ ဒိသာပါမောက္ခဆရာကြီး အနေနဲ့တော့လဲ စိတ်ထိခိုက် သွားလို့ စိတ္တဇဖြစ်ပြီးရယ်တယ်လို့များ အောက်မေ့မလား မသိဘူး။ အောက်မေ့စရာကြီးပဲ။ အဲဒီတော့ ဓမ္မပါလရွာအုပ်ကြီးက ဘယ့် နှယ်ပြန်ပြောသလဲ –

"မယှံ ပုတ္တော န မရတိ၊ အညော ကောစိ မတော ဘဝိဿတိ။"

အာစရိယ၊ ဆရာကြီး။ မယှံ၊ အကျွန်ုပ်၏။ ပုတ္တော၊ သားသည်။ န မရတိ၊ မသေပါဘူး။ အညော၊ ကျွန်တော့်သားမှ တပါးသော

**ကောစိ၊ ထစ္စံ တယောက်သော သူသည်။ မတော၊ သေသည်။ ဘဝိဿတိ၊ ဖြစ်ပါလိမ့်မယ်။**

ကျွန်တော်သား မသေပါဘူးဆရာကြီးရာတဲ့။ တဦးတယောက် သေတာဖြစ်ပါလိမ့်မယ် ဆရာကြီးရယ်တဲ့ ဂရုမြေမပျက်ဘူး၊ ခန့်ခန့် ငြားငြားကြီးပြောတယ်။ ဒီတော့ ဒိသာပါမောက္ခ ဆရာကြီးက–

"ဗြဟ္မဏ ပုတ္တောဃေဝ တေ မတော။"

တေ၊ သင် ရှာအုပ်မင်း၏။ ပုတ္တောဃေဝ၊ သားသည်ပင်လျှင်။ မတော၊ သေတာ အမှန်ပဲ။

**သား၏အရိုးမဟုတ် ဆိတ်ရိုးဟု ဖခင်က အတတ်ပြောခြင်း**

ရွာအုပ်ကြီးရဲ့သား ဓမ္မပါလ လေ။သေတာ အမှန်ပဲ။

"ပုတ္တဿေဝ တေ အဋ္ဌီနိ ဒိသွာ သဒ္ဒဟ။"

တေ၊ သင်၏။ ပုတ္တဿေဝ၊ သားဖြစ်သော ဓမ္မပါလ၏သာလျှင်။ အဋ္ဌီနိ၊ အရိုးတို့ကို။ ဒိသွာ၊ မြင်၍။ ငါ-မြင်သည်ရှိသော်။ တွံ၊ သင် သည်။ သဒ္ဒဟ၊ ယုံကြည်ပါလော။

အေး-အရိုးတွေကို ကြည့်ပြီးတော့ ယုံပါတော့။ အရေးကြီးတဲ့ ကိစ္စမို့လို့ ကျွန်ုပ် ကိုယ်တိုင် လာပြောတယ်။ ဘက်သေအနေနဲ့ သင့် သားရဲ့ အရိုးတွေ ငါယူလာတယ်။ အဲဒီအရိုးတွေ ကြည့်ပြီးတော့ ဒီကိစ္စ ယုံကြည်ပါတော့ ဆိုပြီး ဒိသာပါမောက္ခဆရာကြီးက အိတ်ထဲ ထည့်လာတဲ့ ဆိတ်ရိုးတွေထုတ်ပြီး–

"ဣမာနိ တေ ပုတ္တဿ အဋ္ဌီနိ။"

ဣမာနိ၊ ဟောဒီ ကျွန်တော့ လက်ထဲက အရိုးတို့သည်။ တေ၊ သင်၏။ ပုတ္တဿ၊ သားဖြစ်သော ဓမ္မပါလ၏။အဋ္ဌီနိ၊ အရိုးတို့ပါတည်း–

ရွာအုပ်ကြီးလို့ ပြောတယ်။ ဒီတော့ ဓမ္မပါလရွာအုပ်ကြီးက ဘယ့်နှယ်ပြန်ပြောသလဲ–

"တောနိ ဌေကာသ ဝါ သုနခဿ ဝါ ဘဝိဿန္တိ။"

အာစရိယ၊ ဆရာကြီး။ တောနိ၊ အဲဒီအရိုးတို့သည်။ ဧဠကဿ ဝါ၊ သိုး၏ ဆိတ်၏သော်လည်းကောင်း။ သုနခဿ ဝါ၊ ခွေး၏သော် လည်းကောင်း။ အဋ္ဌီနိ၊ အရိုးတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကြပါလိမ့်မယ်။

ဆရာကြီး အဲဒီအရိုးတွေ ဆိတ်ရိုး ဒါမှမဟုတ် ခွေးရိုးတွေဖြစ်မှာပေါ့ ဆရာကြီးရယ်။

မယှံ ပန ပုတ္တော န မရတိ။ ကျွန်တော့်သားကတော့ ဘယ်လိုနည်းနဲ့မှ မသေပါဘူး။

"အမှာကံ ဟိ ကုလေ ယာဝ သတ္တမာ ကုလပရိဝဋ္ဋာ တရုဏကာလေ မတပုဗ္ဗာ နာမ နတ္ထိ။"

ဟိ၊ မှန်၏။ အမှာကံ၊ အကျွန်ုပ်တို့၏။ ကုလေ၊ ဓမ္မပါလခေါ်ရိုးသူတော်မျိုး၌။ ယာဝ သတ္တမာ ကုလပရိဝဋ္ဋာ၊ အထက်ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တိုင်မြောက်အောင်။ တရုဏကာလေ၊ နုပျိုစဉ်အခါကာလ၌။ မတပုဗ္ဗာ နာမ၊ ရှေးက သေဖူးသော သူတို့မည်သည်။ နတ္ထိ၊ တဦးတယောက်မျှ မရှိကြဖူးပါ။

ကျွန်တော်တို့ ဓမ္မပါလအမျိုး၌ အထက်ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တိုင်အောင် အသက်အရွယ် နုနယ်ပျိုမျစ်တဲ့ အချိန်မှာ သေဖူးတဲ့ ပုဂ္ဂိုလ်တယောက်မှ မရှိဘူးဆရာကြီး။ အေး-ဆရာကြီးတော့ အားနာပါရဲ့–

တံ့ မုသာ ဘဏာသိ။ တံ့၊ သင်သည်။ မုသာ၊ မုသားစကားကို။ ဘဏာသိ၊ ပြောဆိုဘိ၏။

## ငယ်ရွယ်သူတို့ မသေခြင်းအကြောင်း

ဆရာကြီး မုသားပြောနေတာပဲတဲ့။ ဟို ရှေးက သူတော်ကောင်းတွေဟာ မုသားပြောတာပဲလို့ဆိုယင် ဒါ ရှင့်ရင့်သီးသီးကြီးပြောလိုက်တာ။ ဆရာကြီး မုသားပြောနေတာပဲလို့လဲ ပိုင်ပိုင်ကြီး ပြောလိုက်ကရော ခုနင်ကတုန်းက ဧည့်ခန်းထဲရှိတဲ့ အိမ်သားတွေက လက်ခုပ်လက်ဝါးတီးပြီး ရယ်လိုက်ကြတာ တခါတည်း တဝေါဝေါနဲ့ ဆရာကြီးကို ကြားထဲက ကြောင်တောင်တောင်ဖြစ်နေတယ်။ တယောက်မှ မယုံဘူး။ မယုံတဲ့အပြင် လက်ခုပ်လက်ဝါးတီးပြီး ရယ်ပြတယ်။

ဒီတော့မှ ဒိသာပါမောက္ခဆရာကြီးက အေး မေ့ပါလလုလင်ပြောလိုက်တဲ့စကား ကေန်မှန်တယ်။ ဘယ်လို ပြောလို့မှ သူ့သားသေတယ်ဆိုတာ သူလဲမယုံဘူး၊ သူ့တပည့်တွေကလဲမယုံဘူး။ အဲဒီကျတော့မှ သူ မေးမယ်။

"ဗြာဟ္မဏ တုမှာကံ ကုလပဝေဏိယံ ဒဟရာနံ အမရဏေန န သက္ကာ အဟေတုကေန ဘဝိတုံ။"

ဗြာဟ္မဏ၊ ဗြဟ္မာ့နွယ်ဆင်း အို ရှာအုပ်မင်း။ တုမှာကံ၊ သင်တို့၏။ ကုလပဝေဏိယံ၊ ဆွေမျိုးအစဉ်အဆက်၌။ ဒဟရာနံ၊ အသက်အရွယ်ငယ်သူတို့၏။အမရဏေန၊မသေခြင်းသည်။အဟေတုကေန၊အကြောင်းမဲ့။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်းပါ။

ရှာအုပ်ကြီး ရှာအုပ်ကြီးတို့ရဲ့အမျိုးမှာ အသက်အရွယ်ငယ်သူတွေ မသေတာ အကြောင်းမဲ့ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး။

"ကေန ဝေါ ကာရဏေန ဒဟရာ န မီယန္တိ။"

ကေန ကာရဏေန၊ အဘယ်အကြောင်းကြောင့်။ ဝေါ၊ အသင်ရှာအုမ်မင်းတို့၏။ ကုလေ၊ ဗမ္မပါလခေါ် ရှိုး သူတော်မျိုး၌။ ဒဟရာ၊ အသက်အရွယ်ငယ်သူတို့သည်။ န မီယန္တိ၊ မသေကြပါသနည်း။

အဘယ်အကြောင်းကြောင့် ရှာအုပ်ကြီးတို့ရဲ့ ဓမ္မပါလ အမျိုးမှာ အသက်အရွယ်ငယ်သူတွေ မသေကြသတုံး။

အဲဒီလို စကားပြေ စုဏ္ဏိယနဲ့မေးပြီးတော့ ဂါထာပိုဒ်နဲ့ တဖန်မေးလိုပြန်၍—

ကိံ တေ ဝတံ ကိံ ပန ဗြဟ္မစရိယံ၊
ကိဿ သုစိဏ္ဏဿ အယံ ဝိပါကော။
အက္ခာဟိ မေ ဗြာဟ္မဏ ဧတမတ္ထံ၊
ကသ္မာ နု တုမှံ ဒဟရာ န မီယရေ။

ဗြာဟ္မဏ၊ ဗြဟ္မာ့နွယ်ဆင်း အို မဟာဓမ္မပါလရှာအုပ်မင်း။ တေ၊ သင်သည်။ ကိံ ဝတံ၊ အဘယ်သို့ ဆောက်တည်အပ်တဲ့ အကျင့်ကို။ ဝတ္တိတံ၊ ကျင့်အပ်ပါသနည်း။ တေ၊ သင်သည်။ ကိံ ဗြဟ္မစရိယံ၊ အဘယ်သို့မြတ်သော အကျင့်ကို။ စရိတံ၊ ကျင့်အပ်ပါသနည်း။ အယံ၊ ဤသို့ အသက်အရွယ်ငယ်သူတို့ မသေပဲ အသက်တမ်းပြည့် နေပြီးကြီးမှ သေရခြင်းသည်။သုစိဏ္ဏဿ၊ နှေ့ရှည်ရက်ဆက် ကောင်းစွာလေ့ကျက်အပ်သော။ ကိဿ၊ အဘယ်ကောင်းမှုကုသိုလ်၏။ ဝိပါကော၊ အကျိုးဆက်ပါနည်း။

အခုလို ရှာအုပ်ကြီး တို့ရဲ့ အမျိုးမှာ အသက်တမ်းပြည့်နေပြီးကြီးမှသေတာ အသက်အရွယ်ငယ်သူကို မသေတာဟာ ဘယ်ကောင်းမှု

ကုသိုလ်ရဲ့ အကျိုးပါလဲ၊ ဘယ်လိုလေ့ကျက်ထားတဲ့ ကောင်းမှုကုသိုလ် ရဲ့အကျိုးဖြစ်ပါသနည်း။

ဗြာဟ္မဏ၊ ဗြဟ္မာ့နွယ်ဆင်း အို ရှာအုပ်မင်း။ တေ၊ အတ္တံ၊ ဤ အကြောင်းကို။ မေ၊ အကျွန်ုပ်အား။ အက္ခာဟိ၊ အဖြေစကား မိန့် ကြားပါလော။ ကသ္မာ နု၊ အဘယ့်ကြောင့်လျှင်။ တုမှံ၊ သင်တို့၏။ ကုလေ၊ ဓမ္မပါလခေါ် ရိုး သူတော်မျိုး၌။ ဒဟရာ၊ အသက်အရွယ်ငယ် သူတို့သည်။ န မိယရေ-န မိယန္တိ၊ မသေကြပါကုန်သနည်း။

ရှာအုပ်ကြီးတို့ရဲ့ ဓမ္မပါလအမျိုးမှာ အသက်အရွယ်ငယ်တဲ့လူတွေ ဘာ့ကြောင့်မသေသလဲ ရှာအုပ်ကြီးလို့ဆိုတော့ ဟောဒီ သုဒ္ဓေါဒန မင်းတရားအလောင်း မဟာဓမ္မပါလ ရှာအုပ်ကြီးက ကိုးဂါထာနဲ့ သူတို့ရဲ့အကျင့်တွေကို ဖော်ပြတယ်။ သူတို့ရဲ့ဓမ္မပါလ ရှာသူရှာသား တွေ ကျင့်တဲ့အကျင့်ပေါ့—

ငယ်ရွယ်သူတို့မသေသောအကျင့်တရားများ
(ကိုးဂါထာ)

(၁) "ဓမ္မံ စရာမ န မုသာ ဘဏာမ၊
ပါပါနိ ကမ္မာနိ ပရိဝဇ္ဇယာမ။
အနရိယံ ပရိဝဇ္ဇေမု သဗ္ဗံ၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယရေ။"

သုစရိုက် ၁၀ ပါး

အာစရိယ၊ ဒိသာပါမောက္ခ နာမတွဲချီး အိုဆရာကြီး။ မယံ၊ အကျွန်ုပ်တို့ ဓမ္မပါလရှာသူရှာသား လူအများတို့သည်။ ဓမ္မံ၊ သုစရိုက် ဆယ်ပါး မြတ်သောတရားကို။ စရာမ၊ ကျင့်ကြံကြိုးကုတ် အားထုတ် ကြပါကုန်၏။

ဆရာကြီး ကျွန်တော်တို့ ဓမ္မပါလရွာသူရွာသား ကလေးလူကြီး လူငယ် လူရွယ်သူလတ် လူသုံးရပ်တို့ဟာ သုစရိုက်တရားကို ကျင့်ကြတယ်။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း, သူ့ဥစ္စာခိုးမှုမှရှောင်ကြဉ်ခြင်း, ကာမတရားတို့၌ ဖောက်ပြားစွာကျင့်မှုမှ ရှောင်ကြဉ်ခြင်း =ကာယသုစရိုက်သုံးပါး။

မုသားစကားပြောဆိုမှုမှ ရှောင်ကြဉ်ကြတယ်။ဘယ်တော့မှ ပိသုဏဝါစာ=အချစ်တုံးအောင် ကုန်းတိုက်စကား မပြောကြားကြဘူး။ တယောက်နဲ့တယောက် ချစ်ခင်အောင် စေ့စပ်တဲ့စကား ပြောကြားကြတယ်။ ဖရုသဝါစာ=လူ့သွားပမာ ကြမ်းတမ်းတဲ့ နင်ဟဲ့ငါဟဲ့ရိုင်းပြတဲ့စကား ဘယ်တော့မှ ကျုပ်တို့ ဓမ္မပါလရွာသားတွေ မပြောဘူး။ အလွန်ယဉ်ကျေးသိမ်မွေ့နူးညံ့တဲ့ စကားပဲပြောတယ်။ သမ္ဖပ္ပလာပ= အကျိုးမရတဲ့ စပါးသိမ် စပါးဖျင်းလို အနှစ်မရှိတဲ့ စပါးသိမ် စပါးဖျင်းလို အကျိုးဆိုတဲ့ အနှစ်မရတဲ့စကားသိမ် စကားဖျင်းကို ဘယ်တော့မှ မပြောဘူး။ ကျုပ်တို့ ဓမ္မပါလရွာသူရွာသား ကလေးသူငယ် လူကြီး လူငယ် လူရွယ် လူလတ် လူသုံးရပ်တို့ ဉာဏ်နဲ့ဆင်ခြင်ပြီးမှ အကျိုးရှိတဲ့ စကားပြောကြတယ်။ အဲဒီလို ဝစီသုစရိုက်လေးပါးကို လိုက်စားကျင့်ကြံကြတယ်။

အနဘိဇ္ဈာ=ဘယ်တော့မှ ကျုပ်တို့ ဓမ္မပါလရွာသားတွေ သူတပါးစည်းစိမ်ကို မတရားသဖြင့်မလိုချင်ဘူး။ အဗျာပါဒ=ကျုပ်တို့ဓမ္မပါလ-ရွာသားတွေသည် သူတဘက်သားအပေါ် မှာ ဘယ်တော့မှ မပြစ်မှားပဲ အမြဲတမ်း မေတ္တာတရားပွားနေတယ်။သမ္မာဒိဋ္ဌိ=အမြဲတမ်း ကမ္မဿက-တာ သမ္မာဒိဋ္ဌိအယူရှိကြတယ်။ မနောသုစရိုက်သုံးပါး။အဲဒီလိုသုစရိုက်ဆယ်ပါးမြတ်တရားကို ကျုပ်တို့ဓမ္မပါလ ရွာသူရွာသားတွေ ကျင့်ကြပါတယ်တဲ့။

ယန္နေ့ဗုဒ္ဓဘာသာ အခုတရားနာကြတဲ့ သူတော်စင်တွေ ဒါဘာ မျှားခဲ့ယဉ်းလိုလဲ။ သုစရိုက်ဆယ်ပါးဆိုတာ နေ့တိုင်းကြားနေရတယ်။ အဲဒီသုစရိုက်ဆယ်ပါးကို ကျင့်ကြပါတယ်တဲ့။

[န မုသာ ဘဏာမ၊ မုသားစကား မပြောကြားကြပါကုန်။ ဓမ္မ စရာမ-အရ သုစရိုက်ဆယ်ပါး၌ မုသာဝါဒဝိရတီ ပါဝင်ပြီးဖြစ်သော်လည်း မုသာဝါဒဒုစရိုက်သည် ဒုစရိုက်ခပ်သိမ်းတို့၏ အခြေခံဖြစ်သည်ကို သိစေလိုသောကြောင့် "န မုသာ ဘဏာမ" ဟုထူး၍ ဆိုသည်။]

ပါပါနိ ကမ္မာနိ၊ ယုတ်မာတဲ့မကောင်းမှု ဒုစရိုက်ဆယ်ပါးတို့ကို။ ပရိဝဇ္ဇယာမ၊ ဝေးရာကရှောင်ကြဉ်ကြပါကုန်၏။

ဒုစရိုက်မကောင်းမှုဆိုယင် ကျုပ်တို့မြမ္မပါလရွာသားတွေ အဝေးကြီးကရှောင်ကြဉ်ကြတယ်တဲ့။

သဗ္ဗံ၊ အလုံးစုံသော။ အနရိယံ၊ အရိယာသူတော်ကောင်းတို့ရဲ့ အကျင့်မဟုတ်တဲ့အလုပ်တွေကို။ ပရိဝဇ္ဇေမ၊ ရှောင်ကြဉ်ကြပါကုန်၏။ တသ္မာ ဟိ–တသ္မာ ဧဝ၊ ထိုသို့ ဒုစရိုက်ကို ရှောင်ခြင်း သုစရိုက်ကို ကျင့်သုံးခြင်းကြောင့်ပင်လျှင်။ အမှံ၊ အကျွန်ုပ်တို့၏။ ကုလေ၊ မြမ္မပါ-လခေါ်ရိုး သူတော်မျိုး၌။ ဒဟရာ၊ အသက်အရွယ် ငယ်သူတို့သည်။ န မီယရေ—န မီယန္တိ၊ မသေကြပါကုန်။

ဆရာကြီး ကျုပ်တို့မြမ္မပါလ ရွာသူရွာသားတွေဟာ ဒုစရိုက်ဆယ်ပါးကို ရှောင်ခြင်း သုစရိုက်ဆယ်ပါးကို လိုက်စားကျင့်ကြံကြခြင်းကြောင့် အသက်အရွယ်ငယ်ငယ်မှာမသေကြပဲ အသက်တမ်းပြည့်နေပြီး အလွန်ကြီးမှ သေကြပါတယ်။ ဒါ တစ်အဖြေ။ နောက်အဖြေဂါထာ တခုက—

**သူယုတ်တရားကိုရှောင် သူကောင်းတရားကျင့်**

(၂) "သုဏောမ ဓမ္မံ အသတံ သတဉ္စ၊
န စာပိ ဓမ္မံ အသတံ ရောစယာမ။
ဟိတ္ဝာ အသန္တေ န ဇဟာမ သန္တေ၊
တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ။"

အာစရိယ၊ ဒိသာပါမောက္ခ နာမတ္ခုံချီး အိုဆရာကြီး။ မယံ၊ အကျွန်ုပ်တို့ ဓမ္မပါလရွာသူရွာသား လူအများတို့သည်။ အသတံ၊ သူတော်မဟုတ် လူသူယုတ်တို့၏။ ဓမ္မဉ္စ၊ တရားကိုလည်းကောင်း။ သတံ၊ နှလုံးပျော့ပျောင်း သူတော်ကောင်းတို့၏။ ဓမ္မဉ္စ၊ တရားကိုလည်းကောင်း။ သုဏောမ၊ နာကြားကြပါကုန်၏။

ကျုပ်တို့ ဓမ္မပါလရွာသားတွေအကုန်လုံး နှလုံးကြမ်းကြုတ်တဲ့ လူသူယုတ်တွေလာပြီး တရားဟောလဲ "ခင်ဗျားတို့ လူသူယုတ်တွေ ကျုပ်တို့ရွာလာပြီး တရားမဟောရဘူး" လို့ ဘယ်တော့မှမပြောဘူး ခံပြင်းတဲ့စကား ဘယ်တော့မှမပြောဘူး။ ငြင်းခုံစကားပြော ခိုက်ရန်တွေဖြစ် အလကားဆင်းရဲဒုက္ခရောက်တယ်။ ဟောပစေ။ နှလုံးကြမ်းကြုတ်လူယုတ်တွေဟောလို့ မောယင်တော်လိမ့်မယ်။ ဘယ်တော့မှ ဆန့်ကျင်ဘက်မပြောဘူးတဲ့။ သူတို့ပြောတဲ့အခါ ဒီအတိုင်းနားထောင် နေလိုက်တယ်။

ဟာ–ဒါဖြင့် ခင်ဗျားတို့ဓမ္မပါလရွာသူ ရွာသားတွေ သူယုတ်ဟောတဲ့မတရား သူတော်ကောင်းတွေ ဟောတဲ့တရား လျှော်နှံနှစ်ဘက်နင်းလားလို့ဆိုတော့–

စာပိ၊ ထိုသို့သူတော်မသူတော် လူနှစ်ဖော်တို့ရဲ့တရား နာကြားကြကုန်သော်လည်း။ အသတံ၊နှလုံးကြမ်းကြုတ်လူသူယုတ်တို့၏။ ဓမ္မံ၊ဟောမြွက်တဲ့တရားကို။ န ရောစယာမ၊ မနှစ်သက် လက်မခံ မကျင့်ကြံကြပါကုန်။

သူတော် မသူတော် လူနှစ်ဖော်ရဲ့တရားကို နာကြားကြသော်လည်း နှလုံးကြမ်းကြုတ် လူသူယုတ်တို့ရဲ့ တရားကိုတော့ ကျုပ်တို့ လက်မခံဘူးတဲ့၊ ဘယ်တော့မှ မနှစ်သက်ပါဘူး။ ဘယ်တော့မှ မကျင့်ကြံပါဘူး ဆရာကြီး။

အသန္တေ၊ နှလုံးကြမ်းကြုတ် လူသူယုတ်တို့ကို။ ဟိတွာ၊ ဝေးရာကရှောင်ရှား စွန့်ပစ်သွားကြ၍၊ သန္တေ၊ နှလုံးပျော့ပျောင်း သူတော်ကောင်းတို့ကို။ န ဇဟာမ၊ ဘယ်သောအခါမှ မစွန့်ကြပါကုန်။

အမြဲတစေ ဆည်းကပ်ကြပါတယ်။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ ဆိုတဲ့ ဒီ အင်္ဂါနဲ့ သွားညီနေတယ်။

တသ္မာ ဟိ-တသ္မာ ဝေ၊ ထိုသို့ လူမိုက်ကို ရှောင်ကွင်း ပညာရှိကို ပေါင်းသင်းခြင်းကြောင့်ပင်လျှင်။ အမှံ၊ အကျွန်ုပ်တို့၏။ ကုလေ၊ ဓမ္မပါလခေါ် မျိုး သူတော်မျိုးဥ်။ ဒဟရာ၊ အသက်အရွယ်ငယ်သူတို့သည်။ န မီယရေ-န မီယန္တိ၊ မသေကြပါကုန်။ (ဒါ နှစ်နံ့ပါတ် ကျုပ်တို့ရွာက ကျင့်တဲ့တရား)။

လူမိုက်ကိုရှောင်ကွင်း သူတော်ကောင်းကို ပေါင်းသင်းခြင်းကြောင့် အသက်ရှည်တယ်လို့ ဆိုလိုပါတယ်။ ဒါပဲလားဆိုတော့ မကသေးပါဘူး။

"ပုဗ္ဗေဝ ဒါနာ သုမနာ ဘဝါမ၊
ဒဒမ္ပိ ဝေ အတ္တမနာ ဘဝါမ။
ဒတွာပိ ဝေ နာနုတပ္ပါမ ပစ္ဆာ၊
တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ။"

အဋ္ဌကထာ ဆရာတော်ကတော့ ဒီဂါထာဟာ ရှေ့ရောက်နေတယ်။ နောက်နားသွားဖို့ကောင်းတယ်တဲ့။ ကဲ ဒါဖြင့် အဋ္ဌကထာ ဆရာတော်ကြိုက်အတိုင်း ရှေ့ရောက်နေတဲ့ ဂါထာကို နောက်မှ ပြောကြစို့။ သူ့နောက်က ဂါထာက ရှေ့မှာနေရမယ်။

**အယုတ် အလတ် အမြတ်မရွေး ပေးလှူခြင်း**

(၃) "သမဏေ မယံ ဗြာဟ္မဏေ အဒ္ဓိကေ စ၊
ဝနိဗ္ဗကေ ယာစနကေ ဒလိဒ္ဒေ။
အန္နေန ပါနေန အဘိတပ္ပယာမ၊
တသ္မာ ဟိ အမှံ ဒဟာရာ န မီယရေ။"

အာစရိယ၊ ဒိသာပါမောက္ခ နာမတ္ထဲ့ချီး အိုဆရာကြီး။ မယံ၊ အကျွန်ုပ်တို့ ဓမ္မပါလရွာသူရွာသား လူအများတို့သည်။ သမဏေ၊ ကိလေသာ ခပ်သိမ်းကို ငြိမ်းအေးစေတတ်တဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကိုလည်းကောင်း။ ဗြာဟ္မဏေ၊ မကောင်းမှုကို အပပြုပြီးတဲ့ အရိယာ သူတော် သူမြတ်တို့ကို လည်းကောင်း။ (ဒီ နှစ်ပုဒ်ဖြင့် အမြတ်စား အလှူခံကို ပြောတယ်) အဒ္ဓိကေ စ၊ ခရီးသွား လူအများကိုလည်းကောင်း။ (ဒါ အလတ်စား၊ ကျုပ်တို့ ဓမ္မပါလ ရွာနားဖြတ်သွားတဲ့လူတွေဆို ဒီအတိုင်းကို မယွတ်လိုက်ဘူး) ဝနိဗ္ဗကေ၊ဖုန်းတောင်းတို့ကိုလည်းကောင်း။ ယာစနကေ၊ ယာစကာတို့ကိုလည်းကောင်း။ (ဝနိဗ္ဗကဆိုတာ ပုဂ္ဂိုလ်တယောက်ရဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးပြီးမှ တောင်းတဲ့ပုဂ္ဂိုလ်ကို ဖုန်းတောင်းလို့ခေါ်တယ်။ ဖုန်းဆိုတာ ရှေးဝေါ-ဟာရ ထမင်းလို့ခေါ်တယ်။ယာစကာ ဆိုတာက အသနားခံတောင်းတဲ့ လူ) ဒလိဒ္ဒေ စ၊ သူဆင်းရဲတို့ကိုလည်းကောင်း။အန္နေန၊ စားဖွယ်ဖြင့် လည်းကောင်း။ ပါနေန၊ သောက်ဖွယ်ဖြင့်လည်းကောင်း။ အဘိတပ္ပ-ယာမ၊ နှစ်သိမ့်စေရေး အလှူကြီးပေး ကျွေးကြပါကုန်၏။

ဆရာကြီး ကျုပ်တို့ ဓမ္မပါလ ရွာသူရွာသား လူအများဟာ အလှူခံပုဂ္ဂိုလ် အယုတ် အလတ် အမြတ်မရွေး ကျွန်တော်တို့ရွာသာ ရောက်လာလို့ကတော့ စားဖွယ်တွေ သောက်ဖွယ်တွေ ခဲဖွယ်တွေ အမျိုးမျိုး ပြင်ဆင်ပြီးသကာလ နှစ်သိမ့်စေရေး ကျွေးမွေးကြ ပေးလှူကြပါတယ်တဲ့။

တသ္မာ ဟိ-တသ္မာ ဧဝ၊ ထိုသို့ အယုတ်အလတ် အမြတ်အရွေး စားဖွယ် သောက်ဖွယ်ပေးခြင်းကြောင့်ပင်လျှင်။ အမှ၊အကျွန်ုပ်တို့၏၊ ကုလေ၊ ဓမ္မပါလခေါ် ရိုး သူတော်မျိုး၌။ ဒဟရာ၊ အသက်အရွယ် ငယ်သူတို့သည်။ န မီယရေ-န မီယန္တိ၊ မသေကြပါကုန်။

ဒါ သုံးခုမြောက် အသက်ရှည်ကြောင်းတရား။ အေး....ကိုယ့်မြို့ ကိုယ့်ထံ ကိုယ့်အရပ်ရောက်လာယင် အလှူခံပုဂ္ဂိုလ်ကို အယုတ်အလတ် အမြတ်မရွေး သူ့အချိန်အလိုက် နံနက်ခင်းဆိုယင် စားဖွယ်ပေးလို့၊ မွန်းလွဲဆိုယင် သောက်ဖွယ်၊ အဲဒီလို စားဖွယ် သောက်ဖွယ်ပေးခြင်း ကြောင့် ကျုပ်တို့ ဓမ္မပါလရွာသားတွေ အသက်အရွယ်ငယ်ငယ် ာယ်တော့မှုမသေဘူး။ အသက်တမ်းပြည့်နေပြီး ကြီးမှပဲ သေကြ တယ်။ ဒီတော့ အသက်ရှည်ချင်ယင် မိမိတို့ထံမှောက် ရောက်လာတဲ့ အလှူခံပုဂ္ဂိုလ်တို့ကို အယုတ်အလတ် အမြတ်မရွေး စားဖွယ် သောက်ဖွယ် ကတ်နိုင်ရာကို ပေးခြင်းသည် အသက်ရှည်ဖို့ အကြောင်း ပဲတဲ့။ ဒါ ယိုက်နာကျင့်သုံးဖို့။

ဟာ ဒီလိုကျွေးတာ မွေးတာဟာ ထိုထိုမြို့ရွာတွေလဲ ကျွေးတာပါပဲ၊ ဘယ့်နှယ်ကြောင့် ခင်ဗျားတို့ ဓမ္မပါလ ရွာသားတွေကျမှ ထူးပြီး ကောင်းကျိုးပေးနေရတုံး ရွာအုပ်ကြီး လို့ဆိုတော့ ဓမ္မပါလရွာအုပ် ကြီးက ပြောတယ်—

**စေတနာသုံးတန် ဖြစ်ရန်မလွယ်**

(၄) "ပုဗ္ဗေဝ ဒါနာ သုမနာ ဘဝါမ၊
ဒဒမ္ပိ ဝေ အတ္တမနာ ဘဝါမ။
ဒတွာပိ ဝေ နာနုတပ္ပါမ ပစ္ဆာ၊
တသ္မာ ဟိ အမှံ ဒဟာရာ န မီယရေ။"

အာစရိယ၊ ဒိသာပါမောက္ခ နာမတွဲချီး အို ဆရာကြီး။ မယံ၊ အကျွန်ုပ်တို့ ဓမ္မပါလ ရွာသူရွာသား လူအများတို့သည်။ ဒါနာ၊ ပေး လှူသည်မှ။ ပုဗ္ဗေဝ၊ ရှေးအဖို့ကပင်လျှင်။ သုမနာ စနေ့စ်သက်အားရ ဝမ်းမြောက်ကြကုန်သည်လည်း။ ဘဝါမ၊ ဖြစ်ကြပါကုန်၏။

ပုဗ္ဗစေတနာ ဖြစ်တယ်။ မလှူခင် မတန်းခင် ရှေးအဖို့ကပင် နှစ် လိုအားရ ဝမ်းမြောက်ဝမ်းသာ အလွန်ရှိတယ်။တခါတည်း ကျုပ်တို့ ဓမ္မပါလ ရွာသူရွာသားတွေ လှူတော့မယ်ဆိုယင် မလှူခင် ပျော် ပျော်ရွှင်ရွှင် နှစ်လိုအားရ ဝမ်းပန်းတသာ သိပ်ရှိတယ်။

ဒဒမ္ပိ၊ လှူစဉ်မှာလဲပဲ။ ဝေ၊ စင်စစ်။ အတ္တမနာ၊ နှစ်လိုအားရ ဝမ်းမြောက်သောစိတ် ရှိကုန်သည်။ ဘဝါမ၊ ဖြစ်ပါကုန်၏။

မုဉ္စစေတနာအခိုက်မှာလဲပဲ ဝမ်းပန်းတသာ။

ဒတွာပိ၊ ပေးလှူပြီး၍လည်း။ ပစ္ဆာ၊ နောက်အခါ၌။နာနုတပ္ပါမ၊ နောင်တ တဖန် မပူပန်ကြပါကုန်။

ပုဗ္ဗ မုဉ္စ အပရ စေတနာသုံးတန်စလုံး အကုန်လုံးအောင်မြင်တယ် ဆရာကြီး။

တသ္မာဟိ-တသ္မာ ဝေ၊ ထိုသို့ စေတနာသုံးတန်ပြဋ္ဌာန်း လှူဒါန်း ကြသောကြောင့်ပင်လျှင်။ အမှံ၊ အကျွန်ုပ်တို့၏။ ကုလေ၊ ဓမ္မပါလ

ခေါ်ရိုး သူတော်မျိုး၌။ ဒဟာရာ၊ အသက်အရွယ် ငယ်သူတို့သည်။ နမိယရေ-န မိယန္တိ၊ မသေကြပါကုန်။

စေတနာသုံးတန် ပြဋ္ဌာန်းပြီးလှူယင် အသက်ရှည်တယ်။ စီးပွား ဥစ္စာ ပေါများတဲ့အပြင်ပေါ့လေ။ အဲဒီ စေတနာသုံးတန် အောင် အောင်မြင်မြင် ဖြစ်ဖို့ မလွယ်ဘူး။

**တောရွာတခု၏အလှူ**

ဘုန်းကြီးတို့ မြင်းခြံမှာပေါ့လေ၊ ဘုန်းကြီးတို့ရွာနားမှာ ရွာတရွာ ရှိတယ်။ ဒါ သူတို့ရွာသားတွေများ ဒီအထဲပါယင်တော့ အခက်ပဲ။ အတော်မခံချင်မှာပဲ။ အဲဒီရွာက ဆရာတော်ဘုရားက အခုပျံတော်မူ သွားပါပြီ။ မရှိဘူး။ ဆရာတော်ဦးပဏ္ဍိတဲ့ ဆရာတော်က။

အင်း-တချိန်မှာ သူတို့ရွာမှာအလှူရှိတယ်။ရှင်ပြုအလှူပေါ့။တော ရွာလေ့ ထုံးတမ်းစဉ်လာအတိုင်း ပင့်သံဃာတွေ ရွာကျောင်းမှာ ညှော့ခံလို့ မွန်းလွဲ ၁-နာရီ ၂-နာရီလောက်ရောက်တော့ သံဃာထောက် ဖို့ အချိန်ရောက်လာတယ်။ သံဃာထောက်မဲ့လူက မလာပဲနဲ့ အလှူ့ အမက ငိုကြီးချက်မနဲ့ ကျောင်းထဲဝင်လာတယ်။ ဘုန်းကြီးပင့်ဖို့ အချိန်မှာ အလှူ့အမ မျက်ရည်ကျပြီးဝင်လာတယ်၊ ငိုကြီးချက်မနဲ့။ ရွာကျောင်းဘုန်းကြီးက အာဂန္တုတွေလဲရှိတယ်။ ဟဲ့ ဘာဖြစ် လာတာလဲဟ လို့ဆိုတော့ အလှူ့အမက ပြောသတဲ့။ ကိုယ်တော် တပည့် ကိုယ်တော့် ဒါယကာလုပ်တာ ကောင်းသလား ကိုယ်တော်လို့ ပြောတယ်။ ဟ ဘာဖြစ်လို့လဲ လို့ဆိုတော့ ဟော ဘယ်သူ့ အိမ်သွား ပြီးတော့ ဘယ်ရွာက သူ့ မိတ်ဆွေတွေနဲ့ သောက်နေတယ်။ အလှူ့ ဒကာက ရေစက်ချရမဲ့ အချိန်မှာပေါ့လေ။ မနက်ခင်းမှာတော့ ကျွေး လို့ မွေးလို့။ ညှော့ခံလို့။ ကျွေးမွေး ညှော့ခံလဲပြီးရော ဘိသိက်လဲပြီးရော ဟိုသွားပြီးတော့ သောက်နေတယ်။

အင်း အဲဒီတော့ ဒီအလှူ့ အမ ဘယ့်နှယ်လုပ် စိတ်ချမ်းသာမလဲ။ မုဥ္စစေတနာ ထက်ထက်သန်သန် ဘယ့်နှယ်လုပ်ဖြစ်မလဲ။ဒါ တွေးကြည့်ဖို့။ အဲဒီတော့မှ ကျောင်းဘုန်းကြီးက ဘယ့်နှယ်ပြောလဲ—

ဟေ့ သွား ဒီအကောင် မလာချင်နေပစေ၊ ကြေးစည်ရိုက်၊ ငါ ဘုန်းကြီးတွေပင့်ခဲ့မယ်လို့ အလှူ အမကို ပြောလိုက်တယ်။နားထောင်ရတယ် အလှူ့အမက။သူ့ဘုန်းကြီးကို သူ့ရွာကလူက ကြောက်ရတယ်။ အဲဒီတော့ ကြေးစည်မရိုက်ချင်ပေမဲ့ ရိုက်ရတယ်။

ကျောင်းဘုန်းကြီးက ပင့်သံဃာတွေပင့် အလှူမကျွေပ်ထဲ သံဃာတွေ သံဃာစင်ပေါ်မှာ တန်းမိပြီး သီလပေးမလို့ လုပ်ကာရှိသေးတယ်။ဟိုလူက မူးမူးရူးရူးနဲ့ ဝင်လာတယ်။ဒယိမ်းဒယိုင် ယိုင်တဲ့အသံနဲ့ ဘုန်းကြီးဦးပဏ္ဍိလို့ ခေါ်လိုက်တယ်။ အင်း ဘုန်းကြီးဦးပဏ္ဍိက ရှက်သပ။ ဟုတ်လား ရှက်တော့ ဘာမပြောနဲ့ သံဃာတန်းထဲကထပြီး ဘုန်းကြီးဦးပဏ္ဍိက ဘယ့်နှယ်ပြောလဲ ဟဲ့ ဘာ မသား ညာ မသား ပေါ့လေ၊ ခပ်ရိုင်းရိုင်း ခပ်ကြမ်းကြမ်းခေါ်ပြီးတော့ မင်း အခုချက်ချင်း ဒီအိမ်ဝင်းထဲက ထွက်သွား။ ဟောဒီက ကျောင်းဘုန်းကြီးက နေပြီးတော့ အိမ့်ရှင်အလှူဒါယကာကို ဒီအိမ်ထဲက ထွက်သွားလို့ ငေါက်ထုတ်တယ်။ဟိုလူကလဲပဲကျောင်းဘုန်းကြီးကြောက်တော့ ထွက်သွားတယ်။

အဲဒီလူ ထွက်သွားတော့မှ ကဲ သီလယူကြ ရေစက်ချဟန့် အလှူ့အမတင် ချရတယ်။ ကဲ ဘယ့်နှယ်နေပါ့။ အလှူ့အမမှာ ရေစက်မှ ဒီလို ရေစက်ချပြီး လှူလိုက်ရတဲ့အလှူဟာ ဘယ်လို လုပ်ပြီးတော့ လှူစဉ်ခဏ မုဥ္စစေတနာ ဝမ်းပန်းတသာ ဘယ်ရှိတော့မလဲ။ အင်း တော်တော်ကြာ အလှူပြီးလို့ရှိယင် အခိုက်ခံရအုံးမယ်။ ဟုတ်လား အင်း ဟိုလူက လာရိုက်အုံးမှာ။

အပရစေတနာကော ဘယ့်နှယ်လုပ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်မလဲ။ ကုန်တဲ့ပိုက်ဆံကလေးတွေ ပုဗ္ဗစေတနာတောင်မှ အောင် အောင်မြင်မြင်ဖြစ်ဖို့ မလွယ်ဘူးတဲ့။

အခု ဓမ္မပါလရွာသားတွေ ပုဗ္ဗစေတနာ မုဉ္စစေတနာ အပရစေတနာ စေတနာသုံးတန်ပြဋ္ဌာန်းပြီးတော့ ဝမ်းပန်းတသာနဲ့ကျုပ်တို့ဓမ္မပါလ ရွာက လူတွေက လှူတာတဲ့။ ဒါကြောင့် ကျုပ်တို့ ဓမ္မပါလရွာမှာ အသက်အရွယ်ငယ်တဲ့လူတွေ မသေဘူး။အသက်တမ်းစေ့နေပြီး အသက် ကြီးမှ သစ်သီးမှည့်ကြီး အသာကလေး ကြွေသလို ကြွေတာ၊ ဟိုဘက် ဒီဘက် လှည့်ရုံကလေးနဲ့ အသက်ပျောက်သွားတာ။

**ကာမတရား မလိုက်စားခြင်း**

ကုန်ပလားဆိုတော့ မကုန်သေးဘူးဆရာကြီး၊ ဒါနဘက်က ပြီး သွားပြီ၊ အိမ်တွင်းရေးပြောကြဦးစို့ –

(၅) မယဉ္စ ဘရိယံ နာတိက္ကမာမ။
အမှေ့ စ ဘရိယာ နာတိက္ကမန္တိ။
အညတြ တာဟိ ဗြဟ္မစရိယံ စရာမ၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယရေ။

အာစရိယ၊ ဒိသာပါမောက္ခ နာမဘွဲ့ချီး အိုဆရာကြီး။ **မယဉ္စ၊** ကျွန်ုပ်တို့ ဓမ္မပါလရွာသား အိမ်ရှင်ယောကျ်ားများကလည်း၊ ဘရိယံ၊ အိမ်ရှင်မများကို။ နာတိက္ကမာမ၊ လွန်ကျူး၍ အခြားတပါး မိန်းမ သားဘို့၌ စိတ်အားဖြင့်မျှ မသွားကြပါကုန်။ ဘရိယာ စ၊ အိမ်ရှင်မ တို့ကလည်း၊ အမှေ၊အကျွန်ုပ်တို့ အိမ်ရှင်ယောကျ်ားတို့ကို။ နာတိက္ကမန္တိ၊

အခြားတပါးသော ယောကျ်ားတို့ကို စိတ်ဖြင့်မျှ လွန်ကျူး၍မသွား ကြပါကုန်။ တာဟိ၊ထိုအိမ့်ရှင်မ ကောင်းတို့ကို။ အညတြ၊ ကြဉ်ထား၍။ အညာသု၊ အခြားတပါးသော မိန်းမတို့အပေါ်၌။ မယံ၊ အကျွန်ုပ်တို့ ဓမ္မပါလရွာသား အိမ်ရှင်ယောကျ်ားများသည်။ ဗြဟ္မစရိယံ၊ အဗြဟ္မစရိယမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ မြတ်သောအကျင့်ကို။ စရာမ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါကုန်၏။

ကျုပ်တို့ ဓမ္မပါလရွာသားတွေဟာ အိမ်ရှင်ယောကျ်ားများကလဲပဲ အိမ်ရှင်မတို့ကို ကျူးကျော် အခြားတပါးသော ဝတ္ထုကာမတွေရဲ့ အပေါ်မှာ စိတ်ဖြင့်မျှသော်မှ မကွက်ဘူး-ဆရာကြီး။ ကာယကံ ဝစီကံ လွန်ကျူးဖို့ထား စိတ်ဖြင့်မျှ မကွက်ဘူး။ ဒါတင်ပဲလား မဟုတ်ဘူး။ အိမ်ရှင်မကောင်း အမျိုးသမီး ကောင်းများကလဲပဲ ကျုပ်တို့ အိမ်ရှင် ယောကျ်ားတွေကို ကျူးကျော်ပြီး အခြားတပါးသော ယောကျ်ားရဲ့ အပေါ်မှာ စိတ်ဖြင့်မျှ မကွက်ဘူးတဲ့။ အေး-ကိုယ်ဖြင့်နှုတ်ဖြင့် ကျူး ကျော်ဖို့ထား၊ စိတ်အားနဲ့မှ မကွက်ကြဘူး။

တသ္မာ ဟိ-တသ္မာ ဝေ၊ ထိုသို့အိမ့်ရှင်ယောကျ်ား အိမ့်ရှင်မများ နှစ်ဘက်သားတို့ ကာမေသုမိစ္ဆာစာရ ဒုစရိုက်ကြီးမှ ရှောင်ကြဉ်ကြ ခြင်းဟူသော အကြောင်းကြောင့်ပင်လျှင်။ အမှံ၊ အကျွန်ုပ်တို့၏။ ကုလေ၊ ဓမ္မပါလခေါ်ရိုး သူဇာတ်မျိုး၌။ ဒဟာရာ၊ အသက်အရွယ်ငယ်သူ တို့သည်။ န မီယရေ-န မီယန္တိ၊ မသေကြပါကုန်။

အေး-အရပ်စကား ပြောမယ်ဆိုယင် အရှင်သခင် တဦး အိမ့်ရှင် ဇနီးတဦး တလင်တမယားဆိုတဲ့ ဒီမူနဲ့ ကျုပ်တို့ဓမ္မပါလ ရွာသူရွာ

သားတွေ နေကြတယ်။ အဲဒါကြောင့် ကျုပ်တို့မြဲပါလရွာက လူတွေ ကလေးတွေ ဘယ်တော့မှမသေဘူး၊ ဆရာကြီးတဲ့။

ဒါတင်ပဲလား ရွာအုပ်ကြီးဆိုတော့-

## ငါးပါးသီလ လုံခြုံခြင်း

(၆) ပါဏာတိပါတာ ဝိရမာမ **သဗ္ဗေ၊**
**လောကေ** အဒိန္နံ ပရိဝဇ္ဇယာမ။
အမဇ္ဇပါ **နော**ပိ မုသာ ဘဏာမ၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယရေ။

အာစရိယ၊ ဒိသာပါမောက္ခ နာမတ္ထဲဦး အို ဆရာကြီး။ **သဗ္ဗေ၊** ခပ်သိမ်းဥဿုံ အလုံးစုံသော အကျွန်ုပ်တို့ မြဲပါလ ရွာသူ ရွာသား လူအများတို့သည်။ ပါဏာတိပါတာ၊ သူ့ အသက်သတ်ခြင်းမှ။ ဝိရမာမ၊ ဝေးစွာရှောင်ကြဉ်ကြပါကုန်၏။

ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ-ဆိုတာနဲ့ ကိုက်တယ်။

လောကေ၊ လောက၌။ အဒိန္နံ၊ အရှင်မပေးတဲ့သူ့ ဥစ္စာကို။ပရိဝဇ္ဇ-ယာမ၊ ပေးရာက ရှောင်ရှားပါကုန်၏။

အရှင်မပေးတဲ့ သူ့ ဥစ္စာဆိုယင် မီးခဲပမာ အဆိပ်ထန်တဲ့ မြွေ အလား ဝေးရာက ရှောင်ရှားတယ်။ မီးခဲ နင်းဟဲ့ဆို မနင်းဝံ့ဘူး။ အေး-အဆိပ်ထန်တဲ့ မြွေကို သွားကိုင်ဟဲ့ဆို မကိုင်ဝံ့ဘူး။ အေး မီးခဲ ပမာ အဆိပ်ထန်တဲ့ မြွေ လား သူ့ ဥစ္စာကို ဆိုယင် ကျုပ်တို့ မြဲပါလ ရွာသားတွေ အဝေးကရှောင်ရှားကြတယ်။

အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ-ဒါနဲ့ကိုက်တယ်။

**အမဇ္ဇပါ၊ တယောက်မှ သေရည်အရက်ကို** မသောက်ကြပါကုန်။ (အဲဒါ-သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ **ဝေရဏီသိက္ခာပဒံ သမာဒိယာမိ-**ဒီသိက္ခာပုဒ်တည်နေတယ်)

နော ပိ မုသာ ဘဏာမ၊ မမှန်စကား မုသားစကား ဘယ်သူ တယောက်မှ မပြောကြားကြပါကုန်။(မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ- ဒါနဲ့ သွားကိုက်တယ်။)

အလျှင်ဂါထာက ကာမေသု မိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်း ပြောခဲ့တယ်။ အားလုံးငုံလိုက်လို့ရှိယင်-

တသ္မာ ဟိ တသ္မာ ဝေ၊ ထိုသို့ ငါးပါးသီလ လုံခြုံကြသောကြောင့် ပင်လျှင်။ အမှံ၊ **အကျွန်ုပ်တို့၏။** ကုလေ၊ မမ္ပပါလခေါ် ရိုးသူတော်မျိုး၌။ ဒဟရာ၊ **အသက်အရွယ်ငယ်သူတို့သည်။** န မီယရေ- န **မီယန္တိ၊** မသေကြပါကုန်။

ကျုပ်တို့ မမ္ပပါလ ရွာသူ ရွာသားတွေ ငါးပါးသီလ အမြဲတမ်း လုံခြုံကြသောကြောင့် ဘယ်တော့မှ ကလေးတွေ မသေဘူး၊ အသက်ကြီးမှ သေကြတယ်။ ထားပါတော့ ဆရာကြီး လူကြီးတွေ ကိုယ်ကျင့်တရားကောင်းယင်။ဒါပေမဲ့ကလေးတွေဆိုတာမလုပ်သင့်တာလုပ်တယ်။ မပြောသင့်တာတွေပြော၊ မစားသင့်တာစား၊ ကလေးတွေ သေသင့်တယ်။ အဲ-လူကြီးတွေကထားပါတော့။ကလေးတွေဆိုတာ တခါတလေ ဆော့ချင်ယင်သစ်ပင်ပေါ် တက်ဆော့-လိမ့်ကျ-သေတတ်တယ်။ ရေကန်ထဲ မတတ်ဟတတ်နဲ့ကူး-ရေနစ်သေတတ်တယ်။ အဲဒီတော့ ခင်ဗျားတို့ မမ္ပပါလရွာက ကလေးတွေ မသေကာ ဒီအကြောင်းတွေများ မရှိဘူးလား။ ဒီလိုမေးတယ်။ ဒီတော့ ရွာအုပ်ကြီးကပြောတယ်—

## ဓမ္မပါလရွာမှ လူငယ်များ၏ ပင်ကိုအသိဉာဏ်

(၇) တေသု ဝေ ဇာယရေ သုတ္တမာသု၊
မေဓာဝိနော ဟောန္တိ ပဟူတပညာ။
ဗဟုဿုတာ ဝေဒဂုနော စ ဟောန္တိ၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယရေ။

အာစရိယ၊ ဒီသာပါမောက္ခ နာမတ္ထဲချိး အို ဆရာကြီး။ ဝေ၊စင်စစ်။ သုတ္တမာသု၊ အလွန်မြင့်မြတ်ကုန်သော။ တေသု၊ ထိုမိန်းမ ကောင်း မိန်းမမြတ်တို့၌။ ယေ ပုတ္တာ၊ အကြင်သားသမီးတို့သည်။ ဇာယရေ၊ ဖြစ်ပွားရှိလာကြကုန်၏။ တေ၊ ထိုအလွန်မြတ်တဲ့ အမိ မြတ်တို့မှ မွေးဖွားလာကြတဲ့ သားသမီးတို့သည်။ မေဓာဝိနော၊ စူးရှ သော ပညာရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဟူတပညာ၊ အကြောင်းအကျိုး ဝေဖန်စွမ်းနိုင်သော ဉာဏ်ပညာ ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ပါကုန်၏။

အဲဒီလို မိခင်အမြတ်တွေက မွေးလာတဲ့ သားတွေဆိုတော့ မသင် ရဘူးဗျာ။ သူ့ဟာကိုယ်က ပင်ကိုဉာဏ်ထက်တယ်။ မေဓာဝီ=ထိုးထိုး ဖောက်ဖောက် ထိုးထိုး ထွင်းထွင်း ကျုပ်တို့ရွာက ကလေးတွေအရွယ် နဲ့ မလိုက်သိတတ်ပေါ့။ ဟောဒါလုပ်ယင် အပြစ်ဖြစ်တယ်၊ ဒါလုပ်ယင် အကျိုးဖြစ်တယ်။ ဒီလို သိစွမ်းနိုင်တဲ့ ဉာဏ်တွေရှိကြတယ်။

ဗဟုဿုတာ၊ များသောကြားအမြင်ရှိကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အကြားအမြင်များမှာပေါ့၊ ကျုပ်တို့ ဓမ္မပါလရွာက ကလေး တွေဟာ ကစားမခင်ဘူး။ လူကြီးသူမတွေ တရားစကားပြောယင် ဘေးနားကနားထောင်နေတယ်။ အဲဒီလို တရားစကားပြောတဲ့အခါ

မှာ ဘေးကနားကြားနေတော့ ကျုပ်တို့ ဓမ္မပါလရွာက ကလေးတွေ သည် အကြားအမြင် များကြတယ်။

ဝေဒဂုနော၊ အသိဉာဏ် အထွတ်အထိပ်သို့ ရောက်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ကျုပ်တို့ ကလေးတွေက ကလေးတွေနဲ့မလိုက် အသိဉာဏ် အလွန် သန်ကြတယ်ဆရာကြီး။ ဒီလို အသိဉာဏ်သန်တော့ ကလေးတွေကလဲပဲ ဟောဒီလမ်းသွားဖို့မတော်ဘူး သိတယ်၊ မသွားဘူး။ ဒီအစား စားလို့ မတော်ဘူး သူတို့ဘာသာ သူတို့ကိုယ်ကဖောက်ထွင်းစူးရှတဲ့ ဉာဏ်ပညာ နဲ့ သိနေကြတယ်။အဲဒီတော့ သူတို့က ရှောင်စရာတွေကို သိကြတယ်။ ရေကန်ထဲမဆော့ဘူး။ ဆော့ယင်ရေနစ်သေတတ်တယ်-သိတယ်။ရေနစ် သေတဲ့အမှုမဖြစ်ဘူး။ သစ်ပင်ပေါ်မတက်ဘူး။ သစ်ပင်ပေါ်ကလိမ့်ကျ သေတာ ဘယ်ရှိဟော့မလဲ။ အဲဒီလို အသိဉာဏ်ကြွယ်ကြလို့။ ကလေး တွေအသိဉာဏ်ကြွယ်တာဘာဖြစ်လို့-မိခင်တွေကိုယ်ကမိန်းမမြတ်တွေက မြေကောင်းကြီးတွေ၊အဲဒီလို မိန်းမမြတ် မိခင်ဆိုတဲ့ မြေကောင်းတွေက ပေါက်လာတဲ့ သားသမီးတွေဆိုတော့ အသိဉာဏ် ရင့်သန်ကြတယ်။

တသ္မာ ဟိ·တသ္မာ ဝေ၊ ထိုသို့ ကလေးသူငယ် လူမမယ်တို့ ကိုယ်တိုင် က အမိမြတ် အမိမွန်တို့ရဲ့သားပီပီ ဉာဏ်ပညာ ပွားစည်ကြသော ကြောင့်ပင်လျှင်။ အမှ၊ အကျုန်ုပ်တို့၏။ ကုလေ၊ ဓမ္မပါလခေါ်ရိုး သူတော်မျိုး၌။ ဒဟရာ၊ အသက်အရွယ် ငယ်သူတို့သည်။ န မီယရေ- န မီယန္တိ၊ မသေကြပါကုန်။

ဒါ ပစ္စုပ္ပန် လောလောဆယ်အကျင့်ပြောတာ။ ကုန်ပလား၊မကုန် သေးဘူး။ ဘာ့ကြောင့် အသက်တမ်းပြည့်နေရတုံး—

## ဓမ္မပါလမိသားစုတိုင်း အပါယ်ဘေး ကြောက်သွေးဝင်

(ဂ) မာတာ ပိတာ စ ဘဂိနီ ဘာတရော စ၊
ပုတ္တာ စ ဒါရာ စ မယံ စ သဗ္ဗေ။
ဓမ္မံ စရာမ ပရလောကဟေတု၊
တသ္မာ ဟိ အမှံ ဒဟရာ န မိယျရေ။

အာစရိယ၊ ဒိသာပါမောက္ခ နာမတ္ထဲချီး အို ဆရာကြီး။ မာတာ စ၊ အိမ်တိုင်းအိမ်တိုင်းမှာရှိကြတဲ့ မိခင်တို့သည်လည်းကောင်း။ ပိတာ စ၊ အိမ်ကိုင်းအိမ်တိုင်းမှာရှိကြတဲ့ ဖခင်တို့သည်လည်းကောင်း။ ဘဂိနီ စ၊ အစ်မ နှမသည်လည်းကောင်း။ဘာတရော စ၊ ညီအစ်ကိုတို့သည်လည်းကောင်း။ ပုတ္တာ စ၊သားသမီးတို့သည်လည်းကောင်း။ ဒါရာ စ၊ဇနီးတို့သည်လည်းကောင်း။ မယံ စ၊ ကျွန်ုပ်တို့အိမ်ရှင်ယောကျ်ားတို့သည်လည်းကောင်း။

အိမ်ထဲမှာရှိကြတဲ့ မိသားစုကို ဖော်လိုက်တယ်၊ ဆရာကြီး ကျုပ်တို့ရွာမှာ အိမ်တိုင်းအိမ်တိုင်း အမေရှိတယ်၊ အဖေရှိတယ်၊ အကြီးအကဲတွေ။ မောင်-ညီအမ ရှိတယ်၊နှမ ရှိကြတယ်၊ ညီရှိတယ်၊ စ်ကိုရှိတယ်၊ မောင်ရှိတယ်၊ သားရှိကြတယ်၊ သမီးရှိကြတယ်၊ ဇနီးရှိကြတယ်။ ကျွန်တော်တို့ အိမ်ရှင်ယောကျ်ားများ ရှိကြတယ်။ ဒီလို မိသားစုတွေ စုနေကြတယ်။

သဗ္ဗေ၊ အလုံးစုံသော ကျုပ်တို့မိသားစုတို့သည်။ ပရလောက-ဟေတု၊ တမလွန်လောက ဟိုဘဝဝယ် အပါယဘေး ကြောက်သွေးမွှန်ခြင်းဟူသော အကြောင်းကြောင့်။ ဓမ္မံ၊ သုစရိုက်ဆယ်ပါး ပုည-ကိရိယဆယ်ပါး ကောင်းမှု တရားကို၊ စရာမ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါကုန်၏။ တသ္မာဟိ-တသ္မာ ဝေ၊ ထိုသို့ တမလွန်လောက

အပါယ်ဘေး ကြောက်သွေးမွန်ကြတဲ့အတွက် သုစရိုက်ဆယ်ပါး ပုညကိရိယဆယ်ပါး တရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းကြောင့် ပင်သျှင်။ အမှုံ၊ အကျွန်ုပ်တို့၏။ ကုလေ၊ဓမ္မပါလခေါ် ရှိး သူတော်မျိုး၌။ ဒဟာရာ၊ အသက်အရွယ်ငယ်သူတို့သည်။ န မီယရေ-န မီယန္တိ၊မသေကြပါကုန်။

ဆရာကြီး....ကျုပ်တို့ ဓမ္မပါလရွာသားတွေ အိမ်တိုင်းအိမ်တိုင်း အမေအိုရှိကြတယ်၊အဖေအိုရှိကြတယ်၊အစ်မ ညီမ ရှိကြတယ်၊ ညီရယ် အစ်ကိုရယ်လို့ရှိကြတယ်၊ သားရယ် သမီးရယ်လို့ ရှိကြတယ်၊ဇနီးရယ်လို့ ရှိကြတယ်၊ အိမ်ရှင်ယောကျ်ားရယ်လို့ ရှိကြတယ်။ အားလုံး အိမ်ထောင်စု မိသားတစုဟာ တမလွန်လောက ဟိုဘဝရောက်ယင်ဖြင့် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်ဘုံများ ရောက်သွားယင် တို့တတွေ ဆင်းရဲမှာပဲ၊ အပါယ်ဘေး ကြောက်သွေးမွန်ကြတယ်။ ကြောက်သွေးဝင်ကြတယ်။

အဲဒီလို ဝင်ကြခြင်းကြောင့် တမလွန်လောက အပါယ်ဘေး ကင်းဝေးအောင် ဟဲ့ ဆိုပြီး ကျုပ်တို့ ဓမ္မပါလ ရွာသူ ရွာသားတွေ အိမ်တိုင်း အိမ်တိုင်း သုစရိုက် ဆယ်ပါး စောစောက ပြောတဲ့ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း အစရှိတဲ့ ကာယသုစရိုက် သုံးပါး ဝစီသုစရိုက်လေးပါး မနောသုစရိုက်သုံးပါး — ဤ သုစရိုက် ဆယ်ပါးနဲ့ တကွ ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ—

(၁) တတ်နိုင်သလောက် လှူဒါန်းတယ်-ဒါန၊

(၂) နေ့စဉ် နေ့စဉ် ငါးပါးသီလ စောင့်ထိန်းကြတယ်-သီလ၊

(၃) ဘာဝနာတဲ့၊ သင်္ခါရတရားတွေ့ရဲ့ မမြဲတဲ့အနိစ္စသဘော ကျုပ်တို့ ရွာသူရွာသားတွေ ပွားတယ်၊ အနတ္တထိအောင်သာ သာသနာပြင်ပမှာ မပွားနိုင်တာ။

(၄) အပစာယန—လူကြီးသူမတွေကို အမြဲတစေ ရိုသေတယ်၊

(၅) ဝေယျာဝစ္စ—ထိုထိုအမှုကိစ္စတို့ကို တညီတညွတ်တည်း လုံ့လကြိုးကုတ် အားထုတ်ကူညီကြတယ်၊

(၆) ပတ္တိဒါန—မိမိကောင်းမှုကုသိုလ်ရဲ့ အဖို့အစုကို အမျှပေးဝေကြတယ်၊

(၇) ပတ္တာနုမောဒန—သူတပါးပေးလိုက်တဲ့ ကုသိုလ်ကောင်းမှုအဖို့အစုကို သာဓုအနုမောဒနာ ခေါ်ကြတယ်၊

(၈) ဓမ္မဿဝန—တရားနာကြတယ်၊

(၉) ဓမ္မဒေသနာ—ကိုယ်တတ်သလောက် မှတ်သလောက် သူတပါးအား ဟောပြတယ်၊

(၁၀) ဒိဋ္ဌုဇုကမ္မ—ဘယ်သောအခါမှ ကျုပ်တို့ ဓမ္မပါလရွာသားတွေ နတ္ထိကဒိဋ္ဌိကြီးမျိုး, အဟေတုကဒိဋ္ဌိကြီးမျိုး, အကိရိယဒိဋ္ဌိမျိုး ဘယ်တော့မှ မရောက်ဘူးမယူဘူး။

သာသနာပြင်ပဖြစ်လို့ ကမ္မဿကတာသမ္မာဒိဋ္ဌိ ကုသိုလ်ကံမှတို့အလုပ်၊ ကုသိုလ်ကံမှ တို့အပေါ်မှာ မိတ်ဆွေကျင့် ကျင့်တာလို့ သိတယ်။ အဲဒီလိုသိတဲ့ ကမ္မဿကတ သမ္မာဒိဋ္ဌိ။ အဲဒီ ပညာကိုရဲ့ယာ ဆယ်ပါးကို အားထုတ်ကြတယ်။ အဲဒီလို အားထုတ်တဲ့အတွက် ကျုပ်တို့ ဓမ္မပါလ ရွာသူရွာသားတွေဟာ အသက်အရွယ် ငယ်ငယ်နဲ့ဘယ်တော့မှ မသေဘူး။ အသက်တမ်း ပြည့်နေပြီး အနှစ်တထောင်စေ့ပြီး အသက်

ကြီးမှ သစ်သီးမှည့်ကြီးတွေ အသာကလေး ကြွေသလို ဟိုဘက်ဒီဘက် လှည့်လိုက်ရုံနဲ့ အသက်ပျောက်သွားကြတယ်။ **သေမှန်းတောင် မသိလိုက်ရဘူး။**

## ဆင်းရဲသူ ကျေးကျွန်တို့လည်း သုစရိုက်ကျင့်ခြင်း

ရွာအုပ်ကြီး ထားပါတော့ ရွာအုပ်ကြီးတို့ မိသားစုတွေကတော့ ချမ်းသာတဲ့ လူတွေမို့ လို ဒါတွေ လုပ်နိုင်တယ်ထားပါ။ အောက်လက်က ဆင်းရဲတဲ့လူတွေကျတော့ ဘယ့်နှယ်လဲ—

(၉) ဒါသာ စ ဒါသျော အနုဇီဝိနော စ၊
ပရိစာရကာ ကမ္မကရာ စ သဗ္ဗေ။
ဓမ္မံ စရန္တိ ပရလောကဟေတု၊
တသ္မာ ဟိ အမှံ ဒဟရာ န မီယရေ။

အာစရိယ၊ ဒိသာပါမောက္ခ နာမဘွဲ့ချီး အိုဆရာကြီး။ အမှံ၊ အကျွန်ုပ်တို့၏။ ကုလေ၊ ဓမ္မပါလခေါ်ရိုး သူတော်မျိုး၌။ ဒါသာ စ၊ အိမ်တိုင်းအိမ်တိုင်းမှာရှိကြတဲ့ ကျွန်ယောကျ်ားတို့သည်လည်းကောင်း။ ဒါသျော၊ ကျွန်မိန်းမတို့သည်လည်းကောင်း။ အနုဇီဝိနော၊ မှီခိုကပ်ရပ်အသက်မွေးနေကြတဲ့ အထီးကျန် ကပ်ပါး ဆင်းရဲသားတို့သည်လည်းကောင်း။ ပရိစာရကာ၊ အပြုအစုအလုပ်အကျွေးတို့သည်လည်းကောင်း။ ကမ္မကရာ စ၊ အလုပ်သမားတို့သည်လည်းကောင်း။ သဗ္ဗေ၊ အောက်လက်ငယ်သား ခပ်သိမ်းသော လူအများတို့သည်။

သူတို့လဲပဲ ကျုပ်တို့ကရှေ့ကနေပြီး တမလွန်လောက ဟိုဘဝမှာ အပယ်ဘေးကြောက်သလို ကျုပ်တို့အတုယူပြီး သူတို့လဲ ကြောက်ရှာကြတယ်။ အဲဒီလို သူတို့လဲကြောက်တော့ ကျုပ်တို့ကို **အတုယူပြီး**

တော့ တတ်နိုင်သလောက် သုစရိုက်ဆယ်ပါး ပွားများကြ ပုညကိရိယာ ဆယ်ပါး အားထုတ်ကြတယ်။

တေပိ၊ ထိုအောက်လက်ငယ်သား လူအများတို့လဲပဲ။ ပရလောက ဟောတု၊ တမလွန်လောက ဟိုဘဝဝယ် အပါယဘေး ကြောက်သွေးဝင် ခြင်းဟူသော အကြောင်းကြောင့်။ ဓမ္မံ၊ သုစရိုက်ဆယ်ပါး ပုညကိရိယ ဆယ်ပါး တရားအလုပ်ကို။ စရန္တိ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါ၏။ တသ္မာဟိ-တသ္မာဧဝ၊ ထိုသို့ တမလွန် လောကဘေး ကြောက်သွေး ဝင်ခြင်းကြောင့် သုစရိုက်ဆယ်ပါး ပုညကိရိယာဆယ်ပါး ပွားများ ကြိုးကုတ် အားထုတ်ခြင်းဟူသော အကြောင်းကြောင့်ပင်လျှင်။ အမှံ၊ အကျွန်ုပ်တို့၏။ ကုလေ၊ ဓမ္မပါလခေါ်ရှိး သူတော်မျိုး၌။ ဒဟရာ၊ အသက်အရွယ် ငယ်သူတို့သည်။ န မိယရေ-န မိယန္တိ၊ မသေကြပါ။

ကျင့်ကြံကြတဲ့အလုပ် ကိုးဂါထာပြီးသွားပြီ။ ဘာများခက်လို့လဲ။ သတိပြုပြီး ကျင့်ဖို့ ဘာမှမခက်ဘူး။ ငါးပါးသီလမှာက တို့ကရှစ်ပါး တောင် စောင့်ထိန်းတယ်။ ငါးပါးသီလ ဘာခက်လဲ။ ပုညကိရိယာ ဆယ်ပါး တို့ကျင့်ဖို့ ဘာခက်သလဲ။

ဟိုတုန်းက ပြောလို့သာ ပြောရတယ် ဘုရားပွင့်တဲ့အခါ မဟုတ် ဘူး။ ဟောဒါက ဒါန- ဒါက သီလ- ဘာဝနာ- အပစာယန- စသည် ဒါတွေ ပုညကိရိယာ ဝတ္ထုဆယ်ပါး ခေါ်တယ်လို့ စီလျက် တန်းလျက် ပြောပေးမဲ့လူ ဘယ်သူမှမရှိဘူး။ အဆင်သင့်သလို ကျင့်ကြတယ်။ သုစရိုက်ဆယ်ပါးလဲပဲ အဲဒီတုန်းက အဲဒါ ကာယသုစရိုက်သုံးပါး ဝစီ သုစရိုက် လေးပါး မနောသုစရိုက် သုံးပါး စီကာ ပတ်ကုံး ပြောပေးမဲ့ လူ မရှိဘူး။ ဒီအမှု ဒီအမှုကဖြင့် ကောင်းတာပဲ။ အဲဒီလိုမှန်းပြီးတော့ ကျင့်ကြတယ်။ အကျင့်အကြံက ကုန်ပါပြီတဲ့—

## ဓမ္မစာရိဂုဏာဝဏ္ဏနာ ၂-ဂါထာ

ဓမ္မစာရီ-တရားကို ကျင့်ကြံတဲ့ ပုဂ္ဂိုလ်တို့ ရဲ့ ရရှိအပ်တဲ့ ဂုဏ်ကျေးဇူးကို ပြတဲ့ ဓမ္မစာရီ ဂုဏာဝဏ္ဏနာ- နှစ်ဂါထာ—

**တရားကျင့်သူအား တရားကစောင့်ရှောက်**

(၁) "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊
ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။
ဧသာနိသံသော ဓမ္မေ သုစိဏ္ဏေ၊
န ဒုဂ္ဂတိံ ဂစ္ဆတိ ဓမ္မစာရီ။"

ဓမ္မော၊ သုစရိုက်ဆယ်ပါး ကောင်းမြတ်တဲ့တရားသည်။ ဟဝေ၊ စင်စစ်ကေန် အမှန်ပင်။ ဓမ္မစာရိံ၊ တရားကျင့်ကြံတဲ့ ပုဂ္ဂိုလ်ကို။ ရက္ခတိ၊ ဘေးမရောက်အောင် စောင့်ရှောက် ကာကွယ်ပါပေ၏။

ကိုယ်ကသာ တရားကျင့်လို့ရှိယင် အဲဒီတရားကျင့်တဲ့ ပုဂ္ဂိုလ်ကို သူကျင့်တဲ့တရားက ဘေးမရောက်အောင် စောင့်ရှောက် ကာကွယ်တယ်။

သုစိဏ္ဏော၊ နေ့ရှည်ရက်ဆက် ကောင်းစွာလေ့ကျက်အပ်သော။ ဓမ္မော၊သုစရိုက်ဆယ်ပါး ကောင်းမှုတရားသည်။သုခံ၊လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို။ အာဝဟတိ၊ ရောက်အောင်ပို့ဆောင်နိုင်ပေ၏။

အေး....တခါတလေအမှတ်ရတဲ့အခါမှ ပြုတယ်မလုပ်နဲ့၊ အာစိဏ္ဏကံရအောင် မပြတ်မပြတ်လေ့ကျက်ပေး။ အဲဒါ အနည်းအများ ကိုယ်တတ်နိုင်သလို သုစရိုက်ဆယ်ပါးကောင်းမှုတရားကို ကိုယ်တတ်နိုင်သလောက် မပြတ်မပြတ် လုပ်ပေး။ သုစိဏ္ဏ-နေ့ရှည်ရက်ဆက် လေ့ကျက်အပ်သော သုစရိုက်ဆယ်ပါးကောင်းမှုတရားသည် လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာရောက်အောင် ပို့ဆောင်တတ်တယ်။

ဓမ္မစာရီ၊ သုစရိုက်ဆယ်ပါး လိုက်စားကျင့်ကြံတဲ့သူသည်။ ဒုဂ္ဂတိံ၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်ဘုမ္မိ ဒုဂ္ဂတိသို့။ န ဂစ္ဆတိ၊ မလားမရောက်ရ။ သော၊ ဤသို့ အပါယဘေးကင်းဝေးလွတ်မြောက်ရခြင်းသည်။ သုစိဏ္ဏော-သုစိဏ္ဏသ၊ ကောင်းစွာ လေ့ကျက်အပ်သော။ ဓမ္မ-ဓမ္မဿ၊ သုစရိုက်ဆယ်ပါး ကောင်းမြတ်တဲ့တရား၏။ အာနိသံ-သော၊ အကျိုးဆက်ပါတည်း။

## ထီးဆောင်းသူအား ထီးကစောင့်ရှောက်ဥပမာ

အပါယ်လေးပါးလွတ်တယ်ဆရာကြီး၊အပါယ်ဘေး ကင်းဝေးခြင်းသည် နေ့စဉ်ရက်ဆက် လေ့ကျက်အပ်သော သုစရိုက်ကောင်းမှုကုသိုလ်ရဲ့ အကျိုးဆက်ပါ။ ပြောချင်သေးတယ် ဆရာကြီး၊ ပြောပါရှာအုပ်ကြီးဆိုတော့—

(၂) "ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ၊
ဆတ္တံ မဟန္တံ ဝိယ ဝဿကာလေ။
ဓမ္မေန ဂုတ္တော မမ ဓမ္မပါလော၊
အညဿ အဋ္ဌီနိ သုခီ ကုမာရော။"

အာစရိယ၊ဒိသာပါမောက္ခဆရာကြီး။ဝဿကာလေ၊မိုးတွင်းအခါ၌။ မဟန္တံ ဆတ္တံ၊ ကြီးစွာသောထီးကြီးသည်။ ဆတ္တစာရိံ၊ ထီးဆောင်းတဲ့သူကို။ တေမနတော၊ မိုးစွတ်တဲ့ဘေးမှ။ ရက္ခတိ ဣဝ၊ စောင့်ရှောက်သကဲ့သို့။

မိုးတွင်းမှာ ထီးဆောင်းတဲ့လူကို မိုးစွတ်တဲ့ဘေးမှ ကင်းဝေးအောင် ထီးကစောင့်ရှောက်တယ်မဟုတ်လား ဆရာကြီး။ အဲဒီစောင့်ရှောက်သလိုပဲ—

ဓမ္မော၊ သူစရိုက်ဆယ်ပါးကောင်းမှုတရားသည်။ ဓမ္မစာရိံ၊ တရားကျင့်ကြံတဲ့သူကို။ အပါယာဒိဘယတော၊ အပါယ်စသောဘေးမှ။ ဟာဝေ၊ စင်စစ်ကေန်အမှန်ပင်။ ရက္ခတိ၊ စောင့်ရှောက်ကာကွယ်ပါ၏။

အပါယ်ဘေးစသည် မရောက်အောင် စောင့်ရှောက်ကာကွယ်တတ်တယ် ဆရာကြီး။

မမ၊ အကျွန်ုပ်၏။ ဓမ္မပါလော၊ သားဖြစ်တဲ့ ဓမ္မပါလကို။ ဓမ္မော၊ သူစောင့်ထားတဲ့တရားက။ ဂုတ္တော၊ ဘေးမရောက်အောင် စောင့်ရှောက်လုံခြုံစေအပ်ပါပေ၏။ ကျုပ်သားက လူမိုက်မှမဟုတ်ပဲ ဆရာကြီး။ ကျုပ်သား သူစောင့်တဲ့တရားတွေက သူ့ကိုဘေးမရောက်အောင် ပြန်ပြီးစောင့်ရှောက်လုံခြုံစေပါလိမ့်မယ်။ လုံခြုံဇေတာ အမှန်ပဲ။

(ဟောဒီ စာပွဲဝိုင်း ညှော်ခံခန်းထဲမှာ သူတို့နှစ်ယောက်ပြောနေတာ မှန်းပြီးတော့)

အဋ္ဌီနိ၊ ဆရာကြီး ရှေးကဘင်ပြထားတဲ့ အရိုးတို့သည်။ အညဿ၊ ကျွန်ုပ်သားမှတပါး အခြား ဆိတ်ရဲ့ဖြစ်စေ ခွေးရဲ့ဖြစ်စေ အခြားသတ္တဝါတဦးတယောက်ရဲ့ဖြစ်စေ။ အဋ္ဌီနိ၊ အရိုးတို့ပါတည်း။

ကျွန်တော့သားရဲ့အရိုးမဟုတ်ဘူးတဲ့၊ အဲဒီဆရာကြီး တင်ပြတဲ့အရိုးတွေသည် ဆိတ်ရဲ့ ဒါမှမဟုတ် ခွေးရဲ့အရိုးတွေ၊ ဒါမှမဟုတ်လို့ရှိယင် အခြားတယောက်ယောက်ရဲ့ အရိုးတွေဖြစ်ပါလိမ့်မယ်။

ကုမာရော၊ ကျွန်ုပ်ရဲ့သားသည်။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ကျမ်းမာလျက်ရှိနေပါ၏။ စိတ်ချလိုက်တာ၊ မမြင်ပေမဲ့လို့ သူ့ သားရဲ့ကိုယ်ကျင့်တရားယုံကြည်လို့ ကျွန်တော့သားဟာဖြင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလျက်ရှိပါတယ်၊ ဆရာကြီးပြောသလို ဘယ်လိုနည်းနဲ့မှမသေဘူး။ သေ

တယ်ဆိုတာ ဆရာကြီးမှုသားပြောနေတာလို့ ဆိုတော့မှ ဒိသာပါမောက္ခဆရာကြီး ဝမ်းမြောက်လွန်းလို့—

**ဝမ်းမြောက်လှစွာဖြင့် ဆရာကြီး တရားတောင်းခြင်း**

"မယှံ အာဂမနံ သုအာဂမနံ၊ သဖလံ နော နိပ္ဖလံ။"

မယှံ၊ ငါ၏။ အာဂမနံ၊ ယခုဓမ္မပါလရွာသို့ လာရခြင်းသည်။ သုအာဂမနံ၊ ကောင်းသောလာရခြင်းပါတည်း။သဖလံ၊ အကျိုးရှိသော လာရခြင်းပေတည်း။ နော နိပ္ဖလံ၊ အကျိုးမရှိတဲ့ လာရခြင်းမဟုတ်။

ငါ ဓမ္မပါလရွာ ဒီရွာလာရခြင်းသည် အင်မတန်မင်္ဂလာရှိတဲ့လာရခြင်းပဲ၊ ကောင်းသောလာရခြင်း အကျိုးရှိတဲ့လာရခြင်းဖြစ်တယ်၊ အကျိုးမရသော လာရခြင်းမဟုတ်။ အဲဒီလို အောက်မေ့ဝမ်းသာပြီးတော့ ဘာပြောသလဲ—

"မယာ အာဂစ္ဆန္တေန တုမှာကံ ဝိမံသနတ္ထာယ ဣမာနိ ဌေက အင်္ဂနိ အာဘတာနိ။"

ပြဟ္မဏ၊ မဟာဓမ္မပါလမည်နှင်း အို....ရွာအုပ်မင်း။မယာ၊အကျွန်ုပ်သည်။ အာဂစ္ဆန္တေန၊ လာကတည်းကိုက၊ (ရွာအုပ်ကြီး ကျွန်တော် တက္ကသိုလ်က လာကတည်းကိုက။)တုမှာကံ၊ သင်ရွာအုပ်မင်းတို့အား။ ဝိမံသနတ္ထာယ၊ စုံစမ်းရန်အလို့ငှာ။ဣမာနိ ဌေကအင်္ဂနိ၊ ဟောဒီဆိတ်ရိုးတို့ကို။ အာဘတာနိ၊ ယူဆောင်အပ်ခဲ့ပါကုန်၏။

ရိုးရိုး အမှန်ဝန်ခံတယ် "ရွာအုပ်ကြီး ကျုပ် တက္ကသိုလ်ပြည်က လာကတည်းကိုက ဓမ္မပါလလုလင် ပြောတဲ့စကား မှန်မမှန်ရွာအုပ်ကြီးတို့ကို စုံစမ်းမဟဲ့လို့ဆိုပြီးတော့ ဆိတ်ရိုးတွေ ကျွန်ုပ်ယူလာတာ"တဲ့—

"ပုတ္တော တေ အရောဂေါယော၊"

တေ၊သင်ရှာအုပ်ကြီး၏။ ပုတ္တော၊ သားဖြစ်တဲ့ ဓမ္မပါလလုလင်သည်။ အရောဂေါယော၊ ရှာအုပ်ကြီးပြောတဲ့အတိုင်း အနာရောဂါကင်းစင်ကွာ၍ ချမ်းသာလျက်ပါ။

ရောဂါမရှိပကတိချမ်းသာလျက်–အမှန်ပါပဲ။

"တုမှာကံ ရက္ခိတဓမ္မံ မယှမ္ပိ ဒေထ။"

တုမှာကံ၊ အရှင်ရှာအုပ်မင်းတို့၏။ ရက္ခိတဓမ္မံ၊ စောင့်ထိန်းအပ်တဲ့တရားကို။ မယှမ္ပိ၊ အကျွန်ုပ်အားလည်း။ ဒေထ၊ မေတ္တာရှေ့ထားပေးသနားကြပါကုန်။

လိုချင်ပါတယ်ရှာအုပ်ကြီး ပေးသနားကြပါဆိုတော့ ယူတော်မူပါ။ အသာအယာညွတ်ညွတ်ပျောင်းပျောင်း ပြောဆိုပြီးတော့ တက္ကသိုလ်ဆရာကြီးက ဓမ္မပါလရှာအုပ်ကြီးထံက အခုဂါထာတွေပေါ့၊ တရားဂါထာတွေ အကုန်လုံး ပေစာနဲ့ ကူးပြီးတော့ယူတယ်။ ကူးပြီးတော့မှ ခရီးလည်းအပန်းပြေ၊ အလ္လာပ သလ္လာပ–သူတော်ချင်းချင်း သတင်းလေ့ လေ့ ပေါင်းဖက်တွေသောအနေနဲ့ သုံးရက်တိုင်တိုင် ဓမ္မပါလရှာအုပ်ကြီးရဲ့အိမ်မှာ ချမ်းသာစွာနေပြီး·တက္ကသိုလ်ပြန်·ဓမ္မပါလ ဘုရားအလောင်းလုလင်ကလေးကို ဆရာလက်ဆုပ် နယမှုဌ် လျှိုဝှက်တဲ့ ခဲကပ်တဲ့ အချက်အလက်ကလေးတွေ မြန်မြန်ပြပြီးတော့–

## ဓမ္မပါလလုလင်ကို အခြံအရံဖြင့်ပို့ခြင်း

တပည့်တို့....မင်းတို့အပေါ်မှာ မင်းတို့ဆရာအင်မတန်ကျေးဇူးများတယ်။ အဲဒီတော့ ဓမ္မပါလလုလင်ကို သူ့ရဲ့ မဟာဓမ္မပါလခမည်းတော်ကြီးနေရာ ဓမ္မပါလရှာရောက်အောင် မင်းတို့လိုက်ပို့ကြဆိုပြီး

ကြီးစွာသော အခြံအရံဖြင့် မိဘာထံဓမ္မပါလလုလင်ကို ပြန်ပို့ပေးတယ်။ ဇာတ်ကပြီးပြီ။

**မြတ်စွာဘုရား သစ္စာလေးပါး ပြတော်မူခြင်း**

"သတ္ထာ သုဒ္ဓေါဒနမဟာရာဇဿ ဣမံ ဓမ္မဒေသနံ အာဟရိတွာ သစ္စာနိ ပကာသေတွာ ဇာတကံ သမောဓာနေသိ။"

သတ္ထာ၊ လူနတ်တို့ဆရာ မြတ်စွာဘုရားသည်။ သုဒ္ဓေါဒနမဟာရာဇဿ၊ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးအား။ ဣမံ ဓမ္မဒေသနံ၊ ဤမဟာဓမ္မပါလဇာတ် တရားဒေသနာတော်မြတ်ကို။ အာဟရိတွာ၊ ထုတ်ဆောင်ကာ အကျယ်ဟောပြတော်မူပြီးလျှင်–

ခမည်းတော်ကြီး တရားနာယင်းက နီဝရဏတွေ ကင်းကွာပြီး စိတ်ဟာ အင်မတန်နူးညံ့နေတယ်။ အရိယာမဂ်ကို ရောက်နိုင်တဲ့အခြေ ရှိနေတယ်။ ဒီတော့ သစ္စာလေးပါး တရားပြမှ တော်မယ်။

သစ္စာနိ၊ သစ္စာလေးပါးတို့ကို။ ပကာသေတွာ-ပကာသေတိ၊ ထုတ်ဆောင် ဟောပြတော်မူ၏။ (ဘယ်လို ဟောပြမလဲ ဓမ္မစကြာ ဒေသနာတော်မှာ လာတဲ့– ဣဒံ ခေါ ပန ဘိက္ခဝေ နေရာမှာ မဟာရာဇ လို့ ထည့်ရမယ်ပ)

"ဣဒံ ခေါ ပန မဟာရာဇ ဒုက္ခံ အရိယသစ္စံ။ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။"——

အစရှိသည့်ဖြင့် အကျဉ်းနည်းဆိုယင် ဓမ္မစကြာမှာလာတဲ့ လေးပိုဒ်။ ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးသည် သံခိတ္တရုစိ၊ ဥဂ္ဃဋိတညူ

ပုဂ္ဂိုလ်ဆိုယင် ဓမ္မစကြာလာအတိုင်း သစ္စာလေးပါး ပြရမယ်။ အကယ်၍ အကျယ်ချဲ့ဟောမှ ကျွတ်မယ့် ဝိပဉ္စိတညူပုဂ္ဂိုလ်ဆိုယင် ဟို မဟာသတိပဋ္ဌာနသုတ္တန် ဓမ္မာနုပဿနာ သစ္စပဗ္ဗမှာ လာတဲ့ အတိုင်း ကတမာ စ ဘိက္ခဝေ ဇာတိ နေရာမှာ—

"ကတမာ စ မဟာရာဇ ဇာတိ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော။ အယံ ဝုစ္စတိ မဟာရာဇ ဇာတိ။"

စသည်ဖြင့် အသေးစိတ် အကျယ် ဒီသစ္စနိဒ္ဒေသ မဟာသတိပဋ္ဌာန သုတ္တန်နည်း အနေနဲ့လဲပဲ ဟောရလိမ့်မယ်။ ခမည်းတော်ကြီးက အကယ်၍ ဝိပဉ္စိတညူဆိုယင်။

အဲဒီလို ပြပြီးတော့မှ ဇာတ်တော်ပေါင်းတယ်တဲ့။

သစ္စာနိ၊ သစ္စာလေးပါးတို့ကို။ ပကာသေတွာ၊ ဟောပြပြီးမှ။ ဇာတကံ၊ ဇာတ်တော်ကို။ သမောဓာနေသိ၊ ပေါင်း၍ စပ်၍ ဆက်၍ ပြတော်မူ၏။

**ခမည်းတော်သုဒ္ဓေါဒနမင်းကြီး အနာဂါမ်တည်ခြင်း**

သစ္စာလေးပါး ပြတော့ ဘာအကျိုးရတုံး—

"သစ္စပရိယောသာနေ ရာဇာ အနာဂါမိဖလေ ပတိဋ္ဌဟိ"

သစ္စပရိယောသာနေ၊ စတုသစ္စ ဓမ္မကထာ ဒေသနာနိဂုံး ဆုံးလတ် သောအခါ၌။ ရာဇာ၊ ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးသည်။ အနာဂါမိဖလေ၊ အနာဂါမိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်လေပြီ။

ဒါအကျိုးပဲ၊ ဝမ်းမြောက်စရာ ကောင်းလိုက်တာ၊ ပထမအခေါက် မဟာသက္ကရာဇ် ၁၀၄-ခုနှစ် ကဆုန်လပြည့်ရောက်တယ်၊ လပြည့် ကျော်တရက်ဆိုတဲ့ နောက်တနေ့မှာ ခမည်းတော်ကြီးအသက် ကိုးဆယ် ကျော်နေတဲ့ ခမည်းတော်အိုကြီးကို ချီးမြှောက်လိုက်တာ သောတာ- ပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ် ရောက်တယ်။ နောက် တနေ့သဥ္ဆ ကျတော့ ဒါလဲ သိပ်ဝေးတဲ့ တနေ့သဥ္ဆ ဟုတ်ပုံမရပါဘူး၊ ဘာပဲပြော ပြော ကဆုန်လကုန်လောက် ရာဇဂြိုဟ် ပြန်ရတယ်။ ဒါတောင်မှ တလခွဲပဲ ရှိတယ်။နှစ်လသွားရတဲ့ ခရီးကို တလခွဲနဲ့ ခရီးပြင်းနှင်ရတယ်။ ဘယ်မော်တော်ကားနဲ့မှ လိုက်ပို့တာ မရှိပါဘူး။ ဘယ်လေယာဉ်နဲ့မှ သွားနိုင်တဲ့အချိန် ခေတ်မဟုတ်ပါဘူး။ ခြေလျင် မြေပြင်မှ အားလုံးရဲ့ ကုသိုလ် ထုပ်ကြီးကို လှိမ့်ပြီးသွားသလို ဒီအတိုင်း သွားတယ်။

## ခမည်းတော်ကြီး အရဟတ္တဖိုလ်ပေါက် ရောက်ရှိခြင်း

ဒီတော့ ကဆုန်လကွယ်အတွင်း တရက်ရက်ပဲ။ ဒီ ဓမ္မပါလ ဇာတ်ဟောပြီးတော့ ခမည်းတော်ကြီး အနာဂါမိဖိုလ်သို့ ရောက်စေ တယ်။ အနာဂါမ်အရိယာကြီး ဖြစ်စေတယ်။

စကားဆက်မိလို့ ပြောကြစို့၊ ဘုရား ပထမ တဝါရ၊ နောက် ငါး ဝါမြောက်လောက်မှာ မြတ်စွာဘုရား ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရ ကျောင်းတိုက်မှာ သီတင်းသုံးတော်မူတော့-ဟော သုဒ္ဓေါဒနမင်းတရားကြီးက ရွှေနန်းတော်မှာပဲ ထီးဖြူအောက် အသက် ကိုးဆယ့်ငါးနှစ်၊ ကိုးဆယ့်ခြောက်နှစ် လောက်မှာ အရဟတ္တဖိုလ် ပေါက်ရောက်ပြီးတော့ ထီးဖြူရဲ့ အောက်မှာပဲ ဘေဇာခေတ်မီး လောင်ကျွမ်းလို့ ပရိနိဗ္ဗာန် စံသွားတယ်။ ဒါ သုဒ္ဓေါဒနမင်းတရား ကြီးရဲ့ ဘဝဇာတ်သိမ်း အငြိမ်းကို လှမ်းပြီးတော့ ဆက်ပြီး အာရုံ ယူဖို့ စဉ်းစားဖို့ ပြောတာပါ။

**ဇာတ်တော် ပေါင်းခြင်း**

ဇာတ်တော်ဘယ်လို ပေါင်းသလဲ–

"တဒါ မာတာပိတရော မဟာရာဇကုလာနိ အဟေသုံ"

မဟာရာဇ၊ မြတ်သော မင်းကြီး။ တဒါ၊ ထိုစဉ်ကာလက။ မာတာ-ပိတရော၊ ဓမ္မပါလရွာအုပ်ကြီး ဇနီးမောင်နှံဆိုတဲ့ ဓမ္မပါလလုလင်ရဲ့ မယ်တော် ခမည်းတော်တို့သည်။ဣဒါနိ၊ နောက်ဆုံး ပစ္ဆိမ ဤဘဝ၌။ မဟာရာဇကုလာနိ၊ ခမည်းတော် မဟာရာဇာကြီးတို့ မဟာဆွေတော် မျိုးတော်မင်းနှစ်ပါးတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။

အခုက်သားပဲ–မြတ်စွာဘုရားက သူ့ခမည်းတော် သုဒ္ဓေါဒနမင်းတရားကြီးကို ရှေ့က တရားနာခံထားပြီး "အဲဒီတုန်းက ရွာအုပ်ကြီးသည် ယခုအခါ သုဒ္ဓေါဒနမင်းကြီးလို့ဆိုယင် ရှင်းသွားမှာပေါ့။ အဲဒီတော့ အယဉ်ဆုံး ဘယ့်နှယ်သုံးလိုက်သလဲ။ "မဟာရာဇ၊ မြတ်သော မင်းကြီး။ တဒါ၊ ထိုစဉ်ကာလက။ မာတာပိတရော၊ ဓမ္မပါလလုလင်ရဲ့မယ်တော် ခမည်းတော်ဖြစ်ကြတဲ့ ရွာအုပ်ကြီး ဇနီး မောင်နှံတို့သည်။ ဣဒါနိ၊ နောက်ဆုံး ပစ္ဆိမ ဤဘဝ၌။ မဟာရာဇကုလာနိ၊ ခမည်းတော် မဟာရာဇာမင်းတရား မင်းနှစ်ပါးတို့သည်။ အဟေသုံ၊ ဖြစ်ကြကုန်ပြီ" အလွန်သိမ်မွေ့ အလွန်ယဉ်ကျေးတဲ့ အသုံးနဲ့ပြောတာ။

"အာစရိယော သာရိပုတ္တော၊ ပရိသာ ဗုဒ္ဓပရိသာ။"

တဒါ၊ ထိုစဉ်ကာလက။ အာစရိယော၊ ဒိသာပါမောက္ခဆရာကြီးသည်။ ဣဒါနိ၊ နောက်ဆုံးပစ္ဆိမ ဤဘဝ၌။ သာရိပုတ္တော၊ သာရိပုတ္တရာထေရ်သည်။ အဟောသိ၊ ဖြစ်လေပြီ။ ပရိသာ၊ ပရိသတ်သည်။ ဣဒါနိ၊ နောက်ဆုံး ပစ္ဆိမ ဤဘဝ၌။ ဗုဒ္ဓပရိသာ၊ ငါဘုရားရဲ့ ပရိသတ်သည်။ အဟောသိ၊ ဖြစ်ခဲ့လေပြီ။

"ဓမ္မပါလကုမာရော ပန အဟမေဝ အဟောသိံ။"

မဟာရာဇ၊ မြတ်သော ခမည်းတော်မင်းကြီး။ တဒါ၊ ထိုစဉ် ကာလက။ ဓမ္မပါလ ကုမာရော ပန၊ ဓမ္မပါလ သတို့သားသည်ကား။ လ္လဒါနိ၊ နောက်ဆုံး ပစ္ဆိမ ဤဘဝ၌။ အဟမေဝ၊ လူသုံးပါးတို့၏ ဆရာ ဘုရား ငါသာလျှင်။ အဟောသိံ၊ ဖြစ်ခဲ့လေပြီ။

ဣတိ၊ ဤသို့။ ဇာတကံ၊ အတိတ်ဖြစ်ရပ်ပစ္စုပ္ပန်ဖြစ်ရပ် ဇာတ်တော်ကို။ သမောဓာနေသိ၊ ပေါင်း၍ စပ်၍ ဆက်၍ ပြတော်မူပြီ။

ခန္ဓာအဆက် အဲဒီလို ဆက်ကြည့်ကြ၊ အဲဒီလိုသိကြ။ ဤတွင် မဟာ ဓမ္မပါလ ဇာတ်အပြီးသတ်တယ်။

**တရားတော်နိဂုံး**

ဤသို့လျှင် မဟာဓမ္မပါလ ဇာတ် တရားဒေသနာတော် မြတ်ကို ကြားနာရခြင်း ဓမ္မဿဝန ကောင်းမှု ကုသိုလ်ကံ စေတနာ၊ သရဏဂုံ သီလ ဆောက်တည်ရခြင်း သီလမယ ကောင်းမှု ကုသိုလ်ကံ စေ တနာ၊နှစ်စဉ် နှစ်စဉ် ဓမ္မသဘင် ဆင်ယင်ကျင်းပ၍ ဝိနယသာသနာ ကို ဓမ္မာနုဂ္ဂဟအမှု ပြုရခြင်း တည်းဟူသော သာသနာနုဂ္ဂဟ ဝိနယပူဇာ မင်္ဂလာကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဤသို့ ပေါင်းအပ် များမြတ် သော ကောင်းမှု ကုသိုလ်ကံ အရှပ်ရပ်တို့ကြောင့် ဇာတ်တော်ဝင် ဖြစ်တော်မူကြတဲ့ ဟိုဘဝတုန်းက ဓမ္မပါလ ရွာအုပ်ကြီး၊ အခု နောက်ဆုံးဘဝမှာ သုဒ္ဓေါဒန မင်းတရားကြီး၊ ဟိုတုန်းက ဓမ္မပါလ လုလင် အခု နောက်ဆုံးဘဝ မြတ်စွာဘုရား၊ ဟိုတုန်းက တက္ကသိုလ် ဆရာကြီး အခု နောက်ဆုံး ဘဝ အရှင်သာရိပုတ္တရာ-ဒီပုဂ္ဂိုလ် သုံးပါးပဲ ကြည့်ကြတော့- မြတ်စွာဘုရား, အရှင်သာရိပုတ္တရာ, သုဒ္ဓေါဒန မဟာ ရာဇာတို့ နောက်ဆုံးပစ္ဆိမ ဤဘဝ၌ အရဟတ္တဖိုလ်ပေါက် မျက်

မျှောက်ပြုအပ် အာရုံ ယူအပ်သော သန္တိ လက္ခဏာ အစ္စုတိရသ အနိမိတ္တ ပစ္စုပဋ္ဌာန်ရှိသော နိရောဓသစ္စာ မဟာအသင်္ခတဓာတ် စတုတ္ထ ပရမတ် နိဗ္ဗာန်တရားတော်မြတ်ကို အရဟတ္တဖိုလ်ပေါက် အကျွန်ုပ်တို့ တရားဟော တရားနာ ပုဂ္ဂိုလ်တစု မျက်မှောက် ပြုရတဲ့ ကိုယ်ဖြစ်ပါစေကုန်သတည်း။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရတဲ့ ထိုနောက်ဆုံး ဘဝ ပရိနိဗ္ဗာန စုတိစိတ်မှ အခြားမဲ့ နောက် ကာလ၌ တစုံတခုသော ဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ သတ္တနိကာယ၌မှ ရုပ် နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာ တရားတို့ တဖန် အသစ် မဖြစ်ခြင်းတည်းဟူသော အနုပ္ပါဒ နိရောဓ အနုပါဒါ ပရိ-နိဗ္ဗာန် ကိုယ်စီ စံရပါစေကုန်သတည်း။ အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီ စံရသဖြင့် ကမ္မဝဋ် ကိလေသဝဋ် ဝိပါကဝဋ်တည်း ဟူသော ဝဋ်ဒုက္ခ ခပ်သိမ်း သံသရာ မီးတောက် မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေ ကုန်သတည်း။

သာဓု သာဓု သာဓု

မဟာဓမ္မပါလဇာတ် တရားတော် ပြီးပြီ။

# အနှစ်လေးပါး သာရတရားတော်

ကောဇာသက္ကရာဇ် ၁၃၄၂-ခုနှစ်၊ သာသနာသက္ကရာဇ် ၂၅၂၄-ခုနှစ်၊ ဝါခေါင်လဆန်း ၆-ရက်၊ တနင်္ဂနွေနေ့ ပဲခူးမြို့ ပန်းလှိုင်ရပ် ကျုံးရိုးလမ်းထိပ်ရှိ အခေါက်အအုံ၌ အဆောက်အအုံနှင့်မြေကို သာသနာတော်သို့လှူဒါန်းပွဲ၊ ဈေးကြီး ဆန်လှူအသင်းတိုက်ဖွင့်ပွဲ နှင့် အသင်းဆိုင်းဘုတ်တင်ပွဲတွင် ဟောကြားအပ်သော အနှစ်လေးပါး သာရတရားတော်။

သရဏဂုံသီလ ဆောက်တည်ခံယူပြီးကြပြီ၊ ပရိတ်တရားတော်များနာကြားပြီးကြပြီ၊ အနုမောဒနာအနေဖြင့် အနှစ်လေးပါး သာရတရားကို နာကြားဝမ်းမြောက်ရအောင်–

## သိဥ္စည်းဆရာကြီးအာကြောင်းပြု၍ ဟောကြားတော်မူခြင်း

မြတ်စွာဘုရား မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့မှာ ဘုရားဖြစ်တယ်၊ ထိုနှစ် 'ဝါ' မိဂဒါဝုန်မှာ ဝါကပ်ပြီး ဝါကျွတ်တဲ့အခါ ဥရုဝေလတောအုပ်ကို ကိုယ်တော်တပါးထဲကြွ၊ တန်ဆောင်မုန်းလပြည့်နေ့မှာရောက်တယ်၊ တန်ဆောင်မုန်းလပြည့်နေ့က နတ်တော်လပြည့် ပြာသိုလပြည့် နှစ်လဝိုင်တိုင် ဥရုဝေလတောအုပ်မှာ သီတင်းသုံးပြီး ဥရုဝေလကဿပညီနောင်သုံးဦး ခေါင်းဆောင်တဲ့ တထောင်သော ရှင်ရသေ့တို့ကို တထောင့်ခြောက်ရာ့တဆယ့်ခြောက်မျိုးသော တန်ခိုးပြာဋိဟာတို့ဖြင့် ချေချွတ်၍ ဤသာသနာတော်သို့ ရောက်စေနိုင်သော အာဒိတ္တပရိယာယသုတ်ဖြင့် ထိုရသေ့ဖြစ်ခဲ့ဖူးတဲ့ ရဟန်း (ဇဋိလကျွ-ရဟန်း) တထောင်တို့ကို အရဟတ္တဖိုလ်ပေါက် ဆုံးမချေချွတ်တော်မူ

ပြီး၍ ပြာသိုလပြည့်နေ့ ရာဇဂြိုဟ်ကို ရောက်ခဲ့ပါတယ်။ ပြာသိုလပြည့်နေ့ကစပြီးတော့ ဆယ့်ငါးရက်လွန်မြောက် တပို့တွဲလဆန်း ၁-ရက်နေ့ဟာ အဂ္ဂသာဝကနေ့လို့ ခေါ်ဆိုထိုက်တဲ့နေ့ဖြစ်ပါတယ်။ ဘာဖြစ်လို့တုန်းဆိုတော့ အဲဒီ မဟာသက္ကရာဇ် ၁၀၃-ခု ဘုရားဖြစ်တဲ့နှစ် တပို့တွဲလဆန်း ၁-ရက်နေ့မှာ အဂ္ဂသာဝကအလျှာဖြစ်တဲ့ အဂ္ဂသာဝကဖြစ်ကြမဲ့ (ဝါ) ဖြစ်နေပြီဆိုကြပါစို့။

အေး–ဗျာဒိတ်က အစောကြီးက ပေးထားတဲ့ ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလ္လာန်ဖြစ်မဲ့ ဥပတိဿ ကောလိတ ပရိဗိုဇ်ဆရာကြီးနှစ်ယောက်၊ တပည့်ပရိဗိုဇ် ၂၅၀ နဲ့တကွ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း ကိန်းအောင်းမွေ့လျော်နေတော်မူတဲ့ ဘုရားထံမှောက် ဒါအယင်ဆုံး ပထမဆုံး ရောက်တာပဲ။ ရောက်လို့ အဲဒီမှာ မြတ်စွာဘုရားက သူတို့အား "အနုပုဗ္ဗိကထာ"ဆိုတဲ့ ဒေသနာစဉ်တိုင်း ဒါနတရား သီလတရား သဂ္ဂတရား ကာမာနံ အာဒီနဝတရား နေက္ခမ္မ-အာနိသံသတရားဆိုတဲ့ ဒေသနာအစဉ်အတိုင်း တရားဟောလို့ တပည့်ပရိဗိုဇ် ၂၅၀-တို့ တထိုင်တည်းမှာပဲ အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကိုမျက်မှောက်ပြုရပြီး ဆရာတပည့်တစု မြတ်စွာဘုရားထံ ရှင်ရဟန်းအဖြစ်တောင်းခံလို့ မြတ်စွာဘုရားက ဧဟိဘိက္ခု ခေါ်တော်မူသဖြင့် ဆရာနှစ်ဦးနှင့်တကွ တပည့်ပရိဗိုဇ် ၂၅၀-တို့သည် "ဣဒ္ဓိမယ" ပရိက္ခရာဆင်မြန်း ဧဟိဘိက္ခုရဟန်းအဖြစ်သို့ ရောက်ခဲ့တယ်။ ရောက်ပြီးတဲ့အခါ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလ္လာန် အရှင်မြတ်နှစ်ပါးက သူတို့သိဥ္စည်းဆရာကြီးကို ဤသာသနာသို့ အနည်းနည်း ခေါ်ပါသော်လဲပဲ အမျိုးမျိုးဆင်ခြေပေး၍ နေရစ်ခဲ့တဲ့အကြောင်း မြတ်စွာဘုရားအား လျှောက်ထားတဲ့ ဝတ္ထုမှာ မြတ်စွာဘုရားက ဤ နှစ်ဂါထာကို ဟောပါတယ်။

အသာရေ သာရမတိနော၊ သာရေ စာသာရဒဿိနော။
တေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပ ဂေါစရာ။
သာရဉ္စ သာရတော ဉတွာ၊ အသာရဉ္စ အသာရတော။
တေ သာရံ အဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ။[၁]

## အမှားလမ်းနှင့် အမှန်လမ်း

ချစ်သား သာရိပုတ္တရာ၊ ချစ်သားမောဂ္ဂလ္လာန်တို့....သိဉ္စည်းဆရာ သာမဟုတ်ဘူးတဲ့၊ မည်သူမဆို အကြောင်ပုဂ္ဂိုလ်တို့သည် အနှစ်မဟုတ်တာကို အနှစ်လို့ထင်နေမယ်၊ အနှစ်ကိုတော့ အနှစ်ဟူ၍မမြင်ကြယင် အဲဒီပုဂ္ဂိုလ်များဟာ–

(၁) ကာမဝိတက်ဆိုတဲ့ ဝတ္ထုကာမရဖို့ရန်ကိုသာ ကြံစည်တဲ့ မိစ္ဆာအကြံအစည်မျိုး၊

(၂) ဗျာပါဒဝိတက်ခေါ်တဲ့ တရားသော မတရားသော နား မလည် တဘက်သား ပျက်ပြားအောင် ကြံစည်တဲ့ မိစ္ဆာဝိတက်မျိုး၊

(၃) ဝိဟိံသဝိတက်လို့ခေါ်တဲ့ တဘက်သားကို ညှဉ်းဆဲဖို့ရန် ကြံစည်တဲ့ မိစ္ဆာဝိတက်မျိုး၊

အဲဒီမကောင်းတဲ့ဝိတက်သုံးပါးအကြံများကိုသာလျှင် နေ့ကြံညကြံ "ဂေါစရဂါမ်"အာရုံရှိကြကုန်တဲ့အတွက် ထိုသူများသည် အနှစ်လေးပါး သာရတရားကို ဘယ်လိုနည်းနဲ့မှ မရနိုင်ဘူး၊ တနေ့တခြား အနှစ်တရားနဲ့ ဝေးကွာသွားကြတယ်။ ဒါက ရှောင်ရမဲ့လမ်း။ အဖြူနဲ့ အမည်း ပြောစမ်းပါဆိုယင် ဒါက အမည်းလမ်း။ လောကဥပမာ အားဖြင့်

---

၁။ ဓမ္မပဒ။ ၁၄။ မြေ၊ ဋ္ဌ၊ ၁။ ၇၃။

လမ်းခရီးညွှန်ကြားမှု၌ လိမ္မာတဲ့ခရီးညွှန်ယောကျ်ားသည် လမ်းမှား မျက်စေ့လည်သော ပုဂ္ဂိုလ်ကို လမ်းညွှန်တဲ့အခါ "မောင်ရင်–ဟောဒီ လက်ဝဲလမ်းလိုက်မသွားနဲ့၊ အင်မတန်ဆင်းရဲဘယ်၊ ဟိုရှေ့နားကျယင် တောအုပ်ရောက်တယ်ဆိုယင်ပဲ ခိုးသားဒမြတွေနဲ့ တွေ့ပြီး မင်း အသက်အန္တရာယ် ဖြစ်နိုင်တယ်။ အဲဒါကြောင့် ဒီလက်ဝဲလမ်းကြီး မင်း မလိုက်နဲ့"လို့ ရှောင်ရမဲ့လမ်းကို အယင်ပြောပါတယ်၊ ပြီးတော့မှ လက်ယာလက်ဖြင့် သွားရမဲ့ ဘေးကင်းတဲ့လမ်းကို "ဟောဒီလမ်းက မောင်လိုက်သွား၊ သွားယင် နောက်နှစ်ခေါ် လောက်သွားပြီးလို့ရှိယင် ရေကန်ကြီးတွေ့လိမ့်မယ်။ အဲဒီရေကန်ကြီးမှာ မင်းအမောအပန်းပြေ အောင် ရေမိုးချိုးပြီးတော့ကွယ် အဲဒီက သစ်ပင်ရိပ်မှာ တမေ့တမှိတ် ချမ်းသာစွာအိပ်ပြီး ဆက်၍သွားယင် မောင်အလိုရှိတဲ့အရပ်ကို ချမ်း ချမ်းသာသာ ရောက်နိုင်တယ်"လို့ အဲဒီလိုယူရသွားရမဲ့လမ်းကို ဒုတိယ ပြောကြားသလို လောကသုံးပါးရဲ့ ခရီးလမ်းညွှန် ဖြစ်တော်မူတဲ့ မြတ်စွာဘုရားလည်းပဲ ပထမရှေးဦးစွာ ရှောင်ရမဲ့လမ်းကို–

> အသာရေ သာရမတိနော၊ သာရေ စာသာရဒဿိနော။
> တေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပဂေါစရာ–

လို့ ရှေးဦးစွာဂါထာနဲ့ ဟောပါတယ်။

**အေး** အဲဒီဂါထာရဲ့ **အ**တိုချုပ်က "ချစ်သား သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့ .... သိဥ္စည်းဆရာသာ **မ**ဟုတ်ဘူးတဲ့၊ အမှတ်မထင် အကြင်ပုဂ္ဂိုလ်များသည် အနှစ်**မ**ဟုတ်တာကို**အ**နှစ်ထင်၊ အနှစ်ကို တော့ အနှစ်မှန်းမသိမြင်ယင် ထိုပုဂ္ဂိုလ်တွေသည် အထင်မှား အမြင်မှား အထင်လွဲ အမြင်လွဲတဲ့အတွက် အကြံတွေလဲမှား အကြံ တွေလည်းလွဲကုန်ရောတဲ့။ အဲဒီလို အကြံမှား အကြံလွဲကြံဖန်များ တော့ သူတို့သည် အနှစ်လေးပါး သာရတရားကို လားလားမှ မရနိုင်။

တနေ့ထက်တနေ့အနှစ်တရားနဲ့ဝေး၍ဝေး၍သွားကြတယ်။ချစ်သားတို့-အဲဒီလမ်းမလိုက်ကြနဲ့”လို့ ဆိုလိုပါတယ်။ပြီးတော့မှ ခရီးလမ်းညွှန်လိမ္မာတဲ့ယောကျ်ားသည် လိုက်ရမဲ့ သွားရမဲ့ ဘေးမဲ့လမ်းကို ဒုတိယညွှန်ကြားသလို မြတ်စွာဘုရားလဲပဲ ဒုတိယလိုက်နာကျင့်သုံးရမဲ့ လမ်းကို—

သာရဉ္စ သာရတော ဉတွာ၊အသာရဉ္စ အသာရတော။
တေ သာရံ အဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ။

“ချစ်သား သာရိပုတ္တရာ ချစ်သား မောဂ္ဂလ္လာန်တို့....ချစ်သားတို့သာ မဟုတ်ဘူး။ အကြွင် အကြွင် ဉာဏ်ပညာရှိကြတဲ့ ပုဂ္ဂိုလ်များဟာ အနှစ်ကို အနှစ်မှန်း အကာကိုအကာမှန်း သိကြ၏။အနှစ်ကို အနှစ်မှန်း အကာကိုအကာမှန်း သိကြယင် ဒါအသိမှန် အမြင်မှန်ဖြစ်ကြပြီ။ ထိုသို့ အသိအမြင်မှန်တဲ့ ပုဂ္ဂိုလ်တွေသည် အကြံတွေလဲ မှန်ကုန်ရော။အေး.... အကြံမှန်ဆိုတာ နေက္ခမ္မဝိတက် အဗျာပါဒဝိတက် အဝိဟိံသာဝိတက်—

(၁) ဝတ္ထုကိလေသာ နှစ်ဖြာသော ကာမတရားတို့မှ လွတ်မြောက်အောင်ကြံစည်တဲ့ နေက္ခမ္မဝိတက်၊

(၂) သတ္တဝါတို့အပေါ် မေတ္တာပွားဖို့ ကြံစည်တဲ့ အဗျာပါဒဝိတက်၊

(၃) သတ္တဝါတို့အပေါ် ကရုဏာပွားဖို့ ကြံစည်တဲ့ အဝိဟိံသာဝိတက်။

ဒီ “သမ္မာဝိတက်သုံးပါး” ကောင်းမြတ်တဲ့ အကြံများကိုသာ နေ့ကြံ ညကြံ “ဂေါစရဂါမ်”အာရုံရှိကြကုန်ပြီးသကာလ ထိုသူများသည် အနှစ်လေးပါး သာရတရားကို အရဟတ္တဖိုလ်တိုင် ရယူနိုင်ကြမယ် ချစ်သားတို့”လို့ အဲဒီလိုဆိုပြီးတော့“ပကိဏ္ဏက”ဒေသနာအနေနဲ့တော့ မြတ်စွာဘုရား အနှစ်လေးပါး ဟောမယ်ပေါ့။ သို့သော် ဒီဓမ္မပဒ-

အဋ္ဌကထာမှာတော့ အနှစ်လေးပါးကို ဆက်ပြီးတော့ မဖော်ပြဘူး။ မိမိတို့က အနှစ်လေးပါးကို အကျယ်နားလည်ဖို့ကျတော့ ကဏှဇာတ်ကို ကြည့်ရပါမယ်။

**ကဏှဇာတ်**[၁]

တခုသောဘဝမှာ ဘုရားအလောင်းသည် ကဏှမည်သော သဌေး ဖြစ်၍ သဌေးရဲ့အလုပ်ကို နေ့စဉ်ကြိုးကုတ် အားထုတ်ပြုလုပ်ရာက အသက် ၅၀-ကျော် နေကျွမ်မဲခတ်ခံ လှုံ့ဆော်လာတဲ့အချိန်ကိုရောက်တော့ သံဝေဂဉာဏ်ဝင်လာတယ်။ မိဘ ဘိုးဘွား အဆက်ဆက် စုဆောင်းထားခဲ့တဲ့ ဥစ္စာတွေ၊ဒါတွေကြည့်ပြီးတော့ အလောင်းတော်ရဲ့ စိတ်ထဲမှာ "အော်—ငါ့မိ၊ ငါ့ဘ၊ ငါ့ဘိုး၊ ငါ့ဘွား အထက်အထက် လူကြီးများသည် စီးပွားဥစ္စာတွေကို မစားရက် မသောက်ရက် စုသွားကြတယ်"လို့ စဉ်းစားတယ်။ မှန်တယ်၊ မိမိတို့လဲ အိန္ဒိယသားတွေနဲ့ အတူတကွ ဒီမှာ နေဖူးသားပဲ၊ အိန္ဒိယသားတွေရဲ့ဝါဒက စီးပွားဥစ္စာ စုဖို့ယာ သူတို့ရဲ့အဓိက။ ဒါ သူတို့ရဲ့ အဓိကလုပ်ငန်းပဲ၊ ဘာကို ထောက်ကြည့်ရမလဲ၊ ဟိုဘက်ခေတ်တုန်းကလည်းကောင်း၊ အခု ဒီဘက်ခေတ်လည်းကောင်း အဲ—ဟိုဘက်ခေတ်တုန်းကသုဘာလုလင်ကို သူ့ဖခင် တောဒေယျပုဏ္ဏားက ဘာပြောသလဲ—

> အဥ္စနာနံ ခယံ ဒိသွာ၊ ဝမ္မိကာနဥ္စ သဉ္စယံ။
> မဓူနဥ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ။[၂]

ငါ့သားတဲ့၊ တို့မျက်စဉ်းကျောက်ကြီးများဟာ အစပမထကြည့်ယင် ကုန်နိုင်မယ်မထင်ဘူးတဲ့။ဆိုကြပါစို့ အိန္ဒိယကလူများက ဟောဒီ

---

၁။ ဇာ၊ ဋ္ဌ။ ၄။ ၇။
၂။ ဒီ၊ ဋ္ဌ၊ ၁။ ၃၁၇။ မ၊ ဋ္ဌ၊ ၄။ ၁၇၅။ ဓမ္မ၊ ဋ္ဌ၊ ၁။ ၂၉၇။

မျက်ရေးမျက်ကွင်းညိုတာဟာ သူတို့အဖို့ အင်မတန်လှတဲ့ အလှဂုဏ် တမျိုး၊ ဒါကြောင့် ခလေးလေးခပ်ငယ်ငယ်၊ပြီးတော့ ရုပ်သန္တတိက နုတဲ့ အချိန်မှာ တခါတည်း ဒီခလေးမှာ ဟောဒီမျက်ကွင်းညိုအောင် သူတို့ နည်းတွေနဲ့ ငရုတ်သီးကို တခါတည်းအကျွမ်းလျှော်ဆီနဲ့ကြိတ်၊ အဲဒီလို ပွတ်ပေးတာ။ ဘေးကလူတွေကတော့ ငရုတ်သီး ညှော်ခံနိုင်အောင်လုပ် တာလို့ သူတို့ကတော့ထင်မှာပေါ့။ ဘယ်ဟုတ်မလဲ ဒီကလေးရဲ့ ဒီနုသေး သော ရုပ်သန္တတိမှာ ဟောဒီ မျက်ကွင်းကလေး အညိုလေး သန္တတိ ဆက်အောင်လုပ်ပေးတယ်။ အဲ မကြာ မကြာလိမ်းပေးတော့ တော် တော်ကြာတော့ ရုပ်သန္တတိဟာ ညိုလာတယ်။ အဲဒီလိုညိုလာတဲ့ ရုပ် သန္တတိနဲ့ အားမရသေးဘူး။ သူတို့ဒီမျက်ကွင်းညိုတာဟာ ပိုပြီးလှတယ် လို့ ယူဆတော့ အဲ ပွဲနေပွဲထိုင် သွားမယ်ဆိုယင် မျက်စဉ်းကျောက်ကို သွေးပြီးတော့ ဟောဒီမျက်ရေးကွင်းတယ်။ သူတို့ အိန္ဒိယက အဲဒီ မျက်ရေးကွင်းတဲ့ ကျောက်ကြီးဟာ လက်သီးဆုပ်လောက်၊ အင်း• စလယ်တောင်းလောက် ပထမရှိတယ်။ အဲဒီ စလယ်တောင်းလောက် လက်သီးဆုပ်လောက်ရှိတဲ့ မျက်စဉ်းကျောက်ကို ကျောက်ပြင်ပေါ်မှာ သွေး၊ တခါတခါသွေးယင် ဘာမှကုန်မယ်မထင်ဘူး။ အင်း....မကုန် ဘူးလို့ပဲ ထင်ရတယ်။ ဒါကို ခု တောဒေယျက ညွှန်ပြပြီးတော့ "ငါ့သား ....မျက်စဉ်းကျောက်ကြီးများကြည့်ယင် ကုန်မယ်မထင်ဘူး ကွဲ့၊ဒါပေမယ်လို့ နေ့စဉ်နေ့စဉ် သွေးပါများတော့ တနေ့မှာ ဒီမျက်စဉ်း ကျောက်ကြီးလဲကုန်တယ်။ မင်း အဲဒါကြည့်သတိထား၊ စီးပွားဥစ္စာ ကို ငါသုံးတာဟာ နဲနဲပဲ၊ မကုန်ဘူးများ မထင်နဲ့၊ နဲနဲ နဲနဲနဲ သုံးပါများ ယင် တော်တော်ကြာယင် အဲဒီစီးပွားတွေ ကုန်သွားလိမ့်မယ်၊ ငါ့သား မင်းစီးပွား ကုန်မှာကြောက်" သူက ဒီဟာပြတာက ကုန်သွားမှာ ကြောက် ကုန်သွားတာကြောက်အောင် ဖော်ပြတာ။

အဲ စုတဲ့ဘက်ကျတော့ ဥပမာနှစ်ခု ပြောတယ်။ "တောင်ပို့ကြီးများကြည့်စမ်း၊ စုတဲ့နေရာမှာ ခြကောင်လေးဟာ သူ့ပါးစပ်လေးနဲ့ မြေဆီကလေးပါမှ နှမ်းစေ့လောက်၊ ဒါလေးကိုစုပြီးတော့ ဒီထွေးချလို့ တချိန်ကျတော့ တရပ်တသူ တောင်ပို့ကြီးဖြစ်တယ်ကွဲ့။ ပျားကောင်လေးတွေသည် မိမိပါးစပ်လေးနဲ့ ပန်းဝတ်ရည်လေးရသမျှ နိုင်သမျှ စုပ်ပြီးတော့ ဟောဒီဝတ်ရည်ကိုစုလို့ လှည်းဘီးလောက်ပျားအုံကြီးဖြစ်သကွဲ့။ အဲဒါကြည့်၊ ဒါကြည့်ပြီးတော့ နဲနဲ နဲနဲပေမဲ့ စုပါများယင် တောင်ပို့လို့ ပျားအုံလို အဲဒီလို ကြီးလာလိမ့်မယ်"လို့ ဒီ အိန္ဒိယရဲ့ဝါဒက စီးပွားဥစ္စာကို စုဖို့ဘက်ကို အားပေးတယ်။ သုံးဖို့ လှူဖို့ တန်းဖို့ဘက်ကို အားမပေးဘူးနော်။

အေး–အဲဒီလို အဲဒီလို အိန္ဒိယမှာ ဒီသဘောရှိတယ်၊ ဒါကြောင့် အခုဘုရားလောင်း ကဏှသဋ္ဌေးရဲ့ မိဘ ဘိုးဘေး အထက်ထက်က လူကြီးတွေ မစားရက် မသောက်ရက် မဝတ်ရက်။ အိန္ဒိယသားတွေ စားတာ သောက်တာ ဝတ်တာကြည့်နော်။ ဘာမှ မကုန်အောင် စားကြတယ်၊ ချွေတာစား၊ ချွေတာဝတ်၊ ဝတ်ပြီးတော့စုတာပဲ။ တခါတည်းစုတာဟာ သူတို့ရဲ့ အမိကဝါဒ။

မစားရက် မသောက်ရက် ချွေတာစား ချွေတာဝတ်ပြီးတော့ စုခဲ့တဲ့ ဥစ္စာတွေ ဒီအတိုင်း ရှိနေသတဲ့။ သူတို့တော့ တယောက်မှမရှိကြတော့ဘူး။ သူတို့စုတဲ့ ဥစ္စာတွေကျန်ရစ်တယ်။ အဲ့ဒီဥစ္စာတွေကို သူတို့ တပြားတချပ်မှသံသရာ ယူမသွားနိုင်ဘူး။ ငါတော့ ဒီဥစ္စာတွေကို သံသရာပါအောင် ဘယ်လိုလုပ်ယူရမလဲလို့ အလောင်းတော် စဉ်းစားတယ်။ စဉ်းစားတဲ့အခါ ယခု ကဏှဇာတ်၊ ကဏှသဋ္ဌေး ဘဝဆိုတာ ပါရမီဖြည့်လို့ ၄-အသင်္ချေ ကမ္ဘာတသိန်း ပါရမီတွေဖြည့်လို့ ပြည့်လို့ ပွင့်ခါနီးနေပြီပဲ။ ဉာဏ်အင်မတန် ရင့်တယ်။ ဟိုဘက် သုမေဓာဘဝ

၄-အသင်္ချေ ကမ္ဘာတသိန်း အထက်တုန်းကတောင် ဒီထက် ခက်ခဲနက်နဲတဲ့ ဘုရားဖြစ်အောင် ဝါ-အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရအောင် ကျေးဇူးပြုပေးနိုင်တဲ့ တရားတွေကို ဆင်ခြင်တော်မူတဲ့အခါ ပါရမီ၊ စာဂ၊ စရိယဆိုတဲ့ "ဗုဒ္ဓ+ကရ+ဓမ္မ"ဘုရားဖြစ်အောင် လုပ်ပေးနိုင်တဲ့ တရားတွေကို သဗ္ဗညုတဉာဏ်နဲ့မြင်သလို "ပါရမီ ပဝိစယ" ဉာဏ်နဲ့ မြင်တော်မူသေးတာ။ အခု ပါရမီတွေရင့်လို့ ဘုရားဖြစ်တော့မယ်။ ဒီ ကကျောတ်ဆိုတာ ဘဒ္ဒကမ္ဘာမှာဖြစ်တဲ့ ဝတ္ထု၊ ပါရမီတွေက ရင့်လှပြီ။ အခုစဉ်းစားလိုက်တယ် "ငါ ဒီဥစ္စာတွေ သံသရာကို ဘယ်လိုလုပ်ပြီး ပါအောင် ယူသွားရပါ့မလဲ"လို့ စဉ်းစားတဲ့အခါ အလောင်းတော်ရဲ့ဉာဏ်ထဲမှာ အနှစ်သုံးပါး တန်းမြင်လာတယ်။

ပဉ္စန္နံ ဝေရာနံ သာဓာရဏဘာဝေန ဟိ အသာရဿ
ဓနဿ ဒါနံ သာရော။

အော် ငါအခု ထိန်းသိမ်းစောင့်ရှောက်ထားရတဲ့ ဥစ္စာစီးပွားတွေဟာ ရေ၊ မီး၊ မင်းဆိုး၊ သူခိုး၊ အမွေခံဆိုး-ဆိုတဲ့ ဒီရန်သူမျိုးငါးပါးနဲ့ အမြဲဆက်ဆံ ဝန်းရံနေတယ်။ သို့ရကား ကေန်စင်စစ် အခိုင်အမာ အနှစ်မဟုတ်ဘူး။ အနှစ်မဟုတ်သော ဒီဥစ္စာ၏ အနှစ်ကား ဒါနကောင်းမှုပါတကားလို့ ပထမအနှစ်ကို သိတော်မူတယ်။ "သိပြီးယင် သိချင်ချင်"ဆိုတဲ့အတိုင်း ဒုတိယအနှစ်ကို ဆက်၍ သိပြန်တယ်။

ဗဟုရောဂသာဓာရဏဘာဝေန အသာရဿ သရီရဿ
သီလဝန္တေသု အဘိဝါဒနာဒိကမ္မံ သာရော။

ငါ အခုရနေတဲ့ ဒီကိုယ်ခန္ဓာဟာ ၉၆-ဖြာ ဘေးရောဂါတို့နဲ့ အခါခပ်သိမ်း ဆက်ဆံဝန်းရံနေတယ်။ ဘာထောက်ပြီးတော့ သိရမလဲ၊ အလောင်းတော်သိသလို ကိုယ်လဲသိကြည့်ရအောင်။ မိမိကိုယ်မှာ အပ်

ဖျားလေးနဲ့ စိတ်ကူးနဲ့ ထောက်ကြည့်ပါ၊ အဲဒီအပ်ဖျားလေး ကျတဲ့ နေရာကို ကိုယ့်ကိုယ်ကိုမေး "မင်း အဲဒီနေရာကလေးဟာ—

(၁) သလိပ် ဒေါသပျက်လို့ ဖြစ်တဲ့ရောဂါ၊

(၂) သည်းခြေဒေါသ ပျက်လို့ ဖြစ်တဲ့ရောဂါ၊

(၃) လေဒေါသပျက်လို့ ဖောက်ပြန်လို့ဖြစ်တဲ့ ရောဂါ၊

(၄) သလိပ် သည်းခြေ, သလိပ်လေ, သည်းခြေနဲ့လေ ဒေါသ နှစ်ပါး ပျက်လို့ဖြစ်တဲ့ ဒွေးဝမ်းရောဂါ၊

(၅) သလိပ်သည်းခြေ လေတည်းဟူသော ဒေါသသုံးပါး ဖောက်ပြန်ပျက်စီးလို့ ဖြစ်တဲ့ သန္နိပါတ် ရောဂါ—

မဖြစ်ဘူးလို့ အဲဒီအပ်ဖျား တထောက်နေရာကလေးဟာ ကိုယ့်ကိုယ်ကို အာမခံနိုင်ရဲ့လားဟဲ့"လို့၊ ဘယ်သူမှ အာမမခံနိုင်ဘူး၊ တကိုယ်လုံးမှာ အပ်ဖျားတထောက်လောက်မှ အဲဒီရောဂါ မဖြစ်ပါဘူးလို့အာမခံနိုင်တဲ့ နေရာ အပ်ဖျားတထောက်လောက်မှ မရှိဘူးနော်။

ပြီးတော့ တကိုယ်လုံးဟာ အေး-ဇွဲ-ဖြာဘေးရောဂါတို့နဲ့ အခါ ခပ်သိမ်း ဆက်ဆံ ဝန်းရံနေရကား ကေနိစင်စစ် ငါ့ခန္ဓာကိုယ်ဟာ အနှစ်မဟုတ်ဘူး၊ အနှစ်မဟုတ်တဲ့ ဤခန္ဓာကိုယ်၏ အနှစ်သာရကား စာရိတ္တ ဝါရိတ္တ နှစ်ထွေပြားတဲ့ အကျင့်သီလပါတကား။ ဤတွင် စာရိတ္တသီလဆိုတာ မြတ်စွာဘုရားက ကျင့်ကြံရမယ် ဟောကြားထား တဲ့ သက်ကြီးရွယ်အို ဂုဏစုခို ဝယဝုခိုပုဂ္ဂိုလ်တို့အား ရိုသေမြတ်နိုး ရှိခိုးခြင်းစတဲ့ ပြုလုပ်ရမဲ့ကိစ္စ ဘုရားဟောထားခဲ့တယ်။ ဟောတဲ့ အတိုင်း လိုက်နာပြုလုပ်ခြင်းကို စာရိတ္တသီလ လို့ခေါ်တယ်။ ဝါရိတ္တ သီလဆိုတာ မြတ်စွာဘုရားက ရှောင်ကြဉ်ရမဲ ဒုစရိုက်တွေ၊ သူ့အသက်

သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်းအစရှိတဲ့ ဒုစရိုက်တွေ ရှောင်ကြဉ်ဖို့ ဟောထားခဲ့တယ်။ ဟောခဲ့တဲ့အတိုင်း ဒုစရိုက်မှ ရှောင်ကြဉ်တယ်၊ ဒါကို ဝါရိတ္တသီလ။ တို့ဆောက်တည်နေကျ ငါးပါးသီလ ရှစ်ပါးသီလ ဝါရိတ္တသီလနော်။

အဲဒီလို အကျင့်သီလသည် ကိုယ်ခန္ဓာရဲ့ အနှစ်ပဲ။ ဘာဖြစ်လို့လဲ ဒီစာရိတ္တ ဝါရိတ္တသီလ နှစ်ပါးကို ဒီကိုယ်ခန္ဓာ အနှစ်မဟုတ်တဲ့ အနှစ်မဲ့တဲ့ ဤခန္ဓာကိုယ်နဲ့ ရင်းနှီးပြီးတော့ ဖြည့်ကျင့်ရတာဖြစ်လို့ စာရိတ္တ ဝါရိတ္တအားဖြင့် နှစ်ထွေပြားတဲ့ သီလတရားသည် ကိုယ်ခန္ဓာ၏ အနှစ်သာရပါတကားလို့ အလောင်းတော်မြင်ပြန်တယ်။ ဒါမြင်ပြီးရောပေါ့။ မဟုတ်ဘူးသိခွင့်ရှိသမျှ အကုန်ဆက်ပြီးတော့ သိသွားတယ်။

အနိစ္စာဘိဘူတဘာဝေန အသာရဿ ဇီဝိတဿ အနိစ္စာ-
ဒိဝသေန ဝိပဿနာဘိယောဂေါ သာရော။

ငါ ယခုရနေတဲ့အသက်ကို အနိစ္စတရားသည် အမြဲမပြတ် နှိပ်စက်နေတယ်။ အေး-ပရမတ္ထပြောပြောရယင် ခဏိကအနေနဲ့ ခဏတိုင်း ခဏတိုင်းချုပ်ပျောက်ပျက်စီးနေတယ်။ ကေန်စင်စစ် အခိုင် အမာအနှစ်သာရမဟုတ်ဘူးတဲ့။ အနှစ်မဟုတ်သော ဤဘဝအသက်ရဲ့ အနှစ်ကား အသက်ရှိတုန်းပွားရတဲ့ အနိစ္စဘာဝနာ၊ ဒုက္ခဘာဝနာ၊ အနတ္တဘာဝနာ၊ ဒီ ဘာဝနာ သုံးပါး ကောင်းမှုပါတကားလို့ အနှစ်သုံးပါးအလောင်းတော်ဉာဏ်ထဲမှာတန်းမြင်တယ်။

(၁) ဥစ္စာစီးပွား၏ အနှစ်ကား ဒါနကောင်းမှု၊

(၂) ကိုယ်ခန္ဓာ၏ အနှစ်ကား သီလကောင်းမှု၊

(၃) ယခုဘဝရနေဆဲ အသက်ရဲ့ အနှစ်ကား ဘာဝနာကောင်းမှု-လို့ အနှစ်သုံးပါးတန်းပြီးတော့ အလောင်းတော်မြင်ခဲ့တယ်။

**ပစ္စည်းအကုန်စွန့်လှူခြင်း**

မြင်ပြီးတယ်ဆိုယင်ဖြင့် "ငါသည် ဒီဘဝ အနှစ်သုံးပါး အကုန်ရအောင်ယူမယ်" အကြံဖြင့် ဗာရာဏသီမင်းထံသွား၍ လှူဖို့ခွင့်ပန်၊ ဗာရာဏသီမင်းကလဲ ပါရမီဖြည့်ဖက် အရှင်အာနန္ဒာအလောင်းဆိုတော့ ကြည်ကြည်ဖြူဖြူခွင့်ပေးလိုက်ယင်း သဒ္ဒေး ဒီကယူပါအုံးလို့တောင် ပြောလိုက်သေးတယ်။ အဲဒီလိုဆိုပြီးတော့ ခုနစ်ရက်ပတ်လုံး မိမိရဲ့ မိဘဘိုးဘွား ဆင်းသက်လာတဲ့ ဥစ္စာများကို "ဒါနမုခ" အလှူဝဍ္ဍ ချ၍လှူပါသော်လဲပဲ မကုန်နိုင်တဲ့အဆုံးမှာ အလောင်းတော်သည် "ငါကုန်အောင် လှူနေလို့ရှိယင် ဥပုသ်စောင့်ရတာ ဘာဝနာအလုပ် လုပ်ရတာ နောက်ကျနေလိမ့်မယ်၊ ဒီတော့ စောင့်မလူတော့ဘူး။ ဒိန္နံ မေ ဟရန္တု=အားလုံး တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းသူတော်ကောင်းတို့–ကျုန်ုပ်ရဲ့ ဟောဒီဥစ္စာတွေ စွန့်ပြီး၊ ကြဲပြီး၊ လှူပြီးသားပါပဲ။ အလိုရှိတဲ့ ပုဂ္ဂိုလ်တွေ ယူရစ်ကြပါတော့" လို့ အဲဒီလို နှုတ်က ကြွေးကြော်ပြီးတော့ အလောင်းတော်သည် တောထွက်၊ ရဟန်းရသေ့ပြု။ သူတို့ ခေတ်မှာလဲပဲ ဗြဟ္မစရိယ အကျင့်လို့ ဝေဒကျမ်းမှာခေါ်တယ်။ ဗုဒ္ဓဘာသာကျတော့ ရှစ်ပါးသီလ၊ အေး-ရှစ်ပါးသီလကို ဗေဒင်ကျမ်းများကျတော့ ဗြဟ္မစရိယအကျင့်လို့ခေါ်တယ်။အဲဒီလို ဗြဟ္မစရိယ အကျင့်ခေါ်တဲ့ ရှစ်ပါးသီလစောင့်ထိန်း၊ ကသိုဏ်းပရိကံပွား၍ ဘုရားအလောင်းတော် ကဏှရသေ့သူမြတ်သည် လောကီစျာန်သမာပတ်ရ၍ စျာန်မလျှောကျပဲ ဘဝနိဂုံးအဆုံးသတ်ရကား ဗြဟ္မာ့ပြည်မှာ သွားရောက်ပဋိသန္ဓေတည်နေခဲ့ရတယ်။

ထိုဘဝမှာ သာသနာပြင်ပမှာဖြစ်လို့ သာသနာပြင်ပမှာရနိုင်တဲ့ အနှစ်သုံးပါးကို အလောင်းတော်သည် အရယူခဲ့တယ်။

(၁) ဥစ္စာစီးပွားရဲ့ အနှစ်သာရဒါနကောင်းမှုကို လည်းကောင်း၊
(၂) ကိုယ်ခန္ဓာရဲ့ အနှစ်သာရ ရှစ်ပါးသီလကောင်းမှုကို လည်းကောင်း၊
(၃) ထိုဘဝရနေဆဲ အသက်ရဲ့ အနှစ်သာရ အနိစ္စဘာဝနာ ဒုက္ခဘာဝနာ ကောင်းမှုကိုလည်းကောင်း -

အလောင်းတော် သူမြတ်သည် ရယူခဲ့တယ်။

## သစ်ပင်နှင့် သာသနာဥပမာ

ယနေ့သာသနာခေတ်ကျတော့ ဒီအနှစ်သုံးပါးထဲမှာ အနှစ်တပါး ထပ်၍တိုးလိုက်ပါအုံး။ မေး-သာသနာရဲ့ အနှစ် ဘယ်တရားလဲလို့။ အဲဒီလိုသိရအောင် မြတ်စွာဘုရားက မဟာသာရောပမသုတ္တန်မှာ ကိုယ်တော်ရဲ့ သာသနာတော်ကို သစ်ပင်ကြီးနဲ့ဥပမာ တင်စားပြီးတော့ ဟောကြားခဲ့တယ်။ ပကတိသစ်ပင်ကြီးမှာ အကိုင်းအခက်ရှိတယ်။ အကိုင်းအခက်က အရိပ်ပေးလို့ အရပ်လေးမျက်နှာက လာသမျှ လူတွေ ချမ်းချမ်းသာသာ ဒီ·သစ်ပင်ရိပ်မှာနေရတယ်။ တဖန် သစ်ပင်ရဲ့ ပင်စည်ကိုကပ်ပြီးတော့ လေ့လာမယ်ဆိုယင်-

(၁) ပထမ ရှေးဦးစွာ အပေါ်ကို တွေ့ရမယ်။
(၂) ဒီအပေါ်ထဲ ဘာရှိသလဲလို့ အပေါ်ကို ခွာကြည့်ယင် အတွင်းက အခွံအခေါက်ကို တွေ့ရတယ်။
(၃) ဒီအခွံ အခေါက်ထဲ ဘာရှိသလဲလို့ အခွံကို ခွာကြည့်ယင် အကာကိုတွေ့ရတယ်။
(၄) ဒီ အကာရဲ့အထဲမှာ ဘာရှိသလဲလို့ ထပ်ခွာကြည့်ယင် အနှစ်တွေ့ရတယ်။ အနှစ်ရောက်တော့ ဒီသစ်ပင်ကြီးမှာဆုံးပြီ။

အေး ထို့အတူ ဘုရားသာသနာသစ်ပင်ကြီးမှာလဲ သက်န်း၊ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးသည် သာသနာသစ်ပင်ရဲ့ အကိုင်း အခက်ပဲ။ ပစ္စည်းလေးဖြာ သာသနာသစ်ပင်ရဲ့အကိုင်းအခက်ကကျေး ဇူးပြုပေးလို့ အမျိုးလေးပါး သူကောင်းသားတွေ ဤသာသနာအရိပ် ကို ကောင်းကောင်း ချမ်းချမ်း သာသာ ခိုလှုံရတယ်။ သာသနာ့ပင် စည်နှင့်တူသော အကျင့်ပိုင်းကို ဝင်ပြီးတော့ ငါ ပထမဘာကျင့်ရမလဲ ဆိုယင်—

(၁) ရှေးဦးစွာ သီလတွေ၊ ဒါကြောင့် သီလသည် ရှေးဦးစွာ တွေ့ရလို့ သာသနာသစ်ပင်ကြီးရဲ့ အပွေးလို အဲဒီသုတ္တန်အရ မှတ်ရမယ်။

(၂) သီလပြီးယင် ငါဘာကျင့်ရမလဲလို့လေ့လာမယ်၊ ဆရာသမား များလျှောက်မယ်ဆိုယင်-အေး-သမာဓိကို ကျင့်ရမှာတွေ့ရ လိမ့်မယ်။ သမာဓိသည် ဒုတိယတွေ့ရတဲ့အတွက် သာသနာ့ သစ်ပင်ကြီးရဲ့ အခွံ အခေါက်။

(၃) သမာဓိပြီး ငါ ဘာကျင့်ရမလဲလို့စဉ်းစားယင် ဆရာသမား များ လျှောက်ထားယင် ဟ....သမာဓိပြီးယင် ဝိပဿနာ ပညာ အားထုတ်ရမှာပေါ့၊ အေး—ဒါကြောင့် ဝိပဿနာ ပညာသည် တတိယတွေ့ရသော ကျင့်ရမယ့်တရားဖြစ်လို့ သူ့ကို သာသနာသစ်ပင်ရဲ့ အကာသဘောနေ၁်၊ ဥပမာ ပြောရတယ်။

(၄) ထိုအကာပြီးဆုံးသွားယင် အနှစ်တွေ့သလို ဝိပဿနာပြီးဆုံး သွားယင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ လောကုတ္တရာတရား

ဂ-ပါး၊ ထို ဂ-ပါးရှဲ အာရုံဖြစ်တဲ့ နိဗ္ဗာန်တည်းဟူသော လောကုတ္တရာတရားကိုပါး တွေ့ရမယ်။ လောကုတ္တရာတရား ကိုးပါးကျတော့ သာသနာဆုံးပြီ။ ဒါကြောင့် လောကုတ္တရာ မဂ် ဖိုလ် နိဗ္ဗာန် ကိုးတန်သောတရားအစုသည် သာသနာ့ အနှစ်လို့ဆိုရတယ်။

ဤတွင် **အနှစ်လေးပါး** တန်းကြည့်၊ **အေး....**တန်းကြည့် –

(၁) **ဥစ္စာစီးပွား၏** အနှစ်ကား ဒါန၊

(၂) ကိုယ်ခန္ဓာ၏ အနှစ်ကား သီလ၊

(၃) ယခုဘဝ ရနေဆဲအသက်၏ အနှစ်ကား ဘာဝနာ၊
ဒီအနှစ်သုံးပါး အရင်းထားပြီးတော့ အဖိုးဥစ္စာသဘော အနှစ်ဖြင့် အနှစ်ကို ဝယ်ယူမှုရပါတယ်။

(၄) ဒီအနှစ် ၃-ပါးကို အကြောင်းပြု၍ ရအပ်တဲ့ မဂ် ဖိုလ် နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားတော်သည် သာသနာ့ရှဲ "အနှစ်"လို့ အဲဒီလို **အနှစ်လေးပါး** နားလည် **ပြီးတော့** ...

မိမိတို့သည် နေ့စဉ် နေ့စဉ်လဲပဲ အလှူရေစက် လက်နဲ့မကွာ ဒါန ကောင်းမှုပြုခြင်းဖြင့် ဥစ္စာစီးပွားရှဲ အနှစ်သာရကိုလဲပဲ နေ့တိုင်း နေ့တိုင်း စုနေတယ်။ နေ့စဉ်နေ့စဉ် ငါးပါးသီလ (ရှစ်ရက်သီတင်း၊ လပြည့်၊ လကွယ်၊ အခါကြီးရက်ကြီးများ၌ ရှစ်ပါးသီလ) စောင့်ထိန်း ခြင်းဖြင့် ယခုဘဝရနေတဲ့ ဒီကိုယ်ခန္ဓာရှဲ အနှစ်သာရသီလကိုလဲပဲ မိမိ တို့နေ့တိုင်း ဆည်းပူးနေတယ်။ ဉာဏ်အမြင်မှိုကြသလောက် ရုပ် နာမ် ခမ္မ သင်္ခါရတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်အင်ကိုဆင်ခြင်ပွားများတဲ့ ဘာဝနာအနှစ်ကိုလဲပဲ မိမိတို့ရယူနေကြတယ်။ အေး . ကနေ့ သာသနာ့

မြေလှူပွဲမှာ ဒါနအနှစ်၊ ဒါနအနှစ်အကြောင်းပြုပြီးတော့ သရဏဂုံ သီလများ ဆောက်တည်တော့ ကိုယ်ခန္ဓာရဲ့အနှစ် တခါရပြန်တယ်၊ အင်း....ဒါတင်မကသေးဘူး ဟုတ်လား၊ ပရိတ်တရားနာကြားခြင်းဖြင့် "ဓမ္မဿဝန"ဆိုတဲ့ ဘာဝနာ ယခုဘဝရနေသော အသက်ရဲ့အနှစ်၊ အနှစ်သုံးပါး မိမိတို့ရကြတယ်။ ထိုအနှစ်သုံးပါးကောင်းမှုများကြောင့် ဘုရားသာသနာ၏ အနှစ်ဖြစ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားတော်မြတ်ကို အရဟတ္တဖိုလ်ပေါက် လျှင်မြတ်ထုတ် ချောက်ရလိုပါ၏၊ မျက်မှောက်ပြုရပါကုန်၏–လို့ အေး ဆုမွန်ကောင်း တောင်း၍ ရေစက်မိုးစက်ချ အမျှဝေ နော်။ ဆုမွန်ကောင်းတောင်း၊ အားလုံး အလှူဒါယကာ အလှူဒါယိကာမကြီးတို့က ရေစက်ခွက်ကိုင်၍ အားလုံး ကလျာဏမိတ်တွေ ကုသိုလ်ပွားလိုက်ပြီးတော့ ဆိုကြပါလေ။

## ရေစက်ချ

ဘန္တေ–သုပ္ပဋိပန် အကျင့်မှန်ကို ကျင့်ကြံပွားများ ဟောကြားကြပါသော ဆရာတော်သံဃာတော်အရှင်မြတ်တို့ဘုရား....တပည့်တော်များသည် ဥစ္စာစီးပွား၏ အနှစ်သာရ ဒါနကောင်းမှုအကြောင်းပြု၍ ကိုယ်ခန္ဓာ၏ အနှစ်သာရ သီလကောင်းမှု၊ ယခုဘဝ ရနေဆဲအသက်၏ အနှစ်သာရဘာဝနာကောင်းမှု အနှစ်သုံးပါး ဤတရားတို့ကို ပွားများရယူလိုသောကုသိုလ်ဆန္ဒ ထက်သန်စွာဖြစ်ရှိကြ၍ မိမိတို့၏ "ဓမ္မိယလဒ္ဓ" မြေနေရာနှင့်တကွ အဆောက်အအုံကို သာသနာတော်အား လှူဒါန်းသောဒါနကောင်းမှု ကုသိုလ်သဘင်ဝယ် ရွှေပိုင်းပရိက် စီမံဖွယ် အသွယ်သွယ်သော ဝေယျာဝစ္စ မှုကိစ္စတို့ကို စီမံကြ၍ နံနက်မိုးသောက်ရောက်သော အချိန်မှအစပြုကာ နေမွန်းလွဲချိန်တိုင်အောင် ဤအတွင်း၌ သံဃာတော်အရှင်မြတ်တို့နှင့်တကွ ကလျာဏမိတ် ပရိသတ်

တို့အား မှန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပါကုန်၏။

ဘောဇနဒါန ကိစ္စဉဿုံ ပြည့်စုံသော နေမှန်းလွဲ ယခုအခါဝယ် သာသနာ၏ ဝတ္ထုကံမြေအလှူတည်နေရာ ဤဌာနသို့ တညီတညွတ် တည်း စည်းဝေးလာရောက်ကြ၍ ရှေးဦးစွာ သရဏဂုံ သီလတို့ကို ဆောက်တည်ပါကုန်၏၊ ခံယူပါကုန်၏။ မိမိတို့၏ "ဓမ္မိယလဒ္ဓ" မြေ နေရာနှင့်တကွ ထိုမြေပေါ်ရှိ အဆောက်အအုံကို ဘုရားမြတ်စွာ၏ သာသနာတော် သုံးရပ်အား စာတမ်းဖတ်၍ စေတနာထက်သန်စွာ သဒ္ဓါပြဋ္ဌာန်း လှူဒါန်းပါကုန်၏။ လှူဒါန်းကြပြီးလျှင် ထိုသာသနာ့ ဝတ္ထုကံမြေနေရာနှင့်တကွ အဆောက်အအုံကို အကျိုးရှိအောင် သုံးစွဲ နိုင်ရန် သံဃနာယကဖြစ်တော်မူကြသော မထေရ်မြတ် ငါးပါးတို့နှင့် တကွ ဆန်လှူအသင်း လူကြီးမင်းတို့ကိုလည်းကောင်း၊ မြို့ရွာကို အုပ်ချုပ်သော မြို့မိ မြို့ဘ ဝေယျာဝစ္စကရအပေါင်း သူတော်ကောင်းတို့ကို လည်းကောင်း အကျိုးရှိအောင် သုံးဆောင်ဖို့ရာ တောင်းပန်စကား လျှောက်ထားကြ၍ ရက္ခကဂေါပကပြုလုပ်ကြရန် အပ်နှံပါကုန်၏။

ပရိတ်တရား ရှိသေစွာ နာကြားပါကုန်၏။ ပရိတ်တရား နာကြား ပြီးသော သာသနာ့ဝတ္ထုကံမြေကို လှူ၍ပြီးသော ယခုအခါ "ပရိ- ဝါရဒါန" ကောင်းမှုဖြစ်စိမ့်သောငှာ ပင့်သံဃာ မထေရ်မြတ်တို့၏ လိုအပ်ရာရာ ပစ္စည်းလေးဝ နဝကမ္မအလို့ငှာ "ဂုဏပူဇာ" ကျပ်ငွေ အသပြာ ဝတ္ထုအလှူတို့ကို သဒ္ဓါပြဋ္ဌာန်း ပစ္စည်းလေးဖြာ အလျာ အဖြစ်ဖြင့် လှူဒါန်းပါကုန်၏။

တပည့်တော်များ နေ့စဉ်လည်းကောင်း၊ ဤယနေ့လည်းကောင်း ပွားများအားထုတ်ရသော ဒါနအနှစ်၊ သီလအနှစ်၊ ဘာဝနာအနှစ် အနှစ်သုံးပါး ကောင်းမှုများကြောင့် ဘုရားတပည့်တော်တို့သည်

သာသနာတော်၏ အနှစ်ဖြစ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာ တရားတော်မြတ်ကို အရဟတ္တဖိုလ်ပေါက် လျှင်မြန်ထုတ်ချောက် ရရောက်ရသည့်ကိုယ် မျက်မှောက်ပြုရသည့်ကိုယ် ကေန်မချွတ် တညီတညွတ်တည်း ဖြစ်ပါလိုကုန်၏။

ဤကုသိုလ် အရပ်ရပ်၏ အဖို့ဘာဂကို အမိ အဘ အဘိုးအဘွား ကလျာဏမိတ် ပရိသတ်တို့အားလည်းကောင်း၊ ကိုယ်စောင့်နတ်များ ဤသာသနာ့ဝတ္ထုကံမြေစောင့်နတ်များ မြို့စောင့်နတ်များ သိကြားနတ်မင်း ယမမင်း စတုလောကပါလ နတ်မင်းတို့နှင့်တကွ မိုးနတ်သားများ မြေနတ်သားများ သမ္မုတိနတ် လူမင်းများအားလည်းကောင်း၊ ဆွေဟောင်း မျိုးဟောင်း မိဟောင်း ဘဟောင်း အပေါင်းတို့အားလည်းကောင်း ထိုမှကြွင်းသော ဘုံသုံးပါး၌ ထင်ရှားရှိသောသတ္တဝါတို့အားလည်းကောင်း၊ဤကောင်းမှုကုသိုလ်စုကို အမျှပေးဝေပါကုန်၏။ မိဘ ဘိုးဘွားအမှူးထား၍ များပြားလှစွာ သတ္တဝါတို့သည် အကျွန်ုပ်တို့နှင့်အညီအမျှ ဤကောင်းမှုအစုရ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။

(အမျှဝေ)

သာဓု....သာဓု....သာဓု

အနှစ်လေးပါး သာရတရားတော်

ပြီးပြီ။

# နိမိကဏ္ဍသုတ္တန်တရားတော်

ကောဇာသက္ကရာဇ် ၁၃၃၆-ခု၊ သာသနာတော် ၂၅၁၈-ခုနှစ်၊ တပေါင်းလဆန်း ၁၄-ရက်နေ့ ညနေဆည်းဆာအချိန် ရန်ကုန်မြို့၊ ကံဘဲ့ သစ္စဝါဒီကုန်းမြေ "ပဋ္ဌာနိကာယ တိပိဋကဓမ္မရိပ်မွန်" အရာမ် အတွင်း၌ ရန်ကုန်မြို့ "နိကာယုဇ္ဇောတကသမိတိ=နိကာယ် သာသနာတော် ထွန်းကားရေး အသင်းကြီး၏ ပထမအကြိမ် နိကာယ်စာမေးပွဲ သဘင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား ချီးကျူးကော်ရော် ပူဇော်အပ်သော ပဋ္ဌာနိကာယ **ဓမ္မပူဇာ** မင်္ဂလာသဘင်ပွဲ၌ ဟောကြားအပ်သော ခုဒ္ဒကပါဌပါဠိတော်လာ "နိဓိကဏ္ဍသုတ္တန်တရား"ကို ယနေ့ ဟောကြ နာကြရအောင်—

နိဓိကဏ္ဍသုတ္တန်တရားကို မနာမီ မြတ်စွာဘုရား ကိုယ်တော်မြတ်ရဲ့ သုဂတဂုဏ်တော်ကို ချီးကျူးဖွဲ့ဆိုထားသော ဇိနာလင်္ကာရကျမ်းလာ ဘုရားရှိခိုး ဂါထာဖြင့် ရှေးဦးစွာ မြတ်စွာဘုရားကို အာရုံယူ ရှိခိုး ပူဇော်ကြဦးစို့ သူတော်ကောင်းတို့။

**ဇိနာလင်္ကာရကျမ်းလာ ဘုရားရှိခိုးဂါထာ**

သုခုမ္ဗ ဒုက္ခံ သမတာယုပေက္ခံ၊
နေဝိစ္ဆိ ယော ကာမ-မကာမနိတံ။
အသင်္ခတံ သင်္ခတသမ္ဘဝံ ဘဝံ၊
ဟိတွာ ဂတော တံ သုဂတံ နမာမိ။

**ယော** သုဂတော၊ အကြင် သုဂတဂုဏ်ထူးဖြင့် ချီးကျူးအပ်ပါသော မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည်။ သုခဥ္စ၊ ကိုယ်စိတ်

နှစ်ဖြာ ချမ်းသာခြင်းကိုလည်း။ (ဝါ) သုခဥ္စ၊ ခုနစ်ရက်မျှ ဆိုင်းငံ့တွ လျှင် လက်ရမှန်စွာ ဆိုက်ရောက်လာမည့် စကြာသေဌ်နှင်း မင်း၏ ချမ်းသာကိုလဲပဲ။ နေဝ ဣစ္ဆိ၊ ဆံလွှာခြမ်းမျှ မျှော်မှန်းဆ၍ တမ်းတ ခုံမက် နှစ်သက်မြတ်နိုးတော်မမူ။ ဒုက္ခဥ္စ၊ ဒုက္ကရစရိယာ ခြောက်နှစ်ကြာ အောင် ခန္ဓာတော်နွမ်း ပင်ပန်းရခြင်း ဆင်းရဲဒုက္ခကိုလည်း။ (ဝါ) ဒုက္ခဥ္စ၊ လေးအသင်္ချေ သိန်းနေကမ္ဘာ ရှည်မြင့်ကြာအောင် ပါရမီ ၁၀ စရိယတို့ကို ဖြည့်ရများထွေ ဒုက္ခပေါင်းအသင်္ချေကိုလဲပဲ။ နေဝ ဣစ္ဆိ၊ ဆံလွှာခြမ်းမျှ မျှော်မှန်းဆ၍ တမ်းတစုံမက် နှစ်သက်မြတ်နိုးတော်မမူ။ သမတာယုပေက္ခံ၊ မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့် ရအပ်မှန်စွာ အရဟ-တ္တဖိုလ်နှင့်ယှဉ်တဲ့ စတုတ္ထစျာန်ချမ်းသာ ဥပေက္ခာကိုလဲပဲ။ နေဝဣစ္ဆိ၊ ဆံလွှာခြမ်းမျှ မျှော်မှန်းဆ၍ တမ်းတ စုံမက် နှစ်သက်မြတ်နိုးတော်မမူ။

ကာမံ·ကာမနိတံ၊ ကာမတဏှာ ဆောင်တိုင်းပါရသည့် သုံးရွာဘူမိ သမ္ပတ္တိချမ်းသာ အမျိုးမျိုးကိုလည်းကောင်း။ အကာမနိတံ၊ကာမ စ္ဆန္ဒ အယုတ်ဓမ္မကို ဖြုတ်ချပယ်လှန် လက်ရောက်မှန်သည့် ဈာန်နှင့်မဂ်ဖိုလ် ထိုထိုချမ်းသာ အမျိုးမျိုးကိုလည်းကောင်း။အသင်္ခတံ-အသင်္ခတသမ္ဘဝံ၊ အသင်္ခတဓာတ် ခေါ်တွင်မှတ်သား ပညတ် နိဗ္ဗာန် ဤနှစ်တန်ကြောင့် ခံစံဆိုက်ကပ် ရောက်အပ် ရထိုက်သော။ ဘဝံ၊ ဈာန်ချမ်းသာ မဂ် ချမ်းသာ ဖိုလ်ချမ်းသာ အမျိုးမျိုးကို လည်းကောင်း။ သင်္ခတသမ္ဘဝံ၊ အဘိသင်္ခါရက အမည်ရသား အပရိမေယျ ပုညမျိုးမှန် ပျိုးခဲ့ဖန်၍ ခံစံ ဆိုက်ကပ် ရောက်အပ် ရထိုက်သော။ ဘဝံ၊ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာအမျိုးမျိုးကိုလည်းကောင်း။ ဟိတွာ၊ ကိုယ်မှထွေးဟက် တံတွေးကွက်သို့ ရက်ရက်ကြီး စွန့်ခွာတော်မူ၍။ ဂတော၊ အနုပါဒိ-သေသ အမတကြငှန်း နိဗ္ဗာန်နန်းသို့ ကြွမြန်းဆိုက်ရောက်တော်မူခဲ့ လေပြီ။

တံ သုဂတံ၊ သုခ ဒုက္ခ ဥပေက္ခာ ဝေဒနာသုံးပါး ကာမနိတ ချမ်းသာ အကာမနိတချမ်းသာ, သခ်တသမ္ဘဝချမ်းသာ အသခ်တသမ္ဘဝ ချမ်းသာ တည်းဟူသော ဝေဒယိတချမ်းသာတို့ကို ပယ်ခွာ စွန့်လွှတ် တော်မူ၍ အနုပါဒိသေသ အမတကြငှန်း နိဗ္ဗာန်နန်းသို့ ကြွမြန်း ဆိုက်ရောက်တော်မူမှုကြောင့် သုဂတဂုဏ်ထူးဖြင့် ချီးကျူးအပ်ငြား ထို မြတ်စွာဘုရားကို။ နမာမိ၊ ကိုယ် နှုတ် နှလုံး သုံးပါး ပျောင်းပျော့ မာန်ကို လျှော့၍ ကန်တော့ မြတ်နိုး လက်စုံမိုးလျက် ရှိခိုး ဦးညွတ်ပါ၏ မြတ်စွာဘုရား။

သာဓု....သာဓု....သာဓု

## မဖြစ်သုခ ဖြစ်သုခ နှစ်မျိုး

မြတ်စွာဘုရားရှင်သည် သုခဝေဒနာ အမျိုးမျိုး ဒုက္ခဝေဒနာ အမျိုးမျိုး အရဟတ္တဖိုလ် စတုတ္ထဈာန် ဥပေက္ခာဝေဒနာဆိုတဲ့ ဝေဒနာ သုံးပါးကို အလိုရှိတော်မမူပါဘူး။ လူတကာကို မေးကြည့်ယင် "စတုတ္ထဈာန် ဥပေက္ခာဝေဒနာကို လိုချင်လိုက်တာ" လို့ ပြောကြပါလိမ့် မယ်။ ဘုရားရှင်အနေနှင့်ကတော့ အဲဒါတွေ ဘာကိုမှ မလိုချင်ပါဘူး။ ဘုရားရှင်လိုချင်တာက မဖြစ်သုခ ဖြစ်သုခ နှစ်မျိုးရှိတဲ့အနက် မဖြစ် သုခကို လိုချင်တော်မူတယ်။

ဆိုကြပါစို့၊ ပုဂ္ဂိုလ်တယောက် နေထိုင်မကောင်းဘူး မကျန်းမာဘူး။ အဲဒီမကျန်းမာတဲ့ ပုဂ္ဂိုလ်တယောက်ကို မဖြစ်သုခနှင့် ဖြစ်သုခ နှစ်မျိုး ယှဉ်ပြီးမေးကြည့်ရမယ်။

(၁) ကိုရင်၊ ကိုရင့်မှာ အခုစွဲကပ်နေတဲ့ ဝေဒနာရောဂါမှ ဝေဒနာ ငြိမ်းသွားတဲ့ သုခကို ယူမလား။

(၂) ဒါမှမဟုတ် ယခုစွဲကပ်နေတဲ့ ဝေဒနာရောဂါကတော့ ဒီအတိုင်းပဲ။ စကြဝတေးမင်း စည်းစိမ်လောက် ချမ်းသာတဲ့ လူလောကမှာ အထွတ်အထိပ်ရောက် ချမ်းသာသုခကိုရယင် ယူမလားလို့ (မေးကြည့်ပါ။)

မေးကြည့်လို့ရှိလျှင် အဲဒီပုဂ္ဂိုလ်သည် ဘယ်သုခကိုယူမလဲ၊ (စဉ်းစားပါ)။ ဆင်ခြင်တတ်တဲ့ ပုဂ္ဂိုလ်ဆိုလျှင် စကြဝတေးမင်းသုခက သုခကြီးသလောက် တခါတည်း ပဉ္စယာဂတွေ ပြုပြင်ရမှုတွေ အင်မတန်များတဲ့အပြင် မိမိမှာ ရောဂါဝေဒနာက စွဲနေတော့ အလကား ဒါက ကြည့်နေရမဲ့သုခ မလိုချင်ဘူး။ မှန်မှန်ကလေး ဝတ်စားပြီးတော့ သူ့လက်ရှိ ရောဂါဝေဒနာ ပျောက်ငြိမ်းခြင်းဆိုတဲ့ ချမ်းသာသုခကိုပဲ လိုချင်မယ်။ ရောဂါဝေဒနာ ပျောက်ငြိမ်းခြင်းဆိုတာဟာ ရောဂါဝေဒနာ၏ မဖြစ်ခြင်းကို ခေါ်တယ်။ ရောဂါဝေဒနာ မဖြစ်တာက မဖြစ်သလောက် ချမ်းသာနေပါတယ်။ (စဉ်းစားကြည့်ပါ။)

အဖြစ်ချမ်းသာက ဖြစ်-တည်-ပျက်၊ ဖြစ်-တည်-ပျက်၊ ဖြစ်-တည်-ပျက်၊ တပျက်တည်းပျက်နေတဲ့ ချမ်းသာဖြစ်လို့ ထိုချမ်းသာကို မလိုချင်ဘူးတဲ့။

အဲဒီလိုပါပဲ မြတ်စွာဘုရား ကိုယ်တော်မြတ်လဲ ခန္ဓာငါးပါးတို့ရဲ့ အဖြစ်ဇာတ်သိမ်းမှု အငြိမ်းကြီးငြိမ်းမှုဆိုတဲ့ အနုပါဒိသေသ ပရိနိဗ္ဗာန် မစံရသေးခင် သစ်မရခင် ဝါးကိုပေါင်းကွပ်သောအနေနဲ့ အရဟတ္တဖိုလ် ချမ်းသာဖြင့် မျှတတော်မူနေပါတယ်။ အမှန်တကယ် ကိုယ်တော် လိုချင်တော်မူတာက အရဟတ္တဖိုလ်ချမ်းသာထက် အနုပါဒိသေသ ပရိနိဗ္ဗာန် ချမ်းသာကို လိုချင်တော်မူပါတယ်။ အနုပါဒိသေသ ပရိနိဗ္ဗာန် ချမ်းသာဆိုတာ ဘုံသုံးပါးမှာ ဘယ်ဘုံဌာနမှ ခန္ဓာအသစ်မဖြစ်သော

ငြိမ်းအေးခြင်းဖြင့် ငြိမ်းအေးမှုကို ဆိုလိုပါတယ်။ ထို အနုပါဒိသေသ ပရိနိဗ္ဗာန် ချမ်းသာကို မြတ်စွာဘုရားရှင် လိုချင်တော်မူပါတယ်။

ကိုယ်တော်လိုချင်တဲ့ အနုပါဒိသေသ ပရိနိဗ္ဗာန် ချမ်းသာကို ရယူတော်မူသွားတဲ့ သုဂတဂုဏ်ထူးဖြင့် ချီးကျူးအပ်တဲ့ မြတ်စွာဘုရားကို ရှိခိုးလို့ပြီးပါပြီ။

**နိမိကလ္လာသုတ်အစ**

ယင်းသို့ သုဂတဂုဏ်ထူးဖြင့် ချီးကျူးအပ်ပါသော မြတ်စွာဘုရားကို မိမိတို့စိတ်ထဲမှာ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့ပုံကို အာရုံယူထားကြပါ။ ဗုဒ္ဓဘာသာ သူတော်စင်တို့သည် တရားနှင့် ပတ်သက်လာလျှင် ရှေးကပြောလျှင်ပင် နောက်က တောက်လျှောက် အာရုံရယူပြီးသား ဖြစ်နေကြပါပြီ။

ရှေ့ဆက်၍ ဘာကို အာရုံယူရမလဲ။ အနက်သဘော ပေါ်လွင်တယ် ဆိုတာ မိမိဉာဏ်ထဲမှာ ဒီအာရုံတွေ တန်းပြီးတော့ တခုပြီးတခု ဒီလို ပေါ်မှ အနက်ထင်တယ်လို့ ခေါ်ပါတယ်။ ကောင်းပြီ၊ သဗ္ဗညုမြတ်စွာ ဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့ပုံကို အာရုံယူပြီးတဲ့နောက် ဆက်၍ အာရုံယူရမှာက တနေ့သ၌ သာဝတ္ထိပြည်သား သဌေးတယောက် မြတ်စွာဘုရားနှင့် တကွ သံဃာတော်အရှင်မြတ်တွေကို မိမိအိမ်သို့ပင့်၍ မွန်မြတ်သော ဆွမ်း ခဲဖွယ် ဘောဇဉ် ဒါနကြီးပေးလှူနေတဲ့ပုံကို ဆက်ပြီးတော့ အာရုံယူထားကြပါဦး၊ ယူပြီးပြီ။

အဲဒီအချိန်မှာ ပသေနဒီ ကောသလမင်းတရားကြီးက ငွေရေးကြေးရေး ဆွေးနွေးတိုင်ပင်စရာရှိလို့ မင်းချင်း (မင်းမှုထမ်း) တယောက်လွှတ်ပြီး ထိုသဌေးကို ခေါ်ခိုင်းလိုက်တယ်။ မင်းမှုထမ်းက

ဘုရားအမှူးရှိတဲ့ သံဃာကို ဆွမ်းပြုလှူဒါန်းနေတဲ့ သင်္ဘေးရှိရာသို့ လာရောက်ပြီးတော့ "(ရာဇာ တံ အာမန္တေသိ)သင်္ဘေးမင်း၊မင်းတရားကြီးက ငွေရေး ကြေးရေး ဆွေးနွေးတိုင်ပင်စရာရှိလို့ အသင်သင်္ဘေးမင်းကို အခေါ် လွှတ်ပါတယ်"။

အဲဒီလိုပြောတဲ့အခါ သင်္ဘေးက ဘာပြန်ပြောသလဲ (ဆိုလျှင်) "မောင်ရယ်၊ ကျုပ်အခု ဥစ္စာကို မြှုပ်နှံသိုမှီး သိမ်းဆည်းနေတဲ့အခါဖြစ်လို့ ဘုရင်ထီးဘုရားကြီးကို ပြန်ကြားလျှောက်ထားပေးပါ။ဥစ္စာကိုသိမ်းဆည်းပြီးလျှင် ဘုရင်မင်းတရားကြီးထံမှောက် အရောက်လာပါ့မယ်ဆိုတဲ့အကြောင်း မောင်ရင် ပြန်ကြားပြောပေးပါ" ဆိုတော့ "ကောင်းပါပြီ"ဆိုပြီး မင်းချင်းယောကျ်ား ပြန်သွားတယ်။ မြတ်စွာဘုရားက သင်္ဘေးရဲ့ ပြောတဲ့စကားမှာ သင်္ဘေးရဲ့ ရည်ရွယ်ချက် အနက်အဓိပ္ပာယ်ရှိလှပုံကို သိတော်မူတယ်။

ဒီကနေ့တော့ နိဓိလေးပါး (ဥစ္စာလေးပါး)ခွဲခြား ဟောကြားရမယ်။ နိဓိကဏ္ဍသုတ်ဆိုတာ နိဓိက ဥစ္စာ၊ ကဏ္ဍ က အဲဒီဥစ္စာလေးပါးကို ပိုင်းခြားဖော်ပြတဲ့သုတ်၊ ဒီသုတ် တရားဟောရမယ်။

အဲဒီလို မြတ်စွာဘုရား စဉ်းစားဆင်ခြင်တော်မူပြီး အားလုံးဆွမ်းကပ်ပြီး ရေစက်မိုးစက်ချပြီး တရားဟောဖို့အချိန်ရောက်တော့ နိဓိကဏ္ဍခေါ်သော ဒီသုတ္တန်ကို သင်္ဘေးအား တရားနာခံထားပြီးတော့ ဟောကြားတော်မူပါတယ်။

၁။ နိဓိံ နိဓေတိ ပုရိသော၊ ဂမ္ဘီရေ ဩဒကန္တိကေ။
အတ္ထေ ကိစ္စေ သမုပ္ပန္နေ၊ အတ္ထာယ မေ ဘဝိဿတိ။

ဂဟပတိ၊ ဒါယကာသင်္ဘေး။ ပုရိသော၊အမျိုးကောင်းသား အမြော်အမြင်ကြီးတဲ့ မင်းယောကျ်ားသည်။ ဂမ္ဘီရေ၊ နက်စွာထသော။ ဩဒ-

ကန္တိကော၊ ရေနှင့်နီးကပ်အောက်မြေအရပ်၌။ နိမိ၊ ရွှေ ငွေ ဥစ္စာ ရတနာကို။ နိဓေတိ၊ မြှုပ်နှံသိုမှီး သိမ်းဆည်းပေ၏။

သဒ္ဒေး အမြော်အမြင် အဆင်ခြင်ရှိတဲ့ ယောကျ်ားသည် ရွှေငွေဥစ္စာ ရတနာကို နက်စွာသော မြေအရပ်၌ (ဘယ်လောက်နက်သလဲဆိုလျှင်)နောက်တတောင်လောက် တူးလိုက်လျှင် ရေထွက်တော့မယ်လို့ ဆိုရလောက်အောင် နက်စွာသော မြေအရပ်၌ လုံလုံခြုံခြုံ ထို ရွှေ ငွေ ရတနာဥစ္စာကို မြှုပ်နှံသိုမှီး သိမ်းဆည်းတယ်ဆိုပါစို့။ ဤအရာ၌ ဥစ္စာသည် လေးမျိုးရှိတယ်။ဥစ္စာလေးမျိုးကို နားလည်ပါ။

**ဥစ္စာလေးမျိုး**

(၁) ထာဝရဥစ္စာ=ဒီနေရာမှာထားလျှင် ဒီနေရာမှာပဲ ဘယ်မှ ရွှေ့ရှားမသွားတတ်တဲ့ လယ်ယာ မိုး မြေ တိုက်တာ နေအိမ် ရွှေ ငွေ အိမ်ထောင်ပရိဘောဂ အသုံးအဆောင်အစရှိတဲ့ မိမိပိုင်သည့် သက်မဲ့ဝတ္ထုပစ္စည်းများကို ထာဝရဥစ္စာလို့ ခေါ်တယ်။

(၂) ဇင်္ဂမဥစ္စာ=တရွေ့ရှားရှား တသွပ်ရှားရှားသွားလာတတ်တဲ့ မိမိပိုင်သော ဆင် မြင်း ကျွဲ နွား ကျွန်ယောကျ်ား ကျွန်မိန်းမ အစရှိတဲ့ သက်ရှိဥစ္စာ ပစ္စည်းများကို ဇင်္ဂမဥစ္စာလို့ ခေါ်တယ်။

(၃) အင်္ဂသမဥစ္စာ=မိမိရဲ့ ဦးခေါင်း လက် ခြေ အင်္ဂါများသည် မိမိအရှေ့ သွားလျှင် အရှေ့ပါ၊ အနောက် သွားလျှင် အနောက်ပါ၊ တောင်သွားလျှင် တောင်ပါ၊ မြောက်သွားလျှင် မြောက်ပါနေသလို မိမိတတ်သိသော နှုတ်မှုပညာ

လက်မှုပညာများကလဲပဲ မိမိသွားရာ အရှေ့ အနောက် တောင် မြောက်အရပ်တို့သို့ ထက်ကြပ်မကွာ လိုက်ပါတတ်တဲ့ အတွက်ထိုမိမိတတ်သိတဲ့ နှုတ်မှုပညာ လက်မှုပညာများကို အင်္ဂသမဥစ္စာလို့ ခေါ်တယ်။(ဦးခေါင်း လက်ခြေ အင်္ဂါတို့ နှင့်တူတဲ့ ဥစ္စာပေါ့)။

(၄) အနုဂါမိကဥစ္စာ=ဆိုခဲ့ ပြီးသော ရွှေ ငွေ အစရှိတဲ့ သက်မဲ့ထာဝရဥစ္စာတွေ၊ ဆင် မြင်း ကျွဲ နွားအစရှိတဲ့ သက်ရှိ ဇင်္ဂမဥစ္စာတွေ၊ မိမိတတ်သိတဲ့ နှုတ်မှုပညာ လက်မှု ပညာဆိုတဲ့ အင်္ဂသမဥစ္စာတွေ ဒီဥစ္စာသုံးမျိုးဟာ ဒီဘဝမှာ အလွန်ဆုံးလိုက်လျှင် မိမိသေသည်အထိသာပဲ လိုက်မယ်။ သေတဲ့နောက် သူတို့မလိုက်တော့ဘူး။ ဒီဘဝမှာ နေရစ်ခဲ့ ကြတာပဲ။ ကိုယ်က ဒါတွေကို ပစ်သွားရတာပဲ။ အဲဒီလို မဟုတ်ပဲ တမလွန်လောကမှာ အနာဂတ်သံသရာတလျှောက် နိဗ္ဗာန်ရောက်အောင် မိမိနောက်က အရိပ်ပမာ တကောက် ကောက် လိုက်ပါတတ်တဲ့ ဒါနကောင်းမှု၊ သီလကောင်းမှု သမာဓိကောင်းမှု၊ ပညာကောင်းမှု၊ ဒီကောင်းမှုလေးပါးကို တော့ အနုဂါမိက ဥစ္စာခေါ်တယ် ဒါယကာသငှေး။

အဲဒီဥစ္စာလေးမျိုးတွင်၊ယခုမြေထဲ မြှုပ်နှံတယ်ဆိုတဲ့ဥစ္စာက ထာဝရ ဥစ္စာ စာရင်းထဲမှာပါတဲ့ ရွှေ ငွေကို ပြောနေတယ်။

ပုရိသော၊ အမျိုးကောင်းသား အမြော်အမြင်ကြီးတဲ့ မင်း ယောကျ်ားသည်။ ဂမ္ဘီရေ၊ နက်စွာထသော၊ ဩဒကန္တိကေ၊ ရေနှင့် နီးကပ် အောက်မြေအရပ်၌။ နိဓိံ၊ ထာဝရဥစ္စာ ရွှေ ငွေရတနာကို။ နိဓေတိ၊ မြှုပ်နှံသိုမှီး သိမ်းဆည်းပေ၏။

## ဥစ္စာမြှုပ်နှံရာ၌ ရည်ရွယ်ချက် ၂-မျိုး

ရွှေ ငွေ ဥစ္စာ ထာဝရဘဏ္ဍာကို မြေထဲသိမ်းဆည်းတာဟာ ရည်ရွယ်ချက်ရှိတယ် ဒါယကာသဒ္ဒေး။

(၁) အကျိုးရဖို့ မျှော်လင့်တဲ့ရည်ရွယ်ချက်တခု။

(၂) အကျိုးမဲ့ကို ပယ်ရှားဖို့ ရည်ရွယ်ချက်တခု။

ဤရည်ရွယ်ချက် နှစ်မျိုးတို့တွင် (၁) အကျိုးရဖို့ ရည်ရွယ်ချက်ကို ရှေးဦးစွာ မြတ်စွာဘုရား ဖော်ပြတော်မူလို၍—

အတ္ထေ ကိစ္စေ သမုပ္ပန္နေ၊ အတ္ထာယ မေ ဘဝိဿတိ—

လို့ ဟောတော်မူတယ်။

မေ၊ ငါ့အဖို့ရာ။ အတ္ထေ ကိစ္စေ၊ အကျိုးရှိအောင် ရွက်ဆောင်နိုင်သော ကိစ္စကြီးငယ် အသွယ်သွယ်သည်။ သမုပ္ပန္နေ၊ ဖြစ်ပေါ်လတ်သည်ရှိသော်။ မေ၊ငါ၏။ အတ္ထာယ၊ ဥစ္စာပွားတိုး အကျိုးအလို့ငှါ။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။ ဣတိ ဝါ၊ ဤသို့ နှလုံးပိုက်၍လဲပဲ။ နိဓေတိ၊ မြှုပ်နှံသိုမှီး သိမ်းဆည်းတော်ပေ၏။

အကျိုးရဖို့ မျှော်ကိုးတယ်ဆိုတာ “ခုအချိန်သည် ရောင်းလို့ဝယ်လို့ ရင်းလို့ နှီးလို့ မကောင်းသေးဘူး။ နံနက်တမျိုး နေ့တမျိုး ညတမျိုး နက်ဖြန်တမျိုး နောက်တနေ့တမျိုး နောက်ရက်တမျိုး အမျိုးမျိုး ဈေးတွေမတည်ငြိမ်တဲ့အခါမှာ သွားပြီးတော့ မြောက်မြားစွာ ရင်းနှီး လုပ်ကိုင်လို့ရှိယင် အဆင်မသင့် အခွင့်မလျော်ပါက အရင်းပါပြုတ်ပြီး ဆင်းရဲဒုက္ခ ရောက်နိုင်တယ်။ ဒီတော့ ရောင်းကောင်း ဝယ်ကောင်း တည်ငြိမ်သော အချိန်အခါ ရောက်လိမ့်ဦးမည်။ အခွင့်ကောင်းရတဲ့

အခါကျမှ ငါ ဤဥစ္စာတို့ကို အရင်းအနှီးပြု၍ ရောင်းဝယ်ဖောက်ကား မြောက်မြားစွာသော အတိုးဥစ္စာကို ရစေ့မယ်”

အဲဒီလို ရည်ရွယ်ချက်နဲ့လဲပဲ ရွှေ ငွေဥစ္စာ ထာဝရဘဏ္ဍာကို မြေထဲမှာ မြှုပ်တတ်တယ်။ ဒါဟာ ရည်ရွယ်ချက်တပါး။

**အကျိုးမဲ့ကို ပယ်လိုခြင်း၌ ရည်ရွယ်ချက် ၅-မျိုး**

(၂) အကျိုးမဲ့ကို ပယ်ရှားလိုတဲ့ ရည်ရွယ်ချက်။ သူ့ကျတော့ ၅-ခု ဟောပြတော်မူတယ်။

၂။ ရာဇတော ဝါ ဒုရုတ္တဿ၊ စောရတော ပီဠိတဿ ဝါ။
ဣဏဿ ဝါ ပမောက္ခာယ၊ ဒုဗ္ဘိက္ခေ အာပဒါသု ဝါ။
ဧတဒတ္ထာယ လောကသ္မိံ၊ နိဓိ နာမ နိဓိယျတိ။

(က) ဒုရုတ္တဿ၊ သူတဘက်သား ကုန်းတိုက်စကား ပြောကြား အပ်သော ငါ့အဖို့ရာ။ (ဉပ္ပန္နတော၊ မတော်တဆ ဖြစ်ပေါ်လာ တတ်တဲ့)။ ရာဇတော ဝါ၊ မင်းဘေးမှလည်း။ ပမောက္ခာယ၊ လွတ်မြောက်ခြင်းငှာ။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။ဣတိ ဝါ၊ ဤသို့ နှလုံးပိုက်၍လဲပဲ။ နိဓိယျတိ၊ မြှုပ်နှံသိုမှီး သိမ်းဆည်းအပ်ပေ၏။

အကျိုးမဲ့ကို ပယ်ရှားရန် ရည်ညွှန်းချက်ကို ၅-မျိုး ဖော်ပြတယ်။ “အော်-လောကမှာနေရ မလိုတဝက် လိုတငက်၊ ငါကောင်းစားတာကို မလိုတမာအပိုင်းကနေပြီး မင်းများနဲ့ အထင်မှားအောင် ကုန်းတိုက် စကားပြောကြားလို့မင်းများ ငါ့အပေါ်မှာအထင်မှားလို့ ငါ့ထံမှောက် မင်းဘေးစိုးဒဏ် ရောက်လာနိုင်တယ်၊ ရောက်လာလျှင် ထိုမင်းဘေးစိုး ဒဏ်က လွတ်မြောက်အောင် သုံးဖို့မယ်” ဤရည်ရွယ်ချက်နဲ့လဲပဲ မြှုပ်နှံသိုမှီး သိမ်းဆည်းတတ်တယ်။

(ခ) ပီဠိတာယ၊ အကျဉ်းအကြပ် နှိပ်စက်အပ်သော ငါ့အဖို့ရာ။ စောရတော၊ လူဆိုးသူခိုးဘေးမှ။ ပမောက္ခာယ၊ လွတ်မြောက်ခြင်းငှာ။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။

"လောကမှာ နေရတယ်ဆိုတာ ရန်သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားထဲမှာ လူ့ဘုံဆိုတာနေရ၊ မတော်လို့ လူဆိုးသူခိုး ငါ့ကိုလက်ဦးသွားလို့ သူတို့နှိပ်စက်ယင် ငါ့အသက်ကို ဒီဥစ္စာရွှေငွေနဲ့ လွတ်မြောက်အောင် ရွက်ဆောင်မယ်" ဤရည်ရွယ်ချက်နဲ့လဲပဲ ဥစ္စာပစ္စည်းကို မြှုပ်နှံသိုမှီးတတ်တယ်။

(ဂ) ဠဏာယ၊ ငြွေးမြီမှ။ ပမောက္ခာယ၊ လွတ်မြောက်ခြင်းငှာ၊ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။ ဠတိ ဝါ၊ ဤသို့ နှလုံးပိုက်၍လဲပဲ။ နိဓိယျတိ၊ မြှုပ်နှံသိုမှီး သိမ်းဆည်းအပ်ပေ၏။

"ဘဝမှာ ဆင်းရဲဒုက္ခရောက်တတ်တာဟာ ကြွေးမြီပဲ၊ ကြွေးမြီနှိပ်စက်လာယင် စိတ်မချမ်းသာ ကိုယ်မချမ်းသာ၊ သံသရာပါလို့လဲမကိုက်၊ အဲဒီတော့ ကြွေးမြီတင်လျှင် ထိုကြွေးမြီဘေးမှ ကင်းဝေးလွတ်မြောက်စေရမယ်" ဒီရည်ရွယ်ချက်နဲ့လဲပဲ ရွှေငွေဥစ္စာကို သိမ်းဆည်းတတ်တယ်။

(ဃ) ဒုဗ္ဘိက္ခေ၊ ထမင်းအစာခေါင်းပါးသောအခါ၌လည်းကောင်း။

(င) အာပဒါသု ဝါ၊ ရေဘေး မီးဘေးသင့်ရောက်သောအခါတို့၌လည်းကောင်း။ ပမောက္ခာယ၊ ဒုဗ္ဘိက္ခဘေး ရေမီးဘေးမှ ကင်းဝေးလွတ်မြောက်ရန်အလို့ငှာ။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။ (ဝါ) ဖြစ်အောင်ဟုလည်းကောင်း။ နိဓိယျတိ၊ မြှုပ်နှံသိုမှီး သိမ်းဆည်းအပ်ပေ၏။

"ဒုတ္တိက္ခဘေး ရောက်လာခဲ့သော်လည်းကောင်း၊ ရေဘေး မီးဘေး ရောက်လာခဲ့သော်လည်းကောင်း၊ ငါ့ကိုယ်ငါ အဆင်းရဲမခံဘူး။ ဒီဘေးဘေ့က ကင်းဝေးလွတ်မြောက် ချမ်းသာရောက်အောင် ဒီရွှေငွေဥစ္စာကို ငါသုံးမယ်" ဒီရည်ရွယ်ချက်နဲ့လဲပဲ မြုပ်နှံတယ်။ ခြုံလိုက်လျှင်တော့–

(၁) ကောင်းကျိုးရဖို့ ရည်ရွယ်ချက်၊

(၂) အကျိုးမဲ့ကို ပယ်ရှားဖို့ ရည်ရွယ်ချက်။ ဒီနှစ်ချက်ပဲ။

လောကသ္မိံ၊ လောက၌။ တေဒတ္ထာယ၊ ဤဆိုအပ်ခဲ့ပြီးသောအတိုင်း ကောင်းကျိုးကိုရဖို့ရန် အကျိုးမဲ့ကိုပယ်ရှားဖို့ရန် အလို့ငှာ။ နိဓိ နာမ၊ ထာဝရဥစ္စာ ရွှေငွေရတနာမည်သည်ကို။ နိဓိယျတိ၊ မြုပ်နှံ သိုမှီး သိမ်းဆည်းအပ်ပေ၏။

အေး–သူသူငါငါ ဥစ္စာပစ္စည်း ပိုလျှံလာလျှင် သိမ်းဆည်းတော့ သိမ်းဆည်းတာပဲ။ အဲဒီသိမ်းဆည်းထားတဲ့ ရည်ရွယ်ချက်ကိုတော့ "ကိုရင် ပြောပြစမ်းပါ" ဆိုလျှင် ရည်ရွယ်ချက်ကတော့ရှိတယ်။ ဒါပေမယ့်လို့ အတိအကျ ပြောပြတတ်ခဲတယ်နော်။ မြတ်စွာဘုရားက အလိမ္မာသင်ပေးတဲ့အတွက် ယခုတော့ ပြောတတ်ပြီဆိုပါစို့၊ ဥစ္စာပစ္စည်း သိမ်းဆည်းတာဟာ–

(၁) ကောင်းကျိုးရဖို့ ရည်ရွယ်ချက်နဲ့

(၂) အကျိုးမဲ့ကို ပယ်ရှားဖို့ ရည်ရွယ်ချက်၊ အတိုချုပ်ဒီနှစ်ပါး ပဲတဲ့။

ဤတွင် (၁) ကောင်းကျိုးရဖို့ ရည်ရွယ်ချက် ဆိုတာဟာလဲပဲ အချိုးမျိုးပေါ့လေ။ ဒီဥစ္စာကို ရင်းနှီး၍ ဥပမာပုံ–အတိုးအပွားပေး

စားမယ်။ ဒါမှမဟုတ် ရောင်းဝယ်ဖောက်ကားမယ်၊ ဒါမှမဟုတ် ဥပမာ ပုံ—လယ်မြေစသည်ဝယ်ပြီးတော့ လုပ်ကိုင်မယ်စသည်။ ဒီတော့မှ တိုးပွားခဲ့တယ်။ ဟိုအကျိုးရဖို့ ရည်ရွယ်ချက်တွေကတော့ အမျိုးမျိုးပေါ့။

(၂) အကျိုးမဲ့ကို ပယ်ရှားဖို့ ရည်ရွယ်ချက်ကလဲ အမျိုးမျိုး၊ အမျိုးမျိုးကိုတော့ ဉာဏ်ရှိသလောက်ပြော။ နှစ်ပါးစုံ အမျိုးမျိုးကို ခြုံလိုက်လျှင် ဒီနှစ်မျိုးပဲရှိတယ်။ (၁) အကျိုးရဖို့ ရည်ရွယ်ချက် (၂) အကျိုးမဲ့ကို ပယ်ရှားဖို့ ရည်ရွယ်ချက်။ ဒီရည်ရွယ်ချက်နှစ်ပါးဖြင့် ရွှေငွေဥစ္စာရတနာကို သူသူငါငါ မြှုပ်နှံသိုမှီးသိမ်းဆည်းကြတာ၊ ကောင်းပြီ....ရည်ရွယ်ချက်ကြီးစွာဖြင့် မြှုပ်နှံသိုမှီး သိမ်းဆည်းအပ်တဲ့ ရွှေငွေ ရတနာသည် မိမိ၏ရည်ရွယ်ချက်အားလုံးကို အကုန်အောင်မြင် ပြီးမြောက်စေတော့သလား၊ ဒီလိုလဲတဆင့်မေးရမယ်။ အဲဒီအတွက်မေးပြီးလျှင် အဖြေကိုဖြေရမယ်။ အဖြေကား—

၃။ တာဝ သုနိဟိတော သန္တော၊ ဂမ္ဘီရေ ဩဒကန္တိကေ။
န သဗ္ဗော သဗ္ဗဒါ ဧဝ၊ တဿ တံ ဥပကပ္ပတိ—

လို့ပဲ မြတ်စွာဘုရား ဖြေကြား ဟောတော်မူခဲ့ပါတယ်။

ဂဟပတိ၊ ဒါယကာသခင်။ ဂမ္ဘီရေ၊ နက်စွာထသော။ ဩဒကန္တိကေ၊ ရေနှင့်နီးကပ် အောက်မြေအရပ်၌။ (ရှေးတုန်းကတော့ မြေကြီးထဲမှာပဲ မြှုပ်နှံသိုမှီး သိမ်းဆည်းကြတာများတယ်)။ တာဝ၊ သို့စဉ်ကလောက် ရည်ရွယ်ချက်ကြီးစွာဖြင့်။ သုနိဟိတော၊ ကောင်းစွာသိုမှီးသိမ်းဆည်းအပ်သည်။ သန္တော၊ ဖြစ်စေကာမူ။ သဗ္ဗော၊ ခပ်သိမ်းဥဿုံအလုံးစုံသော ရွှေငွေဥစ္စာရတနာသည်။ သဗ္ဗဒါ ဧဝ၊ ခပ်သိမ်းသော ကာလ၌ပင်လျှင်။ တဿ၊ ထိုဥစ္စာရှင်၏။ တံ၊ ထိုတောင့်တမျှော်ကိုး အကျိုးနှစ်ပါးကို။ န ဥပကပ္ပတိ၊ မချကေန်မပြီးစေနိုင်။

**မြှုပ်နှံဥစ္စာပျောက်ဆုံးခြင်းအကြောင်း ၅-ပါး**

ကေန်မုချ ပြီးစေနိုင်တယ်လို့ မပြောနိုင်ဘူးတဲ့။ ပြီးစေတတ်တာ တချို့တဝက်ရှိမယ်၊ မပြီးစေတတ်တာကလဲ တချို့တဝက်ရှိမယ်။

မပြီးစေတတ်ပုံက ဘယ်လိုများဖြစ်တတ်လို့တုန်းလို့ မေးရန်ရှိလို့—

၄။ နိဓိ ဝါ ဌာနာ စဝတိ၊ သညာ ဝါဿ ဝိမုယှတိ။
နာဂါ ဝါ အပနာမေန္တိ၊ ယက္ခာ ဝါပိ ဟရန္တိ နံ။

၅။ အပ္ပိယာ ဝါပိ ဒါယာဒါ၊ ဥဒ္ဓရန္တိ အပဿတော။
ယဒါ ပုညက္ခယော ဟောတိ၊ သဗ္ဗ မေတံ ဝိနဿတိ။

နိဓိ ဝါ၊ မိမိမြှုပ်နှံ သိုမှီးသိမ်းဆည်းထားတဲ့ ရွှေငွေဥစ္စာရတနာကသော်မူလည်း။ ဌာနာ၊ မိမိမြှုပ်နှံသိုမှီး သိမ်းဆည်းရာ အရပ်ဌာနမှ။ စဝတိ၊ အရပ်တပါး ရွေ့ရှားရွှေ့လည်းသွားတတ်၏။ (၁)

(သတိပြုဖို့ပေါ့လေ၊ ဥစ္စာပျောက်ပြီဆိုလျှင် ငရဲကြီးကုန်တတ်တယ်။ ဘာပြောသလဲ၊ ကိုယ့်ဥစ္စာပျောက်ပြီဆိုလျှင် ဖြူယူနိုးနိုး ငနီယူနိုးနိုးနဲ့ တခါတည်း တောင်ယိုး မြောက်ယိုး ယိုးစွပ်ကုန်ကြတယ်။ ယိုးစွပ်ကတည်းကိုက အကုသိုလ်တွေ ပွားကုန်တယ်။ ဒါကြောင့် "ဥစ္စာပျောက် ငရဲကြီး" ဆိုတဲ့စကားပုံ ပေါ်လာတယ်။ ဥစ္စာရဲ့ပျောက်ခြင်းအကြောင်းကို လုံလုံလောက်လောက် မိမိက စဉ်းစားမထားလျှင် အကုသိုလ်ဖြစ်တတ်တယ်။ ယခု မြတ်စွာဘုရားက ဥစ္စာရဲ့ ပျောက်ခြင်း အကြောင်းတွေကို ပြည့်စုံစွာ ဟောပြနေတယ်။ မိမိ သုံးစွဲဖို့ ကံအကြောင်းကုန်သွားလျှင် (၁). ရွှေ ငွေ ဥစ္စာ ရတနာတွေကိုကလဲ ကိုယ်မြှုပ်ထားတဲ့နေရာမှ အရပ်တပါးသို့ သူ့အလိုလို ရွှေ့သွားတတ်တယ်တဲ့။

ဒါကြောင့် ရှေးကလူကြီးတွေဟာ ဥစ္စာမြှုပ်တော့မယ်ဆိုလျှင် အိုးဘေးကို အောက်ကဖောက်ပြီး မီးသွေးမှုန့်ထောင်းထည့် ပြာမှုန့်ထောင်းထည့်ပြီးမှ အဲဒီအပေါ်က ရွှေ ငွေ ဥစ္စာကိုထည့်ပြီး စလောင်းဖုံးနှင့်ဖုံးပြီး မြေထဲမြှုပ်ကြတယ်။ ရည်ရွယ်ချက်က ဘယ်လိုလဲဆိုလျှင် မတော်တဆ အဲဒီ ရွှေအိုး ငွေအိုးက ရွေ့သွားလျှင် မီးသွေးကြောင်း ပြာကြောင်းကလေးက ထင်နေအောင်။ အဲဒီ မီးသွေးကြောင်း ပြာကြောင်းကလေး လမ်းအတိုင်းလိုက်ပြီး တူးဖော်နိုင်အောင် ထည့်တတ် မြှုပ်တတ်ကြတယ်။ ရည်ရွယ်ချက်က ဒါပါပဲ။ ဒါကိုမြင်သဖြင့် "သြ ဥစ္စာကလဲ သူ့ဘာသာသူ အရပ်တပါး ရွေ့လျားသွားတတ်တယ်"လို့ သိရတာပေါ့။

ဝါ၊ သို့မဟုတ်။ အဿ၊ ထိုဥစ္စာရှင်၏။ သညာ၊ အမှတ်သညာကသော်မူလည်း။ ဝိမုယှတိ၊ မိန်းမောတွေဝေ မေ့ပျောက်၍ နေတတ်ပေ၏။ (၂)

ဒါက ၂-နံပါတ်အကြောင်း၊ ကိုယ်သုံးဖို့ ကံကုန်လာပြီဆိုလျှင် ကိုယ်မြှုပ်နှံထားတဲ့ နေရာကို ကိုယ်မမှတ်မိပဲ ရှိတတ်တယ်တဲ့၊မြှုပ်တာက အိမ်ရှေ့မှာမြှုပ်တယ်။ အိမ်နောက်ဘက်မှာ မြှုပ်မိသလိုလို၊ အိမ်ခေါင်းရင်းမှာ မြှုပ်မိသလိုလို၊ အိမ်ခြေရင်းမှာ မြှုပ်မိသလိုလို ကိုယ်မြှုပ်တဲ့နေရာကို ကိုယ်မမှတ်မိတာဟာ ကိုယ့်ကံအဟုန် ကုန်လာလို့ပဲ။ ဒီအကြောင်းကြောင့်လဲ ရှာမတွေ့တာ ဖြစ်နိုင်တယ်။

နာဂါ ဝါ အပနာမေန္တိ။ နတ်နဂါးတို့ကသော်မူလည်း အရပ်တပါး ဖယ်ရှားတတ်ကုန်၏။ (၃)

ကိုယ့်ကံမကောင်းလျှင် နတ်နဂါးများကသော်လဲပဲ ဒီရွှေ ငွေ ဥစ္စာကို အရပ်တပါး ဖယ်ရှားပစ်တတ်တယ်။

နံ၊ ထိုဥစ္စာကို။ ယက္ခာ ဝါပိ၊ ဘုမ္မစိုး ယက္ခ နတ်တို့ကသော်မူလည်း။ ဟရန္တိ၊ အရပ်တပါး ယူဆောင်၍ သွားတတ်ကုန်၏။ (၄)

အရပ်ခေါ် ဥစ္စာစောင့်၊ ဘုမ္မစိုး ယက္ခ နတ်များကသော်လဲပဲ ဒီဥစ္စာကို အရပ်တပါး ကိုယ်မသိခင် ယူဆောင်၍သွားတတ်ကြတယ်။

အပဿတော၊ မိမိမမြင်ခင်။ အပ္ပိယာ၊ မချစ်မနှစ်သက်အပ်ကုန်သော။ ဒါယာဒါဝါပိ၊ အမွေခံတို့ကသော်မူလည်း။ ဥဒ္ဒရန္တိ၊ တူးဖော် ယူဆောင်၍ သွားတတ်ကုန်၏။ (၅)

ကိုယ်မမြင်ခင် ကိုယ်မပေးချင်တဲ့ လူများကသော်လဲပဲ တူးဖော် ယူဆောင်၍ သွားတတ်ကြတယ်။

အကြောင်း ၅-ချက်ရှိတယ်—

(၁) ရွှေငွေ ကိုယ်ဥ္စကလဲပဲ သူ့ဘာသာသူ အရပ်တပါး ရွှေ့သွားတတ်တယ်။

(၂) ကိုယ်ကသော်လဲပဲ မြှုပ်နှံထားတဲ့နေရာကို မမှတ်မိပဲ ရှိတတ်တယ်။

(၃) နတ်နဂါးများ။

(၄) ဘီလူး ယက္ခ ဘုမ္မစိုး နတ်များကသော်လဲပဲ အရပ်တပါးသို့ ယူဆောင်သွားတတ်ကြတယ်။

(၅) ကိုယ်မပေးချင်တဲ့ လူများကသော်လဲပဲ ကိုယ်မမြင်ခင် တိတ်တဆိတ် တူးဖော်၍လဲ ယူသွားတတ်တယ်တဲ့။ ဥစ္စာ ပျောက်တဲ့နေရာမှာ အကြောင်း ၅-ပါးရှိတယ်။

## ဥစ္စာပျက်စီးခြင်းအကြောင်းရင်း

ဥစ္စာပျောက်တိုင်း ပျောက်တိုင်း ၅-ခုမြောက် အကြောင်းချည့်ပဲ စွဲလမ်းပြီးတော့ ငြူယူမှာပဲ ငနိယူမှာပဲလို့ချည်း မစွပ်စွဲနှင့်တဲ့၊ စွပ်စွဲလျှင် အကုသိုလ်များရေပွားတယ်။ ကဲ–ဒါဖြင့်အတိုချုပ်လိုရင်းချုပ် ဥစ္စာပျောက်ရခြင်းရဲ့ အခြေခံအကြောင်းရင်းက ဘယ်သူလဲဆိုတော့—

ယဒါ ပုညက္ခယော ဟောတိ၊ သဗ္ဗမေတံ ဝိနဿတိ–တဲ့။

ယဒါ၊ အကြင်အခါ၌။ ပုညက္ခယော၊ ကုသိုလ်ကံ အဟုန်ကုန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုသို့မိမိရဲ့ကောင်းမှု ကုသိုလ်ကံ အဟုန် ကုန်သောအခါ၌။ ဧတံ သဗ္ဗံ၊ ထိုအလုံးစုံသော ရွှေ ငွေ ဥစ္စာ ရတနာသည်။ ဝိနဿတိ၊ ပျောက်ခြင်းမလှပျောက် ပျက်ခြင်းမလှ ပျက်တတ်ပေ၏။

ကိုယ့်ကံအဟုန်ကုန်ပြီဆိုယင် မိမိမှာရှိတဲ့ သက်ရှိ သက်မဲ့ဥစ္စာအကုန် ဘယ်လိုပြုတ်ပြုတ်ပြုန်းတယ်လို့ ပျက်စီးကုန်မှန်းမသိအောင် ပျက်စီးတတ်တယ်။ ပျောက်ကုန်တတ်တယ်။

## ပျက်စီးခြင်းနှစ်မျိုး

အဲဒီပျက်စီးတဲ့နေရာမှာ (၁) အစပျောက် အနပျောက် ပျက်စီးခြင်းက တမျိုး (၂) နောက်ဆက်ဖို့ အသွင်တမျိုးပြောင်းပြီး ပျက်စီးတာတမျိုးလို့ နှစ်မျိုးရှိတယ်။ ဒီနှစ်မျိုးမှာ ၁ အမှတ်ပြ အစပျောက် အနပျောက် ပျက်စီးတာကတော့ မိမိအသိသားပဲ။ ၂·အမှတ်ပြ အသွင်တမျိုးပြောင်းပြီး ပျက်စီးပုံကို မှန်းကြည့်ရအောင် ဗဟုသုတရှိကြည့်ကြရအောင်။

## ကိသာဂေါတမီ ဝတ္ထုအကျဉ်း

### ကံကုန်၍ ရွှေငွေက မီးသွေးဖြစ်ရပုံ

ဘုရားရှင်လက်ထက်တော်တုန်းက သာဝတ္ထိပြည်သား ကုဋေလေးဆယ်ကြွယ်ဝတဲ့ သဌေးတယောက်ဟာ သဌေးအဆောင်အယောင်အခမ်းအနားနှင့် ခမ်းခမ်းနားနားနေယင်းက ရက်၊ လ၊ နှစ်ပေါင်းအတော်ကလေးကြာညောင်းလို့ သူ့ကုသိုလ်ကံအဟုန် ကုန်လာတဲ့အခါကျတော့ သူ့မှာရှိသမျှ ရွှေငွေဥစ္စာတွေဟာအကုန်လုံးမီးသွေးခဲတွေချည်း ဖြစ်ကုန်တယ်။ ဟိုသေတ္တာလှပ်ကြည့်လဲ မီးသွေးခဲ၊ ဒီသေတ္တာလှပ်ကြည့်လဲ မီးသွေးခဲ၊ အားလုံး မီးသွေးခဲတွေချည်းဖြစ်ကုန်တယ်။

အဲဒီလို မီးသွေးခဲတွေချည်းဖြစ်ကုန်တော့ သူ "ငါတော့ ဘဝဆုံးပြီ၊ သွားပြီ" လို့ စိတ်ဆင်းရဲနေစဉ် သူငယ်ချင်းတယောက် ရောက်လာ၍ သူ့မျက်နှာပျက်နေသည်ကိုမြင်၍ သူငယ်ချင်းက "မင်းမျက်နှာပျက်တာဟာ ဘာဖြစ်လို့တုံး "မေးတော့ "မပြောနဲ့တော့ကွာ၊ ကုဋေလေးဆယ်လုံး မီးသွေးတုံးချည်းဖြစ်ကုန်ပြီ၊ ကြည့်တော့" ဆိုပြီး သူက သေတ္တာတွေကို အကုန်လိုက်ပြတယ်။

အဲဒီသူငယ်ချင်းက ဆင်ခြင်တတ်တဲ့ သူငယ်ချင်းဖြစ်လေတော့ "သူငယ်ချင်း၊ ကံမကောင်းလျှင် ဥစ္စာပျက်မြဲပဲ။ ပျက်ပေမယ်လို့ အစပျောက် အနပျောက် ပျက်သွားတာမဟုတ်ဘူး။ ဒီမယ်ပစ္စည်းအစအနကျန်ရစ်သေးတယ်။ အသွင်ပြောင်းသွားတယ်။ နောက်ဆက်မျှော်လင့်စရာရှိသေးတယ်။ သူငယ်ချင်း ဒါတွေစိတ်မပျက်ပါနဲ့၊ ငါ အကြံပေးမယ်။ အဲဒီမီးသွေးခဲတွေကို ဗန်းထဲစကောထဲထည့် ပြီးလျှင် လမ်းသွားလမ်းလာများမြင်လောက်အောင် မိမိအိမ်ထဲက တနေရာရာ

မှာ ခင်းပြီးတော့ပြထား။ လမ်းသွားလမ်းလာတွေထဲက "ဟင်= သဌေးကလဲ မီးသွေးတွေကို စကောကြီးထဲ ဗန်းကြီးထဲ ထည့်ထား လိုက်တာ" ဟုဆိုလျှင် အဲဒီလူဟာ ဘုန်းကံရှင်မဟုတ်ဘူး။ "ဟာ= မီးသွေးရှိတော့ မီးသွေးပဲထည့်ရတာပေါ့" လို့သာပြောလိုက်ပါ။ ဒီလို ထားရာက တဦးတယောက်ကများ "ဘယ့်နှယ်ကြောင့် ရွှေတွေ ငွေ တွေကို လူမြင်အောင်ထားရတာလဲ"လို့ ပြောလာလျှင် အဲဒီလူဟာ ဒီ ပစ္စည်းတွေကို သုံးစွဲဖို့ ကံပါတဲ့ ဘုန်းရှင်ကံရှင်ဖြစ်တယ်။ အဲဒီပုဂ္ဂိုလ် သည် အမျိုးသမီးဖြစ်ခဲ့လျှင် မင်းရဲ့ချွေးမပြုလိုက်ပါ။ အမျိုးသားဖြစ် ခဲ့လျှင် မင်းရဲ့သားမက်ပြုလိုက်ပါ။သူ့အုပ်ချုပ်ပြီးတော့ မင်းတို့လဲ ချမ်း ချမ်းသာသာသုံးပေါ့" လို့ အကြံပေးစကား ပြောကြားတယ်။

**ကံအဟုန်ကြောင့် မီးသွေးက ရွှေငွေဖြစ်ပုံ**

သဌေးကလဲ "ဒီနည်းကောင်းတယ်" ဆိုပြီး ပစ္စည်းတွေကို မီးသွေးတွေကို ဗန်းထဲထည့်ပြီး လမ်းသွားလမ်းလာများ မြင်လောက် အောင် အိမ်ထဲကပြထားတယ်။ လမ်းသွားလမ်းလာတွေကမြင်တော့ "ဘယ့်နှယ် သဌေးကလဲ မီးသွေးတွေကို ဗန်းထဲထည့်ပြထားတယ်လို့" ဟုပြောကြတဲ့အခါသဌေးက "မီးသွေးရှိလို့ မီးသွေးကိုပြတာပေါ့" ဟုပြန်ပြောတယ်။ ဒီလူဟာ ဘုန်းကံရှင်မဟုတ်ဘူးဆိုပြီးတော့ ပြီးလွယ် အောင်ပြောလိုက်ခြင်း။ ဖြစ်ပါတယ် အဲဒီလို ထားရာက ရက်ပေါင်း လပေါင်း အချိန်ကလေး တော်တော်ညောင်းလာတော့ အိမ်ရှေ့မှာ အမျိုးသမီးကလေးတယောက် ရောက်လာတယ်။ နာမည်က "ကိသာ- ဂေါတမီ" တဲ့။ ကိသာဂေါတမီဆိုတာ နှယ်နှယ်ပုဂ္ဂိုလ်မဟုတ်ဘူး။ ပစ္ဆိမဘဝိကသူ ရဟန္တာထေရ်မကလေးဖြစ်ရမဲ့ အမျိုးသမီးပေါ့။

ဆိုကြပါစို့။ အဲဒီပစ္ဆိမဘဝိက၊ နောင်တချိန်မှာ သူဟာ ကိသာ· ဂေါတမီရဟန္တာထေရီဖြစ်မဲ့အမျိုးသမီး။မိဘမှည့်တဲ့ နာမည်က"ဂေါတ·

မီ"။သို့သော်အသားအရေ ကြုံလှီခေါင်းပါးလို့သူ့ကို "ကိသာဂေါတမီ" လို့အရပ်ကခေါ်ကြတယ်။ ကိသာဂေါတမီ အမျိုးသမီးလေး အိမ်ရှေ့ ရောက်လာပြီးတော့ သူကအလန့်တကြားပြောတယ်။ "အို အဖေတို့ အမေတို့ ဘယ့်နှယ်ရွှေငွေတွေကို လူမြင်အောင် ဘာပြုလို့ပြထားရတာ တုံး"လို့ ကလေးမကပြောတော့ သဌေးက "ဘုန်းရှင်တော့သာပြီ" ဟု ဆင်ခြင်မိပြီး "သမီး ဘယ်မှာလဲဟဲ့ ရွှေတွေငွေတွေ" ဆိုတော့ အမျိုးသမီးကလေးက ဗန်းထဲကိုလက်ညှိုးထိုးပြပြီးတော့ "ဟိုမှာ ရွှေ တွေ ငွေတွေ အမြင်သားပဲဟာ၊ ဘာပြုလို့ လူတွေမြင်အောင်ထား ရသလဲ" လို့ပြောတယ်။

(ကလေးမ အဲဒီလိုပြောတဲ့အချိန်မှာ သဌေးမျက်စိထဲမှာတော့ မီးသွေးပဲမြင်နေရတယ်။ ကလေးမမျက်စိထဲမှာတော့ ရွှေငွေပဲမြင်နေ ရတယ်။သို့သော် ကလေးမ လက်နှင့်မကိုင်သေးခင် ရွှေငွေက သဌေး အဖို့ရာ ရွှေငွေအဆင်း မပေါ်သေးဘူး။ ကံဆိုတာ အင်မတန်ဆန်း ကြယ်ပါတယ်)။

သဌေးက "သမီး၊ ဒါဖြင့်အဲဒီရွှေငွေတွေကိုယူခဲ့ပါ"ဆိုလို့ကလေးမ ကလေးက အဲဒီလင်ဗန်းကို လက်နှင့်လည်း ကိုင်လိုက်ရော ရွှေငွေတွေ ဟာ မူလဇာတိအတိုင်း ပြန်ဖြစ်ပေါ်လာတယ်။ သဌေးလဲ အံ့အား သင့်ပြီးတော့ ဘုန်းရှင် ကံရှင်ပဲဆိုပြီး ကလေးမကို ချွေးမပြုလုပ်တယ်။ ချွေးမလုပ်ပြီးအဲဒီမီးသွေးခဲဖြစ်နေတဲ့ ရွှေသေတ္တာ ငွေသေတ္တာတွေကို "ငါ့သမီး အကုန်လုံး လျှောက်ကိုင်ပါ"ဆိုလို့ ကလေးမလက်ဖြင့် ကိုင်လိုက်လျှင်ပင် ရွှေတွေငွေတွေ မူလရုပ်အတိုင်း ပြန်ဖြစ်လာတယ်။ ဒီကလေးမကလေး စီမံခန့်ခွဲတဲ့အတိုင်း ချမ်းချမ်းသာသာ သုံးစွဲကြ ရတယ်။

အဲဒီဝတ္ထုကို ထောက်သဖြင့် ဥစ္စာပစ္စည်း ပြုန်းတီးပျက်စီးခြင်းသည်–

(၁) အစပျောက် အနပျောက် ပျက်စီးခြင်းတမျိုး၊

(၂) အရောင်အသွေး ပြောင်းလဲပျက်စီးခြင်းတမျိုး။

အဲဒီလို နှစ်မျိုးရှိပါကလားလို့ မှတ်သား ဗဟုသုတရှိကြရမယ်။ ဒါဖြင့်ယင် ဒီထာဝရ ဇင်္ဂမခေါ်တဲ့ သက်မဲ့ဥစ္စာ သက်ရှိဥစ္စာတွေဟာ စိတ်ချရရဲ့လား။ မချရဘူး။

## မပျက်စီးနိုင်သော အနုဂါမိကဥစ္စာ

ကောင်းပြီ အနုဂါမိက ဥစ္စာကို ပြောကြစို့။ မြတ်စွာဘုရားက ထာဝရဥစ္စာ ဇင်္ဂမဥစ္စာတို့ရဲ့ ဖြစ်တတ်ပျက်တတ်တဲ့သဘောတွေကို ဟောပြပြီး အနုဂါမိကဥစ္စာရဲ့ ကျေးဇူးများပုံကို ဒီသုတ္တန်မှာ ဦးစားပေးပြီး ဟောတော်မူတယ်။

၆။ ယဿ ဒါနေန သီလေန၊ သံယမေန ဒမေန စ။
နိဓိ သုနိဟိတော ဟောတိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။

ယဿ ဣတ္ထိယာ ဝါ၊ အကြင်အမျိုးကောင်းသမီး မင်းမိန်းမသည်လည်းကောင်း။ ယဿ ပုရိသဿ ဝါ၊ အကြင်အမျိုးကောင်းသား မင်းယောကျ်ားသည်လည်းကောင်း။ ဒါနေန၊ အလှူဆယ်သင်း ပေးလှူခြင်းဖြင့်လည်းကောင်း။ သီလေန၊ သီလသီတင်းဆောက်တည်ခြင်းဖြင့်လည်းကောင်း။ သံယမေန၊ ကိုယ်နှုတ်နှလုံး စောင့်ထိန်းကြောင်းဖြစ်တဲ့ သမာဓိဖြင့်လည်းကောင်း။ ဒမေန စ၊ ဣန္ဒြေတို့ကို ယဉ်ကျေးအောင် ဆုံးမကြောင်းဖြစ်တဲ့ ပညာဖြင့်လည်းကောင်း။ နိဓိ၊

အနုဂါမိကဥစ္စာ ရတနာမျိုး ရတနာအိုးကို။ သုနိဟိတော၊ ကောင်းစွာ သိုမှီးသိမ်းဆည်းအပ်သည်။ ဟောတိ၊ ဖြစ်ပေ၏။

ဒါယကာသဒ္ဓေး အမျိုးကောင်းသားတယောက် အမျိုးကောင်း သမီး တယောက် ဒါနကောင်းမှု၊ သီလကောင်းမှု၊ သမာဓိကောင်းမှု၊ ပညာကောင်းမှု ဤကောင်းမှုကုသိုလ်လေးမျိုး ကြိုးစားအားထုတ် ခြင်းဖြင့် အနုဂါမိကဥစ္စာ ရတနာကို ကောင်းစွာသိုမှီး သိမ်းဆည်းနိုင် တယ်။

**အနုဂါမိကဥစ္စာမြှုပ်နှံရာ ခုနစ်ဌာန**

ဒီနေရာမှာ မေးဖွယ်ရာတခု ရှိလာပြန်တယ်။ ပကတိ ရွှေ ငွေ ဥစ္စာကို ဘဏ်တိုက်၌ သိမ်းဆည်းတယ်၊ မီးခံသေတ္တာ၌ သိမ်းဆည်းတယ်၊ မြေကြီး၌ မြှုပ်နှံသိမ်းဆည်းတယ်။ စိတ်ချရတဲ့နေရာ။ ကောင်းပြီ။ ဒါန၊ သီလ၊ သမာဓိ ပညာဆိုတဲ့ အနုဂါမိကဥစ္စာကို ဘယ်၌ သိုမှီးသိမ်းဆည်း ရမလဲ။ သိမ်းဆည်းရာ ဘဏ်တိုက်ကိုပြစမ်းပါ။ မီးခံသေတ္တာကို ပြစမ်း ပါ-လို့ မေးရန်ရှိလာပြန်တယ်။ မြတ်စွာဘုရားက မြှုပ်နှံသိုမှီး သိမ်းဆည်းရာဘဏ်တိုက်ကြီး ခုနစ်လုံး (ဝါ)မီးခံသေတ္တာကြီး ခုနစ်လုံး ကို ညွှန်ပြ ဟောကြားတော်မူခဲ့ပါတယ်။

၇။ စေတိယမှိ စ သံဃေ ဝါ၊ ပုဂ္ဂလေ အတိထီသု ဝါ။
မာတရိ ပိတရိ စာပိ၊ အထော ဇေဋ္ဌမှိ ဘာတရိ။

စေတိယမှိ စ၊ ဓာတု ဓမ္မ ဥဒ္ဒိဿနှင့် ပရိဘောဂအား လေးထွေပြားသည့် စေတီ၌လည်းကောင်း။ သံဃေ ဝါ၊သံဃာ၌လည်းကောင်း။ ပုဂ္ဂလေ ဝါ၊ ပုဂ္ဂိုလ်၌လည်းကောင်း။ အတိထီသု ဝါ၊ မိမိထံမှောက် ရောက်လာသော ဧည့်သည်တို့၌လည်းကောင်း။ မာတရိ၊ မွေးသမိခင် ကျေးဇူးရှင်၌လည်းကောင်း။ ပိတရိ စာပိ၊ မွေးသဖခင် ကျေးဇူးရှင်၌ လည်းကောင်း။ အထော၊ ထို့မှတပါး။ ဇေဋ္ဌမှိ ဘာတရိ၊ အစ်ကိုကြီး

အစ်မကြီး၌လည်းကောင်း။ နိဓိ၊ ဒါန သီလ ဥစ္စာ ကောင်းမှုရတနာ ကို။ သုနိဟိတော၊ ကောင်းစွာသိုမှီး သိမ်းဆည်းအပ်သည်။ ဟောတိ၊ ဖြစ်၏။

(၁) ဆိုကြပါစို့ ရှဲ– ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ လေးထွေပြားတဲ့ စေတီတော်အား ဆီမီးပူဇော်မယ်၊ ပန်းပူဇော်မယ်၊ ရေပူဇော်မယ်၊ စေတီယင်္ဂဏဝတ်ကို ပြုမယ်ဆိုလျှင် (စေတီယင်္ဂဏဝတ်ပြုတာက စာရိတ္တသီလ) စေတီတော်အား ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်းကပ်လှူဒါန်းတာက ဒါနကောင်းမှု၊ အဲဒီလို ပြုတဲ့အခါ စေတီတည်းဟူသော ဘဏ်တိုက်၌ ဒါန သီလကောင်းမှု အနုဂ္ဂါမိကဥစ္စာကို အပ်နှံသိမ်းဆည်းခြင်း ဖြစ်တယ်။ စေတီတော် ရင်ပြင်မှာ တိတ်တိတ်ဆိတ်ဆိတ် သမာဓိဘာဝနာ ပညာဘာဝနာကို ပွားလျှင် စေတီတည်းဟူသော ဘဏ်တိုက်၌ သမာဓိကောင်းမှုပညာ ကောင်းမှုဆိုတဲ့ အနုဂ္ဂါမိက ဥစ္စာရတနာကို မြှုပ်နှံသိုမှီး သိမ်းဆည်း ခြင်း ဖြစ်တယ်။

(၂) သံဃာအားလှူမယ်၊ သံဃဝေယျာဝစ္စပြုမယ်၊ သံဃာ့ဝတ် ကို ဖြည့်မယ်၊ သံဃာရဲ့အထံမှာ သမာဓိ၊ ပညာ ပွားများမယ်ဆိုလျှင် သံဃာတည်းဟူသော ဘဏ်တိုက်၊ သံဃာတည်းဟူသော မီးခံသေတ္တာ ကြီးထဲ၌ ဒါန၊ သီလ၊ သမာဓိ၊ ပညာ အနုဂ္ဂါမိကဥစ္စာကို မြှုပ်နှံသိုမှီး သိမ်းဆည်းခြင်း ဖြစ်တယ်။

(၃) ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်အား ပူဇော်ခြင်း၊ ထိုပုဂ္ဂိုလ်ရဲ့ ဝတ်ကြီး ဝတ်ငယ်ကို ပြုခြင်းသည် ပုဂ္ဂိုလ်တည်းဟူသော ဘဏ်တိုက်၊ ပုဂ္ဂိုလ်တည်းဟူသော မီးခံသေတ္တာ၌ ဒါန၊ သီလ အနုဂ္ဂါမိကဥစ္စာကို မြှုပ်ံသိုမှီး သိမ်းဆည်းခြင်းဖြစ်တယ်။

(၄) အေး--လူတိုင်းလူတိုင်းမှာ မိမိတို့ထံမှောက် ဧည့်သည်တွေ ရောက်ကြတယ်။ ရောက်လာတဲ့ ဧည့်သည်တော်တွေကို "ဧည့်သည် နှယ်နှော် လာနိုင်ရန်ကော"ဟု မအောက်မေ့ပါနှင့်။ ရောက်လာတဲ့ ဧည့်သည်ကို ဧည့်ဝတ်စောင်ဝတ် ကျေအောင်ပြုပါ။ လောကွတ်ပျူငှာ ပြောဆိုတာက စာရိတ္တသီလ ဖြစ်ပါတယ်။ ဧည့်သည်အား မိမိတတ်စွမ်း သမျှ ကျွေးမွေးဧည့်ခံတာက ဒါနကောင်းမှု။ အဲဒီလိုအခါမှာ မိမိမှာ ဧည့်သည်တည်းဟူသော ဘဏ်တိုက်၊ ဧည့်သည်တည်းဟူသော မျိုးစေ့ သေတ္တာ၌ ဒါန သီလ အနုဂါမိကဥစ္စာကို မြုပ်နှံသိုမှီး သိမ်းဆည်းခြင်း ဖြစ်ပါတယ်။

(၅) လူတိုင်းလူတိုင်းမှာအမေရှိတယ်၊ အဖေရှိတယ် အစ်ကိုကြီး အစ်မကြီးရှိကြတယ်။ (အစ်ကိုကြီးအဖအရာ၊ အစ်မကြီးအမိအရာ) ထိုအမိ အဖ အစ်ကိုကြီး အစ်မကြီးတို့အား ဆိုင်ရာဝတ်ကြီး ဝတ် ငယ် ပြုခြင်း စာရိတ္တသီလ၊ မိမိတတ်စွမ်းသရွေ့ ပြုစုကျွေးမွေး လှူဒန်း ပေးကမ်းခြင်း ဒါနကောင်းမှု ပြုလျှင် အမိတည်းဟူသော ဘဏ်တိုက်။

(၆) အဖတည်းဟူသော ဘဏ်တိုက်။

(၇) အစ်ကိုကြီး အစ်မကြီးတည်းဟူသော ဘဏ်တိုက်တို့၌ ဒါန၊ သီလ၊ အနုဂါမိက ဥစ္စာရတနာကို မြုပ်နှံသိုမှီး သိမ်းဆည်းခြင်း ဖြစ်ပါတယ်။ စုံသွားပြီ။ သိမ်းဆည်းစရာ နေရာကို မြတ်စွာဘုရားက ၇-၄ာန ညွှန်ပြ ဟောကြားတော် မူခဲ့တယ်။

ကဲ-ယခု မိမိတို့ လောလောဆယ်ဆိုကြပါစို့။ ဘာကိုပူဇော်နေကြ တာလဲ။ မြတ်စွာဘုရား ဟောဖော်ကြားတဲ့ ငါးပါးသော နိကာယမွေ- ခန္ဓာ ဓမ္မစေတီတွေကို ပူဇော်ကြတာဖြစ်တယ်။ ဒီတော့ စေတီတော်

တည်းဟူသော ဘဏ်တိုက်၌ မိမိတို့ရဲ့ ပူဇော်ဒါန ကောင်းမှု တည်းဟူသော အနုဂါမိက ဥစ္စာရတနာကို မြှုပ်နှံသိုမှီး သိမ်းဆည်းတဲ့ပွဲ။

စေတိယပူဇော်, နိကာယမမ္မပူဇော် ပြုလုပ်ကြတဲ့အခါမှာ ဆိုင်ရာ ဝေယျာဝစ္စတို့ကို မောရမှန်း ပန်းရမှန်းမသိပဲ ရွက်ဆောင်ကြိုးကုတ် အားထုတ်မှုဟာ ဗုဒ္ဓဘာသာသူတော်စင်တွေကျင့်ကြံကြရမယ့်စာရိတ္တ-သီလ ဖြစ်တယ်။ အေး-မိမိတို့သည် ဧတီတော်တည်းဟူသော ဂေါ-တမဗုဒ္ဓ၏ ဘဏ်တိုက်ကြီး၌ ယခုလောလောဆယ် စေတိယပူဇော်ဒါန စေတိယဝတ္တဝေယျာဝစ္စကို ပြုလုပ်ဆောင်ရွက်ခြင်းဆိုတဲ့ စာရိတ္တသီလ ဒီအနုဂါမိကဥစ္စာ ရတနာနှစ်မျိုးကို မြှုပ်နှံနေကြတယ်လို့ အောက်မေ့ ဝမ်းမြောက်ကြပါ အားရလိုက်ကြစမ်းပါ။

## အနုဂါမိကဥစ္စာ ဂုဏ်ငါးဖြာ

မြတ်စွာဘုရားက ဘဏ်တိုက်ကြီး ၇-တိုက်ကိုလဲ ညွှန်ပြပြီးပြီ။ မိမိတို့လဲပဲ ထိုက်တန်သလောက် ဒီဘဏ်တိုက်ကြီးတွေမှာ ဒါန၊ သီလ၊ အနုဂါမိကဥစ္စာ ရတနာတို့ကို မြှုပ်နှံပြီး မြှုပ်နှံဆဲရှိနေကြပြီ။ အဲဒီ အနုဂါမိကဥစ္စာတို့ရဲ့ ဂုဏ်ကျေးဇူးတွေ ဘယ်လိုရှိတယ်ဆိုတာ ညွှန်ပြဖို့ အခွင့်ရောက်လာပြီ။

ဂ။ ဧသော နိဓိ သုနိဟိတော၊ အဇေယျော အနုဂါမိကော။
ပဟာယ ဂမနီယေသု၊ ဧတံ အာဒါယ ဂစ္ဆတိ။

ဂဟပတိ၊ ဒါယကာသခင်။ သုနိဟိတော၊ ကောင်းစွာ သိုမှီး သိမ်းဆည်းအပ်သော။ ဧသော နိဓိ၊ ဤဒါန သီလ သမာဓိ ပညာ ဥစ္စာစုသည်။ အဇေယျော၊ ဘယ်ရန်သူမျှ မအောင်အပ်တဲ့ ဥစ္စာ ပါပေ။ (၁)

တဦးတယောက်က မေးတယ်ဆိုပါစို့။ ရေ၊ မီး၊ မင်း၊ သူခိုး၊ အမွေခံဆိုး ရန်သူမျိုး ငါးပါးတို့ မိမိတို့အပေါ် အနိုင်ကျင့်၍ ယူမသွားနိုင်တဲ့ဥစ္စာကို ပြပါဆိုလျှင် မိမိတို့ ကြိုးကုတ်အားထုတ်ထားတဲ့ ဒါန၊ သီလ၊ သမာဓိ၊ ပညာ။ ဒါကိုပဲ ပြရပေမည်။ ဒီဒါန၊ သီလ၊ သမာဓိ၊ ပညာသည် ဘယ်ရန်သူမျိုးကမှ မိမိအပေါ် အနိုင်ကျင့်ပြီးတော့ ယူမသွားနိုင်တဲ့ ဥစ္စာပဲတဲ့။

အနုဂါမိကော၊ သံသရာတလျှောက် နိဗ္ဗာန်ရောက်အောင် မိမိနောက်က ကောက်ကောက်လိုက်ပါတဲ့ ဥစ္စာမည်၏။ (၂)

(မေးပေါ့ နောက်ဘဝကစပြီးတော့ အနာဂတ်သံသရာမှာ နိဗ္ဗာန်ရောက်အောင် ကိုယ့်နောက်က လိုက်မဲ့ဥစ္စာဆိုတာ ဘာလဲပြစမ်းပါ-လို့ မေးလျှင် ကိုယ်အားထုတ်တဲ့ ဒါန၊ သီလ၊ သမာဓိ၊ ပညာ၊ ဒီလေးခုကိုပဲ ပြလေတဲ့)။

အညေသု၊ တပါးသော ထာဝရဥစ္စာ ဇင်္ဂမဥစ္စာခေါ်ရတဲ့ သက်မဲ့သက်ရှိဥစ္စာတို့က။ ပဟာယ၊ မိမိကိုစွန့်၍။ ဂမနီယော၊ သွားကြကုန်သော်လည်းကောင်း။ (ကိုယ်က မသေသေးခင် စီးပွားပျက်ကပ်ကြီးနဲ့ ကြုံရတဲ့အခါမှာ ဒီအသက်ရှိ သက်မဲ့ဥစ္စာက ကိုယ့်ကို စွန့်သွားတဲ့ ဒီလို စွန့်တဲ့အခါမျိုး၌လည်းကောင်း။) အညေသု၊ တပါးသော ထာဝရဥစ္စာ ဇင်္ဂမဥစ္စာခေါ်တဲ့ သက်ရှိ သက်မဲ့ဥစ္စာတို့ကို။ ပဟာယ၊ မိမိကစွန့်၍။ ဂမနီယော၊ သွားအပ်ကုန်သော်လည်းကောင်း။

ကိုယ်ကအလျင်သေလျှင် ဒီအသက်ရှိ သက်မဲ့ ဥစ္စာတို့ကို ကိုယ်က စွန့်ပြီးတော့ သွားရတယ်။ အဲဒီလို သူကပဲ စွန့်ပစ်သွားသွား ကိုယ်ကပဲ စွန့်ပစ်သွားသွား၊ အဲဒီလို သူစွန့် ကိုယ်စွန့် သွားရတဲ့အခါမျိုးမှာ

**တော်၊** ဤဒါန, သီလ, သမာဓိ, ပညာ **အနုဂါမိကဥစ္စာကို။** အာဒါယ၊ ယူဆောင်၍။ ဂစ္ဆတိ၊ သံသရာခရီး လှည့်လည်သွား၏။ (၃)

**သံ**သရာမှာ အထုပ်အထည်ပြုလုပ် ယူဆောင်၍သွားနိုင်တဲ့ ဥစ္စာကို ပြပါဆိုလျှင် ဒီဒါန သီလ သမာဓိ ပညာကိုပဲ ပြရမယ်။ မိမိ**နောက်က** အရိပ်ပမာ တကောက်ကောက်လိုက်ပါတဲ့ ဥစ္စာကို ပြစမ်းပါဆိုလျှင်လဲ ဒီဒါန သီလ သမာဓိ ပညာကိုပဲ ပြရမယ်။ ရန်သူမျိုး ငါးပါးတို့ အနိုင်မကျင့်နိုင်တဲ့ဥစ္စာကို ပြစမ်းပါဆိုလျှင်လဲ ဒီဒါန သီလ သမာဓိ ပညာကိုပဲ ပြရမယ်။

၉။ အသာဓာရဏမညေသံ၊ အစောရာဟာရဏော နိဓိ။
ကယိရာထ ဓီရော ပုညာနိ၊ ယော နိဓိ အနုဂါမိကော။

ဂဟပတိ၊ ဒါယကာသင်္ဂေး။ အယံ၊ ဤဒါန သီလ သမာဓိ ပညာကောင်းမှု ရတနာသည်။ အညေသံ၊ သူတပါးတို့နှင့်။ အသာဓာရဏံ၊ မဆက်ဆံတဲ့ ကိုယ်ပိုင်ဥစ္စာလဲ ဟုတ်ပေ၏။ (၄)

မိမိမှာရှိတဲ့ ရွှေငွေကျောက်သံပတ္တမြားဆိုတဲ့ ထာဝရဥစ္စာ ဆင်၊ မြင်း၊ ကျွဲ၊ နွား စတဲ့ သက်ရှိဇင်္ဂမဥစ္စာ၊ ဒီဥစ္စာတွေကို ငါပိုင်တယ်၊ ငါပိုင်တယ် ဘယ်သူမှမဆိုင်ဘူးများ မအောက်မေ့ပါနဲ့။ ပိုင်တဲ့ ဆိုင်တဲ့ သားတွေ သမီးတွေ ဆွေတွေ မျိုးတွေက ဝိုင်းဝိုင်းကိုလည်လို့။ ငါသာ ပိုင်တယ်။ သူတကာမဆိုင်ဘူးများ ထင်ပြီးတော့ အင်း ဘယ်သူမှ မပန်မကြားပဲ အလုပ်တခု ပြုလုပ်ကြည့်ပါလား။ သက်ဆိုင်တဲ့ လူတွေက တရားရုံးတက်ပြီး တရားစွဲလိမ့်မယ်။ ကန့်ကွက်လိမ့်မယ် သေချာတယ်နော်။အေး-မည်သူမျှမပိုင် မိမိသာဆိုင်တယ်ဆိုတဲ့ တကယ့်ဥစ္စာက ဒါနရယ် သီလရယ် သမာဓိရယ် ပညာရယ် ဒီလေးမျိုးပဲရှိတယ်။

အစောရှာဟာရတော နိမိ၊ လူဆိုး သူဆိုးတို့ မခိုးမဝှက်နိုင်တဲ့ဥစ္စာ။
(၅) (ဒီဒါန၊ သီလ၊ သမာဓိ၊ ပညာပဲ။)

တသ္မာ၊ ထို့ကြောင့်။ ယော နိမိ၊ အကြင် ဒါန သီလ သမာဓိ ပညာ ဥစ္စာလေးပါးသည်။ အနုဂါမိကော၊ သံသရာ တလျှောက် နိဗ္ဗာန်ရောက်အောင် မိမိနောက် တကောက်ကောက် လိုက်ပါတတ်၏။ တသ္မာ၊ ထို့ကြောင့်။ မေဓာဝီ၊ ပညာရှိတဲ့ ပုဂ္ဂိုလ်သည်။ မေဓာ၊ အကျိုး ရှိသင့် မရှိသင့်ကို ချိန်နှင့်နှုန်းပြိုင် ဆုံးဖြတ်နိုင်သည့် မဏ္ဍိုင်ခေါင်ဖူး ဉာဏ်ထူး ဉာဏ်ညွန့် ရှိတဲ့ ပညာရှိသည်။ ပုညာနိ၊ ကုသိုလ်ကောင်းမှုတို့ကို။ ကယိရာထ၊ ပြုလုပ်ရာ၏။

ပညာရှိဆိုလျှင် ကုသိုလ်ကောင်းမှုကိုပြုပါ။ ဒါမှ ကိုယ်ပိုင်ဥစ္စာ ဖြစ်ပါတယ်။

ဒါတွင်ပဲလားဆိုတော့ –

၁၀။ ဧသ ဒေဝမနုဿာနံ၊ သဗ္ဗကာမဒဒေါ နိဓိ။
ယံ ယဒေဝါဘိပတ္ထေန္တိ၊ သဗ္ဗမေတေန လဗ္ဘတိ။

ဂဟပတိ၊ ဒါယကာသခင်။ ဧသ-ဧသော၊ ဤဒါန သီလ သမာဓိ ပညာ ကောင်းမှုဥစ္စာသည်။ ဒေဝမနုဿာနံ၊ နတ်လူတို့အား။ သဗ္ဗ-ကာမဒဒေါ၊ အလိုခပ်သိမ်းကို ပေးတတ်သော။ နိဓိ၊ ဥစ္စာကောန် စင်စစ်မှန်၏။

လူတွေ နတ်တွေ သတ္တဝါတွေ လိုချင်တဲ့ ကောင်းကျိုးကိုပေးနိုင်တဲ့ဥစ္စာ ပြစမ်းပါ-ဆိုလျှင် ရွှေငွေတွေကို သွားမပြနဲ့၊ မှားသွားမယ်။ ဒီ ဒါန သီလ သမာဓိ ပညာကိုပဲ ပြပါလေ။

ယံ ယဒေဝ၊ အကြင်အကြင် သမ္ပတ္တိ အမျိုးမျိုးကိုပင်လျှင်။ အဘိပတ္ထေန္တိ၊ တောင့်တလင့်ဆို အသို့ရှိကြကုန်၏။ သဗ္ဗံ၊ တောင့်တ

အပ်သမျှ ဥဿုံ အလုံးစုံကို။ တေနာ၊ ဤ ဒါန သီလ သမာဓိ ပညာ အနုဂါမိက ဥစ္စာဖြင့်။ လဗ္ဘတိ၊ ရအပ် ရပိုင် ရနိုင် ရကောင်း၏။

"ဟာ ကိုယ်တော်၊ လူလောကမှာရှိတဲ့ လူ့စည်းစိမ်ကို ရွှေငွေနဲ့ လဲလှယ်လျှင် ရတာပဲ။ ဒါကြောင့် အလိုရှိအပ် တောင့်တအပ်တဲ့ လူ့ ချမ်းသာ လူ့စည်းစိမ်ကို ရွှေငွေဖြင့် ရကောင်းပါတယ်"လို့-ပြောတယ် ဆိုကြပါစို့။ မြတ်စွာဘုရားအလိုတော်ကတော့ ရွှေငွေဖြင့် ရတနာကို အတည်မပြုဘူး။ အမြင်တိုတဲ့လူကတော့ ဒီလိုပဲ ပြောချင်ပြောမယ်။ ရွှေငွေဖြင့် လူ့စည်းစိမ်ချမ်းသာ သမ္ပတ္တိ အမျိုးမျိုးကို ရဖြစ်တယ်-လို့ ပြောတယ်။ မြတ်စွာဘုရားကတော့ ဒါနသီလ သမာဓိပညာဖြင့် လူ့လောကမှာရှိတဲ့ သမ္ပတ္တိစည်းစိမ် အမျိုးမျိုးကို ရတယ်လို့ပဲ ဟောတော်မူတယ်။

သာမန်အမြင်တိုတောင်းတဲ့ လူအနေနဲ့ ရွှေငွေဖြင့် လူ့စည်းစိမ် သမ္ပတ္တိအမျိုးမျိုးကို ရနိုင်တယ်-ဆိုတဲ့ သူ့စကားကို ရုတ်တရက် သဘောကျချင်ကျသွားနိုင်တယ်။ မြတ်စွာဘုရားရဲ့ အလိုကတော့ အဲဒီ ရွှေငွေဆိုတဲ့ ပစ္စည်းက သမ္ပတ္တိ စည်းစိမ်ဖြစ်တယ်။ ဒါန သီလ သမာဓိ ပညာကောင်းမှုပါရှိတဲ့ လူမှသာ ထိုရွှေငွေဥစ္စာ ရတနာဆိုတာဖြစ်နိုင်တယ်။ ဒါန သီလ သမာဓိ ပညာကောင်းမှု ကုသိုလ်ဥစ္စာ မပါရှိတဲ့ လူမှာဆိုလျှင် ဒီရွှေငွေကိုကလဲရှားပါးလိုက်တာ လက်ဖဝါး ခြေဖဝါးချည်းပဲ၊ ဒါကိုကြည့်ပါတဲ့။ အဲဒီလိုကြည့်လျှင် ဒါန သီလ သမာဓိ ပညာ ကောင်းမှုရတနာနဲ့သာလျှင် လောကီ ရွှေငွေကအစ လောကမှာသမ္ပတ္တိ အမျိုးမျိုးကို ရဖြစ်တာပါကလား။ အဲဒီလို သိပါတဲ့။ လူအချို့မှာ လက်ဖဝါး ခြေဖဝါး အလွန်ရှားကြတယ်။ အဲဒါ ဘာဖြစ်လို့တုံးဆိုလျှင် အဖြေက ရှေးဘဝက ဒါနသီလ ဘာဝနာ ကုသိုလ်တရား နည်းပါးခဲ့လို့။ ဒါဟာ ဗုဒ္ဓဘာသာဝင်တိုင်း သိထားကြတဲ့ အချက်ဖြစ်ပါတယ်။

ကောင်းပြီ။ ဒီကောင်းမှု ဥစ္စာရတနာဖြင့် အလိုရှိရာ တောင့်တ အပ်တဲ့ ကောင်းကျိုးရတာကို အမြွက်မျှလောက်ဖော်ပြစမ်းပါဆိုလျှင်-

၁၁။ သုဝဏ္ဏတာ သုသရတာ၊ သုသဏ္ဌာနာ သုရူပတာ။
အာဓိပစ္စပရိဝါရော၊ သဗ္ဗမေတေန လဗ္ဘတိ-(တဲ့)။

သုဝဏ္ဏတာ၊ မျက်နှာအဆင်းတင့်တယ်လှပခြင်း လည်းကောင်း။ သုသရတာ၊ အသံကောင်းခြင်းလည်းကောင်း။ သုသဏ္ဌာနာ၊ ပုံပန်းသဏ္ဌာန် တင့်တယ်ခြင်းလည်းကောင်း။ သုရူပတာ၊ ကြွင်းသောကိုယ် ရေစိုပြေတင့်တယ်ခြင်းလည်းကောင်း။ အာဓိပစ္စပရိဝါရော၊ အစိုးရခြင်း အခြံအရံများခြင်းလည်းကောင်း။ သဗ္ဗံ၊ အလုံးစုံကို။ ဧတေန၊ ဤဒါန သီလ သမာဓိ ပညာ အနုဂါမိကဥစ္စာဖြင့်။ လဗ္ဘတိ၊ ရအပ်ပေ၏။

သူတော်ကောင်းတို့၊ စဉ်းစားကြည့်ကြပါ။ ရုပ်ရေအဆင်း တင့် တယ်လှပခြင်းဆိုသည်မှာ ရှေးကောင်းမှုရှိမှ တင့်တယ်တယ်။ ထာဝရ ဥစ္စာ ဇင်္ဂမဥစ္စာဖြင့် အဆင်းလှပခြင်းကို ဝယ်လို့မရဘူး။ အသံကောင်း ခြင်းဆိုသည်မှာလဲ ရှေးကံကောင်းမှု(အသံဖြစ်ရာ)ဌာန်ကောင်းတယ်။ ဌာန်ကောင်းမှ အသံကောင်းတယ်။ အေး-ခုခေတ်မှာ အသံကောင်းတဲ့ အမျိုးသားတွေ အမျိုးသမီးတွေ ရှိကြတယ်။ ပိုက်ဆံနှင့် ဝယ်လို့ အသံကောင်းခြင်းကို ဘယ်မှာရမလဲ။ ရှေးကံကောင်းလို့ အသံကောင်း ခြင်းဆိုတဲ့ အကျိုးထူးကို ရခြင်းဖြစ်တယ်။ ပုံပန်းသဏ္ဌာန် တင့်တယ်မှု အဆစ်အချိုးပြေပြစ်မှု၊ပြီးကော့ တကိုယ်လုံး ရုပ်ရေတွေစိုပြေမှု ဆိုတာ လဲပဲ ရှေးကံကြောင့် ဖြစ်ကြရတာချည်းပဲ။ အကြီးအကဲဖြစ်ရမှု အစိုး ရမှုကိုလူတိုင်းလူတိုင်း အလိုရှိကြတယ်။လူတိုင်းလူတိုင်း အကြီးအကဲ ဖြစ်အောင် ကြိုးစားကြတယ်။ ဒါပေမဲ့ ရှေးကံကောင်းမှုကုသိုလ်ကံရှိ ကြတဲ့ပုဂ္ဂိုလ်များသာလျှင် အစိုးရခြင်း အကြီးအကဲဖြစ်ခြင်း ဆိုတဲ့ အကျိုးကိုရမှာဖြစ်တယ်။ လူတိုင်းလူတိုင်း အခြံအရံများချင်တယ်။

အသုံးအဆောင် ပရိဘောဂပေါများချင်တယ်။ မိမိတို့ ရှေးကပြုခဲ့တဲ့ ဒါန သီလ သမာဓိ ပညာနှင့်မှ ရဖြစ်တယ်တဲ့။

၁၂။ ပဒေသရဇ္ဇံ ဣဿရိယံ၊ စက္ကဝတ္တိသုခံ ပိယံ။
ဒေဝရဇ္ဇမ္ပိ ဒိဗ္ဗေသု၊ သဗ္ဗမေတေန လဗ္ဘတိ။

ဂဟပတိ၊ ဒါယကာသခင်။ ပဒေသရဇ္ဇမ္ပိ၊ ပဒေသရာဇ်မင်း အဖြစ်ကိုလည်းကောင်း။ ဣဿရိယမ္ပိ၊ ကေရာဇ်မင်းအဖြစ်ကို လည်းကောင်း။ ပိယံ။ လိုလားနှစ်သက်ဖွယ်ဖြစ်သော။ စက္ကဝတ္တိသုခံ၊ လေးကျွန်းလုံးကိုအစိုးရသော စကြာဝတေးမင်း၏ချမ်းသာကိုလည်းကောင်း။ ဒိဗ္ဗေသု၊ နတ်ပြည်တို့၌။ ဒေဝရဇ္ဇမ္ပိ၊ နတ်ဒေဝရာဇ်မင်းအဖြစ်ကို လည်းကောင်း။ ဧတံ သဗ္ဗံ၊ ဤအလုံးစုံကို။ ဧတေန၊ ဤ ဒါန သီလ သမာဓိ ပညာ အနုဂါမိကဥစ္စာဖြင့်။ လဗ္ဘတိ၊ ရအပ်ပေ၏။ (ဝါ) လဗ္ဘတိ၊ ရအပ် ရပိုင် ရနိုင်ရကောင်း၏။

ဒါယကာသခင်၊ ဒါန-သီလ-သမာဓိ-ပညာ အနုဂါမိက ဥစ္စာဖြင့် သာလျှင် ပဒေသရာဇ်မင်းစည်းစိမ် ကေရာဇ်မင်း စည်းစိမ် စကြာဝတေးမင်းစည်းစိမ် မန္ဓာတ်မင်းစည်းစိမ် ဤစည်းစိမ်ချမ်းသာ အမျိုးမျိုးကို ရနိုင်တယ်တဲ့။ အချုပ်ပြောဆိုရလျှင်—

၁၃။ မာနုသိကာ စ သမ္ပတ္တိ၊ ဒေဝလောကေ စ ယာ ရတိ။
ယာ စ နိဗ္ဗာနသမ္ပတ္တိ၊ သဗ္ဗမေတေန လဗ္ဘတိ။

ဂဟပတိ၊ ဒါယကာသခင်။ မာနုသိကာ၊ လူ၌ဖြစ်သော။ ယာ သမ္ပတ္တိ စ၊ အကြင်စည်းစိမ်ချမ်းသာသည်လည်းကောင်း။ ဒေဝလောကေ၊ နတ်ပြည်လောက၌။ ယာ ရတိ စ၊ အကြင်မွေ့လျော်နှစ်ခြိုက် ပျော်ပိုက်ကြောင်း နတ်စည်းစိမ်အပေါင်းသည် လည်းကောင်း။ ယာ စ နိဗ္ဗာနသမ္ပတ္တိ၊ အကြင် နိဗ္ဗာန်ချမ်းသာသည်လည်းကောင်း။(အတ္ထိ

ရှိ၏)။ သမ္ပိ၊ အလုံးစုံသော လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို။ စေတေန၊ ဤဒါန-သီလ-သမာဓိ-ပညာ အနုဂါမိကဥစ္စာဖြင့်။ လဗ္ဘတိ၊ ရအပ် ရပိုင် ရနိုင် ရကောင်း၏။

လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ၊ ဤချမ်းသာသုံးပါးကို ဒီဒါန ဒီသီလ ဒီသမာဓိ ဒီပညာနဲ့သာ ရဖြစ်တယ်။

**သမင်္ဂီလေးပါးမှတ်ဖွယ်**[၁]

ဤတွင် လူနတ်ချမ်းသာ ရတယ်။လူ့ဘဝ=လူ့ချမ်းသာ နတ်ဘဝ-နတ်ချမ်းသာကို ရတယ်ဆိုတဲ့အချက်ကို သမင်္ဂီလေးပါးနဲ့မှတ်သားရပါမယ်၊ မှတ်သားကြည့်ပါ။

(၁) ဒါနကောင်းမှုပြုတယ်၊ သီလကောင်းမှုပြုတယ်၊ သမာဓိ-ပညာ- ဘာဝနာကောင်းမှု ပြုတယ်ဆိုလျှင် ထို ဒါန-သီလ-သမာဓိ=ပညာ ကုသိုလ်စေတနာ ပဋ္ဌမတ္တတရားလုံးလေး ခဏငယ် သုံးချက်ဥပါဒ်-ဌီ-ဘင် ခဏပစ္စုပ္ပန်အနေနဲ့ ထင်ရှားရှိနေခိုက်ကို **စေတနာ-သမင်္ဂီတာ**=စေတနာနှင့် ပြည့်စုံခြင်းလို့ ခေါ်ရတယ်။

(၂) ထိုစေတနာလေးကလဲပဲ ခဏငယ်သုံးချက်သာ အသက်ရှိတဲ့တရားဖြစ်လို့ ဥပါဒ် ဌီ ဘင် အစဉ်ရောက် ဘင်ခဏသို့ဆိုက်ရော သူလဲချုပ်ရော။ ချုပ်သော်လဲ ဒီကုသိုလ်စေတနာက ဝိပါက်—စေတနာများ ချုပ်သလို ဒီခန္ဓာကိုယ်မှာ အစပျောက် အနပျောက် ချုပ်သွားတာ မဟုတ်ဘူး။ (သရက်စေ့ထဲမှာ ရေဥတု မြေဥတု အဆင်ပြေလျှင် သရက်ပင်တစ်ပင်ပေါက်လိုက်မယ်ဆိုတဲ့ မျိုးစေ့

၁။ အံ၊ ဋ္ဌ၊ ၁။ ၃၆၄။ မ၊ ဋ္ဌ၊ ၄။ ၈၇။ အဘိ၊ ဋ္ဌ၊ ၂။ ၄၁၉။

ခေတ် ဗိဇခေတ်သတ္တိ ကျန်ရှိရစ်သလို) ကုသိုလ်စေတနာကလေးက ဒီခန္ဓာအစဉ်မှာ– ဆရာကောင်း မိတ်ကောင်း ပေါင်းသင်းမိခြင်း မိတ္တသမ္ပဒါ, နှလုံးသွင်းကောင်း၍ ကောင်းကောင်း ကြိုးစားအားထုတ်ခြင်းဆိုတဲ့ ပယောဂသမ္ပတ္တိ— ဒီနှစ်ချက်စုံညီလျှင် လူ့ဘဝခန္ဓာအပင် နတ်ဘဝ ခန္ဓာအပင် ပေါက်လိုက်မယ်ဆိုတဲ့ ဘဝမျိုးစေ့ ဗီဇခေတ် ကမ္မသတ္တိ အမူအရာကလေး ကျန်ရစ်တယ်။ အဲဒီကမ္မသတ္တိ အမူအရာကလေးကို **ကမ္မသမင်္ဂီ** လို့ ခေါ်တယ်။

ယင်း ကမ္မသမင်္ဂီကို ဗုဒ္ဓဘာသာလူတွေ အားကိုးပြီးတော့ လက်သီးဆုပ်ကြတယ်။ "ငါဘာကြောက်စရာရှိသလဲ၊ ငါ့မှာကုသိုလ်ကံတွေ အများကြီးရှိတယ်"လို့ ပစ္စုပ္ပန်အရှိအနေနဲ့ ပြောနေကြတာဟာ ဒီ ကမ္မသမင်္ဂီကိုပင် ပြောနေကြခြင်းဖြစ်ပါတယ်။

## ကုသိုလ်ကံ ဥပတ္ထမ္ဘကအကြောင်း နှစ်ပါး

၃။ ထိုကမ္မသမင်္ဂီဘဝမျိုးစေ့ ဗီဇခေတ်ကမ္မသတ္တိကလေး အကျိုးပေးရန်အတွက် ဘေးမှ အထောက်အပံ့ ဥပတ္ထမ္ဘကအကြောင်း နှစ်ခုလိုအပ်တယ်။

(က) ဆရာကောင်း သမားကောင်း၊ မိတ်ကောင်း ဆွေကောင်း ပေါင်းသင်းမိခြင်း = ကလျာဏမိတ္တသမ္ပဒါ။ အေး....အကုသိုလ်ကံအတွက်ကျတော့ ပါပမိတ်ပေါင်းမိခြင်း = ပါပမိတ္တတာ။

(ခ) ယောနိသောမနသိကာရ ယောနိသော ပယောဂ = အသင့်အားဖြင့် နှလုံးသွင်းခြင်း၊ အသင့်အားဖြင့် အားထုတ်ခြင်း။

အဲဒီ အကြောင်းနှစ်ပါးနှင့် ပြည့်စုံလျှင် ဒီ **ကမ္မသမင်္ဂီကလေးက** မြန်မြန် အကျိုးပေးတာပဲ။

ဥပမာပုံ–သရက်စေ့ထဲမှာ မြေဥတု၊ ရေဥတုနဲ့တွေ့လျှင် အပင် ပေါက်လိုက်မယ်ဆိုတဲ့ ဗီဇမျိုးစေ့ ဓာတ်သတ္တိရုပ် ရှိနေတယ်။ အဲဒီ သတ္တိရုပ်ကနေပြီး ဖျတ္တိရုပ် အပင်ပေါက်လာအောင် ဘယ့်နှယ်လုပ်ရ သလဲ၊ သရက်စေ့ကလေးကို မြေကြီးထဲချ (မြေဥတု ရယူခြင်း ဖြစ် တယ်)။ ရေလောင်းပေး (ရေဥတု ရအောင်ပြုလုပ်ပေးခြင်း ဖြစ်တယ်) လေး ငါး ဆယ်ရက်လောက် ဤနည်းပြုလုပ်ပေးလျှင် သရက်ပင် ကလေး ပေါက်၍ လာတယ်။

ဤဥပမာအတူပင် ကုသိုလ်ကံတည်းဟူသော သုဂတိဘဝမျိုးစေ့ ဗီဇဓာတ်ကမ္မသတ္တိ ကမ္မသမင်္ဂီသတ္တိကလေးဟာ ဒီ ခန္ဓာအစဉ် တည်းဟူ သော သရက်စေ့ထဲမှာ ပါရှိနေတယ်၊ အဲဒီ ကုသိုလ်ကမ္မသမင်္ဂီဘဝ မျိုးစေ့ ဗီဇဓာတ်သတ္တိကလေးက သုဂတိဘဝ အပင် ပေါက်အောင်ကျ တော့—

(၁) ဆရာကောင်း သမားကောင်း မိတ်ကောင်း ဆွေကောင်း ပေါင်းသင်းရခြင်း ဆက်ဆံရခြင်း၊

(၂) သူတို့ရဲ့ အဆုံးအမ ဩဝါဒကို ရယူပြီးတော့ မိမိက အသင့်အားဖြင့် နှလုံးသွင်းခြင်း ပြုမူအားထုတ်ခြင်း—

ဆိုတဲ့ ယောနိသော မနသိကာရ ယောနိသော ပယောဂ ဖြစ်အောင် အားထုတ်ရတယ်။ ဆရာသမားကောင်း မိတ်ဆွေကောင်း ပေါင်းသင်း ဆည်းကပ်ခြင်းဟာ မြေဥတုကို ရယူခြင်းနှင့်တူတယ်။ အသင့်အားဖြင့် နှလုံးသွင်းခြင်း အားထုတ်ခြင်းဟာ ရေဥတုကို ရယူခြင်းနှင့်တူတယ်။

ဒီ မြေဥတု ရေဥတု နှစ်ပါးနဲ့စုံလျှင် သုဂတိဘဝခန္ဓာအပင် ပေါက် တော့တာပါပဲ။

ပကတိသရက်စေ့ကလေးကို မြေကြီးထဲ ချပြီး ဆယ်ရက်လောက် ရေမှန်မှန် လောင်းပေးလျှင် ပကတိမြေဥတု ရေဥတုနှစ်ပါးအထောက် အပံ့ရလာလို့ အပင်ပေါက်တော့မည်ဆိုလျှင် မပေါက်ခင်က ကြိုတင် ပြီးတော့ စို့ပြေလာတယ်။ မြေကြီး ကြွကြွရွရွဖြစ်လာတယ်။ အဲဒါကို မြင်လျှင်ပင် "ငါစိုက်တဲ့ သရက်စေ့ကလေးဟာ အပင်ပေါက်တော့ မယ်"လို့ ကြိုတင်ပြီး သိရတယ်။

ထို့အတူပင် ကောင်းမှု ကုသိုလ်ကံ ကမ္မသမင်္ဂီဘဝမျိုးစေ့ ဗီဇဓာတ် ကမ္မသတ္တိကလေးကို အကျိုးဝိပါက် ဘဝအပင်ပေါက်အောင် ပြုလိုလျှင်- ဆရာသမားကောင်း မိတ်ဆွေကောင်း ပေါင်းသင်း ဆည်းကပ်မှီဝဲခြင်းဆိုတဲ့ မြေဥတု၊ မိမိကိုယ်တိုင်က နှလုံးသွင်းကောင်း ခြင်း ကောင်းစွာ အားထုတ်ခြင်းဆိုတဲ့ ရေဥတု ဒီနှစ်ပါးနဲ့ ပြုပြင် ပေးပါ။ ထိုသို့ ပြုပြင်ပေးလျှင် ဒီ ကုသိုလ်ကံလေးက အကျိုးဝိပါက် ဖြစ်ထွန်းဖို့ ထထကြွကြွရွရွ ဖြစ်လာပါလိမ့်မယ်။ ဘယ်လိုဖြစ်လာမလဲ ဆိုလျှင်—

သူ အကျိုးပေးခါနီးကျတော့ မိမိစိတ်ထဲမှာ ကုသိုလ်ကံ (စေ- တနာ) အာရုံသော်လည်းကောင်း ထင်လာတတ်တယ်။ သို့မဟုတ် ဒီကောင်းမှု ကုသိုလ်ကံကို ပြုစဉ်က အာရုံတွေ ကုသိုလ်ကံ အတ မြောက်ဖို့ ကမ္မနိမိတ် အာရုံတွေ (ဥပမာမှုံ) ယခု နိကာယမမ္မပူဇာ ကောင်းမှု ပြုလုပ်တယ်ဆိုလျှင် လှူဖွယ်ဝတ္ထုတွေ၊ ဆရာတော် သံဃာတော်တွေ၊ သာသနာ့အာဇာနည်အရှင်မြတ်တွေ၊ ကလျာဏမိတ် ပရိသတ်တွေ ကျွေးလို့ မွေးလို့၊ ဒီအာရုံတွေကို ကမ္မနိမိတ်အာရုံလို့ ခေါ်တယ်။ အဲဒီ ကမ္မနိမိတ် အာရုံသော်လည်းကောင်း မိမိမနော-

ဒွါရမှာ ထင်လာပါလိမ့်မယ်။ ထင်လာတဲ့ အခိုက်ကို "ဥပဋ္ဌာန-သမင်္ဂိတာ-အာရုံထင်ခြင်းနှင့် ပြည့်စုံသော အခိုက်" လို့ခေါ်တယ်။ ပြောင်းလာတယ်နော်။

(၄) အဲဒီထင်လာတဲ့ ကံအာရုံ သို့မဟုတ် ကမ္မနိမိတ် အာရုံကို မဟာကုသိုလ် ဇောဝီထိတို့ဖြင့် ထပ်တလဲလဲ အာရုံယူလို့ ထိုအာရုံသည် ဟိုဘက်ဘဝသို့ လိုက်ပါနိုင်လောက်အောင် အထုံကောင်းလာပြီ အဟုန်ကောင်းလာပြီ ဆိုလျှင် ဒီဘဝမှာ ရှိရင်းစွဲ ခန္ဓာအစဉ်၌ စိတ်လဲအဖြစ်ရပ်သွားတယ်။ နောက်ထပ် အသစ် မဖြစ်တော့ဘူး။ စေတသိက် တရားလဲ အဖြစ်ရပ်သွားတယ်။ နောက်ထပ်အသစ် မဖြစ်တော့ဘူး။ ကမ္မဇရုပ်၊ စိတ္တဇရုပ် အာဟာရဇရုပ်များလဲ အဖြစ်ရပ်သွားတယ်။ နောက်ထပ်အသစ် မဖြစ်တော့ဘူး။ ဥတုဇရုပ် တမျိုးတည်းသာ သန္တာန်ဆက်ကာ မပြတ်တရစပ် ဖြစ်၍ နေကျန်ရစ်တော့တယ်။

အဲဒီလို ကမ္မဇ၊ စိတ္တဇ၊ အာဟာရဇဆိုတဲ့ ရုပ်သုံးမျိုးနဲ့စိတ် စေတသိက်တို့ ဒီကိုယ်ပေါ်မှာ အသစ်မဖြစ်တော့ပဲ အဖြစ်ရပ်စဲကာ ဥတုဇရုပ်တမျိုးတည်း သန္တာန်ဆက်၍ မပြတ်တရစပ်ဖြစ်၍ ကျန်ရစ်နေသော ဤကိုယ်ကောင်ကြီးကို လောက ဝေါဟာရ အားဖြင့် "သေတယ်" လို့ ခေါ်ဆိုရပါတယ်။ ဒီလက်ရှိ ကိုယ်ကြီး ပေါ်မှာ စိတ်၊ စေတသိက်၊ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ အာဟာရဇရုပ်တို့အဖြစ် ရပ်တည်ပြီးတော့ ဘာဖြစ်သွားသလဲဆိုလျှင် ဟိုဘက်ကံပစ်ချရာ လူ့ဘဝ၊ သို့မဟုတ် နတ်ဘဝ (ဒီဘဝကသွားတာမဟုတ် ဘူးနော်။ ဒီဘဝကသွားတယ်ဆိုလျှင် လိပ်ပြာဝါဒ၊ အတ္တဝါဒ ဖြစ်နိုင်တယ်။) လူ့ဘဝ၌ ဖြစ်စေ နတ်ဘဝ၌ဖြစ်စေ (ဝါ) လူ့ဘုံ၌ဖြစ်စေ-နတ်ဘုံ၌ ဖြစ်စေ စောစောက (၂-နံပါတ်)က ပြောခဲ့တဲ့ ကမ္မသမင်္ဂီသတ္တဝါကလေး

က ဗျတ္တိရုပ်အနေနဲ့ ပရမတ္ထတရားလုံးတခု အသစ်ဖြစ် လာတယ်။ ဘာ့ဖြစ်လာသလဲဆိုလျှင် ဘာဝနှစ်ရုပ်ကို တစပ်တည်း ထင်မှတ်ရအောင် ဆက်စပ်ပေးသကဲ့သို့ ဖြစ်ခြင်းဆိုတဲ့ ပဋိသန္ဓေကိစ္စ တပ်၍ ဝိပါက်စိတ်တပါး၊ ယှဉ်ဖော်ယှဉ်ဖက် စေတသိက် ၃၃-ပါး။ (ပြီးတော့) ထိုစိတ် စေတသိက်ရဲ့ နေအိမ် ဗိမာန်သဖွယ် လူ့ဘုံ၌ဆိုလျှင် ကာယဒသကခေါ်တဲ့ ကမ္မဇ ကလာပ် ၄၉-စည်းခန့်၊ ဘာဝဒသကခေါ်တဲ့ ကမ္မဇကလာပ် ၄၉-စည်းခန့်၊ ဝတ္ထုဒသက ခေါ်တဲ့ ကမ္မဇကလာပ် ၄၉-စည်းခန့်ဖြစ်ကြတယ်။

## ကလာပ်စည်းယှဉ်ပုံ

ဤ နေရာမှာ "ဘာဖြစ်လို့ ကာယဒသကကလာပ် ၄၉-စည်းခန့်၊ ဘာဝဒသကကလာပ် ၄၉-စည်းခန့်၊ ဝတ္ထုဒသကလာပ် ၄၉-စည်းခန့်လို့ ပြောရတာလဲ။ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ကလာပ်ဆိုလျှင်ပြီးသည်မဟုတ်လော" ဟုမေးဖွယ်ရှိ၏။ အဖြေမှာ ကာယဒသကကလာပ်တစည်းတည်း (ရုပ်သေး ၁၀-ပါးတည်း) ဆိုလျှင် သန္တာန်မဆက်နိုင်၊ အနည်းဆုံး ကလာပ်ပေါင်း ၄၉-စည်းခန့် ရှိမှ သန္တတိဆက်နိုင်တယ်။ ဘာဝဒသက၊ ဝတ္ထုဒသကကလာပ်တို့၌လဲပဲ ထို့အတူပင်ဒါကြောင့် လယ်တီဆရာတော် အစရှိတဲ့ ဆရာတော်ကြီးတွေက—

ကာယဘာဝဝတ္ထုဒသကဝသေန တိဏ္ဏံ ဒသကာနံ ပါတုဘာဝေါ —

ဟူသော သင်္ဂြိုဟ်ပါဠိအရ ကာယဒသက ကလာပ်ပေါင်း ၄၉-စည်းခန့်၊ ဘာဝဒသက ကလာပ်ပေါင်း ၄၉-စည်းခန့်၊ ဝတ္ထုဒသက ကလာပ်ပေါင်း ၄၉-စည်းခန့်စီ ယူရမည်လို့ မိန့်တော်မူခဲ့ကြတယ်။ ယခုပြောခဲ့တဲ့ အတိုင်း မဟာဝိပါက် ပဋိသန္ဓေစိတ်၊ စေတသိက်-၃၃၊ ကမ္မဇကလာပ် ၃-မျိုးတို့ ဖြစ်လာကြတယ်။

ဒီအချက်ကလဲပဲ နတ်တို့ရဲ့ ဥပပတ် ပဋိသန္ဓေနဲ့ နှိုင်းစာကြည့်မှ ပို၍ထင်ရှားပါတယ်။ ဥပပတ် ပဋိသန္ဓေနဲ့ စပ်လို့ သင်္ဂြိုဟ်ကျမ်းမှာ–

စက္ခုသောတဃာနဇိဝှာကာယဘာဝဝတ္ထုဒသကဝသေန
သတ္တ ဒသကာနိ ပါတုဘဝန္တိ–

ဆိုတဲ့ ပါဠိအရ စက္ခုဒသကကလာပ်တစည်း၊ သောတဒသက ကလာပ် တစည်း၊ ဃာနဒသက၊ ဇိဝှာဒသက၊ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ကလာပ်တစည်းစီ (ရုပ်သေး ၇၀-သာ)ဟု ပြောလျှင် မဖြစ်နိုင်ဘူး။

ဘာကြောင့်လဲဆိုတော့ နတ်တို့ရဲ့ ဥပပတ် ပဋိသန္ဓေအခိုက်မှာ ရုပ်ကိုယ်ကာယကြီးဟာ သုံးဂါဝုတ်လောက် တပြိုင်နက်ဖြစ်တယ်။ သုံးဂါဝုတ်ဆိုလျှင် ကိုးမိုင်လောက်ရှိတယ်။ အဲဒီ ၉-မိုင်လောက်ရှိတဲ့ ရုပ်ကိုယ်ကာယကြီးမှာ ရုပ်သေး (၇၀)ဆို၍ မဖြစ်နိုင်ပါ။

ဒါကြောင့် သတ္တ ဒသကာနိ ပါတုဘဝန္တိ . ဟု ဆိုသည်မှာ ဒသက ကလာပ်မျိုးပေါင်း ၇-မျိုးလို့ မိန့်ဆိုတာ·ဟု ယူရပါမည်။ ဤကို ထောက်သဖြင့် တို့သူငါ ဂဗ္ဘသေယျက=အမိဝမ်းခေါင်း ကိန်းအောင်း ကြရတဲ့ ပုဂ္ဂိုလ်တို့မှာလဲပဲ တီဏိ ဒသကာနိ ပါတုဘဝန္တိ·အရ ဒသက ကလာပ်သုံးမျိုး·ဟုဆိုလိုသည်။ (ကလာပ် ၃-စည်းသာဟု မဆိုလို ဘူး)။ ကလာပ် ၃-စည်းသာဆိုလျှင် သန္တတိ မဆက်နိုင်ဘူးဟုမှတ်ယူ ရပါမည်။ ဒီသဘောသည် အတော်နက်နဲပါတယ်။ ဆရာတော်ဘုရား ကြီးတွေ မဋ္ဌိမပဋ္ဌပဒါကျအောင် ယူထားတဲ့ သဘောဖြစ်ပါတယ်။

အေး–အဲဒီလို ဝိပါက်စိတ်နဲ့ စေတသိက် ၃၃-ပါးတို့ဖြစ်လာတာ ကို (၄) ဝိပါကသမင်္ဂီလို့ ခေါ်တယ်။ အဲဒီ ဝိပါက်စိတ် စေတသိက်နဲ့ ကမ္မဇရုပ်ဖြစ်ပေါ်လာသည့်ကိုပင် လူ့ဘဝခန္ဓာ အပင်ပေါက်တယ်လို့

ဆိုရတာ။ နတ်ဘုံ၌သွားဖြစ်တော့ နတ်ဘဝခန္ဓာ အပင်ပေါက်တယ်လို့ ဆိုရတာ၊ လူ့ဘဝ-နတ်ဘဝ ခန္ဓာအပင်ပေါက်လိုက်တယ် ဆိုလျှင်ပင် လူ့စည်းစိမ်လူ့ချမ်းသာ နတ်စည်းစိမ် နတ်ချမ်းသာတို့ဟာ တခါတည်း ရလျက် ပါလာတယ်။ အဲဒါဟာ အခြေခံက ဝိပါကသမ္ပတ္တိ ပဲ။

ဆိုခဲ့ပြီးတဲ့ သမ္ပတ္တိလေးပါးနဲ့ကိုင်၍မှတ်လျှင် မိမိပြုတဲ့ဒါနကောင်း မှု သီလကောင်းမှု သမာဓိကောင်းမှု ပညာကောင်းမှုကုသိုလ်များက လူ့ဘဝ လူ့ချမ်းသာ၊ နတ်ဘဝ နတ်ချမ်းသာကို အကျိုးပေးတယ် ဆိုတာ သမ္ပတ္တိလေးပါး အဆင့်ဆင့်တက်၍ ဝိပါကသမ္ပတ္တိအခိုက်မြောက် ရောက်လာတာကို ခေါ် ဆိုပါတကားဟု အဘိဓမ္မာသဘော ဤကဲ့သို့ ပြောရပါမယ်။

## နိဗ္ဗာန်ရနိုင်ပုံ

အေး—ကောင်းပြီ၊ နိဗ္ဗာန်ချမ်းသာကိုရတယ်ဆိုတာ ဘယ်လိုရတာ တုံး၊ ရပုံကို ပြောပြစမ်းပါ—လို့ မေးစရာရှိပြန်တယ်။ အဖြေက နိဗ္ဗာန်ကို အမှန်ရတယ် နိဗ္ဗာန်တင်မကသေးဘူး၊ နိဗ္ဗာန်ရဲ့ ပတ်ဝန်း ကျင်ကပါရမဲ့ တရားတွေကိုပါ အကျိုးတွေကိုပါရတယ်။ ဒါကို မြတ်စွာ ဘုရားက ညွှန်ပြတော်မူလိုလို့—

၁၄။ မိတ္တသမ္ပဒမာဂမ္မ၊ ယောနိသော စေ ပယုဉ္ဇတော။
ဝိဇ္ဇာဝိမုတ္တိဝသီဘာဝေါ၊ သဗ္ဗမေတေန လဗ္ဘတိ—

လို့ ဟောတော်မူတယ်။

ဂဟပတိ၊ ဒါယကာသူဌေး။ မိတ္တသမ္ပဒံ၊ ကလျာဏမိတ်၏ ပြည့်စုံ ခြင်းကို။ အာဂမ္မ၊ အစွဲပြု၍။ စေ၊ စင်စစ်။ ယောနိသော၊ အသင့် အားဖြင့်။ ပယုဉ္ဇတော၊ လုံ့လကြိုးကုတ် အားထုတ်သူအား။ ဝိဇ္ဇာ ဝိမုတ္တိဝသီဘာဝေါ၊ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး ဝိမုတ္တိငါးပါးတို့ကို

လေ့လာနိုင်နင်းခြင်းသည်။ အတ္ထိ၊ ရှိ၏။ တေ၊ သဗ္ဗံ၊ ဤအလုံးစုံကို။ တေန၊ ဤဒါန သီလ သမာဓိ ပညာ အနုဂါမိကဥစ္စာဖြင့်။ လဗ္ဘတိ၊ ရအပ် ရပိုင် ရနိုင် ရကောင်း၏။

သဒ္ဒေး၊ ဒါနကောင်းမှုရှိမှ သီလကောင်းမှုရှိမှ သမာဓိပညာကောင်းမှုကုသိုလ်ရှိတဲ့လူမှ ပညာရှိများထွန်းကားရာ ပဋိရူပဒေသမှာသွား၍ လူဖြစ်ရတယ်။ အေး–ပဋိရူပဒေသ၌ လူဖြစ်ရမှ ကလျာဏမိတ္တခေါ်တဲ့ ဆရာကောင်း သမားကောင်း မိတ်ကောင်း ဆွေကောင်းကို ပေါင်းသင်းမိတယ်။ အကြောင်းတွေဆက်သွားတာ၊ အခြေခံက ဒါန သီလ သမာဓိ ပညာက အခြေခံရတယ်။ ဆရာကောင်း သမားကောင်း မိတ်ကောင်း ဆွေကောင်း ပေါင်းသင်းမိမှ သူတို့ရဲ့ အဆုံးအမကိုရပြီးတော့ ဓမ္မာနုဓမ္မပဋိပတ်ကို ကျင့်ခြင်းဆိုတဲ့ ယောနိသော ပယောဂဖြစ်ပေါ်တယ်။ အဲဒီလို ဓမ္မာနု ဓမ္မပဋိပတ်ကို ကျင့်ခြင်းဆိုတဲ့ ယောနိ-သောပယောဂပေါ်မှာ (ပု·ဒိ-အာ) ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်ဆိုတဲ့ ဝိဇ္ဇာသုံးပါး အဲဒီ ဝိဇ္ဇာသုံးပါးထဲမှာ ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်၊ ဣဒ္ဓိဝိဓဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ စေတောပရိယဉာဏ်၊ ဒီဉာဏ်ငါးပါးကိုထပ်ပြီး ထည့်လိုက်လျှင် ဝိဇ္ဇာရှစ်ပါးဖြစ်တယ်။

ရှေးကုသိုလ်ကံကောင်းမှ ကုသိုလ်ဖြစ်လောက်တဲ့ အရပ်မှာသွားပြီး ဘဝအပင်ပေါက်တယ်။ အဲဒီမှာ ဆရာကောင်း သမားကောင်း မိတ်ကောင်း ဆွေကောင်းကို ဆည်းကပ်မိတယ်။ အဲဒီလို ဆည်းကပ်မိခြင်းကြောင့် သူတို့ရဲ့ဩဝါဒကို ကြားနာရတယ်၊ ကြားနာရတာကို အကြောင်းပြုပြီးတော့ မိမိမှာ နည်းမှန်လမ်းမှန် ကျင့်ကြံကြိုးကုတ်အားထုတ်မှုဆိုတဲ့ ယောနိသော ပယောဂဖြစ်ပေါ်ရတယ်။ယောနိသော ပယောဂကြောင့် ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး မိမိရရှိတွင်မကဘူး၊တဒင်·

ဝိမုတ္တိခေါ်တဲ့ ကာမကုသိုလ်၊ ဝိက္ခမ္ဘနဝိမုတ္တိခေါ်တဲ့ မဟဂ္ဂုတ်ကုသိုလ်၊ သမုစ္ဆေဒဝိမုတ္တိခေါ်တဲ့ မဂ်ကုသိုလ်၊ ပဋိပ္ပဿဒ္ဓိ ဝိမုတ္တိခေါ်တဲ့ အရိယဖိုလ်၊ နိဿရဏဝိမုတ္တိခေါ်တဲ့ နိဗ္ဗာန်တရားကို မျက်မှောက်ပြုရတယ်။ ဒီဝိမုတ္တိငါးပါး၊ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးတို့ကို လေ့လာနိုင်နည်းမှု ဖြစ်ရတယ်။ ဒါတင်ပဲလား၊ မဟုတ်သေးပါဘူး၊ နောက်ဆုံးပြောကြစို့။

၁၅။ ပဋိသမ္ဘိဒါ ဝိမောက္ခာ စ၊ ယာ စ သာဝကပါရမီ။
ပစ္စေကဗောဓိ ဗုဒ္ဓဘူမိ၊ သဗ္ဗ-မေတေန လဗ္ဘတိ–

ဂဟပတိ၊ ဒါယကာသင့်။ ပဋိသမ္ဘိဒါ စ၊ ပဋိသမ္ဘိဒါအပြား ဉာဏ်လေးပါးတို့ လည်းကောင်း။ ဝိမောက္ခာ စ၊ ဝိမောက္ခအပြား ရှစ်ပါးတို့လည်းကောင်း။ ယာ စ သာဝကပါရမီ၊ အကြင် သာဝကပါရမီလို့ခေါ်တဲ့ သာဝကဗောဓိလို့ခေါ်တဲ့ တပည့်သာဝကတို့ ရအပ်သော မဂ်ဉာဏ်လေးပါးလည်းကောင်း။ ယာ စ ပစ္စေကဗောဓိ၊ အကြင် ပစ္စေကဗောဓိလို့ခေါ်တဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သန္တာန်မှာဖြစ်တဲ့ မဂ်ဉာဏ်လေးပါးလည်းကောင်း။ ယာ စ ဗုဒ္ဓဘူမိ၊ အကြင် ဗုဒ္ဓဘူမိလို့ခေါ်တဲ့ သမ္မာသမ္ဗောဓိလို့လဲခေါ်တဲ့ သဗ္ဗညုမြတ်စွာဘုရားတို့ သန္တာန်မှာဖြစ်တဲ့ မဂ်ဉာဏ်လေးပါးလည်းကောင်း။ ဧတံ သဗ္ဗံ၊ ဤအလုံးစုံကို။ ဧတေန၊ ဤဒါန သီလ သမာဓိ ပညာ အနုဂါမိကာဥစ္စာဖြင့်။ လဗ္ဘတိ၊ ရအပ် ရပိုင် ရနိုင် ရကောင်း၏။

ကိုယ်က ဒါနအားထုတ်မယ်၊ သီလအားထုတ်မယ်၊ သမာဓိဘာဝနာကို ကြိုးကုတ်မယ်၊ ပညာဘာဝနာကို အားထုတ်မယ်ဆိုလျှင် အရိယမဂ်ကို ရနိုင်တယ်။ အရိယမဂ်ကိုရတော့တောင်မှ အရိယမဂ်ရဲ့ အခြံအရံ ဂုဏ်ထူးသဖွယ်ဖြစ်တဲ့ ပဋိသမ္ဘိဒါဉာဏ် ခြံရံပြီးတော့ရတယ်။

**ပဋိသမ္ဘိဒါဉာဏ်လေးပါး**

ပဋိသမ္ဘိဒါဉာဏ်လေးပါးရှိတယ်။

(၁) အတ္ထပဋိသမ္ဘိဒါဉာဏ်

(၂) ဓမ္မပဋိသမ္ဘိဒါဉာဏ်၊

(၃) နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊

(၄) ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်—

လို့ လေးမျိုးရှိတယ်။

(၁) **အတ္ထပဋိသမ္ဘိဒါဉာဏ်** ဆိုတာ အကျိုးတရားအမျိုးမျိုးကို ခွဲခွဲခြမ်းခြမ်း အစိတ်စိတ်အမွှာမွှာသိတဲ့ အသိဉာဏ်ကိုခေါ်တယ်။

(၂) **ဓမ္မပဋိသမ္ဘိဒါဉာဏ်** ဆိုတာ အကြောင်းတရား အမျိုးမျိုးတို့ကို ခွဲခွဲခြမ်းခြမ်း အစိတ်စိတ်အမြွာမြွာသိတဲ့ အသိဉာဏ်ကိုခေါ်တယ်။

(၃) **နိရုတ္တိပဋိသမ္ဘိဒါဉာဏ်**ဆိုတာ အဲဒီအကျိုးတရား အကြောင်းတရားတို့၏ ဆိုင်ရာ သဘာဝနိရုတ္တိ အရိယဝေါဟာရကိုသိတဲ့ အသိဉာဏ်ကို ခေါ်တယ်။ ဒီ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ဆိုတာကလဲ နက်နဲပါတယ်။ တချို့အကြောင်းတရား အကျိုးတရားတို့ကို သိတယ်၊ ဒါပေမဲ့ မိမိသိတဲ့ အကျိုးတရား အကြောင်းတရားတို့ကို သဘာဝနိရုတ္တိ အရိယဝေါဟာရ ပါဠိလို ဒီလိုခေါ်တယ်လို့တော့ မသိဘူး။ ပါဠိလို မပြောတတ်ဘူး။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ရှင်ကတော့ မိမိသိတဲ့ အကျိုးတရား အကြောင်းတရားတို့နှင့် ဆိုင်ရာသဘာဝနိရုတ္တိ အရိယဝေါဟာရ ပါဠိမှန်ကိုသိတယ် ပြောတတ်တယ်။

ဥပမာ–တွေ့ဆိုခြင်းသဘောကို တဦးတယောက်က ဖုဿောလို့ မှားပြောတယ်ဆိုကြပါစို့။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ရှင်က ''ဟာ မဟုတ်ဘူး၊

ဖသောလို့ခေါ်တယ်”လို့ အဲဒီလို အမှန်ကိုသိတယ် ပြောတယ်။ ဆိုကြပါစို့ ပဋိသမ္ဘိဒါဉာဏ်ရှင်မဟုတ်တဲ့ ပုဂ္ဂိုလ်များက ပစ္စည်းဝတ္ထု တခုခုကိုပင် သူက ပါဠိတမျိုး၊ ငါက ပါဠိတမျိုး အမျိုးမျိုး ပြောတတ် ကြတယ်။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ရှင်များကျတော့ တပါးနှင့်တပါး တဦးနှင့်တဦး ဘယ်တော့မှ ပါဠိဘာသာ အရိယဝေါဟာရ မကွဲပြား ဘူး။ တသံတည်းထွက်လာကြတယ်။ ဒါကြောင့် မြတ်စွာဘုရားရှင်နှင့် တကွ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ရှင် ဖြစ်တော်မူကြတဲ့ ရဟန္တာအရှင်မြတ် တွေ ဟောကြားတဲ့ သုတ္တန်တွေ အများကြီးရှိတယ်။ အဲဒီ သုတ္တန် တွေမှာ အကြောင်းအရာကသာ တူတယ်ဆိုလျှင် ပါဠိအသံမှာ တသံ တည်းပဲ ဟောတယ်၊ ထွက်လာတယ်။

အဲဒီ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တိုင်အောင် မစဉ်းစားမိလျှင် “တပါး ကတပါးဟောတာကို အတုယူပြီးတော့ ဟိုကဟာကို ဒီမှာကူးချတယ်။ ဒီကဟာကိုဟိုမှာကူးချတယ်”လို့ အဲဒီလို အထင်မှားတတ်တယ်။ကူးချ တာမဟုတ်ဘူး။ နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်နှင့် ဟောလို့တူနေတာဖြစ် တယ်။ ဥပမာ—ရဟန္တာကိုယ်တော်နှစ်ပါး တပါးက မြန်မာပြည် မြောက်ပိုင်းမှာ တပါးက မြန်မာပြည်တောင်ပိုင်းမှာ တရားဟော တယ်ဆိုကြပါစို့ ။ အဲဒီကိုယ်တော်နှစ်ပါးရဲ့ တရားကိုနာကြည့်။ အကြောင်းအရာက တူနေလျှင် သဘာဝနိရုတ္တိအရိယဝေါဟာရပါဠိသံ ဟာ တူနေတာပဲ၊ တပါးနှင့်တပါးမတိုင်ပင်ရပဲနှင့် တသံတည်းထွက် နေတယ်။ အဲဒီလိုတူညီတာဟာ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ကြောင့် တူညီ တာဖြစ်တယ်။အကြောင်းအရာကသာ တူညီနေလျှင် အရှင်သာရိပု- တ္တရာပဲဟောဟော၊ အရှင်မဟာမောဂ္ဂလ္လာန်ပဲ ဟောဟော၊ အရှင် မဟာကဿပပဲဟောဟော၊ ပါဠိသံတသံတည်း ထွက်လာတယ်။ ပါဠိ တော်တို့ကို ကြပ်ကြပ်လေ့လာကြည့်လျှင် အကြောင်းအရာတူညီက ပါဠိအသွားလဲ တူညီတာကိုကောင်းစွာ တွေ့ရသိရပါတယ်။

**ပဋိဘာနပဋိသမ္ဘိဒါဉာဏ်**ဆိုတာ ဒီဉာဏ်ကို အတ္ထပဋိသမ္ဘိဒါဉာဏ် ခေါ်တယ်။ ဒီဉာဏ်ကိုတော့ ဓမ္မပဋိသမ္ဘိဒါဉာဏ် ခေါ်တယ်။ အေး– နိရုတ္တိအမှန်သိတဲ့ ဉာဏ်ကိုတော့ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ခေါ်တယ်လို့ သိတဲ့ဉာဏ်ကိုခေါ်တယ်။ ဟာသူကလဲ အညွန့်ပေါ်အညွန့် ထပ်ဆင့်တယ်ဆိုတာလို ဉာဏ်ပေါ်မှာထပ်ဆင့် သိတဲ့ဉာဏ်မျိုးဖြစ်ပါတယ်။

ဒါန သီလ သမာဓိ ပညာ အနုဂါမိကဥစ္စာပါတဲ့ ပုဂ္ဂိုလ်ကျတော့ အရိယမဂ်ဉာဏ်ကိုရလျှင် အဲဒီမဂ်ဉာဏ်ရဲ့ အခြံအရံအနေနဲ့ ယခုပြောပြခဲ့တဲ့ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့ ဝိမောက္ခခေါ်တဲ့ ဈာန်ရှစ်ပါးတို့ အဲဒီ အခြံအရံတွေနှင့်တကွ ရလာတယ်။

အေး....နောက်ဆုံး အကျိုးပြောကြစို့။ သာဝကဗောဓိဆုပန်တဲ့ ပုဂ္ဂိုလ်များမှာ သာဝကဗောဓိဉာဏ်လို့ခေါ်တဲ့ တပည့်သာဝကများရတဲ့ မဂ်ဉာဏ်လေးပါး၊ ပစ္စေကဗုဒ္ဓါဆုပန်တဲ့ ပုဂ္ဂိုလ်များမှာ ပစ္စေကဗောဓိဉာဏ်လို့ခေါ်တဲ့ (ပစ္စေကဗုဒ္ဓါတို့သန္တာန်မှာဖြစ်တဲ့) မဂ်လေးပါး၊ သမ္မာသမ္ဗောဓိ ဆုကြီးပန်ပုဂ္ဂိုလ်များမှာ သဗ္ဗညုတဉာဏ်အထွတ်တပ်တဲ့ မဂ်လေးပါးတည်းဟူသောဘုရားသဗ္ဗညုတို့၏ သမ္မာသမ္ဗောဓိဉာဏ် အဲဒီ ဗောဓိဉာဏ်ကြီးသုံးပါးလဲပဲ ဒီဒါန သီလ သမာဓိ ပညာ အနုဂါမိကဥစ္စာနဲ့သာ ရဖြစ်တယ်။ ရွှေနဲ့ငွေနဲ့ဝယ်လို့မရဘူး။

အိုသူတော်ကောင်းတို့၊ မြတ်စွာဘုရားရဲ့သာသနာတော်သည် အဆုံးအပိုင်းအခြား ကာလနားရှိတဲ့ သာသနာဖြစ်တယ်။ မြတ်စွာဘုရားရဲ့သာသနာတော်သည် ဘယ်မှာဆုံးသလဲလို့မေးလျှင် အရဟတ္တဖိုလ်မှာ ဆုံးတယ်လို့ဖြေရပါမယ်။ အရဟတ္တဖိုလ်မှာဆုံးတယ်ဆိုတော့ အခုမြတ်စွာဘုရား နိမိကဏ္ဍသုတ္တန်ကို ဟောတော်မူခဲ့တာဟာ ဗောဓိဉာဏ်သုံးပါးရောက်ပြီဆိုတော့အရဟတ္တမဂ်ဉာဏ်၏အခြားမဲ့မှာအရဟတ္တဖိုလ်ဆိုတဲ့ သာသနာရဲ့ အဆုံးဟာတခါတည်း ကပ်ရောက်သွားပြီ။ သာသ-

နာခံရှုအဆုံးထိသွားပြီပေါ့။ တရားပြီးပြီ။ တရားကျင့်လဲ အရဟတ္တာဖိုလ်ရောက်လျှင် အကျင့်စခန်းဆုံးတယ်။ တရားဟောလျှင်လဲ အရဟတ္တဖိုလ်ရောက်လျှင် တရားပြီးဆုံးတယ်။ ဒါကြောင့်မြတ်စွာဘုရားက ဒေသနာတော် နိဂုံးအဆုံးသတ်တော်မူလို၍....

၁၆။ ဧဝံ မဟတ္ထိယာ သော၊ ယဒိဒံ ပုညသမ္ပဒါ။
တသ္မာ ဓီရာ ပသံသန္တိ၊ ပဏ္ဍိတာ ကတပုညတံ—

လို့ တရားနိဂုံး အဆုံးသတ်တော်မူခဲ့တယ်။

**သာဝတ္ထိသဌေးသောတာပန်ဖြစ်ခြင်း**

ဂဟပတိ၊ ဒါယကာသဌေး။ ယဒိဒံ–ယာ အယ်ပုညသမ္ပဒါ၊ အကြင် ဒါန သီလ သမာဓိ ပညာကောင်းမှုလေးပါး၏ ပြည့်စုံခြင်းသည်။အတ္ထိ၊ ရှိ၏။ သော ပုညသမ္ပဒါ၊ ဤကောင်းမှုကုသိုလ်၏ ပြည့်စုံခြင်းသည်။ ဧဝံ မဟတ္ထိယာ၊ ဤသို့ဆိုခဲ့ပြီးသောအတိုင်း ရုပ်ရည်အဆင်းတင့်တယ် လှပခြင်းကအစ သမ္မာသမ္ဗောဓိ ပစ္စေကဗောဓိ သာဝကဗောဓိဉာဏ် တိုင်အောင် များမြတ်သော အကျိုးရှိပေ၏။ တသ္မာ၊ ထို့ကြောင့်။ ဓီရာ၊ မြဲမြံခိုင်ခံ့ တည်တံ့သောသမာဓိ ရှိကုန်သော။ ပဏ္ဍိတာ၊ ဘုရား အစ များလှဘိတောင်း ပညာရှိသူတော်ကောင်းတို့သည်။ ကတပုညတံ၊ ပြုအပ်သောကောင်းမှုရှိသူ၏ အဖြစ်ကို။ (ဝါ) ကုသိုလ်ကောင်းမှု ပြုခြင်းကို။ ပသံသန္တိ၊ နှစ်လိုအားရမ်း ချီးမွမ်းတော်မူကြပေကုန်၏။

ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝက သူတော်ကောင်းတွေ ပညာ ရှိတွေ ဒီဒါန ဒီသီလ ဒီသမာဓိ ဒီပညာကို ချီးမွမ်းတော်မူကြတာဟာ အခုပြောခဲ့တဲ့အတိုင်း အကျိုးများလွန်းလို့ ချီးမွမ်းတော်မူကြတာ၊ အကြောင်းမဲ့ ချီးမွမ်းတော်မူကြတာ မဟုတ်ဘူးတဲ့။ ဒေသနာ နိဂုံး ကလဲ သိမ်းလိုက်ရော ထိုသာဝတ္ထိသဌေးသည် တခါတည်း သောတာပန် အရိယာ ဖြစ်သွားတယ်။ တရားပွဲလဲပြီးပြီ။

ဘုရားနှင့်တကွ သံဃာတော်တွေလဲ ကျောင်းတော်သို့ ကြွသွားကြပြီ။

အဲဒီသင်္ဘေးလဲပဲ ပသေနဒီ ကောသလမင်းကြီးထံ သွားတယ်။ ကောသလမင်းကြီးက မေးတယ်။ "သင်္ဘေး၊ ဥစ္စာကို မြုပ်နှံသိုမှီး သိမ်းဆည်းတယ်ဆိုတာ အဓိပ္ပာယ် ပြန်ပြောပြစမ်းပါ"လို့ဆိုတော့ သင်္ဘေးက နဂိုကပဲ အသိဉာဏ်ထူး ရှိသူဖြစ်လို့ သူစကားထူး စကားဆန်း ပြောလိုက်တယ်။ အခု နိဓိကဏ္ဍသုတ္တန်ကိုလဲပဲ ရေရေလည်လည် သူနာထားရတယ်။ ပြီးတော့ သူက သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပေါက်ရောက်တယ်ဆိုတော့ အရိယာဉာဏ်အမြင်လဲပဲ ရှိနေတယ်။ ပသေနဒီ ကောသလမင်းကြီးအား နိဓိကဏ္ဍသုတ္တန်ကို ပြန်ပြီးတော့ သူ့အသိဉာဏ်နှင့် ဖြည့်စွက်၍ နားလည်အောင် ပြန်၍ဟောပြတယ်။

ကောသလမင်းကြီးလဲ လွန်စွာအားရဝမ်းသာ ရှိလှပါတယ်။တရားနိဂုံးဆုံးတဲ့အခါ သင်္ဘေးက "အရှင်မင်းကြီး၊ အကျွန်ုပ်သည် ဘုရားအမှူးပြုသော သံဃာတော်အား ဒါနကောင်းမှု ပြုခဲ့ရတယ်။ သရဏဂုံသီလဆိုတဲ့ အနုဂါမိကဥစ္စာ၊ တရားနာယင်း ဘုရားဂုဏ်ကို အာရုံပြုရတဲ့ သမာဓိဘာဝနာ၊ ရုပ်နာမ်နှစ်ပါးတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်ပုံကို ဆင်ခြင်ပွားများရတဲ့ ဝိပဿနာဘာဝနာ ပညာ ဒီတရားတွေကိုရလို့ အကျွန်ုပ်သည် ယခုအခါ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါက်လို့ သာဝကဗောဓိဉာဏ် လေးပုံတပုံ ခရီးရောက်ခဲ့ပြီ"ဆိုတဲ့အကြောင်း ပြန်ကြားလျှောက်ထားတဲ့အခါ ပသေနဒီကောသလမင်းကြီးကလဲ (သာဓု သာဓု ဂဟာ႒တိ) "သာဓု-သာဓု-သာဓု ပါ သင်္ဘေး။ အသင် သင်္ဘေးသည် ငါတို့ကဲ့သို့သော မင်းများသော်မှ မသိမ်းယူနိုင်တဲ့ အနုဂါမိကဥစ္စာကို ကောင်းစွာ သိုမှီး သိမ်းဆည်းအပ်ပေတယ်"လို့

ကောင်းချီးပေးပြီး မြောက်မြားစွာသော ဆုလာဘ်သပွကာများကို ပေးကမ်းချီးမြှောက်လိုက်တယ်။

## တရားနိဂုံးပိုင်း

## ဤတရားကို ကိုယ့်တရားဖြစ်အောင်လုပ်ရန်

သူတော်ကောင်းတို့....နိမိကဇာတ်သုတ္တန်တရားတော် ပြီးသွားပြီ။ တရားတော်မှာ ဩပနေယျိက=မိမိတို့ကိုယ်သို့ကပ်၍ ဆောင်ထိုက်သော ဂုဏ်ကျေးဇူးရှိတယ်။ ဆောင်မှ အဲဒီတရားတော်သည် ကိုယ့်တရားဖြစ်မယ်။ ဆောင်ကြည့်ကြရအောင်။

ဒီသုတ္တန်တခုလုံးမှာ ထာဝရဥစ္စာ=ရွှေ ငွေစတဲ့ သက်မဲ့ဘဏ္ဍာကို ဆိုလိုတယ်။ ဇင်္ဂမဥစ္စာ=ဆင် မြင်း ကျွဲ နွားစတဲ့ သက်ရှိဘဏ္ဍာကို ဆိုလိုတယ်။ အင်္ဂသမဥစ္စာ=လက် ခြေအင်္ဂါနှင့်တူတဲ့ မိမိတတ်သော နှုတ်မှုပညာ လက်မှုပညာများကို ဆိုလိုတယ်။ ဒီဥစ္စာသုံးမျိုးကို ဥစ္စာ၏ အဖြစ်ချင်းတူလို့သာ ဟောတော်မူခြင်းဖြစ်တယ်။ သူတို့ကို အဓိက ဟောလိုရင်း မဟုတ်ပါ။ မိမိတို့ လိုက်နာကျင့်သုံးဖို့ အဓိက ဟောလိုရင်းကတော့ အဲဒီ ထာဝရ ဇင်္ဂမဥစ္စာတို့ကို ရဖို့ရန် အခြေခံအကြောင်းရင်းဖြစ်တဲ့ အနုဂါမိကဥစ္စာကို ဟောတော်မူလိုရင်း ဖြစ်တယ်။ ဒါနရယ်၊ သီလရယ်၊ သမာဓိရယ်၊ ပညာရယ် ဒီဥစ္စာလေးပါး ကောင်းမှုလေးပါး အနုဂါမိကဥစ္စာ တို့မှာ ဘယ်နှစ်မျိုးရပြီလဲ-လို့ စစ်ဆေးကြည့်ရပါမယ်။ မရသေးလျှင် ရအောင်ယူရမယ်ပေါ့။

**ဒါန**။ ။မိမိတို့မှာ မိဘ ဘိုးဘွား အမြော်အမြင်ကြီးကြတဲ့ ကျေးဇူးရှင်ကြီးများက ငယ်စဉ်ကလေး ကတည်းကိုက မလှူချင် လှူချင်အောင် သင်ပေးတယ် ဆုံးမတယ်၊ ဩဝါဒပေးခဲ့တယ်၊ တိုက်တွန်းခဲ့တယ်၊ နည်းပေးလမ်းညွှန် မြောက်မြားစွာ ပြောလိုက်သေးတယ်။ "ငါ့သားက လိမ္မာသကွဲ့၊ ငါ့သမီးက လိမ္မာသကွဲ့၊

ငါ့မြေးက လိမ္မာသကွဲ့၊ အဲဒီ မုန့်ကလေးကို အဘိုးပေးပါ”အဲဒီလို အဘိုးက ဒါနပေးချင်အောင်သင်ပေးတယ်။အဘိုးဆိုတော့ သွေးရင်း သားရင်းဖြစ်လို့ ပေးလွယ်သကိုး။မြှောက်ပြော ကလေးကကြိုက်တယ်။ အဲဒီက နောက်ကျတော့ တဖြည်းဖြည်း တစိမ်းပြင်ပလူများအား ပေးဖို့ သင်ပေးတယ်။ အဲဒီလို လေ့ကျင့် လေ့ကျင့်လာခဲ့တာ ကလေးတွေဟာ ပထမပိုင်းမှာတော့ သဿာ်ရိက ဒါနကုသိုလ်စိတ်တွေ ဖြစ်လာတယ်။ တွေးကြည့်ကြပါ။ တော်တော်ကြာ ဒီကလေး သိ-ကြား လိမ္မာလာတော့ လှူရမှန်း တန်းရမှန်း သိတယ်။ မိမိတို့သည် ဒီအသိမျိုးနဲ့ ပြန်ကြည့်ကြစမ်းပါ။ သိ-ကြား လိမ္မာတဲ့ အရွယ်ကစပြီး မိမိတတ်နိုင်သလောက် နည်းများမဟူ အလှူဒါနတွေကို ပြုခဲ့ကြပြီ။ ရှေးကလဲ ပြုခဲ့တယ်။ ယခုလဲပြုဆဲ နောင်လဲပြုကြလတ္တံ့ ဖြစ်တယ်။ ဒီဒါနကောင်းမှုတည်းဟူသော အနုဂါမိက ဥစ္စာတွေကို တို့မှာ အများကြီးရခဲ့ပြီ။ မိဘ ဘိုးဘွား ကျေးဇူးကြောင့် အေး-သူတို့ရဲ့ သင်ကြားပေးတဲ့ ကျေးဇူးကြောင့် လှူရမှန်း တန်းရမှန်း သိတယ်။

**သီလ**။ ။ဘူတို့က ချော့ပြီးတော့ တခါတလေများလေ “မုန့်ဖိုး ပေးမယ်၊ ငါ့မြေးဥပုသ်စောင့်ပါ” ပြောကြားတယ်။ အဲ သီလကိုလဲပဲ အမြော်အမြင်ကြီးကြတယ်။ အဲ သီလကိုလဲပဲ အမြော်အမြင်ကြီးကြတဲ့ မိဘဘိုးဘွားတို့ရဲ့ အလေ့အထပြုပေးမှုကြောင့် သိ-ကြားလိမ္မာတဲ့ အရွယ်ကစပြီး ငါးပါးသီလကို နေ့စဉ်(ရှစ်ရက်သီတင်း လပြည့်လကွယ် နေ့များမှာ ) ရှစ်ပါးသီလ၊ အေး-တခါတလေ ဓုတင်များတောင် ဆောက်တည်လိုက်သေးတယ်။ အာဘာ်သမာစာရိကသီလ အနုဂါမိက ဥစ္စာကို မြောက်မြောက်မြားမြား မိမိတို့ဆည်းပူးခဲ့ကြရတယ်။ ဒီနိဗ္ဗိ-ကဗ္ဗူသုတ္တန်ကလာတဲ့ ဥစ္စာကို ကိုယ်ပိုင်မှ အဲဒီသုတ္တန်ဟာ ကိုယ့်သုတ္တန် ဖြစ်မယ်။ ကိုယ့်တရား ဖြစ်မယ်။

**သမာဓိ။** ။ကဲ-ကောင်းပြီ၊ သမာဓိကုသိုလ်၊ ဒီသမာဓိကုသိုလ်ကိုလဲပဲ မိဘဘိုးဘွားတို့က သင်ပေးကြတယ်။ "ငါ့သား ငါ့သမီး ငါ့မြေးဆိုစမ်းတဲ့။ သော ဘဂဝါ ဣတိပိ အရဟံ" ဘာမှ မသိတတ်အချိန်မှာ ဆိုရတယ်။ အဲဒီလိုဆိုလို့ရပြီးလျှင် ဘာပြောသလဲ။ "ငါ့မြေး ငါ့သား ငါ့သမီး အဲဒီဟာတခေါက် ဆိုပြီးလျှင် ပုတီးတလုံးချ၊ အဲဒါ ပုတီးစိပ်တာ ပုတီးစိပ်-ပုတီးစိပ်" လို့ ပြောကြပြန်တယ်။ ဒါဟာ ဘာလဲလို့ဆိုတော့ ဗုဒ္ဓါနုဿတိ သမာဓိဘာဝနာကို မိမိတတ်နိုင်သလောက် ကလေးရဲ့ဉာဏ်ငုံနိုင်သလောက် ကလေးရဲ့ ဉာဏ်ပညာခံတွင်း ဆံ့သလောက် မိဘဘိုးဘွားတို့က ထည့်ပေးတာ ဖြစ်တယ်။ အဲတို့တတွေက အဲဒါတွေကို ထွေးထွေးပင်ယင်တော့ ကိုယ်မရတာပဲ ရှိမယ်။ မိဘ ဘိုးဘွားတို့ရဲ့ တာဝန်မဟုတ်ဘူး။ အခုပြောခဲ့တဲ့အတိုင်း "သော ဘဂဝါ ဣတိပိ အရဟံ သော ဘဂဝါ ဣတိပိ အရဟံ" နဲ့ မိဘဘိုးဘွားစကား နားထောင်တဲ့ အမျိုးကောင်းသားတိုင်း အမျိုးကောင်းသမီးတိုင်း ပုတီးစိပ်ခဲ့ကြတယ်။ ဒီလိုဆိုလျှင် ဗုဒ္ဓါနုဿတိ သမာဓိ ဘာဝနာ ကုသိုလ်အလုပ်ကို ကိုယ်တတ်နိုင်သလို အားထုတ်တာပါပဲတဲ့။ မိဘဘိုးဘွားတို့ကတော့ ငါ့သား ငါ့သမီး ငါ့မြေးဟာ ဒီအချိန်မှာ ဒီလောက်ပဲ ဉာဏ်ငုံနိုင်သေးတယ်ဆိုပြီး မိမိတို့ တတ်သိသမျှ အရဟံဂုဏ်တော် ပုတီးစိပ် ဗုဒ္ဓါနုဿတိ သမာဓိဘာဝနာကို သင်ပေးလိုက်တယ်။ မိမိက သိ-ကြား လိမ္မာလာတဲ့အခါ ဆရာသမားကောင်း မိတ်ဆွေကောင်းတို့ကို ဆည်းကပ်လို့ "သော ဘဂဝါ ဣတိပိ အရဟံ" တွင်မကဘူး။ "သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ၊ သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော" စသည်ဖြင့် ဗုဒ္ဓါနုဿတိ သမာဓိ ဘာဝနာကို အောင်အောင်မြင်မြင် ပွားများခဲ့ပေါင်း များလှပြီ။ သမာဓိကောင်းမှု အနုဂါမိကဥစ္စာကို ရတာပဲလို့ အောက်မေ့ဝမ်းမြောက်ကြပါ။

**ပညာ**။ ။ဟိုလူကြီး မိဘ ဘိုးဘွားတို့က "ငါ့သား ငါ့သမီး ငါ့မြေး ဆိုစမ်း အနိစ္စ၊ ဆိုစမ်း ဒုက္ခ၊ ဆိုစမ်း အနတ္တ"တဲ့ သင်ပေးကြတယ်။ ကလေးကတည်းက အဆိုခိုင်းကြတယ်။ ဘယ်လောက်များ ကျေးဇူးကြီးမားကြသလဲ။ စဉ်းစားပြီး ကျေးဇူးတင်တတ်ကြစမ်းပါ။ အေး ကလေးက "အနိစ္စ၊ ဒုက္ခ၊ အနတ္တ"ဆိုတတ်လာတော့ တဆင့်တိုးပြီး "အနိစ္စ=အမြဲမရှိ။ ဒုက္ခ=ဆင်းရဲ၏။ အနတ္တ=အစိုးမရ"လို့ အဆိုခိုင်းပြန်တယ်။ သင်ပေးကြပြန်တယ်။ ကလေးက ရလာပြန်ပြီဆိုတော့ "အဲတာကို စိပ်ပုတီး စိပ်ရတယ်ကွဲ့"လို့ ပြောကြတယ် သင်ပေးကြတယ်။ အဲ သူတို့ သင်ကြားပြောပြတဲ့အတိုင်း ကိုယ်က တသွေမတိမ်း လိုက်နာပြီး ပထမတော့ "အနိစ္စ ဒုက္ခ အနတ္တ" နောက်တော့ အနိစ္စ=အမြဲမရှိ၊ ဒုက္ခ=ဆင်းရဲ၏၊အနတ္တ=အစိုးမရ"လို့ ဒီလိုဆိုလျှင်ပဲ ဝိပဿနာမျိုးစေ့ ကုသိုလ်တော့ ဖြစ်လာတယ်။ အဲဒီက နောက်မှာ မိမိက သိ ကြားလိမ္မာ ဆရာသမားကောင်း မိတ်ဆွေကောင်းတို့နဲ့ ပေါင်းသင်းဆည်းကပ်မိတဲ့အခါ ဒီထက်အသိဉာဏ်ကြွယ်လာအောင်—

ရုပ်နာမ်နှစ်ပါးသည် အနိစ္စ=အမြဲမရှိပါတကား၊

ရုပ်နာမ်နှစ်ပါးသည် ဒုက္ခ=ဆင်းရဲစွတကား၊

ရုပ်နာမ်နှစ်ပါးသည် အနတ္တ=အစိုးမရပါတကား—

လို့ဆိုလျှင် နှလုံးသွင်းလျှင် ပိုကောင်းမယ်လို့ အဆုံးအမ ရလာလို့ ဒီအဘိုင်း နှလုံးသွင်းလာတော့ ရှေးကထက် အသိဉာဏ်ကြွယ်ကာ ဝိပဿနာကောင်းမှု ကုသိုလ်တရား ဖြစ်ပွားလာတယ်။

ကိုယ်ကလဲ သိလာပြီ။ ၎င်းနောက် မိတ်ဆွေကောင်းဆရာသမားကောင်းများက ဒီအတိုင် တိုးချဲ့ပြီးတော့ ဝိပဿနာဉာဏ် ပညာတည်း

ဟူသော အနုဂါမိကဥစ္စာကို အယူခိုင်းပြန်တယ်။ "အမောင်-အမိ။ ရုပ်နာမ်နှစ်ပါးသာ မအောက်မေ့နဲ့။ အသေးစိတ်လိုက်ပါအုံး–

ရူပက္ခန္ဓာသည် အမြဲမရှိ အနိစ္စ၊ ဆင်းရဲအတိ ဒုက္ခ၊ အစိုးမရ အလိုသို့ မလိုက်ပါတဲ့ အနတ္တပါတကား။ ဝေဒနက္ခန္ဓာသည် သညာ-က္ခန္ဓာသည်-သင်္ခါရက္ခန္ဓာသည်-ဝိညာဏက္ခန္ဓာသည်-အမြဲမရှိ အနိစ္စ၊ ဆင်းရဲ အတိဒုက္ခ၊ အစိုးမရ အလိုသို့မလိုက်ပါတဲ့ အနတ္တပါတကား– လို့ အဲဒီလို အောက်မေ့ဆင်ခြင်ပွားများပါလို့ တဆင့်တက်ပြီး ညွှန်ပြတယ်။ ညွှန်ပြတဲ့အတိုင်းလဲပဲ မိမိက နှလုံးသွင်းဆင်ခြင်ပွားများအားထုတ်တော့ ပညာတည်းဟူသော အနုဂါမိကဥစ္စာ ရတနာကို မိမိတို့မှာ ရရှိလာတယ်။

**နိမိတ္တကလွာသုတ္တန် တို့သုတ္တန်**

ဤနည်းဖြင့် မိမိတို့သည် အနုဂါမိကဥစ္စာ ရတနာလေးပါး တို့ကို ပွားများဆည်းပူးခဲ့ကြလေပြီ။ ယခုလဲ ဆည်းပူးဆဲနောင်လဲဆည်းပူးလတ္တံ့ ဖြစ်ကြတယ်။ ဒီတော့ ဒီနိမိတ္တကလွာသုတ္တန်ဟာ တို့ဖို့ဟောတာပဲ။ တို့သုတ္တန်လို့သာ ပါးစပ်ထဲငုံထားလိုက်ကြပေတော့။ အေး–တို့ဖို့ဥစ္စာလေးပါး ခွဲခြားဟောပြတဲ့ နိမိတ္တကလွာသုတ္တန် ပြီးသွားပြီ။

ဤသို့လျှင် ဥစ္စာလေးပါး အထူးအားဖြင့် အနုဂါမိက ဥစ္စာကို ပဓာနထားဟောကြားအပ်သောနိမိတ္တကလွာသုတ္တန်တရားဒေသနာမြတ်ကို ကြားနာရခြင်း=ဓမ္မဿဝနကောင်းမှု ကုသိုလ်ကံစေတနာ၊ သရဏဂုံ သီလဆောက်တည်ရခြင်း=သီလမယကောင်းမှု ကုသိုလ်ကံစေတနာ၊ မြတ်စွာဘုရား၏ သုံးပါးသိက္ခာ သာသနာ အဓွန့် ကွန့်ကွန့်လည်လည် တည်ပါစေခြင်းအလို့ငှာ နိဂုံဒါယစာလျှောက်မေးပွဲ ဆင်ယင်ကျင်းပ၍

ထမြောက်အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်မြတ်တို့အား နိကာယပူဇာဓမ္မသဘင် ဆင်ယင်ကျင်းပပူဇော်ရသော ဓမ္မာနုဂ္ဂဟ သာသနာနုဂ္ဂဟ ပုညမင်္ဂလာကောင်းမှု ကုသိုလ်ကံစေတနာ၊ ဤသို့ပေါင်းအပ် များမြတ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် သမ္မာသမ္ဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိ၊ တည်းဟူသော ဗောဓိဉာဏ်သုံးရပ် အထွတ်တပ်လျက် နိဗ္ဗာန်ချမ်းသာမြတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ် လျင်မြန်သော ဝိပဿနာအသိဉာဏ် ရည်သန်တောင့်တရင်းရှိသော သမ္မာသမ္ဗောဓိ၊ သို့မဟုတ် ပစ္စေကဗောဓိ၊ သို့မဟုတ် သာဝကဗောဓိ ခေါ်တဲ့ မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် အကျွန်ုပ်တို့ တရားဟော တရားနာ ပုဂ္ဂိုလ်တစု မျက်မှောက်ပြုရတဲ့ကိုယ် ဖြစ်ပါစေကုန်သတည်း။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ဘဝသည် ဘဝနိဂုံးအဆုံးသတ်ဘဝပေ။ ထိုနောက်ဆုံးဘဝဝယ် ပရိနိဗ္ဗာန စုတိစိတ်မှ အခြားမဲ့ဖြစ်သောနောက်ကာလ၌ ဘုရားတိုင်းပစ္စေကဗုဒ္ဓါတိုင်း သာဝကတိုင်း နှစ်သက်တော်မူကြတဲ့ တစုံတခုသော ဘဝယောနိဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ သတ္တနိကာယ၌ မှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာဝဋ်မီးစာတရားတို့ တဖန်အသစ် မဖြစ်ခြင်းတည်းဟူသော အနုပ္ပါဒနိရောဓ အနုပါဒိသေသပရိနိဗ္ဗာန် ကိုယ်စီစံရပါစေကုန်သတည်း။ အနုပါဒိသေသပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသာဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခ ခပ်သိမ်းသံသရာ မီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု။

နိမိကလျာသုတ္တန်ပြီးပြီ။

အရှင်ဝိစိတ္တသာရာဘိဝံသ၏

မဟာစဉ်တရားတော်များ ပထမတွဲ

မှတ်သားဖွယ် ကောက်နုတ်ချက်

# အက္ခရာစဉ် အညွှန်း


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| **အနာဂတ်ပိဋကနုတ်သား၏ ပီတိ** | ၃၄၅ |
| အနာဂတပိဋကနုတ်သား ဘုရား ထံ သွားခြင်း | ၃၄၄ |
| အနာဂတပိဋက မကြားဖူးသော တရား | ၃၃၇ |
| အနာဂတပိဋကသဒ္ဓေး မကျန်း မမာဖြစ်ခြင်း | ၂၉၆ |
| အနာဂတပိဋကသဌေးကြီး အနိစ္စရောက်ခြင်း | ၃၄၂ |
| အနာဂတပိဋကသဌေးကြီး ငိုကြွေးခြင်း | ၃၃၃ |
| အနုဂါမိကဥစ္စာ ဂုဏ်ငါးဖြာ | ၄၇၁ |
| အနုဂါမိကဥစ္စာ မြှုပ်နှံရာ ခုနစ်ဌာန | ၄၆၀ |
| အပါယ်လေးပါး ကပ်သုံးပါး စသည်သရုပ်များ | ၇-၁၃ |
| **[ အ-အာ ]** | |
| အမှုမဆိုင်ရပဲ ရှုံးသော မဋ္ဌကုဏ္ဍလီ | ၂၁၃ |
| အမှားလမ်းနှင့် အမှန်လမ်း | ၄၃၁ |
| အရှင်ကာဠုဒါယီ၏ တေဇဂ် ဘွဲ့ထူး | ၃၆၂ |
| အရှင်သာရိပုတ္တရာ လူမမာမေး ကြွခြင်း | ၃၀၀ |
| အရှင်သာရိပုတ္တရာ၏ ဂုဏ်တော် ဖော်ကျူးခြင်း | ၃၄၀ |
| အရှင်သာရိပုတ္တရာ၏ တရား ၁၀-မျိုး | ၃၀၄ |
| အာယတနတပါးစီ၌ ပီး ၁၁-ပါး လောင်ပုံ | ၁၀၇ |
| အာယတန ၁၂-ပါး ဝိပဿနာ ရှုနည်း | ၃၀၄-၃၁၀ |
| အာယတနလက္ခဏာကြီးနှင့် ရှင်းလင်းချက်များ | ၁၀၁-၁၉၂ |

အက္ခရာစဉ် စာမျက်နှာ

[ဣ-ဤ-ဥ-ဧ-ဩ]

ဣရိယာပုထ်မရွေးပွါးနိုင်သည့် မေတ္တာ ၁၅၄
ဤတရားကို ကိုယ့်တရားဖြစ်အောင် လုပ်ရန် ၄၉၃
ဥစ္စာပျက်စီးခြင်း အကြောင်းရင်း ၄၆၃
ဥစ္စာလေးမျိုး ၄၅၃
ဧကန်ရရှိမည့် အကျိုးလေးပါး ၃၄
ဩကာသ အခိပ္ပါယ် ၂
ဩဃလေးခန်း ရေပြင်ကြမ်းကို ကူးဆဲပုဂ္ဂိုလ်များ ၂၀၀

[က-ခ]

ကဏှဇာတ်ဝတ္ထု ၄၃၄
ကပိလဝတ်ပြည်သို့ ကြွရောက်တော်မူခြင်း ၃၆၄
ကမ္ဗောဇာန်းကျောင်းဟူသည် ၁၁၄
ကမ္မသမင်္ဂီရှင်းချက် ၄၇၁
ကဿပဘုရားသက်တော်နှင့် ခေတ်တော် ၁၉၃
ကိသာဂေါတမီဝတ္ထုအကျဉ်း ၄၆၄
ကာဠီအမျိုးသမီး ၂၃၅-၂၃၆
ခန္ဓာငါးပါး, အရူပစျာန်လေးပါး၌ ဝိပဿနာ ရှုနည်း ၃၂၅-၃၂၆

အက္ခရာစဉ် စာမျက်နှာ

[ခ]

ခမည်းတော်အသက် နှိုင်းယှဉ်ချက် ၃၆၀
ခမည်းတော်ကြီး အရဟတ္တဖိုလ် ပေါက် ရောက်ရှိခြင်း ၄၂၅
ခမည်းတော်မင်းကြီး သောတာပန်သကဒါဂါမ် ဖြစ်ခြင်း ၃၆၇

[င-စ]

ငါးပါးသီလခံယူပုံ ၂၉
ငယ်ရွယ်သူတို့ မသေခြင်း အကြောင်း ၃၉၅
စရိယဂုဏ်ပြသည့် ဇာတ်တော် ပစ္စုပ္ပန်ဝတ္ထု ၃၅၅
စေတနာသုံးတန် ဖြစ်ရန်မလွယ် ၄၀၄

[ဆ]

ဆရာတော် ဦးရန်ကုန်နှင့် ပရိတ်ကြီးမူမှန် ၂၉၄
ဆုတောင်းခြင်းနှင့် ဆေးဆိုးခြင်း တူပုံ ၄
ဆုတောင်းရှင်းတမ်း ၆
ဆုပေးနည်း ၁၆
ဆန္ဒာဂတိ၏ မကောင်းကျိုး ပေးပုံ ၂၀၆
ဆန္ဒာဂတိလိုက်သော ဝိနည်းဓိုရ် ၂၁၁

အက္ခရာစဉ် စာမျက်နှာ

[ ဆ-တ ]

ဆင်းရဲသူ ကျေးကျွန်တို့လည်း သုစရိုက်ကျင့်ခြင်း ၄၁၆
တရားအားထုတ်သူတို့ လိုက်နာရမည့် ၁၄-ချက် ၁၂၉
တရားကျင့်သူအား တရားက စောင့်ရှောက် ၄၁၈
တရားနာသူတို့လိုက်နာရမည့် အဆင့်လေးဆင့် ၃၂
တရားဟောဆဲ၌ပင် ဖလသမာပတ် ဝင်စားတော်မူခြင်း ၂၄၆

[ ဒ ]

ဒါန, သီလ, သမာဓိ, ပညာ ၄၉၃-၄၉၆
ဒါယကာက တာဝတိံသာ ဘုန်းကြီးက စတုမဟာရာဇ် ၂၁၉
ဒိဋ္ဌ, သုတ, မုတ, ဝိညာတ ဝိပဿနာရှုနည်း ၃၃၀
ဒိသာပါမောက္ခဆရာကြီး၏ သား သေဆုံးခြင်း ၃၈၁

[ ဓ ]

ဓမ္မပါလမိသားစုတိုင်း အပါယ်ဘေး ကြောက် သေးဝင် ၄၁၃

အက္ခရာစဉ် စာမျက်နှာ

[ ဓ-န ]

ဓမ္မပါလရွာ၏ အလေ့အကျင့် ၃၈၈
ဓမ္မပါလသတို့သား ၃၇၉
ဓာတ်တဆယ့်ရှစ်ပါး ကမ္မဋ္ဌာန်း ၆၁
ဓာတ် ၁၈-ပါး ဝိပဿနာ ကမ္မဋ္ဌာန်း လက်ာကြီး ၆၇
ဓာတ်တော်သုံးမျိုးကွဲရန် အဓိဋ္ဌာန် ၁၉၇
နမော တဿဆို၍ ရှိခိုးခဲ့သည့် ပညာရှင်များ ၂၅
နမော တဿ မပါတဲ့စာအုပ် ၂၂
နိဓိကဏ္ဍသုတ္တန် ၄၅၁
နိဓိကဏ္ဍသုတ်လာ ကောင်းမှု လေးမျိုး ၃၇
နိဗ္ဗာန်ချမ်းသာကို ရနိုင်သော ဥစ္စာ ၄၇၇
နိဗ္ဗာန်ဆော် ဓမ္မဃောသက နတ်သားများ ၂၈၈
နတ်တို့စကား မယုံကြည်ပုံ လျှောက်ထားခြင်း ၃၇၀
နတ်ဘီလူးနှစ်ပါး၏ သက်တမ်း ရှင်းချက် ၂၂၆
နတ်မင်းနှစ်ဦး တွေ့ဆုံခြင်း ၂၃၄

[ ပ ]

ပစ္စုပ္ပန် တမလွန် လောကနှစ်ပါး ဝိပဿနာ ရှုနည်း ၃၃၀

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ပ ]** | |
| ပညာနှင့် သညာအကြောင်း | ၁၆၇ |
| ပဋ္ဌိသမ္ဘိဒါဉာဏ် မေးပါး | ၄၈၈ |
| ပဏာမကုသိုလ်နဲ့ ရေကြည် ရေအေး | ၃ |
| ပါရဂူခြောက်မျိုး | ၂၆၃ |
| ပိဋကတ်၌ ဇာတ်တော်များ စီစဉ်ထားပုံ | ၃၅၄ |
| ပြဿနာလေးချက် မေးလျှောက်ခြင်း | ၂၆၅ |
| **[ ဗ-ဘ ]** | |
| ဗိမ္ဗိသာရ ယခု ဘယ်ဘဝ မှာလဲ | ၂၂၈ |
| ဗုဒ္ဓအာဘိဓမ္မာအရ တနေ့တာ လုပ်ငန်းများ | ၅၈ |
| ဗုဒ္ဓ၏ သတ္တဝါအားလုံး၌ တူမျှသောစိတ် | ၂၄၂ |
| ဗုဒ္ဓါနုဿတိ သမာဓိကုသိုလ် ပွါးများပုံ | ၅၄ |
| ဗြဟ္မဒတ္တ=ဗြဟ္မာပေးတဲ့ သား | ၃၇၅ |
| ဘဝ၌ တပ်မက်မှု | ၂၂၇ |
| ဘဝသံသရာ သမုဒ္ဒရာ၌ မနစ် မြုပ်သော ပုဂ္ဂိုလ် | ၂၈၁ |
| ဘုန်းတော် ၉-ပါး ဘုရားရှိခိုး ဂါထာများ | ၄၁-၅၄ |
| **[ မ ]** | |
| မဖြစ်သုခ ဖြစ်သုခ နှစ်မျိုး | ၄၄၉ |
| မဟာဓမ္မပါလဇာတ် အတိတ် ဝတ္ထု | ၃၇၄ |
| မေတ္တာသုတ်လာ မေတ္တာဘာဝနာ ပွါးနည်းများ | ၁၃၅-၁၅၂ |
| မေတ္တာအကျိုး တဆယ့် တမျိုး | ၁၂၇ |
| မေတ္တာဘာဝနာမှ ဝိပဿနာသို့ ကူးပုံ | ၁၅၆ |
| မြင်ခြင်း ကြားခြင်း ကိစ္စတို့၌ တဏှာ မာန ဒိဋ္ဌိ စွဲပုံ | ၅၉-၆၀ |
| မြုပ်နှံဥစ္စာ ပျောက်ဆုံးခြင်း အကြောင်း ငါးပါး | ၄၆၀ |
| မဟာဓမ္မပါလဇာတ် တရား တော် | ၃၅၃ |
| **[ ရ-လ ]** | |
| ရဟန္တာတို့၏ ဝိသုဒ္ဓိပဝါရဏာ | ၁၇၈ |
| ရောင်ခြည်တော် ၆-ပါးဘွဲ့ ဂါထာများ | ၁၀၅၊၁၁၀ |
| ရွှေဥဒေါင်းတွန်သံနှင့် ဩကာ သဆိုသံ | ၁ |
| ရွှေငွေက မီးသွေးဖြစ်ရပုံ | ၄၆၄ |
| လူတိုင်းမဟုတ်၊ သို့သော် အဖြစ်များ | ၂၂၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ လ-ဝ-သ ]** | |
| လူ့စည်းစိမ် နတ်စည်းစိမ်ကို ရနိုင်သော ဥစ္စာ | ၄၇၄ |
| ဝိညာဏ် ၆-ပါး၊ ဖဿ ၆-ပါး ဝိပဿနာရှုနည်း | ၃၁၂-၃၁၇ |
| ဝိနည်းမိုရ်အား လာဘ်ထိုးသောပုဂ္ဂိုလ် | ၂၀၇ |
| ဝိနည်းမိုရ် ဆရာတော်ကြီး ၂-ပါး | ၂၀၃ |
| ဝိပဿနာပညာ ကောင်းမှုကုသိုလ် | ၅၅ |
| ဝိပဿနာပညာပွါးခြင်းနှင့် ဓမ္မလက်ာများ | ၈၂-၈၆ |
| ဝိဘင်းကျမ်းက ခေတ်တဘယ့် ရှစ်ပါး စဉ်ပုံ | ၅၆ |
| ဝေဒနာ ၆-ပါး၊ ခေတ် ၆-ပါး ဝိပဿနာ ရှုနည်း | ၃၁၀-၃၂၄ |
| ဝါးချက်ဆရာတော်ကြီး၏ စကား | ၂၂၀ |
| သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ကြောင်းတရား | ၂၇၀ |
| သမာဓိဘာဝနာ မေတ္တာပွါးနည်း လက်ာများ | ၇၇ |
| **[ သ ]** | |
| သမင်္ဂီလေးပါး မှတ်ဖွယ် | ၄၇၈ |
| သရဏဂုံသီလကို ပါဠိလို ပေးယူကြပုံ | ၁၇ |
| သာတာဂိရနတ်မင်း၏ ဥဒ္ဒေစ္စ | ၂၃၀ |
| သိက္ခာပုဒ်အဓိပ္ပါယ် | ၂၈ |
| သိကြားသောတာပန် သိကြားပြန်ဖြစ် | ၂၂၉ |
| သိဿဘာဝူပဂမနသရဏဂုံ ဆောက်တည်ခြင်း | ၂၈၇ |
| သီလတောင်း, ဘုရားရှိခိုး, သရဏဂုံဆောက်တည်ခြင်း | ၇၂-၇၄ |
| သုခလေးပါးတရား | ၉၅ |
| သွားသေပြီဟူသောစကား ဖခင်ဇာယုံ | ၃၉၂ |
| သက်တော်အတိုဆုံး,ဒုက္ကရစရိယာအကြာမြင့်ဆုံးဘုရား | ၁၉၅ |
| သစ်ပင်နှင့်သာသနာ ဥပမာ | ၄၄၁ |
| **[ ဟ ]** | |
| ဟေမဝတနှင့် သာတာဂိရနတ်ဘီလူး စစ်သူကြီး ၂-ဦး | ၂၁၇ |


ဟောစဉ်တရားတော်များ ပထမတွဲ

မှတ်သားဖွယ် ကောက်နုတ်ချက် အက္ခရာစဉ်အညွှန်းပြီးပြီ။

သာသနာရေးဦးစီးဌာန

ပ-မ-သ-စ—၄၂—၂၆-၇-၇၃—၅၀၀၀-အုပ်(၁)

ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောခဲ့သော တရားတော်များ

(ပထမတွဲ)

◆◆◆◆◆◆◆◆◆◆◆◆

ပါဝင်သည့် တရားတော်များ

၁။ ဩကာသ ကန်တော့ခန်းနှင့် သီလယူရှင်းတမ်း၊

၂။ သရဏဂုံသုံးပါးနှင့် ငါးပါးသီလတရားတော်၊

၃။ မေတ္တာသုတ် ပရိတ်တရားတော်၊

၄။ ဟေမဝတသုတ္တန် တရားတော်၊

၅။ အနာထပိဏ္ဍိကောဝါဒသုတ္တန် တရားတော်၊

၆။ ဓမ္မပါလဇာတ် တရားတော်၊

၇။ အနှစ်လေးပါး သာရ တရားတော်၊

၈။ နိမိကဏ္ဍသုတ္တန် တရားတော်။